
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



## ရွှေချစ်သူများသို့ . . .

၁၉၈၉ ခုနှစ်၊ ဇူလိုင်လမှာ စာတည်းချုပ် ဦးဝင်းငြိမ်း တည်ထောင်ထုတ်ဝေခဲ့တဲ့ ရွှေအမြုတေရုပ်စုံမဂ္ဂဇင်းဟာ ၂၀၁၉ ခုနှစ်မှာ နှစ်သုံးဆယ်ပြည့်ပြီ ဖြစ်ပါတယ်။ ရွှေအမြုတေရုပ်စုံမဂ္ဂဇင်း နှစ်သုံးဆယ်ပြည့် အခမ်းအနားကို ၂၀၁၉ နိုဝင်ဘာ ၁၅၊ ၁၆၊ ၁၇ ရက်နေ့တွေမှာ ရန်ကုန်မြို့ လမ်းမတော်မြို့နယ်၊ သံဈေး ၅ လွှာမှာရှိတဲ့ Yangon Book Plaza မှာ ငါတို့စာပေ(NDSP)နဲ့အတူ ပူးပေါင်းပြီး စာပေပွဲတော်တစ်ခုအသွင် ကျင်းပမှာ ဖြစ်ပါတယ်။ **ပွဲတော်ရဲ့ ခေါင်းစဉ်အမည်** ကို ရွှေချစ်သူများဆီက ရယူလိုပါတယ်။ ရွှေချစ်သူတွေ အကြံပြုပေးလိုက်တဲ့ ခေါင်းစဉ်တွေထဲကတစ်ခုကို ရွှေအမြုတေ အယ်ဒီတာအဖွဲ့နှင့်အတူ ရွှေဝိုင်းတော်သားတွေက ရွေးချယ်ဖို့ စီစဉ်ထားပါတယ်။ ရွေးချယ်တဲ့ ခေါင်းစဉ်ကို ၂၀၁၉ ရွှေအမြုတေစာပေဆုပေးပွဲမှာ ကြေညာမှာ ဖြစ်တာမို့ ၂၀၁၉ ဧပြီ ၃၀ ရက် နောက်ဆုံးထားပြီး ဆန္ဒပြုပေးကြဖို့ ဖိတ်ခေါ်ပါတယ်။ ပွဲတော်ကျင်းပမယ့်ရက်တွေဖြစ်တဲ့ နိုဝင်ဘာ ၁၅၊ ၁၆၊ ၁၇ နေ့တွေမှာ ရွှေအမြုတေ စာရေးဆရာတွေရဲ့ဝတ္ထုတိုများ ဖတ်ကြခြင်း၊ စကားဝိုင်းဆွေးနွေးပွဲ ပြုလုပ်ခြင်းတို့ ပါဝင်မှာဖြစ်သလို စာပေအနုပညာရှင်တွေရဲ့ အနုပညာတင်ဆက်မှု တွေလည်း ပါဝင်မှာ ဖြစ်ပါတယ်။ ပွဲတော်နှင့်အတူ ၂၀၁၉ နိုဝင်ဘာလထုတ် ရွှေအမြုတေ မဂ္ဂဇင်းမှာ ရွှေအမြုတေ စာရေးဆရာတွေက အမှတ်တရ လက်မှတ်ရေးထိုးမယ့် အစီအစဉ်ပါသလို ရွှေအမြုတေ မဂ္ဂဇင်း လက်ဝယ်ရှိသူတိုင်း ရွှေအမြုတေ စာရေးဆရာတွေရဲ့ အမှတ်တရလက်မှတ်တွေ ရယူနိုင်အောင် စီစဉ်ပေးမှာ ဖြစ်ပါတယ်။ စာတည်းချုပ် ဦးဝင်းငြိမ်းရဲ့ မွေးနေ့အမှတ်တရ ထုတ်ဝေမယ့် **ရွှေ ၇၃** ကိုလည်း နှစ်သုံးဆယ်ပြည့် ရွှေအမြုတေ စာပေပွဲတော်မှာ စတင်ထုတ်ဝေ ဖြန့်ချိမှာဖြစ်ပြီး ရွှေအမြုတေ စုစည်းမှုအဖြစ် ထုတ်ဝေပြီးသမျှ စာအုပ်တွေကိုလည်း ပွဲတော်မှာ ဝယ်လို့ရနိုင်အောင် စီစဉ်ထားမှာ ဖြစ်ပါတယ်။ ရွှေချစ်သူတွေ စိတ်ဝင်စားမယ့် နောက်အစီအစဉ် တစ်ခုကတော့ ပဟေဠိအစီအစဉ် ဖြစ်ပါတယ်။ ဒီအစီအစဉ်မှာ စာပေ၊ ဂီတ၊ ရုပ်ရှင် အနုပညာရှင်တွေက တက်ရောက်လာသူ ရွှေချစ်သူတွေနဲ့ တွေ့ဆုံပြီး ဉာဏ်စမ်း ပဟေဠိတွေ မေးကြဖြေကြရမှာပါ။ ပါဝင်သူတွေကို ရွှေအမြုတေစာအုပ် လက်ဆောင်တွေ ချီးမြှင့်မှာပါ။ အထူးအစီအစဉ်အဖြစ် ရွှေအမြုတေစာပေဆုရ စာရေးဆရာများရဲ့ဝတ္ထုတွေကို သရုပ်ဖော်ထားတဲ့ မဂ္ဂဇင်းသရုပ်ဖော် ပုံတွေကို အကန့်အသတ်ဖြင့် ပုံနှိပ်ပြီး ရောင်းချမယ့်အစီအစဉ် ဖြစ်ပါတယ်။ ဆုရ စာရေးဆရာတွေရဲ့ အမှတ်တရ လက်မှတ်တွေနဲ့ ရောင်းချပေးနိုင်ဖို့ စီစဉ်လျှက်ရှိပါတယ်။ ၁၉၈၉ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ နှစ်သုံးဆယ် ဖြတ်သန်းခဲ့တဲ့ ရွှေအမြုတေရဲ့ ကြိုးပမ်းအားထုတ်မှုတွေ ကိုတော့ မှတ်တမ်းစာအုပ်အဖြစ် ထုတ်ဝေနိုင်ဖို့ စာတည်းအဖွဲ့က ကြိုးပမ်းလျှက်ရှိတယ်ဆိုတာလည်း သတင်းကောင်း ပါးလိုက်ပါတယ်။ နှစ်သုံးဆယ်ပြည့် ရွှေအမြုတေစာပေပွဲတော်အတွက် ခေါင်းစဉ်အဆိုပြုခြင်းကို Facebook Account 30th Anniversary Shwe Amutay Magazine မှာ မှတ်ချက် Comment ပေးနိုင်မှာဖြစ်သလို Facebook Messenger မှာ လည်း ရေးသားအကြံပြုနိုင်ပါတယ်။ E-mail နဲ့အကြံပြုလိုတယ်ဆိုရင် nyeinfamily@gmail.com ကို ပေးပို့နိုင်ပါတယ်။

■ ချစ်ခင်စွာ

**ရွှေအမြုတေဝိုင်းတော်သားများ**

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

ရုပ်စုံမဂ္ဂဇင်း

အမှတ်၃၅၂၊ မတ်၊ ၂၀၁၇

**ဝင်းငြိမ်း** စီစဉ်တည်းဖြတ်သည်




ရွှေမင်းသား၊ ရွှေမင်းသမီး

**ဝင်းငြိမ်း** ၄။

ဖေမြိုင် သို့မဟုတ်

ရှင်မွေလနှင့် တွေ့ဆုံခြင်း

**One Minute Interview**

**မနီးသူ** ၁၀။

လင်းလင်း၊ မိုးယံဖွန့်

ချစ်သုဝေ၊ အေသင်ချိုဆွေ

နန်းဆုဦး

လူမှုဝန်းကျင်

**ဝင်းနိုင်ဦး** ၂၀။

ချယ်ရီဦးရဲ့

ထိရောက်မှုန်မြတ်တဲ့

အလှူ

ပူးငုံပွင့်သစ်

**မနီးသူ** ၂၆။

မျိုးဆက်သွေး

လည်ပတ်မှုနောက်

လိုက်ပါစီးမျောတဲ့

ဒရမ်မာ ဗိုဗို

**မနီးသူ** ၃၀။

အရည်အချင်းမရှိရင်

ခဏပါပဲဆိုတဲ့ သီရိစိုး

နိုင်ငံတကာစာမျက်နှာ

**ဇာနည်ညီမ** ၃၄။

အများကြီး

ပြောင်းလဲသွားပြီဆိုတဲ့

အင်နီဟာသာဝေး

**ဒိုး** ၄၀။

နယူးယောက်ခ်မှာ

ဖက်ရှင်အသစ်များ

ပြသလိုက်တဲ့

ဗစ်တိုးရီးယားဘက်ခမ်း

ရွှေနှလုံးသား

**ရဲဦးနေ** ၄၄။

အချစ်ကြောက်သူ

ရွှေဝတ္ထု

၅၆။ **အိုးအိုးသန့်ဇင်**

ရောရှုဝကို တွေ့ခဲ့သည်

၆၀။ **မိုးဦးနေ**

ငုံ့ကြည့်ပြီးမှ

မော့ကြည့်သည်

၆၆။ **လှနီးဝေကော်လွင်** [illegible]

ပင်ယံမဲ့ပန်းတွေမို့

လန်းအောင်တော့

ရှာနိုင်မယ်မထင်

၇၂။ **အဲလိုလူး**

သစ္စာခံ

၇၈။ **စံပယ်ဖြူနု**

ဂီတလူ

၁၀၀။ **လှနီးထားထား**

[illegible]

ငယ်ဖြူ

၁၀၈။ **အောင်ဖြိုးကျော်**

[illegible]

ဂျာလင်း တစ္ဆေ

၁၁၂။ **ခန့်ကျော်ထင်လွင်**

[illegible]

အပယ်ခံပန်းတို့ မနွမ်းစေချင်

၁၂၄။ **လှူးလှူးသာ**

မိုးနဲ့မြေကြားက အလွန်

ဆွတ်ပျံ့ကြေကွဲဖွယ်ရာ

အချစ်ဇာတ်လမ်း

အလွှင့်တစ်ပုဒ်

၁၃၀။ **ခန့်ညီဝေ**

တဲ

၁၃၆။ **အိုးအေးစံ** [illegible]

အရွှေ့တိမ်များ၏

အိပ်မက်ပန်းချီ

၁၆၆။ **သံလွင်ကိုး** [illegible]

အပြန်

၁၇၂။ **ဇေကာ** [illegible]

လူပျင်းမှာလည်း မာနရှိပါ

၁၇၈။ **ပြတ်သင်း**

ဘီနှာမီဒါ


www.burmeseclassic.com

www.burmeseclassic.com

ရွှေဝတ္ထုရှည်စ/ဆုံး

ရေဦးယျာ ၁၄၄။
အခါကြည်

အရှုအ ၂၂၀။
လှဆန်းယဉ်

ရွှေဝတ္ထုများကို
ပြန်လည်တူးဖော်ခြင်း

ကျော်စွာထက် ၉၂။
မြို့ပြအင်္ကျီနှင့် လူများ

ရွှေဘာသာပြန်ဝတ္ထု

မြင့်မြင့်ဆန်း(MUFL) ၁၈၄။
ဟာယရှိ ယာစုအိုး၏
ဆိတ်ငြိမ်မှု
(အကျဉ်းထောင်
ပြောင်းပို့ခံရသည်မှ
သေဒဏ်
ပေးခံရသည်အထိ)

ရွှေအသစ်

................................ ၁၉၈။
................................ ၂၀၄။
................................ ၂၁၀။
................................ ၂၁၄။

ရွှေသုတ

မောင်သန်းဆွေ ၅၀။
သန်လျင်ရှိ
နတ်သျှင်နောင်နှင့်
ဇေင်ကာတို့၏ ဂူသချိုင်း
ဆိုသည်များမှာ မှန်မမှန်

မိုးကျော်ဇင် ၈၆။
ယမုံ သို့မဟုတ်
စီးဆင်းသွားလေသော
မြစ်တစ်စင်း

ညီမင်းညို ၁၁၀။
မငြိမ်းချမ်းသော
တိုင်းပြည်တစ်ပြည်
အမြန်ရောင်းရန်ရှိသည်

နှစ်ကြောင်းရေး
တစ်ကြောင်းခြစ်

၁၉၂။ ဝင်းငြိမ်း
လူတိုင်းသည်
စာရေးဆရာလော...

အယ်ဒီတာအဖွဲ့- တိုက်(၁၇)၊
အခန်း (၄-၀၁)၊ ၅၂ လမ်း(အောက်ဘလောက်)၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။
ဖုန်း-၀၁-၉၀၁၀၅၀၁
Email:
nyeinfamily@gmail.com
မျက်နှာဖုံး မေတ္တာလက်ဆောင်နှင့်
အတွင်းပုံနှိပ်သူ -
ဒေါ်ချိုချို(၁)အေးအေးသိန်း(၀၀၉၇၀)၊
ဝမ္မတာလှပုံနှိပ်တိုက်၊ အမှတ် ၁၁၁၀၊
ရွှေတောင်ကြား ၅ လမ်း ၆၃ ရပ်ကွက်၊
ဝက်မွှေးနီ တောင်ဒဂုံ၊ ရန်ကုန်မြို့၊
ထုတ်ဝေသူ - ဒေါ်ချိုချို(၁)အေးအေးသိန်း
(၀၁၀၉၁)၊ အမှတ် ၁၃၃၊ လမ်း ၄၀၊
ကုန်သည်လမ်းနှင့် မဟာဗန္ဓုလလမ်းကြား၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖြန့်ချိရေး ဝမ္မတာလှစာပေ၊ အမှတ် ၁၃၃၊
လမ်း ၄၀၊ ကုန်သည်လမ်းနှင့်
မဟာဗန္ဓုလလမ်းကြား ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့၊ ဖုန်း-၀၁-၀၁၉၀၂၂၀
စာတိုက်သေတ္တာအမှတ် ၁၂၀၅
E-mail:
zabutalu@gmail.com
Available at : Wun Zinn

အက်ဆေးအကြောင်း

အက်ဆေး

၁၅၄။ မောင်ရင့်မာ၊ ကျောင်းကုန်း၊
ငါးပြားစေ့တစ်စေ့နှင့်
တိုင်းပြည်တစ်ပြည်

ရသစာတမ်း

၁၆၀။ စည်သူငြိမ်း
လက်ဖက်ခြောက်များကို
မဖတ်ရှုခဲ့မိခြင်းနောက်က
အလွမ်းကဗျာ





www.burmeseclassic.com

www.burmeseclassic.com





# ဖေမြိုင် သို့မဟုတ် ရှင်မွေလ နှင့်တွေ့ဆုံခြင်း

ဝင်းငြိမ်း

ဓာတ်ပုံ - ကိုလင်း(Studio-K)

စာရေးဆရာမကြီး ဒေါ်ခင်နှင်းယုရဲ့ ဖူးရည်ဆိုင် ဝတ္ထုကို MRTV-4 ရုပ်မြင်သံကြား အစီအစဉ်က ဇာတ်လမ်းတွဲအဖြစ် အပိုင်း ၄၂ ပိုင်းအထိ ရိုက်ကူးထုတ်လွှင့်ပေးလိုက်တဲ့အခါ ပရိသတ်များပါးစပ်များမှာ ကိုတင်ဖေ မြိုင်၊ ဆိုင်းရင်း အစရှိတဲ့ ဇာတ်ကောင်များနဲ့အတူ ကိုတင်ဖေနဲ့ မြိုင်တို့ရဲ့ သားအဖြစ် ပါဝင်သရုပ်ဆောင်ခဲ့တဲ့ ရှင်မွေလကိုလည်း ဖေမြိုင်အဖြစ် ပရိသတ်များက အသိအမှတ်ပြုခဲ့ကြပါတယ်။ ရှင်မွေလ ဆိုတဲ့ နာမည်က ထူးခြားနေတာကြောင့် တိုင်းရင်းသားတစ်ဦးလားလို့လည်းထင်ခဲ့ကြပါတယ်။ ဖတ်လအတွက် ရွှေအမြုတေမျက်နှာဖုံးကို စီစဉ်တဲ့အခါ ရှင်မွေလကို မျက်နှာဖုံးရှင်





www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

အဖြစ် ဖော်ပြပေးဖို့ ရွေးချယ်ခဲ့ပါတယ်။ ရှင်မွှေလနဲ့ဆက်သွယ်ဖို့ သရုပ်ဆောင် အောင်ရေချမ်းက ကူညီပေးခဲ့ပြီး မျက်နှာဖုံးရိုက်ကူးပေးဖို့ အကူအညီတောင်းတဲ့အခါ ရှင်မွှေလက သူ ရုပ်ရှင်မင်းသမီးကြီး ဒေါ်မို့မို့မြင့်အောင် သင်ကြားပို့ချနေတဲ့ သရုပ်ဆောင် သင်တန်းမှာ ရက်သတ္တပတ်နှစ်ပတ် တက်နေရကြောင်း၊ နေ့ခင်းပိုင်းမှာ သင်တန်းတက်နေရတဲ့အတွက် ညပိုင်းမှသာ ရိုက်ကူးဖို့ အဆင်ပြေကြောင်း ပြောကြားခဲ့ပါတယ်။ ဓာတ်ပုံဆရာကို စီစဉ်တဲ့အခါမှာ ရွှေအမြုတေမျက်နှာဖုံး တော်တော်များများကို ရိုက်ကူးပေးခဲ့တဲ့ ကိုလင်း(Studio-K)က လိုလိုလားလား ကူညီပြီး ရှင်မွှေလ အဆင်ပြေမယ့် ညပိုင်းမှာ ရိုက်ကူးပေးခဲ့ပါတယ်။ အဲဒီအတွက် ကိုလင်းကို ကျေးဇူးတင်ပါကြောင်း မှတ်တမ်းတင်ဖော်ပြအပ်ပါတယ်။

ရှင်မွှေလ လို့ အမည်တွင်တဲ့ သရုပ်ဆောင်ကလေးကို ဖခင် ဦးဝင်းဇော်ထွန်း၊ မိခင် ဒေါ်ဆည်းဆာတို့က မွေးဖွားခဲ့တာဖြစ်ပြီး သားသုံးယောက်အနက် အကြီးဆုံးသားဖြစ်တယ်လို့ သိရပါတယ်။

ရှင်မွှေလနဲ့ တွေ့ဆုံတဲ့အခါ ပထမဆုံးမေးဖြစ်တာကတော့ စိတ်ဝင်စားစရာကောင်းတဲ့ သူ့နာမည်ပါ။

**သားနာမည်က ရှင်မွှေလဆိုတော့ တိုင်းရင်းသားလားလို့ ပရိသတ်တွေက ထင်ကြတယ်။ ဖြေပေးပါဦး။**

ကျွန်တော်က အဖေဗမာ၊ အမေ ကရင်က မွေးဖွားခဲ့တာပါ။ ခရစ်ယာန်ဘာသာကို ကိုးကွယ်ပါတယ်။ ကျွန်တော့်ကို ကိုယ်ဝန်ရှိတဲ့အချိန် အာလ်ထရာဆောင်းရိုက်ကြည့်တဲ့အခါမှာတော့ မိန်းကလေးလို့ အဖြေထွက်ပါတယ်။ အမေက သားယောက်ျားလေး သိပ်လိုချင်တယ်။ အဲဒါကြောင့် ဘုရားကျောင်းမှာ အထပ်ထပ်အခါခါ ဆုတောင်းခဲ့တယ်။ သားယောက်ျားလေး ရပါရစေပေါ့။ မွေးလာတဲ့အခါမှာ အမေလိုချင်တဲ့ သားယောက်ျားလေးဖြစ်နေတယ်။ နာမည်မှည့်တာကတော့ ကျွန်တော်တို့ ခရစ်ယာန်သမ္မာကျမ်းစာထဲက နာမည်တစ်ခုဖြစ်တဲ့ "ရှင်မွှေလ"ကို ယူပြီးမှည့်ခဲ့တာပါ။ ဒါကြောင့် သရုပ်ဆောင်လုပ်တဲ့အခါမှာလည်း နာမည်ရင်းနဲ့ပဲ လုပ်ခဲ့ပါတယ်။

**သရုပ်ဆောင်လောကထဲကို မဝင်ခင်ကတည်းက သရုပ်ဆောင်အလုပ်ကို ဘယ်လိုကြောင့် ဝါသနာပါခဲ့တာလဲ။**

အဖေက ကျွန်တော်တို့အိမ်မှာ ဗီဒီယိုခွေငှားဆိုင် ဖွင့်ပါတယ်။ အခွေသစ်ထွက်တိုင်း ဆိုင်အတွက် ဝယ်ရတာပေါ့။ ကျွန်တော်က အခွေငှားတဲ့သူတွေကို ဇာတ်လမ်းပြန်ပြောပြနိုင်ဖို့ ကားတိုင်းကြည့်ပါတယ်။ အဲဒီလိုကြည့်ရင်းကပဲ ကိုယ်တိုင်သရုပ်ဆောင်လုပ်ချင်တဲ့စိတ် ပေါ်လာခဲ့တာပါ။ ဒါပေမဲ့ လုပ်ပါလားဆိုရင် မလုပ်ရဲပါဘူး။ အရမ်းရှက်တတ်ပါတယ်။

**သားအသက် ဘယ်လောက်ရှိပြီလဲ။**

၂၃ ပြည့်ပြီးပါပြီ။

**အဲဒီတော့ သရုပ်ဆောင်ဖြစ်ဖို့အတွက် ဘယ်လိုအကြောင်းဖန်လာသလဲ။**

ကျွန်တော် အရမ်းရှက်တတ်တော့ အမေက လူတောမတိုးမှာစိုးတယ်။ သူတို့မင်္ဂလာဆောင်တွေဘာတွေသွားရင် ခေါ်တယ်။ ဒါပေမဲ့ ကျွန်တော်က မလိုက်ဘူး။ မွေးနေ့ပွဲသွားလည်း မလိုက်ဘူး။ အမေက သူ့စိတ်ထဲမှာ ကျွန်တော့်ကို ခြောက်များနေသလားလို့တောင် အောက်မေ့မိသတဲ့။ ဒါနဲ့ မော်ဒယ်လ်သင်တန်းကို ပို့လိုက်တယ်။

**ဘယ်မော်ဒယ်လ်သင်တန်းလဲ။**

ဆရာ ဂျွန်လွင်ရဲ့ Stars & Models Agency ပါ။ အဲဒီမှာ သင်တန်းတက်လိုက်တော့မှ ကျွန်တော် ရှက်ကြောပြတ်တော့တယ်။ လုပ်ရဲကိုင်ရဲသွားတယ်။

**အဲဒီသင်တန်းကို ဘယ်နှခုနှစ်က တက်တာလဲ။**

၂၀၁၂ ခုနှစ် စက်တင်ဘာလက တက်ခဲ့တာပါ။

**MRTV-4 ကို မရောက်ခင် အနုပညာအလုပ် ဘာတွေလုပ်ခဲ့ဖူးသလဲ။**

ကျွန်တော့်မိတ်ဆွေတွေခေါ်တဲ့ MTV လေးဘာလေး ဝင်ရိုက်ပါတယ်။ ဗီဒီယိုဆိုရင်လည်း တစ်ခန်းစ၊ နှစ်ခန်းစ ဝင်ရိုက်တယ်။ နောက်တော့ ဆာတိုရီဗီဒီယိုထုတ်လုပ်ရေးက ခေါ်င်းနဲ့တွဲပြီး ဗီဒီယိုကားတစ်ကား ရိုက်ခဲ့ဖူးတယ်။ ခုထက်ထိတော့ မထွက်သေးဘူး။ ကားနာမည်က **သူငယ်ချင်းများ**







www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

လို့ ခေါ်ပါတယ်။

**အဲဒီကနေ MRTV-4ကို ရောက်ပုံပြောပြပါဦး။**

MRTV-4 က သရုပ်ဆောင်သစ်တွေခေါ်တဲ့အခါ ဝင်လျှောက်လိုက်တယ်။ အရွေးခံရပြီး သင်တန်းတက်ရတယ်ပေါ့။ သင်တန်းက သုံးလ သင်တန်းပါ။ အဲဒါပြီးတော့ တစ်ခါ၊ ဖိုက်တင်တွေ ဘာတွေအတွက် တစ်လသင်တန်းထပ်တက်ရတယ်။ သင်တန်းကာလက စုစုပေါင်း ငါးလနီးပါးကြာပါတယ်။

**သင်တန်းပြီးသွားတဲ့အခါ သားက ဘယ်ဇာတ်လမ်းတွဲမှာ စ,ရိုက်ရသလဲ။**

**ကိုလူပျို** ဆိုတဲ့ ဇာတ်လမ်းတွဲပါ။ ဒီဇာတ်လမ်းတွဲကတော့ ဟာသဇာတ်လမ်းတွဲ ဆိုတော့ ပေါ့ပေါ့ပါးပါးပါပဲ။ အဲဒါကတော့ ပညာသင်နေတဲ့အချိန် ရိုက်ရတာပါ။ အဲဒါပြီးတော့ **မမထိပ်နှင့် အမွေစံအိမ်** ဇာတ်လမ်းတွဲ။ အဲဒီဇာတ်လမ်းမှာတော့ ကျွန်တော်က ၂၅ ဆင်းနဲ့ ပါဝင်ခွင့်ရခဲ့ပါတယ်။ ပြီးတော့ **ပျားရည်အိုင်**၊ နောက်ထပ် **ကျိန်စာပြယ်ဒဏ္ဍာရီ**၊ ပြီးတော့ **တတိယမြောက် ဆုံမှတ်** ရိုက်ခဲ့ပြီးပြီ။ နောက်လမှာ **နှင်းဆီ** ဆိုတဲ့ ဇာတ်လမ်းတွဲ ရိုက်ရမယ်။

**နောက်ထပ် သား ဇာတ်လမ်းတွဲက ဘယ်တော့**







www.burmeseclassic.com

www.burmeseclassic.com

**လောက် လွှင့်မယ်တဲ့လဲ။**

ဇူလိုင်၊ ဩဂုတ်လောက် လွှင့်မယ်လို့ သိထားပါတယ်။

**MRTV-4 က အပြင်မှာ ရော ရုပ်ရှင်တွေဘာတွေ ရိုက်ခွင့်ပေးလား။**

ဟုတ်ကဲ့၊ ပေးပါတယ်။ ဒါပေမဲ့ သူတို့ ဇာတ်လမ်းတွဲ ရိုက်ဖို့ ရက်ချိတ်ထားပြီးပြီဆိုရင်တော့ အဲဒီရက်မှာ ရိုက်လို့ မရပါဘူး။

**တကယ်လို့ အပြင် ရုပ်ရှင်ကုမ္ပဏီတစ်ခုက သားကို စိတ်ဝင်စားလို့ စကားကမ်းလှမ်းလာမယ်ဆိုရင် ရုပ်ရှင်ရိုက်ချင်စိတ်ရှိလား။**

ဟုတ်ကဲ့၊ ရှိပါတယ်။ ဇာတ်လမ်းတွဲရိုက်ဖို့ ရက်ချိတ်ထားတာနဲ့ မတိုက်ဆိုင်ရင်ပေါ့။

**MRTV-4 မှာ သရုပ်ဆောင်တွေက လခစားတွေလား။**

ဟုတ်ပါတယ်။ ကျွန်တော်တို့က လခစားပါ။ ပုံသေလစာ ပေးထားပါတယ်။ တကယ်လို့ ဇာတ်လမ်းတွဲမှာ ပါဝင်သရုပ်ဆောင်ရတယ်ဆိုရင်တော့ အနုပညာကြေး ထပ်ပေးပါတယ်။

**ဇာတ်လမ်းတွဲ တစ်ခုမှာ ကိုယ်က ခေါင်းဆောင်နေရာ ရပြီးရင် နောက်ဇာတ်လမ်းမှာ ဇာတ်ပို့ဖြစ်နိုင်သလား။**

ဟုတ်ကဲ့၊ ကျွန်တော်တို့ အလုပ်ဝင်ကတည်းက ကျရာဇာတ်ရုပ်မှာ သရုပ်ဆောင်ပါမယ်လို့ လက်မှတ်ထိုးထားပါတယ်။ ခေါင်းဆောင်ဖြစ်ချင်လည်းဖြစ်မယ်၊ ဇာတ်ပို့ဇာတ်ရံ ဖြစ်ချင်လည်းဖြစ်မယ်။

**အခုလောလောဆယ် အကယ်ဒမီ မို့မို့မြင့်အောင်က သားတို့ကို သရုပ်ဆောင် သင်တန်း ပေးနေတယ်လို့ ကြားရတယ်။ ဘာတွေ သင်ပေးနေတာလဲ။**

ကျွန်တော်တို့က အတွေ့အကြုံ အင်မတန်နည်းပါတယ်။ ဒါကြောင့် သင်တန်းတုန်းက သင်ပေးခဲ့တဲ့အတိုင်း နည်းစနစ်တစ်ခုနဲ့ပဲ သရုပ်ဆောင်နေကြတာပါ။ အန်တီမို့နဲ့ တွေ့တဲ့အခါမှာတော့ အဲဒီလို နည်းစနစ်နဲ့ သရုပ်ဆောင်တာထက် ရင်ထဲက ခံစားချက်နဲ့ သရုပ်ဆောင်တာက ပိုပြီးပီပြင်တယ်ဆိုတာ သိလာရတယ်။ အန်တီမို့က အဲဒီလို ရင်ထဲမှာ Mood ရအောင် ဘယ်လိုခံစားချက် သွင်းရတယ်ဆိုတာတွေကို သင်ပေးပါတယ်။

**ဒါဆို နောက်ထပ်ရိုက်မယ့် ရှင်မွေလရဲ့ကားတွေမှာ ရင်ထဲက သရုပ်ဆောင်ချက်တွေနဲ့ ကြည့်ရတော့မှာပေါ့။**

ဟုတ်ကဲ့ ဦး၊ ကျွန်တော် ကြိုးစားပါ့မယ်။


■ **ဝင်းငြိမ်း**





www.burmeseclassic.com

www.burmeseclassic.com



# ဖန်တီးလိုက်တဲ့ ဂီတအတွက် အတ္တနဲ့မာနမာဖို့လိုတယ် ဆိုတဲ့ လင်းလင်း

မနှင်းချူ

တေးရေး၊ တေးဆို လင်းလင်းနဲ့ ချစ်သုဝေတို့က နှစ်ယောက်အတူ ဘဝခရီးတည်ဆောက်ကာ သမီးရတနာ အမြွှာလေးတွေ ပိုင်ဆိုင်အပြီးမှာ အလုပ်တွေလုပ်တိုင်း ပရဟိတစိတ်နဲ့ ပိုလုပ်နေတာ တွေ့လာရပါတယ်။ သမီးလေးတွေအတွက် **ခေတ်သစ်ဖောင်ဒေးရှင်း** ကို တည်ထောင်ပြီး ပရဟိတ အလုပ်တွေကို ထဲထဲဝင်ဝင် လုပ်လာသလို လင်းလင်းက ဂီတနဲ့ ပတ်သက်ပြီးလည်း အသစ်တွေကို မြေတောင်မြှောက်ပေးတဲ့ အစီအစဉ်တွေ စတင်အကောင်အထည်ဖော်လာပါပြီ။ သမီးလေးတွေရဲ့ **ခေတ်သစ်ဖောင်ဒေးရှင်း** အကြောင်းကို မေမေ ချစ်သုဝေက အပြည့်အဝဖြေဆိုပြထားတဲ့အတွက် ဖေဖေ လင်းလင်းကိုတော့ အသစ်တွေအတွက် ဒေါက်တိုင်လုပ်မယ့်အကြောင်း စိတ်ကူးတွေ မေးဖြစ်ပါတယ်။ ဂီတကိုရူးသွပ်တဲ့ လူငယ်တွေအတွက် အကျိုးအမြတ်မကြည့်၊ စာချုပ်စာတမ်းမပါတဲ့ ထုတ်ဝေသူအဖြစ် ရပ်တည်မယ့် လင်းလင်းနဲ့ ပြောဖြစ်တဲ့ စကားလုံးတွေကတော့…။

**လွန်ခဲ့တဲ့ ခြောက်နှစ်လောက်က လုပ်ခဲ့တဲ့ လင်းလင်းနဲ့ Fan meeting ပွဲမှာ ကတည်းက ပါခဲ့တဲ့ ကလေးတွေလား။**

ဟုတ်တယ်။ အဲဒီအချိန်ကတည်းက ပါလာတဲ့ ကလေးတွေ။ အဲဒီတုန်းကတော့ အတွဲခွဲလုပ်ကြဖို့ပေါ့။ နောက်တော့ လုပ်ရင်း လုပ်ရင်းနဲ့ တစ်ကိုယ်တော်ပဲ လုပ်ဖြစ်တယ်။ အတွဲခွဲက သတ်



www.burmeseclassic.com

www.burmeseclassic.com

သတ်ရှိတယ်။ အားလုံးတီးပြီး သား။ ပြန်ဖျက်ပစ်လိုက်ပြီး အစက ပြန်လုပ်နေတယ်။

**သူတို့ကရော စ,လာကတည်းက အဖွဲ့လိုက်လာတာလား။ လာတဲ့သူတွေထဲကမှ ဒီအဖွဲ့ကို အရင်ဆုံး စ,ထုတ်ပေးဖြစ်တာက…။**

ဟုတ်တယ်။ အဖွဲ့လိုက် သူ့အဖွဲ့နဲ့သူ လာတာ။ ကျွန်တော့်ဆီကို ပို့သမျှ လာသမျှ အခွေတွေကို နားထောင်တယ်။ အားလုံးကိုနားထောင်ပြီးမှ ရွေးတာ။ ဘယ်သူရယ်၊ ဘယ်ဝါရယ် မသိဘူး။ နားထောင်ပြီးမှ တစ်ယောက်ချင်းစီ ပြန်ဆက်သွယ်တာ သူတို့ဖြစ်နေတယ်။ အတွဲခွေ အတွက် တစ်ဖွဲ့ကို နှစ်ပုဒ်၊ သုံးပုဒ်စီ လုပ်ကြတယ်။ လုပ်ရင်းလုပ်ရင်းနဲ့ အားပါလာပြီး ချတော့ကွာ တစ်ကိုယ်တော်ခွေသာ ထုတ်တော့လို့။

**ကိုယ်တိုင်ရေး၊ ဆိုတွေဆိုတော့ အခုအခွေမှာပါတဲ့ သီချင်း ၁၁ ပုဒ်က အသစ်တွေလား။ လင်းလင်းကို ပို့ထားတဲ့ သီချင်းတွေရော ပြန်ပါလား။**

ကျွန်တော့်ကို ပေးနားထောင်တဲ့သီချင်းတွေပါတယ်။ ထပ်လုပ်တဲ့အသစ်တွေလည်း ပါတယ်။

**အဲဒါကျတော့ လင်းလင်း Guide Line ချပေးသေးလား။ လင်းလင်းက ကျွန်တော်က ဒေါက်တိုင်အနေနဲ့ပဲ ပါတယ်ဆိုလို့လေ။ သီချင်းတွေအတွက် ထောက်ပံ့ပေးတာတွေ မရှိဘူးလား။**

သူတို့ရဲ့ Creation မှာ ကျွန်တော်က ဘာမှမပါဘူး။ သူတို့ကိုစိတ်ကြိုက် ပေးလွှတ်

# ONE MINUTE INTERVIEW
# ကြုံရာဆုံရာ တစ်မိနစ်တာ

ထားပေးတယ်။ သူတို့တိုင်ပင်တဲ့ဟာကိုပဲ ဝင်ဆွေးနွေးတယ်။ သူတို့ Arrange တွေကတော့ စိတ်ကြိုက်လုပ်ခိုင်းတာ။ ဘယ်သီချင်းမှာတော့ ဘာနဲ့တီး၊ ဘယ်သီချင်းကတော့ ဘယ်နားမှာ ဘာနဲ့တီးရင်ကောင်းမယ်ဆိုတာလောက်ပဲ ဝင်ပြောဖြစ်တယ်။

**သူတို့ခေတ်နဲ့ ကိုယ်တွေခေတ်က မတူတဲ့အတွက် ခုလို အသစ်တွေကို ထုတ်ပေးရတဲ့အခါ အခွေထွက်ခါနီး စိတ်ထဲမှာ Emotion တစ်ခုခုများ…။**

Emotion ဘယ်လိုရှိလဲဆိုတော့ အမှန်အတိုင်းပြောရမယ်ဆိုရင် အခုနောက်ပိုင်းမှာ၊ သူတို့ ဒီအခွေထွက်သွားပြီး နောက်ပိုင်းမှာ သူတို့ရည်မှန်းထားသလို၊ သူတို့မျှော်မှန်းထားသလိုပဲ ဖြစ်စေချင်တယ်။ သူတို့ဆန္ဒလေး ပြည့်ဝ,သွားစေချင်တယ်။ ဒါပဲ။ ဒါက သူတို့ကြိုးစားမှုပဲလေ။ ကြိုးစားမှုမှာ အတိုင်းအတာလေးတစ်ခုထိ သူတို့ကို ဖြစ်စေချင်တယ်။

**အခု ကာလမှာက အသစ်ကို တင်ဖို့ဆိုတာ ရလဒ်က ၅၀း၅၀တောင် မှန်းလို့မရတဲ့ခေတ်မှာ လင်းလင်းက အသစ်တွေကို ထုတ်ပေးဖြစ်တဲ့ စိတ်ကူးက…။**

အခုအချိန်က ၅၀း၅၀ တောင် မရှိပါဘူး။ အသစ်တွေကိုထုတ်ပေးဖြစ်တဲ့ စိတ်ကူးဆိုရင်တော့ ကျွန်တော့် ဂီတဘဝအစကိုပဲ လှမ်းပြောရမှာ။ ဂီတဘဝအစမှာ ဒုက္ခတော့မဟုတ်ဘူး။ အခက်အခဲတွေ ရှိခဲ့၊ ကြုံခဲ့တယ်ပေါ့။ တွေ့ခဲ့တယ်။ ရင်ဆိုင်ခဲ့တယ်ပေါ့။ အဲဒီအခါက ကျွန်တော့်မှာ စိတ်ကူးတစ်ခုရှိခဲ့တယ်။ ငါတစ်နေ့နေ့၊ တစ်နေရာရာမှာ ထိုက်သင့်လျောက်ပတ်တဲ့ အားအင်တစ်ခုနဲ့ ရပ်တည်နိုင်ရင် အထူးသဖြင့် Creation လုပ်နိုင်တဲ့ ဂီတသမားတွေ၊ ကိုယ်တိုင်ရေးနိုင်၊ တီးနိုင်၊ ဆိုနိုင်တဲ့သူတွေကိုပေါ့။ ငါနိုင်တဲ့ဝန်၊ နိုင်တဲ့အားနဲ့ ငါ ဒေါက်တိုင်တစ်ခုအနေနဲ့ ထောက်မယ်။ အခွေထုတ်ပေးမယ်ပေါ့။ အဲဒီရည်ရွယ်ချက်ကလေးက စ,တယ် ပြောရမှာပေါ့။ အဲဒီစိတ်ကူးကို အခုအကောင်အထည်ဖော်ဖြစ်တာပေါ့။ ကိုယ်ချင်းစာစိတ်နဲ့ပေါ့။

**လင်းလင်း ပထမဆုံး ထုတ်ဝေပေးလိုက်တဲ့ သူတို့အပေါ်၊ သူတို့ဂီတအပေါ် လင်းလင်း ဖီလင်ဖြစ်သွားတဲ့အရာက…။**

သူတို့ရဲ့ကြိုးစားအားထုတ်မှု၊ ဒီဂီတအပေါ်မှာ သူတို့ရဲ့ သက်ဝင်ယုံကြည်မှု အဲဒါကို စ,ငြိတာ။

**ဒီကနေတစ်ဆင့် နောက်ထပ်ဆက်လုပ်မယ့် ခြေလှမ်းတွေကရော။ ပြီးတော့ ကိုယ်တိုင်အတွက်ရောပေါ့။**

သူတို့အတွက်တွေ ရှိတယ်။ နောက်ထပ် လေး၊ ငါးခွေလောက် ရှိတယ်။ ပြီးသလောက်တွေ ဖြစ်နေပြီ။ တောက်လျှောက်လာမယ်။ အဖွဲ့ခွေတွေပေါ့။ ကိုယ်တိုင်အတွက် အခွေကလည်း ပြီးနေပါပြီ။ လာတော့မှာပါ။ ကိုယ့်ဟာကိုယ် စိတ်တိုင်းမကျလို့ ပြင်ရင်းနဲ့ Delay ဖြစ်နေတာပါ။

ထုတ်ဝေသူ လင်းလင်းရဲ့ ပထမဆုံး လုပ်ဆောင်ပေးလိုက်တဲ့ Band က Blood of Century Band ဆိုတဲ့ လူငယ်အဖွဲ့ တစ်ဖွဲ့ဖြစ်ပြီး တေးစီးရီးကို *Underground Revolution* လို့ အမည်ပေးထားတာပါ။ လင်းလင်းက ကိုယ်တိုင် အတွက်လည်း လုပ်ထားသလို ချစ်သုဝေအတွက် တစ်ကိုယ်တော် တေးစီးရီးကိုလည်း စီစဉ်လုပ်ဆောင် နေပါတယ်။


■

**မန်းသူ**



www.burmeseclassic.com

www.burmeseclassic.com



# ကိုယ်တွေ့အချစ်တော့ မပါဘူးဆိုတဲ့ မိုးယံဇွန်ရဲ့ ပထမဆုံးကိုယ်တိုင်ရေးဇာတ်လမ်း

**မနှင်းသူ**

သရုပ်ဆောင် မိုးယံဇွန်က **အကြင်နာမြစ်ဖျား** ဆိုတဲ့ ရုပ်သံစီးရီးတွဲထဲမှာ ပါဝင်သရုပ်ဆောင်နေပြီး ထူးခြားမှုကတော့ အဲဒီဇာတ်လမ်းက သူကိုယ်တိုင်ရေးထားတဲ့ ဇာတ်လမ်း ဖြစ်နေတာပါ။ သရုပ်ဆောင် မိုးယံဇွန်ရဲ့ ပထမဆုံး ကိုယ်တိုင်ရေး၊ ကိုယ်တိုင် သရုပ်ဆောင်တဲ့ ဇာတ်လမ်း ဖြစ်နေတဲ့အပြင် အရင်က ရုပ်ရှင်အဖြစ် စိတ်ကူးထားပေမဲ့ တကယ်ရိုက်ဖြစ်တဲ့ အချိန်မှာ Media 7 အတွက် ဇာတ်လမ်းတွဲဖြစ်နေပါတယ်။ မိုးယံဇွန်ရဲ့ အနုပညာစိတ်ကူး အသစ်၊ အနုပညာဖန်တီးမှု အသစ်တွေအကြောင်း လေ့လာကြည့်မိတဲ့အခိုက်…။

**'အကြင်နာမြစ်ဖျား' ရဲ့ ဇာတ်လမ်းက မိုးယံဇွန်လို့ သိထားတော့ ဒီဇာတ်လမ်းကို ရင်ထဲကို ဘယ်အချိန်ကတည်းက ရောက်နေတာလဲ။ ဒီဇာတ်လမ်းက ဘယ်တုန်းက ဖြစ်ပေါ်လာတာလဲ။**

ဒီဇာတ်လမ်းက လွန်ခဲ့တဲ့ ၂၀၁၃-၂၀၁၄ လောက်ကတည်းက ခေါင်းထဲမှာ ရှိနေတယ်။ ဒါပေမဲ့ ၂၀၁၄ အကုန် ၂၀၁၅ ရောက်မှ ဒီဇာတ်လမ်းကို ဇာတ်အိမ်တစ်ခုလို ကျွန်တော် ဖန်တီးထားတာပေါ့နော်။ ဇာတ်လမ်းကတော့ ၂၀၁၃ လောက်ကတည်းက ခေါင်းထဲမှာ ရှိပြီးသားပေါ့။ ၂၀၁၅ လောက်ရောက်မှ ရုပ်ရှင်အတွက်ကို ဖန်တီးထားတဲ့ ဇာတ်ပေါ့နော်။ ကိုယ်တွေ့တော့ မဟုတ်ပါဘူး။ ကျွန်တော်ကိုယ်တိုင် ကြည့်ခဲ့တဲ့ ရုပ်ရှင်တွေ၊ ကြည့်ရင်လည်း



www.burmeseclassic.com

www.burmeseclassic.com

# ONE MINUTE INTERVIEW
# ကြုံရာဆုံရာ တစ်မိနစ်တာ

စစ်ကားတွေ ကြည့်တာများတယ်။ အဲဒီကားတွေထဲက ဟာလေးတွေကြည့်ပြီး ကိုယ်တိုင်ကလည်း အဖေနဲ့အတူ တပ်ထဲမှာ ကြီးပြင်းလာတဲ့ သူဆိုတော့ အဲဒီအပေါ်မှာ ဖြစ်ပေါ်လာတဲ့ ခံစားချက်ပေါ်မူတည်ပြီး ဇာတ်လမ်းကို တည်ဆောက်ထားတာပါ။

**ပုံမှန် သာမန်ပြည်သူတစ်ယောက်အနေမဟုတ်ဘဲ တပ်မတော်သားတစ်ယောက် ဘဝရဲ့ အချစ်တွေ၊ ဘဝတွေလည်းပါတော့ အဓိက အခု ဇာတ်လမ်းထဲမှာ အဖေကို အခြေခံတယ်ဆိုပေမဲ့ ကိုယ်ကိုယ်တိုင်က ဘာကို အဓိက ပြချင်လဲ။ ဘာလေးတွေ ပို ပေးချင်လဲ။ တပ်မတော်သားတစ်ယောက်ရဲ့ ဘယ်လိုပုံစံမျိုးကို ပြချင်လဲ။**

အဓိက,က ဒီထဲမှာ ပရိသတ်တွေကို သိစေချင်တာ ကျွန်တော်က တပ်ထဲမှာ ကြီးပြင်းလာတော့ တပ်ရဲ့ အလေ့အထ မလေ့စရိုက်တွေ၊ တပ်ရဲ့ယဉ်ကျေးမှုတွေ၊ တပ်ထဲမှာဖြစ်နေတဲ့ တပ်မိသားစုတွေ၊ အထက်အရာရှိနဲ့ သူ့ရဲ့ လက်အောက်ငယ်သားတွေရဲ့ ချစ်ဖို့ကောင်းတဲ့ အမူအကျင့်တွေက အများကြီးရှိပါတယ်။ အပြင်ပြည်သူတွေ အနေနဲ့တော့ မသိနိုင်ဘူးပေါ့။ မသိနိုင်တဲ့အရာတွေပေါ့။တပ်ထဲမှာပဲနေ၊ တပ်ထဲမှာပဲ ကြီး၊ တပ်ထဲမှာပဲ စားတဲ့လူတွေ အတွက်ပဲ ဒါတွေ ကြုံတွေ့နေမှာ။ အဲဒီလို အလေ့အထလေးတွေကို ပြည်သူတွေကို သိစေချင်တယ်။ ပရိသတ်ကို သိစေချင်တယ်။တပ်မှာလည်း ဒီလိုချစ်ဖို့ကောင်းတဲ့ အလေ့အထလေး တွေရှိတယ်ဆိုတာလေး။ အဲဒါလေး တစ်ချက်။ နောက် တပ်ထဲမှာကြီးလာတဲ့ အရာရှိရဲ့သား၊ အချိန်တန်လို့ ရှိရင် ၁၀ ယောက်မှာ ၇ ယောက်လောက်က စစ်ဗိုလ်ပဲ ပြန်ဖြစ်ကြတယ်။ အဲဒါလေးကိုလည်း အခြေခံထားတာ တစ်ကြောင်း၊ စစ်ဗိုလ်ဖြစ်သွားတဲ့အခါ ဘာပဲပြောပြော စစ်တက္ကသိုလ်မှာ လေးငါးနှစ်လောက် တက်ရတယ်။ နောက်ပြီး အပြင်တက္ကသိုလ် ကျောင်းသားတွေလို Knowledge က ကျယ်ကျယ်ပြန့်ပြန့် မရှိဘူးပေါ့။ သူတို့က စည်းမျဉ်းစည်းကမ်းတွေ၊ အမိန့်တွေနဲ့ ကြီးပြင်းခဲ့ရတဲ့ အနေအထားပေါ့။ အဲဒီတော့ အပြင်တက္ကသိုလ် ကျောင်းသားလိုမျိုးတော့ အရာရာကို စူးစမ်းဖို့အတွက် အခွင့်အရေးလည်းမရှိတော့ဘူး။ အချိန်လည်း မရှိတော့ဘူး။ အဲဒီလိုမျိုး ကွာခြားချက်တွေက ဘယ်မှာသွား အကျိုးသက်ရောက်လဲဆိုတော့ သူတို့ချစ်တဲ့ ကောင်မလေးတွေဆီမှာ သွားပြီးတော့ ခံစားချက်တွေ၊ ခံယူချက်တွေ မတူတော့ဘူးပေါ့။ အဲဒီလို မက်ဆေ့လေးတွေ ပေးချင်တာပါ။

**ဒါ ပထမဦးဆုံးဇာတ်လို့ ပြောလို့ရလား။ ကိုယ့်ဘဝမှာပေါ့။**

ဟုတ်ကဲ့၊ ကျွန်တော်ကိုယ်တိုင်ဖန်တီးပြီး ကျွန်တော်ကိုယ်တိုင် စိတ်ကူးထားတဲ့ဇာတ်ကို ပုံဖော်ခွင့်ရတာ ဒါ ပထမဦးဆုံးပါပဲ။

**ပထမဦးဆုံး ဇာတ်လမ်းဖြစ်လို့ ဇာတ်ညွှန်းပြန်ရေးတဲ့အခါမှာရော ဘယ်လို အခက်အခဲတွေရှိခဲ့လဲ။ နောက်ပြီး ဒီဇာတ်လမ်းကို စာအုပ်တစ်အုပ်အဖြစ် ဖန်တီးချင်စိတ်ရော မရှိဘူးလား။**

စာအုပ်အနေနဲ့တော့ ဖန်တီးဖို့မရှိပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်က ဒီဇာတ်လမ်းကို ရုပ်ရှင်အနေနဲ့ပဲ ရိုက်ချင်ခဲ့တယ်။ ရုပ်ရှင်အတွက်ပဲ လုပ်ချင်ခဲ့တယ်။ ဒါပေမဲ့ မီဒီယာဆဲဗင်းက ကိုဝင်းမောင်မောင်တို့က ဖတ်ကြည့်တယ်။ သူတို့ သဘောကျတယ်။ လာလာကြည့်တယ်၊ ထပ်ဖတ်ကြည့်တယ်။ သဘောကျတယ်။ သူတို့ ဒီဇာတ်လမ်းကို ကျွန်တော့်ကို ဖန်တီးခွင့်ပေးတဲ့အခါ ရုပ်ရှင်ထက်စာရင် ဇာတ်လမ်းတွဲ လုပ်ပါလို့ပြောတယ်။ အဲဒီမှာ ကျွန်တော်လည်း ဇာတ်လမ်းတွဲကို ထပ်ဖန်တီးရတယ်။ ရှိပြီးသားဇာတ် ဆွဲဆန့်ရတဲ့အခါကျတော့ ဇာတ်အိမ်က ကျယ်သွားတော့ ဇာတ်ကောင်တွေ အများကြီးပိုလာတယ်။ ပရိသတ်တွေကြည့်လို့ကောင်းအောင် တခြားဇာတ်ကောင်လေး နှစ်ယောက်၊ သုံးယောက်လောက် ထပ်ဖြည့်ရတော့ ဇာတ်အိမ်က နည်းနည်းလေး ကြီးသွားတယ်ပေါ့။ နောက် ရုပ်ရှင်မဟုတ်တဲ့အတွက် အပိုင်းလိုက်ပြမှာဆိုတော့ တစ်ပိုင်းရဲ့အဆုံးနဲ့ တစ်ပိုင်းရဲ့အစ ဆက်မိအောင်လို့ ပြန်ပြီး ပုံဖော်ရတယ်။ ဒါပေမဲ့ နည်းနည်း အခက်အခဲရှိမှာ၊ အလွဲလေးတွေရှိမှာ၊ ပရိသတ်အနေနဲ့ ဟာကွက်လေးတွေ ဖြစ်သွားမှာ စိုးရိမ်တဲ့အတွက် ကိုသားညီက ကိုမိုးစက်ဝိုင်ကို အခန်းစဉ်တစ်ခုနဲ့တစ်ခု ပိုပြီးတော့ အချိတ်အဆက်မိအောင်လို့ ပြန်ခွဲပေးတယ်။ နောက် ဇာတ်ညွှန်းကိုလည်း သူကိုယ်တိုင်ပဲရေးတော့ ကျွန်တော် ရှိပြီးသား ဇာတ်အပြင် သူတို့က Adjust လုပ်တော့ အားလုံးကတော့ အခုဆို တော်တော်လေးအဆင်ပြေပြီး တော်တော်လေးကောင်းတဲ့ အနေအထားမှာ ရှိပါတယ်။ အချစ်၊ ရိုမန့်ဇာတ်ဖြစ်တာကြောင့် ကိုယ်တိုင်ရဲ့ ချစ်ကိုယ်တွေ့တွေ ဘယ်လောက် ထိပါမလဲလို့ ဆိုတဲ့အခါ မိုးယံဇွန်က "Plot တိုင်းကတော့ ခံစားပြီး ရေးထားတာပေါ့နော်။ ဒါပေမဲ့ ဇာတ်ကောင်တွေထဲမှာတော့ ကိုယ်တွေ့ တစ်ခုမှမပါဘူး" လို့ ပြောပြခဲ့ပါတယ်။

■

**မန်းသူ**



www.burmeseclassic.com

www.burmeseclassic.com



# ရှိသင့်တဲ့ မာန် မထားအပ်တဲ့ မာနတွေ ခွဲခြားသင်ပေးမယ့် မေမေ ချစ်သုဝေ

**မနိုးသူ**

တေးရေး၊ တေးဆို လင်းလင်းနဲ့ သရုပ်ဆောင်၊ အဆိုတော် ချစ်သုဝေတို့က သမီးရတနာ အမြွှာလေးတွေ အတွက် မွန်မြတ်ကောင်းမွန် လှတဲ့ ပရဟိတမျိုးစေ့ကို အစ ပြု မျိုးထောင်လိုက်ပါပြီ။ သမီးလေးတွေ တစ်နှစ်ပြည့် က စိတ်ကူးကို ဒီနှစ် နှစ်နှစ် ပြည့်မွေးနေ့မှာ စတင်လိုက်နိုင် တာပါ။ မေမြန်မာခေတ်နဲ့ မေမြန်မာသစ်တို့အတွက် **ခေတ်သစ်ဖောင်ဒေးရှင်းကို** ချစ်ခြင်းမေတ္တာတွေနဲ့ တည် ဆောက်ခဲ့တဲ့ မေမေ ချစ်သု ဝေက သူ့ရဲ့စိတ်ကူး၊ ဆန္ဒ တွေကို ခုလိုပြောပြခဲ့ပါ တယ်။

**အခုလေ ထရီဇာ(ချစ်သု ဝေ) အသက်အရွယ်နဲ့ ဘာပဲ ပြောပြော ဒီလိုဖောင်ဒေးရှင်း တစ်ခုကို ဒီသမီးလေးတွေရဲ့ နာမည် အခုလိုလုပ်ရတဲ့အတွက် ခွန်အားတွေ ဘယ်လို တည်ဆောက်ခဲ့ရလဲ။**

ခွန်အားက တော်တော် လေး တည်ဆောက်ရပါ တယ်။ ဖောင်ဒေးရှင်းမှာမှ ကိုယ်အရမ်းချစ်ပြီး အထိ အခိုက် အလွဲမခံနိုင်တဲ့ သမီး လေးတွေရဲ့နာမည်၊ သမီးလေး တွေရဲ့သမိုင်းဖြစ်နေတဲ့အတွက် အရမ်းတာဝန်ကြီးပြီး အရမ်း ကို တုံ့ဆိုင်းနေခဲ့တာလည်း သူတို့ကြောင့်။ အဲဒါကြောင့် တာဝန်တွေ အရမ်းကြီးတယ်။ အဲဒါကြောင့် ပွင့်ပွင့်လင်း လင်းပြောရရင် သမီး ပိုက်ဆံ ရှာရမယ့်အချိန်တွေ၊ သမီး မိသားစုကို ထိန်းသိမ်းရမယ့် အချိန်တွေထဲက တော်တော် များများကို ဖောင်ဒေးရှင်းလုပ် ငန်းတွေအတွက် သမီး ခွဲပေး



www.burmeseclassic.com

www.burmeseclassic.com

ရမယ်။ ဒါသည် သမီးတို့ အလေးထားရဆုံးဖြစ်မယ့် အရာတစ်ခု၊ ဒါ သမီးတို့ မိသားစုရဲ့သမိုင်း၊ သမီးလေးတွေရဲ့သမိုင်း ဖြစ်တော့မှာ။ အဲဒီအတွက် ဒီဖောင်ဒေးရှင်းကိုတော့ တာဝန်အရမ်းကြီးသလို ခံစားရသလို အရမ်းလည်း အလေးထားဖို့ ဆုံးဖြတ်ထားပါတယ်။ အခုကတော့ စ,လိုက်ပြီ။ ဒါ ပထမဆုံးခြေလှမ်းစ,ဖို့အတွက် အားယူလိုက်တယ်ပေါ့နော်။ ခုနပြောတဲ့အထဲမှာ ၁၄နှစ်၊ ကလေးတွေ အရွယ်ရောက်တဲ့အထိ သမီးတို့အတွက် အဖေနဲ့အမေက ဥက္ကဋ္ဌ၊ ဒုဥက္ကဋ္ဌအနေနဲ့ရော ဆုပ်ကိုင်ရတော့မယ်ဆိုတော့ ဘာပဲဖြစ်ဖြစ် ကိုယ်စ,ခဲ့တဲ့တစ်ခုအတွက်ဆိုတော့ နောက်ဆုတ်လို့တော့ မရတော့ဘူး။

# ONE MINUTE INTERVIEW
# ကြုံရာဆုံရာ တစ်မိနစ်တာ

**လွန်ခဲ့တဲ့ တစ်နှစ်ပြည့်တုန်းက ဒီဖောင်ဒေးရှင်းလုပ်မယ်လို့ပြောခဲ့တာ တစ်နှစ်ပြည့်တဲ့အချိန်မှာ တကယ်အကောင်အထည်ဖော်နိုင်တော့ ဘယ်လိုပီတိဖြစ်ရလဲ။**

အဲဒါကတော့ ကိုယ့်ကို ဘယ်လိုပြောရမလဲဆိုတော့ အဓိကကတော့ ကိုယ်ပြောတဲ့အတိုင်း ကိုယ်လုပ်နိုင်အောင် အကောင်အထည်ဖော်လိုက်နိုင်တဲ့အတွက် ကိုယ့်ကိုယ်ကို ကျေနပ်မှုလေးတစ်ခုတော့ ရတာပေါ့နော်။ အဲဒါပေါ့။

**ကိုယ့်ကိုယ်ကိုရော အခုချိန်မှာ ဘယ်လိုအမေမျိုးလို့ သတ်မှတ်လဲ။**

ကိုယ့်ကိုယ်ကိုတော့ လိုအပ်ချက်တွေ အများကြီးနဲ့ မေမေပါ။ စိတ်ထားတတ်အောင် အများကြီးပြင်ဆင်ရဦးမယ့် အမေတစ်ယောက်ပေါ့။ ထရီဇာ့သူငယ်ချင်းတွေ ပြောသလိုပေါ့။ ချစ်သုဝေ နင်ဟာ အရမ်းကို အငိုသန်သောကလေးကြီးပါပဲ။ အငိုသန်သောကလေးကြီးက အမေဖြစ်လာတဲ့အခါမှာ ငါတို့ဘေးက လူတွေလည်း မနေရတော့ပါဘူးလို့ ပြောသလိုပေါ့နော်။

**မိခင်တစ်ယောက် အနေနဲ့ သားသမီးနဲ့ ပတ်သက်လို့ အတွေ့ဆိုတာ ရှိတတ်တယ် ထရီဇာရဲ့ သားသမီးအပေါ်ထားတဲ့ အတ္တကရော…။**

အတ္တဆိုတာက အဲဒါကြီးတွေ ဖြစ်ပေါ်လာတာက အရမ်းကိုဆန်းကြယ်တယ်ပေါ့နော်။ အတ္တဆိုတာထက် သမီးလေးတွေကို အထိခိုက်မခံနိုင်၊ အတိမ်းအစောင်း မခံနိုင်တာ။ ပြီးတော့ ထရီဇာတစ်သက်လုံး ရှင်သန်တဲ့ပုံလေးပေါ့။ ကိုယ့်ဘေးနားက လူတွေကို ပျော်စေချင်တယ်။ စိတ်ချမ်းသာစေချင်တယ်။ စိတ်ကျေနပ်စေချင်တယ်။ ကိုယ့်အပူတွေကိုလည်း သိပ်မပြောဘူး။ ကိုယ်မကျေနပ်လည်း တစ်ယောက်တည်း ခံလိုက်တယ်။ ထရီဇာ့ကို ပျော်နေတယ်လို့ပဲ အမြဲတမ်းမြင်ရအောင်လုပ်တယ်။ လင်မယားချင်းလည်းလေ ကိုလင်းနဲ့ ဘယ်တော့မှ Against မလုပ်ဘူး။ Crush မဖြစ်စေရဘူး။ ဒါပေမဲ့ သမီးလေးတွေနဲ့ ပတ်သက်လာရင်တော့ လုံးဝမရဘူး။ သူနဲ့ထိပ်တိုက်လည်း တွေ့တာပဲ Against ဖြစ်တာတွေလည်း များတာပဲ။ ကိုယ့်ဘဝမှာ Set up လုပ်ထားတဲ့ အရာတွေကို အများကြီးဆန့်ကျင်ပြီး ဖြစ်လာရအောင် သူတို့အတွက် အဲဒီလို စိတ်လေးတွေဖြစ်လာရတာကိုတော့ သတိထားမိတယ်။ ဒါပေမဲ့ ထရီဇာက ငါ့သမီး၊ ငါ့သားမှရယ်တော့ မဟုတ်ပါဘူး။ ထရီဇာက ကလေးချစ်တတ်တယ်။ ကိုယ့်သမီး ကိုယ့်သားလေးတွေ ဖြစ်စေချင်သလို၊ သူများကလေးတွေကိုလည်း အဲဒီလိုပဲဖြစ်တယ်။ သမီးလေးတွေ ခြင်ကိုက်မခံစေချင်သလို သူများကလေးတွေလည်း အကိုက်မခံစေချင်ဘူး။ ကိုယ့်သမီးလေးတွေ စားရသလို သူများကလေးတွေလည်း စားစေချင်တယ်။ ကိုယ့်သားသမီးကတော့ ပိုတာပေါ့နော်။ ဒါက သဘာဝပဲပေါ့။ အတ္တကြီးတယ်ရယ်လို့တော့ မရှိပါဘူး။ ဒါပေမဲ့ ကလေးတိုင်းကို ချစ်တတ်တယ်။ ကလေးတိုင်းကို အထိခိုက်မခံနိုင်ဘူး။ ကလေးတွေနဲ့ပတ်သက်ရင် ထရီဇာ Sensitive ဖြစ်တယ်။ (ဖေဖေ လင်းလင်းက ဒီမေးခွန်းမှာတော့ သမီးလေးတွေကို ရှိသင့်တဲ့ မာနတော့ ရှိရမယ်။ တလွဲမာန မရှိစေချင်ဘူးလို့ ဝင်ဖြေပေးခဲ့ရာမှာ ချစ်သုဝေကလည်း) အဲဒါလေး သိပ်ကောင်းတာပေါ့၊

ထရီဇာရော
ကိုလင်းရော
ကြားချပြီးတော့
ပျိုးထောင်လိုက်ရင်
တော်တော်လေး
အဆင်ပြေမယ်။
မှန်တယ်။
လူတစ်ယောက်မှာ
ရှိသင့်တဲ့ မာနရှိရမယ်။
ထရီဇာကျတော့လေ
ရိုကျိုးလွန်းတဲ့၊
နှိမ့်ချလွန်းတဲ့စိတ်တွေ
အရမ်းများတော့
ခဏခဏ
အစော်ကားခံရတယ်။
အမှန်တော့ ဘဝမှာ
ကိုယ့်မာန်လေးကတော့
ရှိသင့်တယ်။ ဒါကို
ဖေဖေ ပြုစုပျိုးထောင်
ပေးရမယ်။ သဲသဲလည်း
ဆင်ခြင်ပေါ့မယ်နော်
ဖေဖေ-လို့
ပြောခဲ့ပါသေးတယ်။
လင်းလင်းနဲ့ ချစ်သုဝေက
သမီးအမြွှာလေးတွေ
အတွက် **ခေတ်သစ်**
**ဖောင်ဒေးရှင်း** ကို
မင်္ဂလာရှိစွာနဲ့ အကောင်
အထည်ဖော်လိုက်နိုင်ပါပြီ။
**ခေတ်သစ်ဖောင်ဒေးရှင်း**
မိဘနှစ်ပါးရဲ့
မေတ္တာတွေနဲ့
ပိုမိုအောင်မြင်၊
ရှည်ကြာခိုင်ခံ့စွာ
ရပ်တည်နိုင်ပါစေလို့
ဆုတောင်းပေးလိုက်
ပါတယ်။

■ **မန်းသူ**



www.burmeseclassic.com

www.burmeseclassic.com



# မိန်းကလေး ပရိသတ်တွေကြောင့် ယုံကြည်မှုပိုရှိလာတဲ့ အေသင်ချိုဆွေ

မနိုးသူ

ပရိသတ်တွေက ကိုယ်နှစ်သက် သဘောကျတဲ့ အနုပညာရှင်တွေကို ရင်ထဲမှာ သိမ်းထား တတ်ပြီး သူတို့ရဲ့ အနုပညာတွေကို အချိန်မရွေး ပြန်လည် လက်ခံအားပေး တတ်ကြတာပါ။ ပရိသတ်နဲ့ ရင်ဘတ်ချင်းတူပြီး တစ်ကျော့ပြန် အနုပညာတွေကို လက်ခံခြင်းခံရတဲ့ အနုပညာရှင်ထဲမှာ အေသင်ချိုဆွေလည်း တစ်ဦးအပါအဝင်ပါ။ Single Mother အဖြစ်နဲ့ ရပ်တည်ရင်း သမီးလေးအတွက် အနုပညာဘက် ခြေဦးပြန်လှည့်လာတဲ့ အေသင်ချိုဆွေကို သူ့ပရိသတ်က နွေးနွေးထွေးထွေး အားပေးလက်ခံခဲ့ပါတယ်။ အခုလတ်တလော သီချင်းတွေလုပ်ဖြစ်နေပြီး Show တွေဆို၊ ပွဲတွေ ခပ်စိပ်စိပ်တက်ဖြစ်နေတဲ့ အေသင်နဲ့ Molly Cosmetic Party မှာ အမှတ်မထင်ဆုံခိုက် မှတ်မှတ်ရရ အင်တာဗျူး ဖြစ်ခဲ့ရပါတယ်။

**အိုင်ဗီလေး ရရှိပြီးတဲ့နောက်မှာ၊ အခုအချိန်မှာ Show တွေကို ဘယ်လိုစိတ်နဲ့ လက်ခံဖြစ်နေတာလဲ။**

နည်းနည်း ရက်များတာ မျိုးတို့၊ အရမ်းဝေးတဲ့ နေရာမျိုးတို့ဆို



www.burmeseclassic.com

www.burmeseclassic.com

# ONE MINUTE INTERVIEW
# ကြုံရာဆုံရာ တစ်မိနစ်တာ

သိပ်လက်မခံ ဖြစ်တော့ဘူး။ ရန်ကုန်ထဲမှာပဲ များတယ်။ သွားမယ်ဆိုလည်း တစ်ည အိပ်လောက်ပေါ့နော်။

**နယ်တွေသွားရင် သမီးလေးက ခေါ်လို့ရလို့လား။**

နယ်တွေဆိုရင် သူ့ကို ဟိုတစ်ခါက တာချီလိတ်ကို ခေါ်သွားဖူးတယ်။ သူ ရန်ကုန်ပြန်ရောက်တော့ လေယာဉ်စီးပြီး ဖျားတာ ရက်တော်တော်ကြာသွားတယ်။ ခရီးပန်းသွားတာပေါ့။ အဲဒီကတည်းက သူ့ကို မခေါ်တော့တာ။ ကားနဲ့သွားရင်လည်း သူက ကားပေါ်မှာ နည်းနည်းကြီးလာတော့ မငြိမ်တော့ဘူး။ အကြာကြီး မနေချင်တော့ဘူး။ အဲဒီတော့ သူ့ကို မခေါ်တော့ဘူး။

**သမီးလေးနဲ့အတူ ခရီးတွေ ထွက်ဖြစ်သေးလား။**

သွားတယ်။ မန္တလေး သွားဖြစ်တယ်။ ပုဂံလည်း သွားတယ်။ သီချင်းဆိုတာ မဟုတ်ဘဲနဲ့ ဒီအတိုင်း ခရီးတွေ သွားဖြစ်တယ်။

**အိုင်ဗီလေးက ရောက်တဲ့နေရာမှာ ပရိသတ် ရှိတယ်နော်။**

သူက ကိုယ်နဲ့အတူ မသွားဘဲ အမေနဲ့ပဲသွားလည်း သူ့ပရိသတ်က နေရာတိုင်းမှာ ရှိတယ်။ သူ့ကို လူတိုင်းက ချစ်လည်း ချစ်ကြတယ်။ သိလည်း သိကြတယ်။ တွေ့တဲ့လူအကုန်လုံးပါပဲ။ အယောက်တစ်ရာရှိရင် အယောက်တစ်ရာလုံးက ချစ်ကြတယ်။ အမေတစ်ယောက်အနေနဲ့က ဝမ်းသာတာပေါ့နော်။ ပြီးတော့ သူ့ရဲ့ ပုံလေးကလည်း လူလည်း သိပ်မကြောက်ဘူး။ နောက်ပြီး လူတိုင်းအပေါ်မှာလည်း ဖော်ဖော်ရွေရွေပဲ။ အရမ်းတာဝန်ကျေ၊ ဝတ္တရားကျေလွန်းအားကြီးတယ်။ အေသင်နဲ့က မတူဘူး။

**သူ့ကို ကျောင်းထားပြီလား။**

အရင်ကတော့ သူ့ကို Myanmar Plaza က ကျောင်းမှာ ထားလိုက်သေးတယ်။ နောက်ပိုင်း ကိုယ်ကလည်း မလိုက်နိုင်ဘူး။ အချိန်လည်း မပေးနိုင်တော့တာနဲ့ မထားဖြစ်တော့ဘူး။

**ကလေးအတွက် ဘယ်လို စဉ်းစားဖြစ်နေလဲ။**

အခုကတော့ သူက အရမ်းပဲ သွက်တယ်။ သိပ်ပြီး အကြောက်အလန့်လည်း မရှိဘူးဆိုတော့ အဲဒီအတိုင်းလေးပဲ ကြီးပြင်းတဲ့အထိ ရှင်သန်စေချင်တယ်။ ပြောရမယ်ဆိုရင် သူက အခု လူမှုဆက်ဆံရေးအပိုင်းမှာ တော်တော်ကြီးကို ကောင်းနေတာ။ ပြီးတော့ သူက လူစိတ်ဝင်စားအောင် အရမ်းပဲ လုပ်တတ်တယ်။ သူ့အတွက်ကတော့ ကိုယ်က ပညာတတ်ကြီးဖြစ်စေချင်တာပေါ့။ Famous တော့ မဖြစ်စေချင်ဘူး။ ဒါပေမဲ့ သူက အခု ကတည်းက ဂစ်တာဆိုလည်း စိတ်ဝင်စားတယ်။ သီချင်းလည်း ဆိုတယ်။ အကတွေ မြင်ရင်လည်း လိုက်က၊တယ်ဆိုတော့ အနုပညာကို ဝါသနာပါပုံတော့ ရတယ်။ ဒါပေမဲ့ အေသင်က သူ့ကို Target တစ်ခုတော့ထား၊ထားတယ်။ အခုလည်း သူ့အတွက်ပဲ ရေရှည်စီမံကိန်းအနေနဲ့ လုပ်နေပါတယ်။

**သရုပ်ပြန်ဆောင်ဖို့ရော။ အခု အေသင့်ကားလေးတွေ ရုပ်သံကနေ ပြန်ပြနေတာတွေတော့ ပြန်သရုပ်ဆောင်ချင်စိတ်မဝင်ဘူးလား။**

သရုပ်ပြန်ဆောင်ဖို့တော့ အစီအစဉ် သိပ်မရှိဘူး။ အေသင်ကလေ ရုပ်ရှင်ရိုက်တာနဲ့ပတ်သက်လို့ အစကတည်းက Confident သိပ်မရှိဘူး။ ရိုက်ပြီး ကိုယ့်ကိုယ်ကိုပြန်ကြည့်ရတာ အပြင်က ရုပ်က ပိုချောသလို ခံစားရတယ်။ (ရယ်လျက်) အခုလည်း ဓာတ်ပုံတွေ၊ ဗီဒီယိုတွေရိုက်ပြီး ပြန်ကြည့်ရင် ငါ့ရုပ်က အပြင်မှာ ချောနေတာ ဓာတ်ပုံတွေထဲရောက်သွားရင် ဘာလို့ ဒီလိုဖြစ်သွားတာလဲလို့ ကိုယ့်ကိုယ်ကို အားမရဘူး။ ဒါကြောင့် ကိုယ့်အတွက် တစ်ခုခုကျန်မယ့်ဟာမျိုးဆို ရိုက်ဖြစ်မှာပေါ့နော်။ အမြဲတမ်းတော့ မင်းသမီးတစ်ယောက်အနေနဲ့ ရိုက်ဖြစ်တော့မယ် မထင်ဘူး။ အစကတည်းကလည်း အဆိုတော်လေ။

**သီချင်းတွေကို ဒီထက် မကပြန်လုပ်ဖို့ ကြိုးစားတဲ့အပိုင်းတွေမှာ သမီးလေးက အဟန့်အတားများဖြစ်နေလား။**

မဖြစ်ပါဘူး။ သူ့ကြောင့် ကိုယ့်ကို အပျိုတုန်းက ထက်တောင်မှ ပိုပြီး ချစ်လာကြတယ်။ ပိုပြီးအားပေး လာကြတယ်။ ပိုပြီး Respect ရှိလာကြတယ်။ အထူးသဖြင့် မိန်းကလေးတွေက ပိုပြီး အားပေးလာကြတော့ ပိုပျော်ပါတယ်။ မိန်းကလေး တစ်ယောက်ကို မိန်းကလေးတွေက ဝန်းရံအားပေးကြတော့ အေသင် ပျော်လည်းပျော်၊ ကိုယ့်ကိုယ်ကိုလည်း ယုံကြည်မှု ရှိလာတာပေါ့နော်။ အေသင်ချိုဆွေက အချစ်သီချင်း၊ လူငယ်ကြိုက် သီချင်း၊ သူ့ခံစားချက်၊ သူ့ရဲ့ အချစ်တွေအကြောင်း သီချင်းတွေကို လုပ်နေပြီး စောင့်မျှော် အားပေးကြပါလို့ ဆိုပါတယ်။

■

**မန်းသူ**



www.burmeseclassic.com

www.burmeseclassic.com




ထူးထူးခြားခြားဇာတ်လမ်း၊ ဇာတ်ရုပ်ဆန်းဆန်းလေးတွေနဲ့ အမြဲတွေ့နေရတဲ့ နန်းဆုဦးက ၂၀၁၉ မှာ လည်း ဇာတ်ရုပ်ဆန်းဆန်းလေးတွေနဲ့ တွေ့မြင်ကြရပါဦးမယ်။ ပရိသတ်ရင်ထဲ ရောက်ခဲ့တဲ့ ဥပါဒါန် အဖွဲ့နဲ့အတူ နောက်ထပ် ဘာသာရေးကားတစ်ကားလည်း ရိုက်ကူးထားသလို တစ်ခါမှ မလုပ်ဖူးသေးတဲ့ ဇာတ်ရုပ်ကိုလည်း ကြိုးစားပြဖို့ ပြင်ဆင်နေတဲ့ နန်းဆုဦးနဲ့ တွေ့ဆုံမိတဲ့ခဏ...။

**'3A(၃က)' ဆိုတဲ့ ဇာတ်ကားလေးမှာလည်း နန်းဆုပါတယ်နော်။ အဲဒီကားလေးကရော ထူးခြားလို့ပဲလား။**

3A ပေါ့နော် ။ ၃က ဆိုတဲ့ ရုပ်ရှင်ဇာတ်ကားကြီးပါ။ အဓိကကတော့ ဇာတ်ကတော့ ဒရာမာဇာတ်ဖြစ်တယ်။ ပြီးတော့ နန်းဆု ဒီထဲမှာ ပါဝင်သရုပ်ဆောင်ရမယ့် ကာရိုက်တာကလည်း ပိုပြီးတာဝန်ကြီးတယ်။ ဒီကားလေးကလည်း ပညာပေးဆန်တဲ့ကားလေးဖြစ်တယ်ပေါ့နော်။ ဒီကားက ပရိသတ်တွေကို Message တစ်ခု ထိထိရောက်ရောက် ပေးမယ့် ကားလေးဖြစ်တယ်။ နန်းဆုအနေနဲ့ကတော့ ကာရိုက်တာအသစ်တစ်ခုပဲ။ ၂၀၁၉ရဲ့ နန်းဆုအတွက် တော်တော်ကြီးတဲ့ Challenge လို့ ပြောလို့ရတယ်။ အဲဒါကြောင့် ဒီကားလေးအတွက် သေချာလေး ပြင်ဆင်ပြီးတော့ ကြိုးစားသွားမှာပါ။

**ပညာပေးကားဖြစ်တဲ့အတွက်ရော ကိုယ့်ဘက်က**

# ပရိသတ်တွေအားပေးမှုကြောင့် ကြိုးစားမှုအရာထင်လာတဲ့နန်းဆုဦး

**မနှင်းသူ**



www.burmeseclassic.com

www.burmeseclassic.com

**အမူအရာအပြင် ဘာတွေများ ထပ်ပြီး ပြင်ဆင်ရတာတွေရှိလဲ။ လူငယ်တွေအတွက် ပညာပေးဇာတ်ကားလည်း ဖြစ်မယ်ဆိုတော့လေ။**

ပြင်ဆင်မှုအပိုင်းကတော့ ရုပ်ရှင်ဇာတ်ကားတစ်ကားဖြစ်နေတဲ့အတွက် ပြင်ဆင်မှုအပိုင်း အကုန်လုံးကတော့ အတူတူပဲပေါ့နော်။ ဒါပေမဲ့ အဓိကတော့ ဒရာမာဖြစ်နေတာတစ်ကြောင်းရယ်၊ ကိုယ်ပါဝင်သရုပ်ဆောင်မယ့် ကာရိုက်တာက နန်းဆုအနေနဲ့ တော်တော်လည်း အရေးကြီးတယ်လို့ ခံယူထားတဲ့အတွက်ပေါ့။ တော်တော်လည်း အရေးကြီးပါတယ်။ အဲဒီအတွက်ပင်ပန်းမယ်။ တော်တော်လည်း ကြိုးစားရမယ်။ အများကြီး ကြိုးစားရမှာပေါ့။

**ကာရိုက်တာပိုင်းလေးရော ပြောပြပေးလို့ ရပြီလား။**

ထူးထူးခြားခြားလေးဖြစ်တဲ့အတွက်လေ မပြောပြချင်သေးဘူး။

**နန်းဆုဦး လက်ခံခဲ့တဲ့ ဇာတ်လေးတွေက အမြဲဆန်းတယ်နော်။ ညီမက ဇာတ်ရုပ်နည်းနည်းဆန်းမှ လက်ခံတာလား။**

အဲဒီလိုမျိုးလည်း မဟုတ်ပါဘူး။ နန်းဆုတို့က ရွေးချယ်ရတယ်ဆိုတာ ကိုယ့်ဆီကိုလာပြီး ကမ်းလှမ်းတဲ့ ကားတွေအထဲကပဲ ရွေးချယ်ရတာလေ။ နန်းဆုကို လာပြီး ကမ်းလှမ်းတဲ့ကားတွေကလည်း အဲဒီလို တစ်ခုနဲ့တစ်ခုကာ ရိုက်တာလေးတွေ ကွဲနေတာမျိုးလေးတွေ ဖြစ်သွားတယ်လေ။ ပြီးတော့လည်း ချူဆီ ဆိုရင်လည်း ကာရိုက်တာကွဲ ထွက်နေတာပေါ့။ ဥပါဒါန် မှာဆိုလည်း ကွဲနေတာပေါ့။ အခုရိုက်မယ့် ၃က ဆိုရင်လည်း ကာရိုက်တာအသစ်တစ်ခု။ တော်တော်လေး ကွဲတယ်။ တစ်ခါမှလည်း မလုပ်ဖူးဘူး။ နန်းဆုပရိသတ်တွေ အနေနဲ့လည်း နန်းဆုကို မတွေ့တဲ့ ကာရိုက်တာတွေနဲ့ အမျိုးမျိုး ကြည့်ရတာပေါ့။

**'ဥပါဒါန်' တုန်းက အဖွဲ့နဲ့ပဲ နောက်ထပ်ဘာသာရေးကားတစ်ကား ထပ်ရိုက်လိုက်တယ်နော်။ အဲဒီ 'အစိုးမရအနတ္တ' ကားမှာရော ဘယ်လိုသရုပ်ဆောင်ထားလဲ။**

သူက ဘာသာရေး Base ကားပါပဲ။ **အစိုးမရအနတ္တ** က ဘာသာရေးကို အခြေခံထားတဲ့ ပညာပေးကားပါ။ ရိုးရိုးဒရာမာ ချစ်ကြိုက်ကွဲညား မဟုတ်ဘဲနဲ့ ဘာသာရေး Essence လေးပါတယ်။ ဘာသာရေးနဲ့ပတ်သက်ပြီးတော့ ပညာပေးထားတာတွေပါတယ်။ ဒီကားလေးလည်း ရိုက်ပြီးသွားပါပြီ။ ကိုငြိမ်းသော်နဲ့ ဦးအောင်(ဒါရိုက်တာ ဗန်းကြီး)ပဲ ရိုက်တာ။ ဒီကားလေးထွက်လာရင်တော့ **ဥပါဒါန်** လိုမျိုးတော့ လုံးဝဘာသာရေး သီးသန့်တော့ မဟုတ်ဘူး။ ဒီထဲမှာ အချစ်ဇာတ်လမ်းလေးတွေလည်း ပါမယ်ပေါ့။

**ဘာသာရေးပညာပေးမှာကျတော့ ကိုယ်က အသက်ငယ်တဲ့ အနုပညာရှင်လည်း ဖြစ်နေတော့ တစ်ခုခု စိုးရိမ်မှုများရှိလား။**

အဓိကကတော့ တင်ဆက်တာကျတော့ လေဒါရိုက်တာပေါ်မှာ အများကြီးမူတည်တယ်လေ။ နန်းဆုတို့အနေနဲ့ကတော့ သရုပ်ဆောင်ဖြစ်တဲ့အတွက် ကိုယ်ပါဝင်ရမယ့် ကာရိုက်တာတစ်ခုကိုပဲ အဓိက အကောင်းဆုံး ဒါရိုက်တာလိုချင်တဲ့ ကာရိုက်တာ၊ ဇာတ်လမ်းဇာတ်ညွှန်းက ပုံဖော်ထားတဲ့ ကာရိုက်တာကိုပဲ အနီးစပ်ဆုံးနဲ့ အကောင်းဆုံးဖြစ်အောင် ကြိုးစားပြီး သရုပ်ဆောင်ကြရတာလေ။ ကျန်တဲ့အပိုင်းကတော့ ကားတစ်ကားလုံး ခြုံငုံပြီး ကြည့်ရင်တော့ ဒါအကုန်လုံးနဲ့ဆိုင်တယ်။ Team တစ်ခုလုံးနဲ့ ဆိုင်သွားပြီလေ။

**ဒီလိုကားမျိုးမှာ ခံစားမှုထည့်ရတာ တခြားဇာတ်လမ်းတွေနဲ့ ဘယ်လိုကွာခြားသွားလဲ။**

ဘာသာရေးကားဆိုပေမဲ့ နန်းဆုကိုယ်တိုင်က ထူးထူးခြားခြားလုပ်ရတာ ဘာမှ မရှိပါဘူး။ ဇာတ်ညွှန်းအတိုင်း သရုပ်ဆောင်ရတာပါပဲ။ ဒီဇာတ်ကားတစ်ကားလုံးကို ကြည့်ပြီးတော့မှ ဒီကားထဲက ဘာသာရေးနဲ့ပတ်သက်ပြီးတော့ Message တစ်ခုရမှာပေါ့။

**ကိုယ်လုပ်ခွင့်ရတဲ့ ကာရိုက်တာက ဆင်တူယိုးမှားဖြစ်တာမျိုးတွေရှိရင်ရော…။**

ကိုယ်လုပ်ခွင့်ရမယ့် ကာရိုက်တာလေးက ကိုယ့်အတွက် လုပ်ကွက်ရှိနေမယ်။ ကိုယ့်ပရိသတ်တွေပြန်ကြည့်ရင် ပရိသတ်တွေ ကြိုက်လောက်မယ်၊ အားရကျေနပ်ဖွယ်ရှိလောက်မယ်ဆိုရင်တော့ ရိုက်ဖြစ်တာပဲ။ တခြားဟာတွေတော့ အရမ်းကြီးမတွေးဘူး။ တစ်ခါတလေကျတော့ နန်းဆုအနေနဲ့ ကိုယ်ရိုက်နေတဲ့ကားက ဆင်တူယိုးမှားဖြစ်ခဲ့ရင်တောင် ကိုယ်ကြည့်ခဲ့တဲ့ ကားတွေထဲမှာ ကိုယ်ကြည့်ဖူးချင်မှ ကြည့်ဖူးလိမ့်မယ်။ ကိုယ်သိချင်မှလည်း သိလိမ့်မယ်။ တစ်ခါတလေကျတော့လည်း ဒါမျိုးအဖြစ်တွေက ဖြစ်ကောင်းဖြစ်တတ်ပါတယ်။

နန်းဆုဦး ပါဝင်သရုပ်ဆောင်ခဲ့တဲ့ **ဥပါဒါန်** ရုပ်ရှင်ကားကြီးက အကယ်ဒမီစာရင်းဝင်ကားလည်း ဖြစ်ခဲ့ပါတယ်။ 'ပရိသတ်တွေအားပေးမှုရတာနဲ့တင်ကိုပဲ နန်းဆုတို့အနေနဲ့ကလေ ကိုယ်ကြိုးစားခဲ့ရတာ အရာထင်တယ်လို့ပဲ ပြောရမှာပေါ့။ အဲဒီအတွက်ကို ကျေးဇူး အများကြီးတင်ပါတယ်။ ကျန်တာကတော့ ကံတရားပါပဲ'လို့လည်း ဆိုပါတယ်။

■

**မန်းသူ**



www.burmeseclassic.com

www.burmeseclassic.com



# ချယ်ရီဦးရဲ့ ထိရောက်မွန်မြတ်တဲ့ အလှူ။

လင်းနိုင်ဦး



လူရွှင်တော်ကြီး
(ဦး)မန်းကျော်



လူရွှင်တော်ကြီး
(ဦး)မန်းဝင်း



လူရွှင်တော်ကြီး
(ဦး)ဝင်းနိုင်(အနုပညာ)



www.burmeseclassic.com

www.burmeseclassic.com



Naing Family Cheery Oo မိသားစုဝင်များက ဖေဖော်ဝါရီလ ၁၁ ရက်နေ့က နာမကျန်းဖြစ်နေကြတဲ့ လူရွှင်တော်များနဲ့ အနုပညာရှင်များကို စာနာဖေးမတဲ့စိတ်နဲ့ ကိုယ်တိုင်သွားရောက်ပြီး လှူဒါန်းမှုအစီအစဉ်ကို ပြုလုပ်ခဲ့ကြပါတယ်။ မီဒီယာတချို့နဲ့ ချယ်ရီဦး ကုမ္ပဏီမှ တာဝန်ရှိသူများ လိုက်ပါပြီး နာမကျန်းဖြစ်နေကြတဲ့ လူရွှင်တော်ကြီးများထဲက ဦးဝင်းနိုင်၊ ဦးမန်းကျော်၊ ဦးမန်းဝင်း၊ ဦးစိန်ရိုး၊ ဦးတိမ်ညွန့်၊ ကိုဇရောနဲ့ ဟာသမယ် ကစ်ကစ်တို့ကို နေအိမ်အရောက် လိုက်လံလှူဒါန်းပေးခဲ့ကြတာ ဖြစ်ပါတယ်။ ပထမဦးစွာ တောင်ဒဂုံ ဆိပ်ကမ်းမြို့နယ်မှာ နေထိုင်တဲ့ လူရွှင်တော်ကြီး ဦးဝင်းနိုင်အိမ်ကို သွားရောက်ခဲ့ကြပါတယ်။ ဦးဝင်းနိုင်နဲ့ တွေ့တဲ့ အချိန်မှာ ချယ်ရီဦးမှ တာဝန်ရှိသူတစ်ဦးဖြစ်တဲ့ ဦးသန်းထူးက "ဒီရက်ပိုင်း မီဒီယာတွေပေါ်မှာ လူရွှင်တော်ကြီးတွေ ကျန်းမာရေးမကောင်းကြဘူး ဆိုတဲ့ သတင်းတွေ တွေ့လိုက်ရတော့ လူကြီးတွေကို တင်ပြတယ်။ အနုပညာရှင်တွေ အသက်အရွယ်ကြီးပြီး ကျန်းမာရေးမကောင်းတဲ့အခါ တော်တော်များများက နွမ်းပါးကြလို့ သူတို့ အကူအညီတွေ လိုအပ်နေပါလိမ့်မယ်လို့ ပြောပြတဲ့အခါ လူကြီးတွေကလည်း ဒီလူကြီးတွေက တစ်သက်လုံး အနုပညာအလုပ်တွေပဲ လုပ်ခဲ့ကြတယ်။ ပရိသတ်တွေကို သူတို့တတ်တဲ့ အနုပညာနဲ့ ခဏတာပျော်ရွှင်မှုရစေဖို့ ဟာဒယရွှင်ဆေး တိုက်ကျွေးခဲ့ကြသူတွေ ဖြစ်ပါတယ်။ ဒါကြောင့် သူတို့ကို ငွေကြေး၊ အာဟာရဓာတ်စာ လှူဒါန်းပေးပါဆိုတော့ ကျွန်တော်တို့လည်း ဝမ်းမြောက်ဝမ်းသာနဲ့ လာရောက်လှူဒါန်းပေးကြတာပါ"လို့ ပြောကြားခဲ့ပါတယ်။

လေဖြတ်ရောဂါခံစားနေရတဲ့ ဦးဝင်းနိုင်က "လောလောဆယ်မှာ အနုပညာအလုပ် သိပ်လုပ်ချင်ပေမဲ့ ဒီလိုလေဖြတ်ထားတော့ လုပ်ခွင့်မရနိုင်ဘူး။ ဒီလိုမလုပ်နိုင်တော့ ပတ်ဝန်းကျင်က ကူညီတဲ့အားတွေကိုပဲ မျှော်နေရတာပါ။ ကိုယ့်အသိုင်းအဝိုင်းမှာရှိနေကြတဲ့ သိန်းရာချီရနေကြတဲ့ အနုပညာရှင်တွေက ကျွန်တော်တို့ကို လှည့်မကြည့်ကြဘူး။ အဲဒီအခါကျတော့ ကျွန်တော်တို့လို တစ်ပဲခြောက် ပြားလောက်ပဲ ရတဲ့သူတွေက ကြားပေါက်လာလှူတဲ့သူတွေကိုပဲ မျှော်ရတာပေါ့။ အရင်တုန်းကတော့ ကျွန်တော်က ရေကျော်ဘက်မှာနေတာပါ။ အမျိုးသမီးကလည်း ဆုံးသွားပြီဆိုတော့ ကိုယ်က သူ့ကို လွမ်းတဲ့စိတ်ပြေအောင်ဆိုပြီးတော့ အလွမ်းပြေ ဒီဘက်မှာ လာနေတာပါ။ အခုတော့ ကျွန်တော်က သမီးနဲ့သမက်က စစ်တောင်းအိမ်ရာဘက်မှာနေတာဆိုတော့ ဒီအခန်းလေးကို သားအဖနှစ်ယောက် စပ်ပြီး ဝယ်လိုက်တယ်။ လောလောဆယ်တော့ သူတို့ မရှိလို့ တပည့်လေး လင်မယား ခေါ်ထားတယ်။ မော်လမြိုင်ဘက်က လူရွှင်တော် လင်မယားလေးပါ။ နည်းနည်းဝေးဝေးကမှ ဖြစ်မှာ။ ဒီနားကဆိုရင် ခဏခဏ ပြန်နေမှာ။ အသက်အရွယ်ကကြီး၊ ကျန်းမာရေးကလည်း မကောင်းတော့ ဆေးပေးမီးယူလည်း မလုပ်ချင်တော့ပါဘူး။ ဆေးပေးပဲ လိုချင်ပါတယ်။ မီးတော့ မယူချင်တော့ပါဘူး။ မီးက ယူလိုက် ပြီးရင် လာလာရှိနေမယ်လေ။ အခု ချယ်ရီဦးက ၅ သိန်းတောင်လှူပေးတယ်ဆိုတော့ တော်တော်ဝမ်းသာရပါတယ်။ ဒါက ကျွန်တော့်အတွက် တစ်လစာပါပဲ"လို့ ပြောပြပြီး ချယ်ရီဦးအတွက် ဆုတောင်းစကားများလည်း ပြောကြားခဲ့ပါတယ်။

ချယ်ရီဦးမိသားစုက ကျန်းမာရေးချို့တဲ့နေတဲ့ လူရွှင်တော် အနုပညာရှင်ကြီးများကို ၃ သိန်းစီ လှူဒါန်းပေးမယ်လို့ ကြိုတင်ကြားသိရပေမဲ့ တကယ်တမ်း လှူဒါန်းပေးတဲ့အခါကျတော့ ၅ သိန်းစီနဲ့ အာဟာရဓာတ်စာများပါ လှူဒါန်းပေးခဲ့တာ ဖြစ်ပါတယ်။

ဆက်လက်ပြီး သာကေတမှာ နေထိုင်တဲ့ လူရွှင်တော်ကြီး ဦးမန်းဝင်းအိမ်ကို သွားရောက်ခဲ့ကြပါတယ်။ ဦးမန်းဝင်းရဲ့



www.burmeseclassic.com

www.burmeseclassic.com





ကျန်းမာရေးအခြေအနေကို မေးကြည့်ရာမှာတော့ "လွန်ခဲ့တဲ့ နှစ် ၂၀ လောက်က ဆီးချိုဖြစ်ဖူးတယ်။ ဆီးချိုဖြစ်နေရင်းနဲ့ ဂျပန်ကို နိုင်ငံတော်က လွှတ်လို့ သွားလိုက်သေးတယ်။ ပြန်လာတဲ့အခါကျတော့ ဆီးချိုရှိနေတဲ့အတွက် ဒါကိုပဲ ထပ်မတက်အောင် ဖိပြီးကုနေတယ်။ ၄၄၄ အထိတက်တဲ့အတွက် မျက်စိက သွေးကြော ပေါက်သွားတယ်။ အဲဒီလောက်အထိကို ဖြစ်ခဲ့တဲ့အတွက် ကုနေရင်း ကျောက်ကပ်ကိုထိတာ မသိဘူး ဖြစ်နေတယ်။ နောက်တော့မှ ဆီးသွားတဲ့အခါ နံတယ်၊ ဆီးသွားနည်းသွားတယ်။ နောက်ပိုင်း သိပ်မသွားတော့ဘူး။ အဲဒီတော့ ဘာဖြစ်လဲဆိုတော့ အစာကစားပြီး ပြန်မထွက်တဲ့အခါ သေဖို့ပဲ ရှိတော့တာပေါ့။ လူဆိုတာ အဝင်ရှိရင် အထွက်ရှိရတယ်။ အဲဒီလို မထွက်တော့ ကျောက်ကပ်တွေက ကျုံ့သွားပြီး ဘာမှ လုပ်လို့မရတော့ဘူး။ သွားလဲမှ ရတော့မယ်။ အသက်ကလည်း အခုဆိုရင် ၇၆ ဖြစ်နေပြီ။ သွားလဲရင်လည်း ဒီဒဏ်ကို ခံနိုင်မှာ မဟုတ်



www.burmeseclassic.com

www.burmeseclassic.com

ဘူး။ အဲဒီမှာပဲ သေသွားနိုင်တဲ့သဘောပါ။ ကျန်းမာရေးကလည်း ချို့တဲ့နေတာကိုး။ အဲဒါကြောင့် အခုနှစ်ရက် တစ်ခါ ကျောက်ကပ်ဆေးရတယ်။ ကျောက်ကပ်ဆေးရတဲ့စရိတ်က တစ်လကို ၁၀ သိန်းဆိုတော့ တစ်နှစ်သိန်း ၁၀၀ ကျော်ကုန်တယ်။ ကျောက်ကပ်က မဆေးလို့မရတော့ဘူး။ သေတဲ့အထိဆက်ဆေးသွားမှ ရမယ်။ မဆေးတော့တာနဲ့ အသက်အန္တရာယ် ရှိတယ်။ ရေကိုကြေးဖလားသေးသေးလေးနဲ့ တစ်နေ့ ၄ ခွက်ပဲ သောက်ခွင့်ရှိတယ်။ အဲဒီ ၄ ခွက်ထက်ပိုသောက်ရင် ခြင်ထောင်ထဲမှာ အိပ်လို့မရတော့ဘူး။ ထိုင်နေရတယ်။ အသက်ရှူလမ်းကြောင်းတွေ ပိတ်သလိုဖြစ်သွားတယ်။ မျက်လုံးကတော့ အစတုန်းက ရေးရေးလေးမြင်ရပေမဲ့ အခုတော့ မမြင်ရတော့ဘူး။ အားနည်းလို့သွေးနီဥပြန်တက်ဖို့ ဗိုက်ကို ဆေးထိုးရတာ တစ်လုံး သုံးသောင်းခွဲပေးရတယ်' လို့လည်း ပြောပြခဲ့ပါတယ်။

နောက်ထပ် သွားရောက်လှူဒါန်းပေးတဲ့သူကတော့ လူရွှင်တော်ကြီး ဦးမန်းကျော် ဖြစ်ပါတယ်။ ဦးမန်းကျော် ဆိုရင်လည်း လေဖြတ်ထားပြီး တာမွေ၊ မေတ္တာညွန့်ဘက်မှာ အိမ်ငှားနေရသူ ဖြစ်ပါတယ်။ နောက်တစ်ဦးကတော့ လူရွှင်တော်ကြီး ဦးစိန်ရှိုး ဖြစ်ပါတယ်။ ဦးစိန်ရှိုးက အသက် ၈၄ နှစ်ရှိပြီး ပြီးခဲ့တဲ့လကမှ ဇနီးသည် ဆုံးပါးသွားတဲ့အတွက် သမီး၊ သမက်တို့နဲ့







www.burmeseclassic.com

www.burmeseclassic.com





အတူနေထိုင်နေပါတယ်။ ဦးစိန်ရှိုးက နားတော်တော်မကောင်းတဲ့အတွက် အကျယ်ကြီးပြောမှ ကြားရသူ ဖြစ်ပါတယ်။ ကျန်းမာရေးချို့တဲ့နေသလို လေလည်းဖြတ်ဖူးထားသူဖြစ်လို့ တွင်တွင်ကြီး မေတ္တာပို့ ဆုတောင်းပေးတဲ့စကားတွေလည်း ကြားနေရပါတယ်။

ဦးစိန်ရှိုးပြီးတော့ နောက်ထပ် သွားရောက်ခဲ့ကြတာက ဟာသမယ် ကစ်ကစ်ဆီကို ဖြစ်ပါတယ်။ ကစ်ကစ်ကတော့ အားလုံးသိကြတဲ့အတိုင်း ကျောက်ကပ်ရောဂါကို ပြင်းပြင်းထန်ထန် ခဲ့ရလို့ သေလုမြောပါး ဖြစ်ခဲ့ပါတယ်။ မျက်လုံးနှစ်ဖက်လည်း ရေးရေးလေးပဲ မြင်ရပေမဲ့ အခုခါမှာတော့ ဆေးဝါးကုသမှုတွေကြောင့် မျက်လုံးတစ်ဖက် မမြင်ရတော့ပေမဲ့ တစ်ဖက်ကတော့ ပြန်မြင်လာပါပြီလို့ ပြောပြခဲ့ပါတယ်။

နောက်ဆုံးပိတ် သွားရောက်လှူဒါန်းပေးတဲ့သူကတော့ ကြည့်မြင်တိုင်မှာ နေထိုင်တဲ့ ကိုဇရော ဖြစ်ပါတယ်။ ကိုဇရောကတော့ ခါးခွဲစိတ်ထားရတာအပြင် ကျန်းမာရေးလည်း ချို့ယွင်းနေတဲ့အတွက် အကူအညီမျှော်နေတာ ဖြစ်ပါတယ်။ ချယ်ရီဦး မိသားစုက ကိုဇရောကို အများနည်းတူ ငွေကျပ် ၅ သိန်းနဲ့ အာဟာရဓာတ်စာများ လှူဒါန်းပေးတဲ့အပြင် အခုလောလောဆယ် ထွက်ရှိထားတဲ့ လူရွှင်တော်ဇရော ရေးသား



www.burmeseclassic.com

www.burmeseclassic.com

ထားတဲ့ **ဟင်းချက်မစားတဲ့ ရုပ်ကွက်** စာအုပ် ၁၀ အုပ်ကိုလည်း ဝယ်ယူပြီး အမှတ်တရလက်မှတ်ရေးထိုးစေကာ မှတ်တမ်းပုံများ ရိုက်ခဲ့ကြပါတယ်။ လူရွှင်တော် ဦးတိမ်ညွှန့်ကတော့ ခရီးလွန်နေတဲ့အတွက် ပြန်ရောက်လာမှ သွားရောက်လှူဒါန်းပေးမယ်လို့ သိရပါတယ်။

ချယ်ရီဦးမိသားစုနဲ့ တစ်အိမ်ပြီးတစ်အိမ် သွားရောက်လှူဒါန်းပေးတဲ့ အစီအစဉ်မှာ အလှူကြောင့် ဝမ်းသာပီတိဖြစ်ရသလို လူရွှင်တော်ကြီးများက ကျန်းမာရေးမကောင်းနေပေမဲ့ ရောက်ရှိလာသူများကိုတော့ ဟာသနဲ့ ခဏတာ ပျော်ရွှင်ခွင့်ရအောင် ပြောခဲ့ကြတာတွေချည်းပါပဲ။ ဟာသအနုပညာကို မြတ်နိုးလွန်းသူတွေဖြစ်ကြတဲ့အတွက် သူတို့ပြောပြတဲ့စကားတွေဟာ အနှစ်သာရရှိလှသလို မှတ်သားစရာတွေလည်း အလွန်ကောင်းလှပါတယ်။ အသက်အရွယ်ကြီးရင့်ကြပြီဖြစ်ပေမဲ့ ဟာသစကားလုံးတွေကို ရှည်ရှည်ဝေးဝေး မှတ်မှတ်ရရ ပြောပြနိုင်ကြတာတွေကတော့ သူတို့အနုပညာတွေ အခုထက်ထိ ရှင်သန်နေသေးတယ်ဆိုတာကို ပြသွားသလိုပါပဲ။

အခုလို လိုက်လံလှူဒါန်းပေးတဲ့ ချယ်ရီဦးမိသားစု ဒီထက်မက တိုးတက်ကြီးပွားပြီး ဒီထက် လှူနိုင်တန်းနိုင်ပါစေလို့ ဆုတောင်းပေးလိုက်ပါတယ်။ ■ **လင်းနိုင်ဦး**







www.burmeseclassic.com

www.burmeseclassic.com



# မျိုးဆက်သွေး လည်ပတ်မှုနောက် လိုက်ပါစီးမျောတဲ့ ဒရမ်မာ ပုံပုံ

မနိုးချယ်



www.burmeseclassic.com

www.burmeseclassic.com

မြန်မာနိုင်ငံမှာ အငယ်ဆုံး ဒရမ်မာလေး ဖုံဖုံက ဘမျိုးဘိုးတူလို့လည်း ပြောလို့ရသလို အဖေ့အနုပညာခြေရာ၊ အဘိုးအနုပညာခြေရာ၊ ကိုယ့်မျိုးရိုးဗီဇကို လက်ဆင့်ကမ်းယူသူလို့လည်း ဆိုနိုင်တဲ့ ကလေးပါ။ အသက် ၁၂ နှစ် သာရှိသေးပေမဲ့ ရေခဲ၊ မြေခဲ ကောင်းလှစွာ ပွဲဝင်နေပြီဖြစ်တဲ့ ဒရမ်မာလေးတစ်ဦးပါ။ မင်းဟိန်းခန့်၊ အနုပညာနာမည် ဖုံဖုံက The Voice Myanmar Season 2 မှာ ပါဝင် လက်စွမ်းပြတီးခတ်မှာပါ။ အသက်ငယ်ပေမဲ့ အနုပညာလောကထဲ ခြေချ လက်စွမ်းပြနေပြီဖြစ်တဲ့ ဖုံဖုံက ဒီလအတွက် ရွှေအမြုတေ ဖူးငုံပွင့်သစ်လေးပါ။

**ဖုံဖုံ ဒရမ်ကို စ,တီးဖြစ်တဲ့အရွယ်ကို မှတ်မိလား။**

ဒရမ်ကို စ,တီးဖြစ်တာဆိုရင်တော့ ပါပါးတို့ ပြောတာကတော့ ၂ နှစ်၊ ၃နှစ်သားလောက်ကတည်းကလို့တော့ ပြောတယ်။ သားသိတတ်တဲ့အချိန်မှာတော့ သား ဒရမ်တီးတတ်နေပြီ။

**ဒီဂီတကို အဘိုးတွေ၊ အဖေတွေဆီက အမြဲတမ်းမြင်တွေ့နေကျဆိုပေမဲ့ လေ့တကယ် သင်ပေးတဲ့ဆရာကရော…။**

စပြီးသင်ပေးတာကတော့ သားအဖေပေါ့။ နောက်ဆုံးကတော့ ဆရာကောင်းသန့်ဟိန်းဆီမှာ သေချာ စနစ်တကျ သင်ယူခဲ့တာပါ။

**အဖေတို့ဝိုင်းမှာ တီးဖြစ်တာ ကြာပြီလား။**

သားက အဖေတို့ဝိုင်းမှာ တီးဖြစ်တာက သုံး၊ လေးနှစ်လောက်ရှိပြီ။ အသက် ၈ နှစ်သားလောက်ကတည်း တီးဖြစ်တာ။

**ပထမဆုံး စင်ပေါ်မှာ တီးခဲ့ရဖူးတဲ့ပွဲကိုရော မှတ်မိသေးလား။ ပထမဆုံး အတွေ့အကြုံပေါ့။**


ပထမဆုံး စင်ပေါ်တက်ခဲ့တာက လေးနှစ်သား။ သားတို့ကျောင်းက ကျောင်းဆင်းပွဲ။ အဲဒါကို ခုထိ မှတ်မိနေတယ်။ မေမေက သီချင်းဆိုတယ်။ သားက ဒရမ်တီးတယ်။ အဲဒီတုန်းကတော့ စိတ်လှုပ်ရှားခဲ့တယ်။ ဒါပေမဲ့ အမှားအယွင်းတော့ မရှိခဲ့ဘူး။

**ဒီအနုပညာကို ရွေးချယ်ဖြစ်တာက…။**

ရွေးချယ်ဖြစ်ခဲ့တာက သားထင်တာကတော့ မျိုးဆက်ကြောင့်လို့ ထင်တာပဲ။ အဘိုးက အကယ်ဒမီ ဦးခင်မောင်ကြီး(နောက်ခံတေးဂီတ) ဒရမ်မာတစ်ဦးဖြစ်တယ်။ အဘိုးရဲ့အဖေကလည်း ဒရမ်မာ ဦးမြင့်ဆွေ၊ သားဦးလေးကလည်း ဒရမ်မာ ဦးမင်းသူ။ သားအဖေကလည်း လိဒ်ဂစ်တာ ကိုအောင်သူ။ အဲဒါကြောင့်လို့တော့ ထင်တာပဲ။ မျိုးဆက်အရ စီးဆင်းလည်ပတ်သွားတာပေါ့။ ပြီးတော့ ထုံးစံအရတော့ ဒရမ်မာက နောက်မှာ။ ဂစ်တာသမားတွေက ရှေ့ကပေါ့။ သားအလှည့်ကျတော့ သားတီးခဲ့ရဖူးတဲ့ ပွဲတစ်ပွဲမှာ၊ အိုဗာတင်းက လုပ်တဲ့ပွဲမှာ သားကို သီးသန့် ငှားတယ်။ သားကို ရှေ့မှာ တီးခိုင်းတယ်။ ကျန်တဲ့သူတွေက နောက်ကပေါ့။









www.burmeseclassic.com

www.burmeseclassic.com





ကိုယ့်အလှည့်ကျမှ အဲဒီလို တီးရတော့ ပျော်တာပေါ့နော်။ ဒရမ်တီးရတာကို နှစ်သက်တယ်လို့ စခံစားမိတာ ဘယ်အချိန်လဲ။ ဒရမ်တီးနေရတဲ့အချိန် ဖီလင်က…။ ဒရမ်ကို စ,တီးကတည်းကပဲ ဆိုပါတော့။ သားကိုယ်တိုင်ကလည်း ဒရမ်တီးရတာ ကြိုက်နှစ်သက်တယ်။ ဒရမ်တီးနေရတဲ့အချိန် ပျော်နေတာပေါ့။ သားစိတ်ထဲကနေ ကို ကြိုက်နေတာပေါ့။ အကြိုက်ဆုံး Music ကတော့ Punk တို့၊ Fusion တို့ပေါ့။ ပြီးတော့ ကိုရီးယား Boy Band နောက်က တီးပေးတဲ့ ကပွလီတွေ။ Band နာမည်က "ပန်ဆစ်"။ သူတို့က တော်တော် မိုက်တယ်။ သူတို့တီးတာ မျိုးကို အရင်က တီးကြည့်ဖူးပေမဲ့ သူတို့တီးတာကို ကြည့်ပြီး ပိုပွင့်သွားတာပေါ့၊ အခု



www.burmeseclassic.com

www.burmeseclassic.com



လက်အတွေ့ဆုံးကတော့ ဒီဂျန့်နဲ့ ဖြူးရှင်းပဲ။

**ဒီဂီတနဲ့ပတ်သက်လို့ ဗိုဗို ဘယ်အထိ ရည်မှန်းထားလဲ။ ဘယ်အထိ ဆက်လျှောက်မှာလဲ။**

ဒရမ်နဲ့ ပတ်သက်ပြီး အခုလက်ရှိတော့ တီးနေရင်းနဲ့ ဆက်လေ့လာမယ်။ ပြီးရင် နိုင်ငံခြားက ကျောင်းတစ်ခုခုမှာ ဒရမ်နဲ့ပတ်သက်ပြီး Hight School တက်ဖို့ စဉ်းစားထားတယ်။

**အခုရော ပညာရေးနဲ့ ဂီတ ဘယ်လိုသွားနေလဲ။ အဖေကရော ဘယ်လိုလမ်းညွှန်လဲ။**

ကျောင်းစာ လုပ်ပြီးတာနဲ့အနည်းဆုံး မိနစ် ၃၀ တော့ အမြဲလေ့ကျင့်ဖြစ်တယ်။ ပါပါးက ချုပ်နှောင်ထားတာ မရှိဘူး။ လွတ်လပ်တယ်။ ဂီတသမားထားရမယ့် စိတ်ထားတွေတော့ သင်ပေးတယ်။ ဆက်လေ့လာမယ်။ စာတွေဖတ်မယ်။ နိုင်ငံတကာကို အမြဲလေ့လာမယ်။ ပညာရေးကိုလည်း ထူးချွန်အောင် ကြိုးစားပြီး ဒရမ်မာကောင်းတစ်ယောက် ဖြစ်ချင်တယ်။

ဗိုဗိုက 'သားက Lucky Hand Band မှာ တီးနေတော့ သူတို့က Lucky Hand Band ကို ကမ်းလှမ်းတာနဲ့ တီးဖြစ်တာပါတယ်။ Season 1 မှာ တုန်းက တီးတဲ့ မကေဇင်ကို ပွဲကြီးမှာသွားအားပေးဖြစ်တယ်။ ကြည့်ဖြစ်ခဲ့ပါတယ်။ အခု Season 2 မှာ ကိုယ်တီးရမယ်ဆို တော့ ပျော်တယ်။ အကောင်းဆုံးဖြစ်အောင် တီးမယ်။ Version တွေ ပြောင်းထားတဲ့အတွက် အော်ရီဂျင်နယ်ကို စွဲနေရင် မရဘူး။ သူ့ Note ကို သေချာလုပ်ရမယ်။ သား အားသာတဲ့ တီးကွက်တွေ ထည့်တီးမှာပါ'လို့လည်း ပြောပြပါတယ်။

■ မန်းသူ



www.burmeseclassic.com

www.burmeseclassic.com



# အရည်အချင်းမရှိရင် သဏ္ဍာပ်ပဲဆိုတဲ့ သီရိစိုး

မနိုးသူ



ငယ်ငယ်က အစ်ကိုဖြစ်သူ ဖြိုးငွေစိုးနဲ့အတူ ရိုက်ကွင်းတွေ လိုက်ကြည့်ရင်း စိတ်ထဲမှာ အနုပညာပိုးဝင်နေခဲ့တဲ့ သီရိစိုးက ခုချိန်မှာတော့ ဒီလောကထဲ ခြေလှမ်း စ,လာပါပြီ။ ကြော်ငြာလေးတွေရိုက်ရင်း ဇာတ်ကားဘက်ပါလှည့်လာတဲ့ သီရိစိုးက Channel 9 နဲ့ Media 7 တို့ ပူးပေါင်း ရိုက်ကူးပြီး Channel 9 က ထုတ်လွှင့်မယ့် ရင်ခွင်ရှင်းတမ်း စီးရီးတွဲမှာ ပါဝင်သရုပ်ဆောင်မှာပါ။ သရုပ်ဆောင် ရတာကိုပျော်ရွှင်နေတဲ့ သီရိစိုးက…။

ကိုယ့်ရဲ့ ပထမဆုံးစီးရီးတွဲဇာတ်လမ်း အဖြစ် 'ရင်ခွင်ရှင်းတမ်း'ကို လက်ခံဖြစ်လိုက်တဲ့အကြောင်း။

ဒီဇာတ်လမ်းလေးကို ညီမ နာမည်လေးကြားကတည်းက ထူးခြားတယ်ပေါ့။ စကားလုံး နည်းနည်းပဲ။ ဒါပေမဲ့ ထူးထူးခြားခြားနဲ့ စိတ်ဝင်စားစရာလို့ ခံစားရပါတယ်။ ဒါပေမဲ့လေ ညီမကတော့ တစ်ချိန်လုံး ရယ်မိနေမယ် ထင်တယ်။ ညီမနဲ့ တွဲဖက်သရုပ်ဆောင်ရမှာက ငြိမ်းသော်ပေါ့။ အရှေ့မှာလည်း Samsung ရိုက်တုန်းက မောင်နှမအနေနဲ့ သရုပ်ဆောင်ရတာ။ တွေ့တာနဲ့ ခွိကြတာ။ တို့နှစ်ယောက် ဘယ်လို သရုပ်ဆောင်မလဲဆိုပြီး ရယ်နေကြတာ။ ဒီဇာတ်လေးကလည်း လုပ်သင့် လုပ်ထိုက်တယ်ထင်လို့ လုပ်ဖြစ်တာပါ။ လုပ်မိမှတော့ သေချာအကောင်းဆုံး ကြိုးစားသွားမယ်။ ညီမတစ်ယောက်ကြောင့် ဒီဇာတ်အိမ်ကြီး လျော့သွားမှာ မလိုလားဘူး။ ညီမပါရတဲ့နေရာကနေ အကောင်းဆုံးပံ့ပိုးပြီး သရုပ်ဆောင်မှာပါ။



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



**အစ်ကိုဖြစ်တဲ့ ဖြိုးငွေစိုးက ခွင့်ပြု၊ မပြု။**

စ,လုပ်မယ်ဆိုတုန်းကတော့ သဝန်တိုတာရော၊ စိတ်မချတာရော၊ ညီမက အစ်ကိုနဲ့ အသက်ကွာတော့ ကလေးလို ဖြစ်နေတာ။ ရှုပ်ရှုပ် ထွေးထွေးထဲမှာ ညီမကို မပါစေချင်ဘူး။ ညီမကို စိတ်မချဘူး။ အဲဒီလောက်ပါပဲ။ ခုတော့ လုပ်ချင်တာရှိရင်လုပ်၊ လိုအပ်တာရှိရင် သူ့ကိုပြော၊ ဘာလုပ်ပေးရမလဲ။ နောက်ဆုံး ငါ့ကားယူသွား။ အထဲမှာ အင်္ကျီလဲလို့ ရတယ်။ ကြီးတယ်။ ထိုင်ခုံယူသွား စသဖြင့်ပေါ့။ အစ်ကိုတစ်ယောက်အနေနဲ့ ကူညီပေးပါတယ်။

**အစ်ကိုဆီကရတဲ့ အကူအညီ။**

သူကတော့ ညီမကို စကားပြောတာ ဆင်ခြင်ဖို့၊ အနေအထိုင်ဆင်ခြင်ဖို့ပဲ သင်ပေးပါတယ်။ သရုပ်ဆောင်နဲ့ ပတ်သက်လို့တော့ ဘာမှ ဝင်စွက်ဖက်ခြင်း မရှိပါဘူး။ အဓိကတော့ အနုပညာ လောကရဲ့ အပြောင်းအလဲကို ခံနိုင်ရည်ရှိဖို့၊ ဝေဖန်ပိုင်းခြားမှုကို ခံနိုင်ရည်ရှိဖို့ ကြိုးစား၊ အဲဒါကို မလုပ်နိုင်ရင် ဒီလောကထဲ မဝင်နဲ့ပေါ့။ အစပိုင်း ငယ်ငယ်တုန်းကတော့ မလုပ်စေချင်ဘူး။ ကြီးလာတော့ အသက်လည်းရလာပြီ။ ကိုယ့်ဟာကိုယ် ဝေဖန်ပိုင်းခြား တတ်လာတဲ့အတွက်ကြောင့် ခွင့်ပြုပေးတာပါ။

**သရုပ်ဆောင် ဖြိုးငွေစိုးရဲ့ ညီမတစ်ယောက်ဆိုတဲ့ အပေါ်ရလဒ်။**

ခုချိန်မှာ ညီမက အသစ် တစ်ယောက်အနေနဲ့၊ ဖြိုးငွေစိုး ညီမတစ်ယောက်အနေနဲ့ အထောက်အကူရတယ်။ ဒါ အမှန်ပါပဲ။ ဘယ်လောက်ထိ အထောက်အကူရလဲ ဆိုရင်



www.burmeseclassic.com

www.burmeseclassic.com



ညီမငယ်ငယ်တုန်းက သူ့ရှုတင်တွေ လိုက်သွားတယ်။ စက်အဖွဲ့တွေ၊ ရှုတင်မန်နေဂျာတွေနဲ့ အကုန်ရင်းနှီးနေတယ်။ ကိုယ့်ကို သမီးလေးလို၊ ညီမလေးလို မျက်စိရှေ့မှာ အမြဲမြင်နေရတော့ လုံခြုံမှု ရှိတယ်။ ကူညီမှုတွေလည်း ရှိတယ်။ ဒါပေမဲ့ ဖြိုးငွေစိုးညီမအနေနဲ့ သိလို့ ရုပ်ရှင်တစ်ကားခေါ်ရိုက်မယ်။ ညီမ အသုံးမကျရင် နောက်တစ်ကားထပ်ခေါ်တော့မှာ မဟုတ်ဘူး။ ဒါက ကျတော့ ညီမကြိုးစားမှ ရမယ်။ ညီမအစွမ်းအစမရှိရင်တော့ ဆက်လုပ်လို့ရမှာ မဟုတ်ဘူး။ ဘယ်သူ့ညီမ၊ ဘယ်သူ့သားသမီး၊ ဘယ်သူ့အရှိန်အဝါဆိုတာက ကိုယ့်မှာ အရည်အချင်းမရှိရင်တော့ ခဏပဲ ထင်ပါတယ်။ ဒါကတော့ လက်ခံရမယ့် အမှန်တရားတစ်ခုပေါ့။

**ကိုယ့်ခေတ်ကျမှ ကြုံရတဲ့အတွေ့အကြုံသစ်။**

ကိုကြီးတို့ ခေတ်မှာက မရှိခဲ့ပေမဲ့ ညီမတို့ခေတ်မှာ ကြုံရတာက ရွေးချယ်မှုတွေ၊ လူတွေ့စစ်ဆေးမှုတွေ ရှိလာတယ်။ ကောင်းပါတယ်။ ကိုယ်နဲ့ လိုက်ဖက်လား၊ မလိုက်ဖက်လား အရင်လူတွေ့စစ်ဆေးစမ်းသပ်ပြီးမှ လုပ်တာဆိုတော့ ညီမတော့ ကြိုက်ပါတယ်။ ကောင်းပါတယ်။ ကောင်းသောပြောင်းလဲခြင်းတွေပါပဲ။

**မောင်နှမနှစ်ယောက် ပေါင်း တွေ့ရဖို့ အစီအစဉ် ရှိ၊ မရှိ။**

အစတုန်းက တစ်ခုလုပ်ထားတယ်။ အခု ဒီကားဝင်လာတော့ ရက်တိုက်သွားတာနဲ့ပဲ မရိုက်ဖြစ်တော့ဘူး။ ကိုကြီးကလည်း Cannel Plus မှာ စီးရီးတွဲရိုက်နေတယ်။ ညီမက အစက အဲဒီစီးရီးတွဲမှာ ပါမလို့။ နောက်ပိုင်းတော့ တွေ့တော့ တွေ့ဖြစ်မှာပါ။ သီရိစိုးက "ညီမက သရုပ်ဆောင်အသစ်လည်း ဖြစ်တယ်။ ဒီဇာတ်လမ်းတွဲက ညီမအတွက် ပထမဆုံးစီးရီးတွဲ အတွေ့အကြုံဖြစ်တဲ့အတွက် လိုအပ်မှုတွေက ရှိမှာပဲလေ။ ညီမကို ဒီကားလေး ကြည့်ပြီး ဝေဖန်ပေးကြပါ။ ဝေဖန်မှုရှိမှ တိုးတက်မှာပါ။ ဒီလိုအပ်မှုတွေကနေ အကောင်းဆုံး ကြိုးစားသွားမယ်လို့ ပြောချင်ပါတယ်။ ခုချိန်မှာ ခေါ်တာတောင် ကျေးဇူးတင်ရမယ့် အနေအထားပါ။ အသစ်တွေ အရမ်းများတယ်ဆိုတဲ့ အတွက်ကြောင့်ပါ။ ဒါပေမဲ့ ညီမ လက်ခံလိုက်တယ် ဆိုတာကလည်း ညီမနဲ့လိုက်တဲ့ ကာရိုက်တာ၊ အဆင်ပြေမယ့်ဟာ၊ လုပ်နိုင်တဲ့ဟာတစ်ခုမို့ ညီမ လက်ခံလိုက်တာပါ။ ပါတော့ပါတယ်။ သူ့ဘယ်သူမှန်း မသိဘူးဆိုတဲ့ နေရာမျိုးတော့လည်း ညီမတော့ မဖြစ်ချင်ပါဘူး။ အခု လာကမ်းလှမ်းတဲ့ သူတွေကလည်း ညီမနဲ့ လိုက်မယ်ထင်ပြီး ခေါ်ကြတာဆိုတော့ ညီမအနေနဲ့ အကောင်းဆုံး လုပ်ဆောင်မှာပါ"လို့ ဆိုပါတယ်။

■

**မန်းသူ**



www.burmeseclassic.com

www.burmeseclassic.com



**The Princess Diaries** ရုပ်ရှင်ဇာတ်ကားနဲ့ ကမ္ဘာကျော်သရုပ်ဆောင်တစ်ယောက်ဖြစ်လာစဉ်က အင်နီဟာ အသက် ၁၈ နှစ်သာ ရှိပါသေးတယ်။ အဲဒီအရွယ်ကတည်းက ရုပ်ရှင်ကြည့် ပရိသတ်များက သူ့ကို လူကြီးတစ်ယောက်လို စောင့်ကြည့်ခဲ့ကြရတာ အခုဆိုရင်တော့ အသက် ၃၆ နှစ်အရွယ် ရောက်ခဲ့ပါပြီ။ "ကျွန်မ လွန်ခဲ့တဲ့ ၁၀ နှစ်လောက်ကို ပြန်လှည့်ကြည့်တဲ့အခါမှာ ကျွန်မအနေနဲ့ နေရာတစ်ခုကို ရဖို့အတွက် ဘယ်လောက် ကြိုးစားခဲ့ရတယ်ဆိုတာကို သတိရမိပြီး ဂုဏ်လည်းယူမိပါတယ်" လို့ ဆိုပါတယ်။ အခုဆိုရင် အင်နီက ဟောလိဝုဒ်မှာ

# အများကြီး ပြောင်းလဲသွားပြီ ဆိုတဲ့ အင်နီဟာသာဝေး

ဇာနည်ညီမိုး

စိတ်ဝင်စားမှုအများဆုံးခံရတဲ့ ငွေကြယ်ပွင့်များထဲက တစ်ယောက်ဖြစ်နေခဲ့ပါပြီ။ ရုပ်ရှင်ဇာတ်ကားပေါ်မှာ စိတ်ဝင်စားကြသလို သူ့အပြင်လောက အကြောင်းအရာများကိုလည်း စိတ်ဝင်စားကြပါတယ်။ **Ocean's Eight** ရုပ်ရှင်ဇာတ်ကားမှာ သူနဲ့အတူ တွဲဖက်သရုပ်ဆောင်ခဲ့တဲ့ အယ်လင်ဒီဂျန်နရာစ်ကို ပြောပြရာမှာ သူ့အနေနဲ့ နောက်ထပ် ၁၈ နှစ် အရက်မသောက်ဘဲနေမယ်လို့ ဆိုပါတယ်။ ဘာကြောင့်လဲဆိုတော့ သူ့မှာ ၂ နှစ်အရွယ်သားကလေး ဂျိုနသန်က သူနဲ့အတူနေခြင်းကြောင့်ပါပဲ။ အင်နီက ရုပ်ရှင်ဝေဖန်ရေးသမားများနဲ့လည်း မကြာခဏ ထိပ်တိုက်ဆုံတတ်ပါတယ်။ သူမ ပါဝင်သရုပ်ဆောင်ခဲ့တဲ့ **Serenity** ရုပ်ရှင်ဇာတ်ကားနဲ့ ပတ်သက်ပြီး အင်တာဗျူးမှာ "ကျွန်မတို့က တကယ့်ဖြစ်ရပ်တစ်ခုကို ဖြစ်ပျက်နေသလို သရုပ်ဆောင်ခဲ့ကြတာပါ။ တချို့ ဝေဖန်ရေးဆရာများကတော့ ဒီရုပ်ရှင်ကားကို ကျွန်မတို့ ပါဝင်သရုပ်ဆောင်သူတွေလို စိတ်ဝင်စားကြပါတယ်။ ဒါပေမဲ့ တချို့ကတော့ ဒီကားရဲ့ အနှစ်သာရကို မမြင်တတ်ကြတာကြောင့်



www.burmeseclassic.com

www.burmeseclassic.com







ခံစားလို့မရ ကြပါဘူး။ အပွင့်လင်းဆုံး ပြောရရင်တော့ ဝေဖန်ရေးသမားတော်တော် များများက မကြိုက်ကြပါဘူး။ ဘာပဲဖြစ်ဖြစ် ပါဝင်သရုပ်ဆောင်ကြတဲ့ ကျွန်မတို့က ကြိုက်တယ်ဆိုတာ ဒီနေရာကနေ ပြောလိုက်ပါရစေ'လို့ ရေးသားဖော်ပြခဲ့ပါတယ်။

နောက်ဆုံးရိုက်ကူးထားတဲ့ **The Jess Cagle Interview** ဇာတ်လမ်းတွဲနဲ့ ပတ်သက်လို့လည်း အင်နီက People မဂ္ဂဇင်း ရုပ်ရှင်ကဏ္ဍအယ်ဒီတာနဲ့ တွေ့ဆုံရာမှာ သူ့ရဲ့အောင်မြင်ကျော်ကြားမှု၊ မိခင်ဘဝ၊ ရုပ်ရှင်အနုပညာရှင်အဖြစ် သရုပ်ဆောင်ခဲ့ရတဲ့အထဲက အနှစ်သက်ဆုံး ဇာတ်ကောင်စရိုက်များတို့ကို ပြောကြားခဲ့ပါတယ်။ အဲဒီအမေးအဖြေထဲက ကောက်နုတ်ချက်တချို့ကို ရွှေအမြုတေ ပရိသတ်များအတွက် ဖော်ပြပေးလိုက်ပါတယ်။

**'Serenity' ဆိုတဲ့ ရုပ်ရှင်ဇာတ်ကားမှာ လှို့ဝှက်တတ်တဲ့ အမျိုးသမီးတစ်ယောက်အဖြစ် သရုပ်ဆောင်ခဲ့တယ်။ ပြီးတော့ ခင်ပွန်းဟောင်းကို လက်ရှိ ခင်ပွန်းသည်အား သတ်ပေးဖို့ ငှားရမ်းခဲ့တယ်။ အဲဒီဇာတ်ကောင်စရိုက်**





www.burmeseclassic.com

www.burmeseclassic.com

**နဲ့ ပတ်သက်ပြီး ပြောပြပေးပါ။**

အဲဒီဇာတ်ကားမှာ ကျွန်မက ကာရင်းဆိုတဲ့ အမျိုးသမီးတစ်ယောက်အဖြစ် သရုပ်ဆောင်ရတယ်။ သူ့အကြောင်းအရာ အပြည့်အစုံကို သူ့ခင်ပွန်းသည်ဖြစ်သူက ရေးပြီး သူ့ကိုပေးထားတယ်။ သူက အကြောင်းတစ်စုံတစ်ခုကြောင့် အတိတ်မေ့နေသူပါ။ ဒါကြောင့် ဆံပင်အရောင် ဘာအရောင်ဆိုးရမယ်ဆိုတာကအစ၊ အဝတ်အစားဘယ်လိုဝတ်ရမယ်၊ လမ်းလျှောက်တာဘယ်လိုလျှောက်ရမယ် စတာတွေအထိ ခင်ပွန်းသည်ပြောတဲ့အတိုင်း သူက လုပ်ရတယ်။ ဒါက တကယ်တော့ ယောကျ်ားတစ်ယောက်ရဲ့ အချစ်ခံရလွန်းတဲ့ မိန်းမတစ်ယောက်မှာ ဖြစ်လေ့ဖြစ်ထရှိတဲ့ ကိစ္စပါ။ သူပြောသလိုနေ၊ သူကျေးသလိုစားတဲ့အတွက် ယောကျ်ားကလည်း အင်မတန်ကျေနပ်တာပေါ့။ ဒါပေမဲ့ ဒီယောကျ်ားက သူ့မိန်းမမှာ ဘယ်လိုဆန္ဒရှိမယ်ဆိုတာကျတော့ မတွေးမိဘူး။ သူတို့နှစ်ယောက် နောက်တစ်ကြိမ် ပြန်ဆုံတဲ့အခါမှာတော့ မိန်းမက လုံးဝပုံစံပြောင်းသွားပြီ။ နောက်ဆုံးဇာတ်ဝင်ခန်းမှာ ကျွန်မ အရမ်းစိတ်ဝင်စားတယ်။ ဒီအခန်းကိုရိုက်ရတာ ပျော်လည်းပျော်တယ်။ ဇာတ်လမ်းရေးသူဒါရိုက်တာဖြစ်တဲ့ စတီဗင်နိုက်ကလည်း ကျွန်မအပေါ်မှာ အယုံအကြည်အပြည့်ရှိခဲ့ပါတယ်။

**မက်ကောနေးနဲ့ ဒုတိယမြောက်ဆုံစည်းမှုအဖြစ် ရုပ်ရှင်ရိုက်ဦးမယ်လို့ကြားရပါတယ်။ ရိုက်ကွင်းပေါ်မှာ မက်ကောနေးက မင်းသမီးကို ခရီးဦးကြိုပြုတဲ့အနေနဲ့ ဧည့်ခံကျွေးမွေးခဲ့တယ်လို့ကြားရပါတယ်။ ဟုတ်ပါသလား။**

ရိုက်ကွင်းမစခင် တစ်ည ကြိုပြီးတော့ သူ့ဇနီး ကမ်မီလာ အပါအဝင်ကျွန်မတို့ အပြင်ထွက်ပြီး ညစာစားကြပါတယ်။ ကမ်မီလာက ကျွန်မ အားကျတဲ့ အမျိုးသမီးတစ်ယောက်ဖြစ်သလိုသူကလည်း ကျွန်မကို သဘောကျပါတယ်။ အပြင်ထွက်တဲ့ကာလ တစ်ညလုံး ကျွန်မတို့ ပျော်ခဲ့ကြပါတယ်။ နောက်တစ်နေ့ ရိုက်ကွင်းပေါ်ရောက်တဲ့အခါကျတော့ တစ်ယောက်နဲ့တစ်ယောက် စိမ်းမနေတော့ဘူး။ ဟာသူငယ်ချင်းလို့ ခေါ်ချင်တဲ့အခါခေါ် တရင်းတနှီးရှိသွားတယ်။ အတူတူသောက်ချင်တဲ့အခါလည်း သောက်ကြတယ်။ ပြောချင်တဲ့စကားရှိရင်လည်း သူ့ကိုပြောလိုက်တာပဲ။ ဒါက ပထမနေ့ အတွေ့အကြုံပေါ့။ ဒုတိယနေ့ရောက်တဲ့အခါမှာပိုပြီးရင်းနှီးသွားတယ်။ သူ့ကို ဟေ့မက်သျူးလို့ ခေါ်မိတဲ့အခါ ခေါ်တယ်။ ဟယ်လိုလို့ နှုတ်ဆက်တဲ့အခါ နှုတ်ဆက်တယ်။ သူကလည်း မင်းကိုငါကမ်မီလာလို့ ခေါ်မယ်လို့ ပြောလာတယ်။ တတိယမြောက် ရိုက်ရက်ရောက်တဲ့အခါမှာတော့ ကျွန်မက အခုလုပ်နေရတာ မင်းသမီးတစ်ယောက်အနေနဲ့လား၊ ဇာတ်ကောင်တစ်ယောက်အနေနဲ့လားလို့ မေးကြည့်လိုက်မိတယ်။ သူ့အဖြေက မင်းဇာတ်ထဲမှာ စီးမျောသွားပါပြီ။ အဆင်ပြေပါတယ်လို့ ပြောခဲ့တယ်။ ကားရိုက်နားတဲ့ စနေ၊ တနင်္ဂနွေရက်များမှာ ကျွန်မတို့ ကလေးတွေနဲ့














www.burmeseclassic.com

www.burmeseclassic.com

















www.burmeseclassic.com

www.burmeseclassic.com



အတူ အပြင်ထွက်ပြီး အသားကင်လုပ်စားတဲ့အခါလည်း လုပ်စားတယ်။ ပျော်ပျော်ပါးပါးပေါ့။ ဒါပေမဲ့ ရိုက်ကွင်းပေါ်မှာကျတော့ သူ့ဇာတ်ကောင်စရိုက်အရ သူဟာ ဘေကာဒေးလ် ဖြစ်သွားပြီ။ ကျွန်မကို ရွံမုန်းတဲ့ ယောကျာ်းတစ်ယောက်ပေါ့။

**ခရစ္စတီယန်ဘေးလ်က မင်းကို ဇာတ်ကောင်စရိုက်နဲ့ မိဘတစ်ယောက် အဖြစ်နေထိုင်ရခြင်း ခွဲခြားတတ်ဖို့ နည်းလမ်းပေးခဲ့တယ်ဆို။**

ကျွန်မသားက ကျွန်မ မော်ရေးရှပ်မှာ Serenity ရုပ်ရှင်ဇာတ်ကားရိုက်နေတုန်းက အတူတူလိုက်နေပါတယ်။ အဲဒီဇာတ်ကားမှာ ကျွန်မလုပ်ရတဲ့ ဇာတ်ကောင်



www.burmeseclassic.com

www.burmeseclassic.com

စရိုက်ကလည်း အင်မတန် ထူးခြားနက်နဲတဲ့ ဇာတ်ကောင်စရိုက်ဖြစ်တာကြောင့် အတူလာနေတဲ့သားကိုတောင် ဂရုမစိုက်နိုင်ပါဘူး။ ၂၀၁၂ ခုနှစ်မှာ The Dark Knight Rises ဇာတ်ကားကို ခရစ္စတီယန်ဘေးလ်နဲ့ ရိုက်တဲ့အချိန်မှာတော့ ကျွန်မက သူ့ကို မေးကြည့်တယ်။ 'ရှင်က သရုပ်ဆောင်တဲ့အခါမှာ ဇာတ်ကောင်စရိုက်အပြည့်အဝ ဝင်ပူးနေသလို ခံစားရတယ်။ အဲဒီလိုခံစားရတဲ့အတွက် ကိုယ့်သားသမီးနဲ့အပြင်မှာ တကယ်ဆက်ဆံရတဲ့အခါကျတော့ ဘယ်လိုလုပ်သလဲ။ ဘာကြောင့်လဲဆိုတော့ တစ်နေ့နေ့မှာ ကျွန်မလည်း ရင်သွေးရလာရင် လက်တွေ့ကျင့်သုံးနိုင်အောင်လို့ပါ'လို့ မေးကြည့်ခဲ့ဖူးတယ်။ သူက ဘာပြောသလဲဆိုတော့ 'ဇာတ်ကောင်စရိုက် အပြည့်အဝလုပ်တာ မှန်ပါတယ်။ ဒါပေမဲ့ ကိုယ့်စိတ်ကိုတော့ အပြည့်အဝ မစိုက်ထုတ်ပါဘူး။ ကိုယ့်သားသမီးတွေအတွက် ချန်ထားပါသေးတယ်။ ဘာကြောင့်လဲဆိုတော့ နေ့စဉ်နဲ့အမျှ သားသမီးတွေ တွေ့တဲ့အခါမှာ ကိုယ်ဟာ သူတို့အတွက် အမြဲရှိနေတယ် ဆိုတာ ပြသနိုင်ဖို့ လိုလို့ပါပဲ'လို့ ဖြေခဲ့တယ်။ ဒါကြောင့် သူ့စကားအတိုင်း ကျွန်မ လိုက်နာကျင့်သုံးတယ်။ ဇာတ်ကောင်စရိုက် ပူးဝင်တယ်ဆိုပေမဲ့ ကျွန်မ ရင်ထဲမှာတော့ သားအတွက် နေရာချန်ထားပါတယ်။ ဒါကြောင့် မိခင်တစ်ယောက်အနေနဲ့ ကျွန်မဟာ တာဝန်မလစ်ဟင်းဘူးလို့ ဆိုနိုင်ပါတယ်။ ပြီးတော့ ကလေးကို ကျွန်မနဲ့ ကြာရှည်မထားပါဘူး။ အဲဒါက ကလေးအတွက် ဝေဒနာဖြစ်ကောင်း ဖြစ်နိုင်ပါတယ်။ ဒါပေမဲ့ ကျွန်မတို့ဘဝက ဒီလိုနေမှ ဖြစ်မှာကိုး။

**မင်းသမီးက အင်စတာဂရမ်မှာ ၁၀ နှစ် ကွာခြားမှုအကြောင်း၊ ကော်ဖောနီပေါ်မှာ ရိုက်ကူးခဲ့တဲ့ ပုံတွေချင်း ယှဉ် ပြီး ရေးပြခဲ့တယ်။ ၂၀၀၉ ခုနှစ်ကပုံနဲ့ ယှဉ်တွဲပြီး 'ကြည့်စမ်းပါဦး၊ ၂၀၀၉ ခုနှစ်က အမှားတစ်စုံတစ်ခုမှ မရှိရအောင် ကြိုးစားနေလိုက်ရတာ'လို့ ဖော်ပြခဲ့တယ်။ အဲဒီအကြောင်း ပြောပြပါဦး။**

ကျွန်မက နောက်ကြောင်းပြန် အကြောင်းအရာတွေကို သိပ်ပြီးစဉ်းစားတတ်တဲ့သူတော့ မဟုတ်ပါဘူး။ ဒါပေမဲ့ လွန်ခဲ့တဲ့ ၁၀ နှစ်ကအကြောင်းကိုတော့ ပြန်စဉ်းစားမိတယ်။ အဲဒီတုန်းကတော့ ရုပ်ရှင်ဆုပေးပွဲတွေ ကျင်းပတဲ့ရာသီမှာ ဆိုရင် ကျွန်မ ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိတော့ဘူး။ ဒါကြောင့် ခရစ္စမတ်ရာသီမှာ ဟုတ်တိပတ်တိ စားဖြစ်တာ နည်းတယ်။ ကျွန်မအမေက မုန့်ဖုတ်ပေးတယ်။ အဲဒါကိုလည်း နည်းနည်းလေးပဲ စားတယ်။ ဘာကြောင့်လဲဆိုတော့ အဲဒီတုန်းက ကျွန်မတွေးတာက ရုပ်ရှင်မင်းသမီးဆိုတာ ပိန်ပိန်သွယ်သွယ်ကလေးပဲ ဖြစ်ရမယ်။ ဒါကြောင့် ပိန်ချင်ဖောနဲ့ ဆေးလိပ်တွေ အများကြီးသောက်ခဲ့တယ်။ အစားတွေ လျှော့လွန်းလို့ အာဟာရမပြည့်ဝတော့ဘူး။ ဒါပေမဲ့ ၁၀ နှစ်ကျော်လာတဲ့အခါမှာတော့ ကျွန်မက ဘဝမှာ ဘယ်လိုနေထိုင်ရမယ်ဆိုတာ နားလည်လာခဲ့တယ်။ လက်ရှိဘဝကို ကျေးဇူးတင်လာတယ်။ ကိုယ့်ကိုယ်ကိုလည်း ထိန်းသိမ်းစောင့်ရှောက်လာတတ်တယ်။ ဒါကြောင့် အရင် ၁၀ နှစ်ကနဲ့ အခု ကျွန်မ သိပ်မကွာခြားတော့ပါဘူး။ ဒါပေမဲ့ အသိဉာဏ်တိုးတက်လာခြင်း၊ စိတ်ခံနိုင်ရည် ရှိလာခြင်းတွေကတော့ တိုးတက်ပြောင်းလဲလာခဲ့တယ်။ လွန်ခဲ့တဲ့ ၁၀ နှစ်က ကျွန်မကိုယ်ကိုလည်း ကျွန်မ ချစ်တာပဲ။ နောက်ကြောင်းပြန်ကြည့်မယ်ဆိုရင် အလုပ်ကို ကြိုးကြိုးစားစား လုပ်ခဲ့မိတဲ့အတွက် ဝမ်းသာရတယ်။ အခုတော့ ဘဝဆိုတာ နေပျော်တဲ့ဘဝလို့ မြင်တတ်လာပါပြီ။

**၂၀၁၁ ခုနှစ် အော်စကာဆုပေးပွဲမှာ ဂျိမ်းစ်ဖရန်ကိုနဲ့ တွဲပြီး အစီအစဉ်တင်ဆက်သူအဖြစ် ဆောင်ရွက်ပေးခဲ့ဖူးတယ်။ အဲဒီတုန်းက ကြုံခဲ့ရတဲ့ အမှားကနေ သင်ခန်းစာ ရခဲ့သလား။**

အော်စကာဆုပေးပွဲ မတိုင်ခင် တစ်ညကို ကျွန်မ မှတ်မိနေတယ်။ ကျွန်မကိုယ်ကျွန်မ စိတ်မလုံတာကြောင့် ထုတ်လုပ်သူကို 'ကျွန်မလုပ်တာ လွန်နေသလား' လို့ မေးတတ်တယ်။ သူကလည်း 'မလွန်ဘူး။ လျှော့လည်း မလုပ်နဲ့၊ ပိုလည်းမလုပ်နဲ့' ဖြေခဲ့တာချည်းပဲ။ စင်ပေါ်မှာ လက်ဖက်ရည်ခွက် မှောက်ကျခဲ့တယ်။ ကျွန်မနဲ့ တွဲဖက်လုပ်ရတဲ့ ဂျိမ်းစ်ဖရန်ကိုကတော့ ကျွန်မကို ယုံကြည်မှု အပြည့်အဝ ရှိပါတယ်။ ဒီလိုပွဲမျိုးကို တင်ဆက်ရတယ်ဆိုတာက အာဝဇ္ဇန်းရွှင်ဖို့ လိုပါတယ်။ ကျွန်မက အဲဒီလောက်မလုပ်တတ်ဘူး။ ရယ်စရာသရုပ်ဆောင်တာလောက်ပဲ တတ်တာကိုး။

**၂၀၁၃ ခုနှစ်မှာ မင်းသမီးကိုယ်တိုင် 'Les Miserables' ရုပ်ရှင်ဇာတ်ကားနဲ့ အော်စကာဆုရခဲ့တယ်။ ဒါပေမဲ့ ဒီကားမှာ သရုပ်ဆောင်ဖို့ ကိုယ်အလေးချိန် တော်တော်လျှော့ချခဲ့ ရတာမို့ ကျန်းမာရေးကို ထိခိုက်ခဲ့တယ် မဟုတ်လား။**

အဲဒီကားကတော့ ကျွန်မအတွက် ဘဝမှာ သင်ခန်းစာအရဆုံးကားလို့ ဆိုရင် မမှားပါဘူး။ ကိုယ်အလေးချိန်လျှော့ချလိုက်ရတာ ကျန်းမာရေးကို ထိခိုက်လာတဲ့အထိပါပဲ။ လျှော့ရတာလည်း ရက်သတ္တပတ် နှစ်ပတ်ပဲ အချိန်ရတယ်။ အဲဒီတုန်းကတော့ အာဟာရအကြောင်း ကျွန်မကလည်း နားမလည်သေးတာ ပါတာပေါ့။ စိတ်ပူနေတာကလည်း ကျွန်မ ကျန်းမာရေးကို ထိခိုက်စေခဲ့ပါတယ်။

**အောင်မြင်ကျော်ကြားခြင်း ဆိုတာ ကျဆုံးမသွားရအောင် ထိန်းသိမ်းရတာ ခက်ပါတယ်။ ဒါပေမဲ့ မင်းသမီးကတော့ ထိန်းနိုင်ခဲ့တယ်နော်။**

ကျွန်မဘဝမှာ အမှားတွေအများကြီးလုပ်ခဲ့ပါတယ်။ အဲဒီအတွက် အပျော်တွေရခဲ့ပေမဲ့ စိတ်မလုံခြုံမှုတွေ၊ ပူပန်မှုတွေ အများကြီးလည်း ရခဲ့ပါတယ်။ တချို့ဆိုရင် အခုထက်ထိ မထိန်းချုပ်နိုင်တာ ရှိသေးတယ်။ တကယ်တော့ အောင်မြင်ကျော်ကြားမှုဆိုတာ စိတ်ရှုပ်ထွေးမှု အများကြီးရစေပါတယ်။ ■

**ဇာနည်ညိမ်း**

*Ref: People, 2019 Feb 11.*



www.burmeseclassic.com

www.burmeseclassic.com





# နယူးယောက်ခ်မှာ ဖက်ရှင်အသစ်များ ပြသလိုက်တဲ့ ဗစ်တိုးရီးယားဘက်ခမ်း

**အို**

ကမ္ဘာကျော် ဘောလုံးသမား ဒေးဗစ်ဘက်ခမ်းရဲ့ ဇနီးဖြစ်သူ ဗစ်တိုးရီးယားဘက်ခမ်းက သူမ ထုတ်လုပ်နေတဲ့ အမျိုးသမီးဝတ် အဝတ်အထည် ဒီဇိုင်းအသစ်အဆန်းများကို နယူးယောက်မြို့မှာ ပြသလိုက်ပြန်ပါတယ်။

ပန်းသီးမြို့လို့ တင်စားခြင်းခံရတဲ့ နယူးယောက်မြို့မှာ အသက် ၄၄ နှစ် ရှိပြီဖြစ်တဲ့ ဗစ်တိုးရီးယား ပြသလိုက်တဲ့ အဝတ်အထည်များကတော့ ရိုးဘော့ခ် အမှတ်တံဆိပ်အားကစား အဝတ်အထည် များအတွက် ဒီဇိုင်းသစ်များ ဖြစ် ပါတယ်။





www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တိုင်တီထွင်ထားတဲ့ဝတ်စုံနဲ့
တွေ့ရတဲ့ ဗစ်တိုးရီးယား



www.burmeseclassic.com

www.burmeseclassic.com



နယူးယောက်မြို့ ဂျွန်အက်ဖ်ကနေဒီ လေဆိပ်ကို ရောက်လာတဲ့ ဗစ်တိုးရီးယား

Spice Girl အမည်ရှိ အမျိုးသမီးတေးဂီတအဖွဲ့ဝင်တစ်ဦးဖြစ်ခဲ့ဖူးသူ ဗစ်တိုးရီးယားက ဒီတစ်ကြိမ် ပြသလိုက်တဲ့ ဒီဇိုင်းသစ်များမှာ အနီရောင်ဘောင်းဘီများနဲ့ အပေါ်ပိုင်းက မြွေအရေခွံလို ဒီဇိုင်းများပါဝင်တဲ့ အဝတ်အထည်များ ဖြစ်ပါတယ်။ Reebok x Victoria Beckham ပူးတွဲတင်ပြထုတ်လုပ်တဲ့ပွဲကို နယူးယောက်မြို့ မဟာတ္တန်စားသောက်ဆိုင်ရဲ့ The Flower Shop နေရာမှာ ကျင်းပခဲ့တာဖြစ်ပါတယ်။ ဗစ်တိုးရီးယားနဲ့ ဘက်ခမ်းတို့ဟာ အိမ်ထောင်သက် နှစ်ပေါင်းနှစ်ဆယ်နီးပါးရှိခဲ့ပြီလည်း ဖြစ်ပါတယ်။

ဇနီးသည်ရဲ့လက်ကို ဂုဏ်ယူဝင့်ကြွားစွာတွဲပြီး ဝင်လာတဲ့ အသက် ၄၃ နှစ်အရွယ်ရှိ ဘောလုံးသမားဟောင်း ဒေးဗစ်ဘက်ခမ်းကတော့ မီးခိုးရောင် အပေါ်ဝတ်အင်္ကျီနဲ့ ဂျင်းဘောင်းဘီကို ဝတ်ဆင်ထားပါတယ်။ ဒီပွဲဟာ မိသားစုပွဲအသွင်ဆောင်ဖို့အတွက် သားဖြစ်သူ အသက် ၁၉ နှစ်အရွယ်ရှိ ဘရွတ်ကလင်းလည်း တက်ရောက်လာပါတယ်။ သူကတော့ သူ့ချစ်သူဖြစ်တဲ့ ဟာနာခရော့စ်(အသက် ၂၁ နှစ်)နဲ့ တွဲပြီး တက်လာခဲ့တာ ဖြစ်ပါတယ်။

ဗစ်တိုးရီးယားရဲ့ ဒီပြပွဲကျင်းပနိုင်ဖို့ လွန်ခဲ့တဲ့ တစ်ပတ်လောက်ကတည်းက ဂျွန်အက်ဖ်ကနေဒီလေဆိပ်ကတစ်ဆင့် ရောက်ရှိလာခဲ့ခြင်းဖြစ်ပြီး လေယာဉ်ပေါ်က ဆင်းလာကတည်းက သားရေဘောင်းဘီ၊ အတော်မြင့်တဲ့ဖိနပ်တို့နဲ့ တင့်တယ်နေတဲ့ ဗစ်တိုးရီးယားက ကုလားအုပ်သားရေနဲ့ ချုပ်လုပ်ထားတဲ့ ကုတ်ကိုလည်း ဝတ်ဆင်ထားတာကြောင့် သူ့ကိုကြည့်ရတာ လာမယ့်အပတ်မှာ ကျင်းပမယ့် ပွဲအတွက် ယုံကြည်မှုအပြည့်အဝရှိနေပုံပေါ်ပါတယ်။

ပွဲမကျင်းပမီ အကြိမ်ကြိမ်ကျင်းပနေတဲ့ အစည်းအဝေးများမှာလည်း ဗစ်တိုးရီးယားဟာ နယူးယောက်မြို့ရဲ့ ဆောင်းရာသီကို သူ့ကိုယ်ပိုင်ဒီဇိုင်းများနဲ့ ချုပ်လုပ်ထားတဲ့ အနွေးထည်များနဲ့ အံတုနေသလိုပါပဲ။

ဒါပေမဲ့ သူ့ကိုယ်ပိုင်အားလပ်ချိန် အားကစားလေ့ကျင့်တဲ့နေရာကို ရောက်ရှိလာရာမှာတော့ ဗစ်တိုးရီးယားက တစ်ကိုယ်လုံး အနက်ရောင်ဝတ်စုံများကို ဆင်မြန်းထားပါတယ်။ ခေါင်းပေါ်မှာလည်း Reebok အမှတ်တံဆိပ်ပါ ဦးထုပ်ကို ဆောင်းထားပါသေးတယ်။

သူမရဲ့ ကိုယ်ပိုင် အင်စတာဂရမ်မှာ "ကျွန်မ ဒီတစ်ပတ်ပြသမယ့် Reebok ဒီဇိုင်းသစ်များကို ပြသဖို့ကိုတော့ တော်တော်ကလေးရင်ခုန်နေပါတယ်"လို့ ရေးသားခဲ့ပါတယ်။

ဗစ်တိုးရီးယားက အလုပ်လုပ်တဲ့နေရာမှာ အံ့ဩစရာကောင်းလောက်အောင် ကြိုးစားလုပ်ကိုင်တတ်သူဖြစ်တဲ့အတွက် Reebok နဲ့ ပူးပေါင်းမိတာ သိပ်တော့မဆန်းပါဘူး။ ပြီးခဲ့တဲ့တစ်ပတ်က အင်တာဗျူးတစ်ခု ပြုလုပ်ရာမှာ ဗစ်တိုးရီးယားက နံနက်တိုင်း ၅ နာရီခွဲအချိန်မှာ အိပ်ရာကထ,ပြီး အပြေးစက်ပေါ်မှာ ပြေးလေ့ရှိတယ်လို့ ပြောကြားခဲ့ပါတယ်။

"ကျွန်မ အိမ်မှာရှိတဲ့နေ့တိုင်း လေ့ကျင့်ခန်းလုပ်ပါတယ်။ ကစားတဲ့နေရာမှာ စည်းကမ်းထားသလို စားတဲ့နေရာမှာလည်း စည်းကမ်းထားပါတယ်။ ဒါကြောင့်လည်း ဒီနေ့အချိန်အထိ ခန္ဓာကိုယ်အချိုးအစားနဲ့ ပတ်သက်ပြီး စိတ်




ဗစ်တိုးရီးယားက သူဟာ Spice Girls အဖွဲ့ဝင် မဟုတ်တော့ဘူးဆိုပေမဲ့ သူ့ကိုကြည့်ရတာ အဆိုတော်တစ်ယောက်ရဲ့အသွင် မပျောက်သေးပါဘူး။




www.burmeseclassic.com

www.burmeseclassic.com



ဘရွတ်ကလင်းဘက်ခမ်း က သူ့ချစ်သူဖြစ်တဲ့ ဟာနာခရော့စ်နဲ့ တက်ရောက်ခဲ့ပါတယ်။



ဗစ်တိုးရီးယားနဲ့ ဒေးဗစ်တို့ ကလည်း စေ့စပ်ကြောင်းလမ်းခြင်း ၂၁ နှစ်ပြည့် အထိမ်းအမှတ် ကျင်းပခဲ့ကြပါသေးတယ်။

မညစ်ရတာပါ။ အခု ကျွန်မ အသက် ၄၄ နှစ်ရှိပါပြီ။ ကလေး ၄ ယောက်လည်း မွေးခဲ့ပြီးပြီ။ အလုပ်တွေလည်း အများကြီးလုပ်တယ်။ ခရီးတွေလည်း ထွက်ရတယ်။ ဒီလို အဆက်မပြတ် လှုပ်ရှားနေရတာကြောင့် စားတဲ့အခါမှာ ကျန်းမာရေးနဲ့ ညီညွတ်တဲ့ အစားအသောက်တွေသာ စားသလို လေ့ကျင့်ခန်းကိုလည်း မပြတ်လုပ်ရပါတယ်'လို့ ဖွင့်ဟပြောကြားခဲ့ပါတယ်။

သူ့မိသားစုကိုကြည့်ရင်လည်း စိတ်ဝင်စားစရာကောင်းပါတယ်။ အင်္ဂလန်နိုင်ငံ ဘောလုံးအသင်းရဲ့ ကပ္ပတိန်ဖြစ်တဲ့ ဒေးဗစ်ဘက်ခမ်းနဲ့ သားကြီး ဘရွတ်ကလင်း၊ သားငယ် ရိုမီယို(တဲန်းနစ်အားကစားဝါသနာပါသူ)၊ နောက်ထပ် သားငယ်ဖြစ်တဲ့ ခရုဇ် (အသက် ၁၃ နှစ်)နဲ့ သမီးထွေး ဟာပါ (အသက် ၇ နှစ်)တို့အားလုံး ဘောလုံးကစားရတာကို ဝါသနာပါကြပါတယ်။

'ကျွန်မတို့မိသားစုအားလုံးက အားကစားကို ဝါသနာပါကြပါတယ်။ မိသားစု စုံစုံညီညီရှိတိုင်း အပိုးတန်တဲ့ အချိန်တွေကို အားကစားခြင်းအားဖြင့် ကုန်ဆုံးစေကြပါတယ်။ ကလေးတွေက အိမ်ဝင်းထဲမှာ ဘောလုံးကစားကြပြီး LA မှာနေကြတဲ့ အချိန်မှာတော့ Hiking ကစားကြပါတယ်'လို့ ဗစ်တိုးရီးယားက ဆိုတယ်။ 'ဒါကြောင့် အားကစားဝတ်စုံဆိုတာ ကျွန်မတို့မိသားစုနဲ့ လုံးဝမစိမ်းတဲ့ အဝတ်အစားဖြစ်ပါတယ်။ ကလေးတွေကလည်း အခု ကျွန်မလုပ်တဲ့ Reebuk ဝတ်စုံတွေကို ဝတ်ဆင်ကြဖို့အတွက် စောင့်မျှော်နေကြပါပြီ'လို့လည်း ဗစ်တိုးရီးယားက ဆိုပါတယ်။

ဗစ်တိုးရီးယားက စိတ်ပျက်စရာကောင်းတဲ့ ကောလာဟလများနဲ့ပတ်သက်ပြီးတော့လည်း ဖွင့်ဟပြောကြားခဲ့ပါတယ်။ အဲဒါကတော့ ဒေးဗစ်နဲ့သူ မကြာခင်မှာ လမ်းခွဲကြတော့မယ်ဆိုတဲ့ ကိစ္စဟာ လုံးဝ မဟုတ်မမှန်ပါဘူးလို့ ပြောကြားခဲ့ပါတယ်။ 'ကောလာဟလတွေကတော့ ဒီလိုပဲ ကြံဖန်ပြီးပြောနေကြတာပါပဲ။ ပြောတဲ့အခါမှာ သူတို့ကလည်း ယုတ္တိယုတ္တာရှိအောင် အချက်အလက်တွေနဲ့ ပြောကြတာဆိုတော့ ယုံတဲ့သူတွေကလည်း ယုံတာပေါ့'လို့ ဆိုပါတယ်။

ဗစ်တိုးရီးယားက ဖြည့်စွက် ပြောကြားရာမှာ 'လူတွေက ကျွန်မရဲ့ ကိုယ်ရေးကိုယ်တာကိစ္စကို စိတ်ဝင်စားကြတယ်။ တစ်ခါတလေမှာတော့ သူတို့စိတ်ဝင်စားတာကို ကျွန်မက သဘောကျပါတယ်။ တစ်ခါတလေမှာတော့လည်း စိတ်အနှောင့်အယှက်ဖြစ်မိတယ်။ ဒီကောလာဟလတွေကြောင့် ကျွန်မ စိတ်ဓာတ်ကျတာမျိုး မဖြစ်ချင်ဘူး'လို့ ဆိုပါတယ်။

သူပျော်နေတဲ့အကြောင်း ပြသမှုတစ်ခုအနေနဲ့ ပြီးခဲ့တဲ့ သောကြာနေ့က သူနဲ့ ဒေးဗစ်တို့ စေ့စပ်ကြောင်းလမ်းခြင်း ၂၁ နှစ်မြောက် နှစ်ပတ်လည်နေ့ကို ကျင်းပပြီး အင်စတာဂရမ်မှာ ၁၉၉၈ ခုနှစ်က ရိုက်ကူးခဲ့တဲ့ သူနဲ့ ဒေးဗစ်ရဲ့ ပုံကိုလည်း ဖော်ပြခဲ့ပါတယ်။

'ယုံနိုင်စရာမရှိဘူး။ ၂၁ နှစ် ရှိပြီတဲ့'လို့လည်း ရေးခဲ့ပါတယ်။


ဒါပေမဲ့ Spice Girls ကို ချစ်ကြတဲ့ ပရိသတ်တွေကတော့ မကြာမီ ကျင်းပမယ့် စတုတ္ထအကြိမ်မြောက် ပြန်လည်စုစည်းခြင်းအစီအစဉ်မှာ ဗစ်တိုးရီးယား မပါဝင်ခြင်းကိုတော့ စိတ်မကောင်းဖြစ်ကြရပါတယ်။

'အခု ကျွန်မ လုပ်နေတဲ့အလုပ်က အချိန်ပြည့်လုပ်နေရတဲ့ အလုပ်ဖြစ်တာကြောင့် မပါနိုင်တာပါ။ ဒါပေမဲ့ သူတို့ ဖျော်ဖြေပွဲကို ကျွန်မ ကြည့်ဖြစ်အောင် ကြည့်မှာဖြစ်ပြီး ကြည့်ဖို့အတွက်လည်း ရင်ခုန်နေမိပါတယ်'လို့ ဗစ်တိုးရီးယားက ဆိုပါတယ်။

'ကျွန်မပြောနိုင်တာတစ်ခုကတော့ အဲဒီပွဲကို ကျွန်မသွားကြည့်တဲ့အခါ သူတို့က အပေါ်က၊ ကျွန်မက ပရိသတ်အဖြစ်နဲ့ အောက်က ကြည့်နေခြင်းကြောင့် ကွဲပြားနေမှာမဟုတ်ဘဲ ကျွန်မကိုယ်တစ်စိတ်တစ်ပိုင်းကတော့ အမြဲတမ်း Spice Girls ဖြစ်နေမှာပါပဲ'လို့လည်း ပြောကြားခဲ့ပါတယ်။ ■

ဘို

*Ref: Hello, 2019 Feb 4.*








www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com




ညီကို လက်ထပ်မှာ မင်းကို မချစ်လို့ မဟုတ်ဘူးဆိုတဲ့ ကိုယ့်စကားကြားရုံမှာ နာကျင်မြူးနဲ့ တိတ်တဆိတ် ငေးမောနေတဲ့ မင်း မျက်ဝန်းတွေကို ဒီစာရေးတဲ့ အချိန်အထိ မမေ့နိုင်သေးဘူးဆိုရင် မင်းအတွက် ခေတ်မမီတော့တဲ့ ပြက်လုံးတစ်ခုများ ဖြစ်နေမလား။ မင်းမယုံချင်လည်း ဒါဟာ ကိုယ့်အတွက် အမှန်တရားတစ်ခုပါပဲ။ အမှန်တရားဆိုတာ မချိုမြိန်ဘူးနော်။ မင်းနဲ့လွဲခဲ့ရတဲ့ ကိုယ့်အတွက် တစ်ဘဝစာ ခါးသက်မှုတွေ လုံလောက်နေခဲ့ပြီဆိုတာ မင်းသိအောင် ပြောပြဖို့ လိုအပ်သိမ့်မယ်လို့ မထင်တော့ဘူး။ မင်းရှိတဲ့ အရပ်ဒေသနဲ့ ဝေးကွာတဲ့ နေရာတစ်ခုဆီ ရွှေ့ခွာ ထွက်ပြေးခဲ့သူ ကိုယ့်အတွက် မင်းကို ဘယ်တော့မှ စိတ်အနှောင့်အယှက် မပေးတော့ပါဘူးဆိုတဲ့ ကတိတစ်ခုကို ဘာသာပေးထားမိတယ်လေ။ ဒါဟာ အခုအချိန်အထိ မင်းကို ချစ်နေဆဲ ဖြစ်ကြောင်း မင်းအပါအဝင် ဘယ်သူမှ မသိစေလိုတဲ့ ကိုယ့်ရဲ့ သက်သေပြချက် တစ်ခုပါပဲ။



www.burmeseclassic.com

www.burmeseclassic.com

မင်း ကိုယ့်ကို ချစ်ခဲ့ပါတယ်။ ကိုယ် မိန်းမတစ်ယောက်ဆီက မျှော်လင့်ထားတဲ့ အချစ်ထက် သာလွန်တဲ့ အချစ်တွေကို မင်းဆီမှာ တွေ့ခဲ့ရတယ်။ ကိုယ်လေ မင်း အချစ်ကို ထပ်တူတုံ့ပြန်နိုင်ဖို့ ကြိုးစားရင်း၊ မင်း အချစ်ပေါ် သာယာကြည်နူးရင်း၊ ယောကျ်ားတစ်ယောက်ရဲ့ ဖြစ်တည်မှုအသစ်ပေါ်မှာ မာနအရောင် လင်းလက်ရင်း၊ သူငယ်ချင်းအဖြစ်မှ ကျော်လွန်ပြီး ချစ်သူဘဝ ရောက်ရှိနေပြီဖြစ်တဲ့ မင်းနဲ့ ပတ်သက်ပြီး ကိုယ်ပိုင်အတ္တသစ်တစ်ခုကို မွေးမြူခဲ့မိတယ်။ ကိုယ်နဲ့ ပတ်သက်ရင် အရာရာ ဖြည့်ဆည်းပေးတဲ့ မင်းလို ကိုယ်လည်း မင်းနဲ့ ပတ်သက်လာရင် အရာရာ ဖြည့်ဆည်းပေးနိုင်ဖို့ ကြိုးစားဖူးတယ်ဆိုရင် အံ့သြသွားမလား။ ဒါပေမဲ့ အမြဲ အလိုလိုက်ခံရတဲ့ ကလေးတစ်ယောက်အနေနဲ့ သူတစ်ပါးဆန္ဒကို ဖြည့်ဆည်းရခြင်းမှာ မပျော်မွေ့တတ်တော့ဆိုတဲ့ ကိုယ့်အတ္တကို အရောင်မှိန်စေနိုင်တဲ့ အကာအကွယ်မျိုးလည်း မယူချင်ပါ။ ပေးသူနဲ့ ယူသူ ဖြစ်စဉ်မှာ တစ်ဖက်တည်း အမြဲနေခဲ့ရခြင်းကို စိတ်မကွက်တဲ့ မင်းရဲ့ အဖြူရောင် စိတ်ထားလေးက ကိုယ့်ရဲ့ အနိုင်ယူလိုစိတ်ကို ဆက်လက် ရှင်သန်အောင် ရေလောင်းပေါင်းသင်နေခဲ့တယ်လို့ မင်းပြောရင်လည်း မနာပါဘူး။

ကိုယ် မင်းကို ချစ်တယ်လို့ ဖွင့်ပြောခဲ့တဲ့နေ့က ပြောင်းလဲသွားတဲ့ မင်းမျက်နှာကို

**'Dumi fwGY pum;ajymvm rLuldufbJ[qdkvkdh wpfcgruwdkh wpfykdvfnf pum;qdkcJhcsdefS rifu ukd bukd cspfwEdkif MuniD jyHvsuf em;axmifcJhyrdkh 'Dpum;awG rift wGif rvkduf emvkd&wdkh cspfolt refYawG jzpfoGm;EdkifwJh, f qdkwdkh pmemp;dwfrsdK; ukd rSm rjzpfay:cJhMumif; 0efcHcsifw, f**

သတိရနေမိဆဲ။ အဲဒီနေ့က ကိုယ်တို့ စာသင်ခန်းထဲ ရောက်လာတဲ့ ကျောင်းသားသစ်က မင်းဆီက စာအုပ်ငှားတာကို အကြောင်းပြပြီး ကြောင်ချင်နေတာကို ယောကျ်ားအချင်းချင်း ရိပ်မိနေလို့ မင်းသတိထားလို့ရအောင် ပြောရင်း ဒေါသက ကပ်ပါလာတယ်။ အချစ်လို့ ခေါ်နိုင်မလား ကိုယ်တိုင် မသေချာတဲ့ ယောကျ်ားတစ်ယောက်ရဲ့ အတ္တက မင်းကို ချစ်ရေးဆိုလိုက်ဖို့ တိုက်တွန်းနေတဲ့ အကြောင်းရင်းက ဘေးနားမှ မိန်းကလေးသူငယ်ချင်းတစ်ယောက်က တခြားယောကျ်ားတစ်ယောက်ကို ချစ်သွားမှာ စိုးရိမ်နေမှုပဲ။ ရင်အုံနိမ့်ချည်၊ မြင့်ချည်ဖြစ်ရင်း ဒေါသထွက်နေတဲ့ ကိုယ့်ကို မင်းက စိုးရိမ်ထိတ်လန့်စွာ ကြည့်နေဆဲ မင်းပခုံးနှစ်ဖက်ကို ဆွဲကိုင်ရင်း ကိုယ် မင်းကို ချစ်တယ်လို့ ဒေါသမကင်းဘဲ ပြောခဲ့မိတယ်။ ထူးဆန်းတာကတော့ အဲဒီအချိန်မှာ အံ့သြနားမလည်တဲ့ မျက်လုံးဝိုင်းစက်စက်လေးတွေနဲ့ ကိုယ့်ကို ငေးမောကြည့်နေတဲ့ မင်းက ကျွန်မ မောင့်ကို ချစ်ပါတယ်လို့ ပြန်ပြောခဲ့တယ်လေ။ မင်းစိတ်ထဲကနေ ကိုယ့်ကို မောင်လို့ ခေါ်နေတာ ကြာခဲ့ပြီဖြစ်ပြီး ဒီနေ့တော့ စိတ်မှတ်မဲ့ ခေါ်မိသွားတာတဲ့။ အဲဒီအချိန်ကစပြီး ကိုယ်သိလိုက်ရတာ သူငယ်ချင်းဘဝက ကိုယ်ဒေါသသံနဲ့ပြောရင် စိတ်ဆိုးတတ်တဲ့ မင်းဟာ ချစ်သူဘဝ ကူးပြောင်းစအချိန်မှာ အတင်းအကျပ် စေခိုင်းမှုမပါဘဲ ကိုယ့်ကို ဒူးထောက် အရှုံးပေးလိုက်ပြီဆိုတာပါပဲ။

ဒီကောင်တွေနဲ့ စကားပြောတာ မကြိုက်ဘူးဆိုတဲ့ တစ်ခါမကတဲ့ တစ်ပုံစံတည်း စကားဆိုခဲ့ချိန်မှာ မင်းက ကိုယ့်ကို ချစ်မြတ်နိုးစွာကြည့်ပြီး ပြုံးလျက် နားထောင်ခဲ့ပေမဲ့ ဒီစကားတွေက မင်းအတွက် မလိုက်နာလို့မရတဲ့ ချစ်သူရဲ့ အမိန့်တွေ ဖြစ်သွားနိုင်တယ်ဆိုတဲ့ စာနာစိတ်မျိုး ကိုယ့်မှာ မဖြစ်ပေါ်ခဲ့ကြောင်း ဝန်ခံချင်တယ်။ ကိုယ်စကားမပြောနဲ့လို့ ပြောထားသူတွေနဲ့ မင်း စကားဟဟတောင် မပြောရဲတဲ့အဖြစ်ကိုပဲ မင်းက ကိုယ့်ကို သိပ်ချစ်တာလို့ အသာစီးကနေပြီး ကျေနပ်ခဲ့ဖူးတယ်။ သူငယ်ချင်းလို ဆက်ဆံတတ်တဲ့ ယောကျ်ားလေး သူငယ်ချင်းများနဲ့ မင်းကြားက ခင်မင်မှု ပျက်ပြယ်သွားလေမလား ဂရုမစိုက်ခဲ့ပါဘူး။ ကျွန်မလည်း တစ်ခါတလေ မောင့်လို သဝန်တိုတတ်ချင်လိုက်တာ။ ကျွန်မရဲ့ ခွင့်လွှတ်နားလည်လွန်းတဲ့ စိတ်ကို ခဏလောက် ပျောက်သွားအောင် လုပ်ပေးပါလား မောင်လို့များ မင်းကပြောလာခဲ့ရင် ကိုယ့်ကို ရိတယ်ဆိုပြီး စိတ်ကောက်လိုက်ဖို့ ဝန်မလေးခဲ့။ အဲဒီအခါမျိုးမှာ မင်းက မောင် စိတ်ကောက်တဲ့ ပုံစံလေးကို ချစ်လို့ တမင်ပြောတာ မောင်ရဲ့လို့ ဆိုရင်း ကိုယ့်ရဲ့ နှုတ်ခမ်းကို ခပ်ဖွဖွ နမ်းရင်း ချော့တတ်တယ်။ မင်းရဲ့ ချော့နည်းမှာ အရည်ပျော်သွားတဲ့ ကိုယ်ဟာ ကိုယ်တော့ အရက်မသောက်ဘဲ မင်းကြောင့် မူးနေပြီ။ အင်း ရူးလည်း ရူးနေပါပြီ ဟန်နီလို့ မူးနေတဲ့ အသံမျိုးလုပ်ပြီး ခပ်လေးလေးပြောရင် ကျွန်မတို့ နှစ်ယောက်စလုံး ရူးနေကြတာပဲ မဟုတ်လား မောင်လို့ မင်းက အတည်ပေါက် နောက်တတ်တယ်။

မင်းဆန္ဒနဲ့ ကိုယ့်ဆန္ဒ နှစ်ခု ယှဉ်လာရင် အမြဲ ကိုယ့်ဆန္ဒကို ဦးစားပေးတတ်တဲ့ မင်းကို တစ်ခါတလေတော့ စာနာစိတ် ဝင်မိပေမဲ့ မင်းရဲ့ လိုက်လျောမှုတွေက ကိုယ်ရနေကျ အရာလို ဖြစ်နေတော့ အဲဒီလို အဖြစ်တွေကလည်း ကိုယ့်အတွက် သမားရိုးကျလို



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်သွားတယ်။ ဥပမာ-B Techပြီးချိန်မှာ ဘွဲ့ပေးတော့ မင်းက ဘွဲ့နှင်းသဘင်အခမ်းအနားတက်ပြီး ယူချင်ပေမဲ့ ကိုယ်က ဘွဲ့လက်မှတ်ရမယ့် အတူတူ ဒီတစ်ကြိမ်တော့ အခမ်းအနားနဲ့ တက်ရောက်ယူခြင်း မလုပ်ချင်ကြောင်း မင်းကိုပြောမိတယ်။ B.Eဘွဲ့ပေးရင်လည်း ဘွဲ့နှင်းသဘင်အခမ်းအနားနဲ့ပေးမှာဆိုတော့ နှစ်ကြိမ်အလုပ်မရှုပ်ချင်တဲ့ ကိုယ့်ဆန္ဒက မိန်းကလေးပီပီ ကိုယ့်အရည်အချင်းအတွက် အသိအမှတ်ပြုတဲ့ ဘွဲ့ကို အခမ်းအနားနဲ့ တက်ယူချင်တဲ့ မင်းဆန္ဒကို လွှမ်းမိုးပစ်လိုက်ဖို့ တမင်ရည်ရွယ်ခဲ့တာ မဟုတ်ပေမဲ့ မင်းက ကိုယ်မပါတဲ့လမ်းကို မသွားချင်ဘူးတဲ့လေ။ မင်းက ကိုယ့်အရိပ်လို နောက်မှာ အမြဲရှိချင်သလို ကိုယ်ကလည်း အရိပ်တစ်ခုလို မင်းရှိနေတာကို သဘောကျတယ်လေ။ အပေးအယူမျှတဲ့ ကစားပွဲတစ်ခုမှာ ဘယ်သူမှ အနိုင်၊ အရှုံး မရှိဘူးလို့ မပြောနိုင်တာက မင်းအရှုံးကို မြင်နေရတဲ့အတွက် ဖြစ်တယ်လို့ ကိုယ်တစ်ခါမှ မပြောခဲ့ပေမဲ့ မင်းကိုယ်တိုင်လည်း မင်းအရှုံးကို ရိပ်မိကောင်း ရိပ်မိလိမ့်မယ်။ ဟုတ်တယ်၊ မင်းကိုယ့်ကို မိန်းမတစ်ယောက်ချစ်နိုင်တဲ့ အတိုင်းအဆထက်ပိုချစ်ခဲ့လို့ ကိုယ့်အချစ်မှာ ယစ်မူးပျော်ဝင်ရင်း ရှုံးနိမ့်ခဲ့ရတာ။ ဒါပေမဲ့ ကိုယ့်ရှေ့မှာ ဒူးထောက်နေတဲ့ မင်းမျက်နှာမှာ အရှုံးကြောင့် မျက်ရည်ဖြင့် စိုစွတ်တဲ့ မျက်ဝန်းများမရှိ၊ အဲဒီ အစားအချစ်ဖြင့် လင်းလက်တောက်ပတဲ့ ပန်းနုရောင် မျက်ဝန်းများပဲ ရှိတယ်။ မင်းရဲ့ အဲဒီမျက်ဝန်းတွေကို ကိုယ်ချစ်ပေမဲ့ နားမလည်ခဲ့ဘူးဆိုရင် မင်း မျက်ဝန်းတွေကို နားလည်လာတဲ့ နေ့ရက်တွေ ကိုယ့်ပြက္ခဒိန်မှာ ရှိလာတော့မယ်ဆိုတာ ရိပ်မိလောက်ပါပြီ။ ဟုတ်ပါတယ်၊ မိုးဖွဲလေးတွေ ကျဆင်းနေတဲ့ ပန်းခင်းလေးပေါ် ဖျတ်ခနဲ ပြင်းရှတဲ့ လျှပ်စီးများ လက်သွားလို့ ပန်းလေးတွေ ရုတ်တရက် အရောင်ပြောင်းသွားခဲ့သလို ကိုယ့်နှလုံးသားအရောင်ပြောင်းသွားခဲ့တာကို မင်း လုံးဝ ရိပ်မိခြင်းမရှိခဲ့တာ ကိုယ့်ဘက်က လျှို့ဝှက်ထားခဲ့လို့ပါ။

ပြောရရင် မင်းနှလုံးသားက ကိုယ့်အတွက် ပန်းနုရောင်ဆိုတာ သံသယမရှိသေချာလှပေမဲ့ ကိုယ့်နှလုံးသားက မင်းအတွက် ပန်းနုရောင်စစ်စစ် ဟုတ်ပါရဲ့လား။ မင်း တစ်ခါမှ သံသယမဝင်ခဲ့ဘူးဆိုရင် ကိုယ် အံ့ဩချင်တယ်။ ကိုယ် မင်းကလွဲပြီး ဘယ်မိန်းကလေးနဲ့မှ ချစ်သူလို မနေဖူးပေမဲ့၊ မင်းမဟုတ်တဲ့ တခြားတစ်ယောက်ကို ချစ်မနေခဲ့ပေမဲ့၊ မင်းအပေါ်မှာ သစ္စာပျက်ဖို့ တစ်ခါမှ မစဉ်းစားခဲ့ပေမဲ့ မင်းကို တကယ်ချစ်ခဲ့တာလား လုံးဝ သံသယ မဝင်ခဲ့ဘူးဆိုရင် လောကကြီးအနေနဲ့ မင်းဆီက ရယူတာ များသွားပြီလို့ ကိုယ်ပြောချင်ပါတယ်။ ဟုတ်တယ်၊ ကိုယ့်နှလုံးသားအရောင်မပြောင်းခင်အထိ ကိုယ် မင်းကို မချစ်ခဲ့ပါဘူး။ ကိုယ် မင်းကို ချစ်ခဲ့တယ်လို့ မင်း ထင်နေတာက မင်းအချစ်တွေကို ကိုယ် တုံ့ပြန်နေခြင်းဖြစ်ပြီး၊ အကြောင်းအရင်းက ငယ်စဉ်က လိုချင်တာ အကုန်ရခဲ့တော့ ယုံကြည်မှု လွန်ကဲနေတဲ့ ကိုယ့်ဗီဇအတိုင်း မင်းကို ချစ်ရေးဆိုခဲ့ချိန်မှာ တုံ့ပြန်ချစ် ချက်ချင်းရခဲ့ခြင်းအပေါ် သာယာပြီး အချစ်ကို မှားယွင်းစွာ ဘာသာပြန်နေခဲ့မိတာပါ။ မင်းကိုချစ်နေပြီလို့ သိလိုက်ရချိန်မှာ ထူးဆန်းစွာ ကြောက်လန့်သွားခဲ့တယ်ဆိုရင် မင်း စိတ်နာလေမလား မှန်းဆတွေးတောခဲ့ပေမဲ့ ကိုယ်က မင်းကို အရင်ကတည်းက ချစ်ခဲ့တယ်လို့ ယုံကြည်ထားတဲ့ မင်းဆီကို စိတ်နာခြင်း ခံစားမှုထက်အရင် မယုံနိုင်အောင် အံ့အားသင့်ခြင်း ခံစားမှုက ရှေ့ပြေးရောက်လာလိမ့်မယ်လို့ ထင်တယ်။

အဲဒီနေ့က စကားမပြောရဘူးလို့ ကိုယ်ပြောထားတဲ့ ယောက်ျားလေးတွေထဲက တစ်ယောက်နဲ့ မင်း စကားပြောနေတာ တွေ့လိုက်ရချိန်မှာ အရင်လို မင်းကို ဒေါသမထွက်ဘဲ ကမ္ဘာတစ်ခုလုံး ဆုံးရှုံးသွားသလို ကိုယ် ခံစားလိုက်ရတယ်။ ဝမ်းနည်းမှုကြောင့် ရင်ထဲမှာ လှိုက်ခနဲ နာကျင်သွားတော့ ချစ်သူများနေ့ အမှတ်တရပေးဖို့ မင်းအတွက် ယူလာတဲ့ နှင်းဆီပန်းစည်းကို လက်နဲ့ ခပ်တင်းတင်း ဆုပ်မိသွားဆဲ၊ နှင်းဆီဆူးများရဲ့ စူးရှမှုကို လျစ်လျူရှုဆဲ၊ ကြိုတင်ပြင်ဆင်လာတဲ့ ရင်ခုန်ဖွယ် ချစ်စကားအလှတွေလည်း လည်ချောင်းထဲတစ်ဆို့နေရာမှ ရင်ထဲပြန်လျှောကျကာ ထူးထူးဆန်းဆန်း ကိုယ့်ရှေ့ ဒူးထောက်နေကျ မင်း ပုံရိပ်အစား၊ မင်းရှေ့ဒူးထောက်နေတဲ့ ကိုယ့်ပုံရိပ်ကို မြင်ယောင်လာခဲ့တယ်။ မဟုတ်ဘူး၊ ကိုယ်ဘာတွေ မြင်ယောင်နေတာလဲ။ ဖြစ်တည်လာတဲ့ ခံစားမှုအသစ်ကို ငြင်းဆန်ရင်း၊ ကိုယ့်ကိုယ်ကိုလည်း အံ့ဩနားမလည်ရင်း နှင်းဆီပန်းစည်းကို ပစ်ချပြီး ထွက်လာဆဲ ကန်တင်းနဲ့ မလှမ်းမကမ်းမှာရှိတဲ့ သစ်ပင်အရောက်မှာ နောက်မှ အပြေးလိုက်လာတဲ့ မင်းက သူငယ်ချင်းက လူကြုံပစ္စည်း ပါးလိုက်လို့ပါ မောင်ဆိုတဲ့ ဖြေရှင်းချက်စကား ပြောလာတော့ မကြားဟန်ပြုရင်း အရင်လို မင်းကို ဒေါသနဲ့ တစ်ခုခု ပြောလိုက်ဖို့ ကြိုးစားနေမိတယ်။ ဒါပေမဲ့ မအောင်မြင်ပါဘူး။ ထူးဆန်းစွာပဲ မင်းကို ဒေါသထွက်လို့ မရတဲ့အတွက် ကိုယ့်ကိုယ်ကို ဒေါသထွက်နေဆဲ မင်းကြောင့် ဖြစ်ရတဲ့ ပထမဆုံး ဝမ်းနည်းကြေကွဲမှုကို တွန်းလှန်ဖို့ ကြိုးစားနေတဲ့ ကိုယ့်ကို မင်းရဲ့ မျက်ရည်ဝေ့သီနေတဲ့ မျက်ဝန်းလေးတွေက ချက်ချင်းပဲ မင်းကို ပွေ့ဖက် နှစ်သိမ့်လိုက်ဖို့ အမိန့်ပေးနေတယ်။ ကိုယ် နာကျင်ရအောင် ကိုယ်မကြိုက်တဲ့ အလုပ်ကို လုပ်ရက်တယ်လို့ မင်းကို အပြစ်ဖွဲ့ရင်း ညှံ့သက်စွာ အရှုံးပေးချင်လာတဲ့ ကိုယ့်စိတ် လွတ်ခနဲ တစ်ချက် ဖြစ်သွားချိန်မှာ မင်းကို ပွေ့ဖက်မိတော့မလို ဖြစ်သွားတယ်။ အဲဒီအချိန်မှာ မထင်မှတ်ဘဲ



www.burmeseclassic.com

www.burmeseclassic.com

ဖြုန်းခနဲ ရွာချလိုက်တဲ့မိုးက ကိုယ့်ကို သတိပေးလိုက်သလို ဖြစ်သွားပြီး ညပိုင်း ပြန်တွေးရင်း မင်းကို သနားတဲ့စိတ်ကြောင့် အိပ်မရအောင် ဖြစ်ရမယ့်အရာကို ရုတ်တရက် လုပ်ခဲ့တယ်။ မင်းကို ထားခဲ့ပြီး မိုးရေထဲ ကိုယ် ပြေးထွက်ခဲ့တာပါ။ ဟုတ်တယ်၊ မင်းကို ရင်မဆိုင်ရဲလို့ ကိုယ် ပြေးထွက်ခဲ့တယ်။ ကိုယ့် မျက်ဝန်းထဲက အချစ်အတွက် ကျရှုံးရိပ်ကို မင်း မမြင်စေချင်လို့ ကိုယ် ပြေးထွက်ခဲ့တယ်။

ကိုယ် မင်းနဲ့အတူတူ စာကြည့်လို့ မဖြစ်တော့တဲ့ အကြောင်း ဖွင့်မပြောချင်တော့ အကြောင်းတစ်မျိုးမျိုးပြပြီး ရှောင်ရှားလာတာ မင်းသတိထားမိနိုင်ပေမဲ့ ဘာကြောင့်လဲဆိုတော့ သိမယ် မထင်ဘူး။ မင်းနဲ့အတူတူ စာကြည့်တဲ့အခါမျိုးမှာ အရင်နဲ့မတူတဲ့ ကိုယ့်ပြောင်းလဲမှုက ခေါင်းထဲ စာမရောက်တော့တာပဲ။ ကိုယ်လေ မင်းမျက်နှာကို ငေးကြည့်ရခြင်းမှာ နှစ်သက်ကြည်နူးနေဆဲ တခြားဘာကိုမှ အာရုံမရှိတော့လို့ပါ။ ချစ်သူအချင်းချင်း ဒီလိုခံစားရတာ ဘာဆန်းလဲလို့ ပြောလို့ရပေမဲ့ ဒီလိုခံစားမှုမျိုးနဲ့ ကြုံတွေ့ရချိန်မှာ ကိုယ် ကြောက်နေကြောင်း ဝန်ခံလိုတယ်။ ဒီလိုခံစားမှု ဖြစ်လာပြီဆိုရင် ကိုယ့်မှာရှိတဲ့ ခွန်အားမှန်သမျှ အကုန်ပျောက်ဆုံးကာ မင်းအလိုကျ ပြုမူနေထိုင်ရင်း မင်းဆန္ဒအားလုံးကို လိုက်လျောနေချင်တော့တာပဲ။ အရင်လို မင်းအပေါ် အနိုင်ယူချင်တဲ့ ကိုယ်ကို မတွေ့နိုင်

ri f&U
acmbrnfrSS
t &rnfymbOf&Wvh
uk f[ m
uk fwmh
t &uf
raomuf bJ
rif faMumifh
r|ae&MyD
t if½Jvnf
½|ae&ygyD
[ eftDvk
r|aewJh t oHk d
vkyfyD
cyfv;av;
ajym&if fuRefwk
Ef&Sf, mufvk
½|aeMuwmyJ
r[ kvfvm;
armif fvk
rif fu
t wnfygu f
aemufvwfv, f

တော့ဘဲ အချစ်နတ်ဖမ်းစားခံရတဲ့ ကိုယ်အသစ်ကို ဖြုန်းခနဲ တွေ့ရခြင်းမှာ ကိုယ့်အဖြစ်ကို အံ့သြကြောက်ရွံ့ရင်း ထိန်းချုပ်နိုင်စွမ်းတွေ ပျောက်ဆုံးကုန်တော့ အတူစာကြည့်ခြင်း အလေ့အထကို စတင် ဖောက်ဖျက်သူဟာ ကိုယ်ဖြစ်လာတော့တာပဲ။

B.E စာသင်နှစ်လယ်မှာ သူငယ်ချင်းတွေနဲ့အတူ ပုဂံနဲ့မေမြို့ကို ပျော်ပွဲစားထွက်ကြတဲ့အချိန်မှာ မင်းနဲ့အတူတူ နေခွင့်ရတဲ့အချိန်တွေ အများကြီးရတော့ ပျော်ခဲ့ရပေမဲ့လည်း မင်းက ကျောင်းတွေပိတ်ရင် ဒီလိုအချိန်လေးတွေကို လွမ်းနေရတော့မှာပဲ မောင်၊ မောင်နဲ့အတူ ရှိနေချိန်လေးတွေကို ရပ်ထားလို့ရရင် သိပ်ကောင်းမှာပဲလို့ ဆိုလာတော့ အိပ်ချိန်ကလွဲပြီး အချိန်တိုင်း တွေ့နေရတာပဲကွာ၊ လောဘမကြီးလွန်းဘူးလားဟန်နီလို့ မင်းနဲ့ ဆန္ဒချင်းတူညီပေမဲ့ ဆန့်ကျင်ဘက်စကားကို ဗွတ်မိုတ်ပြောခဲ့တယ်။ ကိုယ့်စကားကြောင့် မင်း စိတ်မကောင်းဖြစ်သွားတာကို မြင်ရင် အရင်နဲ့မတူဘဲ မင်းနဲ့ထပ်တူ ခံစားနေရပေမဲ့ အရင်လိုဘာမှ မခံစားရတဲ့ပုံ ဟန်ဆောင်ရင်း ကိုယ့်ရဲ့ ပြောင်းလဲသွားတဲ့ အခြေအနေကို မင်းမသိစေဖို့ လျှို့ဝှက်ခဲ့မိတယ်။ ဒါပေမဲ့ ပုဂံရဲ့ နေဝင်ဆည်းဆာချိန်မှာ လွမ်းမျက်ရည်ရစ်ဝဲစ မင်းမျက်နှာပေါ် ဆည်းဆာရဲ့ အလင်းလှိုင်းလေးတွေ လှုပ်ခုန်စပြုလာရင်တော့ ချက်ချင်းပဲ မင်းကို ရင်ခွင်ထဲ ထွေးပွေ့ထားချင်စိတ်ကို ထိန်းချုပ်ရတာ ဘယ်လောက် ပင်ပန်းမှန်း မင်းမသိနိုင်ပါဘူး။ ဒါပေမဲ့ အဲဒီနေ့က ဆည်းဆာချိန်နဲ့ မိန်းကလေးတစ်ယောက် ပါဝင်တဲ့ မြတ်နိုးဖွယ် ပန်းချီကားတစ်ချပ်လို့ စိတ်လို လှည့်စားပြီး ကိုယ်မင်းကို လုံးဝ မထိခဲ့ပါဘူး။ ပြီးတော့ ဆည်းဆာချိန်နဲ့အတူ ကွယ်ပျောက်သွားမှာ မဟုတ်တဲ့ ကိုယ့်ရဲ့ နေမဝင် အလွမ်းများကို မင်းသိနိုင်မယ့် အရိပ်အယောင်လေး တစ်စွန်းတစ်စတောင်မှ မဖော်ပြခဲ့ပါဘူး။

မင်းနဲ့ကိုယ် နောက်ဆုံးတွေ့ဖြစ်တဲ့နေ့က ဘွဲ့ယူတဲ့နေ့ဖြစ်ပြီး အဲဒီနောက်ပိုင်း ရန်ကုန်က ကုမ္ပဏီတစ်ခုမှာ အလုပ်ဝင်နေတဲ့ ကိုယ်ဟာ M.E ဆက်တက်နေတဲ့ မင်းဆီ တစ်ခါမှ လာမတွေ့ဖြစ်ခဲ့ပါဘူး။ M.E တက်ခွင့်ရပေမဲ့ အလုပ်ထဲဝင်ခဲ့တဲ့ ကိုယ့်အတွက် မင်း စိတ်မကောင်းဖြစ်နေတာကို လျစ်လျူရှုနိုင်ခဲ့တဲ့ အကြောင်းရင်းက မင်းနဲ့ အဝေးဆုံးမှာ နေရလို့ပဲဆိုရင် အဝေးကနေ လွမ်းရတဲ့အဖြစ်ကို ခံနိုင်ပေမဲ့ အနီးမှာနေရင်း မရှောင်လွှဲနိုင်ဘဲ မင်းအချစ်မှာ ညှို့သက်စွာ ပျော်ဝင်နေရမယ့်အဖြစ်ကို မခံနိုင်ဘူးဆိုတာ မင်း မသိနိုင်ပါဘူး။ မင်းနဲ့ကိုယ် တစ်မြို့တည်း မဟုတ်ခြင်း၊ ကိုယ်အလုပ်များနေတယ်လို့ ယူဆခြင်း စတဲ့ အချက်တွေက ဝေးကွာစိမ်းသက်နေတဲ့ ချစ်သူတစ်ယောက်ကို နားလည်ပေးဖို့ မင်းအတွက် ဖြေသာစရာများ ဖြစ်ခဲ့ပေမဲ့ တမင်စိမ်းဖို့ ကြိုးစားနေတဲ့ ကိုယ့်ရင်ထဲမှာ နာကျင်မှုတွေကို မင်း ဘယ်တော့မှ ကိုယ်ချင်းမစာလိုက်ပါနဲ့။ အပြစ်ကျူးလွန်သူတစ်ယောက်အတွက် ကျူးလွန်တဲ့ အပြစ်နဲ့ ညီမျှတဲ့ အပြစ်ဒဏ်ဆိုတာ ရှိသင့်တယ်မဟုတ်လား။ တစ်ရက်က မင်း ဖုန်းဆက်လာချိန်မှာ ကိုယ် အစည်းအဝေးခန်း ဝင်နေခဲ့ပြီး ညို့အလုပ်စားပွဲမှာ ကိုယ့်ဖုန်း မေ့ကျန်ခဲ့တာမို့ ဖုန်းကိုင်လိုက်ရကြောင်း ညိုက ပြောလာချိန်မှာ တစ်ခုခု ဖြစ်တော့မယ်ဆိုတာ ရိပ်မိလိုက်ပါပြီ။ ကိုယ် ညှိုသည်တွေနဲ့ စကားပြောနေရလို့ မင်းဆီ ချက်ချင်း ဖုန်းမဆက်



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်ဘူး။ ကိုကိုတဲ့လား၊ ကျွန်မ ကျွန်မမှာ ဘာအပြစ်ရှိလို့လဲ မောင်ဆိုပြီး မင်းအသံ တိုးဝင် ပျောက်ကွယ်သွားတော့ ဖုန်းထဲမှာဖြစ်ပေမဲ့ မင်းဘယ်လောက် နာကျင်ခံစားနေရမှာကို ကိုယ်သိနေခဲ့တယ်။ ပြီးတော့ မင်းမျက်ရည်ကျနေမှာကို စိတ်သိဖြင့် မြင်ယောင်လာတော့ ကိုယ်ယောင်ပြီး ဘောင်းဘီအိတ်ကပ်ထဲက လက်ကိုင်ပဝါကို ထုတ်လိုက်မိတယ်လေ။ ဖြစ်ချင်တော့ လက်ကိုင်ပဝါလေးက နိုင်ရဲ့ အတိုကောက် N ဆိုတဲ့ အက္ခရာကို အဝါရောင်ချည်နဲ့ ထိုးထားတဲ့ဘက်က ဖြစ်နေတယ်။ ဒါကိုယ့်အနားမှာ အမြဲရှိနေတဲ့ မင်းရဲ့ အရိပ်ပေါင်းများစွာထဲက အရိပ်တစ်ရိပ်ပေါ့။

ကိုယ်နဲ့ညိုအကြောင်း မင်းကို ဖွင့်ပြောလိုက်တော့ အရင်ကတည်းက ကိုယ်နဲ့ ပတ်သက်ရင် ခွင့်လွှတ်နားလည်တတ်တဲ့ မင်းဟာ အပြစ်တင်စကားပြောခြင်းဖြင့် ကိုယ်စိတ်အနှောင့်အယှက်ဖြစ်အောင် မလုပ်ခဲ့သလို ကိုယ့်အောက်က ဝန်ထမ်းဖြစ်တဲ့ ညိုနဲ့ လမ်းခွဲလိုက်ဖို့လည်း မတောင်းဆိုခဲ့ပါဘူး။ ကိုယ်စိတ်ချမ်းသာမယ့် ဘာကိုမဆို လုပ်ဖို့ မင်းအနေနဲ့ ရင်အကွဲခံ ခွင့်ပြုလိုက်တာ ဘယ်လိုပါရမီတွေကြောင့်လဲ မေးစရာမလိုတော့ပေမဲ့ အခုလောက် ခွင့်လွှတ်နားလည်ပေးနိုင်လွန်းတာကို သိလိုက်ရတော့ ရင်ထဲမကောင်းဘူး။ မင်းကိုပြောခဲ့တာက ကိုယ်နဲ့ညို ချစ်သွားကြတယ်ဆိုတာဖြစ်ပြီး မင်းကို မပြောခဲ့တာက ကိုယ် ညိုကို မချစ်ဘူးဆိုတာပဲ။ ဟုတ်တယ်၊ ကိုယ် ညိုကို မချစ်ပါဘူး။ ဒါပေမဲ့ ညိုကတော့ ကိုယ့်ကို သိပ်ချစ်ပါတယ်။ ကိုယ်ချစ်ရသူတစ်ယောက်ထံမှာ ဒူးထောက်အရှုံးပေးရခြင်းကို ကိုယ် မုန်းတယ်။ ကိုယ်ချစ်ရသူတစ်ယောက်ကလွဲပြီး တခြားဘာမှ မစဉ်းစားချင်လောက်အောင် ညို့ချက်တစ်ခုမှာ ဝပ်စင်းနေရခြင်းကို ကိုယ် မုန်းတယ်။ အချိန်တိုင်း ကိုယ့်စိတ်အာရုံက သူရှိရာဆီ အမြဲပျံ့ဝဲနေခြင်းကို ကိုယ် မုန်းတယ်။ ကိုယ်ချစ်ရသူရဲ့အမိန့်တွေက ကိုယ်လိုက်နာရမယ့် စည်းကမ်းတွေ ဖြစ်နေခြင်းကို ကိုယ်မုန်းတယ်။ အဲဒီလို ကိုယ်ဟာ တစ်စုံတစ်ယောက်ကို အရူးအမူး တပ်မက်တွယ်ငြိ ချစ်မြတ်နိုးသွားမှာကို အကြောက်ဆုံးပါပဲ။ ကိုယ် အကြောက်ဆုံးအရာနဲ့ မုန်းတဲ့အရာတွေကြားမှာ အလွယ်တကူ ပျက်စီးသွားနိုင်တဲ့ နံရံပါးပါးလေးပဲ ရှိတာ မဟုတ်လား။ မင်းနဲ့ ချစ်သူအဖြစ် ဆက်ရှိနေမယ်ဆိုရင် ကိုယ် မုန်းတဲ့အရာတွေနဲ့ အမြဲ မိတ်ဆွေဖွဲ့ရတော့မှာမို့ မင်းကို စွန့်ခွာပြီး ညိုကို ရွေးချယ်ခဲ့တာပါ။ မင်းမဟုတ်တဲ့ တခြားတစ်ယောက်နဲ့ဆိုရင် ကိုယ့်ရဲ့ ချစ်ခြင်းတရားတွေ နိုးထ၊ သက်ဝင်လာစေဖို့ မဖြစ်နိုင်တော့လို့ ကိုယ် မဖြစ်ချင်တဲ့ အရာတွေ ဖြစ်လာဖို့ အကြောင်းမရှိတော့ဘူးလေ။

ကိုယ် ညိုကို လက်ထပ်တော့မယ့်အကြောင်း ဖွင့်ပြောတဲ့နေ့က ညိုကို လက်ထပ်မှာ မင်းကို မချစ်လို့ မဟုတ်ဘူးလို့ ပြောခဲ့တာဟာ ကိုယ့်အပေါ်မှာ အမှားမစွက် နက်နက်ရှိုင်းရှိုင်း ဖြစ်တည်ခဲ့တဲ့ မင်းရဲ့ ချစ်ခြင်းကို ဂုဏ်ပြုခြင်းထက်မကတာက ကိုယ့်အတွက် အမှန်တရားဖြစ်နေဆဲအရာကို နောက်ဆုံးအနေနဲ့ မင်းဆီမှာ ဝန်ခံချက်ပေးခြင်းပါပဲ။ ဒါပေမဲ့ ကိုယ့်ကို နာကျင်ပြုံးနဲ့ တိတ်တဆိတ်ငေးမောနေတဲ့ မင်းမျက်ဝန်းတွေကို မြင်လိုက်ရတော့ မင်းနာကျင်အောင် ထပ်လုပ်မိပြန်ပြီလို့ တွေးမိတယ်။ တကယ်တော့ ကိုယ့်လို ယောကျ်ားတစ်ယောက်ရဲ့ ရှောင်ပြေးတတ်တဲ့၊ သတ္တိကြောင်တဲ့ အချစ်ကို မင်း လှောင်ပြုံးနဲ့ အထက်စီးကနေ ကြည့်ပြီး ကိုယ့်အပေါ်မှာ မင်းရဲ့ လွှမ်းမိုးမှု ရှင်သန်နေဆဲအဖြစ်ကို ကျေနပ်သင့်တာပေါ့။ ဒါပေမဲ့ မင်း မျက်ဝန်းတွေမှာ မြဲတဲ့ ချစ်ခြင်းတရားကိုသာ အခိုင်အမာ တွေ့နေရတော့ ကိုယ် တဒင်္ဂ ရူးသွားသလိုပါပဲ။ ဒါပေမဲ့ ဒီလိုဖြစ်သွားခြင်းက အလေ့အထတစ်ခုလို စွဲမြဲနေတဲ့ ကိုယ့်စိတ်ခံစားမှုကို ချိုးဖျက်ပစ်ဖို့ မတတ်နိုင်တော့ ကိုယ် စည်းဝိုင်းအတွင်းမှာပဲ နေခဲ့ပါတယ်။ ကိုယ်ကိုယ်တိုင် တားထားတဲ့စည်းက သိပ်ခိုင်မာလွန်းတော့လည်း ကိုယ်တိုင် ချိုးဖျက်ဖို့ မဖြစ်နိုင်တော့ဘူးလေ။ ကိုယ်ဟာ ညိုကို မချစ်ဘဲ မင်းကို ချစ်နေဆဲဆိုတာ သေချာတယ်။ ဒါကြောင့်လည်း မင်းနဲ့အဝေးဆုံးမှာ ကိုယ် အမြဲရှိနေမှာဆိုတာလည်း သေချာပါတယ်။ ■

**ရဲစွမ်းနေ**

အယ်ဒီတာအဖွဲ့
အခန်း (၄-၀၁)
တိုက်အမှတ် ၁၇/၁၉
၃ လွှာ၊ ၅၂လမ်း
(အောက်ဘလောက်)
ဗိုလ်တထောင်မြို့နယ်
ရန်ကုန်
ဖုန်း-၀၁-၉၀၁၀၅၀၁
E-mail:
nyeinfamily@gmail.com



www.burmeseclassic.com

www.burmeseclassic.com

မကြာသေးမီက ဂျာနယ်တစ်စောင်တွင် *'သန့်လျင်ရှိ ရှေးအကျဆုံး ကက်သလစ်ခရစ်ယာန်ဘုရားရှိခိုးကျောင်း နှစ်ပေါင်း ၂၆၉ နှစ်အကြာ ပထမဆုံးအကြိမ် မြေသန့်စင်မင်္ဂလာကျင်းပ'* ဆိုသည့် ခေါင်းစဉ်နှင့် *'ပေါ်တူဂီဘုရားကျောင်းတွင်ရှိသော အုတ်ဂူမှာ ဇေင်ကာ၏ဂူမဟုတ်၊ ခရစ်ယာန်အမျိုးသမီး တစ်ဦး၏ ဂူသာဖြစ်ဟု ဦးလားဇင် ပြောဆို'* ဟူသည့် ခေါင်းစဉ်တို့ဖြင့်



# မောင်သန်းဆွေ(ထားဝယ်)

## သန့်လျင်ရှိနတ်သျှင်နောင်နှင့်ဇေင်ကာတို့၏ ဂူသချိုင်းဆိုသည်များမှာ မှန်မမှန်

သတင်းများပါလာသည်ကို ဖတ်လိုက်ရသည်။ စာရေးသူအနေဖြင့် ထိုသတင်းများကို ဖတ်ပြီး အလွန်ဝမ်းသာသွားသည်။ သန့်လျင်ရှိ နတ်သျှင်နောင်နှင့် ဇေင်ကာတို့၏ ဂူသင်္ချိုင်းဆိုသည်များမှာ အစစ်အမှန်ဟုတ်မဟုတ်ဆိုသည်ကို ပြောချင်သည်မှာ ကြာပါပြီ။ မည်သူက မည်သည့်အချိန်မှာ ပေါ်တူဂီဘုရားကျောင်းတွင်ရှိသော အုတ်ဂူမှာ ဇေင်ကာ၏ဂူ၊ ကျိုက်ခေါက်စေတီတော်မြတ်ကြီး ကုန်းစောင်းပေါ်မှ ဂူသင်္ချိုင်းမှာ နာမည်ကျော် စာဆို နတ်သျှင်နောင်၏ ဂူသင်္ချိုင်းဟူ၍ ဖန်တီးခဲ့သည်မသိ။ ဤအကြောင်း မှန်၊ မမှန်ကို လူအများ သိစေချင်နေသည်။ ထို့ကြောင့် ယခု ဤဆောင်းပါးကို ရေးလိုက်ရခြင်းဖြစ်ပါသည်။ သန့်လျင်ရှိ နတ်သျှင်နောင်နှင့် ဇေင်ကာတို့၏ ဂူသင်္ချိုင်းဆိုသည်များမှာ **မှန်မမှန်** ဆိုသည်ကို သမိုင်းပညာရှင်များ သိကြပါသည်။ တစ်နေ့ကပင် စကားစပ်၍ 'မြန်မာ့သမိုင်းအဖွဲ့မှ ဒုဥက္ကဋ္ဌ ၂ ဒေါက်တာတိုးလှ၊ အတွင်းရေးမှူး ဒေါက်တာကျော်ဝင်းတို့နှင့် ဤကိစ္စပြော



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



သန်လျင်မြို့ ကျိုက်ခေါက်စေတီတော်မြတ်ကြီး ကုန်းဇောင်းပေါ်၌ တွေ့ရသည့် နတ်သျှင်နောင်၏ ဂူဘုရားဟုပြောသည့် ဂူသင်္ချိုင်း

ကြရာမှာ သူတို့လည်း မယုံကြည်ကြောင်း၊ နတ်သျှင်နောင်ဂူသင်္ချိုင်းဆိုသည်အနီးတွင် **ဝန်ကြီးပဒေသရာဇာ**၏ ဂူသင်္ချိုင်းဆိုသည်ပင် ရှိသေးကြောင်း ပြောကြပါသည်။

စာရေးသူတို့ ရန်ကုန်တက္ကသိုလ်တွင် မဟာဝိဇ္ဇာ(သမိုင်း) အရည်အချင်းစစ်တန်းတက်နေစဉ်က သူငယ်ချင်းလေးယောက်စုပြီး သန်လျင်သို့ သွားကြပါသည်။ နတ်သျှင်နောင်၏ ဂူသင်္ချိုင်းကိုကြည့်ရန် ဖြစ်သည်။ ထိုစဉ်က ရန်ကုန် - သန်လျင်တံတားကြီးပင် မတည်ဆောက်ရသေးပေ။ ဇက်နှင့်ကူးသွားရသည်။ ဇက်ပေါ်တွင် စာရေးသူ၏ ကားကို တင်သွားရ၏။ ထိုစဉ်က စာရေးသူတို့ မြင်ခဲ့ရသည့် နတ်သျှင်နောင်ဂူသင်္ချိုင်းဆိုသည်မှာ ကျိုက်ခေါက်စေတီကြီးသို့ မရောက်ခင် လမ်းဘေးတွင်ဖြစ်၏။ အုတ်နီခဲများသာကျန်တော့ပြီး ချုံနွယ်ပိတ်ပေါင်းများနှင့် ဖုံးအုပ်နေသည်။ ယခု ပြောဆိုပြသနေကြသော သင်္ချိုင်းဂူစေတီ မဟုတ်ပါ။ ယခု သင်္ချိုင်းဂူက စေတီပုံဖြစ်ပြီး ကျိုက်ခေါက်စေတီတော်ကြီး၏ ကုန်းဇောင်းပေါ်တွင် ဖြစ်သည်။

စာရေးသူတို့ သူငယ်ချင်းလေးယောက် နောက်တစ်နေ့ ကျောင်းသို့ ပြန်ရောက်သောအခါ နတ်သျှင်နောင်ဂူသင်္ချိုင်းကြည့်ရန် သန်လျင်သို့ သွားကြသည့်သတင်း မည်သို့ပေါက်ကြားသွားသည်မသိ။ ဆရာ ဒေါက်တာသန်းထွန်းက -

"ဟေ့ကောင်တွေ . . . မင်းတို့တညင်ကိုသွားကြတယ်ဆို၊ နတ်သျှင်နောင်ဂူ သွားကြည့်ကြတယ် မဟုတ်လား။ မင်းတို့ကို နတ်သျှင်နောင်ဂူလို့ ဘယ်သူကပြောလဲ။ မရှုးကြနဲ့၊ အဲဒါ နတ်သျှင်နောင်ဂူ မဟုတ်ဘူး။ ကားစင်မှာ ကုလားဇေင်ကာနှင့်အတူ အသတ်ခံရကြောင်း စပ်ထားတဲ့စာတောင် ရှိတယ်။ ဇေင်ကာဆိုတဲ့ ပေါ်တူဂီ ဖီလစ်ဒီဘရစ်တိုနဲ့အတူ ကားစင်မှာတင်ပြီး သတ်ပစ်ခံရတဲ့ ရာဇဝတ်သားနှစ်ယောက်ကို ဘယ်သူက သင်္ချိုင်းလုပ်ခွင့်ပေးမှာလဲ။ ဗိုလ်ချုပ်အောင်ဆန်းကို သတ်တဲ့ ဦးစောကို ကြိုးပေးသတ်လိုက်တော့ ဦးစောဂူသင်္ချိုင်းဆိုတာ မင်းတို့ မြင်ဖူးလား"

ဟု ကြမ်းကြမ်းတမ်းတမ်းနှင့် ပြောဆိုပြီး ဆဲခြင်းကို ခံရပါသည်။ စာရေးသူတို့လည်း ငယ်ရွယ်သေး၍ ကြားဖူးနားဝနှင့် သွားကြည့်ကြခြင်း ဖြစ်ပါသည်။

တစ်လောက မြန်မာ့သမိုင်းအဖွဲ့မှ အဖွဲ့ဝင် ဦးသန်းလွင်နှင့် ဤအကြောင်းအရာများ စကားစပ်မိကြပြီး ဆရာသန်းထွန်း၏ အဆဲကို ခံရကြောင်း ပြောပြရာမှ ဦးသန်းလွင်က ဆရာသန်းထွန်း ဤနတ်သျှင်နောင်ဂူသင်္ချိုင်းကိစ္စကို ဆောင်းပါးရေးဖူးကြောင်း သေသေချာချာ ပြောပြပါသည်။ စာရေးသူ သတိမထားမိပါ။

ဤဆောင်းပါးရေးရန် တစ်နေ့က သန်လျင်သို့ သွားပြီး နတ်သျှင်နောင်ဂူသင်္ချိုင်းကို သွားရှာကြည့်သည်။ ကျိုက်ခေါက်ဘုရားပွဲ ကျင်းပတော့မည်ဖြစ်၍ ပွဲဈေးတန်းများပင် ဆောက်နေကြပြီ။ ထိုဈေးသည်များ ပြောပြချက်အရ ကျိုက်ခေါက်စေတီ မြောက်ဘက်စောင်းတန်းမှ တက်သွားပြီး ကြည့်ရသည်။



www.burmeseclassic.com

www.burmeseclassic.com

ဘုရားကုန်းဇောင်းတွင် ဝင်းခြံခတ်၍ ထားသည့် နတ်သျှင်နောင်ဂူဘုရား ဆိုသည်ကို မြင်ခဲ့ရပါသည်။ ခြံစပ်တွင် အောက်ပါအတိုင်း စာရေးထားပါသည်-

*သာသနာရေးနှင့်*
*ယဉ်ကျေးမှုဝန်ကြီးဌာန*
*ရှေးဟောင်းသုတေသနနှင့်*
*အမျိုးသားပြတိုက် ဦးစီးဌာန*
***နတ်သျှင်နောင်***
***အထိမ်းအမှတ် ဂူဘုရား***
*ခရစ်နှစ် (၁၅၇၈-၁၆၁၂)*
***သတိပေးတားမြစ်ချက်***

*"ဤအဆောက်အအုံကို ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ တာဝန်ယူထိန်းသိမ်းထားပါသည်။*

*ဤအဆောက်အအုံကို ဖျက်ဆီးခြင်း၊ ကျူးကျော်ဝင်ရောက်ခြင်း၊ ရှေးဟောင်းဝတ္ထုပစ္စည်းရှာဖွေခြင်းအလို့ငှာ တူးဖော်ခြင်း၊ ဖောက်ထွင်းခြင်း မပြုလုပ်ရ။*

*ဤအဆောက်အအုံ မြင်ကွင်း၊ ထည်ဝါခံ့ညားမှုနှင့် ပတ်ဝန်းကျင်သဘာဝမြင်ကွင်းကို ထိခိုက်ဟန့်တား နှောင့်ယှက်ခြင်းမပြုလုပ်ရ၊ ပတ်ဝန်းကျင်ညစ်ညမ်းမှု မဖြစ်စေရ။*

*အထက်ပါ တားမြစ်ချက်တစ်ခုခုကို ဖောက်ဖျက်ကျူးလွန်ပါက ပြဋ္ဌာန်းထုတ်ပြန်ထားသည့် ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းရေးဆိုင်ရာ တည်ဆဲဥပဒေများအရ ထိရောက်စွာ အရေးယူခြင်းခံရမည်။"*

***ရှေးဟောင်းသုတေသနနှင့်***
***အမျိုးသားပြတိုက်ဦးစီးဌာန***

❑

ဆိုင်းဘုတ်ကိုဖတ်ပြီး စာရေးသူအတော်ဝမ်းမြောက်သွားသည်။ အဘယ်ကြောင့်ဆိုသော် စာရေးသူက ၂၀၁၂ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ ယဉ်ကျေးမှုဝန်ကြီးဌာနတွင် ဒုတိယဝန်ကြီးအဖြစ်

**ew&Sfemi ESh iZifumwbonf &mZOwfomrsm; taejzifh towf c&Mohomalumifh olwdkY tavmifrsm;ukd rnfonf *bcsKyf jyKvkyf jrifEdkifonf r[kwfalumif; orkdyfnm&SifwdkY , lqMujcif; jzpfonf**

တာဝန်ယူခဲ့ရ၍ ဖြစ်ပါသည်။ မူလက ယဉ်ကျေးမှုဝန်ကြီးဌာနတွင် ဌာနကြီးသုံးခုရှိသည်။ အနုပညာဦးစီးဌာန (ညွှန်ချုပ်တစ်ဦး)၊ ရှေးဟောင်းသုတေသနဦးစီးဌာန(အမျိုးသားပြတိုက်နှင့် အမျိုးသားစာကြည့်တိုက်)(ညွှန်ချုပ်တစ်ဦး)၊ သမိုင်းသုတေသနဦးစီးဌာန(ညွှန်ချုပ်တစ်ဦး) ဟူ၍ ဖြစ်သည်။ စာရေးသူဒုဝန်ကြီးအဖြစ် တာဝန်ယူသည့် လက်ထက်တွင် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဌာန ဟူ၍ ညွှန်ချုပ်တစ်ဦးစီ အုပ်ချုပ်ရန် ဝန်ကြီးက ပြန်ပြင်ခဲ့သည်။ ယခု ဤဆိုင်းဘုတ်ကို ကြည့်ပြီး ဆိုင်းဘုတ်အထက်ဆုံး၌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနဟု ပါနေ၍ စာရေးသူတို့လက်ထက်မှ မဟုတ်ကြောင်း သိသာသည်။ စာရေးသူတို့လက်ထက်က ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် သာသနာရေးဝန်ကြီးဌာန မပေါင်းသေးချေ။ ယခုလက်ရှိ အစိုးရလက်ထက်ရောက်မှ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနပေါင်းလိုက်ပြီး ဝန်ကြီးတစ်ဦးအောက်တွင် ထားလိုက်ခြင်းဖြစ်သည်။ သို့ဖြစ်၍ ဤဆိုင်းဘုတ်သည် ယခုအစိုးရလက်ထက်တွင်မှ ရေးခဲ့ပုံရသည်။

စာရေးသူ ဤသို့ရေးနေခြင်းမှာ လက်ရှိအစိုးရ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနကို အပြစ်တင်နေခြင်း မဟုတ်ပါ။ ရှေးဟောင်းသုတေသနဌာနသည် သမိုင်းမှန်မမှန်ကို ကြည့်ရန်မဟုတ်၊ အဆောက်အဦတစ်ခု နှစ်တစ်ရာပြည့်လျှင် ရှေးဟောင်းအမွေအနှစ်ဟု သတ်မှတ်လိုက်တော့သည်။ ထို့ကြောင့် နှစ်တစ်ရာအထက်မှ အဆောက်အဦများကို ထိန်းသိမ်းစောင့်ရှောက်ခြင်းဖြစ်သည်။

သမိုင်းမှန်မမှန်ကို စိစစ်ရန်မှာ သမိုင်းသုတေသနဦးစီးဌာနကသာ ပြုရသည်။ ယခု သမိုင်းသုတေသနဦးစီးဌာနမှ စိစစ်ပြီး၍သာ ရှေးဟောင်းသုတေသနဌာနအနေဖြင့် ဤဆိုင်းဘုတ်ကို ရေးခြင်းဖြစ်ပုံရသည်။ စာရေးသူအနေနှင့် ယခုအခါ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သမိုင်းသုတေသနနှင့် စာကြည့်တိုက်ဦးစီးဌာနလက်အောက်ရှိ မြန်မာ့သမိုင်းအဖွဲ့တွင် ဒုဥက္ကဋ္ဌ ၁ အဖြစ် တာဝန်ထမ်းဆောင်နေရသဖြင့် ဤစာကို ရေးလိုက်ရခြင်းဖြစ်သည်။ သမိုင်းမှန်၊ မမှန်ကို စိစစ်ရမည်။ သမိုင်းအမှန်ကို ဖော်ထုတ်ရမည်။

နတ်သျှင်နောင်၏ ခမည်းတော် တောင်ငူရွှေနန်းတည်မင်း နတ်ရွာစံသွားပြီးနောက် ၂၇-၇-၁၆၀၉ တွင် နတ်သျှင်နောင်သည် သီဟသူရဘွဲ့ခံယူ၍ တောင်ငူဘုရင် ဖြစ်လာသည်။ ညီတော်ဖြစ်သူ မင်းရဲကျော်ထင်အား အိမ်ရှေ့ဥပရာဇာအဖြစ် ခန့်အပ်ခဲ့သည်။ အင်းဝဘုရင် မဟာဓမ္မရာဇာနှင့် တောင်ငူဘုရင် နတ်သျှင်နောင်တို့သည် ဝမ်းကွဲညီကို



www.burmeseclassic.com

www.burmeseclassic.com

တော်များဖြစ်သည်။ သို့သော် မဟာဓမ္မရာဇာသည် တောင်ငူကို တိုက်ခိုက်ရန်ပြုရာ၌ နတ်သျှင်နောင်နှင့် ပြေလည်သွားခြင်းဖြင့် တောင်ငူသည် မဟာဓမ္မရာဇာမင်း လက်အောက်ခံ ဖြစ်ခဲ့ရသည်။ နတ်သျှင်နောင်ကိုပင် တောင်ငူကို အုပ်ချုပ်ရန် တာဝန်ပြန်လည်ပေးအပ်ခဲ့သော်လည်း တစ်ထီးတစ်နန်းနှင့် အုပ်ချုပ်ခွင့် မရတော့ပေ။ တောင်ငူနန်းသည် မြန်မာ့နန်းဓလေ့ထုံးစံအရ ထီးဆောင်းမင်း မဟုတ်တော့သဖြင့် မှန်ကင်းကို ချလိုက်ရသည်။ ထို့ကြောင့် နတ်သျှင်နောင်၏ နိုင်ငံရေးအရ မကျေနပ်ချက်များကြောင့် သန်လျင်စား ဇေင်ကာနှင့် ပေါင်းဖြစ်သွားခြင်းဖြစ်သည်။ နတ်သျှင်နောင်သည် သန်လျင်သို့ပင် ဇေင်ကာနှင့် လိုက်ပါသွားသည်။ ၁၅·၁၂·၁၆၁၂ ခုနှစ်တွင် အင်းဝဘုရင် မဟာဓမ္မရာဇာသည် သန်လျင်သို့ ချီတက်သိမ်းပိုက်သည်။ သန်လျင်စား ဇေင်ကာရှုံး၍ ဇေင်ကာနှင့်အတူ နတ်သျှင်နောင်ကိုပါ ကားစင်တင် အသတ်ခံရသည် ဆို၏။

ထို့ကြောင့် နတ်သျှင်နောင်နှင့် ဇေင်ကာတို့သည် ရာဇဝတ်သားများအနေဖြင့် အသတ်ခံရသောကြောင့် သူတို့၏ အလောင်းများကို မည်သို့မျှ ဂူသင်္ချိုင်းပြုလုပ်၍ မြှုပ်နှံမည်မဟုတ်ကြောင်း သမိုင်းပညာရှင်တို့က ယူဆကြခြင်း ဖြစ်သည်။ တောင်ငူဘုရင် နတ်သျှင်နောင်၏ ရုပ်ကလာပ်ကို ညီတော်မင်းရဲကျော်ထင်က ကျိုက်ခေါက်ဘုရားအနီးတွင် သင်္ဂြိုဟ်ခဲ့ရသည်။ အင်းဝဘုရင် မဟာဓမ္မရာဇာ(အနောက်ဘက်လွန်မင်း)က နတ်သျှင်နောင်အား ကောင်းမွန်စွာ သင်္ဂြိုဟ်ရမည်ဟု အမိန့်တော်ချမှတ်ခဲ့သဖြင့် ဟု ဆိုသည်။ ဤကြောင့်လည်း အချို့က သန်လျင်ကျိုက်ခေါက်ဘုရားအနီးမှ နတ်သျှင်နောင်၏ ဂူသင်္ချိုင်းကို အမှန်ဖြစ်သည်ဟု ယူဆကြခြင်း ဖြစ်သည်။

သန်လျင်ရှိ ကက်သလစ်ဘုရားရှိခိုးကျောင်းအတွင်းရှိ သင်္ချိုင်းမှာ မည်သို့ပင် ဇေင်ကာ၏ ဂူသင်္ချိုင်းဟု ပြောနေစေကာမူ ပေါ်တူဂီဘာသာ မြန်မာပြန်ဆိုချက်တွင် (သန်လျင်မြို့သူ အသက် ၄၈ နှစ်အရွယ်ရှိ အန်ထော်နီ ဖနင်ဒတ်၏ ဇနီး မေရီယာဒိတ် ၁၇၃၂၊ မတ်လ ၂ ရက်နေ့တွင် ကွယ်လွန်သဖြင့် မြှုပ်နှံသည်)ဟု အဓိပ္ပာယ်ရပါသည်။ သန်လျင်ရှိ သင်္ချိုင်းကမ္ပည်းကျောက်စာကို ဘီအိုစီကုမ္ပဏီက အဆောက်အဦဆောက်လုပ်ရန် ဘုရားရှိခိုးကျောင်းပျက်ကြီးအနီးတွင် မြေတူးရာမှ တွေ့ရှိခဲ့၍ ပြောင်းရွှေ့မြှုပ်နှံထားသည်ဟုလည်း ဆိုသည်။ ထိုကြောင့်လည်း အထက်ဖော်ပြပါဂျာနယ်တွင် ဦးလားဇင် ဆိုသူက အုတ်ဂူမှာ ဇေင်ကာ၏ဂူမဟုတ်၊ ခရစ်ယာန်အမျိုးသမီးတစ်ဦး၏ ဂူသာဖြစ်သည်ဟု ပြောခြင်းဖြစ်သည်။ ထိုကြောင့် ဇေင်ကာ၏ ဂူသင်္ချိုင်းကိစ္စမှာ ရှင်းသွားပြီ။ သန်လျင်ရှိ ဇေင်ကာ၏ ဂူသင်္ချိုင်း ဆိုသည်မှာ မမှန်။

ပြဿနာမှာ နတ်သျှင်နောင်၏ ဂူသင်္ချိုင်းကိစ္စသာ ဖြစ်သည်။ သမိုင်းပညာရှင်အများစုက နတ်သျှင်နောင်၏ ဂူသင်္ချိုင်းမဟုတ်ဟု ယူဆကြသည်။ သို့သော် အနောက်ဘက်လွန်မင်း အမိန့်ဖြင့် ညီတော်မင်းရဲကျော်ထင်က သင်္ဂြိုဟ်ခဲ့ရသည်ဟု ဆိုသည့်အချက်က ရှိနေသည်။ ဦးကုလား မဟာရာဇဝင်ကြီး (တတိယအုပ်) စာမျက်နှာ ၁၃၈ ဇေင်ကာနှင့် နတ်သျှင်နောင်ခေါင်းစဉ်အောက်တွင် အတိအလင်း ပါသည်။

ညီတော် မင်းရဲကျော်ထင်က တိုက်စေတီတည်၍ အရိုးအိုးကို ဌာပနာခဲ့သည်။ ဆွေတော်မျိုးတော်တို့ကလည်း ဘုရားဓာတ်တော် ဆင်းတုတော်များကို အထက်တိုက်ဌာပနာခန်း၌ ထည့်သွင်းခဲ့ကြသည် ဆိုပါသည်။ ထို့ကြောင့် နတ်သျှင်နောင်သင်္ချိုင်းဟုပင် မခေါ်ဘဲ နတ်သျှင်နောင်ဂူဘုရားဟု ခေါ်ဆိုကြခြင်း ဖြစ်ဟန်တူသည်။

သန်လျင်ရှိ နတ်သျှင်နောင်ဂူသင်္ချိုင်းဆိုသည်မှာ မှန်၊ မမှန်ကို ဆုံးဖြတ်ရန် ခက်နေပါသည်။ ■

**မောင်သန်းဆွေ၊ထားဝယ်၊**

ရုပ်စုံမဂ္ဂဇင်း

**ဖြန့်ချိရေး**

စာပေ

အမှတ် ၁၃၃
လမ်း ၄၀
ကုန်သည်လမ်းနှင့်
မဟာဗန္ဓုလလမ်းကြား
ကျောက်တံတားမြို့နယ်
ရန်ကုန်မြို့
ဖုန်း
၀၁-၈၃၉၈၂၂၀



www.burmeseclassic.com

www.burmeseclassic.com



ကိုကိုသန့်ဇင်

# ရောရဝကိုတွေ့ခဲ့သည်

"ကဲ…အားလုံးပဲ ဩကာသ ကန်တော့ချီးနဲ့ စလိုက်ရအောင်"

ဦးပဌင်းက ထိုသို့စ၍ မြွက်ဟလိုက်သည်နှင့် တရားနာ ပရိသတ်တို့သည် ဩကာသကန်တော့ချီးကို ညီညာဖြိုဖြို စတင်၍ ရွတ်ဆို ကန်တော့ကြပါတော့သည်။ အချိန်ကာနံနက်ဆယ့်တစ်နာရီ။ အကြိမ်က သုံးကြိမ်မြောက် သီလပေးနေခြင်းဖြစ်သည်။

ဦးပဌင်းသည် ဏှခေါ်ရရ ထိုင်လျက်မှ ဆက်ကပ်ထားသော ရေဖန်ခွက်ကိုယူ၍ သောက်လိုက်သည်။ တစ်မနက်လုံး သီလပေးရ၊ တရားဟောရနှင့်မို့ လည်ချောင်းကလည်း အနည်းငယ် နာနေ၏။ ပါးစပ်ပိတ်လျက်မှ "အဟင်း…" လည်ချောင်းတစ်ချက် ရှင်းလိုက်သည်။ တရားနာပရိသတ်အပေါင်းကိုလည်း ပလ္လင်ပေါ်ကနေ မျက်လုံးတစ်ချက်ဝေ့၍ ကြည့်ရပါသေးသည်။ တရားနာ ပရိသတ်ပေါင်း ရှစ်ဆယ်ဝန်းကျင်ခန့် ရှိ၏။ သူ့ကျောင်းတိုက်ခန်းကလည်း ထိုမျှလောက်ပဲဆံ့ပါသည်။ ကျောင်းမြဝန်းလေးကတော့ ကျပ်ကျပ်တည်းတည်း နေမည်ဆိုလျှင် လူ နှစ်ရာဝန်းကျင်ခန့် ဆံ့မည်ထင်၏။ ပေငါးဆယ် ပတ်လည် မြေကလေးနှင့် တစ်ထပ်တိုက်ကလေးကို ငှားရမ်း၍ ဘုန်းကြီးကျောင်းအဖြစ် ပြုလုပ်ထားရခြင်းမို့ နေရာ အခက်အခဲများစွာ ဖြစ်လာသည်။ ယခုလို အခါကြီး ရက်ကြီးဆိုလျှင် ဒည့်ပရိသတ်က များလွန်း၍ သုံး၊လေး သုတ်ခွဲကာ တရားဟောရ၊ သီလပေးရပါသည်။

မြေကလေးက ကျဉ်းသော်လည်း ဦးပဌင်းသည် အမြော်အမြင် ကြီးမားစွာဖြင့် ဤကျောင်းလေးကို တည်ထောင်ခဲ့ခြင်းဖြစ်သည်။ ယခုဆိုလျှင် သုံးနှစ်ပင် ပြည့်မြောက်တော့မည်။ ဤမြို့ကလေးသည် နယ်မြို့ကလေး ဆိုသော်လည်း စက်ရုံ၊ အလုပ်ရုံ ပေါများလှ၏။ အကျိုးဆက်အဖြစ် ဗုဒ္ဓဘာသာ မြန်မာ လူမျိုးများကလည်း များလှပါသည်။ သဗ္ဗါထက်သန် လှသော ထိုရွှေ့ပြောင်းအလုပ်သမားထုကြီးကြောင့် သူ့ကျောင်းလေးတွင် ပစ္စည်းလေးပါး ဒါယကာတွေက အလျှံအပယ်ပင် ဖြစ်၍နေပါတော့သည်။ ဆွမ်း၊ ဆေး အမှုကိစ္စများအတွက် ဘာမျှ ကြောင့်ကြစရာ မလိုဘဲ တရားအလုပ်ကို စိတ်ဖြောင့်ဖြောင့်ဖြင့် လုပ်နိုင်၏။ တစ်လ၊ တစ်လ ပေးရသော မြေနှင့် အိမ်ငှားခကိုပင် ဒကာ နှစ်ဆယ်ယောက်လောက်က စုပေါင်း၍ ပဒေသာပင် စိုက်ထူထားကြ၏။ ထိုသို့လှူဒါန်းလိုသူများ ပေါသော်လည်း ဤကျောင်းကလေးကို လွယ်လွယ်နှင့် တည်ထောင်၍ရခဲ့ခြင်းတော့ မဟုတ်ပါ။ သူတို့နိုင်ငံ၏ သက်ဆိုင်ရာ အာဏာပိုင်များထံသို့ အခါခါသွား၍ အချိုကြိုက်လျှင်အချို၊ အချဉ်ကြိုက်လျှင်အချဉ် ကျွေးပြီးမှ



www.burmeseclassic.com

www.burmeseclassic.com

ဇုဒ္ဓသာသနာကို ထွန်းကားစေခဲ့ရ၏။

ကိုယ်ကာယ တောင့်တောင့်၊ အသားအရေကြည်ကြည်၊ ဦးပြည်းစိမ်းစိမ်းနှင့်မို့ ဦးပဥ္စင်း၏ ရုပ်လက္ခဏာကို မြင်သူတကာက ကြည်ညိုကြသည်။ အပေါကောင်း၊ အပြောကောင်းမို့ အလုပ်သမားထု အားလုံး၏ ဆည်းကပ်ခြင်းကို အကြွင်းမဲ့ ခံယူထားရသူလည်း ဖြစ်၏။ သကြိန်၊ ဝါဆိုလပြည့်၊ သီတင်းကျွတ်၊ တန်ဆောင်တိုင် စသဖြင့် ရာသီအလိုက် ဘာသာရေးပွဲများကိုလည်း ဦးပဥ္စင်းကိုယ်တိုင် ဦးဆောင်၍ စည်ကားစွာ ကျင်းပပါသည်။ စေတနာ ပြည့်ဝန်းပြီး လှူဒါန်းကြသော သူတွေကလည်း မိုးရေစက်တွေ သွန်ချနေသကဲ့သို့ တဖွဲဖွဲပင် ဖြစ်သည်။

သည်တစ်ကြိမ် ကထိန်ပွဲကလည်း တနင်္ဂနွေနေ့နှင့် တိုက်သွား၍ စည်အတော်စည်၏။ ဦးပဥ္စင်းသည် Ringgit(မလေးရှား ငွေ)များဖြင့် သီတန်းအလှဆင်ထားသော ပဒေသာပင်များနှင့် လှူဖွယ်အစုစုများကို ကြည့်၍ သာဓုအကြိမ်ကြိမ် ခေါ်နေမိ၏။ ဆရာ၊ ဒကာညီလှ၍ သူ့ဘုန်းကံကိုလည်း ကျေနပ်နေမိ၏။ ဘယ်တော့မှ လူမထွက်ဘဲ ယခုလိုပဲ သာသနာပြုပြီး နေတော့မည်ဟုလည်း နိုင်ကြည်စွာပင် သန္နိဋ္ဌာန်ချ၍ ထားခဲ့လိုက်ပါတော့သည်။

❑

ဩကာသကန်တော့ချိုးဖြင့် ရွတ်ဖတ် ပူဇော်နေကြသော ပရိသတ်ကို ပီတိအငွေးများကြားမှ ဒုတိယမ္ပိ လှမ်း၍ ကြည့်လိုက်မိပြန်၏။ ခပ်လှမ်းလှမ်း အလယ်လောက်က လူတစ်ယောက်ကို မြင်တော့ ဦးပဥ္စင်းသည် အံ့ဩလျက်မှ ကြောင်သွားပါသည်။ တင်ပျဉ်ခွေ ထိုင်နေရာကနေ မိုက်ကို ဘယ်လက်က အားပြုကိုင်၍ ကိုယ်ကို ရှေ့သို့ ကိုင်းပြီးစိုက်ကြည့်၏။ ဟုတ်ရဲ့လားဆိုသော အတွေးဖြင့် နှစ်ကြိမ်မြောက် ပြန်ကြည့်အပြီးတွင် ဟင်… ခနဲ အသံပါထွက်၍သွားတော့သည်။ ဣန္ဒြေလည်း အနည်းငယ်ပျက်သွားပါသည်။ လူချင်း တူတာလားဆို





www.burmeseclassic.com

www.burmeseclassic.com

သော မယုံစိတ်ဖြင့် ထိုလူကို ထပ်မံ၍ ကြည့်လိုက်မိပြန်၏။ ဟုတ်ပါသည်။ သူမှသူပဲ ဖြစ်ပါသည်။ ဣန္ဒြေရရ ထိုင်နေတာ၊ မျက်လုံးမှိတ်ပြီး တရားဓမ္မကို ပူဇော်နေတာကလွဲလျှင် သည်ရုပ် သည်ပုံစံဟာ ဘာမျှ မေ့နိုင်စရာမရှိပါ။

သူမှသူအစစ်ပါပဲ။သူ ဘာကြောင့် သည်နေရာကို ရောက်နေရသလဲ။ ဦးပဥ္စင်း တွေးမရအောင် ဖြစ်နေသည်။ ထိုအချိန်မှာပဲ သြကာသကန်တော့ချိုးက ပြီးသွား၏။ ထိုလူကလည်း ဆယ်ဖြာလက်စုံ ထိပ်မှာပုံ၍ ရှိခိုးကန်တော့၏။ သုံးကြိမ်မြောက် ကန်တော့အပြီးမှာ ဦးပဥ္စင်းရှိရာ ပလ္လင်ပေါ်သို့ ရှိသေစွာ လှမ်းအကြည့်တွင် မြန်းဆို ဦးပဥ္စင်းနှင့် အကြည့်ချင်း သွား၍ ဆုံကြတော့သည်။

ထိုလူသည် မျက်လုံးကြီး ပြူး၍ အတော်ပင် တုန်လှုပ်သွားသည်။ အံ့သြထိတ်လန့်လျက်မှ ဂနာမငြိမ်လည်း ဖြစ်၍သွား၏။ ခေါင်းကိုငုံ့ပြီး စိုက်ချလိုက်၏။ ပြီးတော့ တစ်ချက်တစ်ချက်မော့လျက် ဇဝေဇဝါပုံစံဖြင့် ဦးပဥ္စင်းကို အကဲခတ်ပြန်၏။ ဦးပဥ္စင်းသည်လည်း သရဏဂုံသုံးပါးနှင့် ရှစ်ပါးသီလကို နှုတ်တိုက်ချပေးနေရသော်လည်း အာရုံတွေက ပျက်ပြယ်၍နေလေ၏။ ထိုလူကလည်း နာနေသောတရားမှာ စျာန်မဝင်စားဘဲ တုန်တုန်လှုပ်လှုပ်ကြီး ဖြစ်နေသည်။ ခန္ဓာကိုယ်ကြီးတွေက ငြိမ်လျက်ဖြင့် တရားဓမ္မကို ပောကြား၊ နာခံနေကြသော်လည်း နှစ်ဦးစလုံး၏

olrSl
t ppfygJ
obmaMumih
onfae&muk
a&mufae&ovJ
ODyÍöf
aw,G&at mif
jzpfaeonf
xkd cself ByJ
Mbumo
uefwmbkdu
NyDoG\
xkd Luvnf
q, jfzmv upkd
xyd fBykd
&Sd uefwmh

စိတ်တို့က ပစ္စုပ္ပန်တွင် မရှိကြတော့ပါ။ ဆုံခဲ့ဖူးသည့် လွန်ခဲ့သော ခြောက်နှစ်ထံသို့သာ တရိပ်ရိပ်ဖြင့် တထိတ်ထိတ် ပြေးနေကြတော့၏။ ❑

၂။

"ဟော့ကောင် ဝင်းကို ထထ၊ အလုပ်မမီဘဲနေမယ်" ဘိုလှိုင်က ရေချိုးခန်းထဲမှ ခပ်မြန်မြန်ထွက်လာလျက် အသံကိုမြှင့်၍ နှိုးလိုက်ခြင်းဖြစ်၏။ လူရှစ်ယောက် နေရသော တိုက်ခန်းတစ်ခန်းတွင် ရေချိုးခန်းက တစ်ခန်းသာရှိပါသည်။ မနက် မနက်တိုင်လျှင် ထိုတစ်ခန်းကိုပဲ အလုအယက်ဝင်၍ ရေချိုးကြရသည်။ ထိုမှ ကြားထဲ ရေချိုးတာကြာတတ်သူများ ဝင်သွားလျှင်တော့ မြန်မြန်လုပ်ပါ အော်လျက်က သွားတိုက်လျက် ထမင်းချိုင့်ထည့်ရ၏။ အိမ်သာဝင်ရ၏။ ခုနစ်နာရီအရောက် ဝင်နိုင်ဖို့ အရေး ဘိုလှိုင်တို့မှာ နေ့စဉ်ပင် ထိုသို့တက်သုတ်ရိုက်ကြရသည်။ ညက မက်ခဲ့ကြသော အိပ်မက်ကလေးကိုမှ ဆိုးသည် ကောင်းသည်ဟု သတိပြန်ဖော်၍ တွေးနေချိန်မရ။ မိနစ်အနည်းငယ် နောက်ကျသည်နှင့် လစာဖြတ်တောက်ခြင်း ခံရမည်မို့ ထမင်းဘူးကိုယ်စီဆွဲ၍ စက်ရုံသို့ အချိန်မီအောင် ပြေးကြရတော့သည်။ နေ့တစ်ရက် ပင် မစ, ရသေးသော်လည်း သူတို့မှာ မောနေရပြီဖြစ်၏။

အားလုံးက နေ့တစ်ရက်ကို ထိုသို့ပင် စ,ရသော်လည်း ဝင်းကိုတစ်ယောက်ကတော့ ထိုအုပ်စုထဲမှာ မပါ။ အားလုံးက ပျာယာခတ်၍ အလုပ်မီဖို့ လုံးပန်းနေချိန် သူ သည် အီလေးဆွဲ၍ အိပ်ကောင်းနေဆဲ ဖြစ်သည်။ အကုန်လုံးပြီးမှ ရေထ,ချိုးတတ်သည်။ တစ်ခါတစ်ရံတွင် ရေပင်မချိုးဘဲ ညက ချွတ်ပုံထားသော ယူနီဖောင်းကို ကောက်ဝတ်ပြီး အလုပ်သို့ လိုက်လာတတ်ပါသေးသည်။ လူပုံက ပြေပြစ်သလောက် လေးဖင့်ပေါ့တန်စွာ နေတတ်သူဖြစ်၏။

"ပျင်းတယ်ကွာ တောက်။ ထီပေါက်ရင် သိပ်ကောင်းမှာပဲ။ ဒါမှမဟုတ် ပိုက်ဆံတွေ အပုံလိုက် ကောက်ရလိုက်ချင်တာကွာ"

ထိုသည်က ဝင်းကို အမြဲတောင့်တသော အနာဂတ် စိတ်ကူးအိပ်မက်ပင်ဖြစ်သည်။ သူသည် အလုပ်နည်းနည်းလုပ်ပြီး များများချမ်းသာချင်သူဖြစ်သည်။ ချွေးနည်းနည်းထွက်ပြီး မြိုးမြိုးမြက်မြက် ရလိုက်ချင်သူဖြစ်သည်။ ခွန်အားနှင့်ရင်းပြီး ငွေရှာခြင်းထက် အကြံအဖန်လုပ်၍ ငွေရှာခြင်းကို ခုံမင်သူ ဖြစ်ပါသည်။

"အလုပ်လုပ်တိုင်းလည်း လူဆိုတာ ချမ်းသာတာမဟုတ်ဘူးကွ။ ကံဆိုတာထက် ဉာဏ်လိုတယ်။ ဉာဏ်ရှိရင် ကောင်းကောင်းနေရမယ်၊ ကောင်းကောင်းစားရမယ်။ ငါကတော့ ဒါကြောင့် ဘယ်လိုသက်သာအောင် နေရမလဲ အမြဲတွေးတယ်ဟေ့"

ထိုသည်က ဝင်းကိုခံယူထားသော ဒဿနဖြစ်၏။

ဘိုလှိုင်တို့ လုပ်ကြသော အလုပ်သည် စားသောက်ကုန်မျိုးစုံ ထုတ်လုပ်သော စက်ရုံကြီးဖြစ်သည်။ မြန်မာနိုင်ငံ အရပ်ရပ်မှ တိုင်းရင်းသားမျိုးစုံ၊ ဘာသာမျိုးစုံဖြင့် လူအယောက်ငါးဆယ်ကျော် အတူတူနေထိုင်၍ လုပ်ကိုင်ကြခြင်းဖြစ်သည်။ အလုပ်မှာ မှန်အော်ဒါတွေများ၍ အလုပ်များပြီဆိုလျှင် ဘိုလှိုင်တို့အားလုံးက အချိန်ပိုဆင်းရ၍ ပျော်ရွှင်ကြသည်။ ငွေကိုကျစ်ကျစ် စု၍ အမိမြေသို့ ပြန်ကြမည်။ ထိုရည်ရွယ်ချက်နှင့်ပင် အလုပ်လုပ်နေသူများဖြစ်သည်။ ချွေးတာစားသည်၊ ချွေးတာစုကြသည်။ ဝင်းကိုကတော့ အလုပ်များပြီဆိုသည်နှင့် ဖင်နာခေါင်းနာ ဖြစ်



www.burmeseclassic.com

www.burmeseclassic.com

တော့သည်။ အလုပ်မလာဘဲ လေး ၊ ငါးရက် ဆက်၍ အခန်းမှာ အိပ်ချင်အိပ်နေတတ်သည်။ အလုပ်လုပ်ရာမှာ လေးဖင့်သလောက် သူတစ်ပါးငွေကို ငွေချေးရမည်ဆိုလျှင်တော့ ပေါ့ပါးသွက်လက်စွာနှင့် အမျိုးမျိုးလှည့်၍ ပြောဆိုတတ်သူဖြစ်၏။

ချဲထီထိုး၏၊ ဘောပွဲလောင်း၏။ လူက ကျားကိုးစီး စားမကုန်နိုင်အောင် သန်မာထွားကျိုင်းသလောက် သူ့ကိုယ်က ချွေးလေးတစ်စက်မျှ ကျသွားမိလျှင် တော့ တောက်တခေါက်ခေါက်နှင့် ညည်းတွား၍ မဆုံးသူဖြစ်၏။ ထိုလိုလူတစ်ယောက်က ခြေဆော့လက်ဆော့လည်း ရှိတတ်သည်မှာ ဆန်းသည်ဟုတော့ မဆိုသာ။

❑

ဦးပဥ္ဇင်းသည် တရားဓမ္မကို ဟောကြားနေရသော်လည်း ထိုလူနှင့် တွေ့ခဲ့ဖူးသည့် နေ့ရက်တွေက မှတ်ဉာဏ်ထဲမှာ ဖျက်မရအောင် ပေါ်ပေါ်လာနေသည်။ စိတ်တွေ မတည်ငြိမ်၍ တရားဟောရသည်မှာလည်း အာရုံမကျတော့ပါ။

"နေပါဦး၊ ဒီလောက် အဝေးကြီးနေရာကို ဘယ်ကနေဘယ်လို လွင့်ပြီးရောက်လာသလဲ။ ဘယ်တုန်းကမှ ကောင်းကျိုးမပေးခဲ့တဲ့လူပဲ"

ဦးပဥ္ဇင်းက တွေး၏။ ပြီးတော့ ဆက်မတွေးချင်တော့၍ အတွေးစကို ဖြတ်ချပြီး တရားဓမ္မမှာ စိတ်ကို အာရုံသွင်းလိုက်သည်။ သို့သော် အတွေးက ပြတ်မသွားပါ။ တမျှင်မျှင်သာ ဆက်၍

xWbnf
rsuf/ &uD
jyL;í
t awmfjif
wkf/ yfb&Gonf
t &b
xdk/ eV/ suf S
*emrI dk/ nf
jzpf oGf\
acgj fuk&ujD
pkdufcsv/ duf/
NyJawmh
wpfcsufvpfcsuf
armf/ suf
ZaOZOyjyfzif
0Dyf Iöfuk
t udwfjyef

လည်နေပါသည်။ ထိုလူကို ကြည့်မိတော့လည်း သူ့လိုပင်ထင်၏။ အတိတ်ကို ပြန်တွေး၍ အလိုမကျ ဒေါပွနေဟန်တူ၏။

❑

၃။

ဝင်းကို အိမ်ကိုမှန်မှန် ပြန်မလာတော့ပါ။ ဘယ်သွားပြီး ဘာတွေလုပ်နေသလဲ မသိရသော်လည်း သူ ပြန်လာလျှင်တော့ စားစရာ အကြော်အလှော်မျိုးစုံနှင့် ဘီယာပုလင်းတွေ ပါပါလာတတ်သည်။ သူ့အိမ်ကိုပင် ယခင်တစ်ပတ်က ငွေဆယ်သိန်း လွဲလိုက်နိုင်သေးသည်ဟု ကြားတော့ အားလုံးက အံ့သြကြ၏။ 4D (ဖဲနိုင်ငံထီ) ပေါက်၍များ ကြီးပွားနေသလားဟု ဘိုလှိုင်တို့က ဝိုင်းမေးကြသည်။

"ဒီလိုပဲပေါ့ကွ၊ ငါပြောဖူးတယ်မဟုတ်လား။ လူဆိုတာ အကြံဉာဏ်ရှိဖို့ပဲလိုပါတယ်လို့။ ဝီရိယချည်းပဲ စိုက်နေလို့ကတော့ ဘာမှတိုးတက်မှာမဟုတ်ဘူး ဟော့ကောင်တွေရေ့။ ဉာဏ်ကို လှာသုံးရတယ်ကွ ဟား… ဟား။ မင်းတို့လို လှေကြီးထိုး ရိုးရိုးလုပ်နေလို့ကတော့ ဒီတစ်သက်မပြောနဲ့ နောင်ဆယ်သက်တောင် ကြီးပွားမှာ မဟုတ်ဘူးဟေ့။ နိုင်ငံခြားကို ဘာလာလုပ်တာလဲ။ ငွေလာရှာတာကွ၊ ငွေလာရှာတာ၊ ငွေ…ငွေ"

ဝင်းကို ယခင်လို လေးလေးဖင့်ဖင့် မဟုတ်တော့ပါ။ အမြဲတက်ကြွနေ၏။ စားသောက်ဆိုင်မှာ အချိန်ပိုင်းဝင်လုပ်သည်ဟု ပြောသည့်အခါ ပြောသည်။ ပါမစ်မရှိသည့် သူငယ်ချင်းအသိတွေကို အလုပ်ရှာပေးလို့ ပွဲစားခရတာဟု ပြောသည့်အခါ ပြောတတ်သည်။

"ဖိုးတွေ၊ ဘိန်းတွေ၊ ရေခဲတွေများ(ICE) အရောင်းအဝယ်လုပ်ပြီး ကြီးပွားနေသလားကွာ"

ဘိုလှိုင်တို့က ထိုသို့မေးတော့ "လုပ်စရာလား"ဟု ခပ်ပေါ့ပေါ့ပင် သူက ဖြေပါသည်။ တစ်ပတ်ပြန်လာလျှင် သူ့စကားတွေက တစ်မျိုးမို့နောက်တော့ ဘယ်သူကမှ သူ ဘာလုပ်နေသလဲ စိတ်မဝင်စားကြတော့ပါ။ ထိုသို့ စိတ်မဝင်စားတော့မှ ဝင်းကို ဘာလုပ်၍ အေးအေးသက်သာနှင့် အဆင်ပြေနေသည်ဆိုတာ အားလုံးက သိခဲ့ကြရပါတော့သည်။

❑

ထိုနေ့က တရုတ် နှစ်သစ်ကူးပိတ်ရက်မို့ ဘိုလှိုင်တို့က ကွာလာလမ်ပူမြို့ထဲကို ရောက်နေခြင်းဖြစ်၏။ ပိတ်ရက်ရှည်ကို အကျိုးရှိရှိ အသုံးချသည့်အနေဖြင့် ဘိုလှိုင်က သာသနာ့ဘောင်ကို ခေတ္တဝင်မည်ဟု ဆုံးဖြတ်၍ မြန်မာဆိုင်တွင် သင်္ကန်းလာဝယ်ခြင်းဖြစ်သည်။ လူမျိုးပေါင်းစုံနှင့် စည်ကားအသက်ဝင်နေသော KLလမ်းမကြီးပေါ်ကနေ ဘိုလှိုင်တို့က အထွက်၊ ကြောက်အားလန့်အားနှင့် ပြေးလာသော အသက်နှစ်ဆယ်အရွယ် ကောင်လေးတစ်ယောက်နှင့် တရုတ်တန်းအဝက နီယွန်ဆိုင်းဘုတ်ကြီးအောက်မှာဝင်၍ တိုက်မိကြပါတော့သည်။ ချွေးသီးချွေးပေါက်များ ကျ၍ ထိုကောင်လေးသည် အသားတွေ တဆတ်ဆတ်တုန်နေပါသည်။ "ဘာဖြစ်လို့လဲ… ဘာဖြစ်လို့လဲ"၊ ဘိုလှိုင်တို့ငါးယောက်က စိုးရိမ်စွာဖြင့် ဝိုင်းမေးကြ၏။ ကောင်လေးသည် စိတ်ဆိုးနေလျက်မှ မျက်ရည်များက လည်လာသည်။


သူ့မှာပါသော ငွေသုံးထောင်ကျော်နှင့် ဆမ်ဆောင်းဖုန်းတစ်လုံးကို မြန်မာနှစ်ယောက်က အတင်း ဓားမြှောင်နှင့်ထောက်၍ လုယက်သွားခြင်းကို ငိုရှိုက်သံတစ်ဝက်ဖြင့် နှမြောတသစွာ ပြောပြ၏။ ထိုသို့ ပြောနေလျက်မှ

*စာမျက်နှာ(၈၅)သို့…*



www.burmeseclassic.com

www.burmeseclassic.com



အလှဆုံး မိုးကောင်းကင်အောက်၌ အတောက်ပဆုံး အပြုံးရှင်နှစ်ဦး၏ အတွဲ့ အလှယ် အကြည့်တို့သည်ကား ရွှန်းလဲ့လိုက်ပါဘိ။ ထူး၍ တွေးအိဆော နှုတ်ခမ်းညိုညိုသည်လည်းကောင်း၊ ပါးလျှနုံးညှံ၍ ပန်းသွေးရောင်ခြယ် နှုတ်ခမ်းပွင့်လွှာသည်လည်းကောင်း ဝေဆာသော အပြုံးများမှသည် လွှတ်လပ်သော ရယ်မောခြင်းဆီသို့ ကိုယ်စီ ရောက်လှပြီ။


ရုတ်တရက် နှစ်ဦးသား ငွေ့ဖက်တွေးမိုက်လိုက်ကြသည်။ ရယ်သံသည် မပြည်ခဲ့။ နှလုံးသားရပ်ဝန်းသည် ညှံ့ညှံ့သက်သက် ခုန်သည်။ နွေးသည်။

အိမ်ထောင်စုနှစ်ခု ပြေလည်ကျေအေးဖို့အတွက် မွေးဖွား



www.burmeseclassic.com

www.burmeseclassic.com



သန့်စင်လာခဲ့သော လူငယ်နှစ်ဦးတို့သည် ဖရဏာ ပီတိတို့နှင့် တစိမ့်စိမ့် နစ်ဝင် ကြည်ရှုင်နေရကား အဝေးမှ နှင်းမှုန်လွှာကို မမြင်။ တောင်တန်းညို့ညို့ကိုပင် သတိမရ။

ဆောင်းသည် နှင်းမှုန် ငွေစတို့နှင့် သစ်ခဲ့ပြီ။ လွင်ခဲ့ပြီ။

"နှင့်ကို ဘယ်လိုဆုံးမမှရမှာလဲ ဟမ်"

ခပ်တင်းတင်း စကားသံနှင့်အတူ နံရံကို တဖုန်းဖုန်း ရိုက်သံတွေ ဆက်တိုက် ကြားလိုက်ရသဖြင့် ကျွန်ုပ် စာဆက်ရေး၍ မရတော့။ အာရုံက ပျက်ထွက်သွားသည်။

"ဖေကြီး… ဖေကြီး… အီး… ဟီး…ဟီး"

သားတော်မောင်က အော်ခေါ်လေပြီ။ ငိုသံပင်ပါ လာသေး



www.burmeseclassic.com

www.burmeseclassic.com

၏။ သည်သားအမိနှစ်ယောက်က အမြဲ တကျက်ကျက်။

'အော်ခေါ်မနေနဲ့၊ နင့်အဖေလည်း ငါ မကြောက်ဘူး'

'နင့် အဖေလည်း မကြောက်ဘူး' ဆိုပဲ။ ကျွန်ုပ်ခေါင်းထောင်မိသွားပြီး အိမ်ရှေ့ဧည့်ခန်းဘက်ကို မှန်းမျှော်ကြည့်လိုက်သည်။ သားအမိနှစ်ယောက်ကို စိတ်ကူးတွင်မြင်၏။ စင်စစ် မျက်စိရှေ့တွင်တော့ သုံးထပ်သားနံရံကိုသာ တွေ့ရပါသည်။

နံရံတစ်ဖက်တွင် သားအမိနှစ်ယောက်။ ကျွန်ုပ်လည်း ပစ်မချရသေးသောဘောပင်ကို လက်ပြင်ပြီး စာဆက်ရေးလိုက်သည်။

ချစ်သူနှစ်ဦး၏ ဘဝသည်လည်း ဆောင်းနှင်းတို့နှင့်အတူ…။

သားလေး၏ တဟီးဟီး ငိုသံကို ကြားရပြန်၏။

သစ်ခဲ့ပြီ။ လွှင်ခဲ့ပြီတကား။ အနာဂတ်ဖန်သားပြင်တွင်…။

'နင့်ကိုယ်နင် သူဌေးသားများ မှတ်နေလား'

ဘောပင်က စာအုပ်ပေါ်ဒေါက်ခနဲ။ လူက သူတို့ သားအမိရှေ့ လွှားခနဲ အရောက်။ သားလေးက ကျွန်ုပ်ကို ပြေးဖက်။ ကျွန်ုပ် ကောက်ပွေ့လိုက်၏။

'နုရယ်၊ ကလေးကို ဘယ်လိုကြီး ပြောလိုက်ရတာလဲ'

နုက စိတ်လိုက်မာန်ပါ ပြောတတ်လွန်းသည်။

'အို…ရှင့်သားရဲ့ အချိုးကိုလည်း ကြည့်ဦး'

]t puawmh
a*:vDY
ypfvmygazLu;D
aemuf;wmh
ol
npfwfvmeY
om;vnf
ausmufcLu;Dwg
eY
xkpfvm
at;a&m}
om;av;bufu
pNyD
npfwf
vrifu
ausmufcLu;Dwg
ESifh
ypf/ buf;if
ypEkdyfonf

ကျွန်ုပ်နှင့် သားတို့ မျက်လုံးချင်း ဆုံသွားမိသည်။ မျက်ရည်တို့ဖြင့် ကြည်ရွှန်းသော သားလေး မျက်လုံးတို့တွင် ကွယ်ဝှက်လိုသော အရိပ်အငွေ့တို့ ယှက်သန်းသွား၏။ ကျွန်ုပ် သူ့မျက်ရည်စတွေကို ဖွဖွသုတ်ပေးလိုက်သည်။

ဖေကြီး ခွင့်လွှတ်တယ်သား။

သားလေးကြားအောင် ပြောလုနီးတွင် ဇနီးသည်၏ မျက်နှာထားကြောင့် ကျွန်ုပ်ဆီက အသံထွက်မလာ။ နုရယ်…၊ သားက ခုနစ်နှစ်ပဲ ရှိသေးတာလေကွာ။

'မငိုနဲ့တော့နော် သား။ တိတ်၊ တိတ် ဘာဖြစ်ခဲ့တာလဲ ဖေကြီးကိုပြော'

သားသည် တရှုပ်ရှုပ်လုပ်ရင်း သူ့အမေကို ကြည့်သေး၏။

'မနေ့ကမှ ဝယ်ပေးထားတဲ့ အရုပ်တွေက ဒီနေ့ကျိုးလို့ ကြေလို့ ဖြစ်နေပြီလေ။ ရှင့်သားလုပ်ပုံ ကောင်းသေးရဲ့လား'

ရှင့်သားတဲ့။ သားက ကျွန်ုပ် ရင်ခွင်ထဲမှ မော့ကြည့်သည်။ နှစ်ချက်ဆင့်၍လည်း ရှိုက်လိုက်၏။

'အေးဟေး ဖေကြီးသားက အဆော့သန်တာကိုးကွ၊ မနက်ဖြန်ကျ ဖေကြီးပြန် ဝ…'

ထိုအတွင်း နုမျက်နှာကို ဖျတ်ခနဲ လှမ်းမကြည့်မိလျှင် ကောင်းမည်။

'ဖေကြီး ပြန်… ဝယ်ပေးစေချင်တယ်ဆိုရင် သားက အရုပ်လေးတွေကို စည်းကမ်းရှိရှိ ဆော့ရမယ်နော်၊ ဟုတ်လား သား'

နု မျက်နှာဆီ ခပ်ငေးငေး ကြည့်ရသေး၏။ ပြုံးလည်း ပြုံးပြနေရပါသေးသည်။ သို့သော် နု မမြင်နိုင်သော သားလေး၏ နံရိုးသေးသေးလေးတွေကို ကျွန်ုပ် လက်ညှိုးနှင့် အသာတို့ကုတ်နေလိုက်မိပါသည်။ သားလေး သဘောပေါက်ပါစေ။ သားက မျက်လုံးလေးတွေကို ပွတ်သည်။ ရှိုက်သည်။ ရှိုက်ပြီး ကျွန်ုပ်ကို မျှော်ကြည့်သည်။

'နောက်တစ်ခါ အရုပ်တွေဖျက်ဆီးရင် မေကြီးတကယ် မဝယ်ပေးတော့ဘူးနော် သား'

နုလေသံက ပျော့ပျော့လေး။ အကျိုးအကြောင်းလည်း သင့်သွားပြီ။ သည်အခါမှ ကျွန်ုပ်လည်း သားကို ကိုယ်လွှတ်လက်လွှတ် ရယ်ပြပြီး သား၏ ပါးဖောင်းဖောင်း လေးတစ်ဖက်ကို ဖျစ်ညှစ်လိုက်သည်။

သားက သူ့အမေကို 'ဟုတ်' တစ်ချက်သာ ပြော၏။ ပြီးတော့ ကျွန်ုပ်လည်ပင်းကို ဆွဲဖက်သည်။ သူ့အမေနှင့် ကျောခိုင်းလျက်အနေအထားဖြစ်သွား၏။ ကျွန်ုပ်က သားလေး ဆံပင်တွေကို ဖွဖွပွတ်သပ်ပေးနေမိရင်း နုကိုလည်း ကျေကျေအေးအေး ကြည့်နေရပါသေးသည်။

❑

ဆတ်ခနဲ လန့်နိုးသွားသည်။ နေ့ခင်းကြီး ကျွန်ုပ်အိပ်မိပြန်ပြီ။

'ဟိတ်ကောင် မင့်ခဲက ပိုကြီးတယ်'

'မင်းလည်း ခုနက ဒီလောက်နဲ့ ပေါက်တာပဲ'

ဒုတိယအသံ ခပ်ထန်ထန်က သား၏အသံ။ ကျွန်ုပ်ထိုင်းမှိုင်းလေးကန်မနေတော့ဘဲ ဘုရားစင်အောက်က ပြတင်းပေါက်ဆီ လျှောက်လာခဲ့၏။ ပြတင်းပေါက်ကနေ ဟိုဘက်ခြံဝင်း၏ အိမ်ရှေ့မြေကွက်လပ်လေးကို လှမ်းငုံ့ကြည့်လိုက်တော့ သားလေးနှင့် သူ့သူငယ်ချင်း လူမင်း။ သူတို့လေးနှစ်ယောက်က တစ်ယောက်နှင့်တစ်ယောက် ဆယ်ပေကျော်လောက် အကွာမှာ မျက်နှာချင်းဆိုင် ရပ်နေကြသည်။ ကျွန်ုပ်ဘက်က လှမ်းမြင်နေရသော လူမင်း၏ မျက်နှာတွင် မကျေနပ်မှုနှင့် စိုးရွံ့မှုတို့က အကွက်လိုက်ထင်နေ



www.burmeseclassic.com

www.burmeseclassic.com

၏။ သားလေးကိုဖြင့် ကျောပြင်ငယ်ကိုသာ မြင်နေရသည်။

သားလေးလက်တွင်းမှာ တင်းနစ်ဘောလုံးလောက်ရှိသည့် ကျောက်ခဲတစ်လုံး။ လူမင်းက အသက်ရှူမဝသည့် အသွင်နှင့် လေတွေကို ရှူလိုက်သွင်းလိုက် လုပ်နေလေရာ သူ့ရင်ဘတ်လေးက မို့ချည်ပြန့်ချည်။ နှုတ်ခမ်းတို့က တရှူရှူနှင့် တစ်ခုခု ထုတ်ပြောချင်ဟန် ပေါက်သည်။ မျက်လုံးတို့က သားလေးလက်ထဲမှ ကျောက်ခဲကို တစ်ချက်တစ်ချက် လှမ်းလှမ်းကြည့်၏။ ထို့နောက် အံကြိတ်လိုက်ပုံရပြီး-

‘အေး…ရတယ်ပစ်၊ ငါ့အလှည့်လည်း ပြန်ပစ်မှာ၊ မင်းထက်ကြီးတာနဲ့ ပစ်မှာ…’

‘ပစ်ပေါ့ကွ’

သားလေး၏ လေသံက ခပ်ယိုင်ယိုင်။

သူတို့လေးတွေ၏ ဘေးက မြေပြင်မှာတော့ အရုပ်ကလေးတွေ ထင်သည်။ အရုပ်ကလေးတွေမှ ရောင်စုံ။ သို့သော် ခပ်ကြီးကြီးတွေမပါ။ သားလေး နေ့တိုင်းနီးပါး လိုချင်လှချည်ရဲ့ဟု တကြော်ကြော် ညော်တတ်သော၊ အသစ် ခဏခဏ ဝယ်ပေးရသော အရုပ်ပိစိကွေးလေးတွေ။ တီရစ္ဆာန်လေးတွေ၊ ကားကလေးတွေ၊ စူပါဟီးရိုးသေးသေးလေးတွေ ဖြစ်ပါလိမ့်မည်။ ထိုအရုပ်ကလေးတွေကို မြေနိမ့်နိမ့်တွေမှာ တစ်ကောင်စီ၊ ကျောက်ခဲ ခပ်လတ်လတ်တချို့နှင့် ကာကွယ်ထားသော နေရာမှာ တစ်ကောင်စီ၊ သစ်ကိုင်းခြောက်တွေ၊ သစ်ရွက်တွေနှင့် ဖန်တီးထားသည့် ချုံပုတ်ငယ်လေးတွေဆီမှာ တစ်ကောင်စီ စသဖြင့် နေရာချထားကြသည်ကို လှမ်းတွေ့နေရသည်။ ကျွန်ုပ်ကိုဖြင့် သူတို့ဖောနှင့် သူတို့မို့ တွေ့ကြမည် မထင်။

ဟော… သားလေးက လူမင်းဘက်မှ အရုပ်ကလေးတွေဆီကို ခဲနှင့် ချိန်လိုက်ပြီ။ ဒီကလေးတွေ အရုပ်တွေကို ခဲနှင့် ထုနေကြတာလား။ ဩ··ဒါကြောင့်ကိုး။

‘ဟား…ဟား…မထိဘူး၊ ဒါပဲကွ၊ ငါ့တဲလေးပဲ ပျက်သွားတာ…’

လူမင်းက ချက်ချင်းရွှင်လန်းတက်ကြွသွားသည်။ ထို့နောက် ခပ်လှမ်းလှမ်းမှာ ကုန်းကုန်း ကုန်းကုန်းနှင့် ခဲရှာနေ၏။ ဖျတ်လတ်ပျော်ရွှင်နေသည်မှာ အတိုင်းသား။

သားလေး၏ ကျောပြင်ကို ကြည့်ရသည်မှာ အခြေအနေတော့ ကောင်းဟန် မပေါ်။ ငြိမ်ချက်သားကောင်းလွန်းနေသည်။ ယခု သားလေးမျက်နှာသည် စောစောက လူမင်းမျက်နှာနှင့် တူညီကောင်း တူညီနေနိုင်၏။

ဟော…စပြီ။ သည်တစ်ခါ လူမင်းအလှည့်။ လူမင်း၏ ကျောက်ခဲသည် စောစောက သားလေး၏ ကျောက်ခဲထက် အနည်းငယ်ကြီးလွန်းသည်။ ကျွန်ုပ် ခံပြင်းသွား၏။

‘ဟာ’

သွားပြီ။ သွားပြီ။ ကျွန်ုပ် နှမြောသွားသည်။

သားက အ,ချက်ကွာ။ အရုပ်တွေကို ဘာလို့ ဒီထက် ခပ်ခွာခွာ မထားရတာလဲ သားရာ။

သားလေးက သူ့အရုပ်တွေကို ကြည့်သည်။ တစောင်းမြင်နေရသော မျက်နှာနုနုက ခပ်တည်တည် ခပ်တုံ့တုံ့။

ကျောက်ခဲကြီးအောက်မှာ ပိပြားကျိုးကြေနေမည့် အရုပ်လေးတွေအတွက် ကျွန်ုပ်လိုက်ခနဲ နင့်သွားပါသည်။

သား ခံစားသွားမှာ သေချာသည်။

❑

‘အစကတော့ ဂေါ်လီနဲ့ ပစ်တာပါ ဖေကြီး၊ နောက်တော့ သူ ညစ်ပတ်တာနဲ့ သားလည်း ကျောက်ခဲကြီးတွေနဲ့ ထုပစ်တာ၊ အေးရော’

သားလေးဘက်က စပြီး ညစ်ပတ်၍ လူမင်းက ကျောက်ခဲကြီးတွေနှင့် ပစ်လိုက်ချင် ပစ်နိုင်ပါသည်။ သို့သော် ကျွန်ုပ် ဆက်နားထောင်ပေး၏။ ပြုံးပြနေဖို့လည်း ကျွန်ုပ် မမေ့ပါ။

သားပြောချက်အရ သူတို့ကစားနည်းသည် ရိုးရိုးလေးဖြစ်၏။ ထိုသို့ ကစားရာတွင် အရုပ်အရေအတွက် တူရမည်။ ကစားသမားတွေက တစ်ယောက်တစ်ဖက်စီတွင် နေရာယူကြမည်။ အရုပ်ကလေးတွေကို စိတ်ကြိုက်နေရာချမည်။ အကာအကွယ်လည်း ကောင်းရမည်။ သို့သော် အရုပ်ကို တစ်ဖက်လူ တစ်စွန်းတစ်စ မြင်နိုင်ရမည်။ သေသေချာချာ ခိုင်ခိုင်မတ်မတ်တော့ ထောင်ထားရမည်။ ပြီးလျှင် ဖန်ဂေါ်လီနှင့် တစ်လှည့်စီ လှမ်းပစ်ကြမည်။ အရုပ်အားလုံး လဲပြိုသွားသည့်ဘက်မှ အရှုံးတဲ့။ သည်တော့ ဤကစားနည်းတွင် အရုပ်တွေကို ဉာဏ်သွား၍ နေရာချနိုင်လေ နိုင်ဖို့အခွင့်အရေးများလေဖြစ်သည်။ တစ်ဖက်လူ မြင်နိုင်သော်လည်း ထိမှန်အောင်ပစ်ဖို့ ခဲယဉ်းသော အကွက်အကွင်းကောင်းကောင်းကို ရှာတတ်မှ ဖြစ်လိမ့်မည်။

ကျွန်ုပ်သားလေးက နေရာချသည့်အခါ အားနည်းပုံရသည်။ သို့မဟုတ် လူမင်းက အထားအသို ပိုတော်နေဟန်တူသည်။ ကစားတိုင်း သားလေး ရှုံးသည်က များသည်။ (သည်ရက်ပိုင်း နမသိအောင်တစ်မျိုး၊ သိအောင်တစ်မျိုး အရုပ်တွေ ခဏခဏ ဝယ်ပေးရသည်။)

သည်တော့ ရှုံးပါများသော ကျွန်တော့်သားလေးက ဉာဏ်နီဉာဏ်နက်ဆင်ပြီး ဖန်ဂေါ်လီနှင့် ပစ်ရန်ခက်ခဲသော နေရာမျိုးကို ရွေးချယ်လွန်းသဖြင့် လူမင်းက စိတ်မရှည်တော့ဘဲ ခဲလုံးကြီးတွေနှင့် ပစ်လိုက်ခြင်းလည်း ဖြစ်နိုင်ပါသေးသည်။ သို့တည်းမဟုတ် လူမင်း၏ အကွက်စေ့မှု၊ ပါးနပ်သော ရွေးချယ်မှုတို့ကို ကျွန်ုပ်သားက မခံမရပ်နိုင်ဖြစ်လျက် ရှုံးမဲမဲ၍ ခဲနှင့် ဦးစွာလှမ်းထုပစ်လိုက်ခြင်းလည်း ဖြစ်နိုင်သည်။

သေချာသည်က သူတို့ပွဲတွင် သူတို့မသိသေးသော မာန်မာနတွေ ပါနေသည်။ ခုနစ်နှစ်အရွယ် ကလေးလေးတွေ တီတီပပ ခွဲခြမ်းစိတ်ဖြာမှု မပြုနိုင်သေးသော ကြောက်ရွံ့ခြင်းတွေ ပါဝင်နေ၏။

ပါဝင်နေမှာ သေချာ



www.burmeseclassic.com

www.burmeseclassic.com

သည်။

'အရုပ်တွေက အလကားရတာ မဟုတ်ဘူး ကိုရဲ့၊ ဒီအတိုင်း ဆက်ဆော့နေရင် ရှင့်သားတော့ ကျွန်မရဲ့ တုတ်စာမိမှာပဲ'

ကျွန်ုပ် မတားဆီးတတ်။ ဘယ်သို့ တားရမည်ပင် မသိ။ ကျွန်ုပ်တွေးနေမိသည်က ကြောက်ရွံ့ခြင်းသည် အမုန်း၏ ငယ်ဘဝလည်း ဖြစ်နိုင်သည်ဟု။

❑

ချစ်ခြင်းဆိုသည်ကား ပူလောင်ဖွယ်ရာ အစုစု၏ ကနဦး ချိုမြိန်မှုပေပဲဟု ကိုသက်နိုင် တွေးခေါ်မိသည်။ သူ့အဘိဓမ္မာကို သူ ခံနိုင်ရည်မရှိ။ ထိုအခါ ချည့်နဲ့သော၊ ပေါ့တန်စွာသော အပြုံးသည် ကိုသက်နိုင်၏ ညိုသော နှုတ်ခမ်းအစုံတွင် ခိုတွဲလေ၏။

ထားရီ…။

ချစ်လှစွာသော ထားရီ။

မာနကို ခြေစုံကန်၍ အချစ်နယ်နိမိတ်အတွင်း ရင်ချင်းအပ်လျက် ခုန်ဆင်းဝံ့ခဲ့သူလေး။ တစ်နည်းဆိုရသော် ကိုသက်နိုင်၏ ကြင်သူသက်ထား။

သို့ငြားလည်း ထားရီ၏ အိမ်ထောင်စုအဆက်ဆက် ဖြစ်တည်ခဲ့လေသော သွေးတို့သည် သူ့ရင်သွေးတို့၏ အသည်းစိုင်၌ ပူနွေးခုန်လှုပ်ခဲ့ပြီ ထင်၏။ သမီးငယ်တွင် ကိုသက်နိုင်တို့၏ မျိုးဆက်သွေးတို့ ပိုလျက်၊ သားကြီးနှင့် သမီးကြီးတို့တွင်မူ မထားရီတို့၏ သွေးတို့ နှောလေပြီလော။

မတွေးဝံ့။ မတွေးချင်။

vrif\
t uGifphl
ygeyfiom
a&Gs, fwWkuk
uEkfom;u
rcH&yEkf
jzpf/suf
½kH;tJ
cEkSf0;pGm
vSfxk
ypf/kuf;cifvnf
jzpEkfonf
aocsmonf;u
olwjyfcsvGf
olwk
roko;aom
rmefmeawG
ygeonf

အမုန်းသည် သားအဖဟူ၍ မသက်ညှာ။ မိသားစုဟူ၍ ထည့်မတွက်တတ်။ တစ်အူထုံ့ဆင်း မောင်နှမဟူ၍လည်း ငဲ့ကွက်မည်မဟုတ်။ ထင်တိုင်းကြဲ၍ လက်ရဲဇက်ရဲ ခွဲရက်နိုင်လွန်းသည်တကား။ ကျွန်ုပ်သည် စိတ်အစဉ်ကို ဝဋ္ဋတ္တုမှ ခွာလျက် ဦးနှောက်ကို အလုပ်ပေးမိပြန်သည်။ ဇာတ်ကောင်တို့၏ ရှေ့ရေးကို တွေးလိုက်တော့ လူက ညစ်ညူးသွား၏။ စိတ်ပင်ပန်းလှသည်။ သည်စာမူ ပြီးရောပြီးပါ့မလား။

'ကို စာရေးပြီးပြီလား'

နု…။

ကျွန်ုပ် နုကို စိတ်၏ မောလျှမှုဖြင့် ကြည့်လိုက်သည်။ ပစ္စုပ္ပန်တည့်တည့်ကို လူက မရောက်ချင် ရောက်ချင်။ နုဘေးမှာ သားလေး ရပ်နေသည်။ လက်ထဲမှာ အရုပ်ထုပ်ကလေးနှင့်။ သွားတွေပေါ်အောင် ပြုံးပြနေသည်။

'ခဏနားနေတာ နု၊ လာကြလေ'

ကျွန်ုပ် စာရေးစားပွဲရှေ့ကို နုနှင့် သားလေး ရောက်လာတော့ သားလေးက ကျွန်ုပ်ပေါင်ပေါ် တက်ထိုင်သည်။ နုက ကျွန်ုပ်နံဘေးမှာ ဝင်ထိုင်ရင်း–

'သားလေးကို ဒီနေ့ တိရစ္ဆာန်ရုံ ခေါ်သွားမလို့'

နုက ကျွန်ုပ်ကို ကြည့်သည်။

'ကောင်းတယ်ဗျာ၊ နောက်နေ့ကျတော့ ရုပ်ရှင်ရုံသွားမယ် သား၊ ဖေကြီးတို့ ကာတွန်းကား သွားကြည့်မယ်ကွာ'

သားက 'ယေး'ခနဲ ထ,အော်သည်။ လက်ခုပ်ပင်တီး၏။ နုနှင့်ကျွန်ုပ် စိတ်ချမ်းသာစွာ ရယ်မိကြသည်။

'ဒါနဲ့ သား၊ သားအရုပ်ပစ်တမ်းဆော့ရတာ ပျော်လား'

သားလေး အူရှင်နေသည်ကို အခွင့်ကောင်းယူ၍ ကျွန်ုပ်မေးလိုက်ရသည်။

'ဟုတ် ဖေကြီး'

ဒါပေါ့။ သား ပျော်မှာ သေချာပါတယ်။ တဒင်္ဂ အတွင်း ကျွန်ုပ် ဘာထပ်မေးရမည်မသိ ဖြစ်သွားသည်။

'ဒါပဲနော်…သား၊ နောက် တိရစ္ဆာန်ရုံတွေ ရုပ်ရှင်ရုံတွေ သွားချင်ရင် အရုပ်တွေ ဖျက်ဆီးတမ်း မဆော့ရဘူး'

နုက လက်ညှိုးလေးထောင်ပြီး သားကိုပြောသည်။ သားကို ကျွန်ုပ်ငုံ့ကြည့်မိ၏။ နု၏ အပေးအယူက သားကို အကျပ်အတည်း ဖြစ်သွားစေသည်ထင်၏။ သားမျက်နှာလေး ဝင်းရာမှ ဖျော့ကျသွားသည်။ သို့ပေမဲ့ စက္ကန့်ပိုင်းအတွင်းမှာပင် သူ့အမေကို မော့ကြည့်ပြီး–

'ဟုတ်…မေကြီး၊ သား မဆော့တော့ဘူး'

ဟု ဖြေလေသည်။ လူလည်ကလေးကြောင့် ကျွန်ုပ် ပြုံးလိုက်မိသည်။ ကျေလည်းကျေနပ်၏။ သူလေး၏ ဦးခေါင်းသေးသေးကလေးထဲကို ဖောက်ထွင်း၍ ကြည့်လိုက် စမ်းချင်သည်။ ကျွန်ုပ် စိုးရိမ်စိတ်တွေ ပိုနေလေသလားတော့ မသိ။ သားတို့ ကစားနေသည့် နည်းသည် သားလေးကိုရော လူမင်းလေးကိုပါ တစ်ခုခု ထိခိုက်ဒဏ်ရာရစေသည်ဟု ကျွန်ုပ် မှတ်ချက်ချထားသည်။ နုက လက်ခံသည်။(ကစားနည်းထက် အရုပ်တွေ မပျက်စီးရေးအတွက် လက်ခံလိုက်လေသလား မပြောတတ်။)

လက်မခံသည်က လူမင်း၏ အမေ။

'ရှင်ကလည်း မဟုတ်မဟတ်တွေ စိုးရိမ်နေပြန်ပြီ။ ကလေးတွေဘာသာ ဆော့ချင်သလို ဆော့တာ၊ ဘာထိခိုက်စရာရှိလို့လဲ၊ တစ်ယောက်နဲ့ တစ်ယောက် ခဲနဲ့ ထုနေကြတာလည်း မဟုတ်'

ဟုတ်တော့လည်း ဟုတ်သည်။ သို့သော်လည်း ကျွန်ုပ် တစ်ခုခုကို စိတ်ပူပန်နေသည်မှာ အမှန်။

'ဆော့ပါစေရှင်၊ ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com

တော့ ကျွန်မသားကို မတားဘူး'

မိဘချင်း တိုင်ပင်၍ မရသည့်အခါ ကျွန်ုပ်လည်း လူမင်းကို သားလေးကွယ်ရာမှာ ခေါ်တွေ့၍ မုန့်ကျွေးပြီး ညှိနှိုင်းကြည့်သေးသည်။

'သား မကစားရင် သူက သားကို ကြောက်လို့ ထင်သွားမှာ'

ကျွန်ုပ် မျက်ခုံးတကယ်ပင့်သွားပါသည်။ သည်စကားမျိုး ကျွန်ုပ် အမှန်ပင် မျှော်လင့်မထား။ သည်ကလေးတွေ ရုပ်တန်းက ရုပ်အောင် လုပ်သင့်ပြီ။ ဆက်ဆော့ခိုင်း၍ မဖြစ်။

ကျွန်ုပ် အတွေးတွေ လွန်ကျူးကုန်ပြီလား။

ကျွန်ုပ် တွေးပူသင့်သည်မှာ ကစားနည်းအတွက်လား။ ကလေးနှစ်ယောက်အတွက်လား။ စင်စစ် ကလေးနှစ်ယောက်ကြောင့်များ ကစားနည်းက တင်းမာသွားရခြင်းလား။ ကစားနည်းကြောင့် ကလေးနှစ်ယောက် တင်းမာနေကြခြင်းလား။

သည်အတွင်းမှာပင် ထိုကစားနည်းကို သာမန်မနှစ်သက်ခြင်းထက် ပိုသော ခံစားချက်တွေ ကျွန်ုပ်မှာ ရှိနေပြီဟု အတပ်သိလိုက်ရသည်။ တစ်ပြိုင်နက်တည်းတွင် ကျွန်ုပ်ကိုယ့်လူကိုယ် ညှိကြည့်မှဖြစ်တော့မည်ဟု သဘောပေါက်လျက် တပ်ခေါက်ခဲ့ရသည်။ ထို့ကြောင့် ယခု သားလေးကို စည်းရုံးကြည့်နေမိသည်။

'နောက်ဆို ဒီအရုပ်တွေနဲ့ တခြားကစားနည်းတွေ ပြောင်းဆော့ကြမယ်သားရာ၊ ဟုတ်လား'

'ဟုတ် ဖေကြီး'

သား၏အဖြေကို ကျွန်ုပ်သည်ထက် ပိုသေချာစေချင်သေးသည်။

'သား လူမင်းနဲ့လည်း ဆက်ကစားလို့ ရတယ်၊ ဒါပေမဲ့ အရုပ်ပစ်တမ်းတော့ မဟုတ်ရဘူး၊ ကြားလား'

'သားက သူနဲ့ အရုပ်ပစ်တမ်း မကစားရဲဘူးလို့ ထင်သွားရင်ရော ဖေကြီး'

သားက ကောက်ကာငင်ကာ မေးသည်။ ပြီးလျှင် မျက်လုံးကလေးတွေက တွက်တွက်ဆဆနှင့် ငေးသွား၏။

ထင်ချင်ထင်ပါစေလေဟု ကျွန်ုပ် မပြောခိုင်းရဲ။ ကျွန်ုပ်သည် သားနှင့် လူမင်းတို့ကြားက တစ်စုံတစ်ရာကို လှစ်ခနဲ မြင်လိုက်ရ၍ အကျဉ်းအကျပ်ထဲ ရောက်သွားသလို အကြီးအကျယ် ရှုပ်ထွေးသွားသည်။ နုက သား ပခုံးလေးကို ပွတ်သပ်ပေးရင်း-

'လူမင်းက အဲဒီလိုထင်မှာ မဟုတ်လောက်ပါဘူး သားလေးရယ်၊ တကယ်တော့ အရုပ်ပစ်တမ်း ဆော့တာက သားတို့ရဲ့ ရုပ်ကလေးတွေ ပျက်စီးရတယ် မဟုတ်လား၊ လူမင်းလည်း သားလိုပဲ၊ သူ့အရုပ်တွေကို နှမြောနေမှာ သားရဲ့'

နုစကားကို ကျွန်ုပ် ဘဝင်ကျသွားသည်။ နှစ်ဦးနှစ်ဖက် ကျေအေးသွားစေနိုင်သည့် ကိုယ်ချင်းစာအတွေးမျိုးလေး သားစိတ်ထဲ ရောက်သွားပါစေ။ လူမင်းလေး စိတ်ထဲလည်း ခိုဝင်လာပါစေ။

'သားရော အရုပ်တွေကို မနှမြောဘူးလား'

ကျွန်ုပ် ပုံမှန်ထက် နူးညံ့စွာ မေးမိသည်။ သားလေးက မျက်မှောင်လေး မသိမသာ ကျုံ့သွားသည်။ နှုတ်ခမ်းသေးသေးလေးတွေ ရှေ့ထွက်လာ၏။ ထို့နောက် တွေးလက်စ ဟန်မျိုးဖြင့် ခေါင်းကို နှစ်ချက်ညိတ်ပြသည်။ ပြီးသည်နှင့် ခေါင်းငုံ့သွားပြီး လက်ထဲက သူ့အရုပ်လေးတွေကို ကြည့်သည်။ အိတ်အကြည်လေးအတွင်းမှာ အပွဲပွဲ နွံ့ခဲ့ကြ၍ ခြေပြတ်လက်ပြတ် အပိုင်းပိုင်းဖြစ်နေသော၊ မြေကြီးတွေ ဖုန်တွေ ကပ်ပေနေသော၊ ကြေမွနေသော အရုပ်ပိစိလေးတွေ ရှိနေသည်။

'သား အရုပ်ပစ်တမ်း မဆော့တော့ဘူး'

ကျွန်ုပ် သားလေး၏ ခေါင်းကို ဖွဖွ ပုတ်ပစ်လိုက်သည့်အချိန် သက်မလည်း တစ်ခါတည်း ချမိပြီးသား ဖြစ်သွားပါသည်။ ကျွန်ုပ် တော်တော် ကျေနပ်သွားမည်ကို တွေးကြည့်ရုံနှင့်ပင် သိနိုင်ပါလိမ့်မည်။

❑

နောက်ဆုံးတော့ နာကျင်ဖွယ် အာဃာတတွေ ချုပ်ငြိမ်းသွားသော ဇာတ်လမ်းတစ်ခုကို ကျွန်ုပ် အဆုံးသတ်ပစ်လိုက်နိုင်ပြီ။ ဝတ္ထုကြီးအပြီး၌ ကျွန်ုပ် အင်မတန် စိတ်သက်သာရာ ရသွားခဲ့သည်ကို သတိပြုမိသည်။ မိသားစုငယ်တစ်ခုကို မအက်မကွဲ မြဲမြဲခိုင်ကျည်သော မေတ္တာတောင်ထုဖြင့် အမုန်းတရားတွေ ပယ်သတ်စေခဲ့ပြီ။ ဇာတ်သိမ်းလေး လှခဲ့ပြီ။

'မလာဘူး၊ မေကြီးကို မချစ်ဘူး၊ အီး…ဟီး…ဟီး

'ဟဲ့ ပြန်လာခဲ့စမ်း'

သားလေးက ကျွန်ုပ်ဆီ ပြေးလာပြီး ရင်ခွင်ထဲ တိုး၏။ ကျွန်ုပ် အလိုက်သင့် ထွေးဖက်လိုက်သည်။ နုက တုတ်တစ်ချောင်းနှင့်။

'ရှင့်သားကို ဘယ်လိုတားရမလဲ မသိတော့ဘူး၊ အရုပ်ပစ်တမ်း ဆော့လာပြန်ပြီလေ'

နု မျက်နှာလေး အိုကျသွားသည်။ အရုပ်တွေကို နုနှမြောနေမှန်း ကျွန်ုပ်သိသည်။ ပေါင်ပေါ်က သားလေးကို ငုံ့ကြည့်ပြီး မျက်ရည်စိုတွေကို ပွတ်သုတ်ပေးနေစဉ် သားလေးက အမေကို စိတ်ကောက်မပျယ်ဟန်နှင့် မှုန်တေတေ ခပ်တင်းတင်း မော့ကြည့်နေ၏။ ရှိုက်က ရှိုက်နေသေးသည်။

သားလေးက ငယ်ပါသေးသည်။ သူ နားမလည်သည်ကို နားမလည်မှန်းပင် မသိသေးသော အရွယ်လေးဖြစ်၏။ ထို့ကြောင့် အရွယ်မရောက်ရှာသေးသော သားလေးကို ကျွန်ုပ် ခွင့်လွှတ်နားလည် ပေးနိုင်ပါသည်။

သို့သော်…နု။

နုကို ကျွန်ုပ် မော့ကြည့်လိုက်၏။ ကျွန်ုပ်နှင့် နု မျက်လုံးချင်းဆုံသွားသည်။ သည်ကလေးတွေ နောက်နေ့တွေလည်း အရုပ်ပစ်တမ်း ဆော့ကြလိမ့်ဦးမည်ဟု နုကို ကျွန်ုပ် ပြောပြမှဖြစ်မည်။ ထို့အတွက် သားလေးကို အရင်ဆုံး ငုံ့ကြည့်လိုက်ပါသည်။ ■

**မိုးဦးနေ**



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# ပင်ယံမဲ့ပန်းတွေမို့ လန်းအောင်တော့ ရှာနိုင်မယ် မထင်

**ထွန်းတောက်ထွန်း(သချာ)**

ဆယ့်သုံးလေးနှစ်
အရွယ် လူပျိုဖော်ဝင်စ
မျက်နှာနုနုကလေးတွေဟာ
အပြစ်ကင်းစွာနဲ့
ပျော်ရွှင်နေကြတာ
သေချာသလို ရောင်စုံ
ဘောလုံးတွေရဲ့ကြားထဲမှာ
တစ်ဦးကိုတစ်ဦး စ,နောက်
ကလူကျီစယ်နေကြပုံကလည်း
ကလေးစိတ် မကုန်တကုန်၊
လူကြီးစိတ် မဝင့်တဝင်
အရွယ်တွေရဲ့ ဗီဇ
အတိုင်းပါပဲ။
လေမှုတ်တာများလို့
'ဖောင်း'ခနဲ ပေါက်ကွဲ
သွားတဲ့ ဘောလုံးတချို့
ကြောင့် 'အား'ခနဲ၊
'ဝါး'ခနဲ အော်ဟစ်
ရယ်မောကြပြန်သလို
မှောက်ကြမ်းခင်းပေါ်
ပြန့်ကျဲနေတဲ့ ရောင်စုံဘော
လုံးတွေကို ကန်ကျောက်
ပုတ်ခတ်ဆော့ကစားနေတာ

နေရာဟောင်းမှာ
မေတ္တာငတ်ခဲ့ကြလို့
မေတ္တာလိုချင်နေရှာတဲ့
ကလေးတွေဟာ
နေရာသစ်မှာတော့
လူကြီးတချို့ရဲ့ မညီမျှတဲ့
မေတ္တာပေးကမ်းမှုကြောင့်
စိတ်ဒဏ်ရာတွေ
ထပ်ဆင့်တိုးစေပါလား



www.burmeseclassic.com

www.burmeseclassic.com

ကိုမြင်ရတဲ့အခါမှာတော့ အသက်လေးဆယ်ကျော် လူကြီးတစ်ယောက်အနေနဲ့ အာရုံနောက်သလိုလို ဖြစ်ရတာ သေချာပါတယ်။

ဘာပဲဖြစ်ဖြစ် သူတို့အားလုံးရဲ့ မိဘ၊ အုပ်ထိန်းသူသဖွယ်ဖြစ်နေတဲ့ ဦးပဥ္စင်းလေးကတော့ အခန်းထဲ ဝင်ရောက်ကျိန်းစက်သွားပြီဖြစ်တဲ့အတွက် ကောင်လေးတွေရဲ့ လုပ်ရပ်ကို ကြည့်ရင်း ညဆယ်နာရီအချိန်ကြီး ဖောချွေးပြန်နေရသူက ကျွန်တော်ပါ။ တကယ်တော့ လူငယ်တို့ ဘာသာဘာဝ ကျောင်းမှာ အလှူရှိရင် ပျော်နေကြတာ သေချာသလို Myanmar Idol အဆိုရှင် ကောင်လေးတစ်ယောက် သူ့မွေးနေ့အထိမ်းအမှတ်အဖြစ် လာရောက်လှူဒါန်းမယ်ဆိုတဲ့ သတင်းက TV Channel တွေနေ့စဉ် ကြည့်ဖူးကြတဲ့ကလေးတွေအတွက် ကြုံကြိုက်ခဲတဲ့ အရာမို့ သူတို့တစ်တွေ အပျော်လွန်နေကြတာ မဆန်းပါဘူး။ ဒါပေမဲ့ အဆိုရှင်ရဲ့ မွေးနေ့အလှူပွဲကို "မိဘမဲ့ကလေးတွေ အများကြီးရှိတဲ့ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းမှာ လုပ်ချင်တယ်" ဆို လာတာကြောင့် ပရဟိတအကျိုးဆောင်အဖြစ် တာဝန်ယူထားမိတဲ့ ကျွန်တော့်အနေနဲ့ကတော့ အခမ်းအနား ပြင်ဆင်ရေးအတွက် ကောင်လေးတွေဘက်က ထင်သလောက် ဝိုင်းမကူဘဲ ဆော့ကစားနေကြတာမျိုးကို မလိုလားတာ အမှန်ပါပဲ။ မိဘအုပ်ထိန်းသူအရင်း အချာတွေ မရှိရှာတဲ့ ကလေးတွေအဖြစ်နဲ့ ဦးပဥ္စင်း

uwkdv;&U
rsufeft dkfxJ
rfmawmh
rsu&nfpawG
a0oDkd
vmcJhygD
i, f, &G&GeY
pdwfP&mawG
trm;luD
&cJhbS
aocsmwh
uav;
wpfa, mu&U
pdwf
tvkdujcif
qkdjcif
updwfwGkd
ykdyD
em;vnfvmcJh
&ykdyD

လေးရဲ့ ဘုန်းတန်ခိုးအရိပ်အောက်မှာ စားဝတ်နေရေး၊ ပညာရေးအတွက် မှီခိုနေကြရသူတွေ ဆိုတဲ့ အသိကြောင့် ကျွန်တော် တူ၊ တူမ အရင်းခေါက်ခေါက်တွေလောက် မဆူဖြစ်၊ အပြစ်မတင်ဖြစ် သေးတာ သေချာပါတယ်။

"ကဲ… သားတို့ ဆော့နေတာတွေ ခဏရပ်ကြကွာ။ ဟိုသားနှစ်ယောက်… ဦး ကို လာဝိုင်းကူပေးပါ။ တန်းထားတဲ့ စက္ကူဆက်တွန့်လိပ်တွေရဲ့ အရောင်အတိုင်း သားတို့ မှတ်ထားတဲ့ ဘောလုံးတွေကို တစ်ပေခွဲစီ ခြားပြီးချိတ်မယ်။ ကြိုးနဲ့ သေချာချည်နော်။ မပြုတ် ထွက်စေနဲ့။ ဘောလုံးမှုတ်နေတဲ့ သားတို့ကလည်း အရမ်းကြီး တင်းကားနေအောင် မမှုတ်ကြနဲ့။ မနက်ဖြန် အလှူပွဲမတိုင်ခင် ဘောလုံးတွေ ပေါက်ကုန်ရင် ကြည့်မလှဖြစ်နေမယ်။ ကဲ… ဟိုနားက သားငယ်တစ်ယောက် ဘောလုံးအနီရောင်တွေ ဦးကိုကမ်းပေးပါဦး။ ဦး နမူနာပြတဲ့အတိုင်း စ, ချိတ်ကြမယ်။ ဟုတ်ပြီလား"

ကျွန်တော့် ခိုင်းစေချက်အတိုင်း၊ ကျွန်တော် နမူနာပြတဲ့အတိုင်း ဝိုင်းကူကြပေမဲ့ အခြေအနေပေးရင်ပေးသလို တစ်ဦးကိုတစ်ဦး စ,နောက်နေကြဆဲမို့ ထင်သလောက် အလုပ်မတွင်ပါဘူး။ ကျွန်တော်ကိုယ်တိုင် လုပ်မှ စနစ်ကျ၊ အမြင်လှမယ့်သဘောတွေကြောင့် ပန်ကာတွေဖွင့်ထားတဲ့ ဓမ္မာရုံကြီးထဲမှာ ချွေးတပြိုက်ပြိုက်ကျရင်း စိတ်တိုစပြုလာတာတော့ အမှန်ပါပဲ။ ပြောစကား နားမထောင်၊ ပြောသလိုမလုပ်ဘဲ အပျော်လွန်ပြီး ဆော့ကစားနေကြတဲ့ကောင်လေးတွေကို ဆူပူမာန်မဲချင်စိတ်ထပ်ပေါ်လာရပေမဲ့ ဒီညမှစတွေ့၊ စခင်တယ်ဆိုတဲ့ အသိက ရှုံ့ကြောက်မဖြစ်ဖို့အရေး ကြိုတွေးရင်း ရသလောက်ပဲ ခိုင်းစေနေရတာမျိုးပါ။ ဘာပဲဖြစ်ဖြစ် ညဆယ့်နှစ်နာရီထိုးမှ အခမ်းအနားပြင်ဆင်ခြင်းကိစ္စ ပြီးတဲ့အတွက် ကောင်လေးတွေကို သူတို့ အိပ်ဆောင်ရှိရာဘက် ပြန်ခိုင်းလိုက်ပြီး အမှိုက်တွေနဲ့ ရှုပ်ပွနေတဲ့ ဓမ္မာရုံထဲမှာ ကျွန်တော်တစ်ယောက်တည်း ခြေကုန်လက်ပန်းကျရင်း ကျန်ရစ်ခဲ့ရတာပါပဲ။ အဲဒီနောက်မှာတော့ ရှိသမျှ အမှိုက်တွေလှည်းသိမ်းပြီး ညဉ့်နက်သန်းခေါင်ကြီး ရေထပ်မချိုးရဲတဲ့ ကျွန်တော်ဟာ ဦးပဥ္စင်းလေး ထုတ်ပေးထားတဲ့ ဖျာ၊ ခေါင်းအုံး၊ စောင်၊ ခြင်ထောင်တွေယူရင်း ဓမ္မာရုံထောင့်တစ်နေရာမှာပဲ မောပန်းနွမ်းနယ်စွာနဲ့ အိပ်ပျော်သွားခဲ့ပါတယ်။

❑

ပုဆိုးခပ်တိုတို အပေါ်ပိုင်းဗလာကျင်းရင်း တဲပေါ်ကို ဒယီးဒယိုင်ပုံစံနဲ့ တက်လာတဲ့ အသက်လေးဆယ်ကျော်အရွယ် မည်းမည်းဝဝ ခန္ဓာကိုယ်တစ်ခုဟာ ချွေးဒီးဒီးကျနေခဲ့ပြီး ဘီလူးတစ်ကောင်နဲ့ တူနေပါတယ်။ ထဘီရင်ရှားလျက်နဲ့ အသက်သုံးဆယ်ကျော်အရွယ် ပိန်ပိန်ညှိုညှို အမျိုးသမီးကတော့ အေးစက်မာကျောနေတဲ့ ထမင်းကြမ်းခဲကို ပန်းကန်တစ်ချပ်ထဲထည့်၊ ဖဲ့ခြေလိုက်ရင်းကပဲ သေချာသိမ်းထားပုံရတဲ့ လက်ညှိုးအရွယ် အာပြခြောက်မီးဖုတ်နှစ်ကောင်ကို ထမင်းပန်းကန်ပြားပေါ် တင်ပေးလိုက်ပါတယ်။ ငါးပိရည်ခွက်နဲ့ တို့စရာဇလုံကတော့ တဲအတွင်းဘက် ဝါးကြမ်းခင်းပေါ်က ခပ်မှိန်မှိန်လင်းနေတဲ့ ရေနံဆီမီးခွက်အနားမှာ ချထားခဲ့ပြီးသားပါ။ တိတ်ဆိတ်လွန်းတဲ့ နွေရာသီကာလ ညအခါမို့ တဲရဲ့ မနီးမဝေးလောက်



www.burmeseclassic.com

www.burmeseclassic.com

ကနေပြီး ဆွဲဆွဲငင်ငင် ထွက်ပေါ်လာတဲ့ ခွေးအူသံကြီးကလည်း ထိတ်လန့်စရာကောင်းနေသလိုလိုပါ။ အမျိုးသမီးရဲ့ အပြုအမူကို မီးဝင်းဝင်းတောက် မျက်ဝန်းတစ်စုံနဲ့ ဘီလူးတစ်ကောင်လိုစိုက်ကြည့်နေတဲ့ အရက်သမားဟာ ချောင်းတစ်ချက်ဟန့်ပြီး ကွမ်းသွေးတွေ "ဖွီ" ခနဲ ထွေးထုတ်လိုက်ရင်းကပဲ-

"ဒါ လူစာလား၊ ခွေးစာလား။ နင့်လင်ကို နင်ဒီလိုပဲ ချက်ကျွေးရသလား ဗိုင်းတာမ။ ကဲကွာ"

"ဝုန်း"

မူးမူးရူးရူးပုံစံကြီးနဲ့ ထမင်းပန်းကန်ကို ကန်ပစ်လိုက်တဲ့ အရက်သမားရဲ့ လုပ်ရပ်ကြောင့် အနီးအနားမှာရှိတဲ့ အရာအားလုံး ပြန့်ကျဲ သွားခဲ့ပါတယ်။ အဲဒီနောက်မှာတော့ စွဲလောင်စပြုလာတဲ့ မီးတောက်တချို့နဲ့အတူ ထဘီရင်ရှားကြီးနဲ့ အော်ဟစ်ပြေးလွှားနေတဲ့ အမျိုးသမီးရဲ့အသံကတော့ ဝုန်းဝုန်းထတောက်လောင်စပြုလာတဲ့ မီးတောက်မီးလျှံတွေရဲ့ကြားမှာ ငယ်သံပါနေတာပါပဲ။

"အား…"

ဆူညံလွန်းတဲ့ အသံတွေကြောင့် အိပ်မက်က လန့်နိုးသွားရတဲ့ ကျွန်တော်ဟာ လက်ပတ်နာရီကို သေချာကြည့်လိုက်တဲ့အခါမှာတော့ နံနက် ၆ နာရီထိုးပြီးနေခဲ့ပါပြီ။ ထိတ်လန့်စရာ အိပ်မက်ဆိုးနဲ့ အလုံပိတ် မီးမှိတ်ထားတဲ့ ဓမ္မာရုံတံခါးတွေကြောင့် မိုးဥတုကာလကြီးမှာတောင်

]0D.. 0Du
om,
tazvm,[ if
uwkdv;&U
t ar;
pum;alUmif
&ifxJrSm
AkdVpfvkd
aygufuGJG&wJh
ukEfawmf[m
t om;awG
wqwfqwf
wkef ifpmeyJ
uwkdv;ukd
zufxm;&mu
qGJGvkufd
ygw,f

စောစောစီးစီး ချွေးထွက်နေတာတော့ အမှန်ပါပဲ။ ရေတစ်ခွက်ခပ်သောက်ပြီး တံခါးမကြီးကို ဖွင့်ကြည့်လိုက်တဲ့အခါမှာတော့ သနပ်ခါးတွေဖုံနေအောင် လိမ်းထားကြတဲ့ သုံး၊ လေး၊ ငါးနှစ်အရွယ် ကလေးတစ်သိုက် ဓမ္မာရုံရဲ့ မျက်နှာစာတစ်ဝိုက်မှာ အော်ဟစ်ရယ်မောပျော်ရွှင်စွာ ဆော့ကစားနေကြတာမျိုးပါ။ ညကတည်းက စက္ကူဆက်တွန့်လိပ်တွေနဲ့အတူ အလှဆင်ထားတဲ့ ဓမ္မာရုံ တံခါးမကြီးဘေးဘက်က ဘောလုံးတချို့ကတော့ ကလေးတွေ လက်ချက်နဲ့ တစ်လုံးစ၊ နှစ်လုံးစ ပေါက်ကွဲနေခဲ့ပါပြီ။ အမြင့်ပိုင်းက ဘောလုံးတွေ အကောင်းပကတိရှိနေသေးတာကို ကြည့်ရင်း ကလေးတွေ အရပ်နဲ့ မီအောင် တံခါးပေါင်အနှံ့ အလှဆင်မိတဲ့ ကျွန်တော့်ကိုယ်ကျွန်တော်ပဲ အပြစ်တင်ရပါတယ်။ ကလေးတွေကတော့ ဘောလုံးမြင်ရင် ဆော့ကစားတတ်တဲ့ ဗီဇအတိုင်း လက်ကျန်ဘောလုံးတချို့ကို ပုတ်ခတ်ဆော့ကစားနေကြဆဲပါပဲ။ ဘာပဲဖြစ်ဖြစ် ဘဝကံအကျိုးပေးကြောင့် မိဘ၊ အုပ်ထိန်းသူ အရင်းခေါက်ခေါက်တွေနဲ့ အတူမနေခဲ့ရတဲ့ ကလေးတွေကို စကားကြမ်းကြမ်းနဲ့ ဆုံးမလို့ မဖြစ်မှန်း သေချာသိရင်း လေသံပျော့ပျော့နဲ့ နားချကြည့်ရတာပါပဲ။

"သားတို့၊ သမီးတို့ ကျောင်းက ဓမ္မာရုံ လှအောင် ဦးက လုပ်ပေးထားတာလေ။ အဲဒီလို မဆော့ရဘူး။ အလှဆင်ထားတဲ့ ဘောလုံးတွေ ပေါက်ကုန်ရင် သားတို့၊ သမီးတို့ရဲ့ ဓမ္မာရုံကြီး မလှဘဲနေတော့မှာပေါ့။ လက်နဲ့ ပုတ်ပြီး မဆော့ကြနဲ့။ မွေးနေ့ပွဲပြီးတာနဲ့ ဒီအခန်းထဲမှာ အလှဆင်ထားသမျှ ဘောလုံးတွေကို သားတို့၊ သမီးတို့အတွက် ပေးခဲ့မှာ၊ ဟုတ်ပြီလား"

"ဝေး… ဟေး… ဟေး… ဟေး"

ကျွန်တော့်စကားအဆုံးမှာတော့ ကလေးတွေအားလုံးနီးနီး "ဝေး"ခနဲ အော်ဟစ်ပျော်ရွှင်သွားကြပါတယ်။ ဒါပေမဲ့ ပြန်မပြော၊ နားမထောင် ထင်ရာထ,လုပ်တတ်တဲ့ပုံရတဲ့ သုံးလေးနှစ်အရွယ် ကတုံးဆံပင်ပေါက်နဲ့ ကောင်လေးတစ်ယောက်ကတော့ ဘောလုံးကို လက်နဲ့ ပုတ်ခတ် ဆော့ကစားနေတုန်းပါပဲ။ ဘာပဲဖြစ်ဖြစ် ကျန်ချင်သလောက် ကျန်၊ မွေးနေ့ရှင်ရဲ့ ကံပါပဲဆိုပြီး ကံကို ပုံချလိုက်မိတဲ့ ကျွန်တော်ဟာ သန့်စင်ခန်းဝင်၊ မျက်နှာသစ်၊ ရေမိုးချိုးပြီး ဓမ္မာရုံရှိရာ ပြန်ရောက်တဲ့အခါမှာတော့ ရန်ပွဲတစ်ပွဲကို တွေ့လိုက်ရတာပါပဲ။ ဆံပင်ကို ဘိုကေညှပ်ထားပြီး အုန်းဆီပါ သေချာလိမ်းထားတဲ့ ခပ်ဝဝပုံစံ သုံးလေးနှစ်အရွယ် ချစ်စရာကောင်လေးနဲ့ စောစောက ဘောလုံးကို ပုတ်ခတ်ဆော့ကစားနေတဲ့ ကတုံးလေးရဲ့ ရန်ပွဲပါ။ ကတုံးလေးရဲ့ ဘောင်းဘီကို ဘိုကေလေးက စ,နောက် ဆွဲချွတ်လိုက်ရာက စ,ပါတယ်။ လက်သွက်ပုံရတဲ့ ကတုံးလေးက ဘောင်းဘီကို ခပ်မြန်မြန် ဆွဲတင်ပြီး စ,ထိုးတာလို့ ပြောရင် ရပါတယ်။ ကလေးတို့ ဘာသာဘာဝ သူတစ်ပြန် ကိုယ်တစ်ပြန် တွန်းထိုး ပုတ်ခတ်နေကြပေမဲ့ လက်သံပြောင်ပုံရတဲ့ ကတုံးလေးကြောင့် ဘိုကေလေး ထိုင်ငိုသွားရတာပါပဲ။ ရန်ပွဲကို ဝိုင်းဝန်း ဖျန်ဖြေပေးတဲ့ ကလေးတချို့ကိုတောင် ကတုံးလေးက အခြောက်တိုက်ကြီးလိုက်ထိုးနေတာမျိုးပါ။ သူ့ထက် လူကောင်ကြီးတဲ့ ကလေးတချို့ကိုတောင် ပြန်ခံထိုးတဲ့အထိ ဒေါသကြီးပုံလည်းရပါတယ်။



www.burmeseclassic.com

ဘာပဲပြောပြော အလိုလိုနေရင်း ရန်လိုနေတတ်တဲ့ သုံးလေးနှစ်အရွယ်ကလေးတစ်ယောက်ဟာ ထစ်ခနဲရှိ လက်ပါတတ်တာမျိုးကိုတော့ လူကြီးတစ်ယောက်အနေနဲ့ မနှစ်သက်တာ သေချာတဲ့အတွက် တင်ပါးကို ခပ်ဆတ်ဆတ်ကလေး ရိုက်ချင်စိတ်ပေါ်လာခဲ့ပါတယ်။ အရွယ်နဲ့ မလိုက်အောင် အကြောတင်းလွန်းတဲ့ အမူအကျင့်တွေနဲ့ ပေတေတေ မှုန်တုန်တုန် မျက်နှာပေါက်၊ ကတုံးဆံပင်ပေါက်က တခြားကလေးတွေလို သနပ်ခါးဖွေးနေအောင် လိမ်းထားတာတောင် ချစ်စရာ ကောင်းမနေတာလည်း အမှန်ပါပဲ။ ကလေးတွေအားလုံးကို တာဝန်ယူပြီး အုပ်ချုပ် ထိန်းသိမ်း၊ ကျွေးမွေးစောင့်ရှောက်နေတဲ့ ဦးပဥ္ဇင်းလေးက အဖြစ်မှန်ကို သိရှိသွားခဲ့ပြီး နောက်မှာတော့ အဲဒီ ကတုံးလေးကို တစ်ချက်တောင်မရိုက်ဘဲ သူနားလည်မယ့်စကားတွေနဲ့ ချိုချိုသာသာရှင်းပြ၊ ဆုံးမလာတဲ့အတွက် ကျွန်တော့်စိတ်ထဲ ခုတုတု ဖြစ်သွားရတာပါပဲ။

"ညီအစ်ကိုအချင်းချင်း လက်မပါရဘူးလို့ ဦးဇင်း ဆုံးမထားတယ်လေ။ ဒီမှာနေတဲ့ လူတွေအားလုံးဟာ သားရဲ့ ညီအစ်ကိုမောင်နှမတွေချည်းပဲ။ သားဘက်က ရန်လိုနေရင် သားကို ဘယ်သူက ချစ်ကြမှာတဲ့လဲ။ ဘာဖြစ်လို့ ဒေါသထွက်နေရတာလဲ သား။ ဒေါသကြီးရင် ဘီလူးဖြစ်သွားမယ်လို့ ဦးဇင်းပြောထားတယ်လေ။

arwmåw&m;u
vIJ;D
bmwpfckS
[ kvfvgjwfvd
ray;qyEkdbl
wpfå, muf
t aeeY
'Dav;&U
arhmfvifbuf
ar;cEfwpfkukd
b, fvkd
pum;r$JawEY
vdhm
[ efåqmiIfy;D
jyefåjz&rfSwlbr J

သားမှတ်မိတယ် မဟုတ်လား။ ဘီလူး မဖြစ်ချင်ရင် နောင် ဒါမျိုးမလုပ်ရဘူးနော်။ ဟုတ်ပြီလား သား"

ဦးပဥ္ဇင်းလေးရဲ့ စကားအဆုံးမှာတော့ မျက်ရည်ဝဲဝဲနဲ့ ခေါင်းငိုက်စိုက်ချရင်း ငြိမ်ကုပ်သွားတဲ့ ကတုံးလေးရဲ့ ပုံစံကြောင့် ကျွန်တော့်ဘက်က မနေနိုင်စွာနဲ့ပဲ-

"ဆိုးတဲ့ကလေးတွေကို ရိုက်ပြီး မဆုံးမဘူးလား ဦးဇင်း"

"ဒီမှာရှိသမျှ ကလေးတွေအားလုံး ဘယ်လောက်ဆိုးဆိုး ဦးဇင်းဘက်က အဲဒီလို မအုပ်ချုပ်ဘူး ဒကာကြီးရဲ့။ အားလုံးနီးနီးက မိဘအုပ်ထိန်းသူမရှိ၊ အမှီအခိုမရှိလို့ ဦးဇင်းကို အားကိုးပြီး ဒီကိုရောက်လာကြတာလေ။ ဦးဇင်းဘက်ကပါ ကြမ်းကြမ်းတမ်းတမ်းနဲ့ ဆက်ဆံအုပ်ချုပ်မယ်ဆိုရင် သူတို့ဆီမှာ နဂိုပါလာခဲ့ပြီးသား စိတ်ဒဏ်ရာအဟောင်းတွေက မီးလောင်ရာ လေပင့်သလိုမျိုး ဖြစ်သွားကြမှာပေါ့။ အဲဒါကြောင့် ဆုပေး၊ ဒဏ်ပေး စနစ်ကိုပဲ ဦးဇင်း ကျင့်သုံးတယ် ဒကာကြီး။ ဒီကျောင်းမှာ စာလာသင်ပေးနေတဲ့ ဆရာ၊ ဆရာမတွေကိုလည်း အဲဒီလို မလုပ်ဖို့ ဦးဇင်းဘက်က သေချာမှာထားပါတယ်။ ကဲ... သားတို့နှစ်ယောက်စလုံး ရန်ဖြစ်ကြတဲ့အတွက် ကျောင်းဝင်းထဲမှာ ပြန့်ကျဲနေတဲ့ အမှိုက်တွေ လိုက်ကောက် ရလိမ့်မယ်။ ခု သွားလုပ်တော့။ နေ့ဆွမ်းအမီ အလှူရှင်တွေ လာကြမှာဆိုတော့ သူတို့ ကြိုပေးထားတဲ့ တီရှပ်လေးတွေ လဲဝတ်ထားကြရမယ်။ ကဲ... ကဲ အလှူရှင်တွေ မလာခင် ကျန်တဲ့သားတွေ၊ သမီးတွေအားလုံး အဆင်သင့်ဖြစ်ကြပါစေ"

ဦးပဥ္ဇင်းလေးရဲ့ စကားကြောင့် ဝိုင်းအုံကြည့်နေကြတဲ့ ကလေးတွေအားလုံး လှုပ်လှုပ်ရှားရှား ဖြစ်သွားကြပါတယ်။ အရွယ်စုံ ယောကျ်ားလေး၊ မိန်းကလေး စုစုပေါင်း အယောက်တစ်ရာကျော်ကို အုပ်ချုပ်နေရတဲ့ ဦးပဥ္ဇင်းလေးရဲ့ မျက်နှာကတော့ ကြည်လင်အေးချမ်းပြီး မေတ္တာဓာတ်တစ်မျိုး ကိန်းအောင်းနေသလိုလိုပါ။ ကျွန်တော့်ထက် ဆယ်နှစ်လောက် ငယ်နေမှာ သေချာတဲ့ ဦးပဥ္ဇင်းလေးရဲ့ နေရာမှာ ကျွန်တော်သာဆိုရင် ဘယ်လိုပုံစံမျိုးနဲ့ စီမံအုပ်ချုပ်၊ စောင့်ရှောက်မလဲဆိုပြီး အတွေးပွားနေမိတာလည်း အမှန်ပါပဲ။ သေချာတာကတော့ တော်ရုံမေတ္တာ၊ တော်ရုံသည်းခံမှု၊ တော်ရုံ စွမ်းဆောင်နိုင်မှုတွေနဲ့ ဒီလိုနေရာမျိုးမှာ အရေးပါ အရာရောက်သူ ဖြစ်မလာနိုင်ဘူးဆိုတာကတော့ ငြင်းမရတဲ့ အမှန်တရားတစ်ခုပါလေ။ ဘာပဲဖြစ်ဖြစ် ကျွန်တော်တစ်ယောက် အဝတ်အစားလဲ၊ နံနက်စာစားပြီးသွားတဲ့ နောက်မှာတော့ ဓမ္မာရုံရှေ့ မျက်နှာမှာ စီတန်းချထားတဲ့ ပလတ်စတစ်ကုလားထိုင်တစ်လုံးပေါ် အသာအယာ ထိုင်ရင်း ပျော်ရွှင်စွာ ဆော့ကစားနေကြတဲ့ ကလေးတချို့ကို ကြည့်ရင်း အလှူရှင်တွေ အလာကို စောင့်မျှော်နေခဲ့မိတာပါပဲ။

❑

ဝုန်းခနဲ ရှာချလိုက်တဲ့ မိုးကြောင့် ဆော့ကစားနေကြတဲ့ ကလေးတွေအားလုံး ဓမ္မာရုံထဲ ဝင်ရောက်လာခဲ့ကြပါတယ်။ Myanmar Idol အဆိုရှင်ရဲ့ ရုပ်ပုံစတေကာပါတဲ့ တီရှပ်အနီတွေကတော့ ကလေးတွေရဲ့ ကိုယ်ပေါ်မှာ ရဲရဲတောက် လှပနေကြတာပါပဲ။ အကြီးတွေက အငယ်တွေကို ရေမိုးချိုး၊ သနပ်ခါးလိမ်းပေး၊ သပ်သပ်ရပ်ရပ်

www.burmeseclassic.com

ဖြစ်အောင် လုပ်ပေးကြရတာ မျိုးမို့ သွေးမတော်၊ သားမစပ်တဲ့ ညီအစ်ကို၊ မောင်နှမတွေကြားက ထူးခြားတဲ့ မေတ္တာတရားကို အထင်အရှား တွေ့လိုက်ရပြီး ကြည်နူးစိတ်နဲ့အတူ ပီတိဖြစ်ရပါသေးတယ်။ အလှူ့ရှင် ဖိတ်ကြားထားတဲ့ ဧည့်သည်တွေ တစ်ယောက်စ၊ နှစ်ယောက်စ ရောက်လာခဲ့ပြီးနောက်မှာတော့ မိုးက ပြန်တိတ်သွားခဲ့ပါပြီ။ သိပ်မကြာခင်မှာပဲ ဘိုကေလေးနဲ့ ကတုံးလေးဟာ ကျွန်တော်ထိုင်နေရာ ဘေးနားက ခုံအလွတ်တွေမှာ ခပ်တည်တည်ပုံစံနဲ့ လာထိုင်ကြပြီး ကျောင်းဝင်း အဝဘက်ကို မျှော်ငေးကြည့်နေကြပါတယ်။ စောစောက ရန်ဖြစ်ခဲ့ခြင်းကိစ္စကတော့ အတေးအမှတ်မရှိ ဖြူစင်တဲ့ ကလေးနှစ်ယောက်ကြားမှာ အငွေ့ပြန်ပျောက်ကွယ်သွားခဲ့ပြီ ထင်တာပါပဲ။ ဘာပဲဖြစ်ဖြစ် တခြားကလေးတွေထက် သပ်ရပ်ပြီး ချစ်စရာကောင်းနေတဲ့ ဘိုကေလေးကို စကားပြောကြည့်တဲ့အခါမှာတော့–

‘သား သနပ်ခါးလိမ်းထားတာ သူများတွေနဲ့ မတူဘူး။ ညီညာပြီး ကြည့်ကောင်းနေတာပဲကွာ။ ပါးကွက်နှစ်ကွက်ကလည်း ဝိုင်းစက်နေတာပဲ။ ဆံပင်ကို အုန်းဆီထည့်ပြီး သေချာတောင်ဖြီးထားလိုက်သေးတယ်။ ဟား… ဟား… ဟား… သားကိုယ်တိုင် ပြင်ဆင်ထားတာလား’

‘သူ့ဟာသူ လုပ်တာ မဟုတ်ဘူး၊ သူ့အမေ လုပ်ပေးတာ’

ကျွန်တော့်ရဲ့ အမေးစကားကို ဘိုကေလေး ပြန်မဖြေခင်မှာပဲ ကတုံးလေးက ပြန်ဖြေတဲ့အတွက် အံ့သြသွားရပါတယ်။ အဲဒါနဲ့ပဲ ဘိုကေလေးကို မေးစမ်းကြည့်ရတာပါပဲ။

‘ဒါဆို သားမှာ အမေရှိတာပေါ့။ သားအမေက ဘယ်မှာလဲ။ ဘာလုပ်သလဲ’

‘သားအမေက ထမင်းချက်တဲ့အဆောင်မှာ နေတယ်။ အမေက သားကို ဆံပင်ညှပ်ပေးတယ်။ သနပ်ခါးလိမ်းပေးတယ်။ ခြေသည်းလက်သည်းတွေလည်း ညှပ်ပေးတယ်။ သားအမေက သားကိုချစ်ပြီး သူ့ကို မချစ်တော့ သူက မနာလိုဖြစ်နေတာဦးရဲ့။ ဟား… ဟား… ဟား…’

ဘိုကေလေးရဲ့ စကားကြောင့် ကတုံးလေးဘက်က မျက်မှောင်ကျုံ့၊ နှုတ်ခမ်းစူလိုက်ပြီးနောက်မှာတော့–

‘အဲဒါ သူ့အမေ မဟုတ်ဘူး၊ သူနဲ့ ဘာမှ မတော်ဘူး’

‘ဘာဖြစ်လဲကွာ၊ အမေက ငါ့ကိုပဲချစ်တာ။ မင်းကို မချစ်ဘူး။ မင်းက ဒေါသကြီးတယ်၊ ရန်ဖြစ်တယ်၊ ရုပ်ဆိုးတယ်၊ ပြီးတော့… ဟား… ဟား… ဟား…’

‘ငါနော်…’

စကားနိုင်လုနေရင်းကပဲ ထိုင်ရာက ထပြီး ရန်ဖြစ်မလို ဟန်ပြင်လာကြတဲ့အတွက် ကျွန်တော့်ဘက်ကပဲ ဟိန်းဟောက် ပွဲထိန်းပေးလိုက်ရပါတယ်။

‘ဟေ့… ဟေ့၊ သားတို့နှစ်ယောက် ရန်မဖြစ်ရဘူးနော်။ ဒီတစ်ခါ ရန်ဖြစ်ရင် ဦးဇင်းနဲ့ မတိုင်ဘူး။ ဦးကိုယ်တိုင် ရိုက်တော့မှာ’

ကျွန်တော့်စကားကြောင့် ကလေးနှစ်ယောက်စလုံး ငြိမ်သလိုလိုဖြစ်သွားကြပေမဲ့ ကျေနပ်ဟန်တော့ မပြသေးပါဘူး။ ဘာပဲဖြစ်ဖြစ် ကလေးနှစ်ယောက်ပြောသွားတဲ့ စကားတွေအရ ဘိုကေလေးကို ချစ်တဲ့၊ ဂရုစိုက်တဲ့၊ သပ်သပ်ရပ်ရပ်ဖြစ်အောင် လုပ်ပေးတတ်တဲ့ ထမင်းချက်အမျိုးသမီးဟာ ဘိုကေလေးရဲ့ အမေအရင်းမဟုတ်မှန်း အလိုလိုသိလာရပါတယ်။ တကယ်တော့ စွန့်ပစ်ခံရသူချင်းအတူတူ လက်ရှိအခြေအနေအရ ဂရုစိုက်ခံရတဲ့ကလေးတစ်ယောက်ရဲ့ စိတ်ခံစားချက်နဲ့ ဂရုစိုက်ခြင်းမခံရတဲ့ ကလေးတစ်ယောက်ရဲ့ အားငယ် ဝန်တိုစိတ်ကနေပြီး မြစ်ဖျားခံလာဟန်ရှိတဲ့ မကျေနပ်ခြင်း၊ ဒေါသဖြစ်ခြင်း၊ ရန်လိုခြင်းစတဲ့ စိတ်ခံစားချက်တွေကို ကျွန်တော်ကိုယ်တိုင် နားလည်လာတဲ့အတွက် ကတုံးလေးအပေါ် အမြင်မကြည်လင်ခြင်းကနေပြီး သနားစိတ်တွေ စတင်ဖြစ်ပေါ်လာခဲ့ပါတယ်။ မူရင်း အပင်မရှိတော့ဘဲ ဆက်လက်ပွင့်လန်းနေရတဲ့ ပင်ယံမဲ့ပန်းချင်းအတူတူ ဘိုကေလေးရဲ့ ကုသိုလ်ကံနဲ့ ကတုံးလေးရဲ့ ကုသိုလ်ကံ မတူညီကြပုံတွေကိုလည်း သိရှိနားလည်လာရသလိုလိုပါပဲ။ ဒါပေမဲ့ ရန်မဖြစ်,ဖြစ်အောင် ရန်စ,တတ်ပုံရတဲ့ ဘိုကေလေးရဲ့ လုပ်ရပ်တစ်ခုက ကျွန်တော် မသိတာတွေ သိလာရဖို့ အကြောင်းအရင်းအမှန်ပါပဲ။ တကယ်တော့ သားရေကြိုး ချောင်နေတာကြောင့် လျော့ရိလျော့ရဲဖြစ်ပြီး ခဏခဏ ဆွဲတင်နေရတဲ့ ကတုံးလေးရဲ့ ဘောင်းဘီကို ဘိုကေလေး ဆွဲချွတ်လိုက်ရာက စ,ပြန်ပါတယ်။

‘ဟော… ကြည့်၊ တွေ့လားဦး၊ သားကို သူပဲ အရင်ရန်လာလာစ,နေတာ။ သားထိုးရင် သူပဲငိုမှာ ဦးရဲ့။ ငါ့ကို လာမစနဲ့၊ ငါထိုးလိုက်မှာနော်’

ကျွတ်ကျသွားတဲ့ ဘောင်းဘီကို ကမန်းကတန်း ပြန်ဆွဲတင်ရင်း ငိုမဲ့မဲ့ မျက်နှာကလေးနဲ့ တိုင်သလိုပြောလာတဲ့ ကတုံးလေးရဲ့ စကားသံနဲ့အတူ ဗိုက်သားနဲ့ ပေါင်ရင်းတစ်ဝိုက်က အမာရွတ်တွေကို မြင်လိုက်ရတဲ့အခါမှာတော့ ကျွန်တော်လည်း ဘယ်လိုမှ မနေနိုင်စွာနဲ့ပဲ ဘိုကေလေးကို ထိုးမလို့ဟန်ပြင်နေတဲ့ ကတုံးလေးကို ကောက်ချီလိုက်မိပါတယ်။ ဘိုကေလေး ဘောင်းဘီချွတ်ပြီး စ,တတ်တာကို ကတုံးလေးဘက်က ဘာကြောင့် မကြိုက်မှန်းကိုလည်း တဖြည်းဖြည်း သိလာရသလိုပါပဲ။ အဲဒီနောက်မှာတော့ ဘိုကေလေးကို ခပ်စူးစူးကြည့်လိုက်ရင်းကပဲ–

‘သူပြောတာ မှန်တယ်သား၊ သူ မကြိုက်တာကို

*စာမျက်နှာ(၇၇)သို့…*



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

ဦးခင်မောင်မြင့် ခွေးခြေခုံပေါ် တက်လိုက်တယ်။ ပြီးတော့ ခွေးခြေခုံကို ခြေထောက်နဲ့ ကန်ပစ်လိုက်တယ်။ လည်ပင်းမှာ ကြိုးတန်းလန်းနဲ့။

❑

ဦးခင်မောင်မြင့်က မေးရိုးကားကားကြီးနဲ့ နှယ်နှယ်ရရတော့ မဟုတ်ဘူး။ ဌာနဆိုင်ရာ အကြီးအကဲတစ်ယောက်။



တိုက်နဲ့ကားနဲ့ နေနိုင်တယ်ဆိုတာ နည်းတဲ့အားလား။ ကားဆိုတာ ဌာနဆိုင်ရာက ပေးတဲ့ကား မဟုတ်ဘူးနော်။ အိမ်စီးကားအကောင်းစား။ အဲဒီခေတ်ကတော့ ဆလွန်းကားပေါ့။ ဌာနဆိုင်ရာမှာလည်း ဩဇာညောင်းတယ်။ သူတို့ဌာနက ယူနီဖောင်းဝတ်ရတယ်။ ပခုံးပေါ်မှာ အပွင့်တွေ၊ အခက်တွေ တင်ရတယ်ဆိုပေမဲ့ စစ်တပ်တော့ မဟုတ်ဘူး။ အဲဒီခေတ်အခါက အပြင်လူတွေ တာဝန်ထမ်းဆောင်ခွင့်ရဖို့ မလွယ်တဲ့ ဝန်ကြီးဌာနတစ်ခုပေါ့။ အရမ်းပိုက်ဆံရတာ။ မိန်းမကို စိန်လည်တုံတွေဘာတွေ ဆင်ပေးနိုင်သလို သားသမီးတွေကိုလည်း နာမည်ကျော်ပေ့ဆိုတဲ့ မြို့ထဲကျောင်းမှာ ထားနိုင်တယ်။ သူတို့ကိုယ်တိုင်လည်း ရန်ကုန်မြို့ရဲ့ ဆိတ်ငြိမ်ရပ်ကွက်ကြီးတစ်ခုမှာ နှစ်ထပ်တိုက်ကြီးနဲ့ နေတာ။ အဲဒီနှစ်ထပ်တိုက်ရဲ့ အပေါ်ထပ် စာကြည့်ခန်းထဲမှာပဲ ဦးခင်မောင်မြင့် သေတာ။

လူတချို့ကတော့ ကိုယ်လွတ်ရုန်းသွားတယ် ပြောကြတယ်။

တချို့ကတော့ သွေးပျက်သွားလို့ဖြစ်မှာပါ ဖြေတယ်။

တကယ့် အကြောင်းအရင်းခံကိုတော့ ဦးခင်မောင်မြင့်ကိုယ်တိုင်ပဲ သိလိမ့်မယ်။ အဲ··· သူ့မိန်းမ ဒေါ်ဘေဘီလည်း သိနိုင်လောက်တယ်။ သားသမီးတွေကတော့ အကြောင်းရင်းအစစ်အမှန်ကို မသိလောက်ဘူး။ သူတို့အဖေ အဖမ်းခံရမလိုလို၊ ထောင်ကျ မလိုလို အခြေအနေမျိုးဆိုတာတော့ ရိပ်မိကြတယ်။ မောင်နှမနှစ်ယောက်က နှစ်နှစ်ကြီး၊ နှစ်နှစ်ငယ်လေး။ တစ်ယောက်က မူလတန်း၊ တစ်ယောက်က အလယ်တန်း။ ဒီကလေးနှစ်ယောက် အပြင်ဆရာမတစ်ယောက်နဲ့ အိမ်အောက်ထပ်မှာ စာသင်နေတုန်းဖြစ်တာ။ ကလေးတွေ အမေကတော့ အိမ်အောက်ထပ် အိပ်ခန်းထဲမှာ ကျိတ်ငိုနေတုန်း ဖြစ်လိမ့်မယ်။

ဆိုတော့··· ဦးခင်မောင်မြင့်လို လူမျိုးအတွက် ဒီလိုအဖြစ်မျိုးလုပ်စရာအကြောင်း ရှိသလားပေါ့။ ဘဝမှာ အခြေကောင်းအနေကောင်းများစွာကို ပိုင်ဆိုင်ထားရပြီပဲဟာ။ တစ်ခုတော့ ရှိတယ်။ အလုပ်ထဲက ပြဿနာကြောင့်လား။

ဝန်ထမ်းတွေထဲမှာတော့ ဦးခင်မောင်မြင့်က အင်မတန် အရာရှိပီသတဲ့ လူမျိုး။ သူ လက်မှတ်တစ်ချက် ထိုးလိုက်ရုံပဲဆိုပေမဲ့ အောက်လက် ငယ်သားတွေကို အမြဲတမ်းတွဲခေါ်တယ်။ ဥပမာ ဆိပ်ကမ်းဆင်းရမယ်ဆိုလည်း တာဝန်ဝတ္တရားအရ သူကိုယ်တိုင် စစ်ဆေးတယ်။ အောက်လက်ငယ်သားတစ်ဖွဲ့ကြီးနဲ့ နောက်လိုက်နောက်ပါတွေကို လက်ဆင့်ကမ်း သင်ပြပေးရာရောက်သလို လာဘ်လာဘပိုင်းကိုလည်း အမြဲတမ်း ခွဲဝေစွန့်ကြဲတယ်။ အဲ··· တစ်ခုတော့ရှိတယ်။ သူ့အောက်လက်ငယ်သားတွေဟာ သူ့အပေါ် သစ္စာတော့ ရှိကြရမယ်။ ဒါမှလည်း ဘဝမှာ ခိုင်မာသေချာတဲ့ ဘဝမျိုးရောက်မယ်လို့ အမြဲတမ်း သွန်သင်ဆုံးမတယ်။

❑

အဲဒီမှာ ဦးခင်မောင်မြင့်ရဲ့ ဦးလေးအကြောင်း ပါလာတော့တာပဲ။ ဦးခင်မောင်မြင့်က အရက်သေစာသောက်စားလေ့မရှိဘူး။ ဦးခင်မောင်မြင့် ဦးလေးက အရက်သေစာကို မဖြစ်မနေသောက်စားရတဲ့ လူမျိုး။ မဖြစ်မနေသောက်စားရတဲ့ လူမျိုးဆိုတာ ဒီလို။ ဥက္ကဋ္ဌကြီးက အရက်သေစာကြိုက်နှစ်သက်တယ်။ ဦးခင်မောင်မြင့် ဦးလေးက ဥက္ကဋ္ဌကြီးရဲ့ လူယုံ စားတော်ကဲ။ အဲ··· စားတော်ကဲရယ်လို့တော့ ချက်ပြုတ်စီမံရတဲ့ လူတော့ မဟုတ်ဘူးပေါ့။ ဥက္ကဋ္ဌကြီးရဲ့ အစားအသောက်နဲ့



www.burmeseclassic.com

www.burmeseclassic.com

ပတ်သက်ပြီး ကြီးကြပ်စစ်ဆေးရတဲ့လူလို့ ပြောလို့ရမလားပဲ။ သူက ပါဝါအာဏာတော့ ကြီးတယ်။ ဆိုပါတော့ ဥက္ကဋ္ဌကြီးကို စားဝိုင်းသောက်ဝိုင်းက ဖိတ်ကြားတယ်။ နိုင်ငံတော်အဆင့် အခမ်းအနားပေါ့။ အဲဒီမှာ ဦးစန်းယုတို့၊ ဦးမောင်မောင်ခတို့၊ ဦးအေးကိုတို့ ရှိမယ်ပေါ့။ ဒါပေမဲ့ ဥက္ကဋ္ဌကြီးနဲ့ တွေ့လိုက်ရင် ကျောင်းသားပေါက်စကလေးတွေ ဖြစ်သွားကြရော။ ဥက္ကဋ္ဌကြီး မလာခင်အထိ လွတ်လွတ်လပ်လပ် ပြောကြဆိုကြ၊ စားလို့သောက်လို့တော့ မရသေးဘူး။ ဥက္ကဋ္ဌကြီး ကြွလာပြီဆိုတာနဲ့ မျက်နှာပိုးသတ်ပြီး အားလုံး မတ်တတ်ရပ် ကြိုဆို။ အဲ···အဲဒီမှာ ဦးခင်မောင်မြင့် ဦးလေးက နောက်ကကပ်ပါလာတယ်။ ဥက္ကဋ္ဌကြီးရဲ့ ကိုယ်ရေးအရာရှိတွေ၊ ကိုယ်ရံတော်တွေတောင် ဥက္ကဋ္ဌကြီးအနား ကပ်လိုက်ပိုင်ခွင့် မရှိဘူး။ ဥက္ကဋ္ဌကြီး စားပွဲမှာ ထိုင်ပြီး "ထိုင်ကြ··· ထိုင်ကြ" ဆိုမှ သေသေဝပ်ဝပ်ကလေး ထိုင်ကြရတာ။ ဥက္ကဋ္ဌကြီးကို အရမ်းကြောက်ကြရတယ် ဆိုပဲ။ ကဲ··· ဦးခင်မောင်မြင့် ဦးလေးရဲ့ အခန်းကဏ္ဍက အဲဒီမှာ စ,ပါတယ်။ ဥက္ကဋ္ဌကြီး စကားစမြည်ပြောရင်း စားတယ်၊ သောက်တယ်။ ဒါကို အထူးစားပွဲထိုးတွေက ဘေးကနေ စီမံပေးရတာပေါ့။ ဦးခင်မောင်မြင့် ဦးလေးက ဥက္ကဋ္ဌကြီး ထိုင်ခုံနောက်မှာ လက်ကလေးယှက်ပြီး စောင့်ကြည့်

0uJ̈LuD
wpfGlfyDwpfGlf
qifvmNyDqkd
0Difarmifjrifh
0Dv;u
0ifvmNyD
]0uJ̈LuD
awmfvmuf]yD
0uJ̈LuD
aomufaeusxuf
enf;enf;awmif
aumfoGm;yg]yD;vdk
wm;cGifhv, f
NyD;if
pm;yGJxdk;c:NyD
yk;vi;fyg
odrf;edkif;vdkh
yg0g
tmPm&Sdv, f

နေတယ်။ စကားလမ်းကြောင်းတွေကောင်းလာလို့ ဥက္ကဋ္ဌကြီး တစ်ခွက်ပြီးတစ်ခွက် ဆင့်လာပြီဆို ဦးခင်မောင်မြင့် ဦးလေးက ဝင်လာပြီ။ "ဥက္ကဋ္ဌကြီး တော်လောက်ပါပြီ၊ ဥက္ကဋ္ဌကြီး သောက်နေကျထက် နည်းနည်းတောင် ကျော်သွားပါပြီ" လို့ တားခွင့်ရှိတယ်။ ပြီးရင် စားပွဲထိုးခေါ်ပြီး ပုလင်းပါ သိမ်းခိုင်းလို့ရတဲ့ ပါဝါအာဏာရှိတယ်။ တစ်နိုင်ငံလုံး ဖိမ့်ဖိမ့်တုန်အောင် ကြောက်ရပါတယ်ဆိုတဲ့ ဥက္ကဋ္ဌကြီးရဲ့ အရက်ခွက်ကိုပါ သိမ်းခွင့်ရှိတဲ့သူ။ ဥက္ကဋ္ဌကြီးကလည်း ဦးခင်မောင်မြင့် ဦးလေး ပြောတဲ့စကားဆိုနားထောင်တယ်။ ဘယ်···ကျန်တဲ့လူဆို ဘယ်ရလိမ့်မလဲ။ ဥက္ကဋ္ဌကြီးက မူးလာရင် အရမ်းသွေးဆိုးတယ်လို့ ပြောသံကြားဖူးတယ်။ စားတဲ့သောက်တဲ့နေရာမှာလည်း အသားခွက်ဘက် လှမ်းတာများရင် ဥက္ကဋ္ဌကြီးလက်ကို သူ့လက်နဲ့ တားပြီး ရပ်တန့်ပိုင်ခွင့်ရှိတယ်။ "ဥက္ကဋ္ဌကြီး အသားသုံးဆောင်တာ အရမ်းများနေပါပြီ။ ဆရာဝန်ညွှန်ကြားချက်အရ အသီးအရွက်များများသုံးဆောင်ပေးရပါမယ်" ဆိုပြီး အသားခွက်တွေ သိမ်း၊ အသီးအရွက်တွေ ပြောင်းချ။ နိုင်ငံတော် သမ္မတတောင် ဥက္ကဋ္ဌကြီးကို မော်မကြည့်ရဲတဲ့ အခြေအနေမှာ ဦးခင်မောင်မြင့် ဦးလေးရဲ့ လုပ်ပိုင်ခွင့်တွေက ကြောက်ခမန်းလိလိ အံ့သြဖို့ကောင်းနေတယ်။

❑

ဥက္ကဋ္ဌကြီးက နေရာဖယ်ပေးလိုက်ပြီးတဲ့ နောက်ပိုင်း ဦးခင်မောင်မြင့် ဦးလေးလည်း အငြိမ်းစားလိုလို၊ ထိုင်စားလိုလိုဘဝမျိုး ရောက်သွားပါတယ်။ ဥက္ကဋ္ဌကြီး အရှိန်နဲ့ ဘယ်လိုတွေလဲလို့ ဦးခင်မောင်မြင့် မစပ်စုပါဘူး။ ဦးလေးအရင်းခေါက်ခေါက်ကြီးဆိုပေမဲ့ သဘောထားချင်း မတိုက်ဆိုင်တာတွေရှိလို့ ဦးခင်မောင်မြင့် အမေရှိတုန်းကတော့ အဝင်အထွက်ရှိတယ်။ ဒါပေမဲ့ ဦးခင်မောင်မြင့်အမေ သယ်ဆောင်လာတဲ့စကားကို ဦးခင်မောင်မြင့် သဘောမကျဘူး။ ဦးခင်မောင်မြင့် ဒီဌာနကိုရောက်တာ၊ ဒီရာထူးအထိ တိုးတက်လာတာ ဦးခင်မောင်မြင့် ဦးလေးက ဥက္ကဋ္ဌကြီးဆီကို သွားပြောပေးလို့ ဆိုတာမျိုးတွေ။ တကယ်တော့ ဒီဌာနကြီးကို မိတ်ဆွေ သူငယ်ချင်းတစ်ယောက်ရဲ့ ကောင်းမှုနဲ့ ရောက်ခဲ့ရတာ။ ဒီရာထူးအဆင့် ရောက်တာလည်း သူကြိုးစားလို့ သူ အောင်မြင်တာလို့ပဲ မှတ်ချက်ပြုထားတယ်။ ကိုယ့်ကို မွေးထုတ်ထားတဲ့အမေဖြစ်နေတော့ စိတ်မချမ်းသာမှာစိုးလို့ ဘာမှ ခွန်းတုံ့မပြန်ဘဲ နေလိုက်တော့တာ။ ဦးခင်မောင်မြင့်အမေ ဆုံးသွားတော့ လုံးလုံးလျားလျား အဆက်အသွယ်ပြတ်သွားတယ်။

❑

ကံတရားဆိုတာ နိုင်ငံတော်အလှည့်အပြောင်းနဲ့လည်း ဆိုင်တယ်။ တစ်နိုင်ငံလုံး ဆူပူအုံကြွမှုကြီး ဖြစ်တဲ့အခါ ဦးခင်မောင်မြင့်တို့ ဌာနကလည်း ပါတယ်။

ဒါမှလည်း ဦးခင်မောင်မြင့်တို့ လိုချင်တဲ့ ပြောင်းလဲမှုကြီးဆီကို ရောက်မယ့် ဦးတည်ချက်လို့ ဦးခင်မောင်မြင့် ပြောရဲတယ်။ ပထမရက်တွေမှာတော့ စည်းစည်းလုံးလုံး အောင်အောင်မြင်မြင်လို့ ဆိုရမယ်။ ပြည်သူတွေနဲ့အတူ ယူနီဖောင်းဝတ်ဌာနဆိုင်ရာတွေပါ ပါလာတာ။ အနီးစပ်ဆုံးကတော့ ဆူးလေတစ်ဝိုက်မှာ အော်ကြဟစ်ကြ၊ ဟောကြပြောကြ၊ ဦးခင်မောင်မြင့်လည်း အစိုးရလခစားတစ်ယောက်ဆိုပေမဲ့ ပြည်သူအစစ်အမှန်ပိုဖြစ်သင့်တယ်လို့ သတ်မှတ်ပြီး အားတက်သရော ပါဝင်တယ်။ နောက်



www.burmeseclassic.com

www.burmeseclassic.com

ရက်တွေမှာ ပိုအတင့်ရဲလာပြီး ရွှေတိဂုံဘုရားဘက် ရောက်တယ်။ ဆေးရုံကြီးဘက် ရောက်တော့ တက္ကသိုလ် တက်တုန်းက သူငယ်ချင်းတွေနဲ့ သွားပေါင်းမိတယ်။ ဒီကောင်တွေက ဒီနေရာမှာတော့ တကယ့်နာမည်ကြီးတွေ။ စင်ပေါ်တက်လိုက်တာနဲ့ လက်ခုတ်သံတဖြောင်းဖြောင်း။ နောက်ရက်တွေမှာတော့ ရန်ကုန်မြို့ကြီးက ကမ္ဘာပျက်တဲ့အတိုင်းပါပဲ။ ပစ်သံ၊ ခတ်သံ၊ အော်သံ၊ ဟစ်သံတွေနဲ့ သွေးခြင်းခြင်းနီခဲ့ရတယ်။ သေနတ်ဆိုတာ မိုးပေါ်ထောင်ပစ်တာ မဟုတ်ဘူးလို့ ပြောတဲ့အတိုင်းပါပဲ။ ဦးခင်မောင်မြင့်လည်း ဇနီးနဲ့ ဘာမှ မသိနားမလည်တဲ့ ကလေးနှစ်ယောက်မျက်နှာကြည့်ပြီး အိမ်ထဲက မထွက်တော့ပါဘူး။ အခု ဦးခင်မောင်မြင့် သေတဲ့ အိမ်ကြီးကို ရောက်နေပါပြီ။

"တည်ငြိမ်အေးချမ်း" ဆိုတဲ့ ခေါင်းစဉ်အောက် ရောက်သွားတော့လည်း ဦးခင်မောင်မြင့်တို့ဘဝက ပိုနေမြဲ ကျားနေမြဲပဲ။ အလုံးလည်း မလျှော့၊ အရပ် လည်း မလျှော့။ ဌာနကို စစ်တပ်က လူတွေ တိုးတိုးလာတာပဲ ပြောစရာရှိတယ်။ အခုမှ ပြောင်းလာပြီး ဦးခင်မောင်မြင့်တို့လို လုပ်သက်ရင့် ဝန်ထမ်းတွေအထက်က အုပ်ချုပ်သူတွေ ဖြစ်သွားကြတယ်။ ဦးခင်မောင်မြင့်လည်း ကိုယ့်မိသားစုအတွက်ပဲ စဉ်းစားပြီး စိတ်လျှော့နေလိုက်တော့တယ်။

ဒါပေမဲ့ တစ်ဖက်က ရှေ့တိုးလာတယ်။

ဓာတ်ပုံမှတ်တမ်းနဲ့ နာမည်စာရင်းပါတဲ့ လူတွေအားလုံး အရေးယူ။

ဦးခင်မောင်မြင့် မိန်းမ ဒေါ်ဘောဘီ ဦးခင်မောင်မြင့် ဦးလေးဆီ ပြေးတာ ဦးခင်မောင်မြင့် မသိလိုက်ဘူး။ ဆန္ဒပြတဲ့အထဲမှာ ပါဝင်တဲ့ ဘဝတူဝန်ထမ်းတွေကို တစ်ယောက်ချင်းဖမ်းနေပြီဆိုတဲ့ သတင်းကို ပြောပြီးနောက်နေ့ ဦးခင်မောင်မြင့် မိန်းမ ဒေါ်ဘောဘီလည်း အားကိုးအားထားကောင်း ကောက်ရိုး တစ်မျှင်ကို ပြေးဆွဲတာမျိုး ဖြစ်ပါလိမ့်မယ်။ တူလုပ်သူရဲ့ မိန်းမက ကလေးတွေ ရှေ့ရေးကို မျက်ရည်ခံထိုးပြီး ပြောပြရင် ဥက္ကဋ္ဌကြီးဆိုတာရဲ့ နားများပေါက်မလားလို့။ အဲဒီအချိန်ထိ ဥက္ကဋ္ဌကြီး အရှိန်က ရှိနေသေးတယ်။

"ဘာ… ဒီကောင်က ကိုယ့်အစိုးရ ကိုယ်ပြန်ပြီး ဆန္ဒပြတဲ့အထဲမှာ ပါတယ် ဟုတ်လား။ သွား… ဒါမျိုးကို ဘယ်တော့မှ မကယ်ဘူး။ ကိုယ်က အစိုးရရဲ့ ဝန်ထမ်း၊ ကိုယ့်အလုပ်ရှင်အပေါ်မှာ သစ္စာမရှိတဲ့ကောင်မျိုးကို ဘယ်တော့မှ မကယ်ဘူး။ ငါ့ ဥက္ကဋ္ဌကြီးအပေါ် ငါလည်း သစ္စာရှိရမယ်"

မျက်ရည်စမ်းစမ်းနဲ့ ပြန်လာတဲ့ မိန်းမနဲ့ စကားခဏ ပြောပြီး အပေါ်ထပ် စာဖတ်ခန်းထဲဝင်သွားတဲ့ ဦးခင်မောင်မြင့်လည်း ဆုံးဖြတ်ချက်ချလိုက်တယ်။ စာကြည့်ခန်းထဲမှာ ဘူးကလေးနဲ့ ထည့်ထားတဲ့ ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ်ကို ပွတ်သပ်ကြည့်တယ်။ "ငါလည်း… ပြည်သူ့ဝန်ထမ်းကောင်း ပီသရမယ်၊ ပြည်သူအပေါ်မှာ သစ္စာရှိရမယ်"ဆိုပြီး…။

■

အဲလိုထူး

ကြော်ငြာ



www.burmeseclassic.com

www.burmeseclassic.com

*စာမျက်နှာ(၇၁)မှ…*

သားက မလုပ်ရဘူးလေ။ သူ မကြိုက်တာကို သားက လုပ်တော့ သားက သူ့ကို ရန်စတာပဲပေါ့။ သူက ပြန်ထိုးတော့ သားပဲ ငိုရမှာ မဟုတ်လား။ သားမကြိုက်တာကို သူလုပ်ရင် သားကော ခံနိုင်မှာတဲ့လား။ ရန်စတယ်ဆိုတာ ကောင်းတဲ့အလုပ် မဟုတ်ဘူးသား။ သားဘက်က ခုလိုမျိုး ခဏခဏ ရန်စ၊ တတ်တာကို သား ဦးဇင်း၊ သားအမေနဲ့ ဟောဒီကျောင်းဝင်းထဲက သားရဲ့ ညီအစ်ကို၊ မောင်နှမတွေအားလုံး သိသွားရင် သားကို ချစ်ကြတော့မှာ မဟုတ်ဘူး။ ဦး ပြောတာ နားလည်သလား သား။ နောက် ဒါမျိုးမလုပ်ရဘူးနော်၊ ဟုတ်ပြီလား”

“ဟုတ်ကဲ့”

ကျွန်တော့်ရဲ့ ခပ်မာမာ စကားသံကြောင့် ဘိုကေလေးလည်း “ဟုတ်ကဲ့” ပြောရင်း မျက်ရည်ဝဲဝဲနဲ့ ခေါင်းငုံ့ပြီး ငြိမ်ကျသွားခဲ့ပါတယ်။ ဘာပဲဖြစ်ဖြစ် နေရာဟောင်းမှာ မေတ္တာငတ်ခဲ့ကြလို့ မေတ္တာလိုချင်နေရှာတဲ့ ကလေးတွေဟာ နေရာသစ်မှာတော့ လူကြီးတချို့ရဲ့ မညီမျှတဲ့ မေတ္တာပေးကမ်းမှုကြောင့် စိတ်ဒဏ်ရာတွေ ထပ်ဆင့်တိုးစေပါလား ဆိုတဲ့အသိနဲ့ ကတုံးလေးကို ဘိုကေလေးအနား ပြန်ချထားပေးလိုက်ပါတယ်။ ကလေးနှစ်ယောက်စလုံးရဲ့ ပခုံးကို ခပ်ဖွဖွဖက်လိုက်ပြီးနောက်မှာတော့ ကျေအေးစေချင်တဲ့အနေနဲ့ လက်ဆွဲနှုတ်ဆက်နိုင်းလိုက်ပါတယ်။ ကျွန်တော့်ရဲ့ အပြုအမူတွေကို သံယောဇဉ်မျက်ဝန်းတစ်စုံနဲ့ စိုက်ကြည့်နေရှာတဲ့ ကတုံးလေးကတော့ စိတ်လက်ပေါ့ပါးသွားသလိုပါပဲ။ ဒါပေမဲ့ မရည်ရွယ်ဘဲနဲ့ ကျွန်တော့်နှုတ်က လွှတ်ခနဲ ထွက်သွားတဲ့ စကားတစ်ခွန်းဟာ ကျွန်တော့်နှလုံးသားကို တန်ပြန်သက်ရောက်လာနိုင်တယ် ဆိုတာကိုတော့ ကြိုမတွေးခဲ့ ရိုးအမှန်ပါလေ။

“သားကိုယ်ပေါ်က အမာရွတ်တွေက ဘာဖြစ်တာလဲ သား”

“မီးလောင်တာ”

“ဟင်”

“ဟုတ်တယ်၊ အမေရော၊ သားရော မီးလောင်တာ။ အမေက သေသွားပြီဦးရဲ့”

“ဟာ”

ကတုံးလေးရဲ့ စကားကြောင့် ရင်ထဲမှာ နင့်ခနဲဖြစ်သွားရတဲ့ ကျွန်တော်ဟာ ကတုံးလေးကို ခပ်တင်းတင်းဖက်ထားလိုက်ရင်းကပဲ-

“ဒါ… ဒါဆို သားအဖေကရော”

“မသိဘူး၊ မရှိဘူး။ ဟို… ဟို… ဘီလူးကြီးကိုတော့ သားသိတယ်”

“မြတ်စွာဘုရား… ဖြစ်မှဖြစ်ရလေ သားရယ်”

ကတုံးလေးရဲ့ စကားကြောင့် ဘုရားတ,လိုက်မိတဲ့ ကျွန်တော်ဟာ ဘာမဆိုင် ညာမဆိုင် ညတုန်းက မက်ခဲ့တဲ့ အိပ်မက်ကို သတိရလိုက်ရင်းကပဲ ရင်ထဲမှာ ဆို့နင့်ကြေကွဲသွားရပါတယ်။ ကျွန်တော့်အိပ်မက်နဲ့ ကတုံးလေး ကြုံခဲ့ရတဲ့ အဖြစ်အပျက် တိုက်ဆိုင်မှု ရှိ၊ မရှိဆိုတာ မသေချာပေမဲ့ ကျွန်တော့်အာရုံထဲမှာတော့ အိပ်မက်ထဲက မူးရူးဆိုးသွမ်းနေတဲ့ ဘီလူးတစ်ကောင်ကို မြင်ယောင်နေမိတာပါပဲ။ အဝေးကို ငေးသလိုလို တွေးသလိုလိုဖြစ်နေတဲ့ ကတုံးလေးရဲ့ မျက်ဝန်းအိမ်ထဲမှာတော့ မျက်ရည်စတွေ ဝေသီလို့လာခဲ့ပါပြီ။ ငယ်ငယ်ရွယ်ရွယ်နဲ့ စိတ်ဒဏ်ရာတွေ အများကြီးရခဲ့မှာ သေချာတဲ့ ကလေးတစ်ယောက်ရဲ့ စိတ်အလိုမကျခြင်း၊ ဆိုးရခြင်းကိစ္စတွေကို ပိုပြီးနားလည်လာခဲ့ရပါပြီ။ ဘိုကေလေးကတော့ ကျွန်တော်တို့နှစ်ယောက်ကို နားမလည်သလို ပုံစံမျိုးနဲ့ တစ်လှည့်စီ ကြည့်နေတာပါပဲ။ အဲဒီနောက်မှာတော့ အဖြစ်ဆိုးလှတဲ့ သနားစရာ ကတုံးလေးကို အသိမဲ့စိတ်နဲ့ ရင်ခွင်ထဲ ထွေးဖက်ပြီး နမ်းရှိုက်မိစဉ် ခဏမှာတော့-

“ဦး… ဦးက သားအဖေလားဟင်”

ကတုံးလေးရဲ့ အမေးစကားကြောင့် ရင်ထဲမှာ ဗုံးတစ်လုံးပေါက်ကွဲသွားရတဲ့ ကျွန်တော်ဟာ အသားတွေ တဆတ်ဆတ် တုန်ယင်စွာနဲ့ပဲ ကတုံးလေးကို ဖက်ထားရာက ဆွဲခွာလိုက်မိပါတယ်။ မျက်ရည်ကြည်တွေ ဝေ့ဝဲနေရှာတဲ့ ကတုံးလေးရဲ့ မျက်ဝန်းတစ်စုံကတော့ မျှော်လင့်ခြင်းတွေနဲ့ အရောင်တလက်လက် ထ,လို့ပါပဲ။ ကျွန်တော် ဘာပြောရမလဲ။ အိမ်ထောင်မကျ၊ သားသမီးမရသေးတဲ့ အသက်လေးဆယ်ကျော် လူပျိုကြီးတစ်ယောက်အနေနဲ့၊ စီးပွားဥစ္စာမခိုင်ဘဝအခြေအနေယိုင်နဲ့နေတဲ့ လူသားတစ်ယောက်အနေနဲ့၊ ညီမျှတဲ့ မေတ္တာတရားကလွဲပြီး ဘာတစ်ခုမှ ဟုတ်တိပတ်တိမပေးဆပ်နိုင်သူတစ်ယောက်အနေနဲ့ ဒီကလေးရဲ့ မျှော်လင့်ချက်မေးခွန်းတစ်ခုကို ဘယ်လိုစကားမျိုးတွေနဲ့ လိမ်ညာဟန်ဆောင်ပြီး ပြန်ဖြေရမှာတဲ့လဲ။ သူ မသိတဲ့၊ ကျွန်တော် မသိတဲ့ သူ့အဖေဆိုသူဟာ ဘယ်သူများလဲ။ သူသိတဲ့ ဘီလူးကြီးက သူ့အဖေလား၊ သူ့အဖေကပဲ ဘီလူးကြီးဖြစ်သွားတာမျိုးလား။ ရင်နာစရာကောင်းလိုက်တာ ကလေးရယ်။ မိုးကတော့ တဖွဲဖွဲနဲ့ ရွာချလို့လာခဲ့ပြန်ပါပြီ။ အဲဒီအခိုက်မှာပဲ-

“ဝေး… ဟေး… ဟေး… ဟေး… လာပြီဟေ့၊ လာပြီဟေ့”

ဘာပဲဖြစ်ဖြစ် ကလေးတွေ နှစ်သက်သဘောကျတဲ့ မွေးနေ့ရှင် Myanmar Idol အဆိုတော်ကောင်လေး ကားတစ်စီးနဲ့ ရောက်ချလာခဲ့စဉ်မှာတော့ ဓမ္မာရုံထဲကနေပြီး “ဝေး”ခနဲ အော်ဟစ်ပြေးထွက်လာကြတဲ့ ကလေးတွေနဲ့အတူ ကတုံးလေးနဲ့ ဘိုကေလေးတို့လည်း ပေါင်းစည်းပျော်ဝင် ပျော်ရွှင်သွားခဲ့ကြပါတယ်။ ရင်ထဲမှာ ဆို့နင့်ကြေကွဲနေပြီဖြစ်တဲ့ ကျွန်တော့်မျက်ဝန်းအိမ်ထဲက မျက်ရည်မိုးတွေကတော့ အပြင်မှာ တဖွဲဖွဲရွာနေတဲ့ မိုးရေတွေကို မယှဉ်နိုင်ခဲ့တာ သေချာပါပြီလေ။ ■

**ထွန်းတောက်ထွဋ်၊သချာ၊**



www.burmeseclassic.com

www.burmeseclassic.com



တနွဲ့နွဲ့ တငြိမ့်ငြိမ့်
မြည်သော
အသံသည်
နှလုံးခုန်သံကို
ရုတ်ခြည်း
ဆူညံစေသည်
တောခြောက်တာ
များလား။ တောနှင့်
မအပ်စပ်သော
အသံသည်
ကျွန်တော့်ကို
ခြောက်လှန့်ရန်
သက်သက်
ပေါ်လာလေသလား

# ဂီတလူ

**ဆံပယ်ဖြူနု**

ခုတော့ သူ အမှန်တကယ် ပျောက်ဆုံးသွားခဲ့ပြီ။
သူပျောက်ဆုံးသတင်းသည် လေပြည်တွင် စီးမျောလာသည့်
ပန်းရနံ့လို တစ်ခုသော နံနက်ခင်းတွင် ကျွန်တော့်ထံ လွင့်ခနဲ
ရောက်လာသည်။ ရနံ့သည် မွှေးမြဖြင်းမှု မရှိ။
အခြားသူများအတွက်တော့ အံ့အားသင့်စရာ သတင်းအဖြစ်
ဖြန့်ချိစရာထက် ပိုမည်မဟုတ်သော စကားရပ်သည်
ကျွန်တော့်ကို အရိုက်ထိစေသည်။ အငိုက်မိစေသည်။
ကျွန်တော်သည် သတင်းပေးသူရှေ့မှောက်မှာပင် ဟန်မှု
မဆောင်နိုင်အောင် မျက်စိမျက်နှာပျက်မိသည်။ ခနွာက
မတ်မတ်ထိုင်မြဲဖြစ်သော်လည်း ဘယ်အရပ်ဆီ လွင့်မှန်းမသိသည့်
သူ့နောက် အပြေးလိုက်မိတော့မလို စိတ်က လွင့်လွင့်ပါးပါးဖြစ်မိသည်။
သို့သော် ဘယ်လိုဖြစ်တာလဲ မမေးမိ။ တစ်ဖက်လူထံက



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

အဖြေလည်း မလို။

အမှန်တော့ သူ ပျောက်ဆုံးတော့မည့် အကြောင်းဦးစွာ ရိပ်မိသူမှာ ကျွန်တော်ကိုယ်တိုင်သာ ဖြစ်ခဲ့သည်။ ❑

ဆောင်းဦးပေါက် တစ်ညနေမှာ ကျွန်တော် သူ့ကို စတင်တွေ့ရှိခဲ့သည်။ လူတစ်ဦးတလေ ရှိနေလိမ့်မည် မမျှော်လင့်ခဲ့ဖူးသော ချောင်းရိုးအထက်ဘက် တောအုပ်တစ်နေရာမှာ။

ထိုစဉ်က ချောင်းကမ်းနံဘေးတစ်လျှောက်မှ အထက်သို့ ဖြည်းဖြည်းလေးလေး လျှောက်ကြည့်ရန် ကျွန်တော် ဘာကြောင့်များ စိတ်ကူးရခဲ့လေသလဲ မမှတ်မိ။ မွန်းကျပ်ဖွယ် အခြင်းအရာများ ပိုမိုလာသော်လည်း မစွန့်ခွာရက်သည့် မြို့ကလေးဆီမှ တစ်ခဏတာ အနားယူဖို့လည်း ဖြစ်ကောင်းဖြစ်မည်။ ငြီးငွေ့ဖွယ်နေ့ရက်များ၏ ထွက်ပေါက်ပမာ အဆန်းအသစ်လေးများ တွေ့မြင်လေ့လာရလေမလား စိတ်ကူးခဲ့တာလည်း ဖြစ်ကောင်းဖြစ်မည်။

မြို့ကလေး၏ ပြင်ပမှ ခွေဝိုက်စီးဆင်းလျက်ရှိသော ချောင်းသည် အခါများစွာလိုပင် ရေစီးသံ တငြိမ့်ငြိမ့်နှင့် ကျွန်တော့်ကို ကြိုခဲ့သည်။ အခါများစွာလိုပင် စိမ်းမြသော မြင်ကွင်းတို့သည် ချောင်းကို ရံလျက်ရှိကြသည်။ အခါများစွာနှင့်မတူသည်ကတော့ တစ်ကြိမ်တစ်ခါပင် စိတ်ကူးခဲ့ခြင်း မရှိလေသော ချောင်းအထက်ဘက်သို့ ကျွန်တော့် ခြေလှမ်းများ စ,လိုက်ခြင်းသာ။

*DwoHwG vGfewbh ywfuefUsifhS olwbb0awG Nidcsrf apcsifv, f &SSbe&wm wjznfznf uybxUf uyfvmwbh b0awGwGaf ulefwmh *DwoH pwvfajz&m ajzalMumifvnf jzpfapcsifv, f

ကျွန်တော်သည် ခပ်ဖြည်းဖြည်းပင် လျှောက်လာခဲ့သည်။ ရေစီးသံကို အဖော်ပြုကာ၊ မြက်ပင်ငယ်များပေါ်နင်းဖြတ်ကာ။ သည်ချောင်းအထက်ပိုင်းဆီ ဘယ်သူများခရီးနှင်ဖူးလေသလဲ ကျွန်တော်မသိ။ ရွာငယ်လေးများကို လွန်လျှင် တောအုပ်ထဲ ဝေ့ဝိုက်ဝင်သွားသည်ဆိုသော ချောင်းကလေး ဘယ်အရပ်က စ၍ စီးဆင်းလာသလဲ ကျွန်တော်မသိ။ တောင်တန်းများဆီကများ ဖြစ်လေမလား။ မြို့ကလေးက လှမ်းမျှော်ကြည့်လျှင် ပျပျမျှ မြင်ရသော၊ မြို့ကို တံတိုင်းသဖွယ် ပတ်ရံနေသော တောင်တန်းလွှာ အပြာနုရင့် အဆင့်ဆင့်တို့သည် ချောင်းငယ်တစ်ခုမွေးဖွားရာအရပ်လည်း ဖြစ်ပါလိမ့်မည်။

ကျွန်တော်သည် နောက်ဆုံးသော ရွာငယ်ကိုကျော်လျှင် ချောင်းကွေ့ဝိုက် တိုးဝင်ရာ တောအုပ်သို့ ခြေချမိသည်။ တစ်လှမ်း… နှစ်လှမ်း…လေး၊ ငါးလှမ်း။ ပထမသော် ခဏမျှ စူးစမ်းပြီး လှည့်ပြန်မည် စိတ်ကူးခဲ့သည်။ သို့သော် တစ်စုံတစ်ရာက ရှေ့နှင်စေသလိုပင် ခြေလှမ်း မရပ်စတမ်း ဆက်လျှောက်မိသည်။ လျှောက်လမ်းပင် မမြင်သာတော့သော တောလမ်းကို ချုံနွယ်များ ဖယ်ရှားလျက် ကျွန်တော် တိုးဝင်သည်။ တောနက်လျှင်တော့ ပတ်ဝန်းကျင်သည် ပကတိ အငြိမ်။ သစ်ပင်သစ်ခက်များသို့ လေတိုးသံ၊ ကျေးငှက်သံမှအပ အငြိမ်။

အငြိမ်ဟု ကျွန်တော် ထင်မြင်ခဲ့သော ဝန်းကျင်သည် တဒင်္ဂကြာလျှင်တော့ တစ်မုဟုတ်ချင်းပင် ပြောင်းလဲတော့သည်။ လှပစွာ…။

လေပြည်တွင် စီးမျောလာသော အသံတစ်ခုသည် သစ်ကိုင်းကို ပင့်မ၍ ခရီးဆက်လိုက်သည့် ကျွန်တော့် ခြေလှမ်းများအား တိခနဲ ရပ်တန့်စေသည်။ တန္ဓဲ့န္ဓဲ့ တငြိမ့်ငြိမ့် မြည်သော အသံသည် နှလုံးခုန်သံကို ရုတ်ခြည်း ဆူညံစေသည်။ တောခြောက်တာများလား။ တောနှင့် မအပ်စပ်သော အသံသည် ကျွန်တော့်ကို ခြောက်လှန့်ရန်သက်သက် ပေါ်လာလေသလား။ ယောကျ်ားတန်မဲ့ သတ္တိနည်းရမလားဆိုသော အသံတစ်သံ ကျွန်တော့် ဝမ်းတွင်းမှ တိုးထွက်လာသည်။ နောက်တစ်သံကတော့ ငြင်းချက်ထုတ်လျက်။ ယောကျ်ားလည်း လူပဲကွ၊ ကြောက်တတ်တာပဲ၊ ပြီးတော့ ခု ကြောက်လည်း ဘယ်သူ မြင်တာလိုက်လို့။

တောနှင့် စိမ်းလှစွာသောထိုအသံသည် လတ်ဆတ်မွှေးမြသည့် တောရနံ့ လေပြည်တွင် ခိုလျက် ကျွန်တော့်အနီး ဝေ့ကာဝိုက်ကာ ပျံ့လွင့်ဆဲ။ တယောသံ။ သည်မျှ ချိုသာနူးညံ့ အနုပညာမြောက်လှသော တယောသံမျိုး မကြားရတာ ကြာခဲ့ပြီ။ တွေဝေခြင်းကို စူးစမ်းလိုစိတ်က အနိုင်ယူလိုက်ပြီ။ ဖြစ်လိုရာဖြစ်စေ အနည်းဆုံးတော့ တယောတီးနေသူကို မြင်တွေ့လိုစိတ်သည် ကြောက်စိတ်ကို ဖုံးလွှမ်းခဲ့ပြီ။ ကျွန်တော် ခြေလှမ်းတစ်ဖန် ပြန်စသည်။ ချောင်းရေစီးသံကို ကျော်လွှန်လွင့်ပျံ့မြဲ တယောသံအနီးသို့။

ဟော…။ စိတ်အတွင်းက အာမေဍိတ်သံမှာ ပြင်ပသို့ ထွက်မကျသော်လည်း ကျယ်လောင်လှစွာ၏။ ကျွန်တော်နှင့် သက်တူရွယ်တူမျှရှိမည့် အမျိုးသားတစ်ဦးသည် ချောင်းစပ်က ကျောက်တုံးတစ်ခုပေါ် ထိုင်ကာ တယောထိုးလျက်။ သစ်ကိုင်းခြောက်များ၊ ရော်ရွက်ကြွေများပေါ် နင်းချမိသည့် ကျွန်တော့်ခြေသံကိုပင် သတိမထားမိသလို စိတ်အာရုံသည် ဂီတနှင့် တစ်သားတည်း ကျနေဟန်။ တယောကြိုးများပေါ် ဖိကစားသော လက်ချောင်းများ၊ ဘိုးတံကိုင်ကာ လှုပ်ရှားနေသော



www.burmeseclassic.com

www.burmeseclassic.com

လက်၊ ဂီတနောက် မျောပါသော ကိုယ်ဟန်။ စမ်းရေစီးသံသည် သူ ဖန်တီးရာ ဂီတဆီက လာလေသလား။ ကျေးငှက်တေးသီသံကရော သူ့နှလုံးသားထဲက ထွက်ကျလာလေသလား။ ပြီးတော့ လေပြည်တိုးသံ၊ မိုးစက်များ တပေါက်ပေါက် ကျဆင်းသံ၊ နှင်းပွင့်ကြွေသံ။ နုသော နွဲ့သော အသံသည် ဖန်တီးသူအပေါ် လူလား၊ ဝိညာဉ်ပုံရိပ်ယောင်လား မတွေးတောနိုင်လောက်အောင် ကျွန်တော် မှင်တက်ငေးမောနေစဉ်မှာပင် တီခနဲ ရပ်တော့သည်။

တယောရှင်သည် တယောကိုပိုက်ကာ ချောင်းရေလျှဉ်ကို ငေး၍ တစ်ခဏမျှ ငြိမ်နေသည်။ ကျွန်တော် ခြေလှမ်းမစ၊ အသံမပြု၊ သူသည်လည်း အငြိမ်။

အနှောင့်အယှက်များ ဖြစ်လေမလား၊ လှည့်ပြန်ရကောင်းမလား ဆိတ်ငြိမ်တွေးတောခိုက် သူ့ဦးခေါင်းမှာ ကျွန်တော့်ဘက်သို့ ဖြည်းညင်းစွာ လှည့်လာပေသည်။ ❑

ရက်သတ္တပတ် နှစ်ပတ်တာအတွင်း နေ့စဉ်ရက်ဆက်လို ချောင်းအထက်အရပ်ဆီ ကျွန်တော် ခြေလျင် ခရီးနှင်တတ်သည့်သတင်းသည် ချောင်းရိုးတစ်လျှောက်ရှိ ရွာငယ်လေးများတွင် ပျံ့နှံ့စပြုပြီ။ ကနဦး နေ့ရက်များဆီတုန်းက ကျွန်တော် ဖြတ်သွားဖြတ်လာပြုလျှင် ဘာသိဘာသာနေတတ်ခဲ့သော ဝန်းကျင်ဝယ် ခုတော့ဖြင့် တောထဲဘာများသွားလုပ်ပါလိမ့် မမေးရုံတမည် စူးစမ်းသော မျက်ဝန်းများကို ရင်ဆိုင်လာရသည်။ ဖြောင်ပင် ဖွင့်မေးသူများကိုလည်း ကြုံလာရသည်။ ကျွန်တော့်အဖြေမှာ တစ်ခုတည်း။

"မြို့မှာ နေရတာ ငြီးငွေ့လို့ တောထဲ စိတ်ပြေလက်ပျောက် ခဏသွားနေတာပါဗျာ"

တောထဲမှာ ဘာများလုပ်စရာရှိလို့လဲ၊ သားကောင်မကြောက်ဘူးလားစသဖြင့် သူတို့ ဆက်မေးလျှင်လည်း ကျွန်တော်မဖြေ။ "သွားမယ်ဗျာ"ဟု ဝတ်ကျေ ဝတ်ကုန် နှုတ်ဆက်ကာ ခြေလှမ်းအစပြုမြဲ။ ကျွန်တော် ကျောခိုင်းလျှင် လူ့သဘာဝအရ ကျွန်တော့်အကြောင်း သူတို့ နည်းနည်းပါးပါး ဆက်ပြောကြလိမ့်မည်။ တစ်အောင့်မျှကြာလျှင်တော့ နောက်ထပ် အကြောင်းခြင်းရာတစ်ခုဆီ အာရုံပြောင်းကြလိမ့်မည်။ အဆုံးမတော့ သူတို့ကိုယ်စီ၏ ဘဝများလောက် ဘယ်သူ့ဘဝကိုမျှ အာရုံထားနိုင်မည် မဟုတ်ပြန်။ ကြာလျှင် ကျွန်တော့်ကို မြင်တွေ့နေရခြင်းသည်လည်း သူတို့အဖို့ ရိုးစင်းသော ပုံတစ်ပုဒ် ဖြစ်သွားမည်။ သူတို့ဝန်းကျင်မှာ ပေါက်ရောက်သော ကုက္ကိုပင်နှယ် မဆန်းသော ရိပ်ပုံလို အမှတ်မဲ့ သဘောထားကြဦးမည်။

ချောင်းရိုးတစ်လျှောက် ခရီးနှင်ပြီးချိန် တောနက်တစ်နေရာက သူ့တဲကလေးသို့ ဆိုက်ရောက်ချိန်မှာတော့ ကျွန်တော်သည် ဖြတ်သန်းခဲ့ပြီးသော ခြေရာများကိုလည်း မေ့လျော့ခဲ့ပြီ။ မျက်နှာများကိုလည်း ဝေဝါးခဲ့ပြီ။ သူ ဖန်ဆင်းသော တယောသံကိုသာ အာရုံဝင်စားတော့သည်။ တစ်ရက်လည်းမဟုတ်၊ နှစ်ရက်လည်းမဟုတ်။ ဂီတဆိုတာသည် ဆားငန်ရေလား။ သောက်လေသောက်လေ ငတ်မပြေဘူးလား။ အမှန်တော့ ကျွန်တော်အပါအဝင် မြို့သူမြို့သား များစွာသည် ဂီတနှင့် အလှမ်းဝေးခဲ့တာ ကြာပြီ။ မြို့ပေါ်မှာ ဂီတသမားတစ်ယောက်ပင် မရှိ။ ရွာများမှာလည်း မရှိ။ လွန်ခဲ့သော နှစ်ပေါင်း နှစ်ဆယ်နီးပါးက ရှိရှိသမျှသော ဂီတသမား၊ အနုပညာသမားတို့သည် မြို့ကလေးဆီက နယ်နှင်ဒဏ်သင့်ခဲ့ကြသည်။ မြို့နှင့် ဝေးလှစွာသော ကျွန်းတစ်ခုဆီ။

သူသည် နှစ် နှစ်ဆယ်နီးပါးအတွင်း ဦးဆုံးအကြိမ် ကျွန်တော် ပြန်တွေ့ရသော ဂီတသမားလည်းဖြစ်သည်။ သူ့အကြောင်းတော့ ကျွန်တော် ရေရာစွာ မသိ။ ကျွန်းဆီက ဘယ်ပုံဘယ်နည်း လွတ်မြောက်ကာ မြို့နှင့် အနီးဆုံးသော တောဆီ ရောက်လာခဲ့မှန်းလည်း ကျွန်တော်မသိ။ ကျွန်းမှာရော မြို့ကလေးဆီက နယ်နှင်ဒဏ်သင့်ခဲ့သော အနုပညာသမားများ ရှိသေးသလား။ ဒါလည်း ကျွန်တော် မသိပါ။ ကျွန်တော့်အတွက်တော့ သူ့ကို ပြန်တွေ့လိုက်ရခြင်းသည် ခြောက်သွေ့သော နှစ်များစွာအတွင်း ရေကြည်တစ်ပေါက်ကို မက်မောစွာ သောက်သုံးလိုက်ရသကဲ့သို့ ဖြစ်ပါသည်။

"ခင်ဗျား ကြာတော့ ရိုးသွားမှာပါ"ဟု မနေ့ကပင် သူပြောသေးတော့ ကျွန်တော် ကမန်းကတန်း ငြင်းချက်ထုတ်ရသည်။

"ရိုးစရာမှ မဟုတ်တာဗျာ၊ ကျွန်တော်တို့ ဂီတ ဘယ်လောက် ငတ်နေသလဲဆိုတာ ခင်ဗျားကို ပြောရင် ယုံမှာတောင် မဟုတ်ဘူး"

"လူတိုင်းတော့ လွမ်းမနေလောက်ပါဘူးဗျာ"

ပွရောင်းရောင်း ဆံပင်တို့ရံသော၊ မုတ်ဆိတ် ကျင်စွယ်ထင်းထင်းမြင်သာသော ဖျော့တော့တော့ မျက်နှာပေါ် လှောင်ပြုံးတစ်ချက် ရိပ်ခနဲပေါ်လာသည်။

"လွမ်းတာပေါ့ဗျာ၊ မလွမ်းဘဲ ဘယ်နေပါ့မလဲ၊ ခုနေ ခင်ဗျားနဲ့ ပြန်တွေ့နေတယ် ပြောလိုက်ရင် ဒီတောထဲ လူအုပ်လိုက်ကြီး ရောက်မလာဘူးလို့ ကျွန်တော် အာမမခံနိုင်ဘူး၊ ဒါကြောင့် ခုထိ ဘယ်သူ့မှ မပြောရသေးတာ။ ချောင်းရိုးရွာတွေကို တော့ ခင်ဗျားခွင့်ပြုရင် ပြောပြလိုက်ချင်တယ်။ သူတို့က ဂီတကို သိပ်ခုံမင်တာကိုး။ ပြီးတော့ ခင်ဗျားအတွက်လည်း ဘာအန္တရာယ်မှ မရှိဘူး၊ ခင်ဗျားတို့ ဘက်တော်သားတွေပဲ"

"ကျွန်တော် သိပါတယ်၊ ကျွန်တော် ဒီကိုရောက်အောင် ပြန်လာတာကိုက သူတို့အတွက် ဂီတအသစ်တွေ ဖန်တီးချင်လို့ပဲ။ ဂီတသံတွေ လွင့်နေတဲ့ ပတ်ဝန်းကျင်မှာ သူတို့ဘဝတွေ ငြိမ်းချမ်းစေချင်တယ်။ ရှင်သန်ရတာ တဖြည်းဖြည်း ကျပ်သထက် ကျပ်လာတဲ့ ဘဝတွေအတွက် ကျွန်တော့်ဂီတသံက စိတ်ဖြေရာဖြေကြောင်းလည်း ဖြစ်စေ



www.burmeseclassic.com

www.burmeseclassic.com

ချင်တယ်။ သူတို့အတွက်ဆို သီးသန့်ကို ဖျော်ဖြေပေးချင်တာဗျာ။ ပြောရရင်တော့ ကျွန်တော်တတ်နိုင်တဲ့နည်းနဲ့ သူတို့ကို အလုပ်အကျွေးပြုချင်တာပဲ။ တစ်ခုပဲ လောလောဆယ်တော့ ကျွန်တော်ရောက်နေကြောင်း သူတို့ကို မပြောစေချင်သေးဘူး။ တစ်ဆင့်တစ်ဆင့်နဲ့ မြို့မိမြို့ဖတွေ သိသွားရင် ကျွန်တော့်ဘုံလေးတောင် ပျောက်သွားမယ်မှတ်တာပဲ’

‘မြို့မိမြို့ဖတွေဘက်ကတော့ ဘယ်လိုသဘောရှိတယ် အတိအကျ မသိရသေးဘူး။ ရိပ်ဖမ်းသံဖမ်း သိရသလောက်ကတော့ ဂီတသမား၊ အနုပညာသမားတွေ မြို့မှာရှိတာ ဂုဏ်ယူစရာလို့ သူတို့ သဘောထားလာကြပြီဆိုတာပဲ’

‘ဟုတ်ပါ့မလားဗျာ။ ဂီတနဲ့ လူတွေနဲ့ နီးစပ်သွားရင်၊ အနုပညာကို ခံစားတတ်သွားရင် အလှတရား၊ အမှန်တရားကို မြင်တတ်လာမယ်၊ တစ်နည်း ရဲရင့်လာမယ်။ ဒါဟာ သူတို့အတွက် ကြောက်စရာ အင်အားတစ်ခု ဖြစ်ရင်ဖြစ်လာမယ်လို့ သဘောထားခဲ့ကြတာ အဲဒီ မြို့မိမြို့ဖဆိုတဲ့ လူတွေပဲ မဟုတ်ဘူးလား။ ရုပ်ရှင်ရုံတွေ၊ ပြဇာတ်ရုံတွေကို ပိတ်ခဲ့တာ၊ စာအုပ်တွေကို မီးရှို့ခဲ့တာ သူတို့ပဲမဟုတ်ဘူးလား။ ဂီတသံ ဘယ်နားက ထွက်ထွက် လိုက်ရှာပြီး ဖမ်းခဲ့တာ၊ နှိပ်စက်ခဲ့တာလည်း သူတို့ပဲ မဟုတ်ဘူးလား။ ကျွန်တော်တောင် အသက်မသေတာကံကောင်း၊ ကျွန်တော့် ချစ်သူဆို…’

သူ တော်တော်နှင့် စကားမဆက်။ ကျွန်တော်လည်း စကားမထောက်။ လေးပင်သော သက်ပြင်းသံသည် တောင်ထန်းရွက် မိုးကာသော တဲကလေး၏ အပြင်သို့ နာနာကျင်ကျင် လွှဲကျသွားသလို ထင်မှတ်ခဲ့ရသည်။ စကားဝိုင်းမှာ မမျှော်လင့်ဘဲ တန့်ခနဲ ရပ်ခဲ့ရသည်။ မနေ့က သူ တယောမထိုးပါ။ ကျွန်တော်လည်း တစ်ခဏမျှနေလျှင် နှုတ်ဆက်စကားဆိုလျက် ပြန်မြဲတိုင်း ပြန်ခဲ့ရတော့သည်။

သည်နေ့တော့ဖြင့် ကျွန်တော့်မှာ သူ့အတွက် ဝမ်းမြောက်ဖွယ်သော သတင်းစကား ပါလာခဲ့သည်။ မြို့၏ အုပ်ချုပ်သူတို့သည် ကျွန်းဆီက ရှိသမျှသော အနုပညာသမားတို့ကို ပြန်ခေါ်ရန် စီစဉ်နေပါပြီတဲ့။

ကျွန်တော်သည် မောပန်းသမျှကို အမှုမထားမိ။ တဲနံဘေး စိုက်ခင်းထဲ ရှိနေသော သူ့ထံ အပြေးအလွှား သတင်းပို့မိသည်။ ကရားရေလွှတ် တတွတ်တွတ် ပြောမိသည်။

ကျွန်တော့်စကားကို ကြားလျှင် သူ့မျက်ဝန်းများ တဖျပ်ဖျပ် လက်ပလာမည် တွေးထင်ခဲ့သော်လည်း လွဲချော်မှုသည် လူသားနှစ်ဦးအကြား တိတ်တဆိတ်ပင် ချင်းနင်းဝင်ရောက်လာခဲ့သည်။ သူသည် တွေငေးသော မျက်ဝန်းများနှင့် ကျွန်တော့်ကို ငေးကြည့်နေသည်။ နောက် တဖြည်းဖြည်း စိမ့်အိုင်လာသော မျက်ရည်များ။ ယောကျ်ားသားတစ်ယောက် မျက်ရည်ရစ်ဝဲပုံကို အနီးကပ် မမြင်ဖူးလေတော့ ကျွန်တော့်မှာ ကြောင်အအ။ မျှော်လင့်မထားသော စကားတစ်ခွန်းသည် သူ့နှုတ်က ပွင့်ထွက်လျက် ကျွန်တော့်ကို အရှိက်ထိုးချလိုက်သည်။

‘ကျွန်းမှာ ဘယ်အနုပညာသမားမှ မရှိတော့ဘူး၊ ကျွန်တော်က နောက်ဆုံးလူ၊ မသေဘဲ ကျန်နေတဲ့ နောက်ဆုံးလူပဲ’

❑

လက်ခုပ်သံသည် ဇရိယာ အနားသတ်ရှိသော ကွင်းပြင်ကို ကျော်လွန်ကာ အဆုံးမဲ့သော ကောင်းကင်ထဲ လွင့်ပျံ့သွားသလို ကျွန်တော်ထင်မှတ်မိသည်။ အနှစ်နှစ်အလလက ကျွန်တော်(ကျွန်တော်တို့) မျှော်လင့်ခဲ့သော တစ်ချိန် ဆိုက်ရောက်လာခဲ့ပြီ။ မြို့နေတောနေ လူများစွာ၏ ရှေ့မှောက်တွင် နတ်သားတစ်ပါး ဖန်ဆင်းလိုက်သော လက်သံလို သာယာသည့် တယောသံကို မူးမေ့မောလျနားဆင်ခွင့်ရခဲ့ပြီ။ လက်ခုပ်သံက တော်တော်နှင့် မစဲ။ ကျွန်တော့်လက်ဖဝါးများမှာ နီရဲလျက်။ သို့သော် မနာကျင်ပါ။ ကျွန်တော့်နှလုံးမှာ ပီတိနှင့် တလှပ်လှပ်။

မြို့မိမြို့ဖများထံ သူ့ကို ကျွန်တော် ချိတ်ဆက်ပို့ပေးခဲ့သော တစ်ညနေ၏ မြင်ကွင်းသည်လည်းကောင်း၊ မြို့မိမြို့ဖများ အစီအစဉ်နှင့် ဖြစ်မြောက်လာခဲ့သော ပွဲဦးထွက် ဖျော်ဖြေပွဲ၏ ပုံရိပ်တို့သည်လည်းကောင်း ကျွန်တော့်ဝန်းကျင်ဝယ် နွေတွင် ဝေ့သော သစ်ရွက်များလို တဝိုက်ဝဲဝဲ။ ချောင်းရိုးတစ်လျှောက်က ရွာငယ်များဆီ ကျွန်တော်ကိုယ်တိုင်ပင် လက်ကမ်းစာစောင်များ ဝေငှခဲ့သည်။ မျှော်လင့်ချက်နှင့် ဝင်းပသော ပျော်တပြုံးပြုံး မျက်နှာများ၊ အနှစ်နှစ်အလလ ခိုအောင်းရာက ပွင့်ထွက်လာသော ပီတိစကားသံများကို သူ့ထံ လက်ဆင့်ကမ်းခဲ့သည်။ တောင်ထန်းရွက် တဲကလေးအတွင်း ငြိမ်ဝပ်နေခဲ့ရသော သူ့အိပ်မက်တို့ ပြည့်စုံခဲ့ပြီ။

ပွဲခင်းထဲကိုတော့ သာမန်ပရိသတ်တစ်ယောက်လိုပင် ကျွန်တော် ရောက်လာခဲ့သည်။ လူအများကြားထဲ ရောနှောကြည့်ခဲ့သည်။ အကာအလွှာမပါသော ချီးမြှောက်စကားတို့ကို သူ့ကိုယ်စား ကျေနပ်စွာ။ ဖျော်ဖြေမှုဆုံးတော့မှသာ စင်အနီးသို့ ကျွန်တော် လျှောက်လာသည်။ အစောင့်ရှိသည့် ဘေးလှေကားက ခွင့်ပန်တက်ကာ ကားလိပ်အနီး ရပ်မိသည်။

ပရိသတ်ကို ဦးညွတ်၍ သူ စင်နောက်သို့ ဝင်ရန် ပြင်သည်။ ကျွန်တော့်ကို မြင်သည်။ သူ့မျက်နှာပေါ်က အပြုံးမှာ တောထဲတွင် မြင်နေကျ လှောင်ပြုံး၊ နာကျင်ပြုံး မဟုတ်။ တစ်စုံတစ်ရာသော ကန့်သတ်ချုပ်နှောင်မှုဆီက လွတ်မြောက်လာသလို လင်းပွင့်သော အပြုံး။ ခြေလှမ်းကို ကျွန်တော့်ထံ ဦးတည်ကာ သူ တစ်ခုခုပြောရန် ပြင်လိုက်သည်။ သို့သော် သူသည် ကျွန်တော့်အနီး ရောက်မလာ။ ယခင် ယခင် အနုပညာသမားများနှင့် လားလားမျှ မအပ်စပ်လေဟန်



www.burmeseclassic.com

www.burmeseclassic.com

မြို့မိမြို့ဖများ အကြိုက်ကင်းကင်းနေတတ်သူတစ်စုက သူ့ဝန်းကျင်တွင် ဝိုင်းအုံလာပြီမို့ ခပ်လှမ်းလှမ်းကပင် စောင့်မြဲစောင့်ဆိုင်းရသည်။ စောင့်ဆိုင်းခြင်း၏ နာရီလက်တံတို့သည် ကျွန်တော့် စိတ်နှလုံးကို တစစ်စစ် မြည်အောင် ကုတ်ခြစ်လာပြီမို့ ဝေ့ဝဲလွင့်လာတတ်သော သူ့အားနာပြုံးကိုလည်း တစ်ဖန် ပြန်အားနာလာသည်မို့ ကျွန်တော်ကစ၍ ရှောင်ခွာခဲ့ရသည်။

ဖျော်ဖြေပွဲက စတင်ရေတွက်လျှင် ငါးရက်မြောက်သောနေ့မှ သူနှင့် ဆုံရလေသည်။ တောင်ထန်း တဲကလေးရှိရာ တောအုပ်ဆီ ကျွန်တော် ခြေဆန့်ဖို့ စိတ်ကူးစဉ်မှာပင် သူ မြို့ပေါ် ရောက်လာခဲ့သည်။ ကျွန်တော့်အိမ်ဆီ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာခဲ့သည်။ ကျွန်တော် မျှော်လင့်မထားခဲ့သော သတင်းစကားနှင့်အတူ။

သူသည် အံ့အားသင့်ရိပ်များ ဖုံးဖိမရ ရိပ်ရိပ်ညို့နေတော့မည့် ကျွန်တော့်မျက်နှာကို စူးစိုက်ကြည့်သည်။ အကြည့်လွဲသည်။ ပင့်သက်ချသံသည် သူ့တဲကလေးနှင့်များစွာ မကွာခြားလှဟန်ရှိသော အိမ်ငယ်အတွင်း ပျံ့သွားသည်။

"ခင်ဗျားတော့ အံ့ဩတော့မယ်ဆိုတာ သိပါတယ်ဗျာ"

ဘယ်သို့ တုံ့ပြန်ရမည်မသိ ကျွန်တော် ဆိတ်ဆိတ်ငြိမ်နေတော့ သူကပင် စကားဆက်ပြန်သည်။

"ကျွန်တော်လည်း အတန်တန် စဉ်းစားတယ်၊ မြို့ပေါ် ပြန်မလာဘဲ တောထဲမှာ ကိုယ့်ဘာသာ ငြိမ်းငြိမ်းချမ်းချမ်း နေချင်စိတ်က တစ်ဝက်၊ ဒီမှာ ဂီတကို လုပ်ကိုင်ခွင့်ရမယ်၊ ဖျော်ဖြေခွင့်ရမယ်ဆိုတဲ့ အခွင့်အရေးကို လိုချင်တာက တစ်ဝက် လွန်ဆွဲနေတာပေါ့ဗျာ။ အခွင့်အရေးလို့ ကျွန်တော် ဆိုလိုတဲ့သဘောက ဒီလိုဗျာ ကျွန်တော် ငွေကြေးအရ ချမ်းသာကြီးပွားချင်တဲ့ သူမဟုတ်ဘူး။ ဒါပေမဲ့ ကျွန်တော်ဖန်တီးတဲ့ ဂီတဟာ သူ့နည်းသူ့ဟန်နဲ့ အကျိုးပြုမှုလေးတော့ ဖြစ်စေချင်တယ်။ တစ်ခါက ပြောဖူးသလို ချောင်းရိုးဘက်က သိပ်ပင်ပန်းကြရှာတဲ့ လူတွေဆီကိုပဲ တစ်ပတ်တစ်ခါလောက်ပဲ သွားဖျော်ဖြေခွင့်ရဦး၊ သူတို့ဘဝမှာ စိတ်ပျော်စရာ ထွက်ပေါက်လေးတစ်ခုပဲဖြစ်ဦး၊ ဘယ်လောက် စိတ်ကျေနပ်စရာ ကောင်းမလဲ။ အဲဒီအခွင့်အရေးပေါ့ဗျာ။ ဒါကြောင့် ကျွန်တော့်ကို ဒီမှာ ပြန်လာနေပါလား၊ အိမ်တို့ အလုပ်အကိုင်တို့ စီစဉ်ပေးပါမယ်ဆိုတာကို လက်ခံလိုက်တာ။ ခင်ဗျား ဘယ်လို မြင်သတုံး"

"ခင်ဗျားက ကာယကံရှင်ပဲဗျ၊ ခင်ဗျားအမြင်၊ ခင်ဗျားသဘောက ပိုပြီး အရေးကြီးတော့မပေါ့"

"ကျွန်တော် တော့ လက်ခံလိုက်ချင်တာပဲ။ ဒါမှပဲ သူတို့လုပ်စေချင်တဲ့ မြို့နယ်အဆင့် ဖျော်ဖြေပွဲတို့၊ သင်တန်းတို့ လုပ်ပေးရင်း ကျွန်တော့်ချစ်တဲ့ ရွာတွေအတွက်လည်း တတ်နိုင်တာလေး လုပ်ပေးဖြစ်မှာ"

"သဘောပေါ့ဗျာ၊ စိတ်ထဲ ရှိသလိုသာ လုပ်ပါ"

ကျွန်တော့် အိမ်က ပြန်ရန်ပြင်တော့မှ သူ့ကို အမှတ်မဲ့ အကဲခတ်မိသည်။ သူ့ဟန်သည် တောထဲမှာ တုန်းကလို ယုံကြည်ချက်ပြည့်ဝသော အရိပ်အယောင်ဖြင့် ခိုင်မတ်နေဆဲ။ နူတ်ဆက်ကြည့် လှည့်ကြည့်သော မျက်နှာတွင် မျက်လုံးအရောင်တောက်ပြောင်လျက် အပြုံးနူတ်ခမ်းများဖြင့် မသိမသာ ခေါင်းမော်လျက်။ ပြီးတော့ ပခုံးလက်ပြင် တည့်မတ်စွာ။

လေပွေရူးသည် ကျွန်တော် ရပ်နေရာအနီး ဝေ့ပတ်၏။ သူ့ခြေလှမ်းများကို ရစ်ပတ်ဟန်ရှိ၏။ ထိုလေပွေနှင့်ပင် သူသည် အဝေးသို့ တရွေ့ရွေ့ နှင့်လေပြီ။

❑

ခုတော့ သူသည် လေပွေရူးနောက် အပြီးတိုင် လိုက်ပါသွားသလိုပင် မြို့ကလေးဆီက ပျောက်ဆုံးသွားခဲ့ပြီ။

သူ့ပျောက်ဆုံးသတင်း ကြားကြားပြီးချင်း တစ်နေ့တာလုံး ကျွန်တော့်မှာ စိတ်ဖြောင့်လက်ဖြောင့် နေရသည် မရှိ။ လုပ်နေကျ အလုပ်များကိုလည်း ကောင်းစွာ မလုပ်နိုင်။ အတွေးရေစီးထဲ တလွင့်လွင့်မျောမိသည်။ ကျွန်တော့် အတွေးတွင် ကမ်းမရှိ။

ကျွန်တော်သည် လွန်ခဲ့သော နှစ်လကျော်က နောက်ဆုံး တွေ့လိုက်ရသော သူ့ပုံရိပ်ကို သတိရသည်။ အခြားတစ်မြို့နယ်က အလည်အပတ် ဆိုက်ရောက်လာသော ဧည့်သည်တော်များကို မြို့မိမြို့ဖများက ဧည့်ခံသော ဖျော်ဖြေပွဲတစ်ခုမှာ။

မူလကတော့ ထိုဖျော်ဖြေပွဲဆီ ကျွန်တော်ရောက်ရန် အကြောင်းမရှိပါ။ မိတ်ဆွေတစ်ယောက်က ခေါ်ဖိတ်သော် ပွဲရှောင်လိုစိတ်နှင့် ငြင်းမည် ပြင်၏။ ခဏချင်းမှာပင် စိတ်ကူးတစ်ခု ဖျတ်ခနဲရတော့ ခေါင်းညိတ်ရသည်။ သူ့လက်သံကို မကြားနာရတာလည်း ကြာခဲ့ပြီ။ ပြီးတော့ သူ့ထံ မဖြစ်မနေ လက်ဆင့်ကမ်းစရာ သတင်းစကားတစ်ခုလည်း ရှိနေပြီ။

မြို့နယ်အဆင့်ပွဲများ၊ မြို့မိမြို့ဖပွဲများမှာ တယောသံကို နားဆင်ရတာထက် တောတောင်ရိပ်မှာမှ ပျော်မွေ့ဖွယ်ပိုကောင်းသလို မှတ်ယူသော ကျွန်တော့်မှာ ချောင်းရိုးရွာများဆီတော့ မကြာမကြာ ရောက်မိသည်။ တယောဆရာ ဘယ်နေ့လာတတ်သတုံး စိတ်လိုလက်ရ မေးမြန်းမိသည်။ အကယ်၍ လာသည်ရှိသော် သူတို့နှင့် အတူ တယောသံကို ကျွန်တော် နားဆင်မည်။ ချောင်းရေစီးမှာ တယောသံကိုပါ မျောရလျှင် ကြည်နူးနှစ်သိမ့်စရာ ဖြစ်လိမ့်မည်။

သို့သော် သူတို့သည် တယောဆရာကို မမြင်ဖူးတော့တာ ဘယ်နှလ၊ ဘယ်နှရက် ရှိပြီပင် မမှတ်မိကြ။ ချောင်းရိုးရွာများက အိမ်ငယ်များနှင့် မနှိုင်းသာသော မြို့မိမြို့ဖတစ်ဦး၏ အိမ်ကြီးအိမ်ကောင်းမှာ အခြံအရံများနှင့် တယောဆရာ နေထိုင်လျက်ရှိကြောင်း သူတို့သိနေကြသည်။ သူတို့တစ်တွေ တက်ရောက်ခွင့် မသာသော မြို့ပွဲများမှာ



www.burmeseclassic.com

www.burmeseclassic.com

တယောဆရာ ကျင်လည် ကျက်စားနေကြောင်းလည်း ကြားဖူးနေကြသည်။ တစ်ကျော့ပြန် ကြားခွင့်ရခဲ့သော တယောသံကို သူတို့ လွမ်းဆွတ်မြဲ။ ထွက်ပေါက် မမြင်တတ်တော့သလို ပင်ပန်းရာ နေ့ရက်များထဲ တစ်ခါက တယောသံသည် အိပ်မက်ကယ်တင်ရှင်ဖြစ်မြဲ။ တစ်နေ့တော့ တယောဆရာ ရောက်လာပါမည် မျှော်လင့်ဆဲ။

သည်လိုနှင့်ပင် သူ့ထံပါးလိုသော ထိုသတင်းစကားအတွက် ပွဲကျင်းပရာသို့ ကျွန်တော် ရောက်ခဲ့သည်။

သူသည် ညိုရွှေသော၊ ဝင်းဝါရီလွဲ့သော မီးရောင်စုံလင်းပရာ စင်မြင့်ထက်သို့ တစ်စုံတစ်ယောက်က အားစိုက် တွန်းပို့လိုက်သလို လေးပင်ဟန် ခြေလှမ်းများဖြင့် လျှောက်လာသည်။ ပရိသတ်ကို ဦးညွတ်သည်။ နောက် ပြင်ဆင်ပေးထားရာ ခုံထက် ထိုင်လိုက်သည်။ ဂီတရေလျဉ်ကြော အစပြု စီးဆင်းတော့မည်။ သူ့အနီးတွင် မီးရောင်ကွက်၍ ထိုးလိုက်သည်မို့ မျက်နှာအမူအရာကိုပင် ကျွန်တော် ထိုင်ရာနေရာက ရှင်းလင်းစွာ မြင်နေရသည်။ တယောသံနွဲ့နှနှ မဖန်ဆင်းမီ သူ တစ်ခဏမျှ ငြိမ်နေပုံကို ငေးစိုက်မိသည်။ အခါများစွာလို ဂီတစျာန်ဝင်စားရန် အရှိန်ယူနေလေသလား။ တစ်စုံတစ်ရာကို စိတ်လွှင့်ပါး တွေးတောနေသလား။ မီးရောင်အောက်မှာမို့လား မရေရာဘဲ သူ့မျက်ဝန်းများ ယခင်လောက် မလက်ပတော့ပုံကို ကျွန်တော် အတွေးနက်ဆဲ တယောသံ အစပြု လွှင့်မျောလာ၍ အာရုံပြောင်းရသည်။

ပွဲပြီးလျှင် ပရိသတ်များစွာ ဝိုင်းအုံခြင်းမပြုမီ သူ့အနီးရောက်ရန် တစ်ခါတုန်းကလို အားထုတ်သည်။ သို့သော်လည်း တစ်ခါတုန်းကလိုပင် မအောင်မြင်ပြန်။

သူသည် အရောင်အမျိုးစုံလင်လှသော အပြုံးအရယ်များအကြား အမည်တပ်ရခက်သော အပြုံးစ နှုတ်ခမ်းထက်တင်ကာ ရပ်လျက်။ ပခုံးတို့သည် မတ်ခြင်းမရှိ။ မျက်လုံးအကြည့်တို့သည် မှုန်ရီလျက်။ ကျွန်တော့်ကို လှမ်းမြင်သော် ခဏနော်ဟု လက်ဟန်ပြသည်။ ရပ်မြဲနေရာမှာပင် ကျွန်တော် ရပ်စောင့်ရသည်။ သူ့အောင်မြင်မှုကို အကြားနှင့်မဟုတ်ဘဲ မျက်ဝါးထင်ထင်မြင်ရသည်။ သို့ပါလျက် အပြုံးရိပ်တို့ ဘာကြောင့်များ လန်းဆတ်ခြင်း မရှိရသနည်း။ မြင်နေကျပုံသွင်လို ဘာကြောင့် မခိုင်မတ်ရသနည်း။

ကျွန်တော်သည် စောင့်ဆိုင်းရမှုကို စိတ်ရှည်တတ်သူ မဟုတ်သော်လည်း သည်တစ်ခါတော့ဖြင့် အများအတွက်မို့ ခြင်းချက်လို စောင့်ရန်ပြင်သည်။ တိုတောင်းလတ္တံ့သော စိတ်ကို ဆွဲဆန့်သည်။ ချောင်းရိုးစဉ်တစ်လျှောက်က တွေ့ခဲ့သော မျက်နှာများနှင့် ခြားနားလှစွာသော၊ အပြုံးဆောင်လျက်က နှစ်လိုဖွယ်ကင်းသော သူ့ဝန်းကျင်က မျက်နှာများဆီ အကြည့်ရွှေ့မိသည်။ သူ့လက်ကို ဆုပ်ကိုင်လိုက်သော လက်အစုံများစွာ။ တင်းတင်းဆုပ်သော လက်များသည် အုပ်စိုးလွှမ်းမိုးခြင်းလား၊ ဆွဲဆောင်သိမ်းပိုက်ခြင်းလား၊ အချိုသတ်ခိုင်းစေခြင်းလား၊ ယစ်မူးနွံသို့ ဆွဲခေါ်ခြင်းလား၊ စိတ်ကူးမလွဲမှားစေရန် သတိပေးခြင်းလား ကျွန်တော်မသိ။ လက်အစုံရှင်တစ်သိုက်နှင့် သူကိုယ်တိုင်သာ သိလိမ့်မည်။

တစ်အောင့်မျှ ကြာလျှင် သူသည် ကျွန်တော့်ထံ တည့်တည့်မတ်မတ် လျှောက်လာသည်။ အဆီးအတားကင်းစွာ ကျွန်တော့်ရှေ့ ရောက်လာသည်။ နွမ်းလျရိပ်ဆောင်သော ခန္ဓာနှင့် ဆန့်ကျင်စွာ သူ့ဝတ်စားပြင်ဆင်ဟန် တောက်ကြွားနေပုံကို ခုမှပင် သတိပြုမိပြန်သည်။ တောထဲမှာ ရိုစဉ်တုန်းက မြင်ဖူးနေကျဖြစ်ရသော ပုဆိုးတိုတို၊ တီရှပ်အနွမ်းနှင့် လူတစ်ယောက်ကို ကျွန်တော် သတိရလာသည်။ မွန်းကျပ်မှုကို ဂီတနှင့် ကုစားပေးလိုသော အိပ်မက်စကားတို့ စိမ်းမြမြ တောအုပ်ထဲ လွင့်ပျံ့ဖူးပုံကို လွမ်းဆွတ်လာသည်။ အတွေးမျှင် သွယ်ယှက်ဆဲမို့ နှုတ်ဆက်စကားမျှ ဦးနှင့်အောင် မဆိုနိုင်မီ သူ့နှုတ်က ပွင့်ဟ,လာသည်။

"ကျွန်တော် မအောင်မြင်ခဲ့ဘူးဗျာ"

❑

တောင်ထန်းတဲကလေးရှေ့မှာ ကျွန်တော် ရပ်၍နေသည်။

တောင်ထန်းတဲသည် ဆိတ်ငြိမ်လျက်။ လချီ၍ လူမနေခဲ့ခြင်း၏ အရိပ်အယောင်များနှင့် ဖုန်တသောသော ပင့်ကူအိမ် ရှုပ်ထွေးထွေး။ တံခါးမရှိ ဟင်းလင်းပွင့်နေသည်မို့ တဲအတွင်းကို ကျွန်တော် လှမ်းမြင်နေရသည်။ တိုင်မှာ ချိတ်ထားသော အင်္ကျီဟောင်းတစ်ထည်၊ စားပွဲပုပေါ်က စာအုပ်များ၊ ရေခွက်၊ ဆေးလိပ်ပြာခွက်၊ အခန်းထောင့်မှာ မြေရေအိုးတစ်လုံး၊ နံရံမှာ ချိတ်ထားသော ကြိုးမဲ့ တယောဟောင်း။

ဂီတသမားတစ်ဦး၏ ရိုးရှင်းသော ဘဝကို ပြောင်းလဲစေခဲ့သူဟာ ကျွန်တော်လား၊ သူကိုယ်တိုင်ပဲလား။ အဖြေကား မရေရာ။

စိုက်ခင်းထဲ ယောင်ဝေ့ဝေ့ လမ်းလျှောက်နေခိုက် သူ့ကို ပြင်းပြစွာ အောက်မေ့လာသည်။ တယောသံကိုပင် ကြားယောင်လာသလိုရှိသည်။ အသေအချာ နားစိုက်လျှင်တော့ လေတိုးသံသာတည်း။ လေတိုးသံသည် ကျွန်တော့်နားထဲတော့ အော်ညည်းသံနှင့်လည်း ဆင်သည်။ တစ်ချိန်တစ်ခါဆီက ဂီတကို ပြန်ပြောင်းလွမ်းတ,သော အော်ညည်းသံ။

တောထဲက အပြန်မှာတော့ ချောင်းရိုးရွာများကို ခပ်မဆိတ်ပင် ကျွန်တော်ဖြတ်လာသည်။ အဘယ်သူတစ်ဦးတစ်ယောက်ကိုသော်မျှ နှုတ်မဆက်၊ အကြည့်ချင်း ရင်မဆိုင်။

အကယ်၍ အကြည့်ချင်း ဆုံခဲ့သော် တယောဆရာ ဘယ်ရောက်သွားသလဲ မေးမည့် မေးခွန်းကို ကျွန်တော် မကြားလို။ မျှော်လင့်ချက်မှိန်ဖျော့စ သူတို့မျက်ဝန်းများကိုလည်း ကျွန်တော် ရင်မဆိုင်လို။ ■

**စံပယ်ဖြူနု**



www.burmeseclassic.com

www.burmeseclassic.com

*စာမျက်နှာ(၅၉)မှ...*

လူတွေအများကြားမှာ သွားနေသော သူနှစ်ယောက်ကို မြင်လိုက်သည်နှင့် မီးဝင်းဝင်း တောက်နေသော မျက်ဝန်းအစုံဖြင့် လက်ညှိုးထိုး၍ ပြောပါတော့သည်။

'ဟိုမှာ ဟိုမှာ... အင်္ကျီအနီနဲ့တစ်ယောက်ရယ်၊ အရပ်မြင့်မြင့် ဗလကောင်းကောင်းနဲ့ တစ်ယောက်ရယ် တွေ့လား။ သူတို့ပဲ၊ သူတို့ပဲ ကျွန်တော့်ဆီက ပိုက်ဆံနဲ့ ဖုန်းကို ဓားထောက်ပြီး ဓားပြတိုက်တာ သူတို့နှစ်ယောက်ပဲ။ ခွေးသူခိုးတွေ...'

'ဝင်းကို...'

ကောင်လေးပြသော သူကိုကြည့်၍ သူတို့ငါးယောက် ပြိုင်တူ အော်လိုက်မိကြတော့သည်။ အံ့သြထိတ်လန့်၍လည်းသွားကြ၏။ 'ခွေးမသား လောက်ကောင်' ဟု ပြိုင်တူထပ်၍ ကျိန်ဆဲလိုက်မိကြပြန်သည်။

မြန်မာတွေအချင်းချင်း လူသတင်းဆောင်၍ နောက်တော့ ဝင်းကိုတို့၏ ယုတ်မာမှုများက နားနှင့်မဆံ့အောင်ပင် ကြားကြားလာရပါတော့သည်။ သွေးအပြည့်စုပ်ထားသော ဆေးထိုးအပ်နှင့် ထောက်၍ 'မင့်ပါတာ အကုန်ပေးစမ်း၊ မင်းငြင်းကြည့်လေ။ မင်းကိုထောက်ထားတဲ့ ဒီဆေးထိုးအပ်ထဲမှာ AIDS သွေးတွေပဲ။ မင်း ငြင်းတာနဲ့ မင်းကိုယ်ထဲကို ထိုးထည့်လိုက်မယ်'။ ထိုနည်းဖြင့် ခြိမ်းခြောက်၍ မြန်မာအချင်းချင်းထံကငွေညှစ်၏။ သနားစဖွယ် မယောင်မလည်ပုံလေး လုပ်၍ အကူအညီတောင်းပြီး ပိုက်ဆံအိတ်လု၏၊ ဖုန်းလုကြ၏။ တစ်ယောက်တည်းလမ်းလျှောက်နေလျှင် ဘယ်တစ်ယောက်၊ ညာတစ်ယောက် ပူးညှပ်၍ လူမမြင်အောင် ဓားနှင့်ထောက်၍ လမ်းလျှောက်လျက်က ဓားပြတိုက်ကြ၏။ ဖြတ်လမ်းက ချမ်းသာချင်လှသော ဝင်းကိုတို့အတွက် ဤနည်းက အဆင်ပြေလှသည်။ ပြည်ပရောက်နေသည့် ဘဝတူချင်းဆိုသော အသိက ဝင်းကိုတို့အတွက် ကိုယ်ကျိုးရှာဖို့သက်သက်သာ အသုံးဝင်ပါတော့သည့်။

usufba&cefxJ
0ifnf[ k
qJjzwfvdkuf
tcefxJ
0if tbjcdjqrS
raeEdkifom
rsufvkH;
wpfcsuf
vSef
Munfhvdkufd
jyefonf
jyL;jyL;jyJjyJ
vdkufMunfhaeaom
xdkvlESifh
0ifhÍöfonf
xyfH
tMunfhcsif
qkHMuljyefonf

နောက်တစ်နှစ်လောက် အကြာမှာတော့ ကွာလာလမ်ပူ၏ လမ်းမများပေါ်မှာ ဝင်းကိုတို့ အုပ်စုကို မတွေ့ရတော့ပါ။ ပုလင်းတူ ဘူးဆို မိတ်ဆွေများနှင့် ဘယ်ကို လွင့်သွားသည်မသိ။ အထူးစီမံချက်နှင့် အဖမ်းမှာပဲ ပါသွားလေသလား၊ သို့တည်းမဟုတ် စားကျက်ပြောင်းသွားသလား။ ဘာဆိုဘာမျှ ဝင်းကို သတင်းကို မကြားရတော့ပါ။

❑

၄။

'သာခု... သာခု... သာခုပါ ဘုရား...'

နောက်ဆုံး အမျှဝေ ရေစက်ချပြီးသည်နှင့် ဦးပဥ္စင်းသည် လျှင်မြန်စွာပင် ပလ္လင်ပေါ်က ဆင်းလိုက်သည်။ ထိုလူကို ဦးပဥ္စင်း မမြင်ချင်ပါ။ အကုသိုလ်များ၍ဖြစ်သည်။ မိတ်ဟောင်း ဆွေဟောင်းဆိုသော်လည်း တွေ့ဆုံပေါင်းသင်းအပ်သူမဟုတ်ဟု ဦးပဥ္စင်းက ဆုံးဖြတ်လိုက်သည်။

ထို့ကြောင့် စင်နောက်က ဆင်း၍ ကျက်သရေခန်းထဲ ဝင်မည်ဟု ဆုံးဖြတ်လိုက်၏။ အခန်းထဲ ဝင်အံ့ဆဲဆဲမှ မနေနိုင်သော မျက်လုံးက တစ်ချက်လှန်၍ ကြည့်လိုက်မိပြန်သည်။ ပြူးပြူးပြဲပြဲ လိုက်ကြည့်နေသော ထိုလူနှင့် ဦးပဥ္စင်းသည် ထပ်မံ၍ အကြည့်ချင်း ဆုံသွားကြပြန်သည်။ သူတစ်ခုခု လှမ်းပြောမည်စိုး၍ ဦးပဥ္စင်းက မျက်နှာကို တင်းထားပြီး ချက်ချင်း လွှဲပစ်လိုက်၏။ ရင်ကတော့ တထိတ်ထိတ်နှင့် ခုန်နေသည်။ ထိုလူ၏ မျက်လုံးကတော့ တဖျပ်ဖျပ်ဖြင့် အရောင်တွေလက်နေ၏။ လက်ညှိုးကြီး တဝင့်ဝင့်ထိုးလျက် တစ်ခုခုကို ပြောလိုက်ချင်ဟန်ရှိ၏။ ဦးပဥ္စင်းကတော့ နားမထောင်လိုပါ။ ပြောစရာလည်း မရှိပါ။ ထို့ကြောင့် သင်္ကန်းကို အလျင်အမြန်ရုံလိုက်ပြီး တံခါးနောက်သို့ ချက်ချင်းပင် ဝင်ရောက်လိုက်ပါတော့သည်။

❑

'ဟာကွာ...'

ထိုလူ့ထံက အော်သံကြီးကို ဦးပဥ္စင်း ကြားလိုက်ရသည်။ ပြီးတော့ ပဒေသာပင်မှ ဝတ္ထုငွေများနှင့် လှူဖွယ်အစုစုတို့ကို ကြမ်းကြမ်းတမ်းတမ်း ဆွဲဖြုတ်နေသံများလည်း ကြားရပါသည်။

'ဘာဖြစ်တာလဲ၊ ဘာဖြစ်တာလဲ'

လူတွေဝိုင်းအုံကုန်၏။

'စိတ်ထိန်းပါဗျာ၊ လှူပြီးသားကို အဲဒီလိုမလုပ်ရဘူးလေ၊ ငရဲကြီးမယ်'

'ဘာကို မကျေနပ်သွားတာလဲ၊ မင်းကို ဘယ်သူ ဘာပြောလဲ'

ထိုလူကို သူ့မိတ်ဆွေများက တားမြစ်လျက် ဝိုင်း၍ နားချနေကြသည်။ တရားနာသူအပေါင်း သူတော်ကောင်းတို့မှာလည်း ထိတ်ထိတ်ပျာပျာ ဖြစ်ကုန်ကြပါသည်။ ဦးပဥ္စင်းကို တကြော်ကြော် လှမ်းခေါ်၍ ဖြေရှင်းပေးရန် အော်သူများက အော်နေကြသည်။ ကျောင်းခြံတစ်ဝန်းလုံး ရုတ်ရုတ်သဲသဲနှင့် ဆူညံသံတွေ ဖုံးနေသော်လည်း ဦးပဥ္စင်းက လုံးဝ ထွက်မကြည့်ပါ။ သင်္ကန်းကိုခေါင်းမြီးခြုံ၍ ခုတင်ကြီးပေါ်တွင် စင်းစင်းကြီး အိပ်နေလျက် ရှိနေပါတော့သည်။ ■

**ဘိုဘိုသန့်ဇင်**



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

# ယမုံ (သို့မဟုတ်) စီးဆင်းသွားလေသော မြစ်တစ်စင်း

**မိုးကျော်ဇင်**

၁။

၂၀၀၇ ခုနှစ်၏ နောက်ဆုံးသော လမှာ အနော်ရထာလမ်းမကြီးပေါ်က မိုးဂျာနယ်ရုံးခန်းကို ကျွန်တော် ရောက်သွားခဲ့ဖူးသည်။ တိုက်ခန်းတစ်ခုလုံးမှာ လူတစ်ယောက်ပဲ ရှိနေချိန်။ အသားညိုညို၊ အရပ်မြင့်မြင့်၊ ကြည်လင်သောမျက်နှာပိုင်ရှင် လူတစ်ယောက်။

'ပို့ထားတဲ့ ကဗျာလေး ရွေးပယ် သိချင်လို့ပါဆရာ'

'ဟုတ်ကဲ့၊ ရပါတယ်၊ ကလောင် နာမည်က…'

မျက်နှာသာ ကြည်လင်သည် မဟုတ်၊ အသံကလည်း ပကတိ ကြည်လင်။

'မိုးကျော်ဇင်…'

'ဩော်… ကဗျာခေါင်းစဉ်က **အချိန်မရွေးလေ**၊ လာမယ့် ဖေဖော်ဝါရီလထုတ်မှာ ပါလာလိမ့်မယ်ဗျ…'

ကျေးဇူးတင်ကြောင်း အခါခါပြောရင်း အနော်ရထာလမ်းမပေါ် ပြန်ရောက်လာသည်။ ၁၂ လလုံးလုံးနေမှ ကဗျာ တစ်ညိုခန့်ပင် စာမျက်နှာပေါ်ရောက်ရန် မသေချာသော ကလောင် ပေါက်စကလေးအတွက် အယ်ဒီတာတစ်ယောက်၏ သည်လိုတုံ့ပြန်မှုမျိုးက သွေးလည်ပတ်မှုကို မြန်ဆန်စေခဲ့သည်။ မိုးဂျာနယ် အယ်ဒီတာအဖွဲ့မှာ 'သန်းဌေးမောင်၊ ယမုံ'ဟု ဖော်ပြထားသော်လည်း အခု မြင်ခဲ့ရသည့်လူက ဆရာ သန်းဌေးမောင်လား၊ ဆရာ ယမုံလား။ ကျွန်တော် မဝေခွဲတတ်။ ရောက်လာမည့် ဖေဖော်ဝါရီလကို ခြေဖျားထောက်ထောက် ကြည့်ရင်း



အနော်ရထာလမ်း၏ ရှုပ်ပွထွေးရောနေသော ပလက်ဖောင်းပေါ် လျှောက်လာခဲ့မိသည်။

ထို့နောက် ဖေဖော်ဝါရီလထဲ ရောက်လာခဲ့သည်။ ထို့နောက် စာအုပ်ဆိုင်တွေ ရောက်တိုင်း ဖေဖော်ဝါရီထုတ် မိုးဂျာနယ်ကို ရှာခဲ့သည်။ ထို့နောက် ဖေဖော်ဝါရီလ၏ စတုတ္ထပတ်ထဲ ရောက်လာခဲ့သည်။ ဖေဖော်ဝါရီလထုတ် မိုးဂျာနယ်က ထွက်မလာသေး။ ထို့နောက် ကျွန်တော့်လှေကလေးကို ရွက်ဖွင့်ပြီး ပင်လယ်ဆီ ပြေးထွက်



www.burmeseclassic.com

www.burmeseclassic.com

လာခဲ့သည်။ ကျွန်တော့်ကဗျာဖော်ပြမည့် ဖေဖော်ဝါရီလထုတ် မိုးဂျာနယ်ကို မကြာခဏ သတိရခဲ့သည်။ ကျွန်တော့်ကဗျာဖော်ပြမည်ဟု အရေးတယူ ပြောကြားခဲ့သော အသားညိုညို၊ အရပ်မြင့်မြင့် အယ်ဒီတာကို မကြာခဏ သတိရခဲ့သည်။

၂၀၀၉ ခုနှစ် ကုန်ခါနီးတွင် ပန်းဆိုးတန်းပလက်ဖောင်းပေါ်က စာအုပ်တန်းကို ကျွန်တော် ပြန်ရောက်လာခဲ့သည်။ အဟောင်းဆိုင်တစ်ဆိုင်မှာ မိုးဂျာနယ် လေးငါးအုပ် စီထပ်ထားသည်ကို တွေ့သည်နှင့် အပေါ်ဆုံးက စာအုပ်ကို ကောက်ယူကြည့်လိုက်တော့ ၂၀၀၈ ခုနှစ် ဧပြီလထုတ်။ မျက်နှာဖုံးက ခင်မောင်ရင်၏ မင်းသမီးတစ်ယောက်။ မသေချာသော မျှော်လင့်ချက်နှင့် မာတိကာကို ဖွင့်လိုက်သောအခါ ဖေဖော်ဝါရီလထုတ်မှာ ဖော်ပြမည်ဟု အသားညိုညို အရပ်မြင့်မြင့် အယ်ဒီတာ ပြောခဲ့ဖူးသော ကျွန်တော့်ကဗျာကို တွေ့လိုက်ရလေသည်။

တကယ့်ကို တိုက်တိုက်ဆိုင်ဆိုင်။ ထိုဧပြီလထုတ် မိုးဂျာနယ်ကလေးသည် မိုးဂျာနယ်၏ နောက်ဆုံးထုတ်ဝေမှု။

❑

၂။

၂၀၁၃ ခုနှစ်ခန့်က ဖြစ်မည်။ မိတ်ဆွေ ကဗျာဆရာနှစ်ယောက်၏ ဦးဆောင်ညွှန်းဆိုမှုကို ခေါင်းတဆတ်ဆတ် ညိတ်ရင်း ၂၉ လမ်း အထက်ဘလောက်ကို ကျွန်တော် ရောက်လာခဲ့ရသည်။

မိတ်ဆွေ ကဗျာဆရာနှစ်ယောက်မှာ ကဗျာလောကထဲကို စတင်တိုးဝင်ရန် တာစူ အားယူစအချိန်မို့ ဟိုဆရာသည်ဆရာ လမ်းညွှန်သမျှ မဂ္ဂဇင်းတိုက်တွေဆီ ကဗျာစာမူတွေ တစ်ထပ်ကြီးကိုင်၍ ခြေတိုအောင် လျှောက်သွားနေခဲ့ကြသည်။ သည်လိုနှင့် သူတို့သည် ၂၉ လမ်း အပေါ်ဘလောက်ကို ရောက်ဖြစ်ခဲ့ကြဟန်တူသည်။ လှိုင်းသစ်မဂ္ဂဇင်းနှင့် Fashion မဂ္ဂဇင်းကို တွဲကိုင်

jrpfvppfi fonf
yi fv, fqD
pDi fofcjfwvh
Zef0&Dkd
jyefwmi fcbl
em*pfukd
pGufvifcbl
]jrpfonfyi fv, fqD
pDi fofcjfwvh
jrpfqbonfb
aufGSv§owvh
onjfrpfonf
opfDqi f&m
vrfwpfavmuf
b, favmuf
cshaufGyovJ
oMomf
onjfrpfonf
a&pfDecfhvovm;
jrpfaMumi fyif
wbfwmi fcfhvovm;

ထားသော အယ်ဒီတာထံ သူတို့မျှော်လင့်ချက်များကို လမ်းဖောက်ခဲ့ဟန်တူသည်။

'အဲ့ဒီဆရာ့ နာမည်က ယမုံတဲ့'

ယမုံ…။ အနော်ရထာလမ်း၊ မိုးဂျာနယ်တိုက်က အယ်ဒီတာ ဆရာတစ်ယောက် မျက်နှာက ဖျတ်ခနဲ ပေါ်လာသည်။ ၂၀၀၉ ခုနှစ်၊ ရွှေအမြုတေ စာပေဆုရ ကဗျာဆရာ ယမုံ။ ဆရာမောင်သာချို၏ ခေတ်ပြိုင် ခဲခြစ်ကောက်ကြောင်းများထဲမှာ နေစိမ့်၊ ခင်လွန်း၊ ဖောင်းထက် စသည့်အမည်နာမများနှင့် ပခုံးချင်းဖက်၊ လက်ချင်းဆုပ်ကိုင်ထားကြသော အမည်နာမတစ်ခု။

'သဘော အရမ်းကောင်းတယ်ဗျာ၊ အစ်ကိုလည်း တွေ့ရင် သိပါလိမ့်မယ်။ ကျွန်တော့်ကို ကဗျာနဲ့ ပတ်သက်ပြီး အစစ အရာရာ လမ်းညွှန်သင်ပြပေးတဲ့ လက်ဦးဆရာပဲ'

၂၉ လမ်း၊ အပေါ်ဘလောက်ကို ရောက်သောအခါ ငွေဖျိုးဖြူ ဖိနပ်ဖြန့်ချိရေး ဆိုင်းဘုတ်ရှေ့မှာ လူတစ်ယောက် မတ်တတ်ရပ်နေသည်ကို တွေ့လိုက်ရသည်။ အရပ်မြင့်မြင့်၊ မျက်နှာကြည်ကြည်။ သို့သော် ဆံပင်ရှည်ရှည်။ လက်ပြင်အောက်အထိ ရှည်လျားသော ဆံပင်ရှည်များကို စုစည်းထားသည်။ မိုးဂျာနယ်တိုက်ခန်းကလေးမှာ ကျွန်တော်တွေ့ခဲ့ဖူးသည့် ဆရာ ယမုံက ဆံပင်တိုတို။ ကျွန်တော်ပင် သိမှတ်မှားခဲ့လေသလားဟု သံသယ ပြန်ဝင်လာမိ၏။

ကျွန်တော်တို့ကို တွေ့သောအခါ သူ နှစ်နှစ်ခြိုက်ခြိုက် ပြုံးပြသည်။ သူ့အပြုံးက တကယ့်ကို ဖော်ဖော်ရွေရွေ၊ ကြည်ကြည်လင်လင်။ တီရှပ်နှင့် ပုဆိုးကို တွဲဝတ်ထားသည်။ ၃၂ လမ်းက လက်ဖက်ရည်ဆိုင်ဆီ ကျွန်တော်တို့ သွားကြသောအခါ သူ့အရပ်ကြီးက ကျွန်တော်တို့ကို မိုးလျက်။

စာပေဖြတ်သန်းမှုအရ ကျွန်တော်တို့ ခေတ်ပြိုင်မဖြစ်ခဲ့သည်မှာ သေချာပါသည်။ ထို့အတူ အသက်အရွယ်အားဖြင့်လည်း ကျွန်တော်က ဆရာ့ညီအငယ်ဆုံးအရွယ်။ သို့သော် စကားဝိုင်းထဲမှာ ဘယ်တော့မှ အပေါ်စီးလေသံတွေနှင့် နေရာမယူတတ်။ 'ဟေ့လူ'၊ 'ကျုပ်က…'၊ 'ခင်ဗျား…'တဲ့။ သည်လိုလေသံတွေနှင့် ကျွန်တော်တို့ ပခုံးများကို သူ ဆွဲ ဆွဲမြှင့်ပေးတတ်ခဲ့မြဲ။

❑

၃။

နောက်တော့ ရန်ကုန်ရောက်ဖြစ်၍ အချိန်ရလျှင် ၂၉ လမ်း အပေါ်ဘလောက်ကို ကျွန်တော့်ခြေထောက်တွေ အလိုလို ဦးလှည့်မိဖြစ်ခဲ့သည်။ ပြီးလျှင် ဆရာယမုံနှင့် ဗိုလ်ချုပ်လမ်းအတိုင်းလျှောက်ကာ ၃၂ လမ်းက လက်ဖက်ရည်ဆိုင်လေးဆီ ရောက်လာခဲ့ကြမြဲ။ ထိုလက်ဖက်ရည်ဆိုင်လေးမှာ ၂၀၀၅-၀၆



www.burmeseclassic.com

www.burmeseclassic.com

အချိန်တွေက ကျွန်တော့်စာအုပ်အငှားဆိုင်လေးအတွက် စာအုပ်တွေ လာဝယ်ရင်း မကြာခဏ နားခိုနေကျဆိုင်ကလေး။ ဆိုင်အမည် ဆိုင်းဘုတ်တင်ထားသော်လည်း ကျွန်တော် မမှတ်မိတော့။

ထိုလက်ဖက်ရည်ဆိုင်လေးကို စာပေသမားအချို့ ရောက်ရောက်လာတတ်ကြသည်။ တစ်ခါတစ်ရံ ကဗျာဆရာ စိုင်းဝင်းမြင့်ကိုတွေ့ရတတ်သည်။ သူတို့ချင်း နှုတ်ဆက်ကြသည်။ စာပေလောကနယ်စပ်မျဉ်းပေါ် နေထိုင်ရသည့် ကျွန်တော်ကတော့ ငေးရုံ၊ ပြုံးရုံမျှသာ။ သို့သော် ထိုအချိန်က ထိုလက်ဖက်ရည်ဆိုင်လေးနှင့် ဆရာ ယမုံသည် ကျွန်တော့် စာပေလောကဖြစ်နေခဲ့သည်။ မိုးဖွဲဖွဲရွာလျှင် ဆိုင်တံစက်မြိတ် ထီးပွင့်ကြီးတွေအောက် တိုးဝှေ့ထိုင်ကြပြီး၊ မိုးသည်းလာလျှင် ဆိုင်အတွင်းထဲ ဝင်ထိုင်ကြသည်။ မိုးလေကင်းရှင်းသော ညနေခင်းတွေမှာတော့ လက်ဖက်ရည်ဆိုင်နှင့် မျက်နှာချင်းဆိုင်ရှိ ဗလီအုတ်တံတိုင်းဘေး၊ သစ်ရိပ်အောက် လမ်းဘေးသားပေါ် ချခင်းထားသည့် စားပွဲပုလေးတွေမှာ လက်ဖက်ရည်ညနေခင်းတို့ ထွန်းကားခဲ့လေသည်။

❑

၄။

'ဆရာနဲ့ ကျွန်တော် အရင်ကတည်းက ဆုံဖူးတယ်ဗျ'

ကျွန်တော် သည်လို အစမရှိ အဆုံးမရှိ နောက်ကြောင်းပြန်လှည့်တော့ ဇဝေဇဝါ ဖြစ်သွားဟန်တူသည်။ 'ဗျာ… ဟုတ်လား' ဆိုပြီး မျက်လုံးများက အဝေးကို လွင့်ခနဲ ရောက်သွားသည်။ ကျွန်တော်က ၂၀၀၇ ခုနှစ်၏ နောက်ဆုံးလမှာ မိုးဂျာနယ်ရုံးခန်းဆီ လာခဲ့ဖူးသည့် လူမသိသူမသိ ကောင်လေးတစ်ယောက်နှင့် လူမသိ သူမသိ ကဗျာကလေးတစ်ပုဒ်အကြောင်း ပြန်ပြောပြရသည်။ သို့သော် သူ့သိမှတ်မှုထဲ အပြည့်အဝ ပြန်ပေါ်လာဟန် မတူ။

'အေးဗျာ…မိုးဂျာနယ်က အဲဒီဇြေ လထုတ်က နောက်ဆုံးပဲလေ၊ အခု အဲဒီ မိုးဂျာနယ် လက်မှတ်တောင် ဘယ်သူ့ဆီရောက်နေလဲ မသိဘူးဗျ။ ဒါနဲ့၊ ခင်ဗျားက ဘာလို့ ကဗျာ ဆက်မရေးဖြစ်တာတုံး'

ကျွန်တော့်ဘဝမှာ ကဗျာနှင့်ပတ်သက်၍ ပထမဆုံး ရင်ဆိုင်ရသည့် မေးခွန်း။

တကယ်တမ်း ကျွန်တော့်အချစ်ဦးက ကဗျာ။ အလယ်တန်းကျောင်းသားဘဝကတည်းက နေ့စဉ်အသက်ရှင်သန်မှုအတွက် ကဗျာကို မလွတ်တမ်း ဖက်တွယ်ထားခဲ့၏။ ၁၀ တန်းကျောင်းသားဘဝ၊ ၁၉၉၈ မှာ ပထမဆုံးကဗျာ ပုံနှိပ်ဖော်ပြခံရသည်။ နောက်တော့ တစ်နှစ်နေမှ တစ်ပုဒ်၊ နှစ်နှစ်နေမှ တစ်ပုဒ်။ ၂၀၀၈ ခုနှစ် အစမှာတော့ မိသားစုအနာဂတ်ကို ပခုံးပေါ်တင်၍ ကဗျာကမ်းခြေအဝေးကို ကျွန်တော် ပြေးထွက်လာခဲ့ရသည်။ ကဗျာ မဖတ်ရ၊ ကဗျာ မမြင်ရ၊ ကဗျာ မကြားရ။ ပြန်ရောက်လာသောအခါ ကဗျာကို ကျွန်တော် မမှတ်မိတော့။ ကဗျာကို လိုက်မမီတော့ဟု ကျွန်တော်ခံစားရသည်။ သည်လိုနှင့်…။

'အဲဒါ… ခင်ဗျား မှားတာပေါ့ဗျ၊ ဘယ်အချိန် ဘယ်အခြေအနေမှာပဲဖြစ်ဖြစ် ကိုယ်ရေးတာ ကိုယ့်ကဗျာပဲ၊ ဘယ်ပေတံနဲ့မှ တိုင်းတာဖို့ မလိုဘူးလေ'

ကဗျာကို လွယ်လွယ်ကျောခိုင်းခဲ့သူ ကျွန်တော့်အပေါ် ကဗျာကို ရှူရှိုက် အသက်ရှင်သူက 'ခင်ဗျား မှားတာပေါ့' ဟု ဖြောင့်ဖြောင့်တန်းတန်း ပြစ်တင်ခဲ့လေသည်။

'ဟော့လူရေ…ကျုပ်ကတော့ အရင်စစ်အစိုးရလက်ထက်ကို ပြန်လွမ်းနေတာတော့ မဟုတ်ဘူးပေါ့ဗျာ။ ဒါပေမဲ့ အခု ဝတ္ထုတိုတွေနဲ့ ယှဉ်ကြည့်ရင် စစ်အစိုးရလက်ထက်မှာ ဖတ်ခဲ့ရတဲ့ ဝတ္ထုတိုတွေက ပိုလှတယ်လို့ ခံစားရတယ်'

ဝတ္ထုတိုကလေးတွေ တစ်ပုဒ်စ၊ နှစ်ပုဒ်စနှုန်းနှင့် စာမျက်နှာတွေပေါ် ကုပ်ချောင်းချောင်း ရောက်နေသော ကျွန်တော့်ကို အယ်ဒီတာတစ်ယောက်၏ အသံက လှုပ်နှိုးလိုက်သည်။

'ကိုယ်ပြောချင်တာကို အတုံးလိုက်အတစ်လိုက် တည့်တည့်ပြောခွင့်မရှိတဲ့ ခေတ်လေ။ ဒီတော့ ကိုယ်ပြောချင်တာကို ဘယ်လိုပြောရမလဲဆိုပြီး နည်းလမ်းတွေ ရှာကြံလာကြတယ်။ အဲဒီအခြေအနေမှာ ဝတ္ထုတိုပုံသဏ္ဌာန်အသစ်တွေ ပေါ်လာကြတယ်။ အတတ်ပညာရော၊ အနုပညာမှာပါ ပိုအားကောင်းလာကြတယ်။ သူတို့အရေးအသားထဲမှာ ဝှက်ထားတဲ့ အဓိပ္ပာယ်ကို တစိမ့်စိမ့်တွေးယူပြီး အချင်းချင်း လက်တို့ ကြရတာကိုက အရသာဗျ'

ဆရာ မောင်သာချို၏ **ခေတ်ပြိုင်ခဲခြစ်ကောက်ကြောင်းများ**ကို ကျွန်တော်ဖတ်ခဲ့သည်။ ခဲခြစ်ကောက်ကြောင်းတွေကို ပုံဖော်ကြည့်မိသည်။ ဇောင်းထက်၊ ခင်လွန်း၊ နေစိမ့်၊ ယမုံနှင့် မောင်သာချို ပြီးတော့ မြောက်ဥက္ကလာပ။ သည်အမည်နာမတွေက ဇာတ်လိုက်များလို ဖြစ်နေကြသည်။

'သူ အဲဒီစာအုပ်ထဲမှာ ကျွန်တော့်အကြောင်း မရေးခဲ့ဘူး။ အားလုံးက ကျွန်တော့်အကြောင်းလည်း ရေးလိမ့်မယ်လို့ အပိုင်ထင်ထားကြတာ။ ဒါပေမဲ့ သူ မရေးခဲ့ဘူး'

သည်စကားတွေကိုတော့ ကျွန်တော့်ကိုမကြည့်ဘဲ ပြောခဲ့ဖူးလေသည်။

❑

၅။

စာရေးသူတစ်ယောက်က မဂ္ဂဇင်းတိုက်တစ်တိုက်ကို သွားရသည့် အကြောင်းရင်းသည် စာမူပို့ရန်၊ စာမူခထုတ်ရန်သာ ဖြစ်လေ့ရှိကြသည်။ သို့သော် ကျွန်တော် ဆရာ ယမုံရှိရာ ၂၉ လမ်း အပေါ်ဘလောက်ကို သွားနေခြင်းသည် စာမူပို့ရန်လည်းမဟုတ်သလို စာမူခထုတ်ရန်လည်း မဟုတ်။ စိတ်၏ဆာလောင်မှုအရ ကျွန်တော့်ခြေထောက်တွေ ဦးတည်နေမိခြင်းပင်။(အချိန်ကာလတစ်ခု အကြာမှာတော့ လှိုင်းသစ်မဂ္ဂဇင်းအတွက် အက်ဆေးတစ်ပုဒ် ပို့ဖြစ်ခဲ့သည်။ ထိုအချိန်တွင် လှိုင်းသစ်က



www.burmeseclassic.com

www.burmeseclassic.com

လစဉ် မထွက်နိုင်တော့။)

ဆရာ ယမုံဆီ သွားလျှင် စနေ၊ တနင်္ဂနွေ ရှောင်ရန်မလို။ တကယ်တမ်း ရှောင်ရသည်က တနင်္လာနေ့။ သူ့အမျိုးသမီး အလုပ်ပိတ်ရက်ဖြစ်သည့် တနင်္လာနေ့ကို ရွေးချယ်၍ သူကလည်း ၂၉ လမ်းကို ပိတ်ထားခဲ့သည်။ တစ်ခါတော့ သူ့ဖုန်းထဲက အမျိုးသမီးတစ်ယောက် ဓာတ်ပုံပြခဲ့ဖူးသည်။ ရုပ်ရည်သန့်သန့်။ ဆရာ့ထက်တော့ ငယ်လိမ့်မည်။

"မိန်းမတွေက ခက်တယ်ဗျ။ ကျုပ်တို့က မိန်းကလေးတွေကို ကြည့်မိတယ်ဆိုတာ အနုပညာအရ ခံစားကြည့်တတ်တယ်၊ အလှအပကို အနုပညာလို ခံစားပြီး ကြည့်တာ။ အဲ-အဲဒါများ တွေ့သွားပြီဆို ပြောလို့မပြီးတော့ဘူး။အနုပညာကို ခုတုံးမလုပ်နဲ့လို့ ပြောသေးတာဗျ"

ထိုစကား၊ ထိုအကြောင်းအရာမှာတော့ ကျွန်တော်တို့ လွတ်လွတ်လပ်လပ် ရယ်မောခဲ့ဖူးသည်။

တနင်္လာနေ့မဟုတ်သော နေ့တစ်နေ့မှာ ကျွန်တော် ၂၉ လမ်းကို ရောက်သွားခဲ့၏။ မှတ်မှတ်ရရ ထိုနေ့က မိုးရွာနေသည်။ ကျွန်တော်က ငွေဖျိုင်းဖြူဆိုင်းဘုတ်ရှိရာ မြေညီထပ် တိုက်ခန်းထဲ ဝင်သွားသည်။ ဇရာမ ခွေးကြီးတစ်ကောင်နှင့် ဇရာမ ဖိနပ်အိတ်ကြီးတွေ ကြားထဲက ကတ်သတ်တိုးဖွဲ့ဝင်ရသည်။ "ဆရာ ယမုံ ရှိတယ်မဟုတ်လား"ဟု မေးသောအခါ ဖိနပ်အိတ်ကြီးတွေကြားမှာ အလုပ်ရှုပ်နေကြသည့် ဝန်ထမ်းတွေက တိုက်နောက်ဖေးဘက်ကို လမ်းညွှန်ပြကြသည်။

ကျွန်တော် တိုက်နောက်ဖေးဘက်ကို ရောက်သွားတော့ ထိုင်ခုံတစ်ခုပေါ် ထိုင်ရင်း တိုက်နောက်ဖေးက မိုးရေစက်တွေကို ငေးကြည့်နေသော ဆရာ့ကို တွေ့ရသည်။ ရန်ကုန်မြို့လယ် တိုက်နောက်ဖေးလမ်းကြားက ရေညှိတွေ၊ ဖရိုဖရဲ မြောင်းဖုံးကျောက်ပြားတွေ၊ မသေမသပ် အဝတ်တန်းတွေ၊ နောက်ဖေးသံဆန်ခါကွက်တွေကြားက ကျီးကြည့်ကြောင်ကြည့် မျက်လုံးတွေ၊ အနံ့အသက်ဆိုးတွေနှင့်။

"လာဗျာ၊ အနံ့တော့ သိပ်မကောင်းဘူး၊ ခါးနာနေလို့ အပေါ်မတက်တော့တာ"

ရယ်ဒီမိတ် ကော်ဖီမစ်အိတ်ခွံတစ်ခုနှစ်ခု တွေ့ရသည်။ ခါးကို လိမ်းထားဟန်တူသော လိမ်းဆေးနံ့အချို့လည်း ရသည်။ ထိုနေ့က လက်ဖက်ရည်ဆိုင် မသွားဖြစ်ကြတော့ဘဲ နောက်ဖေးလမ်းကြားက အနံ့ဆိုး အချို့ကြားမှာပင် စကား ထိုင်ပြောဖြစ်ကြသည်။

ကျွန်တော် နောက်ထပ်တစ်ခေါက်ရောက်သွားသည်အထိ သူ့ နာနေခဲ့သော ခါးက ပြန်ကောင်းမလာသေး။ သို့သော် ကျွန်တော့်ကို အားနာ၍ ထင်သည်၊ ၃၂ လမ်း လက်ဖက်ရည်ဆိုင်ကို လိုက်လာခဲ့သေး၏။

"ဆရာ့ လှိုင်းသစ်က လှိုင်းနစ်များ ဖြစ်နေပြီလား"

တစ်ကြိမ် နှစ်ကြိမ်ခန့် ကျွန်တော် ဆရာ့ကို စ,ခဲ့ဖူးသည်။

"အေးဗျာ…ခင်ဗျားအက်ဆေးလည်း ရွေးထားပြီးသားဗျ၊ မဂ္ဂဇင်းကလည်း ထွက်ဖို့အဆင်သင့်။ ဒါပေမဲ့…"

ဆရာ့စကားက သည်မျှနှင့် ရပ်ရပ်သွားတတ်သည်။ လှိုင်းသစ်က တော်တော်နှင့် ထွက်မလာ။ ဆရာကိုယ်တိုင်ကလည်း မျက်နှာပူနေပုံရသည်မို့ ကျွန်တော် လှိုင်းသစ်ကြောင်း စကားမစ,ဖြစ်တော့။

"ဟော့လူ၊ ဖက်ရှင်အတွက် ဝတ္ထုတိုတစ်ပုဒ် ပေးစမ်းပါဗျာ။ ဒီဇန်နဝါရီ မကုန်ခင်ပေး၊ ဖေဖော်ဝါရီထုတ်မှာ ထည့်မယ်"

ဆရာကိုယ်တိုင် တခုတ်တရ တောင်းသောအခါ ကျွန်တော်လည်း ဝမ်းသာအားရ။ ထိုစဉ်က ဖက်ရှင်(Fashion) မဂ္ဂဇင်းမှာ လစဉ် ဝတ္ထုတို ၃ ပုဒ်ခန့် တွေ့ရတတ်သည်။ ကဗျာကတော့ အားကောင်းသည်။ သရုပ်ဖော်ပုံ ကောင်းကောင်းနှင့် ၁၀ ပုဒ် ဝန်းကျင်ခန့် ပါသည့်အပြင် ကဗျာရှည် ၁ ပုဒ်ကလည်း လစဉ်ဖော်ပြနေကျ။

သည်လိုနှင့် ဖေဖော်ဝါရီလထုတ် ဖက်ရှင်မဂ္ဂဇင်းမှာ ကျွန်တော့်ဝတ္ထုတို မပါ။ မတ်လမှာလည်းမပါ။ ဧပြီလမှာလည်း မတွေ့ရ။ ဘာတွေများ လွဲချော်ခဲ့ပါလိမ့်။ ကျွန်တော်လည်း မေးရမှာ အားနာမိ။ မေလထုတ်မှာမှ ကျွန်တော့် **"လွင့်သွားတဲ့ လေ"**ဝတ္ထုတို ပါလာသည်။ ပါလာသည်ကလည်း ကျွန်တော့်ဝတ္ထုတို ၁ ပုဒ်တည်း။ ဖယောင်းသားစက္ကူချောပေါ်မှာ။ သို့သော် ကျွန်တော် တွေသွားသည်။ သည်လို ကြော်ငြာဓာတ်ပုံတွေ၊ ဖက်ရှင်အလှအပတွေကြားမှာ ပိတ်မိနေသည့် ကျွန်တော့်ဝတ္ထုတိုကလေးကို ဘယ်စာဖတ်သူကမှ ဖတ်မိမှာ မဟုတ်။ သည်လိုဆိုလျှင် အချည်းနှီးသက်သက်။ နောက်ထပ် စာမူပို့ရန် မဝံ့ရဲတော့။ ဆရာကလည်း ထပ်မတောင်းတော့။ ထပ်မတောင်းသည့်အပြင်…။

"ကျုပ်နဲ့လည်း အတိုက်အခံတွေ တော်တော် ပြောလိုက်ရတယ်ဗျာ၊ ကျုပ် တော်တော် စိတ်မကောင်းဘူး"

ဖက်ရှင်မှာ ရသစာပေ စာမျက်နှာတွေကို လျှော့ချရန် ဆုံးဖြတ်လိုက်ခြင်းအတွက် ဆရာ ယမုံ ဒဏ်ရာရသွားဟန်တူသည်။ ကဗျာပုဒ်ရေကို သိသိသာသာ လျှော့ချပစ်လိုက်၍ ဝတ္ထုတိုကိုလည်း တစ်ပုဒ်တည်းသာ နေရာပေးလိုက်နိုင်တော့သည်တဲ့။ ထိုနေ့က ၃၂ လမ်း လက်ဖက်ရည်ဆိုင်ထဲမှာ ငြိမ်သက်စွာ ထိုင်နေကြရင်း ဆိုင်အပြင်က မိုးရေတွေကိုသာ ငေးရီနေခဲ့ကြလေသည်။

❑

၆။

နောက်တော့ ကျွန်တော့်ခြေထောက်တွေက ၄၂ လမ်းဘက်မှာ ဝဲလှည့်နေခဲ့သည်။ နောက်တော့ ရေကျော်၊ ရွှေဘုန်းပွင့်ဘုရား အနီးတစ်ဝိုက်။ ၂၀၁၇ ခုနှစ်၊ **ရန်ကုန်မြစ်၏ တစ်နေရာ** မဂ္ဂဇင်းဝတ္ထုတိုစာအုပ် ထွက်၍ လက်ဆောင်သွားပေးရင်း နောက်ဆုံးအခေါက်ရောက်ဖြစ်ခဲ့သည်။(ထိုစဉ်ကတော့ "နောက်ဆုံး"ဆိုသော ဝေါဟာရကို မတွေးမိခဲ့သေး)

နောက်တော့ ဆရာ ခင်လွန်း



www.burmeseclassic.com

www.burmeseclassic.com

ရန်ကုန်သို့ အလည်ပြန်လာ၍ ငယ်သူငယ်ချင်းတွေ၏ ဓာတ်ပုံတွေကို လူမှုကွန်ရက်တွင် တင်ခဲ့ရာ ဆရာ ယမုံကို ပြန်တွေ့လိုက်ရသည်။ သူငယ်ချင်းတွေကြားမှာ မားမားကြီး ထင်းလို့။ ဆံပင်တွေက ရှည်နေဆဲ။ သည်တစ်ခါ ပြန်ရောက်လျှင် ၂၉ လမ်း သွားဦးမည်ဟု ကျွန်တော် တေးထားလိုက်သည်။ သို့သော်…။

❑

၇။

၁၅၊ ၁ ၊ ၂၀၁၉ နေ့က ဆရာခိုင်မျိုး၏ ဖေ့စ်ဘွတ်ခ်မှာ အနီရောင်နောက်ခံနှင့် ‘ယမုံ’ဟု နာမည်တစ်လုံးတည်း တင်ထားသည်။ ရင်ထဲထိတ်ခနဲ။ အောက်က မှတ်ချက်တွေ ဖတ်ကြည့်သောအခါ ခွဲစိတ်ရမည်တဲ့။ အူပိတ်ချင်သလိုလို ဖြစ်နေသည်တဲ့။

နောက်တစ်ရက် မနက်…။

နောက်တစ်ရက် ညနေ…။


၁၈၊ ၁၊ ၂၀၁၉ နေ့ ညနေ…။ သတင်းဆိုးသည် မိုင်ပေါင်း ထောင်သောင်းချီဝေးသော အရပ်က ကျွန်တော့် ပင်လယ်ဆီ လှိုင်းလုံးတွေနှင့်အတူ အရှိန်အဟုန်ပြင်းစွာ အော်မြည်ပြေးဝင်လာခဲ့၏။

မြစ်တစ်စင်းသည် ပင်လယ်ဆီ စီးဝင်သွားခဲ့ပြီတဲ့။ ဇန်နဝါရီကို ပြန်တောင်းခဲ့သူ၊ နာဂစ်ကို ဖွဲ့ချက်တင်ခဲ့သူ ‘မြစ်’သည် ပင်လယ်ဆီ စီးဝင်သွားခဲ့ပြီတဲ့။ မြစ်ဆိုသည်မှာ ကွေ့မှ လှပသတဲ့။ သည်မြစ်သည် သူစီးဆင်းရာ လမ်းတစ်လျှောက် ဘယ်လောက် ချိုးကွေ့ခဲ့ပါသလဲ။ သို့သော် သည်မြစ်သည် ရေစီးသန်ခဲ့လေသလား။ မြစ်ကြောင်းပင် တိုတောင်းခဲ့လေသလား။ ပင်လယ်ဆီ အရောက်မြန်ခဲ့သည်လေ။

စီးဝင်သွားနှင့်သော ပင်လယ်အရပ်မှာ လှိုင်းလေ ငြိမ်သက်ပါစေတော့ ဆရာ။ ■

**မိုးကျော်ဇင်**

***မှတ်ချက်။*** *။ ဓာတ်ပုံ အသုံးပြုခွင့်ပေးတဲ့ ဆရာ ခင်လွန်းကို အထူးကျေးဇူးတင်ပါတယ်။*


**ဓာတ်တူသားစားသူများ** စာအုပ်က ခေတ်ပြိုင်ဘာသာပြန်လက်ရာများကို မျှော်လင့်နေကြတဲ့ စာဖတ်ပရိတ်သတ်များ စိတ်ကျေနပ်မှု ရရှိစေမယ့် စာအုပ်ဖြစ်ပါတယ်။ ၁၉၉၄ ခုနှစ်ဟာ တောင်အာဖရိက နိုင်ငံရဲ့ အထူးခြားဆုံး နှစ်ကာလအပိုင်းအခြားပါ။ အဆိုပါကာလမှာ တောင်အာဖရိက နိုင်ငံရှိ လူသားတိုင်း မဲပေးပိုင်ခွင့်ရရှိခဲ့ပြီး နှစ်ပေါင်းများစွာ စိုးမိုးခြယ်လှယ်ခဲ့တဲ့ လူဖြူတွေကို တွန်းလှန်နိုင်ခဲ့ပါတယ်။ လူဖြူ-လူမည်း အသားအရောင် ခွဲခြားမှုကို တိုက်ဖျက်ခဲ့ပြီး ဒီမိုကရေစီနည်းကျ အစိုးရတစ်ရပ်ကို မဲပေးရွေးချယ်ခဲ့ပါတယ်။ ဒါပေမဲ့ ခေတ်ဆိုး၊ စနစ်ဆိုးရဲ့ အကျွင်းအကျန် ပြဿနာပေါင်း သောင်းခြောက်ထောင်တို့နဲ့အတူ တောင်အာဖရိက ဒီမိုကရေစီဟာ ပြည်သူများအတွက် ခက်ခဲကြမ်းတမ်းမှုတွေ၊ သွေးမြေကျမှုတွေ ခေါ်ဆောင်လာခဲ့ပါတော့တယ်။ အခုစာအုပ်ဟာ အဆိုပါနှစ်ကာလကို ဖြတ်သန်းခဲ့ရတဲ့ တက္ကသိုလ်ကျောင်းသားတစ်ဦးရဲ့ ဘဝကို အခြေပြု ရေးဖွဲ့ထားတာပါ။ စည်းကမ်းမဲ့ပြည်သူတွေ၊ ဗိုလ်ကျအနိုင်ကျင့်လေ့ရှိတဲ့ ရဲတွေ၊ လူမိုက်အဖွဲ့တွေ၊ ထစ်ခနဲရှိ တုတ်ဆွဲဓားဆွဲ ဘတ်စ်ကားမောင်းသူတွေကြားမှာ ထွက်ပေါက်မဲ့နေတဲ့ ကျောင်းသားတစ်ယောက်အကြောင်းပါ။ ဒီစာအုပ်ရဲ့ အထူးခြားဆုံးအချက်ကတော့ စာအုပ်ကိုဖတ်နေရင်း တောင်အာဖရိကမှ ဟုတ်ရဲ့လား။ ယနေ့ခေတ် မြန်မာပြည်အကြောင်း ရေးနေတာလားလို့ ထင်မှတ်မှားရလောက်အောင် အဖြစ်အပျက်များစွာတို့က ထပ်တူညီနေပါတယ်။ NIQ MHLONGO ရေးသားတဲ့ **Dog Eat Dog** ကို **ဝင်းငြိမ်း** မြန်မာပြန်ဆိုတဲ့ **ဓာတ်တူသားစားသူများ** စာအုပ်ကို ငါတို့စာပေကနေ ဖြန့်ချိပါတယ်။ ဖုန်း ၀၉၂၅၀၀၉၁၉၁၃ သို့ ဆက်သွယ်ပြီးဖြစ်စေ၊ WE Distribution သို့ မက်ဆေ့ချ်ပေးပို့ပြီး ဖြစ်စေ မှာယူနိုင်ပါတယ်။

■

NDSP
Yangon Book Plaza,
၅ လွှာ၊ သံဈေး၊ လမ်းမတော်မြို့နယ်။
ရန်ကုန်မြို့။ www.ndspbook.com




www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# မြို့ပြအင်္ကျီနှင့်ဂျူမှား

## ပျော်စွာနေ

ကျွန်တော်နှင့် ကျွန်တော့်မိတ်ဆွေတို့သည် ရထားမှ ဆင်းကာ ဘူတာခုံးတံတားပေါ် လျှောက်လာခဲ့ကြသည်။ ရထားဆိုက်ချိန်ဖြစ်သဖြင့် တံတားပေါ်တွင် ကျွန်တော်တို့လို ရထားဆင်း ခရီးသည်တွေနှင့် ပြည့်ကျပ်နေသည်။ သားရေအိတ်ကြီးများကို လွယ်၍လည်းကောင်း၊ ခြင်းများ တောင်းများ ထမင်းချိုင့်များကို လက်မှ ဆွဲ၍လည်းကောင်း၊ ကလေးငယ်များကို ချီပိုး၍လည်းကောင်း သွားလာနေကြသည့် ခရီးသည်တွေမှာ များပြားလွန်းလှသည်။ မန္တလေးမှ ရထားတွဲ ၁၅ တွဲလောက်နှင့် သယ်ဆောင်လာသည့် လူတွေကို ရန်ကုန်ဘူတာကြီးတွင် အမှိုက်တွေ သွန်သလို သွန်ချလိုက်တာ ဒီလောက်တော့များမှာပဲဟု ကျွန်တော် တွေးနေမိသည်။

ခုံးတံတားမှာ အတော်မြင့်သဖြင့် ခပ်လှမ်းလှမ်းမှ ရုပ်ရှင်ရုံများကို လှမ်းမြင်နေရသည်။ ရုပ်ရှင်ရုံများတွင် ချိတ်ဆွဲထားသော ရောင်စုံ ပိုစတာကြီးများမှာ လှပခမ်းနားလွန်းလှသည်။ ရေးဆွဲထားသော မင်းသား မင်းသမီးတို့၏ ရုပ်ပုံများမှာလည်း ဆွဲဆောင်မှု ရှိလှပေသည်။ ကျွန်တော်လည်း ခပ်ငေးငေးနှင့်ပင် လျှောက်လာခဲ့သည်။ ခုံးတံတားအောက်တွင် ရွေ့လျား သွားလာနေကြသော ရထားတွဲရှည်မျောမျောများကို တွေ့ရသည်။ တချို့ရထားတွဲတွေမှာ ရပ်ထားကြသည်။ မန္တလေးတွင် မရှိသော အပြာရောင် မြို့ပတ်ရထားတွေကိုလည်း ပြေးလွှားနေတာကို မြင်ရပေသည်။ ရထားတွဲတွေကို ခုလို အပေါ်စီးက ကြည့်ရပြန်တော့လည်း ကလေး ကစားသည့် သံပတ်ရုပ်ကလေးတွေကို ကြည့်ရသလို သနားဖို့ ကောင်းနေပြန်သည်။ တစ်ခါတစ်ရံတွင် ဟိုမှသည်မှ ပေါ်ထွက်လာသော ရထားဥဩသံတွေကို ကြားနေရသည်။ ကျွန်တော်တို့သည်

www.burmeseclassic.com

www.burmeseclassic.com

ဗိုလ်ချုပ်လမ်းကို ကျော်ဖြတ်၍ ဆောက်လုပ်ထားသော ကွန်ကရစ် တံတားခုံးပေါ်မှ လျှောက်လာခဲ့ကြသည်။ တံတားထိပ်က ကုန်တိုက် အမှတ် (၁)တွင် လူတွေ တိုးဝှေ့စည်ကားနေသည်။ ဗိုလ်ချုပ်လမ်းပေါ်၌ အစုန်ပြေးလွှားနေကြသော ကားများနှင့် ပြည့်နှက်နေ၏။ ဒိုင်ဟတ်ဆု၊ မီဇူဘီရှီဂဲလင့်၊ တိုယိုတာ၊ ဒတ်ဆန်း စသည့် နောက်ဆုံး ပေါ် ဇိမ်ခံကားများ၊ သုံးဘီးကားများ၊ လေးဘီးတက္ကစီများသည် လမ်းမပေါ် ဥဒဟို ပြေးလွှားနေကြသည်။ ဗိုလ်ချုပ်လမ်းမကြီးပေါ် ကားတွေ ပြေးလွှားနေကြပုံမှာ အနီ၊ အဝါ၊ အပြာ၊ အစိမ်း၊ အဖြူ၊ လိမ္မော် စသည့် ရောင်စုံဆေးစက်တွေ စီးမျောနေသော မြစ်မကြီး တစ်ခုနှင့်ပင် တူလှတော့သည်။ လူတွေ ပြွတ်ခဲ ခိုတွဲကာ စီးကြသဖြင့် တစ်ခြမ်းစောင်းနေသော ဟီးနိုး ဘတ်စ်ကားကြီးတွေကို မြင်တွေ့ရသည်။ ဘတ်စ်ကားများသည် တစ်ခြမ်းစောင်းလျက် ပြေးလွှားနေသည်ကို ကြည့်ရသည်မှာ အသည်းထိတ်စရာ ကောင်းနေသည်။

ဗိုလ်ချုပ်လမ်းဘေး ရုပ်ရှင်ရုံများ၌ လူတွေ တိုးဝှေ့နေကြသည်။ ရေခဲရေရောင်းသူများ၊ စီးကရက်ရောင်းသော ကလေးများ၊ အချဉ်ပေါင်း၊ နေကြာစေ့လှော်၊ ကွာစေ့လှော် ရောင်းသောဆိုင်များ စသည်တို့သည်လည်း ပလက်ဖောင်းပေါ်တွင် ပြန့်ကျဲနေသည်။ ရုပ်ရှင်လက်မှတ် တန်းစီနေသော လူတွေကြောင့် ပိုမိုစည်ကား ရှုပ်ထွေးနေသည်။ ကျွန်တော်တို့မှာ လူတွေကို ရှောင်နေရတာနှင့် ခရီးမတွင်ဘဲ ဖြစ်နေသည်။ တစ်ခါတစ်ရံ ကျွန်တော်နှင့် မိတ်ဆွေအကြားတွင် လူတွေ ဖြတ်သွားနေကြတာနှင့် အလှမ်းကွာဝေးနေသဖြင့် ကျွန်တော့်မိတ်ဆွေမှာ ကျွန်တော့်ကို ရပ်ရပ်စောင့်နေရသည်။ ကျွန်တော်သည် ရေးကြီးသုတ်ပျာ သွားလာနေကြသော ရန်ကုန်မြို့က လူတွေကို ကြည့်ကာ စိတ်ပျက်နေမိသေးသည်။ သည်လူတွေမှာ ဘာကိစ္စတွေများ အရေးကြီးနေပါလိမ့်ဟုလည်း တွေးနေမိသည်။

ကျွန်တော်တို့သည် ဆူးလေလမ်းမကြီးကို ဖြတ်ကူးလာခဲ့ကြသည်။ မီးပွိုင့်က မီးနီပြထားသဖြင့် ရပ်နေကြသော ကားကြီး ကားငယ် အသွယ်သွယ်မှာ ကားပြပွဲကြီးတစ်ခုနှင့်ပင် တူလှတော့သည်။ မီးစိမ်းပြလိုက်သည်နှင့် ကားများသည် ရပ်နေရာမှ တသီတတန်းကြီး မောင်းထွက်သွားကြပုံမှာ ရေကာတာကြီးတစ်ခု ကျိုးကျသွား၍ ရေတွေ ဒလဟော စီးဆင်းသွားသကဲ့သို့ပင် ဖြစ်သည်။

**Alw CSyfvrfrLuDy: umawGjy;vmTaeMLykS teDt 0g tjym? t pdrf? t jzL?vdarmfponf a&mifpkHaq;pufawGpD;arsmaeaom jrpfrBuDwpfckESifhyif wlvSawmhonf vlawGjywfcJckdwGJum pD;Muojzifh wpfjcrf;apmif;aeaom [D;Edkbwfpfum;BuD;awGudk jrif&onf**

ခဲသားရောင် မိုးသားများကို နောက်ခံထားလျက် ရွှေရောင် ဖိတ်လက်ခုံးကြွနေသော ဆူးလေစေတီတော်ကို ခပ်လှမ်းလှမ်း၌ လှမ်းမြင်ဖူးမြော်ရသည်။ ကောင်းကင်တွင် မိုးသားတိမ်တိုက်တွေ အလိပ်လိုက် အလိပ်လိုက် တက်လာနေသည်။ မိုးသားများသည် တအိအိတက်လာကာ ခုချက်ချင်းပင် ပြိုကျလာလေမလားဟု ထင်ရသည်။ ကျွန်တော်က အနက်ရောင် ဝါဂွမ်းပုံကြီးတွေကို နေရာမလပ် စုပုံဖြန့်ကြဲထားသော တလင်းပြင်ကြီးနှင့် တူသည့် ကောင်းကင်ကြီးကို ငေးမောကြည့်ရင်း မိုးရွာမှာကို စိုးရိမ်နေမိသေးသည်။

"မိုးရွာလိမ့်မယ် ထင်တယ်ဗျ၊ ရန်ကုန်ကမိုးကောင်းတယ်"

ဟု ကျွန်တော့်မိတ်ဆွေက ပြောလိုက်ဆဲမှာပင် မိုးဖွားကလေးတွေ ကျလာသည်။ မိုးဖွားများသည် မြားတံများလို ဖွေစောင်းစောင်း ကျလာကာ ကတ္တရာလမ်းမပေါ်၊ ပလက်ဖောင်းပေါ်၊ မော်တော်ကားတွေပေါ် ခုန်ပေါက်နေကြသည်။ ထီးမပါသဖြင့် ကျွန်တော်တို့ ခေါင်းပေါ်၊ မျက်နှာပေါ်မှာလည်း မိုးမြားတံတွေ စိုက်နေသေးသည်။ ကျွန်တော်က မျက်နှာအား လာရောက် ထိမှန်သည့် မိုးရေများကို သပ်ချရင်း-

"ခင်ဗျားတည်းခိုခန်းက မရောက်သေးဘူးလားဗျ"

ဟု မိတ်ဆွေကို မေးလိုက်သည်။ မိတ်ဆွေက-

"ရောက်ပါပြီ"

ဟု ပြောကာ လှမ်းမြင်နေရပြီဖြစ်သော တည်းခိုခန်းကို လက်ညှိုးထိုးပြသည်။

❑

တည်းခိုခန်းလုပ်ထားသော အဆောက်အအုံမှာ ၃ ထပ်တိုက်ကြီးတစ်လုံးဖြစ်၍ ဆေးအဖြူရောင် သုတ်ထားသည်။ အဆောက်အအုံပုံစံမှာ အတော့်ကို ရှေးဆန်ပြီး လွတ်လပ်ရေးမရခင်ခေတ်က ဆောက်လုပ်ကြသော ပုံစံမျိုးဖြစ်သည်။ နှစ်တွေ ကြာညောင်းခဲ့ပြီဖြစ်ရာ အဆောက်အအုံမှာ အတော်ပင် ဟောင်းနွမ်း အိုမင်းနေလေပြီ။ ဆေးအသစ်သုတ်ထားသော်လည်း တိုက်၏ ဟောင်းနွမ်းအိုမင်းခြင်းကိုကား မဖုံးကွယ်နိုင်ပေ။

ကျွန်တော်တို့သည် မြင့်မားသော တိုက်အပေါ်ထပ်သို့ ကျဉ်းမြောင်းလှသော လှေကားထစ်တွေအတိုင်း တက်လာခဲ့ကြသည်။ လှေကားထစ်တွေကို အပေါ်ထပ်သို့ ကွေ့ဝိုက်၍ ဆောက်လုပ်ထားသည်။ လှေကားမှာ စုံထောက် ရုပ်ရှင်ကားများတွင် မကြာခဏ တွေ့ရတတ်သော ပုံစံမျိုးဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

ဤလို လှေကားမျိုးမှ သားရေဂျာကင်၊ မျက်မှန်အနက်နှင့် သက္ကလတ်ဦးထုပ်ကို ခပ်ငိုက်ငိုက် ဆောင်း၍ သေနတ်ကိုကိုင်ပြီး ဆင်းလာသော လူဆိုးများကို စုံထောက် ရုပ်ရှင်တွေထဲမှာ မကြာခဏ ကြည့်ဖူးတာကို သတိရနေမိသည်။ ခရီးပန်းသဖြင့် ဆံပင်ဖွာလန်လန်နှင့် အဝတ်အစား မသပ်မရပ် ဖြစ်နေရသည့်အထဲ သားရေအိတ်ကြီးများကို လွယ်ထားကြသော ကျွန်တော်တို့ နှစ်ဦးမှာ ထိုစုံထောက်ကားတွေထဲက လူဆိုး ၂ ယောက်နှင့်များ တူနေမလားဟု လှေကားထစ်များကို နင်းရင်း ကျွန်တော် တွေးမိ၍ ပြုံးလိုက်မိသေးသည်။

တည်းခိုခန်းမှာ ၃ ထပ်တိုက်ကြီး၏ အလယ်ထပ်တွင် ဖြစ်သည်။ လှေကားထိပ်ရောက်၍ အခန်းထဲသို့ ကွေ့ဝင်လိုက်သည်နှင့် ကောင်တာတွင် ထိုင်နေသည့် တည်းခိုခန်း မန်နေဂျာကို တွေ့ရသည်။ မန်နေဂျာမှာ ကောင်းဘွိုင်ကားတွေထဲက မန်နေဂျာတွေလို မုတ်ဆိတ်မွေး ထူလပျစ်နှင့်တော့လည်း မဟုတ်ပြန်ပေ။ ကျွန်တော့်မိတ်ဆွေသည် ကောင်တာသို့ သွားကာ မန်နေဂျာအား ၂ ယောက်အိပ် အခန်းတစ်ခန်း ရနိုင်မလားဟု မေးနေသည်။ ကျွန်တော်ကား ယောင်ချာချာနှင့် ရပ်နေမိရင်း ပတ်ဝန်းကျင်ကို မျက်စိကစား၍ ကြည့်နေမိသည်။

တည်းခိုခန်းမှာ နာမည်ကြီး တည်းခိုခန်းတစ်ခန်းဖြစ်သော်လည်း သိပ်သပ်သပ်ရပ်ရပ်ကား မရှိလှပေ။ ကြမ်းခင်းပေါ်တွင် ဖိနပ်ရာများ၊ ဖုန်မှုန့်များ ပွနေသည်ကို တွေ့ရသည်။ အခန်းများ ဖွဲ့ထားသော ၃ ထပ်သားများမှာ အရောင်တင်ထားသော်လည်း သစ်သစ်လွင်လွင် ဖြစ်မနေပေ။ ကျွန်တော်ကြည့်နေတုန်းမှာပင် အခန်းတစ်ခုထဲမှ သပ်ရပ်သားနားစွာဝတ်ဆင်ထားသော လူတစ်ယောက် ထွက်လာကာ အောက်ထပ်ဆီသို့ ဆင်းသွားသည်ကို တွေ့ရသည်။ တည်းခိုခန်းမှာ တည်းခိုနေသည့် လူတစ်ယောက် ဖြစ်ပေလိမ့်မည်။ ထိုသူသည် ကျွန်တော်တို့ ၂ ယောက်ကို ငဲ့စောင်း၍ပင် ကြည့်မသွားသဖြင့် ကျွန်တော် မကျေမနပ် ဖြစ်နေမိသေးသည်။ (ဒီလူ နည်းနည်းလောက်တော့ ကျွန်တော်တို့ကို ကြည့်သွားဖို့ကောင်းသည်။)

မန်နေဂျာသည် ကျွန်တော်တို့ ၂ ယောက်ကို အခန်းတစ်ခန်းဆီသို့ ဦးဆောင်ခေါ်သွားကာ သော့ဖွင့်ပေးသည်။ အခန်းနံပါတ် ၁၇ ဖြစ်သည်။

"နှစ်ယောက်အခန်းက ဒီတစ်ခန်းပဲ ကျန်တော့တာ"

ဟု မန်နေဂျာက ပြောသည်။

"ဟုတ်ကဲ့၊ ရှိတဲ့ အခန်းပဲပေါ့ဗျာ၊ ရပါတယ်"

ဟု ကျွန်တော့်မိတ်ဆွေက ပြန်ပြောနေဆဲမှာပဲ ကျွန်တော် အခန်းထဲသို့ ဝင်လာခဲ့သည်။ ထို့နောက် ကျွန်တော့်မိတ်ဆွေ ဝင်လာကာ အခန်းတံခါးကို ဆွဲစေ့လိုက်သည်။ ကျွန်တော်လည်း မောမောနှင့်ပင် သားရေအိတ်ကို ခုတင်ပေါ် ပစ်ချလိုက်ကာ အပေါ်အင်္ကျီကို ဆွဲချွတ်လိုက်ပြီး စွပ်ကျယ်နှင့် ခြေပစ်လက်ပစ် နေလိုက်သည်။

နှစ်ယောက်အိပ် အခန်းဆိုသော်လည်း အခန်းမှာ မကျယ်လှပေ။ ခုတင်နှစ်လုံးနှင့်ပင် အခန်းပြည့်သလောက်နီးပါး ဖြစ်နေသည်။ ကျွန်တော် သဘောမကျသည်မှာ စာလေးဘာလေး ရေးချင်လို့မှ ရေးလို့ရအောင် စားပွဲလေးတစ်လုံးတလေ ထားမပေးခြင်းဖြစ်သည်။ ကျွန်တော့်မှာ ကျဉ်းမြောင်းလှသော အခန်းကလေးထဲတွင် အသက်ရှူကျပ်နေမိသည်။

အပြင်ဘက်တွင် မိုးဖွဲကလေးတွေ ကျနေသော်လည်း ရာသီဥတုမှာ အုံအိုက်အိုက်နှင့် နေလို့မကောင်းလှပေ။ တစ်ကိုယ်လုံးမှာ ချွေးစေးတွေ ထွက်ကာ အိုက်စပ်စပ်ဖြစ်နေသည်။ ကျွန်တော်တို့မှာ တစ်ညလုံး ရထားစီးလာရသဖြင့် ပင်ပန်းနွမ်းနယ်နေသည်။ ညက ရထားပေါ်မှာ ငိုက်ရုံသာ ငိုက်ခဲ့ရသည်မို့ မျက်လုံးတွေ စပ်နေပြီး ခေါင်းထဲမှာလည်း အုံခဲခဲဖြစ်နေသည်။ ကျွန်တော့်မိတ်ဆွေမှာလည်း တော်တော် ပင်ပန်းနေဟန် တူပါသည်။ သူသည် အဝတ်အစား မလဲနိုင်သေးဘဲ ခုတင်ပေါ်တွင် ပက်လက်လှဲနေသည်။

ကျွန်တော်က ရေချိုးချင်ကြောင်း ပြောလိုက်သဖြင့် မိတ်ဆွေက–

"ချိုးရအောင်လေ၊ ပြီးမှ မြို့ထဲထွက်ပြီး ထမင်းစားကြတာပေါ့"

ဟု ဆိုကာ တဘက်နှင့် ဆပ်ပြာခွက်ကို ယူပြီး ရေချိုးခန်းဘက် ထွက်လာခဲ့ကြသည်။ ရေချိုးခန်းမှာ လူတစ်ယောက် မတ်တတ်ရပ်ဖြစ်ရုံ ကျဉ်းကျဉ်းကလေး ဖြစ်သည်။ ခန့်မှန်းခြေ သုံးပေ ပတ်လည်လောက်သာ ရှိပေလိမ့်မည်။ ထိုအခန်းထဲတွင် အနံ့တစ်ပေ၊ အလျားသုံးပေခန့်ရှိ ရေကန်က နေရာယူထားသေးရာ ကျန်နေရာမှာ လူတစ်ယောက် ရပ်လို့ရရုံလောက်သာ ရှိတော့သည်(ဒီလောက်ကျဉ်းသည့် ရေချိုးခန်းမျိုးကို ကျွန်တော် အရင်က မတွေ့ဖူးသေးပါ)။ ကျွန်တော်လည်း စိတ်ညစ်သလို ဖြစ်သွားကာ ရန်ကုန်၌ လူတစ်ယောက်အတွက် သူရနိုင်သော နေရာအကျယ်အဝန်းမှာ တစ်နေ့တခြား ကျဉ်းမြောင်းလာပါလားဟု တွေးနေမိသည်။ ရေချိုးခန်းမှာ ကျဉ်းလွန်းသဖြင့် ရေချိုးမလို့ တံခါးပိတ်လိုက်ကာရှိသေး မှောင်မည်းသွားပြီး ရေခွက်တို့၊ ဆပ်ပြာခွက်တို့တောင် မမြင်ရတော့ပေ။ ကျွန်တော်လည်း မီးသီးလေးတစ်လုံးတလေများ ရှိလေမလားဟု တံခါးကို အနည်းငယ် ပြန်ဖွင့်ကာ ရှာမှ တံခါးက ဝင်လာသော အလင်းရောင်ကြောင့် ရေချိုးခန်းထဲတွင် တပ်ဆင်ထားသော မီးသီးတစ်လုံးကို တွေ့ရသည်။ မီးသီးကို တွေ့သဖြင့် မီးခလုတ်ကိုရှာပြီး ခလုတ်ဖွင့်လိုက်သောအခါမှ ရေချိုးခန်းထဲ မီးလင်းလာသည်။ ထိုအခါမှ ကျွန်တော်လည်း တံခါးပိတ်ပြီး ရေကို တဝကြီး ချိုးပစ်လိုက်ရတော့သည်။

ရေချိုးလိုက်ရသဖြင့် လန်းလန်းဆန်းဆန်း ဖြစ်လာသည်။ အခန်းထဲသို့ ပြန်လာပြီး အဝတ်အစားလဲရင်း မိတ်ဆွေ ရေချိုးအပြီးကို စောင့်နေသည်။ မနက်ကတည်းက ဘာမှ မစားရသေးသည်မို့ ဗိုက်ထဲက တကြုတ်ကြုတ် ဆာလောင်လာသည်။



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်လည်း ဆာဆာနှင့် ငေးမောရင်း အခန်းပြတင်းမှ အပြင်သို့ ကြည့်နေမိသည်။

အပြင်ဘက်တွင် မိုးတိတ်နေချေပြီ။ သို့ရာတွင် ကောင်းကင်ပြင်မှာ ကြည်လင်မလာသေးဘဲ မိုးသားတွေနှင့် ညိုမှောင်အုံ့ဆိုင်းနေဆဲပင်ဖြစ်သည်။ မိုးတိတ်ပြီဖြစ်သော်လည်း စောစောက ရွာထားသည်မို့ လမ်းတွေမှာ မိုးရေတွေနှင့် စိုရွှဲနေသည်။ လမ်းမပေါ်တွင် ရောင်စုံကားတွေ ပြေးလွှားနေဆဲဖြစ်သည်။ မျဉ်းကျားများတွင် လမ်းဖြတ်ကူးနေသော လူအုပ်ကြီးကို တွေ့ရသည်။ ဝဲ-ယာ ပလက်ဖောင်းများပေါ်တွင်လည်း လူတွေ ဥဒဟို သွားလာနေကြသည်။ လူတွေ လှုပ်လှုပ်ရွရွ သွားလာနေကြပုံမှာ ပျားအုံတစ်အုံပေါ်၌ အလုအယက် သွားလာနေကြသော ပျားကောင်များနှင့်ပင် တူလှတော့သည်။ ရန်ကုန်မြို့ကြီးကား တစ်နေ့တခြား လူတွေ များပြား တိုးပွားနေလေပြီ။

"အပြင်ထွက်ပြီး ထမင်းစားရအောင်"

ဟု မိတ်ဆွေက အဝတ်အစားလဲရင်း ပြောလိုက်သည်။ သူ အဝတ်အစားလဲပြီးတော့ မြို့ထဲကို ထွက်လာခဲ့ကြသည်။ မနက်လင်းကတည်းက ဘာမှ ဟုတ်တိပတ်တိ မစားရသေးသည်မို့ ဗိုက်ထဲက ဆာလောင်နေသည်။ ကျွန်တော့်မိတ်ဆွေမှာလည်း ကျွန်တော့်လိုပင် ဆာလောင်နေပေလိမ့်မည်။ ကျွန်တော်တို့သည် သပ်ရပ်သန့်ရှင်းမည် ထင်သည့် စားသောက်ဆိုင်တစ်ခုခုကို ရှာဖွေရင်း လမ်းလျှောက်လာခဲ့ကြသည်။ ပလက်ဖောင်းပေါ်၌ လှုပ်ရှားသွားလာနေကြသော လူတွေဖြင့် ပြည့်နေသည်။ ကျွန်တော်တို့မှာ လူတွေကို ရှောင်နေရတာနှင့်

vufu&nfuBLuLuESbuaomfvnf
rHJTBuBvufu&nfwpcGIESBwmbvnf
rvHByefy/Munft;\ 0wBmwfumi fwGbd
xDyJbJrHBxJrB
avBuoBae&rBrBuawmbvnf
oyfBufusvS

ခရီးမတွင်ဘဲ ဖြစ်နေကာ ကြာတော့ ဒီလောက် များပြားလှသည့်လူတွေကို ဒေါသထွက်လာတော့သည်။ ကျွန်တော့်မိတ်ဆွေမှာ-

"ဒီလူတွေကို ရှောင်နေရတာနဲ့ပဲ မရောက်နိုင်တော့ဘူး"

ဟု ညည်းတွားနေသည်။ ကျွန်တော်သည် လမ်းလျှောက်ရင်း "ကမ္ဘာပေါ်မှာ လူနည်းနည်းပဲရှိပြီး ပန်းပွင့်တွေအများကြီး ရှိရင် ကောင်းမှာ" ဆိုသည့် ကြည်အေး၏ ဝတ္ထုတစ်ပုဒ်ထဲက စကားလုံးတချို့ကို သတိရကာ ရေရွတ်နေမိသေးသည်။

ကျွန်တော်တို့သည် ပိုမိုဆာလောင်လာသဖြင့် ဆိုင်ရှေ့မနေနိုင်တော့ဘဲ နီးရာ စားသောက်ဆိုင်တစ်ဆိုင်ထဲသို့ ဝင်လိုက်ကြသည်။ ဆိုင်ထဲတွင်လည်း လူတွေနှင့် ပြည့်နှက်နေလေသည်။ လူသံများနှင့် ကက်ဆက်သံသည် ရောထွေးဆူညံနေပြီး နားငြီးကာ စိတ်ပျက်ဖို့ပင် ကောင်းသေးတော့သည်။ စားပွဲတိုင်းမှာလိုလို စားသောက်နေကြသည့် လူတွေ၊ စားသောက်စရာ ထပ်မှာကြသည့်လူတွေနှင့်မို့ စားပွဲထိုးကောင်မလေးများမှာ တော်တော်နှင့် ကျွန်တော်တို့ စားပွဲကို မလာနိုင်ကြသေးပေ။ ခဏနေမှ ကျွန်တော်တို့စားပွဲကို ရောက်လာသဖြင့် ကျွန်တော့်မိတ်ဆွေက စားသောက်စရာများကို မှာကြားသည်။ စားသောက်စရာတွေ ရောက်လာသောအခါ တစ်ယောက်ကိုတစ်ယောက် စကားမပြောနိုင်ဘဲ ဆာဆာနှင့် စားလိုက်မိကြသည်။

❑

၃။

တစ်နေကုန် တစ်နေခန်း လုပ်ကိုင်ဆောင်ရွက်စရာ ရှိသည်များကို သွားလာလုပ်ကိုင်၍ ပြီးစီးသောအခါ ညနေ ၆ နာရီထိုးပြီဖြစ်သည်။ လှည်းတန်းတွင်နေသော အသိတစ်ယောက်အိမ်သွား၍ မန္တလေးက လူကြုံပေးလိုက်သော စာကို ပေးပြီး ညစာကို အပြင်၌ပင် စားကာ တည်းခိုခန်းကို ပြန်လာခဲ့ကြသည်။ တစ်နေကုန် လျှောက်သွားနေရသည်မို့ ကျွန်တော့်မှာ ပင်ပန်းနွမ်းနယ်နေသည်။

ည ၉ နာရီလည်း ထိုးပြီဖြစ်၍ တည်းခိုခန်းကို ပြန်ရောက်ရောက်ချင်း အဝတ်အစားလဲကာ အိပ်ရာဝင်ကြသည်။ ခြေဆန့်လက်ဆန့် လဲလျောင်းလိုက်ရသည်မို့ ပင်ပန်းနွမ်းနယ်မှုက အနည်းငယ် ပျောက်သွားသော် လည်း ကျွန်တော့်မှာ ပူလောင်အိုက်စပ်နေကာ အိပ်လို့မရဘဲ ဖြစ်နေပြန်သည်။ ခဏနေတော့ ကျွန်တော့်မိတ်ဆွေထံမှ တခေါခေါဟောက်၍ အိပ်ပျော်သွားသံကို ကြားရသည်။ ကျွန်တော့်မှာကား ဘယ်လူး ညာလှိမ့်နှင့်ပင် အိပ်ပျော်အောင် ကြိုးစားသော်လည်း အိပ်မပျော်နိုင်ဘဲ ဖြစ်နေသည်။ အိုက်တာအပြင် အိပ်ရာအပြောင်းအလဲကြောင့် အိပ်မပျော်တာလည်း ဖြစ်မည်ပင်။

ကျွန်တော်လည်း တော်တော်ကြာအောင် ကြိုးစားအိပ်သည့်တိုင် အိပ်မပျော်သဖြင့် အိပ်ရာမှထ၊ကာ အခန်းအပြင်သို့ ထွက်လာခဲ့သည်။ အခန်းတံခါးကို အသာပြန်စေ့ကာ တည်းခိုခန်းရှေ့မျက်နှာစာရှိ ဝရန်တာသို့ လျှောက်လာခဲ့သည်။ ကောင်းကင်၌ လတစ်ခြမ်းပဲ့သည် မှုန်ဝါးဝါးသာနေသည်။ မိုးသားတွေ ထူထပ်နေသဖြင့် တအိအိရွေ့လျောနေသော မိုးတိမ်တိုက်များအကြားတွင် လတစ်ခြမ်းပဲ့မှာ မြုပ်ချည်တစ်ခါ ပေါ်ချည်တစ်လှည့် ဖြစ်နေသည်။ တိမ်ထူထပ်သော ကောင်းကင်၌



www.burmeseclassic.com

www.burmeseclassic.com

လတစ်ခြမ်းပဲ့ကလေး လွင့်မျောနေပုံမှာ မုန်တိုင်းတိုက်ခတ်နေသော ပင်လယ်ပြင်တွင် လှိုင်းလုံးကြီးများအကြား ရွက်မပါဘဲ မျောချင်ရာ မျောနေသော လှေငယ်တစ်စင်းလို သနားဖို့ပင် ကောင်းနေသေးတော့သည်။

လမ်းမများပေါ်တွင်ကားတွေ ပြေးလွှားနေကြသည်။ ကားမီးရောင်မျှင်တန်းများသည် နိုင်လွန်ကတ္တရာလမ်းမများပေါ်တွင် ပြိုးပြက်လှုပ်ခတ်နေသည်။ ကားနောက်မီးများမှ အနီရောင် အလင်းတန်းများသည် ကားနောက်တွင် အမျှင်တန်း၍ ကျန်ရစ်ခဲ့ကြသည်။ တိုက်တာအဆောက်အအုံများ၊ ကုန်တိုက်ကြီးများ၊ ရုပ်ရှင်ရုံကြီးများမှ ဖျပ်ခနဲ ဖျပ်ခနဲ ဖွင့်လိုက်ပိတ်လိုက်ဖြစ်နေသော နီယွန်မီးချောင်းများ၊ မီးရောင်စုံတွေ လှည့်ပတ်ပြေးလွှားနေသော ကြော်ငြာဆိုင်းဘုတ်များဖြင့် ရန်ကုန်မြို့တော်သည် ခမ်းနားနေလေသည်။

ကျွန်တော်သည် တစ်နေ့တခြား လူတွေ ကားတွေဖြင့် ပြည့်ကျပ်လာသော ရန်ကုန်မြို့တော်ကို ငေးကြည့်နေမိသည်။ အနောက်နိုင်ငံမှ မြို့ကြီးများတွင် ကားတွေ ရှိသင့်သည်ထက် ပိုမို များပြားလာ၍ လမ်းတွေ ပိတ်ဆို့ကာ သွားရေးလာရေး ပိုမို ခက်ခဲလာသဖြင့် ရုံးတက်ချိန်တွေဆို တစ်ရုံးနှင့်တစ်ရုံး မတူအောင် ပြောင်းလဲပစ်နေရသည်ဟု စာနယ်ဇင်းများတွင် ဖတ်ရသည်။ တိုကျိုမြို့က တချို့လမ်းမကြီးများတွင် လမ်းများပိတ်ဆို့မှု မဖြစ်စေရန် တနင်္ဂနွေနေ့များ၌ ကားများ သွားလာခွင့်မပြုဘဲ လူများသာ သွားလာရန် စည်းကမ်းထုတ်ထားသည်ဟု ဆိုလေသည်။ သိပ္ပံပညာနှင့် စက်မှုပညာ ထွန်းကားလာ၍ မော်တော်ကားများ အမြောက်အမြား ထုတ်လုပ်နိုင်သဖြင့် လူသားတွေ သွားရေးလာရေး လွယ်ကူလာသလို ကားတွေ များပြားလာသောကြောင့် လမ်းများပိတ်ဆို့ကာ သွားရေးလာရေး ခက်ခဲလာသော ပြဿနာများကို သူတို့နိုင်ငံ၌ ရင်ဆိုင်နေရလေပြီ။ တိုကျိုလို မြို့ကြီးများတွင် ယာဉ်များကြောင့် လမ်းများ ပိတ်ဆို့မှုပြဿနာကို ဖြေရှင်းရန်အတွက် အိမ်ထောင်စုတစ်ခုတွင် ကားတစ်စီးထက် ပိုမို၍ မထားရှိရန် စီမံနေရပြီဟု ဆိုလေသည်။

ကျွန်တော်သည် လမ်းမများပေါ်တွင် ပြေးလွှားနေကြသော ကားတန်းကြီးများကို ငေးမောကြည့်ကာ အတွေးရေယာဉ်ကြော၌ နစ်မျောနေမိသည်။ ကျွန်တော်တို့ ခေတ်သစ်ကမ္ဘာတွင် လူသားများသည် ရှားပါးမှုကြောင့် ကြုံတွေ့ရသော ပြဿနာများ(ဥပမာ- စားနပ်ရိက္ခာ ရှားပါးလာမှု၊ နေရာထိုင်ခင်း ကျဉ်းကျပ်လာမှု)ကို ရင်ဆိုင်ရသကဲ့သို့ တစ်ပြိုင်တည်းမှာပင် ပေါများမှုကြောင့် ကြုံတွေ့ရသော ပြဿနာများ (ဥပမာ- ကားများ၊ စက်ရုံများ များပြားလာသဖြင့် လေထုညစ်ညမ်းလာခြင်း၊ အလုပ်လုပ်နိုင်သော စက်ရုပ်များ များပြားစွာ ထုတ်လုပ်နိုင်သောကြောင့် လူများ အလုပ်လက်မဲ့ဖြစ်ခြင်း)ကိုပါ ရင်ဆိုင်နေရသည်။ ထိုပြဿနာများသည် တစ်ခုနှင့်တစ်ခု သပွတ်အူလို ယှက်နွယ်ခက်လိမ်ကာ တစ်နေ့တခြား ရှုပ်ထွေးနက်နဲလာသည်။ ကျွန်တော်တို့ ခေတ်သစ်လူသားများသည် ထိုရှုပ်ထွေး ပွေလီနေသော ပြဿနာများအကြားတွင် မွေးဖွားလာခဲ့ရကာ ထိုပြဿနာများအကြား၌ မလှုပ်သာ မလှည့်သာ ပိတ်မိနေပြီလားဟု ကျွန်တော် တွေးနေမိသည်။

ကောင်းကင်၌ လခြမ်းငယ်သည် အနက်ရောင် ဝါဂွမ်းစောင်ကြီးကို ခေါင်းမြီးခြုံကာ အိပ်ပျော်နေပြီဖြစ်သည်။ ရန်ကုန်မြို့တော်ကား နီယွန်မီးချောင်းများအောက်တွင် ထိန်လင်းပြိုးပြက်ကာ နေ့နှင့်မခြား စည်ကားနေဆဲဖြစ်သည်။ လမ်းပေါ်၌ ကားတွေမှာ အသွားအလာ မပျက်သေးပေ။ ပလက်ဖောင်းများပေါ်တွင် လမ်းလျှောက်သွားလာနေကြသော လူတွေကို တွေ့ရသည်။

ညဉ့်နက်နေပြီဖြစ်သည့်တိုင် ရန်ကုန်မြို့တော်သည် အိပ်စက်ဖို့ သတိရသေးဟန် မတူချေ။

❑

၄။

ညက ညဉ့်နက်သွားသဖြင့် မနက် ၈ နာရီထိုးမှ ကျွန်တော် နိုးလာသည်။ ကျွန်တော့်မိတ်ဆွေမှာ အိပ်ရာမှ ထ,သွားပြီဖြစ်၍ သေသေသပ်သပ် ခေါက်ထားသော သူ့အိပ်ရာကို တွေ့ရသည်။ ကျွန်တော်လည်း ခြင်ထောင်ကို မ,တင်ကာ ကိုယ်လက်သန့်စင်ရန်အတွက် အခန်းအပြင်ကို ထွက်မည်အလုပ် မိတ်ဆွေ၏ အိပ်ရာပေါ်တွင် မီးခြစ်ကလေးနှင့် ဖိတင်ထားသော စာရွက်တစ်ရွက်ကို တွေ့သဖြင့် ကောက်ဖတ်ကြည့်လိုက်ရာ သူ အလုပ်ကိစ္စအတွက် စိန့်ဂျွန်းဈေးကို ထွက်သွားကြောင်း၊ ကျွန်တော် အိပ်ရေးပျက်မည်စိုးသည့်အတွက် မနှိုးတော့ကြောင်း၊ နေ့လယ်လောက်တွင် သူ ပြန်ရောက်မည်၊ ဆာရင် ထမင်းစားနှင့်ပါဟု ရေးထားသည့်စာဖြစ်သည်။ ကျွန်တော်သည် စာကို ခေါက်သိမ်းလိုက်ကာ မျက်နှာသစ်ရန်အတွက် ရေချိုးခန်းဘက်ဆီ ထွက်လာခဲ့သည်။

မျက်နှာသစ်အပြီး အခန်းထဲတွင် မျက်နှာသုတ်ရင်း ကျွန်တော်ကော ဘယ်သွားရရင် ကောင်းမလဲဟု စဉ်းစားနေမိသည်။ လောလောဆယ်အားဖြင့် လက်ဖက်ရည်တစ်ခွက်လောက် ကျွန်တော် သောက်ချင်နေသည်။ အခန်းပြတင်းမှ အပြင်ကို မျှော်ကြည့်လိုက်သောအခါတွင်ကား အပြင်တွင် မိုးဖွားလေးတွေ ကျနေသည်။ မိုးဖွားကလေးတွေ စွေစောင်းစောင်းနှင့် ကျနေပုံမှာ လေထီးတပ်သားတွေ လေထီးစီး၍ ခုန်ချနေကြသည်နှင့် တူလှတော့သည်။

ကျွန်တော်လည်း အပြင်သွားရရင် ကောင်းလေမလားဟု စဉ်းစားနေမိသည်။ ကျွန်တော့်မှာ ထီးမရှိသဖြင့် အပြင်ထွက်လျှင် မိုးရွဲမှာစိုးသည်။ ကျွန်တော်သည် အညာသားပီပီ မိုးရွဲမှာတော့ အတော့်ကို ကြောက်ရွံ့နေမိသည်။ လက်ဖက်ရည်ကို ကြိုက်နှစ်သက်သော်လည်း မိုးရွဲမှာကို လက်ဖက်ရည်တစ်ခွက်နှင့်တော့လည်း မလဲနိုင်ပြန်ပေ။ ကြည်အေး၏ ဝတ္ထုထဲကဇာတ်ကောင်တွေလို ထီးမပါဘဲ မိုးရွာထဲမှာ လျှောက်သွားနေရမှာ မျိုးကျတော့လည်း သိပ်ဂိုက်မကျလှဘူး ထင်တာနှင့် နောက်



www.burmeseclassic.com

www.burmeseclassic.com

ဆုံးတော့ အခန်းထဲမှာပဲ နေဖို့ ဆုံးဖြတ်မိတော့သည်။

ကျွန်တော်လည်း ခပ်ပျင်းပျင်းနှင့်ပင် အိပ်ရာပေါ် လဲလျောင်းကာ နေလိုက်သည်။ ဖတ်စရာစာအုပ် တစ်အုပ်တလေများ ရှိလေမလားဆိုပြီး မိတ်ဆွေ၏ သားရေအိတ်ထဲ ရှာကြည့်သော်လည်း ဘာစာအုပ်မှ မတွေ့ရချေ။ စာဖတ်ချိန်ရမှာ မဟုတ်ဘူးထင်ပြီး ဘာစာအုပ်မှ ယူမလာမိတာ တော်တော် မှားသွားသည်။

ဘာမှ လုပ်စရာမရှိဘဲ ဒီအတိုင်းကြီးနေတာကျတော့လည်း ပျင်းစရာပင်။ ကျွန်တော်လည်း ဘာလုပ်ရမှန်း မသိဘဲ ခုတင်ပေါ်မှ ဆင်းကာ ယောင်ချာချာနှင့် ပြတင်းပေါက်နားရပ်ရင်း အပြင်ကို ငေးကြည့်နေမိသည်။

အပြင်တွင်ကား မိုးဖွားကလေးများမှာ တဖွဲဖွဲကျကောင်းနေဆဲဖြစ်သည်။ မိုးသည် အငိုသည်းသော မိန်းမတစ်ယောက်၏ မျက်ရည်လိုပင် မတိတ်နိုင်ဘဲ ဖြစ်နေသည်။ လမ်းမပေါ်တွင်ကား လူများသည် ထီးဆောင်းလျက်၊ တချို့လည်း ထီးမပါဘဲ သွားလာနေကြသည်။ ဘတ်စ်ကားများသည် လူတွေကို ငါးပိသိပ်၊ ငါးချဉ်သိပ်တင်ကာ တစောင်းကြီး ပြေးလွှားနေ၏။ ခပ်လှမ်းလှမ်းက ရုပ်ရှင်ရုံများတွင် မိုးရွာလျက်နှင့် လူတွေ တိုးဝှေ့တန်းစီနေကြသည်။ မြင့်မားသော ၄ ထပ်တိုက်ကြီးများသည် မိုးရွာထဲတွင် ရေချိုးနေကြလေသည်။ တချို့တိုက်များမှာ သစ်သစ်လွင်လွင် ရှိသော်လည်း တချို့တိုက်တွေမှာ အိုဟောင်းကာ အစိမ်းရောင်ရေညှိတွေပင် တက်နေပြီဖြစ်သည်။ ကျွန်တော်သည် ပြတင်းပေါက်၌ ငေးမောရင်း တိုက်ကြီးများ၊ အဆောက်အအုံများ၊ လူများ၊ ကားများနှင့် ပြည့်ကျပ်နေသော ရန်ကုန်မြို့ကြီးသည် တဖြည်းဖြည်း လေးလံလာကာ မြေအောက်ကို နိမ့်ကျကျွံဝင်သွားမှာ စိုးရိမ်နေမိသည်။

ကျွန်တော်သည် မနေ့ညက တွေးမိသော အတွေးစများကို ဆက်တွေးနေမိပြန်သည်။ ယနေ့ခေတ်၌ လူတွေ တစ်နေ့တခြား များပြားတိုးပွားလာသည်ဖြစ်ရာ လူတစ်ဦး၏ တန်ဖိုးလျော့ပါး နိမ့်ကျလာမည်ကို ကျွန်တော် စိုးရိမ်နေမိသည်။ လူဦးရေ တိုးပွားလာသောကြောင့် လူသားတစ်ဦးနှင့်တစ်ဦးအကြားတွင် အသိအမှတ်ပြုမှု၊ လေးစားမှု၊ စာနာမှု၊ တန်ဖိုးထားမှုများ နည်းပါးလာကာ ခေတ်သစ်လူသားသည် လေးစား

**vlwpf&, muf&oonf;ukd;bnf;bufqt dfu bmrS xjcm;ovkd;bmoda;bmom aeEkdifygvm;? uufquf;ukdt ckvkdt us, ÌuDzGHxm;&ufygvm;[k aw;Mcerd;bnf;rd;ukdyü vlwdkY wef;bkd;bnf wpfaeYjcm; av;sm;yg ed;bsvmum vbm;t csi f;csi f av;pm;rl t ocd rS;vjfyk1 pmemrl;awGacgif;fygvmlyD m;**

နိုင်လာပြီလားဟု ကျွန်တော် တွေးနေမိသေးသည်။ မျက်မှောက်ခေတ်၌ တန်ဖိုးလျော့ကျလာသော လူသားသည် လူသားအချင်းချင်း၏ လေးစားမှု၊ စာနာမှုများ မရရှိနိုင်ဘဲ အာသာငမ်းငမ်း တောင့်တရင်းက သူချစ်နေသော အမျိုးသမီးတစ်ယောက်၏ အသိအမှတ်ပြုမှုကို မရရှိသဖြင့် နာမည်ကြီးအဆိုတော် "ဗွန်လယ်ဂွန်" ကို သေနတ်ဖြင့် ပစ်သတ်ကာ ချစ်သူ၏ အသိအမှတ်ပြုမှုကို ရအောင် ကြိုးစားရသော အမေရိကန်လူငယ်တစ်ယောက်အကြောင်းကို စာနယ်ဇင်းများ၌ ဖတ်ဖူးတာ ကျွန်တော် သတိရနေမိသည်။ လူအများ၏ ဂရုစိုက်မှု၊ အသိအမှတ်ပြုမှုကို ရရှိရန်အတွက် စက်ဘီးတစ်စီးလုံးကို ရက်သတ္တပတ် ၃ ပတ်အတွင်း စားပြမည်ဟု ကြေညာကာ စက်ဘီးမှ သတ္တုအစိတ်အပိုင်းများကို တံစဉ်းနှင့်တိုက်၍ ထွက်လာသည့် အမှုန့်များကို စားပြသည်ဆိုသော ပြင်သစ်နိုင်ငံမှ လူတစ်ယောက်အကြောင်း စဉ်းစားမိသည်။ တစ်ပေခန့်သာနက်သည့် ရေတိမ်ထဲသို့ ပေ ၄၀ အမြင့်မှ ဒိုင်ဗင်ထိုးချပြပြီး ပေါ်ပြူလာဖြစ်အောင် ကြိုးစားသော အနောက်နိုင်ငံမှ လူတစ်ယောက်အကြောင်းကိုလည်း မဂ္ဂဇင်းတစ်ခုမှာ ဖတ်ရတာ ကျွန်တော် သတိရမိနေသေးသည်။ ယနေ့ခေတ်၌ သနားစရာကောင်းသည့် ဤသို့သော သတင်းတွေကို မကြာခဏ ကြားနေရသည်။ ငွေကျပ် ၄ သိန်းကျော် အကုန်အကျခံ၍ ပေါင်းဖိုကြီး ဆောက်ပြီးနောက် အချင်းပေ ၈၀ ကျော်သော မုန့်ပျားသလက်ကြီး ဖုတ်ကာ လူတွေ အံ့သြအသိအမှတ်ပြုအောင် လုပ်ပြရင်း အကြွေးတင်သွားသော ဥရောပသားတစ်ယောက် အကြောင်းကိုလည်း ဖတ်ရသေးတာ အမှတ်ရနေမိ သည်။ ကျွန်တော်သည် အထီးကျန်နိုင်လာကာ တန်ဖိုးလျော့ပါးနိမ့်ကျလာသော မျက်မှောက်ခေတ် လူသားများအကြောင်းတွေးရင်း အားငယ်လာသည်။

မိုးတစ်ချက် ခြိမ်းလိုက်သဖြင့် ကျွန်တော့်အတွေးများ ရုတ်တရက် လွင့်စဉ်ဖွာကျဲသွားသည်။ ကျွန်တော်သည် တစ်စစီ ဖြစ်နေသော အတွေးစများကို ပြန်လည် ဆက်စပ်ဖို့ ကြိုးစားရင်း အပြင်ဘက်ကို ငေးကြည့်နေလေသည်။

အပြင်ဘက်တွင် မိုးကား တဖွဲဖွဲ ရွာလို့ ကောင်းနေဆဲဖြစ်သည်။

❑

၅။

ကိုယ့်အတွေးနှင့်ကိုယ် လွင့်မျောနေ၍လား မသိ မိုးတိတ်သွားတာကိုပင် ကျွန်တော် မသိလိုက်ပေ။ ဗိုက်ထဲက ဆာလောင်လာမှ သတိထားမိလိုက်တော့ အပြင်မှာ မိုးတိတ်နေပြီဖြစ်သည်။ စိန့်ဂျွန်းဈေးကို ထွက်သွားသော မိတ်ဆွေမှာ ပြန်



www.burmeseclassic.com

www.burmeseclassic.com

မလာသေးချေ။

ကျွန်တော်လည်း ဆာနေတာမို့ တစ်ခုခု စားသောက်ဖို့ အပြင်ကို ထွက်လာခဲ့သည်။ အပြင်ဘက်မှာတော့ မိုးရေချိုးထားသော နိုင်လွန်ကတ္တရာလမ်းမကြီးများသည် ပြောင်ချောဖိတ်လက်၍နေသည်။ ပြေးလွှားနေသော ရောင်စုံကားများ၏ အရိပ်များသည် ကတ္တရာလမ်းပေါ်၌ စွန်းထင်းပေကျံနေ၏။ မိုးတိတ်သွားပြီမို့ လူတွေကတော့ ပိုလို့ပင် စည်ကားလာသည်။

ကျွန်တော်သည် ပလက်ဖောင်းပေါ် လျှောက်သွားနေမိသည်။

လက်ဖက်ရည်ဆိုင်တစ်ဆိုင် တွေ့သဖြင့် ကျွန်တော် ဖင်ထိုင်လိုက်သည်။ ခုအချိန်မှာ ပေါ့ပါးသည့် အစားအစာတစ်ခုခုလောက် စားထားပြီး မိတ်ဆွေလာမှ ထမင်းစားမယ်ဟု စိတ်ကူးကာ လက်ဖက်ရည်တစ်ခွက်နှင့် မုန့်ကို မှာ၍ စားသောက်နေလိုက်သည်။ ကျွန်တော်သည် ဘာအကြောင်းကိုမှ မတွေးဖို့ ကြိုးစားရင်း ကျွန်တော် နှစ်သက်သော လက်ဖက်ရည်ကို အရသာခံ၍ သောက်နေမိသည်။

လက်ဖက်ရည်ဆိုင်အတွင်းမှာတော့ လူတွေ စည်ကားနေသည်။ ကက်ဆက်ကို အကျယ်ကြီးဖွင့်ထားသည်မို့ ဆူညံနေသေးသည်။ ခေတ်ပေါ်စတီရီယို တေးများသည် ပေါက်ကွဲမြည်ဟိန်းကာ လက်ဖက်ရည်ဆိုင် နံရံတွေကို ထိရိုက်ပြီး ပဲ့တင်ထပ်နေသည်။ ကျွန်တော့်နားတွေ အူနေလေသည်။ လက်ဖက်ရည်ဆိုင်၌ ထိုင်သူ လူအများစုသည် ခေတ်ပေါ်စတီရီယိုတေးများ၌ နစ်မျောနေကြသည်။

ကျွန်တော်သည် လက်ဖက်ရည်ကို သောက်ရင်း ငေးမိငေးရာ ငေးနေမိသည်။ ငေးမောရင်းကပင် ကျွန်တော့်မျက်လုံးများသည် လက်ဖက်ရည်ဆိုင်နှင့် ကပ်လျက်ရှိ တိုက်ခန်းတစ်ခန်းကို ရောက်သွားသည်။ ပထမတော့ အမှတ်တမဲ့မို့ ထင်ယောင်ထင်မှား ဖြစ်သွားတာလားဟု အောက်မေ့မိသေးသည်။ သို့ရာတွင် မဟုတ်ပေ။ ထိုတိုက်ခန်းထဲ၌ ပြင်ဆင်ထားသော အသုဘတစ်ခုကို ကျွန်တော် အသေအချာ မြင်နေရသည်။ လူသေအလောင်းကို ခုတင်တစ်လုံးနှင့် ပြင်ဆင်ထားလျက် အလောင်းပေါ်တွင် ပုဆိုးအသစ်တစ်ထည် လွှားထားသည်။ ခေါင်းရင်းတွင် နှင်းဆီပန်းအိုးတစ်လုံး ထောင်ထားလေသည်။ အလောင်းဘေးတွင် ညှိုးငယ်သော မျက်နှာများနှင့် လူ ၅ ယောက်လောက် ဝိုင်းထိုင်နေကြသည်ကို တွေ့ရသည်။

ကျွန်တော် စိတ်မကောင်းဖြစ်သွားမိသည်။ ရုတ်တရက် ကျွန်တော်ငယ်စဉ်က နေခဲ့သော မြေလတ်ပိုင်းရှိ တောမြို့ကလေးကို သတိရလိုက်မိသည်။ ကျွန်တော်တို့ တောမြို့ကလေးတွင်ကား လူတစ်ယောက် သေလျှင် တစ်ရပ်ကွက်လုံး တုန်လှုပ်ချောက်ချားသွားကာ စိတ်မကောင်း ဖြစ်ကြသည်။ ထိုသူအတွက် ဝမ်းနည်းကြေကွဲကြသည်။ ထိုသူ့အကြောင်းကို လေးငါးခြောက်ရက် ပြောမပြီးတော့။ လူတစ်ယောက်အဖို့ သေဆုံးခြင်းသည် သူ့ဘဝအတွက် အကြီးမားဆုံးသော ဆုံးရှုံးမှုကြီးဖြစ်ရာ စိတ်ထိခိုက်ကြပြီး မည်သူမှ ရွှင်ရွှင်ပျပျ မနေကြ။ သနပ်ခါး မလိမ်းကြ။ ရယ်ရယ်မောမော မလုပ်ကြ။

သည်မှာတော့-

ဟိုဘက်အိမ်က လူတစ်ယောက် သေသည်ကို သည်ဘက်အိမ်က ဘာမှ မထူးခြားသလို ဘာသိဘာသာ နေနိုင်ပါလား၊ ကက်ဆက်ကို အခုလို အကျယ်ကြီး ဖွင့်ထားရက်ပါလားဟု တွေးနေမိသည်။ မြို့ပြ၌ လူတို့၏ တန်ဖိုးသည် တစ်နေ့ တခြား လျော့ပါးနိမ့်ကျလာကာ လူသားအချင်းချင်း လေးစားမှု၊ အသိအမှတ်ပြုမှု၊ စာနာမှုတွေ ခေါင်းပါးလာပြီလားဟု ကျွန်တော် တွေးလိုက်မိသည်။ ကပ်လျက်အိမ်က လူတစ်ယောက် သေသည်ကိုပင် သည်ဘက်အိမ်က အသိအမှတ်မပြုပါလား။

ကျွန်တော်သည် တွေးရင်းတွေးရင်း ရင်ထဲ၌ ဆို့နင့်လာကာ နေရာ၌ ဝုန်းခနဲ မတ်တတ်ရပ်လိုက်သည်။ ကျန်စားပွဲများမှ လူများသည် ကျွန်တော့်ကို ကြောင်ပြီး ကြည့်နေကြသည်။ ကျွန်တော်သည် လက်ဖက်ရည်ဆိုင် ကောင်တာ၌ ထိုင်နေသော ဆိုင်ရှင်ဆီသို့ ခပ်သုတ်သုတ် လျှောက်သွားလိုက်ကာ-

‘ကက်ဆက် ပိတ်လိုက်စမ်းပါ’

ဟု ပြောလိုက်သည်။ ဆိုင်ရှင်သည် အယောင်ယောင် အမှားမှားနှင့် ကက်ဆက်ခလုတ်ကို ပိတ်လိုက်ပြီး ကျွန်တော့်ကို နားမလည်သလို ကြည့်နေသည်။ နောက်မှ-

‘ဘာလို့လဲ’

ဟု ပြန်မေးသည်။ ကျွန်တော်သည် ထောင်းခနဲ ဒေါသထွက်လာကာ-

‘ဟိုဘက်အိမ်မှာ လူသေနေတယ်ဗျ’

ဟု အော်ပြောလိုက်သည်။ ဒေါသကြောင့် ကျွန်တော့်အသံမှာ ဟိန်းထွက်သွားသည်။ လက်ဖက်ရည်ဆိုင်အတွင်းရှိ လူများသည် လှုပ်လှုပ်ရွရွဖြစ်သွားကာ ကျွန်တော့်ကို အရူးတစ်ယောက်လို ဝိုင်းကြည့်နေကြသည်။ ဆိုင်ရှင်မှာ ရုတ်တရက် မှင်တက်ပြီး ပါးစပ်အဟောင်းသား ဖြစ်နေသည်။

ကျွန်တော်သည် အိတ်ကပ်ထဲမှ လက်ဖက်ရည်ဖိုး ပိုက်ဆံတစ်ဆယ်ကို ထုတ်ရှင်းကာ ကောင်တာပေါ် ပစ်တင်ပေးလိုက်ရင်း ဆိုင်ထဲမှ ထွက်လာခဲ့သည်။ ဆိုင်ရှင်သည် ကျွန်တော့်ကို နားမလည်ဘဲ ငေးကြည့်ရင်း ကျန်ရစ်ခဲ့သည်။ ကျန်လူများသည် ကျွန်တော့်ကို စိတ်ရောဂါကုဆေးရုံမှ လွတ်လာသော လူတစ်ယောက်လို မျက်လုံးအဝိုင်းသားနှင့် ကြည့်နေကြလေသည်။

ကျွန်တော်သည် ဆိုင်ထဲမှ ထွက်ကာ ခပ်သုတ်သုတ် လျှောက်လာခဲ့သည်။

ဖြစ်နိုင်လျှင် ဤပတ်ဝန်းကျင်နှင့် အဝေးဆုံးနေရာအထိ ကျွန်တော် ထွက်သွားချင်သည်။ ■

**ကျော်စွာထက်**

ရုပ်ရှင်မျက်မှန်

အောက်တိုဘာ၊ ၁၉၈၄။



www.burmeseclassic.com

www.burmeseclassic.com



၁။

ဝေးဝေးဆီက လွင့်လာသော
သံချောင်းခေါက်သံသည် သူ၏
မငြိမ်မသက် လှုပ်ရှားနေသော
စိတ်နှလုံးကို ပို၍ လှုပ်ခတ်စေသည်။
နှစ်ချက်တီးသွားပြန်ပြီ။
တစ်ရေးမှ မပျော်နိုင်သေးသော
သူ့မျက်လုံးများက စပ်ဖျဉ်း
ကြောင်စီနေသည်။
နလုံးခုန်သံ တဒိတ်ဒိတ်သည်
တိတ်ဆိတ်ငြိမ်သက်နေသော
ညမှာတော့ သူ့အတွက်
ကျယ်လောင်လွန်းသည် ထင်ရ၏။
မနက်မိုးလင်းချင်လှပြီ။ သူ့စိတ်တွေ
လှုပ်ရှားရလွန်းသည်။ မနက်ကျလျှင်
ဆိုသည့် အတွေးကို တွေးမိတိုင်း
သူ့နှလုံးသားက တဆတ်ဆတ်
ထ၊ခုန်သည်။ ကိုယ်ခန္ဓာပေါ်မှ
သက်နန်းကို နောက်ဆုံးနှုတ်ဆက်ခြင်းဖြင့်
ကြည့်မိသည်မှာ ဘယ်နကြိမ်မြောက်ပါ
လိမ့်။ မနက်ဖြန်ဆို သူ လူ
ထွက်တော့မည်။ နှစ် နှစ်ဆယ်လုံးလုံး
ကိုယ်ပေါ်မှာ လွှမ်းခြုံလာခဲ့သော
ထိုသင်္ကန်းကို သူ အပြီးအပိုင်
စွန့်ခွာရတော့မည်။ ထိုအတွေးက သူ့ကို
စိတ်လှုပ်ရှားစေသည်။ အနာဂတ်ကို
မျှော်တွေးကြည့်မိတော့ ဘာမှ မသေချာ
မရေရာသေး။ သို့ပေမဲ့ သူ့မှာ
ရည်ရွယ်ချက်ရှိသည်။ အိပ်မက်ရှိသည်။
လူ့ဘဝထဲမှာ သူ လုပ်ချင်သောအရာတွေ
ရှိနေသေးသည်။ ဒါတွေကို တွေးကြည့်
လိုက်တော့ စွန့်စားခန်းတစ်ခုလိုပင်

# လွန်းထားထား

(ဆေးတက္ကသိုလ်)

# ငယ်ဖြူ

စိတ်နှလုံး ပူဆွေးလှုပ်ခတ်ရလေသည်။
'ကိုယ်တော် သေချာ စဉ်းစားဆုံးဖြတ်ပြီးပြီလား။
ပြန်စဉ်းစားပါဦး။ အသက် ရှစ်နှစ်ကတည်းက



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

t Ekjrmukd
jrwEkdom
ESyjkdbm;EShf
pmawG
uAsmawG
ckdwfifuyif
yxri, fvef
yxrvwf
yxrLuDvefukd
at mifjrif
ckdygonf
vGfvGfuLul
EShf
at mifjrif
ckdwvmawmh
r[kvfyg

သင်္ကန်းဆီးလာခဲ့တဲ့ ငယ်ဖြူလေ။ ခုမှ လူထွက်လို့ဖြစ်ပါ့မလား"

ဆရာတော်၏ အသံကနားထဲမှာ စိမ့်ဝင်လာတော့ သူမျက်လွှာကိုချကာ ခေါင်းကိုနာနာညိတ်ပြခဲ့မိသည်။ ဆရာတော် တားမြစ်လိုက်မှာကိုလည်း စိုးရိမ်ရသေးသည်မဟုတ်လား။

"တင်ပါ့ဘုရား၊ တပည့်တော် ဆုံးဖြတ်ပြီးပါပြီ ဘုရား"

"ရဟန်းတစ်ပါး လူထွက်လိုက်ရင် လူ့လောကထဲမှာ ဘဝအာမခံချက်များ ရှိနိုင်မယ်ထင်လို့လား ကိုယ်တော်"

"တပည့်တော်မှာ အိပ်မက်ရှိပါတယ် ဘုရား။ တပည့်တော်လုပ်ချင်တဲ့အလုပ်တွေက လူဘဝနဲ့မှ လုပ်ဖို့သင့်တော်မှာမို့ပါ ဘုရား"

ဆရာတော်၏ စိတ်ပျက်လက်ပျက်ဖြစ်နေမည့် မျက်နှာတော်ကို မော်မဖူးဝံ့ဘဲ လက်စုံမိုးလျက်သာ ခေါင်းငုံ့ထားလိုက်သည်။

"အေးလေ ဆုံးဖြတ်ပြီးလို့ တားမရလည်း ကိုယ်တော့်ဘဝနဲ့ ကိုယ်တော်ပေါ့လေ။ မနက်ဖြန် လူဝတ်လဲတာပေါ့"

ဆရာတော် အမိန့်ရှိလိုက်ချိန်ကစပြီး သူ့ရင်ထဲမှာ လိပ်ပြာကလေးတွေ တဖျပ်ဖျပ် တောင်ပံခတ်နေသလို တလှပ်လှပ် ရင်ခုန်ခဲ့ရသည်။ ညအိပ်ရာဝင်ချိန်ကစပြီး တလူးလူးတလိမ့်လိမ့်ဖြင့် အိပ်စက်မပျော်ရှိရကာ မနက်မိုးလင်းချိန်ကို တမျှော်မျှော်ရှိရသည်။ ဆရာတော် နှမြောမည်ဆိုလည်း နှမြောစရာပါ။ သူ၏ ငယ်ဖြူဘဝကို ပြန်မျှော်ငေးကြည့်မိတော့ ဖြတ်သန်းလာခဲ့ရသည့် ကိုရင်ဘဝ၊ ရဟန်းဘဝ၊ စာသင်သားဘဝ၊ ဓမ္မာစရိယအောင်မြင်ခဲ့သော ရဟန်းဘဝ၊ စာချရဟန်းဘဝ စသောပုံရိပ်တို့သည် အာရုံမှာ တဖျပ်ဖျပ် ပေါ်လွင်လို့လာသည်။ အတိတ်သည် ရုပ်ရှင်တစ်ကားသဖွယ် တစ်ကွက်ပြီး တစ်ကွက် ပိတ်ကားထက်တွင် ပြန်မြင်ရသလို သူ ပြန်မြင်လာမိသည်။

❑

၂။

သူ သင်္ကန်းစ,ဆီးဖြစ်ခဲ့ချိန်မှာ သူ့အသက် ရှစ်နှစ်သားအရွယ်ဖြစ်သည်။ ရွာမူလတန်းကျောင်းမှာ နှစ်တန်းဖြေပြီးချိန်မှာ အဘွားက သူ့လက်ကိုဆွဲ၍ ရွာဦးဘုန်းတော်ကြီးကျောင်းဆီသို့ လိုက်ပို့ကာ ကိုရင်ဝတ်ပေးလိုက်သည်။ မိဘနှစ်ပါး မရှိတော့ချိန်က စပြီး အဘွားသည်သာ သူ့ဘဝ၏ အားကိုးရာ ရွှေတောင်ကြီးသဖွယ်။ အဘွားစိတ်တိုင်းကျ၊ အဘွားအလိုကျ သူ ကိုယ်ရင်ဝတ်ခဲ့ရပါသည်။ ကိုရင်လေးကို ပြုံးမိန့်မိန့်ကြီး ငေးကြည့်နေခဲ့သော အဘွား၏ မျက်ဝန်းများက ကြည်နူးပီတိအပြည့်။ လက်အုပ်ကလေးချီကာ-

"အမယ်လေးတော် ကိုရင်လေးက ကြည်ညိုဖို့ကောင်းလိုက်တာ၊ တကယ့်သိက္ခာတော်ရ ဆရာတော်ကြီးကျနေတာပ။ လူမထွက်နဲ့တော့၊ တစ်သက်လုံးသာ ဝတ်တော့ ကိုရင်"

ဟူသောစကားကို အဘွားနှုတ်မှ မကြာခဏကြားခဲ့ရသည်။ ထိုသို့ အပြောခံရတိုင်းလည်း သူ့မှာ အောင့်သက်သက်နှင့် ခွန်းတုံ့မပြန်နိုင်ဘဲ နှုတ်ဆိတ်ကာငြိမ်သက် နေခဲ့ရသည်။ သူ့ဘဝကို သူမှမပိုင်ဘဲ။ ဆုံးဖြတ်နိုင်စွမ်းရှိသော အရွယ်လည်း မဟုတ်တော့ အဘွားသဘောကျ ကိုရင်ဘဝနှင့် လူပြန်မထွက်ရတော့ဘဲ ကျောင်းတွေပြန်ဖွင့်တော့ သုံးတန်းနှင့်လေးတန်းကို သင်္ကန်းဝတ်ဖြင့်သာ တက်ခဲ့ရပါသည်။ တခြားကလေးတွေနှင့် ဆော့ကစားတော့လည်း ကိုရင်ဝတ်နှင့်သာပင်။

လေးတန်းအောင်ပြီး သူ့သူငယ်ချင်းတွေ ငါးတန်းတက်ချိန်မှာတော့ သူ့မှာ ကိုရင်ဝတ်နှင့်မို့ ငါးတန်းဆက်တက်ခွင့်မရတော့ပါ။ အလယ်တန်းကျောင်းက သင်္ကန်းဝတ်ဖြင့် တက်ခွင့်မပေးပါ။ သူ့စိတ်တွင်းဆန္ဒအရင်းအမှန်က ကျောင်းစာကို ဆက်သင်ချင်သည်။ သူငယ်ချင်းတွေဆီကနေ စာအုပ်တွေငှားပြီး ဖတ်ကြည့်ရသည်။ မြန်မာစာ စာအုပ်ထဲမှ "သူရဲခြောက်သည်ဆိုသောအိမ်ကြီး…"စသော စိတ်ဝင်စားစရာ စာတွေကို ဆက်သင်ချင်သည်။ အဘွားက သာသနာ့ဘောင်မှာသာ သူ့ကိုမြင်တွေ့လိုခဲ့သည်။ ကိုရင်ဘဝကို မစွန့်ရတော့ဘဲ အတန်းပညာကိုသာ စွန့်လွှတ်လိုက်ရကာ ဘုန်းကြီးစာတွေသာ သင်ခဲ့ရပါသည်။ အဘွားကလည်း-

"လူမထွက်ပါနဲ့တော့ ကိုရင်ရယ်၊ ရဟန်းသာ ဆက်ဝတ်လိုက်ပါတော့"

ဟု ယတိပြတ် ဆုံးဖြတ်ပေးခဲ့သည်။ ထိုအချိန်က ဘဝ၏ အရေးပါသော ဆုံးဖြတ်ချက်ကို ဆယ်နှစ်သားအရွယ် ကလေးတစ်ယောက်အနေဖြင့် သူ မဆုံးဖြတ်နိုင်ခဲ့သလို ဆုံးဖြတ်ခွင့်လည်း မရှိခဲ့ပါ။ ပညာသင်ချင်စိတ်ကို မေ့မေ့ဖျောက်ဖျောက်ထားခဲ့ရသော်လည်း သူငယ်ချင်းတွေဆီကနေ စာအုပ်တွေငှားဖတ်မိတိုင်း အတန်းပညာသင်ချင်စိတ်တွေက သူ့ရင်ထဲမှာ နိုးကြားခဲ့ပါသည်။

ဆယ့်ငါးနှစ်သားအရွယ်မှာတော့ သူ ရန်ကုန် စာသင်



www.burmeseclassic.com

www.burmeseclassic.com

ဆန္ဒတွေကို ဆက်လက်မျိုသိပ် ချုပ်တည်းနိုင်ခြင်းငှာ မစွမ်းသာတော့သဖြင့် လူဝတ်လဲဖို့ ဆရာတော်ဆီမှာ လျှောက်ခဲ့တော့သည်။ စစချင်းတော့ ဆရာတော်က သဘောမတူပါ။ အကြိမ်ကြိမ်တားမြစ်ပါသေးသည်။ နောက်ဆုံးအကြိမ်ကျမှ စိတ်လျှော့လိုက်သည့်နှယ် မတားမြစ်တော့ပါ။

ဟော. . .အခုတော့ မနက်မိုးစင်စင်လင်းပြီဆိုလျှင် သူ လူထွက်ခွင့်ရတော့မည်။ သူ့အိပ်မက်ကို အကောင်အထည်ဖော်ဖို့ နောက်မကျသေးဘူး ထင်တာပါပဲ။ တစ်ညလုံး မအိပ်ရသေးသဖြင့် သူ့မျက်လုံးတွေ ကျိန်းစပ်နေသည့်တိုင် သူ့နှလုံးခုန်သံကတော့ အခါများစွာက ထက်ပို၍ မြန်ဆန်လှုပ်ခတ်နေသည်။ ဒီလိုနှင့် အရုဏ်တက်ခဲ့လေပြီ။

❏

၄။

အရေခွံတစ်ခု ခွာချလိုက်သလို ခံစားလိုက်ရသော ခံစားချက်သည် လူဝတ်လဲပြီးချိန်တွင် သူ့စိတ်ထဲတွင်ပေါ်လာသည့် ပထမဆုံးသော ခံစားချက်တည်း။ ဝမ်းနည်းသလိုလို၊ ပျော်ရွှင်သလိုလို၊ စိတ်လှုပ်ရှားသလိုလို၊ ရှက်သလိုလို၊ အပြစ်ရှိသလိုလို. . .စသော ခံစားချက်ပေါင်းစုံသည် သူ့ရင်ထဲတွင် ရောယှက်ကွန့်မြူးနေသော သက်တံရောင်စဉ်တွေသဖွယ် အရောင်အသွေးစုံလင် လှပေသည်။

ဆရာတော်၏ ဆုံးမသတိပေးစကားတွေကို ကြား

wpfgwpfg
awmkvnf
vOwf
vSvkdufcsifpdwf
ay:vmrjynfonf
ol
jzpfcsifonh
aw;a&;q&m
b0ukd
avmuD
e,fy,f
&mazGvdkf,f
r[kvfvm;

တစ်ချက် မကြားတစ်ချက် မျက်နှာတစ်ခုလုံးလည်း ရောင်အမ်းနေသည့်နှယ် ထုပုရှိန်းဖိန်းနေပြီ။ ရဟန်းဘွဲ့တော်မှာ ရှင်သုမနဖြစ်သောကြောင့် လူအမည်ကို သူ့စိတ်ကြိုက် အနုပညာဆန်ဆန်လေး ပြောင်းချင်သည်။ အဘွားပေးခဲ့သည့် သက်ပိုင်ဆိုသော နာမည်ကို လူ့နာမည်အနေနှင့် နှစ်သက်သော်လည်း တေးရေး ဆရာအမည်ကိုတော့ သက်တံဟု ပေးချင်သည်။ ခုလောလောဆယ် နေသားတကျ မရှိသည်က လူအဝတ်အစားတွေပင်။ ရှပ်အင်္ကျီ

ကော်လာကတုံးအဖြူနှင့် မဝတ်တတ်ဝတ်တတ် ဝတ်ထားသော ပုဆိုးသည် ပုံပန်းမကျနဘဲ ကပိုကရိုရှိလှသည်။ သူကတော့ ကျွတ်ကျမှာကိုပဲ စိုးတထင့်ထင့် ဖြစ်ရသည်။

"လူ့ဘဝဆိုတာ ရဟန်းဘဝနဲ့ ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်တယ်နော် ဒကာသက်ပိုင်။ အစစ သတိတော့ မလျှော့စေနဲ့။ နေရာတကာ အလိုက်တသိရှိပစေ ကြားလား။ လူ့ဘဝမှာ လူက ဘုန်းကြီးစိတ်မွေးနေရင်လည်း ပတ်ဝန်းကျင်နဲ့ သဟဇာတမဖြစ်ဘူး။ ဒီလိုပဲ ဘုန်းကြီးက လူစိတ်မွေးနေရင်လည်း အဆင်မပြေဘူး"

ဆရာတော်၏ ဆုံးမစကားက နားထဲမှာ တဝဲလည်လည်ရှိသည်။ စာသင်တိုက်ကို နှုတ်ဆက်ခဲ့စဉ်မှာတော့ နှလုံးသားကို ဆွဲခါလိုက်သလို လှိုက်ခနဲဆို့တက်လာကာ မျက်ရည်ဝဲ့သီရသည်။ မနေ့ကအထိ ရဟန်းတစ်ပါးဖြစ်ခဲ့သော်လည်း အခုတော့ သူ လူတစ်ယောက်ဖြစ်ခဲ့ပြီ။ အခု ဘယ်သွားရမှာပါလိမ့်။ အိတ်ထဲမှာတော့ ခင်မင်ရင်းနှီးခဲ့သော ဒကာဒကာမ တချို့၏ လိပ်စာတွေ ရေးမှတ်ထားသော မှတ်စုစာအုပ်ကလေးရှိသည်။ သူ အနှစ်နှစ်အလလ ရင်နှင့်ရင်းကာ ရေးသားခဲ့သော သီချင်းစာရွက်တွေရှိသည်။

လူ့ဘဝကို စတင်ပြောင်းလဲလာခြင်း အထိမ်းအမှတ်အဖြစ် ပထမဆုံး ရွှေတိဂုံစေတီတော်ကြီးကို ဖူးမြော်ချင်စိတ်ဖြစ်မိသည်။ စာသင်တိုက်နှင့်လည်း သိပ်

မဝေးလှသဖြင့် ရွှေတိဂုံစေတီတော်ဘက်သို့ လျှောက်ခဲ့သည်။ လူတွေ လူတွေ ဥဒဟို လှုပ်ရှားရုန်းကန်နေကြပါလား။ ရဟန်းဘဝတုန်းကတော့ ဒါတွေကို သတိမထားခဲ့မိသလိုပင်။ ဆွမ်းခံဖို့ရယ်၊ ရဟန်းစာကျက်ဖို့ရယ်၊ စာမေးပွဲအောင်ဖို့ရယ် ထိုအတွေးတွေသာ ခေါင်းထဲစိုးမိုးခဲ့သည်။ လူတစ်ယောက်၏ ဘဝဆိုတာကို ယောင်လို့တောင် တွေးမကြည့်ခဲ့မိ။ ရဟန်းဘဝနှင့် လူ့ဘဝဆိုတာ စည်းတားထားခဲ့ပြီးသား။ အခုတော့ သူသည် ခြားထားသော စည်းကို ကျော်လွန်ခဲ့ပြီ။ ရှေ့လျှောက် သူ့ဘဝကို သူသာလျှင် တာဝန်ယူရတော့မည်။ အောင်မြင်ခြင်း၊ ဆုံးရှုံးခြင်း အရာရာသည် သူနှင့်သာ ဆိုင်သည်။

ရွှေတိဂုံစေတီတော်ကြီးကို ဖူးမြော်ကြည်ညိုရင်း စေတီတော်ကို တစ်ပတ်ပတ်ပြီးချိန်မှာတော့ ဘုရားပေါ်က ဆင်းလာခဲ့သည်။ အရှေ့ဘက်မုခ်ရှေ့သို့ သူရောက်လာချိန်တွင် ဘယ်ဆီ စ,သွားရမည်မှန်း မသေချာ မရေရာဖြစ်နေဆဲ ကားတစ်စင်း သူ့ရှေ့တွင် ရပ်သည်။ ကားမှန်တံခါးကျလာစဉ် ရင်းနှီးနေခဲ့သော မျက်နှာတစ်ခုကို မြင်လျှင် သူ ဝမ်းသာအားရဖြင့် နှုတ်ဆက်ဖို့ ရှေ့တိုးလိုက်သည်။ စာသင်တိုက်မှာ ဆွမ်းလာကပ်နေကျ သူနှင့် ခင်မင်နေသော ဒကာမတစ်ဦး။ သူ့အပြုံးသည် တစ်ဝက်တစ်ပျက်မှာ ရပ်တန့်မှင်တက်သွားရသည်မှာ ဒကာမဆီက မျှော်လင့်မထားခဲ့မိသော



www.burmeseclassic.com

www.burmeseclassic.com

တုံ့ပြန်မှုကြောင့်ဖြစ်သည်။ ကားပေါ်ကနေ သူ့ကို သေသေချာချာ ကြည့်ပြီးမှ နှုတ်ဆက်ဖော်လေးတောင်မရဘဲ ကားကို ဆက်မောင်းသွားခဲ့ခြင်းတည်း။ ရုတ်တရက်တော့ သူ ရှက်သွားကာ ရင်ထဲနင့်ခနဲ ဖြစ်သွား၏။ သင်္ကန်းနှင့်လေး မြတ်ကြည်ညိုဖွယ် ရဟန်းဘဝတုန်းကတော့ ဒီဒကာမဟာ လက်အုပ်ကလေး တချီချီဖြင့် အင်မတန် ရိုသေကျိုးနွံရှိခဲ့တာပါ။ လူထွက်ထွက်ချင်း ပထမဆုံးရလိုက်သော အတွေ့အကြုံက မယုံနိုင်စရာတည်း။ သူ့ကိုယ်သူ ပြန်ငုံ့ကြည့်မိသည်။ ဘယ်အရာကများ အထင်အမြင်သေးစရာ ဖြစ်စေပါသနည်း။ ကတုံးပြောင်ပြောင်မှာ ရုပ်အင်္ကျီနှင့်၊ မဝတ်တတ် ဝတ်တတ် ဝတ်ထားရသော ပုဆိုးစွန်တောင်ဆွဲနှင့် ချွေးသံရွှဲသော မျက်နှာဟာ အထင်သေး အမြင်သေးစရာ ဖြစ်ခဲ့လေသလား။ နှုတ်မဆက်နိုင် မခေါ်မပြောနိုင်လောက်အောင် ဖြစ်စေသတဲ့လား။ ရှက်စိတ်လား၊ အားငယ်စိတ်လား သူ မခွဲခြားနိုင်သော စိတ်တစ်မျိုးက သူ့နှလုံးအိမ်ကို လွှမ်းခြုံသည်။ လူ့ဘဝဆိုသည်မှာ တစ်ဖက်မျက်နှာမှာ ဘာရှိနေမှန်း ကြိုတင်မှန်းဆ မမြင်နိုင်သော စာမျက်နှာတွေချည်းလား။

❑

၅။

လိပ်စာထဲကအတိုင်း သူနှင့် ခင်မင်ရင်းနှီးနေသော ဒကာ၏ ဘာသာရေးမဂ္ဂဇင်းတိုက်ဆီသို့ ရောက်ခဲ့သည်။ သူ့စိတ်ကူးကတော့ နေစရာ ကျောင်းတစ်နေရာစာရဖို့ရယ်၊ စားစရိတ်အတွက် အလုပ်ကလေးတစ်ခုရဖို့ရယ် ဖြစ်ပါသည်။ လူ့ဘဝမှာ ဒီနှစ်ခုက ပင်မ အသက်သွေးကြောမဟုတ်လား။

အယ်ဒီတာချုပ် နာမည်ကို မေးလိုက်ပြီး ဧည့်ခန်းတွင် သူ ထိုင်စောင့်နေရချိန်သည် တော်တော်ကြာပါသည်။

"အစ်ကို အယ်ချုပ်က မအားလို့ပါ။ ထုတ်လုပ်သူနဲ့ စကားပြောနေလို့ ကြာမယ်တဲ့။ မှာစရာရှိတာ မှာထားခဲ့ပါတဲ့"

"ဟိုလေ၊ ဒီတိုက်မှာ အလုပ်တစ်ခုခုများ ရနိုင်မလားလို့ပါ။ စာပြင်ဆရာဖြစ်ဖြစ်ပေါ့၊ ဘာဖြစ်ဖြစ်ပါ။ ဒကာကြီး...အဲ...သူနဲ့က ဦးဇင်းဘဝမှာကတည်းက ရင်းနှီးပြီးသားမို့ပါ"

"ဪ ဦးဇင်းလူထွက်လား။ ခဏလေးနော် သွားမေးပေးမယ်"

ဦးဇင်းလူထွက်လားဟု မေးလိုက်ဟန်တွင် ဖျတ်ခနဲ ပြောင်းလဲသွားသော မျက်နှာရိပ်ကို သူ သတိထားမိသည်။ အယ်ဒီတာချုပ် အခန်းထဲ ဝင်သွားချိန်တွင် သူ မသိမသာ လှမ်းမျှော်ကြည့်မိသည်။ ရင်မှာ တထိတ်ထိတ်။ ခဏနေတော့ ကောင်လေး ပြန်ထွက်လာသည်။ အားတုံ့အားနာ မျက်နှာဖြင့် သူ့ကိုကြည့်ပြီး-

"အယ်ချုပ်က ခုလောလောဆယ်တော့ အလုပ်ပေးစရာ မရှိသေးလို့ပါတဲ့"

သူ့ရင်ဝကို ဆောင့်တွန်းပစ်လိုက်သလိုပင် နင့်ခနဲဖြစ်သွားသည်။ မျှော်လင့်ချက်မဲ့သွားသော၊ ရုတ်တရက် ကူကယ်ရာမဲ့သွားသော သိမ်ငယ်စိတ်သည် နှလုံးအိမ်ကို ဆုပ်ခြေပစ်လိုက်သလိုပင်။ ဘာပဲဖြစ်ဖြစ် သူ့ကို အားကိုးတကြီးဖြင့် လာခဲ့ရသည် မဟုတ်လား။ ရဟန်းဘဝတုန်းက သူနှင့် စကားတွေများစွာ ပြောဖြစ်ခဲ့ကြသည် မဟုတ်လား။ သူ့အပေါ် ကြည်ညို လေးစားရင်းစွဲကလေးဖြင့် အလုပ်ကလေး တစ်နေရာတော့ ပေးနိုင်ကောင်းရဲ့ဟု မျှော်လင့်ထားခဲ့မိသမျှသည် သဲထဲရေသွန်သလို ဖြစ်ရပြီ။ ဪ...လူတွေ၏ စိတ်သဘောကို သူ သေချာမသိနိုင်ခဲ့သေးပါလား။ ကြည်ညိုလေးစားမှုဆိုသည်ကလည်း လူပုဂ္ဂိုလ်၏ အချိန်အခါကိုလိုက်ပြီး ပြောင်းလဲတတ်ခြင်း သဘောရှိတာပါလား။

ရဟန်းဘဝတွင် စာမေးပွဲဖြေဖို့ စာသင်ဖို့သာ အာရုံစိုက်ရပြီး ကျောင်းတစ်နေရာစာအတွက် ပူပန်စရာ မလိုသလောက် လူ့ဘဝမှာတော့ ခုအချိန်မှာ ကျောင်းတစ်နေရာစာက အရေးကြီးလှသည်။ လူ့ဘဝသို့ ပထမဆုံး အကြိမ် ခြေလှမ်းမိချိန်မှာတင် အခက်အခဲများစွာက သူ့ကို စောင့်ကြိုဖိတ်ဆက်ခဲ့သည်။ ပြောင်းလဲတတ်သော လူ့သဘာဝကို နားလည်အောင် သင်ပေးခဲ့သည်။ စိတ်ဓာတ်တော့ မကျသေး။ သူ့မှာ အိပ်မက်တွေရှိသည်။ ဓမ္မာစရိယစာမေးပွဲကိုတောင် သုံးနှစ်ဆက်တိုက် စာမေးပွဲကျတာတောင် မလျှော့သော ဇွဲဖြင့် နောက်ထပ်သုံးနှစ် ကြိုးစားခဲ့သူဖြစ်၍ လူ့ဘဝ၏ တစ်ရက်စာ အခက်အခဲတွေကို သူ မှုနေ၍မဖြစ်ပါ။ နေ့လယ်စာ စားချိန်မှာတော့ လမ်းဘေးဆိုင်ကလေးမှာ ဖြစ်သလို ဖြေရှင်းလိုက်ရသော တစ်နပ်စာသည် မှတ်မှတ်ရရ ဖြစ်ခဲ့ပါသည်။

❑

ကျောချစရာ တစ်နေရာအတွက် လှည်းတန်းရှိ အဆောင်တစ်ခုမှာ သူ နေခဲ့ရသည်။ အခက်အခဲတွေ များစွာနှင့် နေ့တိုင်း ခလုတ်တိုက်မိရသည်။ ဘဝတစ်လျှောက်လုံး နေသားတကျ ခေါက်ရိုးကျိုးနေခဲ့သော ရဟန်းဘဝ၏ နေထိုင်ပြုမူမှုတို့သည် လူ့ဘဝမှာ သူများတွေအတွက် ကိုးလိုးကန့်လန့် ဖြစ်ရသည်။ သူက ညဆို အစောကြီး အိပ်ရာဝင်တတ်ပြီး မနက်ဆိုလေးနာရီလောက် နိုးနေတတ်သူ။ ဘုရားရှိခိုးဝတ်ပြုခြင်းကို နံဘေးက အခန်းဖော်တွေ မကြားအောင် တိုးတိုးသက်သာ သူ မဆိုတတ်။ သူများတွေ အိပ်ကောင်းချိန်တွင် မီးဖွင့်ကာ ဘုရားရှိခိုး ပရိတ်ပဋ္ဌာန်းရွတ်ဖတ်တတ်သော သူ့ကို အလိုက်မသိတတ်သူဟု ဆိုကြသည်။မျက်စောင်းချီကြသည်။

"တောက်... အလိုက်ကန်းဆိုးကို မသိတတ်ဘူး၊ ဘုန်းကြီးလူထွက်ကိုး"

ဟု မကြားတကြား ရေရွတ်သံကိုကြားရလျှင် သူ မခံချိမခံသာဖြစ်ရသည်။ ရိုင်းလှပါလားဟု ထိုသူကို ဒေါသတစ်ဝက်၊ သနားခြင်းတစ်ဝက် ဖြစ်ရသည်။ စကားမများချင်သဖြင့် မကြားချင်



www.burmeseclassic.com

www.burmeseclassic.com

ယောင် ဆောင် ရ သည် ။ အဆောင်နေသူတို့သည် သူ့ကို လူထူးလူဆန်းလို၊ ဂြိုဟ်သား တစ်ယောက်လို ကြည့်တတ် ကြကာ သိပ် အရောမဝင်ဘဲ ဖယ်ကြဉ်ထားသလို သူခံစား ရပါသည်။

နေ့လယ်ဘက်တွေမှာ တော့ သူ မြို့ထဲထွက်ကာ အလုပ်ရှာထွက်ရသည်။ သတင်းစာတွေ၊ ဂျာနယ်တွေ မှာ အလုပ်ကြော်ငြာတွေ ဖတ် ပြီး အလုပ်လျှောက်ရသည်။ တစ်ရက်မှာတော့ စာအုပ် အရောင်းဆိုင်တစ်ဆိုင်မှာ အရောင်းစာရေးနေရာမှာ သူ အလုပ်လျှောက်ကြည့်လိုက် သောအခါ လူတွေ့ခေါ်ခံရ သည်။ သူ့မှာ ဝမ်းသာစိတ် လှုပ်ရှားလိုက်သည့်ဖြစ်ခြင်း။ မန်နေဂျာမိန်းကလေးက သူ့ကို အင်တာဗျူးမေးသည်။

'နာမည်'

'သက်တံပါ'

'ပညာအရည်အချင်း'

'ဓမ္မာစရိယအောင်'

'ဟင်…သြော်…'

မိန်းကလေးက စာရွက် ထဲမှာ တစ်ခုခု ချရေးလိုက် သည်။ သူက ဓမ္မာစရိယကို သတ်ပုံမှားပေါင်းမှားစီးသဖြင့် ပြင်ဆင်ပေးဖို့ သူမ ရေးတာ ကို လှမ်းကြည့်မိသည့်အခါ ရင်ဝကို ခပ်တုံးတုံးအရာ တစ်ခုနှင့် ထုနှက်ခံလိုက်ရ သလို အင့်ခနဲ နာကျင်သွားရ သည်။ သူ၏ ပညာအရည် အချင်းကို သူမ တန်ဖိုးဖြတ် လိုက်သည်က–

'ရေးတတ်ဖတ်တတ်' ဆိုပါလား။

မျက်ရည်ပင် ဝေ့သီ မတတ် သူ နာကျင်ထိခိုက်

olMbu
"rmp&d bMGNyD
pmc&[ efb0
ol
jzpfcsifvmu
tEkjrnmorm;
wpfa, muf
b0
avmuD
tm½kHvG
olMuH
jzm;a, mif
aoGsqmif
rUm;, bjyMyD
aw;a&;q&m
tykfufuH
rufupfupfuf
rujfJ

သွားမိသည်။ သို့ပေမဲ့ ထို အရောင်းစာရေး အလုပ်ကို သူရလိုက်သဖြင့် သူမကိုပင် ပြန်ပြီး ကျေးဇူးတင်ရပါသေး သည်။ ရဟန်းဘဝမှာ ပညာ တွေတတ် ဘွဲ့တွေရခဲ့ပေမဲ့ လူ့ဘဝမှာတော့ လောကီဘွဲ့ မရခဲ့သဖြင့် သူသည် ရေး တတ်ဖတ်တတ် အဆင့်ဖြင့် သာ တန်ဖိုးဖြတ်ခံလိုက်ရပါ သည်။ ပထမဆုံးတွေးမိ သော အတွေးက ရဟန်းတစ် ပါး လူထွက်လိုက်သောအခါ လောကီပညာအားဖြင့်လည်း ဘွဲ့မရှိ၊ ငွေကြေးအားဖြင့် လည်း မပြည့်စုံသောအခါ ဘဝ အာမခံချက် ကင်းမဲ့လှ ပါလားဟူသော အတွေးဖြစ် သည်။ လူတကာကို ရိုသေ ကျိုးနွံစွာ ဆက်ဆံရသည်။ ရဟန်းဘဝတုန်းက လူတိုင်း ၏ ကြည်ညိုလေးစားစွာ ဆက်ဆံခြင်းကို ခံခဲ့ရသော် လည်း အရောင်းစာရေးဘဝ မှာတော့ လူတကာ၏ ဟောက် စားခံရသော ဘဝပါပေ။

❑

၆။

အဆောင်မှာ သူနှင့် ပေါင်းသင်းလို့ အဆင်ပြေသူ မှာ လင်းကဗျာဆိုသော လူငယ်ကလေးဖြစ်သည်။ သူက တေးရေးဆရာတစ် ယောက်။ ဂစ်တာကလေး အမြဲတီးကာ သီချင်းလေးတွေ ရေးနေတတ် ဆိုနေတတ် သည်။ ထိုလူငယ်လေးကို တော့ သူ ချဉ်းကပ်ပေါင်း သင်းရပါသည်။ ကိုလင်းဟု သူက ရင်းနှီးခင်မင်စွာ ခေါ် သည်။ အနုပညာနှလုံးသား ရှိသူမို့လားမသိ ကိုလင်းသည် ထိခိုက်ခံစားလွယ်သော ကြင်နာသနားတတ်သော မျက်နှာထားရှိသည်။ ဘယ် သူမှ အဖက်မလုပ်ချင်သော သူ့ကို အရေးတယူ ပေါင်း ဖော်ရသည်။ သူနှင့် စကား လက်ဆုံကျကာ ရင်းနှီးလာခဲ့ သည်။

'ဦးဇင်း လူထွက်ခဲ့တာ တေးရေးဆရာ ဖြစ်ချင်လို့ပါ လို့ ပြောရင် ကိုလင်း အံ့သြ မလား။ ကျွန်တော့်မှာ ရေး ထားတဲ့ သီချင်းတွေ အပုဒ် ငါးဆယ်လောက်ရှိတယ်။ ကိုလင်းက တေးရေးဆရာ ဆိုတော့ ပြကြည့်ချင်တယ်။ ကိုလင်းမှာ အဆက်အသွယ် ရှိရင် ကျွန်တော့် သီချင်းလေး တွေကို အဆိုတော်တွေဆီမှာ ပြပေးပါလား'

ကိုလင်း၏ မျက်ဝန်းတို့ မှာ အမြဲလိုလို ရယ်မြူးရိပ် သန်းနေတတ်၏။ လူကို ကြည့်လျှင် ရီဝေဝေ ကြည့် တတ်သည်။ စကားပြောပုံမှာ ပြောချင်သလိုလို၊ မပြောချင် သလိုလို မပွင့်တပွင့်ရှိလှ သည်။ သူက သူရေးထား သမျှ သီချင်းစာအုပ်ကို အုပ် လိုက်ကြီး အပ်လိုက်စဉ်မှာ ကိုလင်းက အပြုံးကလေးနှင့် စာရွက်တွေကို တဖျပ်ဖျပ် လှန်လှောကာ ကြည့်နေ သည်။ သူက ကိုလင်း မျက်နှာကို စာမေးပွဲအောင် စာရင်းတစ်ခုပမာ စိုးထိတ် ရင်ဖိုစွာ ငေးစိုက်ကြည့်နေမိ ခဲ့သည်။ ကိုလင်းမျက်ဝန်း တွေ လက်ခနဲ တောက်ပသွား လျှင် သူ စိတ်လှုပ်ရှားတက် ကြွရသည်။

*'အလွမ်းတိုင်းသာ ပန်း ဖြစ်ရင်…ငါ့ရင်ခွင်ဟာ ပန်း တစ်ခင်းပါ…အနမ်းတိုင်းသာ ကြယ်တစ်ပွင့်ဆိုရင်…နင်ဟာ ငါ့ရဲ့ကောင်းကင်ပါ… သတိ ရတိုင်းသာ မိုးတစ်စက်ရွာ ရင်…ငါ တစ်ကိုယ်လုံး ပင်လယ်ကြီးပေါ့…'*

'ဟား…ကိုသက်တံ က အမိုက်စားကြီးပဲ။ သီချင်းတွေ ရေးထားလိုက် တာ မနည်းပါလား။ ကျွန် တော် အေးဆေးဖတ်ကြည့်ဦး မယ်လေ။ အံမယ်၊ ခင်ဗျား စာသားတွေက ပရိအဆင့်ပဲ'

နောက်တော့ ကိုလင်း နှင့်သူ တစ်ယောက်နှင့်တစ် ယောက် ပိုမိုရင်းနှီး နီးကပ် လာသလို ခံစားရသည်။ သူ



www.burmeseclassic.com

www.burmeseclassic.com

ရေးထားသော သီချင်းစာသားတွေကို ကိုလင်းက သူ့စိတ်ကြိုက် သံစဉ်ထည့်ကာ ဆိုပြတတ်သည်။ ကိုလင်းဆီကနေ သူ သင်ယူရတာတွေ များလာသည်။ ညည ကိုလင်းနှင့် ဂီတာတီး သီချင်းတွေ ဆိုရခြင်းသည် လူ့ဘဝ၏ မက်မောတွယ်ငြိစရာ တစ်ခု ဖြစ်၍လာသည်။ ညည အိပ်ရာဝင် နောက်ကျသဖြင့် မနက်ပင် အစောကြီးထပြီး ဘုရားဝတ်ပြုခြင်း မလုပ်နိုင်တော့။ အခန်းဖော်တို့၏ ငြိုငြင်ခြင်းနှင့်လည်း ကင်းဝေးရလေသည်။

❑

ထူးဆန်းသော အဖြစ်အပျက်သည် သူ့နှလုံးသားသည်းပွတ်စိုင်တစ်ပြိုလုံးကို သူ့ရင်ဘတ်ထဲကနေ ဆွဲနုတ်ယူငင်သွားခြင်းနှင့်အတူ ဖြစ်ပျက်ခဲ့ရသည်။ ဘဝတွင် သူ ခင်မင်လေးစား ယုံကြည်ရသူ တစ်ယောက်က သူ့ရင်ဝတည့်တည့်ဆီ ခြေစုံကန်သွားခဲ့လိမ့်မည်ဟု သူ လက်ခံလို့ပင် မရခဲ့ပါ။ အိပ်မက်ဆိုးတစ်ခုဟုသာ သူ လက်ခံချင်သည်။ နှလုံးသားတစ်ခုလုံး ကွဲအက်ကြေမွသွားခဲ့ကာ သူ့ရင်သည် နှလုံးသား မကျန်ရစ်တော့သလို ဗလာကျင်း၍ ကျန်ရစ်ခဲ့ပါသည်။ လင်းကဗျာ တစ်ယောက် အဆောင်ကနေ ပျောက်ချင်းမလှ ပျောက်သွားခဲ့ခြင်းဖြစ်သည်။ ဘယ်မှာ ရှာရမည်ဟုပင် သူ မတွေးတတ် မကြံတတ်။ သူ့ဘဝ တစ်လျှောက် အနှစ်နှစ်အလလ ရေးသားခဲ့သမျှ သီချင်းစာအုပ်ဖိုင်တစ်ခုလုံး လင်းကဗျာနှင့်အတူ ပါသွားခဲ့လေသည်။ သူ့နှလုံးသားဆီမှ နာကျင်ခြင်းဝေဒနာကို သူ စာဖွဲ့၍ပင် မပြနိုင်။ အရူးတစ်ယောက်လို သူ အော်ဟစ်ငိုကြွေးပစ်ချင်လှသော်လည်း သူ မငိုနိုင်ခဲ့။ ရင်မှင့်လှလှ သူခံစားရပါသည်။ မအိပ်နိုင်မစားနိုင် တနင့်နင့်ဝေဒနာဖြင့် လုပ်ရက်လေခြင်း၊ ရက်စက်လေခြင်း ဟူ၍သာ ကြိတ်မနိုင်ခဲမရ ရေရွတ်မိသည်။

လူ့ဘဝသည် သူ့လို ရဟန်းလူထွက် ယုန်သူငယ်ကလေးအဖို့တော့ သားရဲတိရစ္ဆာန် ပေါများလှသည့် မှော်ရုံတောကြီးတစ်ခုလိုပါလား။ ဘယ်သူ့ကိုမှ ယုံကြည်၍ မရနိုင်တော့သည်ကို ဘဝနှင့်ရင်းကာ သူ သင်ခန်းစာ ရလိုက်ပါသည်။

ကာလအနည်းငယ်ကြာချိန်မှာတော့ YouTube မှာ သူ့သီချင်းတစ်ပုဒ် ထွက်လာသည်။ နာမည်ကြီး အဆိုတော်တစ်ယောက် ဆိုထားသည်မို့ သီချင်း၏ ပျံ့နှံ့မှုက မြန်ဆန်သည်။ လူကြိုက်များခဲ့သည်။ သီချင်းပေါက်သည်လို့ ဆိုရမည်ပင်။ ထိုသီချင်းကို သူက ရင်နှင့်ရင်း၍ ရေးခဲ့ရသည်။ တေးရေးဆရာ အမည်မှာတော့ လင်းကဗျာဟု လူသိများခဲ့လေသည်။

❑

လူတို့၏ ပြောင်းလဲတတ်သော၊ အထင်အမြင်သေးတတ်သော၊ လှည့်စားကောက်ကျစ်တတ်သော သဘာဝကို သင်ယူနားလည်ဖို့အတွက် သူ ပေးဆပ်လိုက်ရသည်က သူ၏ ဖြူစင်ရိုးဖြောင့်သော နှလုံးသားတစ်ခုလုံးတည်း။ နောက်ဆုံးတော့ ရဟန်းတစ်ပါး လူထွက်သောအခါ အလုပ်ကောင်းကောင်းရဖို့ရာ လောကီဘွဲ့လည်းမရှိ၊ စီးပွားရေးလုပ်ဖို့ရာ ငွေကြေးလည်းမရှိ၊ ရှေ့ဆက်ရမည့် ဘဝခရီးအတွက် အာမခံချက်ရယ်လို့ မရှိပါလားဟု သူ သက်ပြင်းအမောနှင့်အတူ ထိထိခိုက်ခိုက် ဝမ်းနည်းစွာ တွေးမိသည်။

စိတ်တွေ ထိခိုက်ဆို့နစ်ကာ ထွက်ပေါက်မရှိတော့သလို ခံစားရသောအခါ မြတ်စွာဘုရားရှင်သည်သာ ကိုးကွယ်အားထားရာအစစ် ဖြစ်သည်ကို သိမြင်ရသည်။ ရှေ့ဆက်ရမည့် ခရီးအတွက် ရင်မောနွမ်းလျလာခဲ့ချိန်မှာတော့ ရွှေတိဂုံစေတီတော်မြတ်ကြီးဆီသို့ ရောက်လာရသည်။ လက်ထဲမှာ ကြာပန်းကိုးပွင့် ကိုင်လျက် ဘုရားရှေ့မှာ ရှိခိုးဦးချရင်း တောင်းဆုတစ်ခုကို သူ့စိတ်ထဲကနေ လေးလေးနက်နက် တောင်းမိပါသည်။ သူ တစ်ယောက်တည်းသာသိမည့် ဆုတောင်းပေါ့။

'နောင်ဘဝ လူပြန်ဖြစ်တဲ့အခါ....' ■

**လွှမ်းထားထား**
၊ဆေးတက္ကသိုလ်၊

***ကျေးဇူးမှတ်တမ်း***

*'ငယ်ဖြူ' ဇာတ်လမ်းလေးကို ရေးသားခွင့်ပြုခဲ့ပြီး သိလိုသမျှကို စိတ်ရှည်လက်ရှည် ရှင်းပြကူညီပေးခဲ့သော ဘုန်းဘုန်း အရှင်ရာဇိန္ဒ-ဆရာတော် ရဝေနွယ်(အင်းမ)အား ကျေးဇူးအထူး တင်ရှိစွာဖြင့် ရှိခိုးဦးခိုက် ကန်တော့ပါ၏ ဘုရား။*

**အယ်ဒီတာအဖွဲ့**
အခန်း (၄-၀၁)
တိုက်အမှတ် ၁၇/၁၉
၃ လွှာ၊ ၅၂လမ်း
(အောက်ဘလောက်)
ဗိုလ်တထောင်မြို့နယ်
ရန်ကုန်
ဖုန်း-၀၁-၉၀၁၀၅၀၁
E-mail:
nyeinfamily@gmail.com



www.burmeseclassic.com

www.burmeseclassic.com

# ရွာကင်း တစ္ဆေ

ဧအောင်ဖြိုးကျော် (ပခုက္ကူ)


၁။

အဲဒီတုန်းက ရွာထဲမှာ ခုလို ဆိုင်ကယ်တွေ မပေါ်သေးဘူး။ ဟုတ်တယ်၊ သေချာတယ်။ ကံကြီးစုဘက်မှာ တစ်စီးစ နှစ်စီးစ၊ ကြီးကန်ဘက်မှာ နှစ်စီးစ သုံးစီးစ၊ အဲသလောက်ပဲရယ်။ ဒါပဲ။ ဗိုးချွေတို့ရွာဘက်မှာ အဲဒီအချိန်က ဆိုင်ကယ်ဆိုတာ ပေတစ်ရာထွက်မှ မြင်ရတာ။ စက်ဘီးတွေကတော့ တစ်အိမ် တစ်စီးကနေ သုံးလေးစီးထိ ရှိနေပြီ။

❑

၂။

ရွာမှာ ဆိုင်ကယ်ဆိုတာကို ကနဦးဆုံး ရင်းနှီးခွင့်ရတာက တိမ္မွေးကု ဆရာဝန် စီးစီးလာတဲ့ ဘီအက်စ်အေ ဆိုတာ ကြီး။ နွားနေမကောင်း၊ ဝက်မကျန်းမာမှ ရောက်ရောက်လာတာ။ ဘုရားစူးရစေ ဆိုင်ကယ်ပေါ့။ လာပဟေ့ဆိုရင် တစ်တိုင် သာသာ အဝေးကတည်းက ဆိုင်ကယ် မရောက်ခင် အသံက ရွာထဲ အရင်ရောက်လာ





www.burmeseclassic.com

www.burmeseclassic.com

တာ။ အသံထက်မြန်တဲ့ ဆိုင်ကယ်ပေါ့။ ရွာထဲ ဝင်လာရင်တော့ အလိပ်လိုက် မီးခိုးဟာ အတော်ဆိုးတယ်။ ကြည့်နေရတာပဲ။ ဘာတတ်နိုင်မတုံး၊ ဖုံးဖုံးအုံးအုံးပဲ။

နွားကု၊ ဝက်ကုပြီး ပဟေ့ဆိုရင်တော့ တွန်းပေရော့ တစ်ယောက်တစ်လှည့်။ လူ ၄၊ ၅ ယောက် တစ်မောစီတွန်းမှ၊ ဖုတ်လှိုက် ဖုတ်လှိုက် အမောဆို့မှ နွားဆရာ၊ ကျွဲဆရာ၊ ဝက်ဆရာ ဆိုင်ကယ်က ဖွတ်တွတ်ဖွတ်တွတ်ကနေ ဘောင်းဂလောင်းဘုန်းဘောင်းနိုးတာ။ တစ်ခါတလေ ရှုလုရှုလွတ် ချက်ချက်ဆို သန်းဝေပြီးမှ ပြန်အိပ်ချင်အိပ်တယ်။ တွန်းဟာ တွန်းကြပေါ့။ စိတ်ကောင်းဝင်ရင်လည်း နှစ်ယောက် တွန်းလောက်နဲ့ ဘုန်းဒိုင်းဆို သေနတ်ပြောင်းက ကျည်ဆန်လို ဝိုခေါ် အောင် ပြေးတတ်သေးတာ။

ဘကြီးမိုးကတော့ အစိုးမရတဲ့အထဲမှာ မိုးနဲ့ နွားသိုးအပြင် ထပ်ဖြည့်ချင်တာက နွားဆရာဝန်ဆိုင်ကယ်၊ ရွာထိပ်ကုန်းက





www.burmeseclassic.com

www.burmeseclassic.com

မူပေါ် ရပ်နေတဲ့ စက်မှုလယ်ယာက ကြွက်နီဗွဲထွန်စက်၊ မြို့မရဲစခန်းက ကိုဆောင်း ရိုင်ဖယ်သေနတ်တဲ့။ ရွာသမိုင်းမှတ်တမ်းမှာ စံချိန်တင် စိုးရိမ်ရေမှတ်တွေပေါ့။

ကိုဆောင်း ရိုင်ဖယ်သေနတ်ကလည်း ရာဇဝင်နဲ့။

ရွာဦး ဘုန်းကြီး ဦးသောမ ပျံတော်မူတော့ ၅ ချက်ဖောက်တာ တစ်ချက်မှ အသံမထွက်ဘူး။ ဘာတတ်နိုင်မတုံး။ သူ့ခေတ် သူ့အခါ ကြည့်လို့သာနေကြရတယ်ပေါ့။ ရွာက ကလေးတွေက ရဲတွေလာပြီဆို ခြောက်လို့ကို မရတော့ဘူး။ အဲသည်ကတည်းက မကြောက်ကြတော့တာ။

စိတ်တိုနေတဲ့ သူကြီးက "ပေးစမ်း ငဆောင်းရာ သလောက်ရှိဒါ" ဆိုပြီး စိတ်တိုတိုနဲ့ ဒင် မန်ကျည်းပင်ဖင်နဲ့ ဆောင့်မှ ဖွတ်ရှူးဆို တစ်ချက် မြည်သံထွက်ဆိုပဲ။ ကိုကြွက် ထွန်စက်ကတော့ ဘယ်ယာတောက ပြန်လာလာ ရွာထိပ်ပြာကုန်းပေါ်တက်ရပ်ရတာ။ နှိုးခါနီးရင် "ကလေးတွေ လာဟေ့" ဆို အချက်ပြလိုက်တာနဲ့ ဝိုင်းတွန်းချလိုက်တာပဲ။ ဂလုံး ဂလုံး ဒုံးဒုံးဆို ထွန်စက်က အသံဆိုးကြီးနဲ့ နိုးတာ။

"တွန်းတဲ့ကောင်တွေ တက်" ဆိုပြီး ရွာတစ်ပတ် ပတ်ရော။ ကားတွန်းခပေါ့။ တွန်းသူက ပေါသလားမမေးနဲ့။ သူ့ရက်နဲ့သူ အလှည့်ချကို ယူရတယ်။ ဘယ်ခုနှစ်၊ ဘယ်ရက်၊ ဘယ်ကာလတုန်းလို့တော့ ရွာသွားမမေးနဲ့။ သတ်သတ်မှတ်မှတ် ဖြေမတတ်

&ar;yfjyu©elf&
aeYm;&avG
awvmawvmf
wbk;vmw, f
wkdk;rmif
oLu,jzpfvmNyD
0D;Defpelf
tpdkd;wufvmNyD
&mcdkbkm;
xDwi fvmNyD
wkdk;rmif
a*gyuvlLuD
r, m;2a, muEY
bkm;vSmfvmNyD
wkdk;rmif
oLuGkwfvmNyD
0Dxi f&Lumf
tpdkd;jzpfvmNyD
wkdk;rmif
&efyGJ;&avG
ajzmi fvmNyD
arsmuZmvf
xnfvmNyD

ဘူး။ ဟိုးရှေးရှေးတုန်းက၊ ဘယ်သူကြီး လက်ထက်ကနဲ့ နီးရာ တွဲမှတ်ဖြေတတ်တယ်။ ကျောင်းဖွင့်လို့ ကျောင်းအုပ်ဆရာမကြီးက ကျောင်းသားအသက်မေးရင် ခုနှစ်လောက်ပဲ မှန်မယ်။ လ၊ ရက်ကတော့ ကိုစိန်မောင်ကြီး ဆုံးသွားတဲ့လတို့၊ ကိုသာခင်နွား စာဥကြီး အိမ်သာကျင်းထဲ ကျတဲ့လတို့၊ အုံးခင်လင်မယား ရန်ဖြစ်လို့ စဥ့်အိုးကြီးကွဲတဲ့နေ့တို့။ ဆရာမကြီးကလည်း အထာသိပြီးသား။ "ပြန်မေးချေ၊ အဲဒီအိမ်တွေကို" ဆို လွှတ်လိုက်တာ။

အဆင်ပြေတယ်။ အဲဒီအိမ်တွေက ထူးခြားဖြစ်စဥ်ဆို အိမ်ခါးပန်းထုပ်တန်းမှာ မီးသွေးခဲနဲ့ ရေးထားတာ။ ဒါ ရွာပြက္ခဒိန်ပဲ။ ဆိုတော့ကာ သလောက်မှတ်ဉာဏ်နည်းကြတာ သညာကို မရှိဘူး အပြစ်မတင်လေနဲ့။ သူ့နည်း သူ့ဟန် တန်းလို့။ ဘုန်းကြီး ဦးသောမ ပျံတော်မူတဲ့နှစ်၊ သူကြီးအိမ်က ရာဝင်အိုးကြီး ကွဲတဲ့နှစ်၊ ထန်းညီနောင် မိုးကြိုးပစ်တဲ့နှစ်၊ ရေတွင်းကြီး ရေတွေခန်းတဲ့နှစ်၊ လေနီကြမ်းလို့ မပု မန်ကျည်းပင်ကြီး လဲတဲ့နှစ် ရွာပြက္ခဒိန်တွေ နည်းတာ မဟုတ်ဘူး။

အတော်စုံတယ်။

အဲသည်လိုပြောရင် ရွာလူချင်း အထာပေါက်တယ်။

ဩော်… အေး၊ အင်း၊ ဟုတ်ပါ့ကွာ ဖြစ်ကုန်ရော။

အဲဒီ ထူးခြားဖြစ်စဥ်တွေရဲ့ နောက်မှာ လူပုဂ္ဂိုလ်တွေ တွဲပါနေတတ်တာ။ ဆိုတော့ ဂျာလင်းတစ္ဆေဆိုတာ အဲဒီထဲက အဖြစ်တစ်ခုပေါ့။

❑

၃။

ဆိုတော့ ရွာထဲကနေ ကားလမ်းထိ လမ်းဖောက်ခဲ့တဲ့နှစ်မှာ သူကြီး ကိုဘိုစိန်သေတယ်။ အဲဒီလမ်းမှာ မှတ်တမ်းမှတ်ရာ ဘယ်နှစ်၊ ဘယ်လ၊ ဘယ်သူဖောက်တယ် ဘာမှ မရှိဘူး။ လမ်းဘယ်နှခုနှစ်က ဖောက်တာတုံး မေးကြည့် ဘိုစိန်သေတဲ့နှစ်။ ဒါပဲ။ ဘယ်နှစ်သေတာတုံး သိချင် ကျန်တဲ့ မိသားစုသွားမေး ရက်၊ လ၊ နေ့နဲ့ အတိအကျပြောနိုင်တယ်။ အဖြေက အဲဒီမှာ။

ဘုန်းကြီးကျောင်းထဲ ဇာတ်ခုံကြီး ဆောက်တဲ့နှစ်က ဂေါပကလူကြီး ကိုမြိုင်ကြီး သေတယ်။ ဇာတ်ခုံဆောက်တာ ဘယ်ခုနှစ်၊ မြိုင်ကြီးသေတဲ့နှစ်ပဲ။ အတိအကျသိချင် ကျန်ရစ်သူမိသားစုမေး။ အဖြေက အဲဒီမှာ။

စုပေါင်းမှတ်တမ်း မှတ်ရာကတော့ သူကြီး အဆက်ဆက် ဘာအမွေမှ မလွှဲဘူး၊ မအပ်ဘူး။ တစ်ရွာလုံးလည်း မှတ်ရကောင်း စေ့မအောက်မေ့ဘူး။ ကိုယ့်တစ်ကိုယ်စာ စာရင်းပဲ ခပ်ရှင်းရှင်းမှတ်တယ်။ ဆိုတော့… ဖိုးချွေတို့ ဆိတ်မြကန်ရွာမှာ ကနဦး ဆိုင်ကယ်စ,စီးတာ တိုးမောင်။ ဒီလိုပဲ ဘယ်နေ့၊ ဘယ်ရက်၊ ဘယ်လက တိုးမောင် ဆိုင်ကယ် ဝယ်တုံး မေးရင်တော့ ထုံးစံအတိုင်း…။

ရွှေချောင်း ချောင်းကြီး ရေတွေကြီး၊ လူတွေသေတဲ့နှစ်။ ဒါမှမဟုတ် တံတားကြီး ကျိုးတဲ့နှစ်၊ တစ်ခုမဟုတ် တစ်ခုပေါ့။ ဆိတ်မြကန်မှာ ကနဦး ဆိုင်ကယ်ဝယ်တာက တိုးမောင်၊ ဒါတော့ သေချာတယ်။ နှစ်က တံတားကြီးကျိုးတဲ့နှစ်။ ဆိုင်ကယ်ဆိုတဲ့ စက်နဲ့ အကောင်ကို ရွာမှာ တိုးမောင် စ,ဝယ်တာ။

ဒါ ရွာသမိုင်းမှာ မှတ်တမ်းဝင်ကိစ္စ။

❑

၄။

ရှေးပဝေသဏီ အဆက်ဆက်ကတည်းက ဖိုးချွေတို့ ဆိတ်မြကန်ရွာမှာ ရွာရန်ပုံငွေဆိုတာ ရှိတယ်။ ဘုန်းကြီးကျောင်းက ကျောက်စီအရုပ်တွေနဲ့ ကန့်လန့်ကာ ရှေး



www.burmeseclassic.com

www.burmeseclassic.com

ဟောင်းပစ္စည်းကြီးကို ရောင်းတာ ငွေ ၃၀၀၀ ရတယ်။ ငွေသုံးထောင်ဆို မရယ်လေနဲ့။ ရွာလေသံနဲ့ ဘယ်ခေတ်ကတုံး မေးရင် ရွှေတစ်ကျပ်သား ၃၀၀ ခေတ်က။ ငွေ ၁၀၀၊ ငါးမူးတိုးနဲ့ ရွာကို ပြန်ချေး၊ အတိုးက အရင်းဖြစ်၊ ပြန်ချေး အတိုးက အရင်းဖြစ်နဲ့ မ·ဆ·လ ခေတ်နှောင်းမှာ ဘုန်းကြီးကျောင်း အသစ်ရွာမှာ အဖတ်တင်ကျန်ရစ်တယ်။

တိုးမောင်က ဦးသိန်းစိန် အရပ်သား အစိုးရမှ သူကြီးဖြစ်တာ။ ရွာမွေး ရွာကြီး ရွာသားစစ်စစ်တော့ မဟုတ်ဘူး။ ဘေးရွာက ဆိတ်မြကန်သူနဲ့ အကြောင်းဆက် ပေါင်းဖက် ရွာတက်နေတာ။ အထက်အညာကို ကုန်ရောင်း ကုန်ဝယ်သွားရင်း မယားငယ်ရှာ၊ အိမ်ထောင်ဆက်ပြီး ဆိတ်မြကန်က ဆယ့်လေးငါးမိုးလောက် လွင့်ပြီး ပျောက်သွားသေးတာ။ တော်တော်ကြာမှ မယားငယ်လက်ဆွဲ ရွာပြန်ကပ်တယ်။

နှစ်ယောက်ပေါင်းတာ။

ဝက်မွေး၊ ကြက်မွေး၊ ဝက်စာစု၊ စက်ဘီးအစုတ်ကလေးနဲ့ တောအရက်တစ်ပိုင်း၊ မဝ,ရင် ကပ်သောက်တောင်းသောက်နဲ့ ယောင်ချာချာ ဂေါပကအဖွဲ့မှာ ပါရတယ်။ မိုက်ကလေးကိုင်၊ အဟောအပြောလေးကကောင်းနဲ့ ဂေါပကအသင်းမှာ ၂ နှစ် အတွင်း ဥက္ကဋ္ဌနေရာကို ပြိုင်ဘက်ကင်းကင်းရတာ။ ဘုရားကြီးကရတဲ့ငွေဟာ တိုးမောင်တို့သဒ္ဓါမှ ရွာက မြင်ရတယ်။ ဒါနဲ့မရပ်သေးဘူး။ တိုးမောင်က သူကြီးရာထူးအထိ တက်လှမ်းပြီး ရွာကို အပိုင်ခွစီးထားတာ။

စပါးကြီးမြွေလို တစ်ရစ်ချင်း မျိုတယ်။

ဓမ္မာရုံ၊ စာသင်ကျောင်း၊ ကျန်းမာရေး ဖွံ့ဖြိုးရေး ခေါင်းစဉ်နဲ့ ငွေတစ်ရာ ၅ ကျပ် အတိုးသတ်မှတ်ပြီး ဖွံ့ဖြိုးရေးဆို ချေးဟယ် ငှားဟယ်လုပ်တယ်။ မ,တည်ရန်ပုံငွေကို ကော်မတီအဖွဲ့က ဝိုင်းထည့်။ ရွာကို တစ်ကျပ်၊ ငွေထည့်သူက ၄ ကျပ် မဆီမလျော် အတိုးသတ်မှတ်ပြီး ၃ နှစ်ခရီးကို တိုးမောင် စပြီး ခြေလှမ်းလိုက်တာ…။

အဲဒီလို ဇာတ်လမ်းက စ,တယ်။

တိုးမောင် ဆိုင်ကယ် စ,ဝယ်တဲ့နှစ်က ရွှေချောင်း တံတားကြီး ကျိုးတဲ့နှစ်။ တိုးမောင် သူကြီးဖြစ်တဲ့နှစ် ဘယ်နှစ်၊ ဦးသိန်းစိန် အစိုးရတက်တဲ့နှစ်၊ ရွာရပ်ပြက္ခဒိန်မှာ မှတ်တမ်းမှတ်ရာတွေက အဲသလို ဂေဇက်ဝင်သွားတယ်။

❑

၅။

ဆိုတော့ကာ စပါးကြီးမြွေလို တဖြည်းဖြည်း မျိုလာရင်း ရွာလူတွေ ဖွတ်ကျော ပြာစုတော့မှ အမျိုးမရှောင် တိုးမောင်ရန်ကို ခုခံတွန်းလှန်ရကောင်းမှန်း သိလာတယ်။ ရွာပြက္ခဒိန်မှာ မှတ်တမ်းတစ်ခု ထပ်တိုးတယ်။ တိုးမောင် သူကြီးပြုတ်တဲ့နှစ်- ဦးထင်ကျော် အစိုးရတက်တဲ့နှစ်။

ဒါပဲ။ နောက် တစ်ဆယ်၊ ဆယ့်ငါးနှစ်ကြာရင် မေးကြည့်။

ရွာလူတွေက အဲလိုပဲ ဖြေကြည့်လိမ့်မယ်။

နောက်တက်တဲ့ အဖွဲ့က တိုးမောင်ကို ခုံဖွဲ့စစ်တယ်။ ဘာအသုံးစရိတ် မှတ်တမ်းမှတ်ရာ၊ ဘာဘောက်ချာမှ မရှိဘူး။ စာရွက်တစ်ရွက်မှာ ရေကန်ပြင် ဘယ်ရွှေ့၊ မီးကင်းတဲဆောက် ဘယ်မျှ၊ လမ်းဖောက် ဘယ်လောက်၊ မီးသတ်စက်ဝယ် ဘယ်နှသိန်းနဲ့ ၃ နှစ်၊ ၃ မိုးစာ ရန်ပုံငွေလုပ်ငန်းဟာ ငွေ ၁၀၊ ၉ သိန်းလောက် ကျန်ကောင်းသမို့ ကျန်တယ်။ မကျေမနပ်၊ မြို့ မ·ရ·က ရုံးတက်၊ အမတ်တွေတိုင်၊ အလုပ်တွေ လှုိင်နေပေမဲ့…။

❑

၆။

တိုးမောင်ကတော့ မျက်နှာပြောင်နေတုန်းပဲ။

၃ နှစ်အတွင်း အပင်းလှိုုခဲ့သမျှ ငုံ့ဝင်ရတဲ့ တဲကနေ တိုက်ဖြစ်တယ်။ တိုးမောင်စာရင်းရှင်းတမ်း ကျန်ငွေက သူတို့အဖွဲ့ သောက်တဲ့ တစ်နှစ်စာ ဘီယာဖိုးတောင် မရှိဘူးလို့ သောက်နေကျ၊ ဝိုင်းဖွဲ့နေကျဆိုင်ကအတွင်း သတင်းပေးလာတော့ တစ်ရွာလုံး ဆွေ့ဆွေ့ခုန်ကရော။ တိုင်တယ်၊ တောတယ်၊ စောင့်တယ်၊ ကြည့်တယ်။

တစ်လ၊ နှစ်လ၊ သုံးလ မျှော်လာတယ်။ မျှော်တယ်။

ရွာက၊ ရွာက… ဆိုင်ရာကို…။ ဒီလိုနဲ့…။

❑

၇။

ရွာရပ် ပြက္ခဒိန်မှာ နေ့စွဲတွေ တော်တော်တိုးလာတယ်။ တိုးမောင် သူကြီးဖြစ်တဲ့နှစ်၊ ဦးသိန်းစိန် အစိုးရတက်တဲ့နှစ်။ ရွာဘုရားထီးတင်တဲ့နှစ်၊ တိုးမောင် ဂေါပကလူကြီး မယား ၂ ယောက်နဲ့ ဘုရားလှည့်တဲ့နှစ်။ တိုးမောင် သူကြီးပြုတ်တဲ့နှစ်၊ ဦးထင်ကျော် အစိုးရ ဖြစ်တဲ့နှစ်။ တိုးမောင် ရန်ပုံငွေတွေ ဖြောင်တဲ့နှစ်၊ ရွာဘုရားပွဲချောက်ဇာတ်ထည့်တဲ့နှစ်။

တိုးမောင် ရွာကို ငွေ ၁၀ သိန်းနဲ့ ဆိုင်ကယ် အစုတ်အပ်တဲ့နှစ်၊ ဘေးရွာကို VIP လာတဲ့နှစ်။ ဖွတ်ကိုလည်း သိတယ်၊ တောင်ပို့လည်း မြင်တယ်၊ ဖွတ်က ပြန်ဝင်ဖို့ ချောင်းလို့ကောင်းတုန်း။

ရွှေချောင်းတံတား ကျိုးတဲ့နှစ်၊ တိုးမောင် ဂျာလင်းဆိုင်ကယ်ဝယ်တဲ့နှစ်။ တိုးမောင် ဆိုင်ကယ်အစုတ်အပ်တဲ့နှစ်၊ ပုဂံဘုရားတွေ ပြိုတဲ့နှစ်၊…။

၅ သိန်း အဖိုးဖြတ် ရွာပြန်အပ်တဲ့ ဂျာလင်းဆိုင်ကယ်ဟာ ရွာသမိုင်း ပြက္ခဒိန်မှာ အထင်အရှားရှိဆဲ။ ရွာလူတွေက ဂျာလင်းတစ္ဆေ ခြောက်တဲ့ဒဏ် တော်တော်ကြီး ခံနေရတာတောင် တိုးမောင်ကတော့…။

၂၀၂၀ သူကြီးရွေးပွဲကို အိပ်မက်မက်လို့ ကောင်းတုန်း။ ကြိတ်မနိုင် ခဲမရ ပြောသံကြားရတာက "နည်းနည်းစောလို့၊ မဟုတ်ရင် ကားစီးရတာပေါ့ကွာ" တဲ့။ ■

**အောင်ဖြိုးကျော်၊ပခုက္ကူ**



www.burmeseclassic.com

www.burmeseclassic.com

# ခန့်ကျော်ထင်လှိုင်
## [လှိုင်ကော်]
# အပယ်ခံပန်းတို့ မနွမ်းစေချင်



ခင်ဗျားက ကျုပ်အကြောင်း
စိတ်ဝင်စားတယ်ပေါ့။
ခင်ဗျားက စာရေးဆရာ
လား၊ အေးလေ
စိတ်ဝင်စားတယ်
ဆိုရင်တော့ ပြောရတာ
ပေါ့ဗျာ။ ဒါပေမဲ့
ကျုပ် အကြောင်းကို
ခင်ဗျား ရေးရဲပါ့မလား။
ကျုပ်က လောကကြီးကို
အကြေးလှန်မှာဗျ။
ဟင်၊ လန့်စရာကြီး
နော်။ ခင်ဗျား
ထိတ်သွားသလား။
ကျုပ်ပြောမှာက
ကျုပ်မိဘ
အကြောင်းပါဗျာ။ ဒါပေမဲ့
ခင်ဗျားတို့ စာရေးဆရာတွေ
စိတ်ထဲက မပါဘဲ
လူကြားကောင်းအောင်၊
ဖတ်ကောင်းအောင်
ရေးနေကြတဲ့ 'မိဘ
ကျေးဇူး မြင်းမိုရ်ဦး' တို့၊
'ကျေးဇူးကြီးလှ မိနဲ့ဖ' တို့
ဆိုတဲ့ စကားတွေနဲ့
ဆန့်ကျင် ဘက်ကို
ပြောမှာမို့လို့ အကြေး
လှန်မယ် ပြောတာပါ။ ငရဲ
အကြီးခံပြီး လုပ်ကြံပြောမှာ
မဟုတ်ဘူးနော်။
ကျုပ်ကိုယ်တွေ့
ဖြစ်ရပ်မှန်ကို ပြောပြမှာ။
ကိုင်း နားထောင်။

❑

ကျုပ်ကို မွေးတုန်းက
တော့ အဖေ၊ အမေ
စုံစုံညီညီပါပဲ။ အဖေ အမေ
နာမည်တွေကိုတော့
မပြောချင်တော့ပါဘူးဗျာ။
ခင်ဗျားဘာသာ
အဆင်ပြေသလိုသာ
မှတ်လိုက်တော့။ အဲ
ဓနစကား ပြန်ဆက်ရရင်



www.burmeseclassic.com

www.burmeseclassic.com



ကျွပ် သုံးနှစ်သားလောက် အရောက်မှာ အဖေက
သူငယ်ချင်းဦးဆိုတဲ့ မိန်းမတစ်ယောက်ကို ခိုးပြေးတယ်
ဟော မကြာဘူး၊ အဖေ ခိုးပြေးတဲ့ မိန်းမရဲ့ယောကျ်ားက
ကျွပ်အမေကို လာခိုးသွားပြန်တယ်၊ အလဲအထပ်
လုပ်လိုက်တဲ့သဘောပဲ

၂၀၀၇ မတ် ရွှေအမြုတေ ရုပ်စုံမဂ္ဂဇင်း၊ သရု

www.burmeseclassic.com

www.burmeseclassic.com

ကျုပ်ကို မိစုံ ဖစုံနဲ့ မွေးခဲ့တယ်။ ဒါပေမဲ့ ကျုပ် သုံးနှစ်သားလောက် အရောက်မှာ အဖေက သူ့ငယ်ချစ်ဦးဆိုတဲ့ မိန်းမတစ်ယောက်ကို ခိုးပြေးတယ်။ ဟော မကြာဘူး၊ အဖေ ခိုးပြေးတဲ့ မိန်းမရဲ့ ယောကျ်ားက ကျုပ်အမေကို လာခိုးသွားပြန်တယ်။ အလဲအထပ် လုပ်လိုက်တဲ့သဘောပဲ။ ပြောတာကတော့ "သူ့ငယ်ချစ်မို့" တဲ့။ ခင်ဗျား မရယ်နဲ့။ ဒါတကယ်ဖြစ်တာ၊ ပုံပြင် မဟုတ်ဘူး။

အဲလို အဖေနဲ့အမေက အိုးရွဲ့ကို စလောင်းရွဲ့နဲ့ဖုံးတာလား၊ ငယ်ချစ်မို့ မပစ်နိုင်တာလား မပြောတတ်တဲ့ အချိုးချိုးသွားတော့ သားဖြစ်တဲ့ ကျုပ်မှာ မိစုံဖစုံ ဘဝကနေ ချက်ချင်း ရာထူးလျှော့ပြီး လောကအလယ် မျက်နှာငယ်လေးနဲ့ ကျန်ခဲ့ရတာပေါ့ဗျာ။ ဘယ်သူက မွေးရတုန်းဆိုတော့ အဘိုးနဲ့အဘွားပေါ့။ အစကတည်းက အဖေနဲ့ အမေက အဘိုးအဘွား အိမ်မှာပဲ နေခဲ့ကြတာကိုး။

ပြောရရင် အဘိုးက ပန်းပဲဆရာ။ ကိုရီးယား ဂျူမုံကားထဲက ပန်းပဲဆရာ မိုဖားမိုလို ဖြစ်ဖြစ်မြောက်မြောက် မဟုတ်ပါဘူး။ ရွာကငယ်လို့ ဓား၊ ပေါက်ပြား အပ်မယ့်သူ မရှိပါဘူးဆို အဘိုးက ဘိန်းလည်း စားသေးဆိုတော့ သူ့ပန်းပဲအလုပ်က တစ်ပတ်နေလို့ ဓားတစ်လက် အပ်မယ့်သူ မရှိဘူး။ မရှိတာလည်း မပြောနဲ့။ ပေါက်ပြား၊ ဓား လာအပ်တဲ့ သူခမျာ အပ်ပြီးရင် သူ့ဓား၊ ပေါက်ပြားရပါမယ့်အကြောင်း အိမ်ကို ရေ

&SBfvM pma&;q&mawG pwvfxuloryfboJ vl Mumaumif;at;mif zwfaumif;at;mif a&;aeMuwh ]rbbausZJ jrif;frMOD wM ]ausZJbuDvS reD}wM qbwh pum;awGY qeUsi;buf;uM ajymrfrfwM t aMu;v&f,f ajymvvmyg

ထွက်အောင် လာပြီး အဘိုးကို လောဆော်ရတယ်။ ဘယ်လောက်ပဲ လောဆော် လောဆော် အဘိုးက အေးဆေးပဲ။ လေအေးလေးနဲ့ "အေးပါကွ ငါ့တူရ ရမှာပါ။ မနက်ဖြန်လာယူ" ဆိုတဲ့ ရက်ချိန်းကိုပဲ ဘိန်းမှိန်းရင်းပေးတတ်တယ်။ အဘိုးရဲ့ မနက်ဖြန်ကလည်း ဘယ်တော့မှ မဆုံးဘူး။

နောက်တစ်နေ့လာတော့လည်း "မနက်ဖြန်မှလာခဲ့" လို့ ထပ်ပြီး ရက်ချိန်းပေးပြန်ရော။ နောက်ဆုံး လာအပ်တဲ့သူက "လုပ်ပါဗျာ၊ ကျုပ်က အရေးကြီးလို့ပါ၊ ဖိုဆွဲပေးပါ့မယ်" ဆိုပြီး အတင်းဆွဲခေါ်၊ ဖားဖိုဆွဲပေးမှ အဘိုးက ပေါက်ပြားဆေးတာ၊ ဓားသွေးတာ ထ,လုပ်ပေးသဗျ။

ပေါက်ပြား၊ ဓား လာအပ်သူက နေ့စဉ် လာရတာလည်း အကြောင်းရှိတယ်။ အဘိုးချိန်းလိုက်တဲ့ တစ်ပတ်လောက် ဆိုတာကို တကယ်ထင်ပြီး အဲဒီအချိန်ကျမှ လာယူလို့ကတော့ ဆုံးပြီသာမှတ်ပေရော့။ အဘိုးက သူ့စိတ်ကူးပေါက်ချိန် ထ,လုပ်ပြီး ရောင်းစားပစ်တာကိုး။ ဒါကြောင့် ပစ္စည်းအပ်ပြီးရင် နေ့စဉ် လာကြည့်နေရတယ်။ လုပ်ပေးအောင် လောဆော်ရတယ်။ သည်နား ရွာနီးချုပ်စပ်မှာတောင် တစ်ခုတည်းရှိတဲ့ ပန်းပဲဖိုဆိုတော့လည်း လူတွေမှာ မချစ်သော်လည်း အောင့်ကာနမ်းရသပေါ့။ ကိုယ့်ပစ္စည်းရောင်းစားရပါ့မလားဆိုပြီး စိတ်ဆိုးလို့လည်း မရဘူး။ အဘိုးက လာယူသူ သနားသွားအောင် "ကိုရင်ရဲ့၊ ငါ့တူရဲ့" ဆိုတဲ့ လေပျော့လေးသုံးပြီး ချော့လွှတ်တတ်တာကိုး။ အဘိုးက ဘိန်းစားမို့လား မသိဘူး အပြောကတော့ ဘယ်သူ့ကို မဆို ချိုတယ်။

ပြောချင်တာက အဘိုးရဲ့ အဲဒီလို သစ္စာမရှိ၊ ကတိမတည်တဲ့ အကျင့်ဆိုးကြောင့် ပြောခဲ့သလို ဓား၊ ပေါက်ပြား အပ်မယ့်သူလည်း မရှိပါဘူး။ အလုပ်သာ မည်မည်ရရမရှိတယ် မွေးထားတဲ့ သားသမီးတွေကတော့ ဗုံစီထားသလိုပဲ။ များလိုက်တာ။ သည်တော့ ဆန်တွင်းကနက်မှနက်ပဲဗျို့။ ကျုပ်အဖေရဲ့ အထက်မှာ အစ်ကိုနှစ်ယောက်ရှိတယ်။ သူတို့ကလည်း အလုပ်က နွားကျောင်း၊ ထင်းခွေပဲရှိတာ။ မိန်းမကတော့ ကိုယ်စီဗျ။ မွေးလိုက်တဲ့ ကလေးတွေကလည်း များမှများ။ အိမ်ခွဲနေတယ်ဆိုပေမဲ့ မရှိလို့ ဆန်ကွဲကျို၊ ငါ့တစ်ယောက်မလောက်ဆိုသလို အမွဲတကာ့ ထွတ်ခေါင် ဖွတ်မင်းနောင် အဘိုးအဘွားအိမ် လာနိုက်သေးတော့ ကျွန်အောက် သပေါက်အဆင့်ရှိတဲ့ ကျုပ်ရဲ့ငယ်ဘဝဟာ ငတ်တစ်လှည့် ပြတ်တစ်လှည့်ပါပဲဗျာ။

ငတ်တာချင်း အတူတူမှာ ကျုပ်က ပိုပြီး မျက်နှာငယ်ရတယ်။ အားကိုးစရာ မိဘမှ မရှိဘဲကိုး။ အဖေနဲ့ အမေက ခုလို လင်ပေး မယားယူလုပ်တမ်း ကစားသွားတော့ ရွာထဲမှာလည်း ဟိုးလေးတကျော်ကျော်ပေါ့။ အဘိုးအိမ်မှာတော့ ဒီကိစ္စအကြောင်းပြုပြီး ကျုပ်မှာ အနှိမ်ခံရဖြစ်ရတယ်။ ဦးလေးတွေ၊ အဒေါ်တွေက ဝိုင်းပြီး နှိမ်ကြတာ။ မောင်နှမဝမ်းကွဲတွေလည်း ပါတယ်။ အမှန်တော့ သူတို့ကလည်း ဘာမှ လက်ကြောတင်းအောင်လုပ်စားသူတွေ မဟုတ်ပါဘူး။ မှုလတန်းတောင် ပြီးအောင် မနေကြဘဲ အဘိုးအိမ်မှာ ယောင်ဝါးဝါးလုပ်နေကြသူတွေပါ။ ဒါကိုများ ကျုပ်လုပ်လို့ တစ်ခုခုမမှားလိုက်နဲ့ "ဒီကောင်က သောက်သုံးကို မကျဘူး။ ဘယ်ကျမလဲ၊ သူ့အမေကိုယ်တိုင်က သောက်သုံးမှ မကျတာ" ဆိုတာမျိုး အမြဲအပြောခံရတယ်။ ဒါတင်မကဘူး။ တစ်ခါတလေကျ



www.burmeseclassic.com

www.burmeseclassic.com

ဒီကောင်က ဂြိုဟ်ကောင်ကွ၊ သူ့မွေးပြီးမှ သူ့အဖေနဲ့အမေ ကွဲတာ" ဆိုပြီး မဆိုင်တာ ဆွဲစပ်လို့ နှိမ်ကြတတ်သေးတယ်။ သူတို့အလယ်မှာ ကျုပ်ဟာ ဟားစရာ သတ္တဝါကြီးကိုဖြစ်လို့။

ခင်ဗျား စဉ်းစားကြည့်စမ်းပါ။ အဖေနဲ့အမေတို့က သူတို့ဘာသာ ကြည်ဖြူလို့ အချင်းချင်း အလဲအထပ်လုပ်တာ ကျုပ်နဲ့ ဘာဆိုင်သလဲ။ ဒါ မဆီမဆိုင် လက်ပံသား ဓားနဲ့ချိုင်တာ မဟုတ်ဘူးလား။ ကျုပ်မှာ အဲဒီစိတ်ခံရှိလို့ ငယ်ငယ်ကတည်းက လူဆိုးလေးဖြစ်ခဲ့တယ်။ ကျုပ်အပေါ် သက်သက်ညှာညှာ ဆက်ဆံတတ်တာက အဘိုးနဲ့ အဘွားပဲ။ ပြောသာပြောရ၊ သူတို့လည်း မနိုင်ပါဘူး။ ဘယ်နိုင်ပါ့မတုံး အဘိုးအဘွားပိုင်ဆိုလို့ ဒီအိမ်စုတ်နဲ့ ခြံဝိုင်းလေးပဲရှိတာ။ လယ်၊ ယာဆိုလို့ ပေါင်တစ်ကားစာတောင် မရှိဘူး။ ဒီအနေအထားနဲ့ ဘယ်လိုစားသောက်သလဲ ဟုတ်လား။ ရှင်းရှင်းပြောရရင် ဒီလိုပဲ ရှာကြံစားတာပေါ့ဗျာ။

နွားကျောင်းကြ၊ ထင်းခွေကြ၊ သူများအိမ်သွားပြီး သူတို့ခိုင်းတာလုပ်၊ ပေးတာလေး ယူလာ ချက်ပြုတ်စား ဒီလိုပဲ နေလာကြတာ။ အဲ ကျုပ်အဖေကတော့ နည်းနည်းစွမ်းတယ်။ သူက ရထားပေါ်မှာ ဈေးလိုက်ရောင်းတယ်လေ။ မနက်လော်ကယ်ရထားနဲ့ ကျောက်ပန်းတောင်းလိုက်၊ အပြန်ကျ စာပို့ရထားနဲ့ပြန်လာ။ သူ့အလုပ်က မဆိုးဘူးပဲ။ ဒါလည်း နောက်အိမ်ထောင်နဲ့မှ လုပ်တာပါ။ အစကတော့ ဟေးလားဝါးလားပါပဲ။ အဖေနဲ့အမေက လင်ယူမယားပေး အလဲအထပ်လုပ်ပြီးလည်း ရွာမှာပဲ နေကြတယ်။ အဖေက ကျုပ်ကိုတွေ့ရင်တော့ မုန့်ဖိုးပဲဖိုးလေး ပေးတတ်တယ်။ ဒါလည်း တောင်းမှပါဗျာ။ အဲ တောင်းတိုင်းလည်း မပေးပါဘူး။ မပေးခင် ညည်းလိုက်တာက ချူသံပါလို့။ ဒါကြောင့် သိပ်မတောင်းဖြစ်ပါဘူး။

အမေကတော့ ဒယ်က ခုန်ဆင်း၊ မီးပုံတွင်းလို့ ပြောရမှာပေါ့။ သူယူတဲ့ငယ်ချစ်ဦးက အစကတည်းက လက်ကြောတင်းတာမှ မဟုတ်တာ။ ဒီတော့ အမေက ကျုပ်ကို ဘာမှမထောက်ပံ့နိုင်ပါဘူး။

ကျုပ်က လေးတန်းအထိတော့ နေဖူးပါတယ်။ ဒါလည်း ပိန်လိမ်ပြီး နေရတာပါ။ မပျော်ပါဘူး။ ပျော်စရာမှ မရှိတာ။ ကျုပ်ဘဝက အိမ်မှာလည်း အနှိမ်ခံရ၊ ကျောင်းမှာလည်း အနှိမ်ခံရတဲ့ ဘဝလေ။ ဒါကြောင့် လေးတန်းကို ဆုံးအောင် မနေတော့ဘဲ ထွက်လိုက်တယ်။ ရွာလယ်က ဦးကြံတိုင်း ကုန်စုံဆိုင်မှာ တောက်တိုမည်ရ အလုပ်ကလေးတွေ လုပ်ပေးပြီး သူတို့ကျွေးသမျှစား၊ ညကျမှ အိမ်ပြန်ပေါ့။ တစ်ခါတလေ အိမ်တောင် မပြန်တော့ပါဘူး။ ဦးကြံတိုင်း အိမ်အောက်က တန်းလျားမှာ ပုဆိုးခြုံပြီး အိပ်ပစ်လိုက်တော့တယ်။ ကျုပ်က ပြောရရင် မိဘကိုသာ စိတ်နာတာမဟုတ်ဘူး။ ရွာကိုလည်း စိတ်နာတယ်။ အလွန်မြေနိမ့်ရာ လှံစိုက်တဲ့သူတွေ။ ကြည့်ဗျာ။ မိဘတွေချန်ထားခဲ့လို့ မျက်နှာငယ်လေးနဲ့ ကျန်ခဲ့တဲ့ ကျုပ်ကို သနားမလား အောက်မေ့ပါတယ်။ မသနားတဲ့အပြင် ကျုပ်ကို အရာမသွင်းသလို ဆက်ဆံတယ်။ သူတို့အိမ် ကျုပ်သွားရင် ကျုပ်ကပဲ တစ်ခုခု ခိုးတော့မှာလို မသင်္ကာတဲ့ မျက်လုံးနဲ့ ကြည့်ကြတယ်။ မောင်းထုတ်ကြတယ်။ ကောင်းကောင်းမွန်မွန် ဆက်ဆံသူရယ်လို့ တစ်ယောက်မှ မရှိဘူး။ ကျုပ် ပြောရင်း ဒေါသထွက်တယ်။ သူတို့က လူတစ်ယောက်ကို မဆိုးဆိုးအောင် ဝိုင်းပြီး တွန်းပို့နေကြတာဗျ။

သူတို့က အဲလိုလုပ်တော့ ကျုပ်ကလည်း သူတို့ ဖြစ်စေချင်သလိုပဲ နေလိုက်တယ်။ ငတ်နေတာလည်း ပါတော့ စားချင်တာတွေ့ရင် ခိုးစားတာပဲ။ မိရင် အရိုက်ခံလိုက်တယ်။ နောက်တစ်ခါ စားချင်တော့ ထပ်ခိုးပေါ့။ ကျုပ်အကျင့်က မနိုင်ရင် အရိုက်ခံတယ်။ နိုင်လောက်ရင် ဖက်လုံးတယ်။ "ငါ့အဘိုးနဲ့ တိုင်မယ်ကွ"၊ "ငါ့အဖေခေါ်လာမယ်ကွ" လို့ အားကိုးမရှာဘူး။ ရှာစရာ အားကိုးလည်း ရှိမှမရှိတာ။ ဒါကြောင့် ကျုပ်က ငယ်ငယ်ကတည်းက လူဆိုးပါဆို။ "အဖေလည်းလာမပြောနဲ့"၊ "အမေလည်း လာမဆုံးမနဲ့" ပဲ။ သူတို့တောင် သားလုပ်သူရဲ့ မျက်နှာ မငဲ့ဘဲ လင်သစ်၊ မယားသစ် ယူကြသေးတာပဲ။ ခုမှ "ငါက အဖေကွ"၊ "ငါက အမေဟဲ့" လာမလုပ်နဲ့။ ကျုပ်နားမထောင်နိုင်ဘူး။

ဒီလိုနဲ့ လူဆိုး၊ လူပေဘဝနဲ့ပဲ ကျုပ် ကြီးပြင်းလာခဲ့တယ်။ ကျုပ်ငယ်ငယ်က နှိမ်ပြီး ဆက်ဆံခဲ့တဲ့ ရွာသူ ရွာသားတွေကလည်း ကျုပ်အရွယ်ရောက်လာတော့ ကြောက်လာကြဟန်တူတယ်။ ရှုံ့ကြောက်ကြီးပေါ့။ ကျုပ် တောင်းရင် မျက်နှာချိုသွေးပြီး မသဒ္ဒါရေစာပေးကျွေးပါတယ်။ ကျုပ်ကလည်း အလကား မတောင်းပါဘူးဗျာ။ သူတို့အိမ်တွေမှာ တတ်နိုင်သမျှ လုပ်ကိုင်ပေးပါတယ်။ ဒါပေမဲ့ ကျုပ်သိတယ်၊ သူတို့က ကျုပ်ကို မလိုလားမှန်းကို။ ဒါကြောင့် တစ်ခါတလေကျ အရက်သောက်ပြီး ကျုပ်ရဲ့ ခံစားချက်တွေကို အော်ဆဲဖွင့်ထုတ်ပစ်တယ်။

ဒီလောက်တောင် မကောင်းတဲ့ လူတွေဆိုပြီးပေါ့။ ကိုယ့်ကိုယ်ကို သတ်သေချင်စိတ်တောင် ပေါက်မိတယ်။ တကယ်။ ကျုပ်တို့နိုင်ငံမှာလည်း သူများနိုင်ငံတွေလို ကိုယ့်ဘာသာ သတ်သေသူတွေ များလာပြီမဟုတ်လား။ နောင်ခါလာ နောင်ခါဈေး၊ လောလောဆယ်တော့ လက်ရှိဒုက္ခက အေးသွားမှာပဲလေ။ ကဲ စာရေးဆရာကြီး ပြောပါဦး။ ကျုပ် ဘယ်လမ်းရွေးရမလဲ။ နေလမ်းလား၊ သေလမ်းလား၊ ပြော။

❑

ရှင်က ကျုပ်အကြောင်း စိတ်ဝင်စားတယ်ပေါ့။ ရှင်က စာရေးဆရာလား။ အေးလေ၊ စိတ်ဝင်စားတယ်ဆိုရင်တော့



www.burmeseclassic.com

www.burmeseclassic.com

ပြောရတာပေါ့။ ဒါပေမဲ့ ကျွန်မအကြောင်းကို ရှင်ရေးရဲပါ့မလား။ ကျွန်မက လောကကြီးကို အကြေးလှန်မှာရှင့်။ ဟင်၊ လန့်စရာကြီးနော်။ ရှင်ထိတ်သွားသလား။

ကျွန်မ ပြောမှာက ကျွန်မရဲ့မိဘအကြောင်းပါ။ ဒါပေမဲ့ ရှင်တို့ စာရေးဆရာတွေ စိတ်ထဲကမပါဘဲ လူကြားကောင်းအောင်၊ ဖတ်ကောင်းအောင် ရေးနေကြတဲ့ 'မိဘကျေးဇူး မြင်းမိုရ်ဦး' တို့၊ 'ကျေးဇူးကြီးလှ မိနဲ့ဖ' တို့ ဆိုတဲ့ စကားတွေနဲ့ ဆန့်ကျင်ဘက်ကို ပြောမှာမို့လို့ အကြေးလှန်မယ် ပြောတာပါ။ ငရဲကြီးခံပြီး လုပ်ကြံပြောမှာ မဟုတ်ဘူးနော်။ ကျွန်မကိုယ်တွေ့ ဖြစ်ရပ်မှန်ကို ပြောပြမှာ။ ကိုင်း၊ နားထောင်။

❑

ကျွန်မအဖေနဲ့အမေ မင်္ဂလာဆောင်တုန်းကတော့ အကြီးအကျယ်ဆိုပဲ။ မိဘပေးစားလို့မဟုတ်ဘဲ သူတို့ချင်းချစ်လို့ ယူခဲ့ကြတာတဲ့။ ဒါပေမဲ့ ကျွန်မ သုံးနှစ်သမီးလောက်မှာပဲ လင်မယားချင်း ကွဲကြတယ်။ မကြာဘူး။ အဖေက လိမ်လည်မှုနဲ့ ထောင်သုံးနှစ်ကျသွားပါရော။ ကျွန်မကတော့ အမေနဲ့ပဲပေါ့။ အမေ့ရဲ့ အမေ(အဘွား)အိမ်မှာ နေကြတာ။ ပြောရဦးမယ်။ အဖေနဲ့ အမေ ကွဲသွားချိန်မှာ အမေ့အသက်က နှစ်ဆယ်ကျော်လေးပဲ ရှိသေးတယ် ပြောတယ်။ ပြောရရင် ဖလန်းဖလန်း ထ,တဲ့အရွယ်ပေါ့။ အလုပ်က စာရေးမ။ ဝတ်လိုက်စားလိုက်တာများ ပျံလန်နေတာပဲ။ မသိတဲ့သူက

**pdwfP&m**
**temw&awGY**
**Bufyifvmcbwvh**
**rifwb**
**Epfa, muftd**
**todv;**
**ay;csifvmu**
**]rEKó w**
**bmaOg'kvabm}**
**vbO**
**&cvlv, fqhbwvh**
**pumav;ygJ**
**acguf&Gifyf H**
**avmu"bqhbwvh**
**qbv;vbd**
**b0qbm**
**ubHumifcifeY**
**ubjfcif**
**wpfvBpfpD**
**vmaewmrbd**
**pdwfmwfusbJ**
**avmiEbdmapcsif**
**ygw, f**

အပျိုထင်လောက်တယ်။ ထင်အောင်လည်း နေတာလေ။ စာရေးမ လစာလေးနဲ့ ဒီလို ဝတ်စားနေတယ် ဆိုကတည်းက ရှင့်အတွက် စဉ်းစားစရာ ဖြစ်နေပြီပေါ့၊ ဟုတ်ဘူးလား။ မိဘလား၊ မချမ်းသာပါဘူး။ နေနိုင် စားနိုင်ရုံပါ။ ဒီခေတ်ကုန်ဈေးနှုန်းကလည်း ရှင်သိတဲ့အတိုင်းပဲလေ။ ဒါဆို အမေ ဘယ်က ပိုက်ဆံတွေ ရလို့ ဝတ်စားနေနိုင်တာလဲ၊ စဉ်းစားစရာ။ ရှင်ထင်တာမှားပါတယ်။ အမေက လူရောင်းပြီးတော့ ဝင်ငွေမရှာပါဘူး။ သူက အစိုးရအလုပ်လုပ်တာလေ။ ဆင်ခြင်ရမှာပေါ့။ ဟုတ်တယ်။ အကြွေးနဲ့ ဝယ်တာ။ အမေ့မှာ အကြွေး ပတ်လည်ဝိုင်းနေတာပဲ။ ဒါပေမဲ့ အမေက အပြုံးမပျက်ဘူး။ သူ့နည်းသူ့ဟန်နဲ့ လှည့်ပတ်ယူ၊ လှည့်ပတ်ဆပ်နေတာပဲ။ အဘွားကပြောလည်း ပြောပြောပဲ။

ကျွန်မကတော့ အများအားဖြင့် မူကြိုမှာပဲ အချိန်ကုန်ခဲ့ရတယ်။ အမေက ရုံးပိတ်ရက်မှာတောင် အိမ်မှာ မထားဘူး။ ဒေါ်ပုကြီး မူကြိုကို ပို့ထားတာ။ အဘွားကလည်း 'ဒီကောင်မလေးအိမ်မှာရှိရင် ငါကောင်းကောင်း မနေရဘူး။ ပိုက်ဆံပိုပေးရင် ပေးလိုက်၊ မူကြိုသာ ပို့ထား' တဲ့။ ကျွန်မနေရာက စဉ်းစားကြည့်ပါဦး။ ကျွန်မ ဘယ်လောက် မေတ္တာငတ်လိုက်မလဲဆိုတာ။ ပြောရရင် အမေ့ဆီ ကပ်ချင်တာပေါ့၊ အဘွားဆီမှာပဲ နွဲ့ချင်တာပေါ့။ ဒါပေမဲ့ ကပ်ခွင့်၊ နွဲ့ခွင့် မရခဲ့ပါဘူး။ အိမ်မှာနေရင်လည်း အရုပ်ကလေးတွေနဲ့ပဲ ကစားရတယ်။ အရုပ်ကလေးတွေကိုပဲ စကားပြောရတယ်။

ကျွန်မကို အမေနဲ့ အဘွားက မကြည်တာ အဖေရဲ့ မိဘတွေကြောင့်လည်း ပါတယ်။ အဖေ့ဘက်က အဘိုးအဘွားတွေက အမေနဲ့ ယူကတည်းက သဘောမတူဘူးတဲ့။ သူတို့သားက ပြောမရလို့သာ။ အခု လင်မယားကွဲပြီး သူတို့သား ထောင်ကျသွားတော့ အမေ့ကို အပြစ်ပြောတာပေါ့။ ဒါကို အမေနဲ့ အဘွားက သိပ်နာတယ်။ အိမ်ချင်းကလည်း နီးနေတော့ တစောင်စောင်လေ။ ကြားထဲက ကျွန်မက ကြားညပ်တာပေါ့။ ကျွန်မက တစ်ဖက် အဘိုးအဘွားအိမ်တွေကိုလည်း သွားချင်တယ်။ အမေက သွားခွင့်မပြုသလို တစ်ဖက် အဘိုးအဘွားကလည်း ကျွန်မလာတာကို သဘောမတွေ့ကြပါဘူး။ လိုလိုလားလား မရှိကြပါဘူး။ တော်သေးတာက အဖေ ထောင်ကျသွားတာ ကျွန်မကြောင့်လို့ မပြောကြတာပဲ။ အဲဒီလို သာ ပြောခဲ့ရင် ကျွန်မအတွက် နူရာဝဲစွဲ၊ လဲရာ သူခိုးထောင်း အဖြစ်နဲ့ မျက်နှာငယ်ရဦးမှာလေ။

သေချာစဉ်းစားတော့ ကျွန်မမှာ ဘာအပြစ်ရှိလို့လဲ။ သူတို့သဘောနဲ့သူတို့ ယူကြ၊ စိတ်ချင်းမတူလို့ ကွဲကြတာလေ။ ကျွန်မ ပယောဂ ဘာရှိသတုံး။ ဒီလိုတွေပြောချင်ပေမဲ့ မပြောရဲပါဘူး။ အမေက ဆူရင်၊ အဘွားက ငေါက်ရင် မျက်နှာငယ်လေးနဲ့ ချောင်ကပ်ပြီး မျက်ရည်ကျရုံကလွဲပြီး ကျွန်မအတွက် ဘာအခွင့်အရေးမှ မရှိပါဘူး။ ပျော်စရာဆိုလို့ ကျောင်းသွားနေရချိန်လေးပဲ ရှိတယ်ပြောပါတော့။ ဒါလည်း အပြည့်အဝတော့ မဟုတ်ပါဘူး။ အမေ့အရိပ်က ခဏလွတ်လို့ အဘွားမျက်ကွယ်မှာ စိတ်လွတ်လပ်ပေါ့ပါးစွာ နေရလို့ ပျော်တယ် ပြောတာပါ။ သူငယ်ချင်းတွေကြားမှာလည်း ကျွန်မ အနှိမ်ခံရတာပါပဲ။ ကိုယ်က Broken Family ထဲက သားကောင်တစ်ယောက် မဟုတ်လား။ နေမြင့်လေ အရှူးရင့်လေ ဖြစ်လာတဲ့ ကျွန်မ အခု



www.burmeseclassic.com

www.burmeseclassic.com

တော့ မကုန်နိုင်တဲ့ အဲဒီသော ကတွေ မခံစားနိုင်တော့လို့ ကိုယ့်ဘာသာကိုယ် သတ်သေရကောင်းမလားတောင် စိတ်ကူးမိတယ်။ သောကနဲ့ မွန်းကျပ်မှုတွေကြားက ကျွန်မအတွက် ဖြေစရာရယ်လို့မှ မရှိတာကိုး။ ကဲ စာရေးဆရာကြီး ပြောပါဦး။ ကျွန်မ ဘယ်လမ်းကို ရွေးသင့်သလဲ။ နေလမ်းလား၊ သေလမ်းလား ပြော။

❑

လောကရဲ့ သဘောအရ ခြွင်းချက်ဆိုတာ ရှိစမြဲပါ။ သားသမီးအတွက် ကိုယ့်အသက်ကိုတောင် အသေခံပေးဆပ်ရဲတဲ့ မိဘတွေ ရေတွက်မကုန်အောင် ရှိနေသလို အခြေအနေအရ ကမ္ဘာ့မီးလောင် သားကောင်ချနင်းကြရတဲ့ မိဘတွေလည်း ရှိနေတာ အမှန်ပါ။ ပြဿနာတစ်ခုကြုံလာရင် ကိုယ်သာ ကံအဆိုးဆုံးလို့ ထင်တတ်ကြတာကလည်း လူ့သဘာဝတစ်ခုလို့ ပြောရမှာပါ။ လူလားမမြောက်မီကတည်းက စိတ်ဒဏ်ရာ အနာတရတွေနဲ့ ကြီးပြင်းလာခဲ့ရတဲ့ မင်းတို့နှစ်ယောက်ကို အသိလေးပေးချင်တာက 'မနုဿတဘာဝေါ ဒုလ္လဘော' လူ့ဘဝရခဲတယ်ဆိုတဲ့ စကားလေးပါပဲ။ ခေါက်ရှာငှက်ပျံ လောကခံဆိုတဲ့ ဆိုရိုးလေးလို ဘဝဆိုတာ ကံကောင်းခြင်းနဲ့ ကံဆိုးခြင်း တစ်လှည့်စီ လာနေတာမို့ စိတ်ဓာတ်မကျဘဲ တောင့်ခံထားစေချင်ပါတယ်။ ဘဝဆိုတာ အမြဲတမ်း လင်းမနေသလို အမြဲတမ်းလည်း မှောင်မနေနိုင်ပါဘူး။ အလင်းအမှောင်ဆိုတာ တစ်လှည့်စီလာနေကြတာ မဟုတ်လား။

ကိုယ့်ဘဝ အမှောင်ဖုံးနေရာက အမြန်ဆုံး လွတ်မြောက်ဖို့ကတော့ လက်ရှိဘဝမှာ စိတ်ကောင်း၊ နှလုံးကောင်းလေး မွေးမြူပေးပါ။ ကိုယ်ချင်းစာပေးပါ။ ဘယ်သူ တရားပျက်ပျက် ကိုယ်ရောမပျက်ပါနဲ့။ တကယ်တမ်း အရင်းခံကျကျ တွေးကြည့်ရင် ရေပွက်ပမာ တစ်သက်လျာမျှရှိတဲ့ လူ့ဘဝမှာ ကိုယ်သာလျှင် ကိုယ့်ဘဝရဲ့ မာလိန်မှူးပါ။ ဦးဆောင်ပဲ့ကိုင်သူပါ။ မွေးတော့လည်း တစ်ယောက်တည်းဖြစ်သလို သေတော့လည်း တစ်ယောက်တည်းပါပဲ။ လူ့ဘဝခရီးရှည်ကြီးကို လျှောက်လှမ်းရာမှာလည်း ကိုယ်သာလျှင် အဓိက ပဓာနပါ။ ဒီလို အမှန်မြင်တတ်မယ်ဆိုရင် တစ်ယောက်တည်းသမားဆိုပြီး စိတ်အားငယ်စရာ မရှိပါဘူးကွာ။

ဒါပေမဲ့ နှလုံးသားနုနုမှာ အသားတံဆိပ်ခတ်နှိပ်သလို စွဲထင်ရတဲ့ စိတ်ဒဏ်ရာတွေကြောင့် ဘဝတစ်ခုလုံး ကိုယ့်ကိုယ်ကို ယုံကြည်မှုအားနည်းတာ၊ အရာရာ လိပ်ပြာမလုံတာ စတဲ့ အားနည်းချက်တွေကိုတော့ မင်းတို့ဘဝတစ်လျှောက်လုံး ခံစားသွားရမှာ အမှန်ပဲ။ ဟင်။ ခင်ဗျားက ဘာလို့ သိတာလဲ၊ ဟုတ်စ။ ငါသိတာပေါ့ကွာ၊ စာရေးဆရာဆိုတဲ့ ငါလည်း ငယ်ငယ်ကတည်းက မိဘညီအစ်ကိုတွေကြားမှာ အနှိမ်ခံ၊ အပစ်ပယ်ခံနဲ့ နေခဲ့ရသူလေ။ ■

**ခန့်ကျော်ထင်လှိုင်**

(လှိုင်ကော်)




ဓားရိုးကမ်း၊ စာအုပ်ဟာ ဗီယက်နမ်စစ်ပွဲအတွင်း၊
သူလျှိုများရဲ့ ခြေရှုပ်ခဲ့မှုများ၊ အမေရိကန်တို့ရဲ့ ရက်စက်တဲ့
စစ်ရေးများ။ တောင်မြောက် ဗီယက်နမ်တို့ရဲ့
ပြင်းထန်တဲ့တိုက်ပွဲများကို အခြေခံ ရေးထားပါတယ်၊
ဒီစာအုပ်ထွက်လာတဲ့အခါ
တစ်ကမ္ဘာလုံး လှုပ်လှုပ်ရှားရှား
ဖြစ်ခဲ့ရပါတယ်၊ အရှေ့တောင်အာရှမှာ၊
စာရေးဆရာများရဲ့စာအုပ်တွေထဲမှာ
အကောင်းဆုံးတစ်အုပ်လို့တောင် အင်ဒီပန်းဒန့်
သတင်းစာကြီးကနေ ချီးကျူးခဲ့ပါတယ်၊
အထူးခြားဆုံးကတော့ ၂၀၁၆ ခုနှစ်အတွက်
ပူလစ်ဇာဆုရရှိခဲ့ပါတယ်၊ ဗီယက်နမ်စစ်ပွဲကို
အမေရိကန်မှုပြုတယ်လို့ နိုင်ငံတကာအသိုင်းအဝိုင်းမှာ
ပြောဆိုကြပါတယ်၊
ဒါကို ယခုစာအုပ်ရေးသူ Viet Thanh Nguyen က
အခုစာအုပ်နဲ့ ပြောင်းပြန်လှန်ခဲ့ပါတယ်၊
ဗီယက်နမ်စစ်ပွဲကြီးရဲ့ဖုံးကွယ်ခံထားရတဲ့
အမှန်တရားတွေကို လှစ်ဟပြသခဲ့ပါတယ်၊
တစ်ကမ္ဘာလုံးသိထားတဲ့ ဗီယက်နမ်စစ်ပွဲပေါ်
အမြင်တွေကို ဗီယက်နမ်ပြည်သူတွေကိုယ်တား၊
အမှန်အတိုင်း ထုတ်ဖော်ပြသနိုင်ခဲ့ပါတယ်၊
ရာပြည့် မြန်မာပြန်ဆိုတဲ့ "ဓားရိုးကမ်း" စာအုပ်ကို
မှာယူလိုသူများအနေနဲ့ ဖုန်း ၀၉ ၂၅၀၀၉၁၉၁၃ သို့
ဆက်သွယ်ပြီးဖြစ်စေ၊ WE Distribution သို့
မက်ဆေ့ပေးပို့ပြီး ဖြစ်စေ မှာယူနိုင်ပါတယ်၊



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

# မငြိမ်းချမ်းသော ဇာတိမြေတစ်ခု၏ အမြန်ကောင်းရင်ဘိုသည်

## ဘိုမင်းကို

က။

'မြန်မာပြည်သား ဂေါ်ရခါးလူမျိုးများ' ဟူသော စတိတ်ခုံဘက်ဂရောင်း စာလုံးအပြင်အဆင်က သူ၏ စိတ်ဝင်စားမှုကို ပိုမိုမြင့်တက်လာစေသည်။ ထိုစကားစု၏ ဆွဲဆောင်မှုကြောင့်လည်း ဤပွဲသို့ ဆိုက်ဆိုက်မြိုက်မြိုက် သူရောက်ရှိလာခဲ့ခြင်းဖြစ်သည်။

ပွဲစီစဉ်သူများထဲမှ တစ်ဦးဖြစ်သူ ဂေါ်ရခါးလူမျိုး မစ္စတာပရာကတ်၏ ပြောကြားချက်အရ မြန်မာနိုင်ငံတွင် ဂေါ်ရခါးလူမျိုးဦးရေ သုံးသိန်းခန့်ရှိကြောင်း၊ အများစုမှာ ဟိန္ဒူဘာသာကို ကိုးကွယ်ကြကြောင်း၊ ၁၉၆၀ ပြည့်နှစ်များ ဝန်းကျင်က ကျော်ကြားခဲ့သော ဘောလုံးသမားကြီး ဗဟာဒူးမှာ ဂေါ်ရခါးလူမျိုးဖြစ်ပါကြောင်း၊ အောင်ဆန်းသူရိယဘွဲ့ ရရှိခဲ့သော 'ဆွတ်ဗဟာဒူးရိုင်း' မှာလည်း ဂေါ်ရခါးလူမျိုးပင်ဖြစ်ပါကြောင်း၊ မြန်မာ့တပ်မတော်၏ ခြေလျင်တပ်ရင်းတစ်ရင်းဖြစ်သော ခလရ(၄)ကိုလည်း ဂေါ်ရခါးလူမျိုး အများအပြား ပါဝင် စစ်မှုထမ်းခြင်းကြောင့် ဂေါ်ရခါးတပ်ဟုပင် နာမည်ကျော်ခဲ့ဖူးပါကြောင်း၊ ဂေါ်ရခါးလူမျိုးများ၏ မိခင်အရင်းအချာမြေမှာ နီပေါဖြစ်သော်လည်း ခရစ်နှစ် ၁၈၃၀ ခန့်ကတည်းက မြန်မာနိုင်ငံ၌ အခြေချနေထိုင်ခဲ့ခြင်းကြောင့် မြန်မာ့မြေကိုပင် အမိမြေအဖြစ် ကျေးဇူးတရား ထားရှိကာ 'မြန်မာနိုင်ငံသား ဂေါ်ရခါးလူမျိုးများ' ဟူသော စကားရပ်၌ မြန်မာနိုင်ငံ၏ ကျေးဇူးတရားကို အလေးအမြတ်ပြုပြီး 'မြန်မာနိုင်ငံသား' စကားလုံးကို ရှေ့မှာ ထားခြင်းဖြစ်ပါကြောင်းနှင့် ဂေါ်ရခါးလူမျိုးများသည် မိုးနိုတွယ်ငင်ရာ နိုင်ငံနယ်နိမိတ် ရေထု၊ မြေထု၊ လေထုတို့အပေါ် သစ္စာကြီးသူများဖြစ်ပါကြောင်း စသဖြင့် တိုင်းပြည်အနာဂတ်အတွက် စိတ်နှလုံးချမ်းမြေ့ဖွယ်ရာ ကြားသိရလေသည်။

□

ခ။

သူ၏ မိခင်ဘက်မှ အဘိုးဖြစ်သူမှာ ရှမ်းတိုင်းရင်းသားစစ်စစ်တစ်ဦးဖြစ်ပြီး အဘွားမှာ ဓနုတိုင်းရင်းသူစစ်စစ်တစ်ဦး ဖြစ်သည်။ ရှမ်းဓနုတိုင်းရင်းသူဖြစ်သော မိခင်က မုံရွာသား(အညာသား) ဗမာလူမျိုး ဖခင်ဖြစ်သူနှင့် အကြောင်းဆက် ပေါင်းဖက်မိသောအခါ 'ရှမ်းဓနုဗမာအညာ' သွေးပေါင်းစုံ ရောလျှက်ရှိသော(သူ အပါအဝင်) သား ၃ ယောက်ကို ကျွေးမွေးပြုစု စောင့်ရှောက်ကြရလေသည်။

သူက တစ်ဖန် ဖခင် ကယန်း (ကယားမဟုတ်၊ ကြေးကွင်းစွပ် ပဒေါင်လူမျိုး)နှင့် မွေးချင်းပေါက်ဖော် တရုတ်သွေးပါသော မိခင်တို့မှ ဖွားမြင်လာသော ကယန်းတရုတ်သွေးနှော အမျိုးသမီးနှင့် အိမ်ထောင်ဖက်ဖြစ်ကာ လူလောကသို့ သားနှစ်ယောက် ထပ်မံရောက်ရှိလာလေရာ သူ၏ သားများ ခန္ဓာကိုယ်အတွင်း၌ 'ရှမ်းဓနုဗမာ အညာတရုတ်ကယန်း' ဟူသော အမျိုးအစားသွေးများ ရောနှောလည်ပတ် စီးဆင်းနေပေလိမ့်မည်သာ ဖြစ်လေသည်။

□

ဂ။

'ခုနေခါ အမေရိကန်နဲ့ မြန်မာ စစ်ဖြစ်ရင် ကျွန်တော်က အမေရိကန်ဘက်က တိုက်ရမှာဗျ' ဆိုသော လက်ရှိ အမေရိကန်နိုင်ငံသားအဖြစ် ခံယူထားသည့် မြန်မာမိတ်ဆွေတစ်ဦး သူတွေ့ရှိခဲ့ဖူးသည်။

□

ဃ။

ရုရှားပြည်နယ်အတွင်းသို့ တစ်ဖက်နိုင်ငံ ဘင်္ဂလားဒေ့ရှ်မှ ခိုးဝင်လာသော ဘင်္ဂါလီများအရေးသည် အလွန်ကိုင်တွယ်ရခက်သော နိုင်ငံ့ပြဿနာတစ်ရပ်အဖြစ် ကျရောက်လျက်ရှိသည်။ ရေဖျဉ်းစွဲကပ်နေသော ဝေဒနာသည်တစ်ဦးကဲ့သို့ 'ဖောက်ထုတ်ရလည်းအခက်၊ လွှယ်ထားရလည်းလေး' ဖြစ်၍နေသည်။ ကမ္ဘာ့အဆင့် သတ်မှတ်ချက်အရ နိုင်ငံ ၂၁၅ နိုင်ငံတွင် အဆင့် ၂၀၃ သို့ ကျရောက်လျက်ရှိသော မြေသို့ အဆင့် ၁၅၃ ဖြစ်ပြီး ကိုယ့်နိုင်ငံထက် အဆင့် ၅၀ သတ်မှတ်ချက် သာလွန်လျက်ရှိသောမြေမှ တိုင်းတစ်ပါးသားများ အဘယ်ကြောင့် ခိုးဝှက်ဝင်ရောက် နေထိုင်လိုကြသည်ကိုလည်း နားမလည်နိုင်ဖြစ်ရပါသည်။

နားလည်မိသည့် အကြောင်းအရာမှာ ပြဿနာအစုစုသည် လွန်ခဲ့သော နှစ်ပေါင်းများစွာက အာဏာ လိုက်စားခဲ့ကြသော နယ်ချဲ့ရေးရာ တာဝန်ရှိပုဂ္ဂိုလ်များ အသိမဲ့၊ တာဝန်မဲ့ခဲ့ကြခြင်းကြောင့်သာ ဖြစ်သည်ဆိုခြင်းပင်။ အမိမြေကို တစ်လက်မမျှ အကျူးကျော်မခံဟု ကြွေးကြော်ကြသော်ငြားလည်း လက်တွေ့တွင်မူ နိုင်ငံ့မြေ ဧကပေါင်းများစွာကို လာဘ်လာဘ ငွေကြေးအနည်းငယ်ဖြင့် ရက်ရက်စက်စက် လဲလှယ်ပေးခဲ့ကြသည်။ အခြားနိုင်ငံများက သူတို့၏ မိခင်မြေကို အသက်ပေး၍ ကာကွယ်နေကြသည့်အချိန်၌ ကိုယ့်နိုင်ငံက အကျင့်ပျက်ခြစားမှုအပေါင်းသင်းများက အမိမြေကို လွှယ်လင့်တကူ ရောင်းစားနေကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com

တစ်ဖက်ကကြည့်လျှင်လည်း ခိုးဝင်ဘင်္ဂါလီများမှာ သူတစ်ပါးမြေတွင် နိုင်ငံသားလည်းမဟုတ်၊ ဟိုဟိုသည်သည်လည်း လွတ်လွတ်လပ်လပ် သွားလာလှုပ်ရှားခွင့်မရနိုင်ကြဘဲ ကန့်သတ်နယ်မြေအတွင်း၌သာ လေကိုအလဟဿ အသွင်းအထုတ်ပြုလုပ်ပြီး အဓိပ္ပာယ်မဲ့စွာ ရှင်သန်နေကြရလေသည်။

❑

င။

၂၀၁၅ ခုနှစ်အတွင်းက သြစတြေးလျနိုင်ငံရှိ ဆစ်ဒနီ၊ မဲလ်ဘန်း၊ ကင်ဘာရာနှင့် ပါ့သ်မြို့များသို့ စာပေခရီး သူရောက်ရှိခဲ့ဖူးသည်။ ပါ့သ်မြို့သို့ ရောက်သောအခါ သူ တည်းခိုရသော အိမ်မှာ ၈၈ လူထုအရေးတော်ပုံကြီးအတွင်းက မြန်မာနိုင်ငံမှ ပြည်ပသို့ တိမ်းရှောင်ခဲ့ရသော ABSDF ကျောင်းသားလက်နက်ကိုင် တပ်ရင်းမှ နောင်တော်ကျောင်းသားကြီးတစ်ဦး၏ နေအိမ်ဖြစ်သည်။ ထိုနောင်တော်ကြီး သြစတြေးလျမြေကို စတင်ခြေချခဲ့သည့် အတွေ့အကြုံမှာလည်း စိတ်ဝင်စားဖွယ်ရာပင်ဖြစ်သည်။

ထိုင်းနိုင်ငံ နယ်စပ်မှတစ်ဆင့် သြစတြေးလျမြေသို့ ရောက်ရှိလာကြသော နောင်တော်ကြီးတို့ ကျောင်းသားအစုအဖွဲ့ကို သြစတြေးလျသံရုံး တာဝန်ရှိသူများက ဦးစွာ အင်တာဗျူးလုပ်ကြသည်ဟု သိရသည်။

အင်တာဗျူးရင်းမှ သြစတြေးလျ၌ နိုင်ငံရေး ခိုလှုံခွင့်နှင့် နေထိုင်လိုသည်ဆိုလျှင် သြစတြေးလျနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် သြစတြေးလျလူမျိုးတို့၏ ယဉ်ကျေးမှု ဓလေ့ထုံးတမ်း အစဉ်အလာတို့ကို သင်ကြားရမည်၊ ဘာသာစကားကိုလည်း ခြေခြေမြစ်မြစ် သိကျွမ်းနားလည် တတ်မြောက်အောင် သင်ယူကြရမည်ဟု ဆိုကာ သက်ဆိုင်ရာ သင်တန်းများသို့ တက်ရောက် သင်ကြားစေသည်။ တစ်ဦးချင်းစီ၏ ဉာဏ်ရည်အလိုက် သင်တန်းကာလ အချို့ ခြောက်လ၊ အချို့ တစ်နှစ်၊ အချို့ နှစ်နှစ်အတွင်း

wpfqufvnfrfbvyfli f
pi fumyOeEupDkyf
vDrGf k
urf@ausmf
pum;wpfcGef
jzpfaom
]EkdifiHm;t m;vkd
ynmwwfat mif f
oifMuyg
ynmwwfvlawGcg
t jcm;EkdifiH
ynmrwwfvlawGG
vmfyD
'EkdfiHb
ukefcHuygvdrf, f
qkdbnfh
pum;uvnf
em;xJ
vlhvi fx vf

တစ်လ နေထိုင်စားသောက်စရိတ် သြစတြေးလျ ဒေါ်လာ ၂၀၀၀ ခန့်ကိုလည်း သက်ဆိုင်ရာ တာဝန်ရှိ ပုဂ္ဂိုလ်များက ထောက်ပံ့ပေးကြသည်တဲ့။ မိတ်ဆွေ နောင်တော်ကြီးက ၄င်းအချိန်တွင် သြစတြေးလျအစိုးရသည် သူ့အတွက် နတ်ဘုရားတစ်ပါးဟုပင် ထင်မြင်ခံစားမိကြောင်း ဖွင့်ဟ,သည်။ ထိုသင်တန်းကာလ နှစ်နှစ်အပြီးမှ စ,ကာ သြစတြေးလျရှိ စက်ရုံတစ်ရုံတွင် အလုပ်ဝင်ခဲ့သည်မှာ ၂၀၁၅ ခုနှစ်ဆိုလျှင် ၂၅ နှစ် ရှိပြီဖြစ်ကြောင်းနှင့် တစ်လ ဒေါ်လာ ၂၀၀၀ နှုန်းခန့် အခွန်ပြန်လည် ပေးဆောင်ခဲ့သည်မှာလည်း ၂၅ နှစ် ဖြစ်သည့်အတွက် သြစတြေးလျအစိုးရသည် သူ့ကို ထောက်ပံ့ပေးခဲ့သည့် နှစ်နှစ်စာ ပြန်နှုတ်လိုက်လျှင် သူ့ဆီက အခွန်ငွေ ၂၃ နှစ်စာ မြတ်စွန်းနေပြီဖြစ်ကြောင်း ဆက်လက်ရှင်းပြသည်။ သို့သော် ၄င်းအခွန် ငွေများသည် သူတို့၏ ကျန်းမာရေးအစ၊ သားသမီးများ၏ ပညာရေးအလယ်၊ နေထိုင်ရှင်သန်မှုအဆုံး အစိုးရဘက်မှ ပြည့်ပြည့်ဝဝ ပြန်လည်တာဝန်ယူထားသောကြောင့် ပေးဆောင်ရကျိုးနပ်ပါသည်တဲ့။ ကာလတစ်စုံတစ်ရာ ကြာမြင့်ပြီဖြစ်သည့်အတွက် သြစတြေးလျနိုင်ငံသားအဖြစ် ခံယူလိုပါက ရနိုင်သော်လည်း မိတ်ဆွေဖြစ်သူ နောင်တော်ကြီးက မြန်မာနိုင်ငံသားအဖြစ်ကို မစွန့်လွှတ်ဘဲ PR(Permanent Residence) အမြဲနေထိုင်ခွင့်ကိုသာ ရယူထားသူဖြစ်သည်။

❑

စ။

ဖောက်ထုတ်ရလည်း အခက်၊ လွယ်ထားရလည်း လေး ဖြစ်နေသော ရခိုင်ပြည်နယ်၏ ခိုးဝင်ဘင်္ဂါလီအရေးသည် လွန်ခဲ့သော နှစ်များစွာကတည်းက ယုတ်ညံ့ကောက်ကျစ်စွာ ကြိုတင်စီစဉ်ထားခဲ့သော တိုင်းပြည်ကျိန်စာတစ်ခုဟု အထက်တွင် ရေးသားဖော်ပြခဲ့ပြီး ဖြစ်ပါသည်။ နိုင်ငံအတွက်လည်း အခွန်ဘဏ္ဍာ အကျိုးမရှိသလို တစ်ဖက်မှာလည်း လူ့အခွင့်အရေး ဆုံးရှုံးမှုဟူသော အမိတိုင်းပြည်အတွက် အန္တရာယ်ရှိစေနိုင်သည့် စကားလုံး ခပ်ကြီးကြီးတို့ဖြင့် လှိုင်းကြီးလေထန်ပြီးစ တိုင်းပြည်ကလေးတစ်ခု၏ အနာဂတ်အတွက် ကမ္ဘာ့အလယ်တွင် မဝံ့မထည် မျက်နှာငယ်စွာ ဖြတ်သန်းနေရလေသည်။

❑

ဆ။

မီးလောင်နေသော ဂိုဒေါင်ဘေး၌ မည်သူမျှ ဈေးဆိုင်လာရောက်ဖွင့်လှစ်မည် မဟုတ်သလို မငြိမ်းချမ်းသော တိုင်းပြည်အတွင်း၌လည်း မည်သည့်နိုင်ငံတကာကမျှ ကုန်သွယ်ရောင်းဝယ်ဖောက်ကားမှုကို ရင်းနှီးမြှုပ်နှံ ဆောင်ရွက်လိုကြမည် မဟုတ်ချေ။ ရခိုင် ဘင်္ဂါလီအရေးကြောင့် တိုင်းပြည်၏ အနာဂတ်



www.burmeseclassic.com

www.burmeseclassic.com

ထိခိုက်ရသလို လူ့အခွင့်အရေး ခေါင်းစဉ်အောက်တွင် မတင့်မတယ် ဖြတ်သန်းရသည်မှာလည်း အမှန်ပင် ဖြစ်ပါသည်။

❑

၈။

၁၉၆၅ ခုနှစ်၌ မလေးရှားမှ ခွဲထွက်ခဲ့သော စင်ကာပူနိုင်ငံနှင့် နိုင်ငံ့ခေါင်းဆောင် မစ္စတာလီကွမ်ယု၏ ပြဿနာများကို ရင်ဆိုင်ပုံ၊ အောင်အောင်မြင်မြင် ကျော်လွှားဖြေရှင်းနိုင်ခဲ့ပုံများမှာလည်း အတုယူချင်ဖွယ်ရာပင် ဖြစ်သည်။ စင်ကာပူလူမျိုးဟူ၍ လူမျိုးကို ခွဲ၍မရရှိသော ကျွန်းနိုင်ငံငယ်လေး အနေဖြင့် "နိုင်ငံသားစိတ်ဓာတ်"ကိုသာ အသွေးတံဆိပ်၊ အသားတံဆိပ် ဖြစ်ဖို့ရာ ကြိုးစားခဲ့ရရှာသည်။ မလေးတရုတ်၊ ပြည်ကြီးတရုတ်တို့ကို အခြေပြု၍ အနီးအပါး နိုင်ငံများဖြစ်သော ထိုင်း၊ ဗီယက်နမ်၊ ဖိလစ်ပိုင်၊ ဘင်္ဂလားဒေ့ရှ် စသည့် ရောပြွမ်းလူမျိုးတို့ဖြင့် တိုင်းပြည်တည်ခန်းကို အစပျိုးခဲ့ကြရခြင်း ဖြစ်သည်။

လူမျိုးစုံသည့်အတွက် ကိုးကွယ်ရာ ဘာသာတရားလည်း စုံသည်။ ထိုသို့စုံသည့်အတွက် နောက်ဆက်တွဲအနေဖြင့် တစ်ဘာသာနှင့် တစ်ဘာသာကြား အထိအခိုက် အရှုပ်အထွေးများ ရှိလာသည်။ ထိုစဉ်က ခေါင်းဆောင်ဖြစ်သော လီကွမ်ယုမှာ ခေါင်းမီးတောက်မတတ် စဉ်းစားဆင်ခြင် ဆုံးဖြတ်ရင်း တိုင်းပြည်အနာဂတ်အတွက် အဖြေကောင်းတစ်ခုကို ရှာဖွေတွေ့ရှိခဲ့လေသည်။ ၎င်းမှာ အခြားမဟုတ်။ ပြဿနာ အများစုကို ပညာရေးတွင် စိတ်ရှည်လက်ရှည် ထည့်သွင်းမြှုပ်နှံကာ တိုင်းပြည် အနာဂတ်အတွက် "ဉာဏ်ပညာပဒေသာပင်"ကို အောင်အောင်မြင်မြင် ရင်းနှီးစိုက်ပျိုးနိုင်ခဲ့ခြင်းပင် ဖြစ်သည်။

❑

၉။

စင်ကာပူမြေသို့ လေးကြိမ်လေးခါ သူ ခြေချခဲ့ဖူးသည်။ နောက်ဆုံးအခေါက် ချန်ဂီလေဆိပ်မှအထွက် စင်ကာပူ တက္ကစီဒရိုင်ဘာတစ်ဦး ပြော

Ndkfcsrfa&;u
0pdkifyxr
0rfyefwenf
½dk;uvDviif
iMo0nf
iki0,ofaom
Ndkfcsrfa&;u
, ckvpfzef
avmu
vbm;wkd
t wåFrmefme
Lufpm;rIwkd ay:
vufnSxkd
tkvdk0nfvdkf
avmfi fjymif
&, frmacsyD

ခဲ့သော စကားက ယခုအချိန်အထိ သူ့နားထဲ ဗုံးတစ်လုံးကို ပေါက်ကွဲမြည်ဟည်းနေဆဲဖြစ်သည်။

Where are you from?

I come from Burma.You know Burma(Myanmar).

Oh, Yes, I Know Burma, my maid is also from your country.

စင်ကာပူ တက္ကစီဒရိုင်ဘာက ဗားမား(မြန်မာ)ကို သိပါသတဲ့။ သူ့အိမ်က အိမ်ဖော်(အိမ်အကူ)ကလည်း ဗားမား(မြန်မာနိုင်ငံ)ကပါပဲဟု ပြောသွားခြင်း ဖြစ်သည်။

တစ်ဆက်တည်းမှာလိုပင် စင်ကာပူ ဝန်ကြီးချုပ် လီကွမ်ယု၏ ကမ္ဘာကျော် စကားတစ်ခွန်းဖြစ်သော "နိုင်ငံ*သား အားလုံး ပညာတတ်အောင် သင်ကြပါ၊ ပညာတတ်တဲ့အခါ အခြားနိုင်ငံက ပညာမတတ်တဲ့သူတွေ လာပြီး ဒီနိုင်ငံမှာ ကျွန်ခံကြပါလိမ့်မယ်*"ဆိုသည့် စကားကလည်း နားထဲ ပဲ့တင်ထပ်၍ နေပြန်သည်။

*("အိမ်ဖော်"ဟူသော အသုံးအနှုန်းနှင့် "ကျွန်ခံ"စကားလုံးအတွက် ကိုယ့်လူမျိုးကိုယ် နှိမ့်ချလိုသည့်သဘော မဟုတ်ဘဲ ဖြစ်ရပ်အပေါ် ထင်ရှားစေလိုသည့်အတွက်သာ သုံးစွဲခြင်းဖြစ်ပါကြောင်း လေးလေးစားစား တောင်းပန်စကား ဆိုပါသည်။)*

❑

၁၀။

တိုင်းရင်းသား ၁၃၅ မျိုး ရှိသည်ဟု ခံယူထားသော နိုင်ငံအတွင်း၌ လက်နက်ကိုင်အဖွဲ့အစည်းကလည်း အမည်နာမအဖွဲ့အစည်း တံဆိပ်အမျိုးမျိုးဖြင့် ၁၀၀ ကျော်ပင် ဖြစ်လေသည်။

တစ်ဖက်နှင့်တစ်ဖက်၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့ ငြိမ်းချမ်းရေးစကား ပြောကြဆိုကြရာ၌ လိုရင်းသို့ အလွယ်တကူ မရောက်နိုင်သည်မှာလည်း တိုင်းပြည်အနာဂတ်အတွက် အတားအဆီးတစ်ခုပင် ဖြစ်ပါသည်။

တပ်မတော်၏ အကြီးအမှူးဖြစ်သော ကာကွယ်ရေးဦးစီးချုပ်က "ငြိမ်းချမ်းလျှင် အခြေခံဥပဒေကို ပြင်ဆင်ခွင့်ပေးမည်"ဟု ဆိုသည်။ တစ်ခါ တိုင်းရင်းသား လက်နက်ကိုင်များဘက်ကလည်း "အခြေခံဥပဒေကို ပြင်ဆင်ပေးလျှင် ငြိမ်းချမ်းရေးယူမည်"ဟု မြွက်ဟလာသောအခါ ကျွဲအေးကို သူ့အမေရိုက်သော ပုံပမာက တိုင်းပြည်အတွင်း ထင်လင်းလာပြန်သည်။

❑

၁၁။

"လက်နက်ကိုင်ပြီး အရသာခံတတ်တဲ့သူတွေ ကမ္ဘာပေါ်မှာ နည်းနိုင်သမျှနည်းပါစေ"ဟူသော ခေါင်းစဉ်ဖြင့် ကဗျာတစ်ပုဒ် သူ ရေးထုတ်ခဲ့ဖူးသည်။

❑



www.burmeseclassic.com

www.burmeseclassic.com

ဌ။

ကမ္ဘာကျော် ပန်းချီဆရာကြီး ပီကာဆို ရေးဆွဲခဲ့သော သံလွင်ခက်ကို ကိုက်ချီ ပျံသန်းလာသည့် ငြိမ်းချမ်းရေး ချိုးဖြူငှက်သည်လည်း ယခုအခါ မည်သည့်အပင်၊ မည်သည့်အကိုင်းအခက်တွင် နားနေရမှန်း မသိတော့လောက်အောင် ဒေါင်းတောက်ရချေပြီ။ ငြိမ်းချမ်းရေးက ဦးစွာပထမ ဝမ်းပန်းတနည်း ရှိုက်ကြီးတငင် ငိုရှာသည်။ ငို၍ ဝ,သွားသော ငြိမ်းချမ်းရေးက ယခုတစ်ဖန် လောက လူသားတို့၏ အတ္တ၊ မာန်မာန ကြီးမားမှုတို့အပေါ် လက်ညှိုးထိုး၍ အုလိုက်သည်းလိုက် လှောင်ပြောင် ရယ်မောချေပြီ။ ငိုရှိုက်ရယ်မောသံများဖြင့် နာကျင်လျက်ရှိသော ကဗျာတစ်ပုဒ်ကို ထပ်မံ၍ သူ ရေးဖွဲ့မိပြန်လေသည်။

***ငြိမ်းချမ်းရေး ရယ်သံ***

*ငြိမ်းချမ်းရေးက ရယ်တယ်*

*ငြိမ်းချမ်းရေးက*
*သူဟာ လူရွှင်တော်တစ်ယောက်*
*မဟုတ်တဲ့အကြောင်း*
*ပြက်လုံးတွေ*
*တစ်လုံးပြီးတစ်လုံး ထုတ်ပြီး*
*ပရိသတ်ကို*
*ဟာဒယရွှင်ဆေး တိုက်ကျွေးတယ်*

*ငြိမ်းချမ်းရေးက*
*သူဟာ ဘောလုံးပွဲ*
*သူဟာ စင်တင်ပြဇာတ်နဲ့*
*သူဟာ ကဗျာရွတ်ဖို့ ပြင်နေတဲ့*
*ကဗျာဆရာတစ်ယောက်ရဲ့*
*ပါးစပ်သက်သက်*
*မဟုတ်တဲ့အကြောင်း*
*ဘောလုံးကန်ရင်း*
*ပြဇာတ်ကရင်း*
*ကဗျာတွေ*
*တစ်ပုဒ်ပြီးတစ်ပုဒ်ရွတ်ရင်း*
*လူကြားသူကြား*
*ဟန်ရေးပြတယ်*

*ငြိမ်းချမ်းရေးက*
*သူဟာ ကမ္ဘာကြီးရဲ့*
*တစ်ဦးတည်းသော အမွေဆိုင်သား*
*ဖြစ်တဲ့အကြောင်းနဲ့*
*ဥတစ်လုံး တစ်ကောင်ကြွက်*
*ဆွေမျိုးရင်းချာမရှိသူတစ်ဦး*
*ဖြစ်တဲ့အကြောင်း*
*ဖအေတူ မအေကွဲ*
*ညီအစ်ကိုမောင်နှမများကြား*
*မရှက်မကြောက်*
*လိမ်လည် ရပ်တည်တယ်*

*ငြိမ်းချမ်းရေးက*
*သူဟာ ဆုတောင်းဆုပန်*
*ဝါသနာပါသူတစ်ဦး*
*မဟုတ်တဲ့အကြောင်း*
*ဘုရားအဆူဆူရဲ့ ခြေတော်ရင်းမှာ*
*ဝပ်စင်းခယ*
*ထိခြင်းငါးပါးနဲ့ အကြိမ်ကြိမ်*
*ရှိခိုးပူဇော်*
*ကန်တော့ပန်းဆင်*
*ဦးညွှတ် ပန်ကြားတယ်*

*ငြိမ်းချမ်းရေးက*
*သူဟာ*
*ကုလားထိုင်ကြိုက်သူတစ်ဦး*
*မဟုတ်တဲ့အကြောင်း*
*ခဏ ခဏ နေရာလုရင်းက*
*ရှောင်လွှဲဖို့ရာ ပြင်ဆင်တယ်*

*ငြိမ်းချမ်းရေးက*
*သူဟာ ပီကာဆိုရဲ့*
*ချိုးဖြူငှက်နဲ့ သံလွင်ခက်ကို*
*အားနာတတ်သူပါဆိုပြီး*
*ငွေကြေးနဲ့ ငြိမ်းချမ်းရေး*
*တိုက်ရိုက်လဲလှယ်နိုင်မယ့်*
*အခွင့်အရေးစားပွဲဝိုင်းတွေဆီ*
*အာသာငမ်းငမ်း*
*ဦးတည် ပျံသန်းတယ်*

*ငြိမ်းချမ်းရေးက*
*သူဟာ ကလေးတွေရဲ့*
*ပညာရေးကို*
*မနှောင့်ယှက်*
*မဟန့်တားချင်ကြောင်း*
*ကိုးတန်းကျောင်းသူလေး*
*မဂျာဆိုင်းအိမ်ရဲ့*
*ရုတ်တရက် ကျကွဲသွားတဲ့*
*အိပ်မက်နဲ့*
*ရှူးချင်ယောင်ဆောင်ဖို့*
*ကြိုးစားတယ်*

*ငြိမ်းချမ်းရေးက*
*သူဟာ အပစ်အခတ် ရပ်စဲလိုသူ*
*စစ်စစ်တစ်ဦး ဖြစ်တဲ့အကြောင်း*
*သေနတ်အချက်ပေါင်းများစွာ*
*လူ့အသက်ပေါင်းများစွာနဲ့*
*ခပ်တည်တည်*
*လက်မှတ်ရေးထိုး*
*တောင်းဆိုတယ်*

*ငြိမ်းချမ်းရေးက*
*သူဟာ တကယ်*
*မငြိမ်းချမ်းလိုသူတွေရဲ့*
*စိတ်ဝိညာဉ်ထဲ*
*ဘယ်မှာ*
*ကြာကြာနေနိုင်ပါ့မလဲဆိုပြီး*
*ငြိမ်းချမ်းယောင်ဆောင်ကြသူတို့*
*သွေးကြောထဲ*
*တရစပ် ဝင်ရောက်*
*စီးဆင်းသွားပြန်တယ်*

*ငြိမ်းချမ်းရေးက*
*သူဟာ သီချင်းတစ်ပုဒ်*
*သူဟာ ဝတ္ထုတစ်ပုဒ်*
*သူဟာ ကဗျာတစ်ပုဒ်သက်သက်*
*မဟုတ်ရပါဆိုပြီး*
*ကမ္ဘာသူ ကမ္ဘာသားအားလုံးရဲ့*
*နှလုံးအိမ်ထဲ*
*ဝင်ရောက်ခိုနားဖို့ရာ ကြံစည်တယ်*

*ငြိမ်းချမ်းရေးက ရယ်တယ်*
*ငြိမ်းချမ်းရေးက*
*အားပါးတရ ရယ်တယ်*
*ငြိမ်းချမ်းရေးက*
*ဟားတိုက်ပြီးတော့ကို ရယ်တယ်*



www.burmeseclassic.com

www.burmeseclassic.com

အရယ်လွန်ပြီး
မျက်ရည်တောက်တောက်
ထွက်ကျလာတဲ့ ငြိမ်းချမ်းရေးဟာ
သူ ငိုနေတာ
မဟုတ်တဲ့အကြောင်းနဲ့
သူ ဝမ်းနည်းနေတာ
မဟုတ်တဲ့အကြောင်း
မျက်ရည်စတွေ သုတ်ရင်းနဲ့ပဲ
ရှိုက်ကြီးတငင်
ငြင်းချက်ထုတ်ပြန်တယ်။ ။

❑

ဍ။

နိုင်ငံကျော် ပြဇာတ်မင်းသားကြီး ဘီအီးဒီအောင်သိုက်၏ ထင်ရှားသော စကားတစ်ခွန်း ရှိပါသည်။ ၎င်းမှာ '*ရှင်းနေတာကို ရှုပ်အောင်လုပ်၊ ပြီးမှ ပြန်ရှင်း၊ အဲဒါ ပိုရှင်းတယ်*' ဟူသော စကားပင်ဖြစ်သည်။

❑


ဎ။

'ကြွက်ရောင်းရန် ရှိသည်' ဟူသော စာကြောင်းတစ်ကြောင်းကို ကြွက်ပေါသောအိမ်၏ ထုပ်တန်း၊ ရေကပြင်နှင့် အိမ်နံရံတစ်ဝိုက်တို့တွင် အိမ်ရှင်တို့က ရေးသားထားတတ်ကြသည်ကို ငယ်စဉ်ကတည်းက မျက်စိထဲ စွဲနေအောင် မြင်တွေ့ခဲ့ရဖူးပါသည်။

ယခုလည်း တိုင်းပြည်တစ်ပြည်၏ အနာဂတ်၊ ကလေးများ၏ အနာဂတ်အတွက် '*မငြိမ်းချမ်းသော တိုင်းပြည်တစ်ပြည် အမြန်ရောင်းရန်ရှိသည်*' ဟူသော စာတန်းကို တိုင်းပြည်လူကြီးမင်းများ၏ နဖူးပြင်ထက်၊ ရင်ခွင်ထက် (နှလုံးသားထက်)တွင် ထင်ထင်ရှားရှား ဆေးမင်ကြောင်ထိုး ထွင်းဖောက်ရေးသားကာ တိုင်းပြည်၏ ရှေ့ရေးအတွက် စိတ်အေးလက်အေး နေထိုင်နိုင်သော 'နိုင်ငံသားတစ်ယောက်၏ မျှော်လင့်တောင့်တမှုမျိုးဖြင့်သာ' ဘဝ၏ လက်ကျန် နေ့ရက်များကို ရဲရဲတင်းတင်း ရင်ဆိုင်ဖြတ်သန်းလိုလှပါတော့သည်။

■

**ညီမင်းညို**


၁၉၉၃ ခုနှစ်၊ အမေရိကန်နိုင်ငံမှာ လှုပ်လှုပ်ရှားရှားသတင်းတစ်ပုဒ် ထွက်ပေါ်ခဲ့တယ်။ အသက် ၂၀ ကျော်၊ ဘွဲ့ရပညာတတ် လူငယ်တစ်ဦး။ ငွေရေးကြေးရေး အခက်အခဲ မရှိသလို၊ မိသားစုပြဿနာ၊ အချစ်ရေးပြဿနာ ဘာမှမရှိတဲ့ လူငယ်လေးတစ်ဦးဟာ တောထဲကို ဝင်ရောက်သွားခဲ့တယ်။ တောထဲမှာ တစ်ကိုယ်တော် နေထိုင်ရင်း သစ်သားဘတ်စ်ကားအိုကြီးထဲမှာ ပျက်စီးနေတဲ့ သူ့ရုပ်အလောင်းကို ဆတ်မုဆိုး အဖွဲ့ကနေ တွေ့ရှိခဲ့ပါတော့တယ်။

- ဘာကြောင့် သူဟာ ပိုင်ဆိုင်မှုတွေကို စွန့်ခွာခဲ့တာလဲ။
- ဘာကြောင့် သူဟာ အောင်မြင်မှုတွေကို စွန့်ခွာခဲ့တာလဲ။
- ဘာကြောင့် သူဟာ ချစ်ခင်တဲ့ မိသားစုကို စွန့်ခွာခဲ့တာလဲ။

အဆိုပါ လူငယ်လေးအကြောင်းဟာ အမေရိကန် နိုင်ငံသားတွေကြားမှာ ဆွေးနွေးစရာ ဘာသာရပ်တစ်ခု ဖြစ်ခဲ့ပါတယ်။ အဆိုပါ လူငယ်လေးရဲ့ ကိုယ်ရေးမှတ်တမ်းတွေ အပါအဝင် သူပတ်သက်ခဲ့တဲ့ သူငယ်ချင်းမိတ်ဆွေတွေ၊ ဆရာ ဆရာမတွေ၊ မိသားစုဝင်တွေနဲ့ သူ့ချစ်သူတို့ကို မေးမြန်းကာ စာရေးဆရာ Jon Krakauer က **Into the Wild** ဆိုပြီး စာအုပ်တစ်အုပ် ထုတ်ဝေလိုက်ပါတယ်။ အဆိုပါစာအုပ်ဟာ အမေရိကန်နိုင်ငံကိုကျော်လွန်ကာ နိုင်ငံတကာထိ ပေါက်မြောက်အောင်မြင်ခဲ့ပါတယ်။ အရောင်းရဆုံးစာရင်းဝင် စာအုပ်တစ်အုပ်ဖြစ်ခဲ့သလို အမေရိကန်ရှိ တက္ကသိုလ်ကျောင်းအားလုံးနီးပါးရဲ့ Book Club တွေထဲ ထည့်သွင်းဆွေးနွေးရတဲ့ စာအုပ်တစ်အုပ် ဖြစ်ခဲ့ပါတယ်။ ပြိုင်ဆိုင်မှုပြင်းထန်ပြီး ရက်စက်ကြမ်းတမ်းတဲ့ မြို့ပြလူနေမှုစနစ်အောက်မှာ ရုန်းကန်နေရတဲ့ လူငယ်တွေအတွက် ထွက်ပေါက်ကျမ်းစာအုပ်တစ်အုပ်အလား အောင်မြင်ခဲ့ပါတယ်။ မင်းသားကြီး ရှောင်ပင်းကနေ ရုပ်ရှင်အဖြစ် အသက်သွင်း ရိုက်ကူးခဲ့ရာမှာလည်း အောင်ပွဲဆင်ခဲ့ပြန်ပါတယ်။ စာအုပ်အဖြစ်သာမက ရုပ်ရှင်အဖြစ်ပါ လူငယ်များအကြား အထူးရေပန်းစားခဲ့ပြန်ပါတယ်။ တိုက်တိုက်ဆိုင်ဆိုင်ပါပဲ **Into the Wild** စာအုပ်ကို ဆရာ ရာပြည့်က ရသမြောက် ဘာသာပြန်ဆိုပြီးချိန်မှာပဲ မမျှော်လင့်ဘဲ ကွယ်လွန်ခဲ့ပါတယ်။ အခုတော့ **ကန္တာရခရီးသည်** စာအုပ်ဟာ ဆရာ ရာပြည့်ရဲ့ နောက်ဆုံး ဘာသာပြန်လက်ရာ ဖြစ်ခဲ့ပါတော့တယ်။

NDSP Yangon Book Plaza, ၅လွှာ၊ သံဈေးလမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။
E-mail : www.ndspbook.com




www.burmeseclassic.com


www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



သူ့နာမည်က မိုးထက်မြင့်။ သူနှင့် စ,သိရတာက အရက်ဝိုင်းတစ်ခုမှာ ဖြစ်သည်။ နာမည်နှင့် မည်သို့မျှ မလိုက်ဖက်သည့် ၅ ပေ ၁ လက်မ ခန့်သာရှိသော သူ့အရပ်အမောင်းကြောင့် ကျွန်တော် သူ့ကို တခြားသူများထက် ပိုသတိထားမိတာ ဖြစ်နိုင်သည်။ ကျွန်တော့်သူငယ်ချင်းက မိတ်ဆက်ပေးသောကြောင့် သူနှင့် ရင်းနှီးခွင့်ရသည်။ စာရေးသည်တဲ့၊ ကလောင်နာမည်ပြောပြတော့ ကျွန်တော် တစ်ခါမှ မကြားဖူးဘူးဟု ရိုးရိုးသားသားပဲ ပြောဖြစ်သည်။ ကိုမိုးထက်မြင့်က ခပ်ပြုံးပြုံးပင် 'ဟုတ်တယ် ခင်ဗျားကြားဖူးမှာ မဟုတ်ပါဘူးဗျာ' ဟု ဆိုသည်။ စကားပြောကြရင်း သူက ဂစ်တာသမားတစ်ယောက်ဆိုတာလည်း သိရတော့ သီချင်းတွေရေးစပ်သူ၊ ဂီတာကိုနှစ်သက်မြတ်နိုးသည့် ကျွန်တော်နှင့် အတော်လေး စကားအပေးအယူ တည့်ခဲ့ကြသည်။ ကဗျာဆရာ မောင်ချောနွယ်က လမ်းတူရင် လူချင်း တွေ့ကြတာပေါ့ဟု ဆိုသည်။ ကျွန်တော်နှင့် ကိုမိုးထက်မြင့် ကလည်း ရင်ဘတ်ချင်းတူ၍ ညှိမိသည့် ကြိုးများ ညီသွားကြသည်။ သူနှင့် ကျွန်တော်က အရက်ကို ရမ်တစ်မျိုးတည်း စွဲစွဲမြဲမြဲ သောက်ကြတာချင်းပါ တူကြသည်။ နောက်တစ်ခု တူညီတာက

# တူးတူးသာ

## မိုးနဲ့မြေကြားက အလွန်ဆွတ်ပျံ့ကြေကွဲဖွယ်ရာ အချစ်ဇာတ်လမ်း အလွင့်တစ်ပုဒ်

ကျွန်တော်တို့နှစ်ယောက်စလုံး မူးလာသည့်အချိန်တွင် စကားကို တော်တော်ထိန်းကြသည်။



www.burmeseclassic.com

www.burmeseclassic.com

အကောင်းများကိုသာ ရွေးပြော၊ အပြစ်တင်ခြင်းထက် ချီးကျူးစကားများ၊ ရယ်စရာအဖြစ်အပျက်များကိုသာ ယဉ်ယဉ်ကျေးကျေး ပြောကြသည်။

နောက်ပိုင်းကျတော့ ကျွန်တော်တို့ မကြာခဏ ချိန်းဆိုမိကြသည်။ ကျွန်တော်တို့ မြို့က ရမ်ကို ပက်ချင်နှင့် ရောင်းပေးသည့် ဖျော်ရည်ဆိုင်ကလေးမှာ ဆုံကြသလို၊ ကျွန်တော့်ကိုယ်ပိုင် စတူဒီယိုပေါက်စကလေးမှာ ဆုံရင်း ဂစ်တာအတူတူ တီး၊ သီချင်းတွေ ဆိုဖြစ်ကြသည်။

ကျွန်တော့်ထက် အသက်အနည်းငယ်ကြီးသည့် သူ့ကို ကိုမိုးဟု ခေါ်ဖြစ်သည်။ သူကလည်း ကျွန်တော့်ကို ငယ်ပေမဲ့ ကျွန်တော့်နာမည်အဆုံးသတ် 'ညို'တွင် ကို၊ တပ်ကာ ခေါ်သည်။ ကျွန်တော်တို့ တွေ့ဆုံချိန်က တိုတောင်းသော်လည်း ရင်းနှီးမှုအတိုင်းအတာက ကြီးမားသည်။ ကျွန်တော်တို့နှစ်သက်မိသည့် သီချင်းများကလည်း တူကြတာကိုး။

နောက်ထပ် တူညီကြတာက ကျွန်တော်တို့နှစ်ယောက်စလုံး လူပျိုကြီးတွေ။ ကိုမိုးက သူ့အစ်မ မိသားစုနှင့် အတူနေသည်။ ကျွန်တော်ကတော့ အမေ၊ အစ်မမိသားစုတို့နှင့် အတူမနေဘဲ သီးသန့်ကိုယ့်ဘာသာ လွတ်လွတ်လပ်လပ်နေချင်သဖြင့် စတူဒီယိုလေးတွင်သာ နေသည်။ ညဦးနက်သန်းခေါင် သီချင်းများ တီးနေတတ်သဖြင့် သူတို့ကို အနှောင့်အယှက် မပေးချင်တာလည်းပါသည်။

**vkwG tjyifyef tom ta&mifawG ykvm &Sifvm awGUbdm ta&; vkyfaeMuwm wu, fvrf twGif ESvkH;bdm;u ykH a&;Bu;rDvmuk; arhaeMuw, f**

မတူသည့်အချက်က ကျွန်တော်က အရပ်ရှည်သည်။ ၆ ပေနီးပါးခန့် ဖြိုးဖြိုးသွယ်သွယ်။ ကိုမိုးက ကနဦးပြောခဲ့သလို အရပ်ပုပု ညိုညိုတုတ်တုတ်ဖြစ်သည်။ ကျွန်တော်တို့နှစ်ယောက် အတူလမ်းလျှောက်သွားလျှင် အင်္ဂလိပ်အက္ခရာအသေးနှစ်လုံး (it) ကဲ့သို့ မြင်ကြရမည်။

'ကိုညို ခင်ဗျားက ကျွန်တော် အရပ်ပုတာကို ဘယ်တော့မှ မစ၊ မနောက်ဖူးဘူးနော်'

တစ်ရက်တော့ သူက ထူးထူးဆန်းဆန်း ကျွန်တော့်ကို ထိုသို့မေး၏။

'အရပ်ပုတာဟာ စ၊ စရာလား ကိုမိုးရာ၊ ဘာဖြစ်လို့မေးတာလဲ'

'အဲဒါကြောင့်လည်း ကျွန်တော် ခင်ဗျားကို ခင်တာ။ လူတွေက အပြင်ပန်းအသားအရောင်တွေ၊ ပုတာ၊ ရှည်တာတွေကိုသာ အရေးလုပ်နေကြတာ။ တကယ်တမ်း အတွင်းနှလုံးသားက ပိုအရေးကြီးတာကို မေ့နေကြတယ်'

ကိုမိုးပြောပုံက ဆွေးဆွေးမြည့်မြည့်။ ကျွန်တော့်ကို ပြောနေတာနှင့် မတူဘဲ သူ့ဘာသာ ရေရွတ်နေသလို ပြောနေသည်။ ကျွန်တော့်စတူဒီယိုလေးထဲမှာဖြစ်သည်။ သူ့လက်ထဲက ဂစ်တာဖြင့် 6/8 တိုင်မင် တေးသွားတစ်ခုကို စတင်ခတ်လိုက်သည်။ ကျွန်တော်သိသည်ပေါ့၊ ဂျက်ဖြေသောင်းရဲ့ 'ရင်ဖွင့်ပြလိုက်ချင်တယ်'သီချင်း အင်ထရိုကို သူတီးနေတာ။

*'ငါ့ရဲ့ကြမ်းတမ်း××× ရုပ်သွင်ပြင်နဲ့××× အရေပြားအောက်မှာ×××အလွန်သိမ်မွေ့တဲ့ ကြည်လင်နုနယ်×××နှလုံးသားငယ် တည်ရှိခဲ့×××'*

သီချင်းအစကို ကျွန်တော် ဝင်လိုက်သည်။

သီချင်းဆုံးသွားတော့ ကိုမိုးက ဘာမှ ဆက်မတီးဘဲ ဂစ်တာကိုပိုက်ထားရင်း စိတ်က တစ်နေရာကို ရောက်နေသလိုငေးမောနေသည်။ အမြဲတမ်း ပြုံးရွှင်နေတတ်သည့် သူက တစ်ခုခု ထူးခြားနေသလို ကျွန်တော် ခံစားမိသည်။

'ကျွန်တော်တို့ ၁၁၅ ကို သွားရအောင် ကိုညို'

ပိုထူးဆန်းသွားသည်။ အခုမှ ညနေ ၄ နာရီသာ ရှိသေး၏။ ညနေ ၆ နာရီ မကျော်ဘဲ ဘယ်တော့မှ အရက် မသောက်တတ်သည့် သူက ကျွန်တော်တို့ သွားထိုင်နေကျ ဝမ်းဝမ်းဖိုက်(ကျွန်တော်တို့အခေါ် တစ်ရာတစ်ဆယ့်ငါး) အရက်ဆိုင်ကလေးကို သွားဖို့ စ၊ ပြောနေခြင်းဖြစ်၏။ ခါတိုင်း ပရမ်းပတာ နေတတ်သည့် ကျွန်တော်က စောတာနောက်ကျတာ မသိဘဲ စ၊ဖို့ပြောရင်တောင် သူက တားမြစ်တတ်သေးတာ။

'အရက်သောက်ပေမဲ့ စည်းလေးကမ်းလေးနဲ့သောက်ပါ ကိုညိုရဲ့။ ညနေ ၆ နာရီ မကျော်ဘဲ မသောက်ပါနဲ့' လို့ သူက အမြဲပြောတတ်သူ။

'ကိုမိုး ကျွန်တော့်ကို တစ်ခုခုများ ပြောစရာ ရှိနေလား'

'အင်း'။ တစ်ခွန်းသာ ရေရွတ်၍ သူက ဂစ်တာကိုချကာ စတူဒီယိုလေးထဲက စ၊ ထွက်သည်။ ကျွန်တော်လည်း ကမန်းကတန်း စတူဒီယိုကို သော့ခတ်ကာ သူ့နောက်က လိုက်ရသည်။ အခုမှ သိသည်။ သူ ကားပါလာသည်ပဲ။ ဒါဆို ရန်ကုန်က အပြန် ကျွန်တော့်ဆီ ဝင်လာတာပဲဖြစ်မည်။ ခါတိုင်း သူ အိမ်ကလာလျှင် ဆိုင်ကယ်နှင့်သာ လာတတ်သည်။

ကျွန်တော်တို့ ၁၁၅ မှာ ထိုင်ဖြစ်ကြတော့ ရင်းနှီးနေသည့် စားပွဲထိုးလေးက အစ်ကိုတို့ ထုံးစံအတိုင်းပဲလား မေးသည်။ ကျွန်တော်က ခေါင်းညိတ်ပြလိုက်သည်။ ငါးကြင်းခွက်ကြီးနှစ်ခွက်ထဲမှာ ရမ်နှစ်ပက်စီကို ရေအပြည့်ရော၍ မြေပဲတစ်ပွဲနှင့်အတူ



www.burmeseclassic.com

www.burmeseclassic.com

လာချပေးသည်။ ကိုမိုးက ခွက်ကို ကောက်ကိုင်ကာ တစ်ရှိန်ထိုး မော့ချလိုက်သည်၊ တစ်ဝက်နီးပါး။

ဒီတစ်ခါလည်း ကျွန်တော် အံ့သြရပြန်သည်။ ပုံမှန်ဆို ကိုမိုးက အရက်ကို တစိမ့်စိမ့်နှင့် မြုံ့ပြီး သောက်တတ်သူ။ အခုတော့ ဘီယာမော့သလို တစ်ရှိန်ထိုး မော့ချလိုက်သည်။

‘ကိုမိုး တစ်ခုခု ဖြစ်လာလား၊ ရန်ကုန်က ပြန်လာတာ မဟုတ်လား’

‘ဟုတ်တယ် ကိုညို၊ ကျွန်တော် လူတစ်ယောက်နဲ့ ဆုံလာတာ’

‘ဘာလဲ ကိုမိုး ရည်းစားဟောင်းနဲ့လား’

ကျွန်တော်က ပေါ့ပေါ့ပါးပါး ဖြစ်စေချင်သောကြောင့် စ,နောက်လိုက်ခြင်းသာ။ ကိုမိုးက ခေါင်းခါသည်။

‘မဟုတ်ပါဘူးဗျာ၊ အမျိုးသမီးတော့ အမျိုးသမီး တစ်ယောက်ပဲ၊ ဒီလို ကိုညိုရဲ့…’

အဲဒီနောက်တော့ ရမ်နှစ်ပက် ရေရော တစ်ခွက်ပြီး တစ်ခွက်၊ ကိုမိုး၏ ဇာတ်လမ်းထဲ ကျွန်တော် မျောပါသွားတော့သည်။

❑

‘သူနဲ့ကျွန်တော်က ဖုန်းနံပါတ် မှားခေါ်မိရင်း စ,သိခဲ့ကြတာဗျ’

၁၉၉၆-၉၇ ဝန်းကျင်။ စင်ကာပူနိုင်ငံမှာ ကြိုးဖုန်းတွေနှင့်သာ ဆက်သွယ်နေကြချိန်။ အခု အင်တာနက်ခေတ်လို မက်ဆင်ဂျာမှာ ဝင် ‘ဟိုင်း’ ပြီး သိကြသည့်ခေတ် မဟုတ်။ ကိုမိုး သိပ်ချစ်ခဲ့

t'JD vm;vm; qdkwJh aumifav;u t&yf awmfawmf &Sdwfvmyg;Asm ukeawmh xutub awmfawmfav; &Sdf, f tom;uvnf jzLjzLav; acsmacsmav;Asm

သည်ဆိုသည့် ကောင်မလေးနှင့် ဖုန်းမှားခေါ်မိရင်း သိခဲ့တာတဲ့။

ကိုမိုးက စကားပြောကောင်းသူ။ ကျွန်တော့်မျက်လုံးထဲ ကွင်းကွင်းကွက်ကွက် မြင်လာအောင် ပြောနိုင်သူ။ အစ်ကိုဖြစ်သူတို့ အိပ်နေချိန်ကျမှ သူ့ခမျာ ကောင်မလေးနှင့် ဖုန်းပြောရရှာသည်။ နံရံမှာချိတ်ထားသည့် ကြိုးဖုန်းလေးကို အသာလေး ဖြုတ်ပြီး မီးဖိုချောင်ထဲ ခိုးကြောင်ခိုးဝှက် ဖုန်းပြောနေသည့် သူ့ပုံစံက ရယ်စရာ၊ ပြီးတော့ ရင်ခုန်စရာ။

‘အစ်ကိုမိသွားရင် အဆူခံထိသေးတာ၊ အစ်ကိုက ဟော့ကောင် မင်းက မနက်

အလုပ်ဆင်းရမှာကို ခုထိ မအိပ်သေးဘဲ ဘာလုပ်နေတာလဲ ဘာညာနဲ့ ဆူတာပေါ့ဗျာ’

ကောင်မလေးက ကရင်တိုင်းရင်းသူလေး၊ မိဘမဲ့လေးတစ်ယောက်။ နာမည်ကို လားလားဟုသာ ကိုမိုး သိထားသည်။ အင်းစိန်က ဘုရားကျောင်းတစ်ကျောင်း၏ မိဘမဲ့ဂေဟာလေးမှာ ကြီးပြင်းခဲ့ရသူ။ အဲဒီဘုရားကျောင်းက သင်းအုပ်ဆရာက လားလား၏ အုပ်ထိန်းသူကျေးဇူးရှင်။ လားလား စင်ကာပူမှာ အလုပ်လာလုပ်ဖို့လည်း အဲဒီ သင်းအုပ်ဆရာကြီးကပင် စီစဉ်ပေးခဲ့သည်။ ကိုမိုးနှင့် ကောင်မလေးက သီချင်းချစ်ကြတာချင်း တူတော့ ပိုပြီး မြန်မြန်ဆန်ဆန် ရင်းနှီးခဲ့ကြသည်။ ကောင်မလေးက ဗဒင်သီချင်းတွေ ကြိုက်သည်။

‘အဲဒီတုန်းက ဗဒင်ရဲ့ ဖုတ်လှိုက်ဖုတ်လှိုက် အခွေထွက်တဲ့အချိန်ပေါ့ ကိုညိုရာ။ ကောင်မလေးက အဲဒီ အခွေလေး အရမ်းလိုချင်နေတာ’

ဖုန်းထဲမှာ စကားတွေပြောကြရင်း၊ တစ်ယောက်တစ်လှည့် သီချင်းတွေညည်းပြကြရင်း ရင်းနှီးမှု ပိုလာသည်။ ဒီတော့ တစ်ရက် သူတို့ အပြင်မှာ တွေ့ကြဖို့ ချိန်းလိုက်ကြသည်။ စင်ကာပူက မြန်မာအများစု ဆုံစည်းလေ့ရှိသည့် ပန်နဆူလာ ပလာဇာ ဝင်ပေါက်နားမှာ သူတို့ ချိန်းကြသည်။

‘သူ့အတွက် ကျွန်တော် ဗဒင်အခွေလေးကို ဝယ်ပြီး ပလာဇာရှေ့မှာ သွားစောင့်

တာပေါ့ဗျာ။ အဲဒီမှာ ဘေးက ကောင်မလေးတစ်အုပ် လားလား၊ လားလားနဲ့ ပြောနေသံကြားတော့ သူပဲဖြစ်မှာပဲဆိုပြီး ကျွန်တော်လှည့်ကြည့်လိုက်တယ်’

အဲဒီတုန်းက ဓာတ်ပုံလည်း ကြိုမမြင်ဘူး၊ ဟန်းဖုန်းတွေလည်း မရှိလို့ မမြင်ဖူးတဲ့သူနှစ်ယောက် ချိန်းကြရတာ ဘယ်လောက် ရင်ခုန်စရာ ကောင်းလိုက်မလဲ ကျွန်တော်တွေးမိသည်။ အဲဒီတုန်းက ကိုမိုးအသက်က ၂၀ လောက်ပဲ ရှိဦးမှာ။ ပျော်စရာ၊ ရင်ခုန်စရာ မြင်ကွင်းလေးကို ကျွန်တော့်စိတ်က မှန်းကြည့်နေပြီ။

‘ကြည့်လိုက်တော့ အဲဒီ လားလားဆိုတဲ့ ကောင်မလေးက အရပ်တော်တော် ရှည်တာပဲဗျာ။ ကျွန်တော့်ထက်ကို တော်တော်လေးရှည်မယ်၊ အသားကလည်း ဖြူဖြူလေး၊ ချောချောလေးဗျာ’

ကျွန်တော် ရယ်ချင်သွားပေမဲ့ မရယ်မိအောင် ထိန်းထားလိုက်သည်။ ကိုမိုးကို စိတ်မထိခိုက်စေချင်ပါ။

‘အဲဒီမှာ ကျွန်တော်တို့ တွေ့ကြရော ဆိုပါတော့။ သူက ကျွန်တော့်ကိုဘယ်ချစ်မလဲဗျာ၊ ကျွန်တော်က ဒီလောက် အရပ်ပုတာကို’

‘အချစ်မှာ အရပ်ပုတာ ရှည်တာ ဘာဆိုင်လို့လဲ ကိုမိုးရဲ့။ သူ့ကို ကိုမိုးက ဖွင့်ပြောခဲ့လို့လား’

‘တွေ့ပြီး ရင်းနှီးသွားပြီးတဲ့နောက်မှာ ကျွန်တော် ဖွင့်ပြောခဲ့ပါတယ်။ တကယ်ပါ၊ သူ ကျွန်တော့်ကို မချစ်ဘူး။ နောက်ပြီး သူ့မှာ သူ့ကျေးဇူး



www.burmeseclassic.com

www.burmeseclassic.com

ရှင် သင်းအုပ်ဆရာက သဘောတူထားတဲ့၊ သူလည်း ချစ်တဲ့ ချစ်သူ ရှိတယ်ဗျ'

ဇာတ်လမ်းက ဒီတင် ပြီးဆုံးပြီဟု ထင်စရာ ရှိပါသည်။ ဒါပေမဲ့ မပြီးဆုံးသေးပါ။ သဘောကောင်းပြီး ပျော်တတ်သည့် ကိုမိုးကို လားလားက မချစ်သော်လည်း မောင်လေးတစ်ယောက်လို ခင်သည်၊ သူငယ်ချင်းများလို မောင်နှမများလို တတွဲတွဲရှိကြသည်။ အားလပ်ရက် ဆုံတိုင်း လားလားအခန်းမှာ တခြားသူငယ်ချင်းများနှင့်အတူ ချက်ပြုတ်စားသောက်ကြသည်။ ဂစ်တာတီး သီချင်းဆိုကြ၊ ဈေးဝယ်ထွက်ကြ၊ ကော်ဖီဆိုင် ထိုင်ကြသည်။

သူတို့ဆုံတွေ့ချိန်တိုင်းမှာ သီချင်းအကြောင်း၊ အနုပညာအကြောင်း ပြောကြငြင်းကြရင်း ဖြူစင်စွာ ပျော်ရွှင်ကြသည်။ ထိုအခြေအနေလေးကိုပင် ကိုမိုးက တန်ဖိုးထားသည်။

တစ်ရက်တော့ လားလားက ကိုမိုးကို နှစ်ယောက်တည်းတွေ့ရန် ကော်ဖီဆိုင်တွင် ချိန်းသည်။ လားလား မျက်နှာမကောင်းလှ။ သူ့အုပ်ထိန်းသူ သင်းအုပ်ဆရာ သဘောတူထားသော ချစ်သူနှင့် လက်ထပ်ရတော့မည်ဖြစ်သောကြောင့် ကိုမိုးနှင့်တွေ့တာ ဒါနောက်ဆုံးဖြစ်နိုင်ကြောင်း လားလားက ခေါ်ပြောခြင်းဖြစ်သည်။

'အဲဒီအချိန်မှာ ကျွန်တော်တို့ ထိုင်နေတဲ့ဆိုင်ကို သူ့ကောင်လေး ရောက်လာပြီး လားလားကို ပြောလိုက်

'BeV;nf
ruQ;ifmrS
tpDDvBmm;wh
aUmifav;eY
tjyifrS
awUÓuwm
oLu
uRefawmfhxuf
igvUufavmuf
jrifh, f
xifw, f

ဆိုလိုက်တာဗျာ။ ရစရာကို မရှိဘူး။ ကျွန်တော်တို့နှစ်ယောက် ကို စွပ်စွပ်စွဲစွဲတွေ ပြောတာဗျ။ ကျွန်တော်လည်း တော်တော့်ကို စိတ်မကောင်းဖြစ်မိတယ်။ ဘာမှလည်း ပြန်မပြောနိုင်ဘူး။ ပြောဆိုပြီးတော့ ရုပ်ရှင်တွေထဲကလိုပဲ ကောင်မလေးလက်ကို ဆွဲခေါ်ပြီးထွက်သွားတာ။ လားလားကတော့ ကျွန်တော်ကို လှည့်ကြည့် လှည့်ကြည့်နဲ့ ပါသွားတာပေါ့ဗျာ။ အဲဒါ သူနဲ့ဆုံတာ နောက်ဆုံးပဲ'

ကိုမိုး၏ လွမ်းဆွတ်ကြေကွဲဖွယ်ရာ အချစ်ဇာတ်လမ်းကလေးကို ညှိနေရာတွင်ပင် ကိုမိုးက ရပ်မထားခဲ့။ ငါးကြင်းခွက်ကြီးနှင့် ရမ်နှစ်ပက်စီ ကျွန်တော်တို့ရှေ့ ထပ်ရောက်လာသည်။ ကိုမိုးလည်း အတော်လေး အာသွက်နေပြီ။

❑

'အဲဒီနေ့က လားလားတို့ ထွက်သွားတော့ ကျွန်တော်လည်း စိတ်လေလေနဲ့ လျှောက်သွားပြီး ပန်းခြံထဲသွားထိုင် ငေးနေမိတယ်'

အေးလေ တစ်ဖက်သတ် ချစ်ရသူတစ်ယောက်ကိုယ့်ကြောင့် စိတ်အနှောင့်အယှက် ဘယ်လောက်တောင်ဖြစ်နေရမလဲဆိုတာ တွေးရင်း ကိုမိုး တော်တော် စိတ်ညစ်နေမိမှာ ကျွန်တော် ခံစားနားလည်လို့ရသည်။

'အဲဒီမှာဗျာ စင်ကာပူရဲက ကျွန်တော့်ဆီရောက်လာပြီး ကျွန်တော့်ကို ကောတော့တာ'

'ဟင် ဘယ်လိုဖြစ်လို့လဲ'

'ကျွန်တော် ထိုင်ငေးနေမိတဲ့ အရှေ့တည့်တည့်မှာ အတွဲတစ်တွဲ ရှိတယ်ဗျ။ ဘုရားစူးရပါစေ့ဗျာ။ ကျွန်တော့်ဘာသာ ငေးနေတာ အဲဒီအတွဲ ရှိနေမှန်းလည်း သတိမထားမိပါဘူး'

ကိုမိုးအဖြစ်က ရယ်ရမလို၊ ငိုရမလို နားထောင်ရင်း မရယ်ဘူး ဆုံးဖြတ်ထားသော ကျွန်တော်ပင် ခွိခနဲ ရယ်မိသွားသည်။ တစ်ပါးသူကို အနှောင့်အယှက်မပေးရဆိုသည့် ဆိုင်းဘုတ်များကို ရဲက ပြသည်တဲ့။ ပြီးတော့ ကိုမိုးကို သူတို့လုံခြုံရေးကင်းတဲ ခေါ်သွားပြီး စီစီတီဗွီမှတ်တမ်း ပြသတဲ့။ ပြီးတော့ ကိုမိုး၏ အလွမ်းအဆွေး အငေးကြောင့် သူ့ရှေ့ကစုံတွဲ စိတ်အနှောင့်အယှက်ဖြစ်ရသည် ဟုဆိုကာ စင်ကာပူ ၂၅ ဒေါ်လာ ဒဏ်ငွေ ဆောင်လိုက်ရသည်တဲ့။

'ဖြစ်ရလေ ကိုမိုးရယ်' ဟုသာ ကျွန်တော် ပြောနိုင်သည်။

'နေဦး ကိုညို၊ ကျွန်တော်ဇာတ်လမ်းက အခုမှ စ, မှာ'

ကိုမိုး၏ အချစ်၊ အလွမ်း၊ စွန့်စားခန်းမပါသော ဇာတ်လမ်းလေးကို ဟာသဖြင့်သာ ဇာတ်သိမ်းစေချင်သော ကျွန်တော် လွဲပြန်လေပြီ။

❑

'လွန်ခဲ့တဲ့ ၉ နှစ်၊ ၁၀ နှစ်လောက်ကပေါ့။ တစ်ရက်ကုန်စည်ပြပွဲတစ်ခုမှာ လားလားရဲ့ အရင်းနှီးဆုံး သူငယ်ချင်းမလေးနဲ့ ဆုံခဲ့တာ။ သူက ကျွန်တော်တို့တွဲနေတဲ့အချိန် အမြဲပါတဲ့ တစ်ယောက်လေ'

ဆယ်နှစ်ကျော်လောက် မှေးမှေးပျောက်ပျောက် နေလာခဲ့သော လားလားဆိုသည့် နာမည်ကို ကိုမိုး ပြန်သတိရသည်။ အတိတ်တို့က ရုပ်ရှင်ပိတ်ကားပေါ်မှာ ပြသလို တစ်ကွက်ချင်း ပြန်မြင်ယောင်လာသည်။

'မိုး၊ ရှင့်ကို ကျွန်မရှာနေတာ တော်တော်ကြာပြီ။ ကျွန်မအိမ်ကို လိုက်ခဲ့ပါ၊ ပေးစရာလေးရှိလို့' ဆိုသည့် လားလားသူငယ်ချင်း မူးနာ၏ စကားကို နာခံကာ ကိုမိုး သူ့အိမ်သို့လိုက်သွားခဲ့သည်။

မူးနာ ကိုမိုးကိုပေးသည်က စာကလေးတစ်စောင်နှင့် ကလေးဓာတ်ပုံလေးတစ်ပုံ။



www.burmeseclassic.com

www.burmeseclassic.com

လားလား ချန်ထားရစ်ခဲ့တာတဲ့။

လားလားက သူ့ချစ်သူနှင့် လက်ထပ်ပြီး ခင်ပွန်းဖြစ်သူ အလုပ်ရှိသည့် ဖိလစ်ပိုင်သို့ လိုက်သွားခဲ့သည်။ အဲဒီမှာ သမီးလေးတစ်ယောက် ထွန်းကားသည်။ သို့သော် လားလားတို့ အိမ်ထောင်ရေး အဆင်မပြေကြ။ အထူးသဖြင့် ခင်ပွန်းဖြစ်သူက လားလားကို တစ်ချိန်လုံး ကိုမိုးနှင့် ယိုးစွပ်ကာ ရလာသည့် သမီးလေးကိုပင် သူ့သမီးမဟုတ်ဟု ဆိုသည်။ လားလားကို ကိုယ်ထိလက်ရောက် ရိုက်နှက်သည်၊ စကားလုံးများဖြင့် စိတ်ဒဏ်ရာရစေသည်။ ငယ်ငယ်ကတည်းက စိတ်ဒဏ်ရာ အနာတရ ရှိခဲ့သော လားလားမှာ နှလုံးရောဂါ စွဲကပ်လာတော့သည်။ ခင်ပွန်းဖြစ်သူက အရက်ကိုသာ အဖော်ပြုရင်း လားလားအပေါ် စွပ်စွဲချက်တို့ ပိုမိုပြင်းထန်လာလေ လားလား၏ နှလုံးရောဂါ တိုးလာလေဖြစ်နေသည်။ လားလား ဆေးရုံတက်ရသည့်အဆင့်အထိ ဖြစ်သွားခဲ့သည်။

လားလား ဆေးရုံပေါ်မှာရှိနေစဉ် တစ်ရက် သူ့ခင်ပွန်းဖြစ်သူ အရက်မူး ကားမောင်းကာ ယာဉ်မတော်တဆမှုဖြစ်၍ ထိုနေရာတွင်ပင် သေဆုံးခဲ့သည်။ အဲဒီသတင်းကို ကြားတော့ နှလုံးရောဂါသည် လားလားလည်း ရုတ်တရက် နှလုံးဖောက်ကာ ကွယ်လွန်သွားတော့သည်။ လားလား၏ သမီးကလေးခမျာ ဖိလစ်ပိုင်က မိဘမဲ့ဂေဟာတစ်ခုကို ရောက်သွားရ ရှာတော့သည်။

"လားလားက သူ့နှလုံးရောဂါ စ,ရကတည်းက ကျွန်တော့်ကို ရှာခဲ့တာတဲ့ဗျာ။ နောက်ဆုံး ရှာမရတဲ့ အဆုံးကျမှ သူ့သူငယ်ချင်းမူးနာကို စာနဲ့ ဓာတ်ပုံလေး ပေးခဲ့တာ"

ဓာတ်ပုံက သူ့ကလေးပုံလေး၊ စာထဲမှာတော့ လားလားက သူ့နှလုံးရောဂါနဲ့ ဆုံးပါးသွားခဲ့ရင် ဖိလစ်ပိုင်က သူ့သမီးလေးကို မြန်မာနိုင်ငံကို ရောက်အောင်ပြန်ခေါ်ပြီး ကိုမိုး စောင့်ရှောက်ပေးပါတဲ့။

"ကျွန်တော် ဘယ်လိုလုပ်သွားရှာမလဲ ကိုညိုရယ်။ ကျွန်တော့်ကလေးလည်း မဟုတ်ဘူး။ ပြီးတော့ ကျွန်တော့် အခြေအနေနဲ့ ဘယ်လိုက်ရှာနိုင်မှာလဲ။ စိတ်ထဲမှာတော့ အတော် မကောင်းဘူးပေါ့ဗျာ"

လားလားတို့ မိသားစု၊ အထူးသဖြင့် သမီးကလေးအကြောင်း တွေးမိရုံဖြင့် စိတ်တို့ တင်းကျပ်လာသည်။ အမေကလည်း မိဘမဲ့ဂေဟာမှာ ကြီးပြင်းခဲ့ရ၊ သူ့သမီး ကျပြန်တော့လည်း…။ ထူးခြား ဆိုးရွားလှစွာ တိုက်ဆိုင်လွန်းသော ကံကြမ္မာကို ကျွန်တော် အပြစ်တင်ချင်မိသည်။

❑

ကျွန်တော်တို့ ရမ်နှစ်ပက်စီ သုံးခါမြောက် ကုန်ပြီး လေးခါမြောက် မှာလိုက်ကြသည်။

ကျွန်တော့် ရီဝေဝေ အတွေးများကလည်း ကျွန်တော်က သိပ်ချစ်ပြီး ကျွန်တော့်ကို မချစ်သော ညီမလေးထံသို့ ရောက်သွားခဲ့သည်။ ကိုမိုးနှင့် ကျွန်တော် အဖြစ်အပျက်က အနည်းငယ် ဆင်တူနေပြန်၏။

ချစ်သူသက်တမ်း ၂ လ မပြည့်ခင် "တကယ်တော့ ကိုကို့ကို ညီမလေးက အစ်ကိုတစ်ယောက်လိုပဲ ချစ်ခဲ့တာ" ဆိုသည့် စကားနှင့် ချွေးသိပ်ခဲ့သည်။ ပြီးတော့ သူ့ချစ်သူဆိုသည့်သူနောက်ကို ခိုးရာလိုက်ပြေးခဲ့သည်။

မိဘ အသိုင်းအဝိုင်း၏ အပစ်ပယ်ခံရချိန်၊ လက်ကျော မတင်းသော ခင်ပွန်းသည်၊ စရိုက်ကြမ်းသော ခင်ပွန်းသည်၏ အသိုင်းအဝိုင်းကြားမှာ ကျွန်တော် ချစ်သည့် ညီမလေး ကိုယ်ကာယ ဆင်းရဲ နွမ်းပါးခြင်းနှင့် တစ်ပြိုင်နက် စိတ်ဒဏ်ရာပါ ရခဲ့သည်။ သားကလေးတစ်ယောက်ကို ပင်ပန်းဆင်းရဲခြင်းကြီးစွာ မွေးထုတ်ပေးခဲ့ပြီးချိန်မှာတော့ ကျွန်တော့် ညီမလေး၏ အသက်ရှင်သန်မှုတို့ ရှေ့မဆက်နိုင်တော့။ ကျွန်တော့်ဘဝမှာလည်း ညီမလေးနှင့်အတူ အချစ်ဆိုသည့် အရာများ ရပ်တန့် သေဆုံးသွားခဲ့ရသည်။

"ကိုမိုးလည်း အချစ်တော်တော် ကြီးတာပဲဗျာ။ ဒါကြောင့် ကိုမိုး လူပျိုကြီးဖြစ်နေတာပေါ့ ဟုတ်လား"

"ဗျာ…ကိုညို ဘာပြောလိုက်တယ်"

"ကိုမိုး မိန်းမ မယူတာ လားလားကြောင့် မဟုတ်လား"

ကျွန်တော့်ကို ကိုမိုးက အထူးအဆန်းသတ္တဝါတစ်ကောင်လိုကြည့်ပြီး တဟားဟား အော်ရယ်လေတော့သည်။

"မဟုတ်ရပါဘူး ကိုညိုရာ။ ကျွန်တော်က မိန်းမ မယူတာ မဟုတ်ဘူး၊ မိန်းမ မရတာဗျ။ ကျွန်တော်ကြိုက်လိုက်မိတဲ့ ကောင်မလေးတွေအားလုံး ကျွန်တော့်ထက် အရပ်ရှည်ကြတယ်လေ။ ဒီနေ့လည်း မက်ဆင်ဂျာမှာ အီစီကလီထားတဲ့ ကောင်မလေးနဲ့ အပြင်မှာ တွေ့ကြတာ။ သူက ကျွန်တော့်ထက် ငါးလက်မလောက် မြင့်မယ်ထင်တယ်။ ချက်ဘောက်စ်မှာ ပြောတုန်းကတော့ ဖြူးလို့၊ တွေ့လည်းတွေ့ကြရော ကျွန်တော် အရပ်ပုတာကို စ,သလို၊ နောက်သလို၊ အထင်သေးသလိုနဲ့ နောက်ဆုံး ယဉ်ယဉ်လေး ကန်အထုတ်ခံလိုက်ရတယ်။ အဲဒါပဲ… အဲဒါပဲ ကိုညိုရေ၊ အဲဒီကိစ္စ ကျွန်တော် ညစ်လာတာ"

ဒီတစ်ခါမှာ ကျွန်တော်တို့ နောက်ဆုံးမှာထားသည့် ရမ်နှစ်ပက် ရေအပြည့်ရော ခွက်ကြီးကို တစ်ရှိန်ထိုး မော့ချလိုက်မိသူကတော့ ကျွန်တော်ပဲဖြစ်သည်။ ကိုမိုး၏ နောက်ဆုံးစကားကြောင့်လည်း ဖြစ်နိုင်ပါသည်။

"တကယ်တော့ လားလားအကြောင်းက ကျွန်တော့်ရဲ့ စိတ်ကူးယဉ် ဇာတ်လမ်းလေးတစ်ပုဒ်ပါ ကိုညိုရာ"


ကိုမိုးဟာ စာရေးဆရာတစ်ယောက်ဆိုတာ ကျွန်တော် လုံးလုံးကို မေ့နေခဲ့သည်လေ။ ■

**တူးတူးသာ**



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



သူ့ဘဝ၏
ပျက်သုဉ်းခြင်းကို
နောက်ဆုံးအချိန်အထိ
တစိမ့်စိမ့် အရသာခံ၍ သူ
ကြည့်နေမိသည်။ မှာခနဲ
မှာခနဲ လွှင့်စဉ်ထွက်လာ
သော အမှုန်အမွှားများက
သူ့ခန္ဓာကိုယ်၏
အစိတ်အပိုင်းစများပင်
ဖြစ်သည်။ ဝုန်းခနဲ ဒိုင်းခနဲ
ပြုတ်ကျလာသော
ထုပ်များ၊
တန်းများကလည်း
သူ့ဝိညာဉ်
တစ်ပိုင်းတစ်စများ
ဖြစ်သည်။
ထောက်မထားသည့်
တိုင်များအားလုံး
ရိုက်ချိုးပြီးချိန်တွင်မတော့
အရိုးမရှိသည့်
သတ္တဝါတစ်ကောင်လို
ဝုန်းခနဲ သူ
လဲပြိုကျသွားသည်။
သူ၏ အမာခံ
မြေထောက်သဖွယ်
ဖြစ်သော ဆွေးမြည့်မြည့်
ဝါးဖောင်ဒိုကို
မှီတွယ်ထားရင်း
သူ့ဘဝနောက်ဆုံး
နေဝင်ချိန်ကို သူကိုယ်တိုင်
သဘောကျစွာ
ငေးကြည့်ရင်း ပီတိဖြာနေမိ
ပြန်သေး၏။ ရေစီးနှင့်အတူ
သယ်ဆောင်သွားသော
သူ့ခန္ဓာကိုယ်
အပိုင်းအစများစွာက

# တဲ

## ခင့်ညိုဖေ

၂၀၀၉ မတ် ရွှေအမြုတေ ရုပ်စုံမဂ္ဂဇင်း သုခ

www.burmeseclassic.com

www.burmeseclassic.com

အမှိုက်သရိုက်ဒိုက်များနှင့် ရောကာ တစ်ခဏချင်း တစ်သားတည်းဖြစ်စွာ မြစ်အောက်ဘက်ဆီသို့ တရွေ့ရွေ့ မျောပါသွားသည်ကို သူက ဝမ်းသာအားရ လိုက်ကြည့်နေမိပြန်သေးသည်။ ဝမ်းနည်း ကြေကွဲသည့် ခံစားမှုတစိုးတစိမျှ မဖြစ်မိသည့် သူ့အကြောင်းကို သူသာလျှင် နားလည်ပေလိမ့်မည်။ ချည်နှောင်ထားသော လျှော်ပင်လျှော်ကြိုးများကို ပုဆိန်များဖြင့် ပေါက်ဖြတ်ပြီးသည့် တစ်ခဏချင်းတစ်လုံးစီ ကွဲကွာဖွာထွက်လာကြသော ဝါးလုံးများမှာ ဝရုန်းသုန်းကားဖြင့် မြစ်ရေစီးအတိုင်း အလုအယက် တိုးဝှေ့မျောပါ ထွက်ကုန်ကြသည်။ ပြီးဆုံးသွားပြီ။ နှစ်ပေါင်း နှစ်ဆယ်ကျော်က,ပြခဲ့သည့် ဇာတ်လမ်းတစ်ပုဒ် ဇာတ်သိမ်းချေပြီ။ သူ၏ ဝိညာဉ် အသက်ဓာတ်က မည်သည့်ဝါးလုံးနှင့်အတူ ပါသွားမည်ကို သူကိုယ်တိုင်ပင် မသိသော်လည်း ပေါ့ပါးလွတ်လပ် ပျော်ရွှင်သွားသည့် ခံစားမှုကို သူ ခံစားသိရှိနေနိုင်ပါသေးသည်။

ဘာပဲပြောပြော သူ့တစ်သက်တာတွင် ရှားရှားပါးပါးပြည့်ဝဖူးသည့် ဆုတောင်းလေးတစ်ခု ပြည့်သွားသည့်အတွက် သူ့ရင်ထဲမှ ဝမ်းသာပီတိစိတ်ကြောင့် နာကျင် ဆုံးရှုံးမှုများစွာကို လုံးဝ မေ့ပျောက် ထားနိုင်မိပါတော့သည်။

တငြိမ့်ငြိမ့် စီးဆင်းနေသော မြစ်ရေပြင်မှာ ဘာတစ်စုံတစ်ခုမျှ မဖြစ်ခဲ့သလို တသိမ့်သိမ့် စီးဆင်းနေဆဲပင်။

wpfbuf/ kwGf wpfqavmufom awmi fqk jynfBGavCI f ol qkawmi f;ciyfpnf b0aygi frm;pGm aemufxyf rqkHk;Hkap&ef ol b0ukd tjrefqkH tqkbwfay;rnh ol rsm; tjrefqkH a&muf/map&ef ol qkawmi faerd ygawmbnf

❑

လွန်ခဲ့သည့် အနှစ်နှစ်ဆယ်ကျော်က သူ့ကိုစတင်ဖြစ်တည်စေခဲ့သည်မှာ ဤမြစ်ကမ်းနဖူးမှာပင် ဖြစ်၏။ အိမ်ထောင်ဦးဘဝ စတင်ထူထောင်မည့် သူ့သခင်လောင်းလျာမှာ တက်ကြွလွန်းလှသည်။ အိမ်ရှင်မလောင်းနှင့် ဘဝတစ်ခုထူထောင်ရန် သူ့ကို သန္ဓေတည် မွေးဖွားပေးချိန်မှာ မြစ်ရေများ စတင်ဆုတ်ခွာခါစ ဝါတွင်းနေ့ရက်တစ်ရက်ဟု သူ ကောင်းကောင်း မှတ်မိနေသည်။ မြစ်အထက်ဆီမှ စုန်ဆင်းလာသည့် ဝါးဖောင်ကြီးများထဲမှ သူ့အတွက် ကောင်းနိုးရာရာ ဝါးများ၊ မျောတိုင်များဖြင့် သူ့ကို ဖြစ်တည်စေခဲ့သည်။ သူ့အရှင်သခင်ဖြစ်လာမည့် သူမှာ ထိုစဉ်အခါက တက်ကြွနုပျိုနေသော လူငယ်လေးတစ်ဦးပင်။ ညိုမှောင်နက်ပြောင်နေသော အသားအရေ၊ ကြွက်သားအဖုဖု အထစ်ထစ်တို့ပိုင်ရှင် သူ့အရှင်မှာ ညိုပြာညက် ယဉ်စစ သူ့ အိမ်ရှင်မလောင်းနှင့် အလွန်လိုက်ဖက်လွန်းလှသည်ဟု သူ ထင်ခဲ့ဖူးသည်။

သူ့အရှင်သခင်နှင့် အပေါင်းအသင်းများ၏ ဝိုင်းဝန်းမှုအောက်တွင် သူ၏ ရုပ်လုံးမှာ တဖြည်းဖြည်း ပီပြင်လာခဲ့သည်။ အလုံးငါးဆယ်ခန့် ဝါးအစည်းကြီး ငါးစည်းမှာ သူ၏ ဆောက်တည်ရာ အရင်းအမြစ်ဖြစ်လာသည်။ ၎င်းအပေါ်မှ မျောတိုင်များ ပတ်ခွေ တိုင်ထောင်အပြီးတွင် သူ၏ သဏ္ဌာန်မှာ ထင်ရှားစပြလာချေပြီ။ သုံးပေအရှည်၊ ဆယ့်နှစ်ပေခန့်အကျယ် ဝရန်တာလေးတစ်ခု၊ ခြောက်ပေ× ဆယ့်နှစ်ပေ အိမ်ရှေ့ခန်းတစ်ခန်းနှင့် အခန်းဆီးကာရံထားသည့် လူနေအိပ်ခန်းတစ်ခန်း။ အနောက်ဘက် လေးပေပတ်လည်ခန့် ရေကပြင်တစ်ခု၊ ကဲလားပြတင်း နှစ်ချပ်၊ ရှေ့နောက် လူအဝင်အထွက် တံခါးနှစ်ချပ်၊ ဝါးထရံကာ ကပ်မိုး တဲလေးတစ်လုံးမှာ ထိုနှစ်ဝါကျွတ်အမီ မြစ်ကမ်းနဖူးတစ်နေရာ၌ ဘဝတူ တဲပေါင်းများစွာအလယ် ထည်ထည်ဝါဝါ ပေါ်ပေါက်လာခဲ့သည်။ ကျဆင်းစ မြစ်ရေပြင်နှင့်အပြိုင် တဲလေးမှာ သူ့အရှင်သခင်သစ်တို့ကို ကြိုဆိုမျှော်လင့်နေရင်း ရင်ခုန်သံမြန်ဆန်နေခဲ့သည်။ သစ်လွင်သော သူ့အလှအား တစိမ့်စိမ့်ကြည့်ရင်း ပီတိဖြစ်နေသော သူ့အရှင်အား ကျေးဇူးတင်စွာ၊ ချစ်မြတ်နိုးစွာ ငေးနေမိရင်း သူ့ဘဝတစ်ခုလုံးကို အရှင့်အလိုကျ အသုံးချခံရန် သူ စိတ်ပိုင်းဖြတ်ပြီးလည်း ဖြစ်နေပါတော့သည်။

❑

သူ့ဘဝ၏ အပျော်ရွှင်ခဲ့ရဆုံး ရွှေရောင်အချိန်များအကြောင်း ပြန်တွေးမိတိုင်း ပီတိနှင့်အပြိုင် လွမ်းဆွတ်သတိရစိတ်က သူ့ကို မျက်ရည် ဝဲစေသည်။ သူ့တာဝန်ဝတ္တရားများ စတင်ခဲ့ရသည့် လွန်ခဲ့သော အနှစ်နှစ်ဆယ်ကျော်ခန့်က ရက်တစ်ရက်ကို သူ ဘယ်သောအခါမျှ မမေ့။ သီတင်းကျွတ်လပြည့်ကျော် ရက်တစ်ရက်ဖြစ်မည်။ ကျဆင်း ဆုတ်ခွာသွားသော မြစ်ရေက သူ့ကို ကိုင်းပင်များအကြား ကမ်းနဖူးတစ်နေရာတွင် အသာအယာ ချထားပေးခဲ့သည်။ သူ့အရှင်က ပတ်ပတ်လည်ရှိ ကိုင်းပင်အနည်းငယ်နှင့် သူ့မျက်နှာစာရှေ့မှ ကိုင်းပင်ချုံပင်များကို ရှင်းလင်းအပြီး တဲသစ်လေးတစ်လုံးမှာ ပန်းရစွာ ပေါ်ထွက်လာခဲ့ပါတော့သည်။ သူ့ရှေ့ကွက်လပ်ပြင်ကလေးတွင် စားပွဲကုလားထိုင် လေး, ငါးစုံ ချထားကာ ရောက်ရှိလာကြသော တဲနီးနားချင်း မိတ်ဆွေများအလယ် လက်ချင်းတွဲ၍ ပျော်ရွှင်နေသော



www.burmeseclassic.com

www.burmeseclassic.com

သူ့အရှင်နှင့် အရှင်မကို သူ မြင်ရသည်မှာ ကမ္ဘာ့အလှပဆုံး စုံတွဲတစ်တွဲကို မြင်နေရသည့်ပမာ သူထင်မိသည်။ ထိုနေ့မှစ၍ တစ်နှစ်ပတ်လုံး ရေပေါ်တစ်ခါ၊ ကုန်းပေါ်တစ်လှည့် သူ့တာဝန်များကို ထမ်းဆောင်လာခဲ့သည်မှာ သူ့ခန္ဓာ ကြေပျက်ချိန်တိုင်အောင်အထိ နှစ်ပေါင်းနှစ်ဆယ်ကျော်ခဲ့ပြီ။

အိမ်ထောင်ဦး စုံတွဲ၏ ပျော်ရွှင်ဖွယ်ရာ နေ့ရက်များမှာ သူနှင့်အတူ ဖြတ်သန်းခဲ့ကြသည်။ မြစ်ဆိပ်တွင် သဲသယ်၊ သစ်တိုက်၊ ကုန်ထမ်း ကြုံရာကျပန်းအလုပ်လုပ်သွားသော ခင်ပွန်းသည် အပြန်ကို ချက်ပြုတ်လျှော်ဖွပ် အိမ်ထောင်မှုကိစ္စများ လုပ်ကိုင်ရင်း မျှော်နေတတ်သည့် အိမ်ရှင်မ၏ အဖော်မွန်မှာ သူဖြစ်ခဲ့ရသည်။ ရေကျချိန် သူ့ရှေ့ရှိ နုန်းမြေကွက်လပ်လေးတွင် ပေါင်းသင်မြေဆွကာ ဟင်းသီးဟင်းရွက် စိုက်ခင်းလေးကို ပျော်ရွှင်စွာ ပြုစုနေကြသော သူ့အရှင်စုံတွဲအား သူ ငေးကြည့်ရင်း သိင်္ဂါရရသကို သူခံစားခဲ့ဖူးသည်။ ရေပတ်လည်ဝိုင်းနေချိန်မျိုးတွင်လည်း လေလေး တချွန်ချွန်နှင့် ငါးမျှားနေသည့် သူ့အရှင်ဘေးတွင် ထမင်းအိုးတည်ရင်း တွတ်တီးတွတ်တာ ပြောဆိုနေတတ်သော အိမ်ရှင်မ၏ ပုံရိပ်ကို သူသိပ်သဘောကျခဲ့ဖူး၏။ အိမ်ရှင်မ ငါးဟင်းချက်၊ ငါးကြော်နေချိန် အနောက်ဘက် သောင်ကျွန်းလယ်ရှိ တောအရက်ဖိုသို့ လှေကလေး လှော်ကာ ထွက်သွားတတ်သည့် သူ့အရှင် ပြန်မလာမချင်း သူက စိတ်ပူပန်စွာ မျှော်နေတတ်သေး၏။ ပုလင်းလေးဆွဲပြီး ပြန်လာသော သူ့အရှင်နှင့် အိမ်ရှင်မတို့ စကားလက်ဆုံ ပြောရင်း ထမင်းစားနေချိန်ကျမှ သူ့မှာ သက်ပြင်းချရင်း စိတ်အေးမောပြေရသည်။

ချစ်စကြင်စဦးဇနီး မောင်နှံနှစ်ဦးက သူ့ရင်ခွင် အခန်းလေးအတွင်းထဲ၌ ခိုးခိုးခစ်ခစ် တီတီတာတာ ချစ်ပျော်ရွှင်ကြည်နူးနေကြချိန်တိုင်း သူ့မှာ ပီတိရက်သွေး ဖြာရင်း ဟိုးအဝေးကိုသာ ငေးမောရင်း ကျေနပ်ပျော်ရွှင်နေ တတ်သေးသည်။ ညနေမှောင်ရီဖျိုးဖျအချိန်တွင် ကိုင်းပင်များကြားမှ မြင်တွေ့နေရသော အနောက်ဘက် စစ်ကိုင်းတောင်ပေါ်မှ စေတီလေးများ၏ မီးရောင်လက်လက်ကလေးများကို ငေးမောရင်း သူ့တစ်နေ့တာကို ကုန်ဆုံးစေရသည်မှာ သာယာကြည်နူးဖွယ်ရာပင်။ အရှေ့ဘက် မြစ်တာပေါင်ကြီး အလွန်တွင် မီးရောင်တထိန်ထိန်နှင့် မြို့ကြီးမှာ စည်ကား သက်ဝင်ဆဲ ဖြစ်သော်လည်း တာပေါင် အနောက်ဘက်ရှိ သူတို့တဲစုလေးရှိရာမှာမူ ပီတိ တောအရပ်လေး သဖွယ် တိတ်ဆိတ်ငြိမ်သက် အေးချမ်းလွန်းလှတော့သည်။

ရေထဲတွင်နှစ်ကြိမ်၊ ကုန်းမြေကမ်းစပ်တွင်နှစ်ခါ သူ့တာဝန်များကို ထမ်းဆောင်ပြီးချိန်တွင် သူ့အတွက် သံယောဇဉ်အမျှင် ရစ်ပတ်စရာ လူကလေးဆိုသည့် ကြိုးတစ်မျှင် သူ့ဘဝထဲ ရောက်လာသည်။ အိမ်ရှင်မ ပွေ့ချီထားသော လူကလေး၏ မျက်နှာ ဝိုင်းဝိုင်းလေးအား ငုံ့ကြည့်နေရသည်ကို သူ့ဘယ်သောအခါမျှ မဝ။ သူ့ဘဝထဲမှ တိုးပွားလာသည့် သည်လူကလေးမှာ ပီတိ သူ့ရင်သွေးစစ်စစ် ဇကန်ပင်။ သူ့ရှေ့ ဝရန်တာလေးတွင် သူ့အရှင်တို့မိသားစု သုံးယောက် တွတ်တီးတွတ်တာ တွတ်ထိုးပျော်ရွှင်နေလျှင် သူကလည်း အူမြူးပျော်ရွှင်နေတတ်သည်။

ကာလများ ရွေ့လျားလာသည်။ သူကလည်း ရေစိုလိုက်၊ ကုန်းမြေပေါ်ရောက်လိုက် ဖြစ်နေရသည်မှာလည်း အခါခါ။ လူကလေးပင် ပြေးလွှားဆော့ကစားတတ်သည့် အရွယ် ရောက်လာချေပြီ။ တတောက်တောက် ပြေးလွှားနေသော လူကလေး သူ့ကြမ်းပေါက်မှ ခြေချော်ကျလေမလား စိုးရိမ်စိတ်ဖြင့် ကျဲတဲတဲ သူ့ကြမ်းခင်းများကို သူ အခါခါ အပြစ်တင်မိတတ်သေးသည်။ သူ့အပေါ်မှ မြစ်ရေထဲသို့ လူကလေးက ဝုန်းခနဲ ခုန်ချသွားတိုင်း သူ့မှာ အသည်းတထိတ်ထိတ် ရင်တဖိုဖို။ လူကလေး သူ့အပေါ် တွယ်ကပ်တက်လာမှ သူ့မှာ အသက်ရှူနိုင်တော့သည်။ သူ့အရှင်နှင့် အိမ်ရှင်မကို ချစ်ခင်သည်ထက် လူကလေးကို သူ ပိုတွယ်တာသည်။ သူ့ရင်နှစ်သည်းချာ လူကလေးသည်သာ သူ့ဘဝအနှစ်သာရအဖြစ် အမြဲတွေးမိတတ်သည်။ သံယောဇဉ်ကြိုးမျှင်တွေအကြား ရှင်သန်ပျော်မွေ့နေရင်း သူလည်း အတန်ရင့်ရော်လာနေချေပြီ။

လူကလေး ကျောင်းသွားနေရသည်မှာ နှစ်နှစ်ခန့် ရှိနေပြီ။ လူကလေးအပေါ်တွင်သာ အာရုံစိုက်မိနေသော သူက ယခုနှစ်နှစ်ခန့်အတွင်းမှ ပြောင်းလဲလာနေသော သူ့အရှင်ကို သတိထားမိသည်။ ယခင်ကလို လှေကလေးနှင့် အနောက်ဘက်သောင်ပြင် ကျွန်းပေါ်မှ တောအရက်ဖိုလေးဆီသွားသည်ကို သိပ်မတွေ့ရတော့။ အရှေ့ဘက် တာပေါင်ကြီးထိပ်မှ ညောင်ပင်အောက် အရက်ဖြူဆိုင်ဆီတွင်သာ ခဏတိုင်း တွေ့နေရတော့သည်။ သူ့အရှင်ဆီမှာ ဟိုစဉ်ကလို တက်ကြွဖျတ်လတ်မှုတွေ သိပ်မတွေ့ရတော့။ ကြွက်သားဖုထစ်အစား ဝမ်းဗိုက်ကားကားကသာ ထင်ရှားလာနေသည်။ တောက်ပနေသော မျက်လုံးများ နေရာတွင် ဝါဖန့်ဖန့်ညှိုးညှိုး မျက်လုံးများကသာ အစားထိုးလာနေတော့၏။ သူ့အရှင်မှာ အလုပ်ကိုလည်း အားကြိုးမာန်တက် မလုပ်နိုင်တော့။ သာသာယာယာ တွတ်ထိုးနေတတ်သော သူ့အရှင်တို့စုံတွဲမှာ အော်ဟစ်ကြိမ်းမောင်း ရန်ဖြစ်၊ လုံးသတ်တတ်သော လင်မယား အဖြစ်သို့ ပြောင်းလဲသွားသည်ကို သူစိတ်မကောင်းစွာ ငေးကြည့်နေရုံမှတစ်ပါး ဘာမျှ မတတ်နိုင်။

သည်အတွင်း သူစိတ်မကောင်းအဖြစ်ရဆုံးမှာ လူကလေးတစ်ယောက် ကျောင်းသို့ မသွားတော့။ မိဘများက ဘယ်အကြောင်းကြောင့် ကျောင်းသို့ ထပ်မလွှတ်သည်ကို သူနားမလည်။ သူ့အရှင်မှာလည်း ဝမ်းဗိုက်က ပိုကား



www.burmeseclassic.com

www.burmeseclassic.com

လာသလောက် လက်မောင်းများက ပျော့တွဲလာကြသည်။ အလုပ်မလုပ်နိုင်တော့သော်လည်း ညောင်ပင်အောက် အရက်ဖြူဆိုင်ကမူ မခွာတော့။ သူ့အတွက် ဝမ်းနည်းရဆုံးမှာ သူ့ရင်ခွင်ကို သူ့အရှင်တို့ မခင်တွယ်ကြတော့ခြင်းပင်။ အိမ်ရှင်မကလည်း တာပေါင်ထိပ် ညောင်ပင်ကြီးအောက်တစ်နေရာတွင် ကွမ်းယာဆိုင်ဖွင့်ပြီး သူတို့ မိသားစု အသက်ဓာတ်ကို ခက်ခက်ခဲခဲ ဆက်နေရသဖြင့် ညအိပ်ချိန်မှသာ သူ့ဆီ ရောက်တော့သည်။ လူကလေးကလည်း တာပေါင်ပေါ်က အဖော်အပေါင်းများနှင့် ပျော်မွေ့နေဖြင့် မနက် အိပ်ရာနိုးနိုးချင်း သူ့ကို ခြေကန်ထွက်သွားတတ်သည်မှာ ညအိပ်ချိန်လွန်ချိန်မှ ပြန်ရောက်တတ်တော့သည်။ သူ့အရှင်မှာလည်း ညောင်ပင်အောက် အရက်ဆိုင်တွင်သာ ချည့်နဲ့နဲ့ဖြင့် အချိန်ကုန်နေတော့သည်။

သူ့အခြေအနေမှာလည်း သိပ်မကောင်းတော့။ မျောတိုင်အချို့က ဆွေးစပြုနေချေပြီ။ အမိုးကပ်များကလည်း အသစ်မလဲသည်မှာ နှစ်ချီနေ၍ ငှက်နားလျှောင်ပင် ကျွံကျနိုင်လောက်သည့်အခြေအနေ။ အခြင်ဝါးများကလည်း ကျိုးကျကုန်ကြသဖြင့် မပြည့်မစုံ။ သူ့အခြေအနေ မကောင်းသည်ကို သူဝမ်းမနည်းအား။ သူ့အရှင်၏ ကျန်းမာရေးအခြေအနေကို ကြည့်ပြီး ဝမ်းနည်းရသည်။ အပြင်မထွက်နိုင်တော့သည့် သူ့အရှင်မှာ သူ့ရင်ခွင်တွင် ပက်လက်။ ဝမ်းနည်းသည့်ကြားမှ သူ့ခမျာ ကြဲဖန်ဝမ်းသာစရာတစ်ခုကတော့ သူ့အရှင်ကို သူ့မျက်စိအောက် အချိန်ပြည့် မြင်နေရခြင်းပင်။ ဤသည်မှာလည်း သိပ်မကြာလိုက်ပါ။ သူ့အရှင်မှာ သူ့ရင်ခွင်ထက်မှာပင် သူ့မိသားစုနှင့် သူ့အား နှုတ်မဆက်ဘဲ ခရီးအဝေးကြီးသို့ ထွက်သွားပါတော့သည်။

❑

သူ့အရှင် မရှိတော့သည့်နောက်ပိုင်း သူ့ဘဝမှာလည်း သူ့အရှင်နောက်လိုက်ရန် လက်ချိုးရေတွက် စောင့်စားနေရသလိုလို။ သူတွယ်တာချစ်ခင်ရသော လူကလေးကလည်း သူ့ဆီ ပြန်လာချင်သည့်အခါမှသာ ပြန်လာတော့သည်။ အိမ်ရှင်မကတော့ သူ့ဆီ အမြဲပြန်လာတတ်ပါသေးသည်။ ချွတ်ခြုံကျနေသော သူ့ကို အိမ်ရှင်မကလည်း ဘာမျှ လုပ်မပေးနိုင်တော့။ သူ့အရှင် မရှိသည့်နောက်မှ သူ့ပတ်ဝန်းကျင်ကို သူ သတိထားမိတော့သည်။ ဟိုးယခင်အတိတ် သူငယ်စဉ်ကလို အေးချမ်းတိတ်ဆိတ်သော ပတ်ဝန်းကျင် မဟုတ်တော့။ လူတွေ၊ တဲတွေကလည်း တိုးလာကြသလို မမြင်ဖူးသည့် လူပေါင်းစုံ၊ စရိုက်စုံတို့ဖြင့် ပူလောင်ဆူပွက်နေသည့် ပတ်ဝန်းကျင် ဖြစ်လာနေသည်။

ညနေစောင်းဆိုလျှင် ဖြီးလိမ်းခြယ်သပြီး တာပေါင်ထိပ်တွင် ဆူဆူစာစာ အော်ဟစ်ပြောဆိုနေတတ်သည့် မိန်းကလေးများ၊ တာပေါင်လမ်းပေါ် ဖြတ်သန်းသွားလာသူများကို အချက်ပြ ခေါ်ငင်နေတတ်သည့် ရွှေကြိုကလေးငယ်များ။ အော်ဟစ်မူးယစ်ဆူညံပွက်နေကြသည့် လူများဖြင့် အတိတ်က အခြေအနေနှင့် လုံးဝမတူသည့် ပတ်ဝန်းကျင်အသစ်ကို သူ စိတ်ပျက်လက်ပျက်ဖြင့်သာ ငေးမောကြည့်နေရင်း သူ့အရှင်နောက်သို့ လိုက်ရမည့်အချိန်ကို စောင့်စားနေမိတော့သည်။

ထိုတစ်ရက်ကို သူ ဘယ်တော့မျှ မေ့တော့မည် မဟုတ်။ အိမ်ရှင်မက သူ့ဆီသို့ အရှင်သစ်တစ်ယောက် ခေါ်ဆောင်လာခဲ့သော နေ့တစ်နေ့ပင် ဖြစ်သည်။ လူလည်ပုံစံပေါက်နေသော အရှင်အသစ်က အိမ်ရှင်မကို ပိုင်စိုးပိုင်နင်း လက်ဆွဲပြီး သူ့အပေါ် တက်လာခဲ့သည်။ ငြင်းဆန်နိုင်စွမ်းမရှိသော သူ့မှာ အံကိုကြိတ်၍သာ ကြည့်နေရတော့သည်။ သူ့အရှင်ဟောင်းနှင့် အိမ်ရှင်မတို့နေခဲ့ဖူးသော အခန်းလေးထဲသို့ သူတို့နှစ်ဦး ဝင်ရောက်သွားချိန်၌မူ သူ့မှာ ယောင်ယမ်း၍ မျက်လုံးများကို ပိတ်ထားလိုက်ပါတော့သည်။ လူကလေးကလည်း ဘယ်ဆီဘယ်ဝယ် ပေတေလေနေမှန်း သူ မသိ။ ဝမ်းနည်းကြေကွဲစိတ်ဖြင့် သူ ကျိတ်ငိုကြွေးမိသည်။

နောက်ရက်များမကြာမီ ယိုင်နဲ့နဲ့ သူ့ကို သူ့သခင်သစ်က အသက်ဆက်ပေးသည်။ လက်သမားများက သူ့ခေါင်အခြင်များကို အစားထိုးဖြည့်ပေးသည်။ ဆွေးမြည့်နေသည့် မျောတိုင်များကို လဲသည်။ ဝါးကြမ်းခင်းများ ဖာထေးသည်။ အမိုးကပ်အပေါ်တွင် သွပ်ပြားတစ်ထပ် ထပ်မိုးသည်။ ပေါက်နေသည့် အကာထရံများအပေါ်မှ မြန်မာဘီယာဆိုသော တံဆိပ်ပါ ဗီနိုင်းအစိမ်းနှင့် ထပ်ပိုး ကာရံလိုက်ကြတော့သည်။ သူ့ခန္ဓာကိုယ်အတွင်း သံတစ်ချောင်းရိုက်သွင်းလိုက်တိုင်း သူ့မှာ တစ်ချက် ပိုမိုတောင့်တင်းလာနေသလို ခံစားရသော်လည်း အားတက်ပျော်ရွှင်မှုမျိုးကို သူ မခံစားနိုင်။ နာလန်ထစ သူ့မှာ သူတို့ပြုသမျှအောက်တွင် မချိမဆံ့ အသက်ဝင်လာရပြန်တော့သည်။ သူ တစ်ခု သတိထားမိသည်က သူ့ဘေးပတ်ပတ်လည်မှ သူ့အရပ်နီးနီး ကိုင်းပင်ကြီးများကို မရှင်းလင်းကြခြင်းပင်။ သူ့အရှင်ဟောင်းက အမြဲရှင်းတတ်သည်ကို သတိရနေမိပြန်တော့သည်။ ကိုင်းပင်အုပ်အုပ်များအကြား၌ သွပ်အမိုးက ပြောင်ပြောင်၊ အစိမ်းရောင်ဗီနိုင်းက ခါးကိုပတ်။ ဘေးမှ ကပ်ပိုးတွယ်ရိုက်ထားသည့် အင်သစ်သားချောင်းများအကြား ပုံဆိုးပန်းဆိုး သူ့ပုံကို သူပြန်တွေးကြည့်မိတိုင်း ကိုင်းပင်များအကြား ရှက်စိတ်ဖြင့် ခေါင်းထိုးဝှက်၍သာ နေမိတော့၏။

သူ့ဘဝအတွက် စိတ်ညစ်စရာ အကောင်းဆုံးရက်များက စတင်ချေပြီ။ သူ့အရှင်ဟောင်းနေရာတွင် အစားထိုးလာသူ အရှင်သစ်နှင့် အိမ်ရှင်မတို့ သူ့အရှင်



www.burmeseclassic.com

www.burmeseclassic.com

ဟောင်းအိပ်ရာတွင် ပလူးပလဲနေကြတိုင်း သူ့မှာ မျက်ရည်တွင်တွင်ကျရသည်။ အရှင်ဟောင်းကို သတိရတမ်းတစိတ်ကြောင့် အမြဲ ဆို့နင့်ကြေကွဲနေရတော့သည်။ လူကလေးကလည်း အသွင်သစ်ဖြင့် ကိုးရိုးကားရားပုံစံ ဖြစ်နေရရှာသော သူ့ထံ တစ်ခါတစ်ရံမှသာ လာဖော်ရတော့သည်။ လူပျိုဖော်ဝင်စ ဆေးလိပ်လက်ကြားညှပ်လျက် လူကြီးပုံစံလို ပေတေနေသော လူကလေးကို မြင်ရသည်မှာ သူ့ရင်ကို တစစ်စစ်နာကျင်စေ၏။

သူ့ဘဝ ဝဋ်ကြွေးများမှာ ဆပ်၍မကုန်နိုင်သလို ခံစားနေရသည်။ သူ့အတွက် အဆိုးရွားဆုံး အခြေအနေများက အခုမှ စတင်တော့သည်။

သူ့အရှင်သစ် လက်ထက်တွင် သူ့ဆီသို့ သူ မသိသော သူစိမ်းများ အဝင်အထွက် အလွန်များလာသည်။ အိမ်ရှင်မမှာလည်း ဖြီးလိမ်းပြင်ဆင်လျက် တစ်နေ့တခြား ပုံစံပြောင်းလာနေသည်။ တစ်သက်လုံး တစ်ခါမျှ မမြင်ဖူးသည့် ရွှေလက်ကောက်၊ ရွှေဆွဲကြိုးများနှင့် ပြောင်ပြောင်ရောင်ရောင် ဖြစ်လာနေသော အိမ်ရှင်မကို သူ ကြည့်မရပါ။ သူ့ဆီဝင်ထွက်သွားလာသူများ တစ်နေ့တခြား များများလာနေသည်။ လူပေါင်းကလည်း စုံသည်။ များသောအားဖြင့် လူငယ်ပိုင်းတွေ များသည်။ တစ်ခါတလေ လူကလေးအရွယ် အဖြူအစိမ်းဝတ် ကျောင်းသားလေးတွေ ပါလာသည့် အခါ သူအံ့ဩမိရတော့သည်။ လူစိမ်းတွေ အခန်းတွင်းမှာ ဘာတွေလုပ်နေကြသည်ကို သူနားမလည်။ သူ့အရှင်သစ်က ခင်းပေးထားသည့် ဖယောင်းပုဆိုးပေါ် ထိုင်သူထိုင်၊ လှဲသူလှဲ၊ မှီသူမှီဖြင့် အလုပ်ရှုပ်နေကြသည်။ သူမသိသည့် စိမ်းရွှေရွှေအနံ့များ၊ စူးရှရှအငွေ့များက သူ့အခန်းတွင်းတစ်ခုလုံးကို လွှမ်းခြုံနေလေ့ရှိသည်။ သူ့နောက်ဘက် ရေကပြင်အောက်တွင်လည်း ဆေးထိုးအပ်အခွံများ၊ သွေးစွန်းဂွမ်းစများ၊ တစ်ရှူးစများ၊ စီးကရက်အစီခံအတိုများ၊ ရေသန့်ဘူးခွံ အပေါက်များ၊ အအေးသောက်ပိုက်များ၊ ဂက်စ်မီးခြစ်အပျက်များနှင့် ရှုပ်ပွညစ်ထေးနေသည်ကို ကြည့်ရင်း သူစိတ်ဆင်းရဲရသည်မှာ ပြောမပြတတ်အောင်ပင်။ သူ့ဆီက ပြန်ထွက်သွားသည့် လူငယ်လေးများ လက်တစ်ဖက်က ကျန်လက်တစ်ဖက် အပေါ် ဂွမ်းစဖြူဖြူဖြင့် ဖိအုပ်ပြီး ထွက်သွားကြသည်ကို မြင်ရဖန်များလွန်း၍ ရိုးသလိုလိုပင် ဖြစ်လာနေ၏။

သူ့အတွက် မရိုးဘဲ ဆန်းကြယ်လွန်းသည့် အဖြစ်တစ်ခု သူ့အခန်းတွင်းမှာပင် ဖြစ်ပွားသွားမှ သူ ထိတ်လန့်သွားသည်။ တစ်နေ့တွင် ဖြစ်သည်။ လူငယ်တစ်ယောက် သူ့လက်သူ ဆေးထိုးအပ်ဖြင့် ထိုးနေရင်း တွန့်ခနဲဖြစ်ကာ လန်သွားသည်ကို သူကောင်းကောင်း မြင်လိုက်မိသည်။ တွန့်၍ တွန့်၍ အကြောဆွဲသလိုဖြစ်ကာ ပါးစပ်မှ အမြှုပ်ဖြူများ တဖွားဖွား ထွက်လာသည်။ ဘေးမှ သူများက သူ့ကို ပက်လက်လှန်ပြီး ဖိသူကဖိ၊ လက်မောင်းကို လှုပ်သူကလှုပ်၊ မျက်နှာ၊ ပါးများကို တဖြောင်းဖြောင်း ရိုက်သူကရိုက်။ သူ့အရှင်သစ်ကလည်း မီးဖိုချောင်မှ ဆားတစ်ဆုပ်ပြေးယူပြီး ထိုလူငယ်ပါးစပ်အားဟ,ကာ ထိုးသိပ်ထည့်သည်။ တွန့်တွန့်လူးပြီး တစ်ချက်တစ်ချက် အကြောဆွဲသလို ဖြစ်နေသည်။ သူ့မျက်စိထဲ သူ့အရှင်ဆုံးခါနီး ဖြစ်နေသည်ကို မြင်ယောင်နေမိသည်။ ထိုလူငယ်သေများသေပြီလားဟု သူ့မှာ တထိတ်ထိတ်။ သို့သော် ကံကောင်းသည်ဟု ပြောရမလိုပင်။ ဆတ်ခနဲ မျက်လုံးပွင့်လာပြီး ထိုလူငယ်က ထ,ထိုင်လာတော့သည်။ သူ့မှာ ကြောက်လန့်လွန်း၍ ကြည့်ပင် မကြည့်ရဲတော့။ တစ်ခဏအကြာတွင် လူနှစ်ယောက်တွဲပြီး သူ့ဆီမှ ထွက်သွားသော ထိုလူငယ်အားကြည့်၍ သက်ပြင်းချနိုင်တော့သည်။ သူ မသိသော အရာနှင့် ထိုဆေးထိုးအပ်ကို သူ အလန့်ကြီး လန့်သွားတော့သည်။

❑

အခုတလော လူကလေးတစ်ယောက် သူ့ဆီ ပြန်ကပ်နေသည်။ သူ့မှာ ဝမ်းသာစိတ်ဖြင့် ပျော်ရွှင်မိသော်လည်း လူစိမ်းများအကြားမှ အဖြစ်အပျက်များကြောင့် စိုးရိမ်စိတ်က ဖြစ်ရသေး၏။ သူ့အရှင်သစ်နှင့် အိမ်ရှင်မ မရှိခိုက်တွင် လူစိမ်းများနှင့် လူကလေးသာ ကျန်နေတတ်သည်။ ငွေစကြေးစများ ကိုင်တွယ်၍ ပျော်ရွှင်နေသော လူကလေးကိုကြည့်ပြီး သူ့မှာ စိတ်မကောင်းဖြစ်ရသည်။ ထိုကြောက်စရာကောင်းသော ဆေးထိုးအပ်များကို လူကလေးကိုင်တွယ်နေလျှင် သူ့မှာ ရင်တထိတ်ထိတ်။ သူများလက်ထဲ ထည့်ပေးလိုက်မှ သူ ဟင်းချရသည်။ ဖြစ်နိုင်လျှင် သူချစ်သော လူကလေးကို သူ့ရင်ခွင်မှ မောင်းထုတ်လိုက်ချင်သည်။ လူကလေးကို ထိုကြောက်ရွံ့စရာများနှင့် ခပ်ဝေးဝေး ခပ်ကင်းကင်း နေစေချင်မိသည်။ ထိုအရာများနှင့် လူကလေးကို ထိတွေ့ခွင့်ပေးသော အိမ်ရှင်မနှင့် အရှင်သစ်ကို သူ သတ်ပစ်ချင်လောက်အောင် မုန်းမိသည်။

သူ့ဆုတောင်း မပြည့်ပါ။ မနက်စောစောနှင့် နေ့လယ်နေ့ခင်း လူရှင်းချိန်များတွင် လူကလေးက သူ့လက်ထဲ ဆေးထိုးအပ်ထိုးသွင်းနေသည်ကို သူအမြဲ တွေ့တွေ့နေရသည်။ သူ ဘာမျှမတတ်နိုင်သည့်ကိစ္စအတွက် သူ ရင်ကျိုးရုံသာ ရှိပါတော့သည်။ အိမ်ရှင်မနှင့် အရှင်သစ်သာ သူ့ဆီအမြဲရှိရန် ဆုတောင်းနေမိတော့သည်။ သူတို့ရှိလျှင် လူကလေးမှာ ဘာမျှမလုပ်။ သို့သော် ဆုတောင်းရုံသာ တတ်စွမ်းနိုင်သည့် သူ့အတွက် ဆုတောင်းဆိုသည်မှာ တစ်ခါမျှ မပြည့်ဖူးသည့် အရာလို ဖြစ်နေသည်။

အိမ်ရှင်မနှင့် အရှင်သစ်မှာ နောက်ထပ်တဲတစ်လုံး ထပ်ဆောက်ပြီး နယ်ချဲ့ထွင်နေသဖြင့် လူကလေးမှာ သူ့လက်သူ့ခြေဖြင့် ဖြစ်ချင်တိုင်း ဖြစ်နေတော့သည်။ သူ့မှာသာ ရင်တမမဖြင့် လူကလေးကို

***စာမျက်နှာ(၁၄၃)သို့…***



www.burmeseclassic.com

www.burmeseclassic.com

# အရှေ့တိုင်းဖျားအား
# အိပ်မက်ပန်းချီ
# ကိုအောင်စိုး (မရှုပ်)

အင်ဂျင်စက်သံ ဆူဆူညံညံနှင့်
ထော်လာဂျီခေါင်းကြီး ဆိုင်ရှေ့
ထိုးဆိုက်လိုက်ကတည်းကပင် မိကျေးတို့က
အကင်းပါးသည်။ အရိုးညှပ်ထားသည့်
ကွမ်းရွက်တစ်ထပ်၊ ဖျတ်ခနဲ ဆေးရေပုံးထဲ
ထိုးနှစ်ပြီး သွက်သွက်လက်လက်
ခါဆေးလိုက်သည်။
လက်တစ်ဖက်ကလည်း ထုံးအိုးရှိရာဆီ
လှမ်းပြီးသားဖြစ်နေသည်။
ထော်လာဂျီပေါ်က ဘုတ်ခနဲ
ခုန်ဆင်းလာသည့် အရိပ်မြင်ကတည်းက
မိကျေး နှုတ်ခမ်း ဖူးဖူးရဲရဲကလေးတွေ
ကော့ညွတ်လှပစွာ ပြုံးရင်း အဆင်သင့်
ကြိုဆိုထားသေးသည်။ အနေတော်
ယာကွမ်းရွက် ဆယ့်လေးငါး
ရွက်လောက်များ
ထုံးပေါက်သွားတာ ခဏကလေးပင်။
အဆင်သင့်ဖြစ်နေသည့် ထုံးပေါက်ပြီး
ကွမ်းရွက်ကလေးတွေပေါ်
ပြောစရာမလိုဘဲ သိနေသည့်
ဆေးဘူးထဲက ဆေးကလေးတွေ
ပိုပိုသာသာ ခေါက်ချ
စီမံသွားတာလည်း မြန်မှမြန်။
"ထုံးစံအတိုင်းနော် ဦးကိုကြီး"
"အေးလေ မိကျေးရဲ့၊
မေးစရာလိုသေးလားဟ။ မြို့ထဲ


ကျုပ်က
သူ့အာမေ
မသေသေးဘူး
ကိုယ့်သားသမီး
ဖန်ပြီး မဟုတ်တာ
လုပ်စားနေတာ
မဟုတ်တဲ့အတွက်
တော် ပြောသလို
မဟုတ်တာပြောရင်
ပြောတဲ့ပါးစပ်
ကျုပ်နဲ့
အရင်
တွေ့စေရမယ်





www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

ခဏာဆင်းမလို့ နင် ဘာမှာစရာ ရှိသေးလဲ'

'ဟင့်အင်း၊ မမှာတော့ဘူး။ မနက်မှ မိကျေးကိုယ်တိုင် ဆင်းဝယ်တော့မယ်။ လိုတာလေးတွေများနေလို့ ဦးကိုကြီး'

'အေးအေး၊ ငါ့ကိုစောင့်နော် ငါ့ထော်လာဂျီနဲ့ပဲ လိုက်ခဲ့'

'ပြောစရာ လိုသေးလို့လား'

ပြောစရာလိုသေးလို့လားဆိုသည့် စကားလေးခပ်နွဲ့နွဲ့ မခို့တရို့ဆို၊ မျက်စောင်းလှလှကလေး ချီချိတ်လိုက်တော့ ကွမ်းသွေးရောင်လွှမ်းနေသည့် ပါးစပ်ကြီး မစိအောင် ထော်လာဂျီဆရာဦးကိုကြီး ဖြီးနေတာ မကြည့်ဘဲ မိကျေး အလိုလို သိနေပါသည်။ လက်ထဲကို ကွမ်းထုပ်လှမ်းအပေး လက်ချောင်းကလေးတွေ မထိတထိ တိုက်ငြိတာကအစနားလည်မှုတွေ ပါသေးသည်။ သို့သော် မိကျေးကထိုမျှထက် မယုတ်မလွန်အောင် အထိန်းအသိမ်း ကျွမ်းကျင်ပါးနပ်လိမ္မာသူပင်။

ထော်လာဂျီကြီး အင်ဂျင်သံ ပြန်ဆူညံ၊ မီးခိုးတွေအူနေအောင် ပြန်မောင်းထွက်သွားတော့မှ မိကျေး သက်ပြင်းတစ်ချက်ချသည်။ လုပ်စားကိုင်စားရတာ မလွယ်လှမှန်း မိကျေးကိုယ်မိကျေး အသိဆုံးဖြစ်သည်။ သို့သော်ဘဝပေးအခြေအနေအရတော့ မိကျေးသိသလို မိကျေးကိုလူတိုင်း သိတတ်နားလည်နိုင်လိမ့်မည်ဟုတော့ မထင်။

မိကျေးတို့ဘဝက ရိုးရှင်းသည်။ ရှုပ်ထွေးလွန်းသော ဘဝလောကမံ ဆိုသည်ကို ရိုးရိုးရှင်းရှင်း ဖြတ်သန်းနေခြင်းဖြစ်သည်။ လက်နှင့်ပါးစပ်သည် ဆက်နေသည်။

လက် မ လု ပ် လျှင် ပါးစပ်လှုပ်ခွင့် မရှိနိုင်သောဘဝမျိုးမှာ ရိုးရိုးရှင်းရှင်း ရှင်သန်ခွင့်ရရုံမျှပင်။ လက်လုပ်သည်နှင့် ပါးစပ်လှုပ်ရမည်။ လက်လုပ်ရသောအလုပ်သည် တစ်ခါတစ်ရံမှာ ပါးစပ်လှုပ်ရန်အတွက် အခြေအနေကလေးတွေပါ ကြည့်လုပ်ယူရသည့်အခါမျိုးလည်း ရှိသည်။

ဒါကိုတော့ လူတိုင်းသိတတ်နားလည်မှုပေးနိုင်လိမ့်မည်ဟု မိကျေး မထင်ပေ။ အထူးသဖြင့် ကျဉ်းမြောင်းသော မိကျေးတို့ ပတ်ဝန်းကျင်လေး ဖြစ်သည်။ အသိအမြင်ကလည်း ကျဉ်းမြောင်းလှသည်။

မိကျေးက လွတ်လပ်သော မိန်းကလေး ဖြစ်သည်။ ရည်းစားတစ်ရာ လင်ကောင်တစ်ယောက် ဆိုစေကာမူ မိကျေးမှာလည်း သိက္ခာတရား၊ အရှက်အကြောက်တရားလည်း ရှိပါသည်။ ပတ်ဝန်းကျင်၏ ရိုက်ခတ်မှုကို တစ်ခါတစ်ရံ မသိကျိုးကျွန်ပြုရသည်ကလည်း လွယ်ကူလှသည် မဟုတ်။

သို့သော် မိကျေး နေတတ်ထိုင်တတ်လာသည်။ ကိုယ်ကောင်းလျှင် ခေါင်းမရွှေ့ထုံး နှလုံးမူရင်း မျက်ကွယ်ပြုသင့်သည်ထင်လျှင် ပြုတတ်လာသည်။ မိကျေးဘဝမှာလည်း မိနှင့်ဖနှင့်၊ ညီအစ်ကိုမောင်နှမ ဆွေမျိုးသားချင်းနှင့် ဖြစ်သည်။

ကွမ်းယာရောင်းစား နေသည့် မိကျေး၏ လက်ကလေးတွေ ပပ်ကြားအက်ပါစေ၊ မိကျေးဘဝနှင့် ဂုဏ်သိက္ခာကိုတော့ လွယ်လွယ်ပပ်ကြားအက်မခံချင်ပေ။ ဒါက မိကျေး၏ မာနကလေးဖြစ်သည်။ ထိုမာနကလေး တစ်ခုကိုတော့ မိကျေး တင်းတင်း ဆုပ်ကိုင်ထားမြဲထားရှာသည်။

❑

မိကျေးတို့ ရွာထိပ်မှာ ဆန်စက်ကြီး လာတည်လိုက်ကတည်းက မိကျေးတို့ မိသားစုဘဝ၏ ဝမ်းရေးအတွက် အခွင့်အရေးကို မိကျေး ရှာတွေ့လိုက်နိုင်သည်။ စပါးပေါ်ချိန်၊ ပဲပေါ်ချိန် နေ့မနား ညမနား လည်ပတ်နေသည့် ဆန်စက်ကြီးကို အမှီသဟဲပြုရင်း မိကျေးတို့ မိသားစုဘဝလေးလည်း အဆင်ပြေလာသည်။

အလုပ်အကိုင်ရှားပါးသော မိကျေးတို့ ရွာကလေးအတွက် မဟာအခွင့်အရေးကြီးတစ်ရပ်လို ဖြစ်လာသည်။ နေ့စား၊ လစား စပါးအိတ်ထမ်း၊ ဆန်အိတ်ထမ်း အလုပ်ကလေးတွေနှင့် လက်ဖျားငွေသီးလာကြသူတွေ အပုံအပင်။ ရွာနီးချုပ်စပ်မက ရပ်ခြားရွာခြားမကျန် စပါးရောင်း၊ ပဲရောင်း လာကြသည်လည်း စည်စည်ကားကား။

မြို့နှင့် မဝေးသော်လည်း မြို့ပေါ်အထိ ဒုက္ခခံတက်ရောင်းဝယ်ရန် မလို၊ အဝယ်ဒိုင်ကြီးအဖြစ်လည်း ချဲ့ထွင်သေး၏။ မိကျေးဆိုင်ကလေးက ဆန်စက်ကြီးရှေ့မှာဖြစ်သည်။ ကွမ်းယာ၊ ဆေးလိပ် မဆိုထားနှင့် ကော်ဖီ၊ အအေး၊ မနက်စာထမင်းကြော်၊ မုန့်ဟင်းခါးကလေးတွေပင် ရတတ်သေးသည်။

မိ ကျေး အောက် မှာ အငယ်တွေရှိနေသေးသည်။ အမေက မိကျေးအနား ပင်တိုင်အဖော်။ အစက မိကျေး အဖေ ဒီအလုပ်ကို သိပ်ပြီး ကြည်ဖြူလှသည် မဟုတ်။

ယော ကျ် ား လေး တရှန်းရှန်းနှင့် စည်ကားသော အလုပ်ကြီးကို အမှီသဟဲပြုထားရသည့်အတွက် မိကျေးဆိုင်ကလေးမှာ ယောကျ်ားလေး အဝင်အထွက် အများဆုံး။ မဟုတ်တဲ့သတင်းထွက်တာနဲ့ ငါနဲ့ အတွေ့နော်ဆိုသည့် အဖေ့ရာဇသံကြီးကျောချမ်းစရာ ဖာဖာထေးထေး လူစုံ စရိုက်စုံ ဆက်ဆံရတာလည်း မိကျေးဒုက္ခ။ အမေကတော့ ဒီလိုမဟုတ်။

'ကျုပ်က သူ့အမေ၊ မသေသေးဘူး။ ကိုယ့်သားသမီး ဇန်းပြုပြီး မဟုတ်တာလုပ်စားနေတာ မဟုတ်တဲ့အတွက် တော်ပြောသလို မဟုတ်တာပြောရင် ပြောတဲ့ပါးစပ် ကျုပ်နဲ့ အရင်တွေ့စေရမယ်'

မိကျေးက ရိုးရိုးယဉ်ယဉ်၊ အနေကလေးလည်း အေးရာတော့ ကိုယ့်ရွာသူရွာသားချင်း အတွင်းသိ အစင်းသိ၊ ပြဿနာမဟုတ်။ မြို့က



www.burmeseclassic.com

www.burmeseclassic.com

ရောက်လာတတ်သည့် အလုပ်သမား သူစိမ်းတစ်ရုံဆံမျိုးကျ အဖေနှင့်မို့ အတော့်ကို အပြောအဆို အနေအထိုင်က အစ ဆင်ခြင်ရပြန်သည်။ မိဘဆိုတော့လည်း အဖေနားလည်သင့်သလောက် နားလည်ပေးမည်ဟု မိကျေး ယုံကြည်ပါသည်။

မိကျေးကိုယ်တိုင် မဟုတ်တာ မလုပ်ဘူးရယ်ဟု အဖေ ယုံကြည်မည်ကိုလည်း မိကျေး ပြန်လည်နားလည်ရသည်။ တစ်ခါတစ်ရံ တောသူတောင်သား ပီပီ အဖေက သူ့မျက်စိနှင့် မတွေ့လျှင် တုတ်ထိုးအိုးပေါက်ပင်။ တစ်ခါတစ်ရံလည်း သူကြည်လင်ချင် ကြည်လင်နေတတ်တာမျိုးပင်။

‘မိကျေးရယ်၊ နင့်ဆိုင်ကလည်း ယောက်ျားလေးများလိုက်တာ။ ငါရောက်တိုင်း ကြည့်တယ်။ တစ်ခါမှ မပြတ်ဘူး’

‘ဟောတော့ ဦးကိုကြီးကလည်း ဈေးဆိုင်ပါဆိုမှတော့ ဒီလိုပဲပေါ့။ ပြီးတော့ ဒီဆန်စက်ကလေးကို အားကိုးပြီး လုပ်စားနေရတာ။ ဆန်စက်ပါဆိုမှတော့ ယောက်ျားလေးများတာ ဆန်းလို့လား။ မိကျေးက ကိုယ့်အလုပ်ကိုယ် သမ္မာအာဇီဝလုပ်စားတာနော်’

‘မသိဘူးဟာ။ ငါ အဲ့လိုကြီး တွေ့မြင်နေရင် ဘဝင်မကျတာအမှန်ပဲ’

‘ဘာဖြစ်လို့လဲ၊ ဆိုင်မှာ ဈေးစ၊ ရောင်းကတည်းက ဒီလိုပဲဟာ။ ဦးကိုကြီးနော် အဖေ့လိုပဲ ဘာမှန်းလည်း မသိဘူး’

‘ငါ နင့်ကိုစိတ်မချဘူးဟ’

‘အို ... တော်ပါ၊ မဟုတ်တာတွေ။ ကဲ... မြန်မြန်သောက် အအေး၊ ပြန်ရအောင် နေမြင့်နေပြီ။ ဆိုင်မှာ အမေတစ်ယောက်တည်းတော့’

ဦးကိုကြီးဆိုတာ မိကျေးထက်တော့ အသက်ဝါကြီးသူဖြစ်သည်။ ရွာနီးချုပ်စပ် အကြောင်းသိချင်း ဆိုပေမဲ့ မိကျေးတို့ ကလေးဘဝ ခုန်ပေါက်ဆော့ကစားသည့်အရွယ်တည်းက ဦးကိုကြီးတို့ လူပျိုကြီးဖားဖားဖြစ်နေကြပြီ။ ဒီနေ့အထိလည်း လူပျိုကြီး။

မိကျေး ငယ်ပါသေးသည်။ သို့သော် အရွယ်ကလေးဝင်လာတော့ ပတ်ဝန်းကျင်က စကားပြောလာပြီ။ ဦးကိုကြီးလို တောသူဌေးစာရင်းဝင် ရွာမျက်နှာဖုံး မိသားစုကနေ ပေါက်ဖွားလာသည့် တစ်ကိုယ်တည်း လူပျိုကြီး သားလိမ္မာတစ်ယောက်အဖို့က ပျိုတိုင်းကြိုက်သည့် နှင်းဆီခိုင်။

ပိုင်ဆိုင်သည့် လယ်တွေယာတွေ၊ ကိုင်းတွေခြံတွေလည်း လက်ညှိုးထိုးမလွဲ။ စက်ပစ္စည်းဆိုတာလည်း ပေါ်သည်နှင့် မီးခိုးမတိတ် ထည်လဲ။ ဒါကြောင့်လည်း ဈေးသွားဈေးပြန် မိကျေးတစ်ယောက် ဦးကိုကြီး၏ ထော်လာဂျီအသစ်ကြီး ရှေ့ခန်းထဲမှာ ထင်းထင်းကြီး ပါလာတိုင်း မြင်တိုင်း အဖေက အပြုံးတွေ ဝေနေတာ မဟုတ်လား။

❑

ဖူးစာဆိုတာ ဆန်းသည်ဟုတော့ လူတွေပြောတာ မိကျေး ကြားဖူးပါသည်။ သို့သော် နားလည်သည်မဟုတ်။ လူသားနှစ်ဦး၏ မမျှော်လင့်ဘဲ ဆုံစည်းဖြစ်တည်လာသည့် ချစ်ခြင်း တရားတစ်ခုတည်းနှင့် ဆန်းကြယ်သော ဖူးစာဆိုသည်မျိုး ဖြစ်တည်လာနိုင်၏၊ မလာနိုင်၏ကိုလည်း မိကျေး မသိ။

အချစ်ဆိုတာကလည်း ဖူးစာဟုတ်မည် မိကျေး မထင်။ အချစ်က အချစ်သတ်သတ်၊ ဖူးစာက ဖူးစာသတ်သတ်ဟု ထင်သည်။ လူသားနှစ်ဦး တစ်ဘဝစာ လက်တွဲပေါင်းဖက်ခွင့်ရရှိနိုင်မှသာလျှင် ဖူးစာမည်မည်ဟု မိကျေး လွယ်လွယ် လက်ခံနားလည်ထားသည်။

ဤသို့ဆိုလျှင် မောင်နှင့်မိကျေး၏ ဆုံစည်းမှုသည် ဖူးစာ မမည်သေးဘူး ထင်သည်။ ရေးရေစက်တစ်ခုဟု မိကျေး ထင်သည်။ မောင်က ရုတ်တရက် မိကျေးဘဝထဲ ရောက်လာသည်။

မြို့ကနေ လာသည့် အလုပ်သမားအုပ်စုတစ်စုထဲ မောင့်ကို မြင်မြင်ချင်း မိကျေး သတိထားမိခဲ့သည်။ မိကျေး၏ ဆိုင်ကလေးမှာ မောင် ကော်ဖီလာသောက်သည့် ပထမဆုံးနေ့ကပင် စ,သည်။ မောင့်အကြည့်တွေက ရူးရှ အတင့်ရဲလွန်းအားကြီးသည်။

မိကျေးဘဝမှာ မတွေ့ကြုံ၊ မခံစားဖူးသော ခံစားမှုအသစ်အဆန်းကို မောင့်မျက်ဝန်းစူးစူးရှရှတွေက ပေးသည်။ နောက်ထပ် အကြိမ်ပေါင်းများစွာ ဆိုင်ကိုချောင်းပေါက်မတတ် ရောက်လာတတ်သည့်နောက် မောင်နှင့်မိကျေးကြား နားလည်မှုတစ်ခု ခိုင်မာသွားကြသည်။ အဲ့ဒီနောက် အနေးနှင့်အမြန် မောင့်ဘက်မှ စတင်လာသည်က အချစ်ဟူသော စကားလုံး မဆန်းမပြားကလေး၏ နက်ရှိုင်းလှသည့် အနက်အဓိပ္ပာယ်ဖြစ်သည်။

စီးကရက်ကမ်းပေးသည့် မိကျေးလက်တစ်ဖက်ကို ပြန်မလွှတ်တော့ဘဲ ဆုပ်ကိုင်ကာ မောင် အကျပ်ရိုက်သည်။ ချစ်တယ်ဆိုသည့် စကားလုံးလေး နှစ်လုံးကြား မိကျေး ထုပုဗျာများခဲ့ရသည်။ မောင် ရုတ်တရက်တောင်းဆိုသည့် အဖြေကို မိကျေး မဖြေရဲ၊ ဖြေ၍လည်း မထွက်။ အခက်တွေ့ရသည်။

‘အဖေတွေ့သွားလိမ့်မယ်၊ လွှတ်ပါ’

‘ဟင့်အင်း မလွှတ်ဘူး။ ကိုယ့်ကိုချစ်တယ်လို့ အဖြေပေးမှ လွှတ်မယ်၊ ဖြေပါကွာနော်’

ရှူးရှူးမူးမူး မိကျေး ဘာတွေ ကိုင်မိလုပ်မိနေမှန်းမသိခင် ခေါင်းညိတ်ပြလိုက်မိသည်ကိုသာ မှတ်မိသည်။ ဆိုင်ထဲကနေ မောင်ခုန်ပေါက်ပြေးထွက်သွားတာကြည့်ပြီး မိကျေး တခိခိရယ်ရင်း ရှက်သွေးဖြာလို့။ ရင်ခုန်လိုက်ရတာလည်း သေလုမြောပါးပင်။

ချစ်သူဟူသော သတ်မှတ်ချက်မှာ မိကျေးတို့ဘဝက လွှတ်လွှတ်လပ်လပ် ပျော်ရသည်မဟုတ်။ နောက်ကျောလည်း မလုံလှ။ မောင်က ဇွတ်တရွတ်ကျတတ်သည်။

အဖေရှေ့မှာပင် အလစ်အငိုက် လက်ကလေးဖမ်း



www.burmeseclassic.com

www.burmeseclassic.com

ကိုင်တာမျိုး၊ စာတိုပေစလေးတွေ ပစ်ချ အချိန်းအချက်ပြုသည်မျိုး အမျိုးစုံပင်။ မိကျေးဘဝက ညောင်သီးစားရင်း လေးသံနားထောင်ရသည့်ဘဝ။ အဖေ့ကိုလည်း အလစ်မပေးရဲ။

အရိပ်အကဲနားလည်နိုင်လောက်ရုံ မိကျေးအနားအမြဲတစေရှိသော်ငြား အမေက အကြောင်းမဟုတ်ပေ။ သတိပေးစကားလောက်သာဆိုသော်လည်း မိကျေးအပေါ်နားလည်ယုံကြည်မှု အပြည့်အဝထားရှာ၍ ကျေးဇူးတင်ရသည်ပင်။ ဘာမှန်းမသိ မိကျေး ရည်းစားထားခွင့်၊ ချစ်သူတော်ခွင့်ရခဲ့ရှာသည်သာ။

❑

ဦးကိုကြီးတစ်ယောက်အိမ်ကို အရင်ကထက် အဝင်အထွက်များလာတာ မိကျေးမှ မဟုတ်၊ ပတ်ဝန်းကျင်ကပါ သတိထားမိလာတာ အဖေလည်း မသိရှိမည် မဟုတ်ပေ။ သို့သော် ဒီတစ်ခုကျကာမှ အဖေက အပြောင်းအလဲမြန်လွန်းလှသည်။ ဦးကိုကြီးကိုကျမှ အဖေ ကြည်ဖြူနေခဲ့ပုံကလည်း အဆန်းသား။

အကြောင်းမရှိ အကြောင်းရှာ ဆိုင်ကယ်ကြီးတဝီဝီနှင့် ဦးကိုကြီး အိမ်ဘက်လာတိုင်း အဖေပါးစပ်ကြီးကိုဖြဲလို့။ မောင်ကိုကြီးဆိုတာလည်း ပါးစပ်ဖျားက မချ။ တစ်ခါတလေများ လူရှေ့သူရှေ့ ဟိုနားဒီနား သွားတာကအစ မောင်ကိုကြီး၏ ဆိုင်ကယ်နှင့်မှ ဖြစ်နေတာမျိုး။

မိကျေးမှာလည်း ကိုယ့်ဒုက္ခနှင့်ကိုယ်မို့ အဖေ့ကိုမပြောဝံ့သာ။ မောင်က ရှိလာပြီ။ ဒီကိစ္စကို အဖေသိလို့ လုံးဝမဖြစ်နိုင်။

မောင့်ကိုချစ်ရသည်မှာ အပူလုံးကြီးပိုက်ယူထားရသည့်အတိုင်း။ မောင်ကလည်း ဇွတ်ခပ်ကျကျ။ မနေ့က ပစ်စာပေးပြီး ဒီကနေ့ တွေ့ချင်သည် ချိန်းသည်။

ချစ်သူဘဝ လွတ်လွတ်လပ်လပ် နှစ်ကိုယ်ချင်း မတွေ့ရသည်မှာလည်း ခက်သား။ အခု မောင်တွေ့ချင်သည်ဆိုတော့လည်း မိကျေးဘာလုပ်ရမည် မစဉ်းစားတတ်။ ရပ်ထဲရွာထဲ ဆွေမကင်း မျိုးမကင်းတွေချည်းမို့လည်း ပတ်ဝန်းကျင် ကျဉ်းကျဉ်းလေးက အခက်ရယ်။

'မကျေး ကိုမျိုးက ရွာနောက်ပိုင်း တာဟောင်းက စောင့်နေမယ်တဲ့။ လာဖြစ်အောင် လာပါတဲ့'

သတင်းပေးလိုက်သည့် ကောင်လေးကို ခေါင်းညိတ်ပြမိရုံမှအပ မိကျေး မဆုံးဖြတ်တတ်။ အမေ့ကို အကြောင်းပြစရာ ရှာဖွေပြီးပြ၊ ရွာနောက်ပိုင်းထဲ ခဏဟု ထားခဲ့သည်။ အဖေ အိမ်မှာ ရှိမနေသည်မို့ တော်ရော့သည်။

တွေ့တော့လည်း မောင်ကကဲချင်သည်။ ပတ်ဝန်းကျင်ကိုပင် ဂရုမစိုက်သလို ဇွတ်တရွတ်။ လူတွေ သိသွား မြင်သွားမှာ မိကျေး အင်မတန် ကြောက်သည်။

'မလွဲသာလို့နော်၊ မောင်မကဲနဲ့။ ဒါ မိကျေးတို့ ပတ်ဝန်းကျင်။ တစ်ယောက်ယောက် မြင်သွားရင် မကောင်းဘူး သိရဲ့လား'

'မစိမ်းစမ်းပါနဲ့ မိကျေးရာ၊ မောင့်ဘဝကိုလည်း စာနာဦး။ ကိုယ့်ချစ်သူတောင် လွတ်လွတ်လပ်လပ် ချစ်ပိုင်ခွင့်မရှိတဲ့ဘဝ'

'မောင်ရယ် အဖေသိလို့မှ မဖြစ်သေးတာ။ အဖေသိသွားရင် အကုန် မိုးမီးလောင်မှာ သိရဲ့လား'

'မိကျေး မောင့်ကို ချစ်ရဲ့လားဟင်'

'မေးနေဖို့ လိုသေးလို့လား မောင်ရယ်'

ဘာပဲဖြစ်ဖြစ် ပျော်စရာတော့ ကောင်းလှသည်မှာ အမှန်။ မိကျေးဘဝမှာ ဒါ ပထမဦးဆုံး အတွေ့အကြုံ။ မောင့်ရင်ခွင်ထဲမှာ ရင်တွေခုန်၊ အသားတွေ တဆတ်ဆတ် တုန်နေခဲ့ရရှာရဲ့။

မောင့်ကို မိကျေး ချစ်မိပြီပေါ့။ ဒီတော့လည်း မိကျေး စွန့်စားရတာ တန်သည်ပေါ့။ အချစ်ကလည်း သတ္တိခွန်အားကိုတော့ ပေးနိုင်လေသားဟု မိကျေး တွေးမိသည်။

'မောင်ကိုကြီး မလာသေးဘူးလားဟ ဒီနေ့'

ဆိုသည့် အဖေ့ နိစ္စဓူဝ အမေး စကားသံကြီး ပြန်ကြားမိပြန်တော့ မိကျေး အပျော်တွေက တစ်ဝက်တစ်ပျက်။ ဦးကိုကြီးကို အဖေ ကြည်ဖြူနေပြီဆိုတာ မိကျေး သိနေသည်။ မိကျေး ချစ်သောမောင်ဟာ အဖေ ကြည်ဖြူသော ဦးကိုကြီး မဟုတ်။

❑

တစ်နေ့များလား၊ တစ်နေ့များလား··· မိကျေး စိုးရိမ်ထိတ်လန့်နေရသည့် ပြဿနာကြီး ရုတ်တရုတ် ဘွားခနဲ ထ,ဖြစ်လာသည်။ မိကျေးတို့ ကံဆိုးပါသည်။ ကံဆိုးမှုက မောင်၏ ဇွတ်တရွတ်နိုင်လှသော ပယောဂလည်း အများဆုံးပါဝင်သည်။

ထိုနေ့က မိကျေးဆိုင်ကို မောင် ကွမ်းယာ လာထွက်ဝယ်ချိန်ဖြစ်၏။ ကွမ်းယာထုပ်ကမ်းအပေးမှာ မိကျေးလက်ကို မောင်ဖမ်းဆွဲထားလေသည်။ မိကျေး တောင်းပန်နေသည့်ကြားမှ ပြန်မလွှတ်ပေ။

မမျှော်လင့်ဘဲ ဆိုင်နောက်ဘက် ဝင်ပေါက်မှ အဖေက ဆိုင်ထဲ လှမ်းဝင်လာသည်။ အဖေ့မြင်ကွင်းထဲမှာ ဆွဲရမ်းရုန်းကန်နေသည့် မိကျေးနှင့် မောင့်ကို အဖေမြင်သည်။ မိကျေး အသားတွေ တဆတ်ဆတ်တုန် ကျန်ရစ်ခဲ့ချိန် မောင်ကတော့ ကွမ်းယာထုပ်ကလေးပင် မယူနိုင်၊ တစ်ကြိုးတည်း သုတ်ခြေတင်တော့၏။

ပြဿနာ၏ ကြီးမားသောအတိုင်းအဆ ပမာဏကို မိကျေး မတွေးဝံ့ပေ။ ညဆိုင်သိမ်းပြီးချိန် အိပ်ရာဝင်ခါနီး အဖေ့ဒေါသတွေ ပြင်းထန်ပေါက်ကွဲကြတော့၏။ အမေတစ်ယောက်သာ မိကျေးဘက်မှ ကူကူကာကာ ရှိမနေခဲ့ပါလျှင် မိကျေး ရှုးရချည့်ပင်။

'အောက်တန်းစား အနုပ်စုတ်ကုပ်စုတ်ကောင်ကိုများကွာ တောက်။ ငါ့သမီးလေး တော်လှတော်လှ



www.burmeseclassic.com

www.burmeseclassic.com

ယောက်မကို မြင်းစီးထွက်တာပဲ။ ဒါကြောင့် ငါ အစတည်းက ပြောတာ ဒီလိုအောက်တန်းစားတွေနဲ့ မဖြစ်သင့်တာ မဖြစ်ရအောင်’

‘တော် စကားပြောတာကြည့်ပြော၊ တော်မွေးထားတာ သမီးမိန်းကလေး။ အခုသမီးက ဘာဖြစ်နေလို့လဲ။ ဘာတွေများဖြစ်နေတာ မြင်လို့လဲ’

‘နင့်ပါးစပ်ကိုပိတ်၊ နင်မြှောက်ထိုးပင့်ကော်လုပ်နေတာတွေလည်း ပါတယ်။ ငါ့မျက်စိရှေ့မှာလေ၊ ငါ့ဟော့ဒီမျက်စိကြီးရှေ့မှာ မြင်တာ။ ငါတယ်လေ မပြောလိုက်ချင်ဘူးကွာ။ မြို့ပေါ်က ကွက်သစ်ကြို ကွက်သစ်ကြားထမင်းနပ်မမှန်လို့ ဒီအထိလာဆန်အိတ်ထမ်းစားနေရတဲ့ ကောင်ကို နင်တို့ ဘာသောက်ထင်ကြီးသလဲ။ ကြိုက်စရာရှားသလား။ ကိုယ့်ဘဝကိုယ် နားမလည်ဘူးလား’

ရှက်လည်းရှက်၊ ဝမ်းလည်းနည်း မိကျေး ငိုရတော့သည်။ အမေကိုယ်တိုင်လည်း အဖေ့ဒေါသကို သိသူမို့ ရဲရဲကြီးမကာဆီးသာပေ။ မိကျေးအရဲစွန့်ကာ ဖြေရှင်းဖို့ ကြိုးစားမှဖြစ်မည့် အခြေအနေ။

‘အဖေရယ် တော်ပါတော့ မိကျေးရှက်တယ်။ ပတ်ဝန်းကျင်က သိသွားရင်အရှက်ကွဲမယ်။ မိကျေးအမှားလုပ်မိတယ်ဆိုရင် မိကျေးကို ရိုက်ပါ။ ဒါမှမဟုတ် အဖေ ဘာဖြစ်စေချင်သလဲ မိကျေးကို ပြော။ မိကျေးနာခံမယ်’

‘အေး… ငါကလည်း ဒါမျိုးကိုကြားချင်နေတာ။ ဘာဖြစ်စေချင်သလဲ ဟုတ်လား။ မေးနေစရာတောင် မလိုဘူး။ ဘာဖြစ်သင့်သလဲ နင့်ကိုယ်နင်သိရမှာ နားလည်လား။ အဖေတစ်ယောက်လုပ်နေပြီး ဒီစကားပြောရတာ ငါ့ကိုယ်ငါတောင်ရှက်တယ် မိကျေးသိလား။ မောင်ကိုကြီး ဒီအိမ်ကို ဘာကြောင့်ခဏခဏလာနေသလဲ နင် ဒါလေးတောင် မသိဘူးလား’

‘အဖေ’

‘မပြောနဲ့ တစ်ခွန်းမှ။ ငါကတော့ ရှင်းရှင်းပဲကွ။ သဘောကိုတူတယ်။ မြင်းလည်းလှူပ်၊ ခုံလည်းလှုပ်လိုက်ရုံပဲ။ ကိုယ့်ရပ်သားကိုယ့်ရွာသားလေ ဘာစဉ်းစားနေစရာလိုသေးလဲ။ မောင်ကိုကြီးတို့ အဆင့်အတန်းကိုကြည့်။ ငြင်းဖို့မပြောနဲ့၊ စိတ်နဲ့တောင် မလွန်ဆန်သင့်ဘူးနားလည်ထား နင်တို့ နင်တို့’

ဒီတစ်ခါတော့ မိကျေးအမှန်တကယ် အားပါးတရကြီးကို အော်ငိုချပစ်လိုက်တော့သည်။ အဖေ့ကို မိကျေးမလွန်ဆန်သာသည်ထက် ပြင်လိမ့်မည် မဟုတ်သောအဖေ၏ အဆုံးအဖြတ်ကြီးကိုမိကျေး ဝမ်းနည်းမဆုံး။ အမေက မိကျေးနှင့်အဖေ့အကြား မဝင်သာ၊ မလူးသာ မလွန့်သာပေ။

‘ပြောချင်တိုင်း ဖွတ်ပြောမနေနဲ့၊ တော် စဉ်းစားဦးနော်။ အဲ့ဒီ မောင်ကိုကြီးကအသာထား သူ့အမေ ဒေါ်စိန်ခက်အကြောင်း တော် မသိဘူးလား။ ဒီအဘွားကြီးအင်မတန် ဂုဏ်မောက်…’

‘နင် ဝင်ဝင်မပြောနဲ့နော်။ ငါစိတ်မတိုချင်ဘူးနော်။ သူ့အမေ မကလို့ ဘယ်သိကြားမင်း ဆင်းတားတား၊ ကာယကံရှင်ကလွဲပြီး ဘယ်သူ့ ဂရုစိုက်စရာလိုသလဲ။ ငါမိဘ။ ငါအဖေ။ ငါ့သားသမီးကောင်းစားဖို့ ငါပြောတယ်။ ငါသဘောတူမယ် ဘယ်ကောင် တားမလဲ’

‘လုပ်လုပ်၊ တော့်သမီးတော်ပိုင်ရင်လုပ်။ တော့်မတော်ရသေးတဲ့ ရွှေသမက်တော်နိုင်ရင် လုပ်’

အမေ့ကိုလည်း မိကျေးသနားလှသည်။ မိကျေးကိုယ်လည်း မိကျေး သနားလှသည်။ အပူတွေသယ်ယူထားရသည့် မိကျေး မောင့်ကိုတမ်းတနေ မိသည်မှာလည်း အမှန်။

အခုလိုအခြေအနေမျိုးမှာ ကိုယ့်ချစ်သူကို မတမ်းတသောသူ မည်သူရှိမည်နည်း။ တိုင်တည်စရာ အခြေအနေဆိုတာကလည်းဝေး။ အဖေ့ကိုရင်ဆိုင်ဖို့ မဆိုနှင့်၊ ဒီအချိန်မှာ မောင့်အရိပ် အဖေ့ ပတ်ဝန်းကျင်ထဲက ပျောက်ကွယ်နေသည်ကိုပင် ကျေးဇူးတင်စရာ။

မိကျေး မောင့်ကိုချစ်သည်။ အကြိမ်ကြိမ်လည်း စဉ်းစားပြီးပြီ ဖြစ်သည်။ မောင့်ကို မိကျေး မခွဲနိုင်တာလည်း သေချာလေပြီ။

ဒီပုံစံ ဒီအခြေအနေမှာ အဖေကလည်း မိကျေးကို သက်ညှာတော့မည် မဟုတ်။ မသက်ညှာသလို သူ့အဆုံးအဖြတ်ကိုလည်း အမှန်တကယ် အကောင်အထည်ဖော်မည်မှာ အသေအချာအနေးနှင့်အမြန်။ မိကျေးအကြောင်းအရာ အဆုံးအဖြတ်တစ်ခုကို ထပ်တလဲလဲ စဉ်းစားနေခဲ့ရလေသည်။

❑

အဖေ့ဒေါသ၊ အဖေ့စိတ်ကို မိကျေး အသိဆုံးဖြစ်သည်။ အဖေ့ကို မိကျေးကြောက်ပါသည်။ တစ်ခုခုဆုံးဖြတ်မှ ဖြစ်တော့မည်ဆိုသောအခါဝယ် မိကျေးတွေဝေခဲ့ရသည်မှာ ကြာညောင်းလွန်းလှပါသည်။

အဖေ့ဆန္ဒ၊ အဖေ့ဒေါသတွေ ဥပေက္ခာပြုတော့မည်ပင်ထား၊ အမေနှင့် မိကျေးအောက်မှ အငယ်တွေ၏မျက်နှာတွေကို ပြန်ထောက်မိပါသည်။ သို့သော် မိကျေးမပျော်ပေ။ ဘဝမှာ ချစ်သူနှင့် ကွေကွင်း၍ ခံစားလာရမည့် ဝဋ္ဋဒုက္ခတွေ ချိုမြိန်မည်မဟုတ်မှန်းလည်း မိကျေးသိနေသည်။

မိကျေးစွန့်စားဖို့ ယတိပြတ် ဆုံးဖြတ်လိုက်ပါသည်။ ရတ်တရတ် ကံကြမ္မာကလည်း မိကျေးတို့ဘက်မှာ မရှိခဲ့ပြန်။ မောင် ပျောက်နေသည်မှာ ရက်အတန်ကြာသထက်ပင် ကြာနေသည်။

နောက်မှ သတင်းဆိုးတစ်ခု ကြားသိခွင့်ရသည်။ မောင့်အမေ ဆုံးသည်တဲ့။ လေးမိုင်သာသာ ငါးမိုင်မျှသာ ဝေးသော မြို့ကလေးနှင့် ရွာကလေး ဧရာဝတီမြစ်တစ်စင်း အရှေ့အနောက်ခြားရုံဖြင့် မိကျေးနှင့်မောင် နီးလျက်ဝေးရပုံက ကံကြမ္မာ မျက်နှာသာမပေးခြင်းသက်သက်။

မိကျေး စာတိုလေးတစ်စောင် မတောက်တခေါက်ရေးသည်။ စိတ်ချရမည့်သူနှင့် မောင့်ဆီ ပို့သည်။ စာထဲ



www.burmeseclassic.com

www.burmeseclassic.com

က မိကျေးသဘောထားထက် မိကျေး ကြိုတင်စီစဉ် စိတ်ကူးထားသမျှ မောင်သိရန် အထူးထည့်ရေးထားသည်။

မောင့်ကို မိကျေး ချစ်သည်၊ ယုံကြည်သည်။ မိကျေးဆန္ဒနှင့် မောင့်ဆန္ဒ တစ်ထပ်တည်းကျမည်ကို မိကျေး ယုံကြည်ထားသည်။ မိကျေး မောင့်နောက်လိုက်တော့မည်။

မိကျေး ဈေးတက်သည်။ ဆိုင်အတွက် လိုအပ်သည့်ပစ္စည်းတွေ တက်ဝယ်နေကျ ပုံစံလေးအတိုင်း အိမ်မှထွက်ခဲ့သည်။ ထိုနေ့က စိတ်လှုပ်ရှားမှုကို မိကျေးဘာသာ အသိဆုံးဖြစ်သည်။

မောင် မိကျေးပေးလိုက်သည့်စာ ရကြောင်း စာပို့ပေးသူမှတစ်ဆင့် တိတိကျကျ သိရသည်။ သို့အတွက် မိကျေး ချိန်းဆိုထားသည့်အတိုင်း မောင် မိကျေးထံ ရောက်လာလိမ့်မည်ဟုပင် မိကျေး အကွက်ကျကျ စဉ်းစား စီစဉ်ထားနှင့်ပြီးသား၊ သိနှင့်ပြီးသား။ ပြီးလျှင်တော့ မိကျေး မောင့်လက်ကိုတွဲ အဝေးသို့ ပြေးတော့မည်။

အတွေးစိတ်ကူးအိပ်မက်တွေဖြင့် မိကျေး ပျော်ခဲ့ရသည်။ မစွန့်စားဖူးသော စွန့်စားခန်းတစ်ရပ်ကို မိကျေး စွန့်စားခဲ့သည်။ ချိန်းထားသည့်နေရာကို မိကျေးက မောင့်ထက် စောစွာပင် ကြိုရောက်လို့ နေခဲ့ရှာသည်။

ကံကြမ္မာကို ဒီတစ်ကြိမ် မိကျေး အပြစ်တင်ဖို့ ခက်ခဲခဲ့ရသည်။ မိကျေး မျှော်လင့်ချက်အိပ်မက်များ နိုးတစ်ဝက်ဖြစ်ခဲ့ကြသည်။ မိကျေး ဝမ်းနည်းပြီး ရှက်လွန်းလို့ ငိုဖို့ပင်လျှင် မေ့လျော့မတတ် ဖြစ်ခဲ့ရလေ၏။

❑

မိကျေး ရွာမှ ပျောက်သွားသည့်သတင်းမှာ ဟိုးလေးတကျော်ကျော် ဖြစ်မည်။ ပြောချင်ဆိုချင်တတ်သော ပါးစပ်ပေါက်များစွာကြားမှာ အဖေ့ရဲ့ ဒေါသတွေ အဘယ်မျှ ပြင်းထန်ပေါက်ကွဲနေလိမ့်မလဲ မိကျေး မတွေးလည်း သိပါသည်။ အချိန်ဆိုသည့် သမားတော်ကို အားကိုးပြီး မိကျေး ရွာမပြန်ဘဲ ခြေရာဖျောက်ပစ်ခဲ့သည်။

ရွာပြန်သည့်နေ့က မိကျေး ရင်တွေခုန်လွန်း၍ ပြောပင်မပြတတ်။ အဖေ စိတ်ဆိုးဒေါသတွေ ပြေနေ ပါစေတော့ဆိုသည့် ဆုတောင်းကလည်း မပြတ်တမ်း ဆုတောင်း၍ လာခဲ့ရသည်။ လူတွေ၏အမြင်ကိုတော့ မိကျေး သက်သက်မျှ ဂရုစိုက်မနေချင်တော့ပါ။

ရွာရှေ့ ဟိုင်းဝေးလမ်းဘေးက မိကျေးတို့ ဆိုင်ကလေးရှေ့ စီးလာသည့်ကားကြီး ဆိုက်တော့ မိကျေး ချက်ချင်းပင် မဆင်းရဲ။ မိကျေးတို့နှစ်ယောက်ကို အထုပ်အပိုးအချို့နှင့် တွဲလျက်မြင်တော့ အမေသည်ပင် ရင်ဘတ်ကို ဖိလျက် ဘုရား ဘုရား တ,ယူတာ မြင်ရသည်။ အဖေက ဆွံ့အ,လို့ ငူငူကြီးရပ်ကာ ကြည့်နေသည်။

တစ်ယောက်စ တစ်ရာ လူတွေလည်း မေးမေးစမ်းစမ်း စုရုံးစုရုံး။ အခြေအနေ အချို့ ပုံမှန်ငြိမ်သက်စပြုတော့မှ အမေသည် မိကျေးလက်ကိုဆွဲကာ မမြင်ကွယ်ရာသို့ ခေါ်၏။ မိကျေး ဗိုက်ခေါက်ကိုလိမ်ဆွဲ၊ မိကျေး ခေါင်းကို ဒေါက်ခနဲ ပစ်ခေါက်ကာမေးသည်။

မိကျေး အမှန်အတိုင်း ဝန်ခံကာ ဖြေလိုက်သည်။ အမေသည် ဘုရားဘုရား တ,မဆုံး။ မိကျေးကတော့ ရယ်ချင်သဖြင့် မအောင့်နိုင်ဘဲ တခိခိရယ်မိသည်။

"ညည်း တော်တော်ဒုက္ခပေးတဲ့ ကောင်မ။ ငါ့မှာ ညည်းအဖေ လူ့ဒေါသရှေ့ ဘယ်မျက်နှာနဲ့ အသက်ရှင်ခဲ့ရသလဲ သိရဲ့လား"

အမေ့မှာ မိကျေးကို အပြစ်တင်လည်းမဆုံးချင်၊ အပြစ်တင်ရန်လည်း ခက်ရသည်ပင်။ ဘာပဲဖြစ်ဖြစ် မိကျေး အမေ့ကို ကိုယ်ချင်းစာပါသည်။ ချစ်လည်းချစ်ပါသည်။

"အမယ်လေး… တော်သေးတာပေါ့ မိကျေးရယ်။ ညည်းတို့ကတော့ ပျော်နေဦးမပေါ့။ ဒီကိစ္စတွေကိုသာ ဟိုမိန်းမကြီး သိသွားခဲ့ကြည့်စမ်း၊ ညည်းအဖေ့ လူ့ဒေါသနဲ့ ဖြစ်ကြမယ့် ပြဿနာ ဘာမှမဖြစ်ခဲ့တာကိုပဲ ငါကျေးဇူးတင်ရမှာ။ ငါ့မှာလေ ညည်းထွက်သွားကတည်းက ရူးမတတ် ညည်းအဖေကြောင့်"

"ဩော်… အမေရယ် ခုလည်း သိတော့ ဘာဖြစ်သေးလဲ။ ခု မသိတာလည်း နောက်သိမှာပဲ။ နောက်ဖြစ်တော့ နောက်ရှင်းလိုက် ရှင်းသွားမှာပဲ"

"ညည်းနော် တော်တော်ပျော်နေ၊ ပျော်နေ"

"နာတယ် အမေရဲ့"

မိကျေးကို အမေ ထုရိုက်သည်။ မိကျေး ရယ်နေမိသည်။ ဘဝဆိုတာ ကိုယ်မျှော်လင့်သလို ဖြစ်လာလိမ့်မယ်လို့များ ဘယ်သူက လောင်းကြေးထပ် ပြောရဲတာမှတ်လို့။

မိကျေး ချိန်းသည့်နေ့က မောင်ရောက်မလာခဲ့ဘူး။ မိကျေး ဘာဆက်လုပ်ရမှန်းမသိ ဖြစ်နေချိန်မှာ ကံကြမ္မာက နောက်တစ်မျိုး ကြိုးပြန်ဆွဲပြီး အခွင့်အရေးပေးခဲ့သည်။ မိကျေးလည်း နောက်တစ်မျိုး ပြန်စဉ်းစားခဲ့မိသည်။

အဝေးပြေးကားဂိတ်လေးထဲက အအေးဆိုင်လေးမှာ မိကျေးက ငို၊ သူကချော့။ အဖေနဲ့ ရန်ဖြစ်ပြီး ရောက်ချင်ရာရောက် ထွက်သွားဖို့ အိမ်ပေါ်က ဆင်းလာတယ်ဆိုသည့် မုသားစကားတစ်ခွန်းကိုလည်း သူက အခွင့်အရေးယူ။ အိမ်မပြန်ချင်လည်း သူ့နောက်ကို လိုက်ခဲ့ဖို့ အတင်းပြော။

သူစီးလာသည့် ဆိုင်ကယ်ကြီး ရရာဈေးနှင့် ထိုးရောင်းထားခဲ့ပြီး မိကျေးနှင့်သူ ရန်ကုန်ကို ထွက်ပြေးကြသည်။ သူပျော်သလို မိကျေးကိုယ်တိုင်လည်း ပျော်ဖို့ စဉ်းစားကြည့်ခဲ့တော့ ပျော်စရာကြီးပါပဲ။ သိပ်မကြာခင် တရားဝင် သမီးယောက္ခမ အဆင့်တက်တော့မည့် အဖေနှင့် ဦးကိုကြီးကိုပဲကြည့်၊ ရေပက်မဝင် စကားတွေ ပြောလိုက်၊ ရယ်လိုက်မောလိုက် ပျော်စရာကြီးရယ်လား…။

■

**အိုအေစစ်၊မအူပင်၊**



www.burmeseclassic.com

www.burmeseclassic.com

*စာမျက်နှာ(၁၃၅)မှ . . .*

အချိန်ပြည့် ကြည့်နေရတော့ သည်။ ဖြစ်နိုင်လျှင် သူ့ဘဝ ကို ချက်ချင်း ဖျက်သိမ်းပစ် ချင်လှပြီ။ သူ့ရင်ခွင်တွင် သူ ချစ်သောလူကလေး အသက် အန္တရာယ်ဖြစ်မှာ သူအစိုးရိမ် ဆုံးဖြစ်သည်။ ထိုသို့အဖြစ် ဆိုး ကြုံရမည့်အစား သူ မရှိ တော့သည်ကသာ အကောင်း ဆုံး ဖြစ်လိမ့်မည်။

လူသူရှင်းလင်းနေ သည့် မနက်ခင်းတစ်ခုတွင် ဖြစ်သည်။ မြစ်ရေပြင်က လည်း အမြင့်ဆုံးဖြစ်နေသော အချိန်အခါဖြစ်သည်။ မိုးဖွဲ လေးများကလည်း တစွေစွေ ကျနေသည်။ သူ့အခန်းထဲ တွင် လူကလေးတစ်ယောက် တည်းသာ ရှိနေသည်။ သူက လည်း လူကလေးကို မျက် တောင်မခတ် စိုက်ကြည့်နေမိ သည်။ လူကလေးက ပုလင်း လေးထဲမှ အမှုန့်ဖြူဖြူများ ကို အရည်တစ်ခုဖြင့် ဖျော်နေ ပြီး ဆေးထိုးအပ်ဖြင့် စုပ်ကာ သူ့လက်ထဲ ထိုးသွင်းနေ သည်။ သူ့မှာ စိုးရိမ်စိတ်ဖြင့် မျက်တောင်ပင် မခတ်ရဲ။ နံရံကို မှီပြီး လူကလေး မှိန်း နေသည်။ လူကလေး နှစ်နှစ် ခြိုက်ခြိုက် အိပ်ပျော်ပါစေဟု သူ ဆုတောင်းနေမိသည်။ သူ့ မှာလည်း ဆုတောင်းရုံမှလွဲ ဘာမျှမတတ်နိုင်သည့်အဖြစ်။

မှေးထားသည့် မျက် လုံးများကို တဖြည်းဖြည်းဖွင့် ရင်း လူကလေးလက်က ဆေးထိုးအပ်ကို စမ်းသည်။ သူ့မှာ ရင်တထိတ်ထိတ်။ အခုနေ အိမ်ရှင်မတို့ ရောက် လာလျှင် ဘယ်လောက် ကောင်းမလဲဟု တွေးနေမိ သည်။ ဘေးပတ်ဝန်းကျင်က လည်း လူသူမရှိ။ တိတ် ဆိတ်နေသည့် အခြေအနေက လူကလေးကို တွန်းအားပေး နေလေသည်လားမသိ။ ပုလင်းထဲမှ လက်ကျန်များ ကို ဆေးထိုးအပ်ဖြင့် စုပ်ယူ နေသည့် လူကလေးကို သူ တွန်းထိုးပစ်ချင်နေမိသည်။ လူကလေးက အပ်ကို လက် အတွင်း တဖြည်းဖြည်း ထိုး သွင်းနေသည်။ သူကြည့်နေ ရင်း သူ့နှလုံးသားကို အပ်ဖြင့် ထိုးနေသကဲ့သို့ ခံစားနေရ သည်။

ဆေးထိုးပြွန်ထဲမှ အဖြူ ရည်များ တဖြည်းဖြည်း လျော့လာသည်။ လူကလေး ၏ မျက်ခွံကလည်း တဖြည်း ဖြည်း မှေးစင်းလာနေသည်။ ဆေးထိုးအပ်ထဲမှ အရည်များ ကုန်လုလုတွင် လူကလေး ဆတ်ခနဲ မျက်လုံးပွင့်လာ သည်။ ထို့နောက် အကြော များက တဆတ်ဆတ်။ ပါးစပ်မှလည်း အမြှုပ်ဖြူများ တဖွားဖွား။ မှီထားသော နံရံမှ လူကလေး ဝုန်းခနဲ ပစ်လဲသွားပြီး အကြောဆွဲ သလို ပခုံးများက တွန့်လိမ် လျှက်။ သွားပြီ။ သူကြည့်နေ ရင်းကြည့်နေရင်း လူကလေး တစ်ယောက် တဖြည်းဖြည်း ငြိမ်သွားတော့သည်။ သူ၏ ချုံးပွဲချ အော်ငိုလိုက်သံကို ကြားမည့်သူ ရှိမည်မထင် တော့ပါ။

သူ့အရှင်နှင့် သူချစ် သော လူကလေး သူ့ရင်ခွင် မှာပင် ဘဝဆုံးခဲ့ကြပြီ။ သူက ရော ဘယ်သောအခါမှ ဘဝ ဆုံးရပါတော့မည်နည်း။ သူ ဘဝမဆုံးမီ လူကလေးလို လူ ငယ်လေးများ ဘယ်နှယောက် လောက် ဘဝထပ်ဆုံးပါဦး မည်နည်း။ သူမုန်းလှသော အိမ်ရှင်မနှင့် အရှင်သစ်တို့ ကရော လူကလေးအတွက် အပြစ်ဒဏ်ခတ် မခံရပေဘူး လား။ အတွေးများ၊ မေးခွန်း များနှင့် သူ့မှာ ခေါင်းမူး နောက်နေရပြီ။

တစ်သက်လုံးတွင် တစ်ခါလောက်သာ တောင်း ဆု ပြည့်ခွင့်ရလျှင် သူ ဆုတောင်းချင်ပါသည်။ ဘဝ ပေါင်းများစွာ နောက်ထပ် မဆုံးရှုံးရစေရန် သူ့ဘဝကို အမြန်ဆုံး အဆုံးသတ်ပေး မည့်သူများ အမြန်ဆုံး ရောက် လာစေရန် သူ ဆုတောင်းနေ မိပါတော့သည်။

❑

အမျိုးအမည် သူ မသိ သည့် ဝတ်စုံဝတ်ဆင်ထား သူတစ်ယောက်က လက်ထဲမှ ပုဆိန်ဖြင့် အောက်ခံ ဖောင် ကို တွယ်ဆက် ချည်နှောင် ထားသော လျှော်ပင် ဆွေး ဆွေးများကို ပေါက်ဖြတ် ထုတ်ပစ်လိုက်သည့်အဆုံး အထိန်းအကွပ်မဲ့ ဝါးလုံးများ က မြစ်ရေစီးထဲတွင် ဝရုန်း သုန်းကား တိုးဝှေ့ရင်း အလု အယက် မျောပါသွားကြ သည်။ သူ့အသက်ဝိညာဉ်က ထိုဝါးလုံးများထဲမှ တစ်လုံး လုံးတွင် ကျန်ရှိနေသေးပုံရ ၏။ ကမ်းခြေနှင့် တဖြည်း ဖြည်း ဝေးလာနေပြီး မြစ် ကမ်းစပ် တာပေါင်ပေါ်မှ လူများကို ဝေဝေဝါးဝါး သူ လှမ်းမျှော်ကြည့်နေမိသည်။ အမျိုးအမည်မသိ ယူနီဖောင်း ဝတ်လူများ၊ ပုဆိန်များ ဓား များ ကိုင်ဆောင်ထားသူ လူများ၊ ရပ်ကြည့်နေသော လမ်းသွားလမ်းလာများကို မြစ်ထဲမှ သူ မြင်နေရသေး သည်။ လူအုပ်ထဲမှ မျက်နှာ များကို သူအသေအချာ လိုက် ကြည့်နေစဉ် မျက်နှာတစ်ခုကို ဖျတ်ခနဲ မြင်လိုက်ရချိန် သူ့ ရင်ထဲ တစ်ချက်တုန်ခါသွားမိ သည်။ သူ့သွေးလက်ကျန် များက ဟုန်းခနဲ ဆူပွက်လာ သလိုလို ခံစားလိုက်ရသည်။ သူ့နောက်ဆုံးလက်ကျန် မျက် ရည်များကြားမှ ထိုမျက်နှာကို သူစိုက်ကြည့်နေမိသည်။ ထို မျက်နှာကလည်း နောက်ဆုံး သံယောဇဉ်ဖြင့် ကြည့်ခြင်း မျိုးသဖွယ် သူ့ကို စိုက်ကြည့် နေသည်ကို သူကောင်းကောင်း သိသည်။ သူ့မျက်လုံးများက မှိန်သီဖျော့လာနေပြီ။ သူ့ အတွက် နောက်ဆုံးအချိန် နီးနေပြီမှန်း သူ သိလိုက် သည်။ လူအုပ်ထဲမှ မျက်နှာ ကို သူကြည့်နေဆဲ၊ မြင်နေရ ဆဲပင်။ နောက်ဆုံး နှုတ်ဆက် ခြင်းဖြင့် သူ့ကိုများ နှုတ်ဆက် လက်ပြလေမည်လားဟု သူ မရဲတရဲ တွေးမိသည်။ သို့ သော် သူအသေအချာ ပြန် ကြည့်မိတော့မှ ထိုမျက်နှာ ပိုင်ရှင်၏ လက်နှစ်ဖက်စလုံး ကို တစ်စုံတစ်ခုနှင့် တုပ် နှောင်ထားသည်ကို သူမြင် လိုက်ရသည်။ ကမ်းစပ်နှင့် လည်း တဖြည်းဖြည်းဝေး၊ သူ့အာရုံများကလည်း သူနှင့် တဖြည်းဖြည်း ဝေးသွားပါ တော့သည်။

ဧရာဝတီမြစ်ကြီးက တော့ ဘာတစ်စုံတစ်ခုမျှ မဖြစ်ခဲ့သည့်အလား တငြိမ့် ငြိမ့် တသိမ့်သိမ့် စီးဆင်းနေ လျှက်ပင်။ ။ ■

**ခန့်ညီဖေ**



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

အမှတ် ၃၅၂ မတ်၊ ၂၀၀၉

ရုပ်စုံမဂ္ဂဇင်း

ဝတ္ထုရှည်၈/ဆုံး

၁။

'ဘလေးရေ ကံကုန်းသားတွေကတော့
မြစ်ရိုးက အောက်လမ်းဆရာကြီး
ပင့်လာကြပြီတဲ့တော့'
ရွှေအပ္ပဒတ်အောက်မှာ
တိတ်ဆိတ်ငြိမ်သက်နေတဲ့
အင်တိုင်းရွာကလေးဟာ
ဘုတ်ဆုံမရဲ့ ယောက်ယက်ခတ်
အော်ဟစ်သံကြောင့်
ရုတ်တရက်ဆိုသလို သက်ဝင်
လှုပ်ရှားလာတယ်။
တစ်ယောက်တစ်ပေါက် ဆူညံလာတဲ့
အသံတွေကြားတော့ ဘညိုအိ
ခေါင်းထောင်လာတယ်။ မထောင်လို့
မဖြစ်ဘူးလေ။ ဘညိုအိဆိုတာ
အင်တိုင်းရွာရဲ့ သူကြီး၊ ဒီရွာရဲ့
သာရေးနာရေးကအစ
အပ်ကျတာကအဆုံး အကုန်လုံးကို
နားစွင့်ထားဖို့က လိုတယ်မဟုတ်လား။
ဘညိုအိက ခေါင်းထောင်ရုံ
ရှိသေးပေမဲ့ သူကြီးကတော်
ဒေါ်ရွှေငုံကတော့ ဘုတ်ဆုံမအနား
ရောက်နေခဲ့ပြီ။ ဘုတ်ဆုံမရဲ့
နောက်မှာ အပြေးအလွှား
လိုက်လာကြတဲ့ ရွာသူရွာသားတွေပါ
မြင်လိုက်တော့ ဘညိုအိ
မျက်လုံးပြူးရတယ်။ ဒီအတိုင်းဆို
တစ်ရွာလုံးကြားအောင်
ဘုတ်ဆုံမ ကိုယ်တိုင်ဟစ်ခဲ့ပြီဆိုတာ
မေးခွန်းမေးစရာ မလိုတော့ဘူး။
'နင့်ဟာက သေချာလို့လား



www.burmeseclassic.com

www.burmeseclassic.com

ဘုတ်ဆုံမရေ၊ ဘောလုံးကန်ပါတယ်ဆိုမှ ဘယ်ကအောက်လမ်းဆရာက ပါလာရတာတုံး'

'သေချာသမှ ချာချာချာတောင် မြည်သေးရဲ့ ဘလေးရဲ့။ အမဲသားသည် မိခိုင်ကိုယ်တိုင် ပြောသွားတာ။ အခုတောင် ယွန်းကျောင်းပျက်ကြီးထဲက သရဲတွေ ပင့်ကျွေးဖို့ဆိုပြီး မိခိုင်ဆီက အမဲသား ငါးပိဿာ ဝယ်လိုက်သတဲ့။ ညကျရင်လည်း ဂိုးတိုင်တွေအောက်မှာ အင်းကွက်တွေ လာမြှုပ်ကြဦးမှာတဲ့တော့။ မိခိုင်က ကိုယ့်ရွာသူ တစ်ပိုင်း ဖြစ်နေလို့ တော်သေးတာပေါ့ ဘလေးရယ်။ သူက စေတနာနဲ့ သတိပေးဖော်ရလို့ ကျုပ်က ဘလေးကို ပြန်သတိပေးတာ'

'ဟေ'

ဘညိုအြိ အသက် ၆၀ ကျော်ခဲ့ပြီ။ သူ့ဘဝ သက်တမ်းတစ်လျှောက်မှာ တစ်ခါမှ မကြားဖူးသေးတဲ့အကြောင်းဆိုတော့ နည်းနည်းတောင် ကြောင်တောင်တောင် ဖြစ်ချင်သွားတယ်။ သတိပြန်ပေးတာဆိုတဲ့ ဘုတ်ဆုံမရဲ့ လေသံမှာက ဒီကိစ္စ ပေါ့လို့မဖြစ်ဘူးနော်ဆိုတဲ့ သဘောတရားတွေ ပါနေတယ်။ တစ်ရွာလုံးနဲ့ဆိုင်တဲ့ ကိစ္စဆိုတော့ သူကြီးတစ်ခုခုလုပ်ဖို့ လိုနေပြီဆိုတာကို အချက်ပြနေတဲ့သဘော။

'ဟေ မနေနဲ့ ဘလေး။ သူတို့ပင့်လာတဲ့ ဆရာက မြစ်ရိုးတစ်လျှောက်မှာတော့ နာမည်ကြီးတဲ့တော့။ တော်တော် စွမ်းတာဆိုပဲ။ ကျုပ်တို့ရွာအသင်းအတွက်လည်း တစ်ခုခုတော့ ကြံဦးမှထင်

olwkü
at muf/rf
qbkSwmh
wkü
t xuf/rf
vkümLuwmay@h
uGf
bMunf
wpfå, muf/kd
&Gfeumr S
bmyaerGwkd
olGa[ h
bMunfuk
wpfå, muf
olGyih
igu
yi Gkdwmyg/vkd
ajym

တယ် ဘလေး။ ဒီကိစ္စက တစ်ရွာလုံးနဲ့ ဆိုင်တယ်ဆိုတော့ ပေါ့လို့ မရဘူးနော။ ကျုပ်တို့မှာ အလုပ်ပျက်အကိုင်ပျက် ကိုယ့်ရွာအတွက် မဲတင်းထားရတာရယ်'

ဘုတ်ဆုံမ စကားကြားတော့ ကျန်တဲ့သူတွေပါ ခေါင်းတညိတ်ညိတ်။ 'ဟုတ်တယ်၊ ဟုတ်တယ်'တွေ ဖြစ်ကုန်ကြရော။ ဘညိုအြိ ခေါင်းတော့ တော်တော်ရှုပ်သွားတယ်။ ဟုတ်တော့လည်း ဟုတ်တယ်။ ဒီနှစ် အင်းတိုင်းရွာသူ ရွာသားတွေ ဘောလုံးပွဲအပေါ် အားပေးချက်ကလည်း အတော်ကြမ်းတယ်။ ပွဲရှိတဲ့နေ့ဆို နေမွန်းမတည့်ခင် ကတည်းက ဘောလုံးပွဲသွားဖို့ စိုင်းပြင်းနေကြပြီ။ ညစာတောင် မနက်စာနဲ့ ပေါင်းချက်ထားကြသလား အောက်မေ့ရအောင်ကို တက်ကြွကြတယ်။

အင်တိုင်း၊ မြို့သစ်၊ ပေါက်သာ၊ ကံကုန်းဆိုတဲ့ လေးရွာအုပ်စုမှာ ကျေးရွာအုပ်စု ဖလားဆိုပြီး နှစ်တိုင်းပြိုင်လာကြတာ ဒီနှစ်ပါဆို ၄ နှစ် မြောက်ခဲ့ပြီ။ အရင်နှစ်တွေကဆို ပွဲစပြီဆိုကတည်းက ယက်ကန်ယက်ကန်နဲ့ ပြုတ်ကျန်နေတတ်တဲ့ အင်တိုင်းအသင်းကြောင့် ရွာသူရွာသားတွေ မျက်နှာငယ်ခဲ့ကြရပေမဲ့ ဒီနှစ်တော့ အင်တိုင်းအသင်းက ဗိုလ်လုပွဲအထိ တက်လာခဲ့တယ်။ ဗိုလ်လုပွဲထိအောင် တစ်ခါမှ မတက်ဖူးတော့ အင်တိုင်းရွာသူရွာသားတွေ သွေးကြွကုန်တယ်။ တစ်ရွာလုံးက ကြီးကြီးငယ်ငယ် လူပျိုလူအိုမကျန် အကုန် အားပေးကြတယ်။ အင်တိုင်းရွာ ဖလားရရေး တို့အရေးပဲ။ ဘောလုံးပွဲအတွက်ဆိုပြီး ခေါ်ခိုင်းလို့ကတော့ စားလက်စ ထမင်းလုတ် ဖြုတ်ချထားခဲ့ပြီး ခိုင်းတဲ့အလုပ်ကို အပြေးအလွှားသွားလုပ်ကြတဲ့အထိ။ အခါတိုင်း သာရေးနာရေးရှိလို့ ပိုက်ဆံခွဲရင် တစ်ကျပ် တစ်ပြားက စ,လို့ တွန့်တိုနေတတ်ကြတဲ့သူတွေတောင် ဘောလုံးပွဲရန်ပုံငွေဆိုတာနဲ့ မရှိ ရှိတာ ပေါင်နှံပေးကြတဲ့အမျိုး။ အခုဆို ဘညိုအြိ လက်ထဲတောင် ရန်ပုံငွေ အတော်စုမိပေါ့။

ကံကုန်းအသင်းကလည်း ဒီနှစ်မှ ဗိုလ်လုပွဲကို တက်လာတာဆိုတော့ သူတို့လည်း ဗိုလ်စွဲချင်မှာတော့ အမှန်ပဲ။ ခြေအရကလည်း သူမသာ ကိုယ်မသာ အနေအထားဆိုတော့ ဗိုလ်လုပွဲနိုင်ဖို့ကတော့ အကြိတ်အနယ် ယှဉ်ကြရမယ်။ မပြေးသော် ကန်ရာရှိ၊ တစ်ခုခုတော့ စီစဉ်ပေးမှ ဖြစ်မယ်လို့ ဘညိုအြိ တွေးမိတယ်။ နိုင်လာရင် တော်တော်ရှိရဲ့၊ မတော်လို့များ ရှုံးခဲ့ရင် ဘညိုအြိ ပယောဂက တစ်ဝက်ကျော်မက ပါသွားလိမ့်မယ်။ သူ့အပေါ် ဝဲလာမယ့် လက်ညှိုးတွေကိုလည်း ဘညိုအြိ ကြောက်ရသေးတယ်။

'တော် ဘာတွေ တွေးနေတာလဲ။ တစ်ခုခုတော့ လုပ်ဦးလေ။ အချိန်ကဖြင့် ဖင်တစ်လှည့် ကျန်တော့တာကို။ မြန်မြန်လုပ်ဖို့ အရေးကြီးတယ်'

သူကြီးကတော် ဒေါ်ရွှေငုံရဲ့ စကားအဆုံးမှာ ဘညိုအြိ ခေါင်းထဲ လူတစ်ယောက်ရဲ့ မျက်နှာက ကွက်ကွက်ကွင်းကွင်း ပေါ်လာတယ်။

'သူတို့က အောက်လမ်းဆိုမှတော့ တို့က အထက်လမ်း လိုက်ကြတာပေါ့ကွယ်။ ဘကြည်တစ်ယောက်လုံး ရှိနေကာမှ ဘာပူနေမှာတုံး။ သွားဟေ့၊ ဘကြည်ကို တစ်ယောက် သွားပင့်။ ငါက ပင့်ခိုင်းတာပါလို့ပြော။ အရေးကြီးလို့ အခုချက်ချင်း လိုက်ခဲ့ပါလို့



www.burmeseclassic.com

www.burmeseclassic.com

ခေါ်ခဲ့။ နေဦး၊ ကလေးတွေ မလွှတ်နဲ့နော်။ ရည်ရည်လည်လည်ရှိတဲ့ တစ်ယောက်သွား။ တော်ကြာ မလာဘဲနေဦးမယ်'

❑

၂။

မနက်ဖြန်ကန်မယ့် ဘောလုံးသမားတွေ အပါအဝင် ရွာကလူတွေ အကုန်လုံး ဘညိုအိ အိမ်ထဲမှာ ဖွေးဖွေးလှုပ်လို့။ ကလေးအကုန်ခွေးပါစုံ အနေအထား။ မပြောကောင်းမဆိုကောင်း အကြောင်းတစ်ခုခုရှိလို့ ရောက်နေတဲ့အတိုင်းပဲ။ ဒီအတိုင်းဆို ရွာထဲ လူမှ ကျန်ခဲ့သေးရဲ့လားလို့ ဘညိုအိ တွေးမိတယ်။

တဖြည်းဖြည်းနဲ့ အချိန်လည်း အတော်ကြာလာပြီ။ တစ်ယောက်တစ်ပေါက် ပြောနေကြတဲ့ စကားသံတွေကလည်း ဘညိုအိ နားထဲကို အတော်လျှံနေပြီ။ အားလုံးရဲ့ အကြည့်တွေက ရွာလယ်လမ်းပေါ်မှာ။ ဘကြည် ပေါ်လာမယ့်အရေးကို မျှော်နေကြတယ်။ လည်ပင်းတစ်တောင် ရှည်ဆိုတာ တကယ်ဖြစ်နေတဲ့အတိုင်းပဲ။ ရွာဦးကျောင်းနာရီက ၃ နာရီ အော်သွားတာတောင် အတော်ကြာခဲ့ပြီ။ ဘကြည်လည်း ပေါ်မလာ၊ ဘကြည်ကို သွားပင့်တဲ့ ဖိုးတုတ်လည်း ပေါ်မလာ။ စူဠလိပ် ရေထဲလွှတ်လိုက်ရော့သလား အောက်မေ့မိတယ်။ မနက်ဖြန်ဆိုတဲ့ အတွေးနဲ့ စိတ်ဗျာများနေကြတဲ့ အချိန်ဆိုတော့ အားလုံး စိတ်တွေက တယ်မရှည်ချင်တော့ဘူး။

'ကျုပ် ထပ်လိုက်သွားရမလား ဘလေး။ အခုအတိုင်းဆို ကျုပ်တို့ ညနေစာတောင် ချက်နိုင်မှာ မဟုတ်တော့ဘူး။ ဖိုးတုတ်ကလည်း အရေးကြီးပါတယ်ဆိုမှ အကျိုးသင့်အကြောင်းသင့် ဘာမှ လာမပြောဘူး၊ တကတဲမှပဲ'

'နေဦး ဘုတ်ဆုံရ။ နင် လိုက်လို့ မဖြစ်သေးဘူး။ ဘကြည်အကြောင်း နင်တို့လည်း သိသားနဲ့။ သူက အခါသမားဟ။ တစ်ခေါက်က နှစ်ခေါက် လာခေါ်ပြန်ရင်လည်း ကြိုက်တာ မဟုတ်ဘူး။ ဖိုးတုတ် ကြာတာ မဖြစ်နိုင်ဘူး။ ဒါ ဘကြည် ကြာတာနေမှာ။ လိုက်မသွားနဲ့။ အချိန်တန်တော့ လာလိမ့်မယ်'

အချိန်တန်တော့ ဆိုတဲ့ စကားကို ပြောလိုက်ရပေမဲ့ ဘယ်အချိန်ဆိုတာကို ဘညိုအိ ကိုယ်တိုင်လည်း သေချာမသိဘူး။ ဘကြည်ဆိုတဲ့ ကောင်က ခန့်မှန်းရ အခက်ဆုံး လူသားထဲမှာ ပါတယ် မဟုတ်လား။ သူ့အခါ မကျသေးလို့ကတော့ ကုတ်နဲ့ ကော်ထုတ်တောင် ထွက်ဖို့မမြင်။ ဒီတော့ အိမ်ရှေ့လမ်းပေါ်ကိုပဲ မျက်စိတစ်ဆုံးလှမ်းကြည့်နေရတယ်။ ဘကြည် မြန်မြန်လာမှ ဖြစ်မယ်။ မဟုတ်ရင် ဒီလူတွေ စကားများနေတာနဲ့တင် ဘညိုအိ အသက်ထွက်နိုင်တယ်။

ဟော ပြောရင်းဆိုရင်း ဖိုးတုတ်ပေါ်လာပြီ။ ဖိုးတုတ်လာတာ မြင်တော့ အားလုံး မတိုင်ပင်ရဘဲ ဝုန်းခနဲ ရပ်မိကြတယ်။ ဖိုးတုတ်ပုံစံက မအီမလည်၊ အီးမှန်ထားသလို အချိုးနဲ့။

'စောင့်လိုက်ရတာ ဖိုးတုတ်ရာ၊ မင်းကလည်း ကြာလိုက်တာ'

'စောင့်ဆို မင်းတို့သိတဲ့အတိုင်းပဲကွာ၊ အခါကြည်က အချိန်မကျသေးဘူး စောင့်ဦးဆိုလို့ စောင့်နေရတာဟေ့။ ကန်တော့ပါရဲ့၊ ငါ့စိတ်အတိုင်းဆို ကုပ်ဆွဲခေါ်ချင်တာမှ ယားနေတာပဲ။ သူ့ပညာနဲ့ သူမို့သာ သည်းညည်းခံခဲ့ရတာ မောင်'

ဖိုးတုတ်စကားကြားတော့ အားလုံး ငြိမ်သွားကြတယ်။ ဟုတ်တော့လည်း ဟုတ်တယ်။ ဘကြည်ဆိုတာက ဒီရွာက နာမည်တစ်လုံးနဲ့ နေတဲ့သူ မဟုတ်လား။

'အခု သူက ဘယ်နေခဲ့တာတုံး'

'အခါ မကျသေးလို့တဲ့ဟေ့၊ အခါကျရင် လာခဲ့မယ်တဲ့'

ဖိုးတုတ်ရဲ့ စကားအဆုံးမှာ အားလုံး ပါးစပ်က ဟာခနဲ ထွက်သွားတယ်။ ဘညိုအိလည်း မျက်မှောင်ကျုံ့သွားမိတယ်။ ဒီလူနှယ်၊ ဒီလောက် အရေးကြီးတဲ့ကိစ္စကို အခါစောင့်ရတယ်လို့။

❑

၃။

အင်တိုင်းရွာမှာ ဘကြည်နှစ်ယောက်ရှိတယ်။ အရက်သောက်တဲ့ ဘကြည်ကိုကျတော့ ဗိုးဘကြည်တဲ့။ နောက်တစ်ယောက်ကတော့ အခါကြည်တဲ့။

'ဘကြည်တို့ အခါယူချက်ကတော့ ရက်စက်တယ်ဟေ့၊ မနက်မိုးလင်းကတည်းက နွားဝယ်ထွက်လိုက်တာ ညသန်းခေါင်ကျော်မှ အိမ်ပြန်ရောက်တော့တယ်။ အခါ မကျသေးလို့ဆို အခါကျအောင် စောင့်ဝယ်နေရတာမောင်။ ထမင်းတောင် နွားရောင်းတဲ့အိမ်က ကျွေးလိုက်လို့ မငတ်ခဲ့တာပေါ့'

ဒါကတော့ ဘကြည် နောက်တစ်ယောက်ကို တင်စားတဲ့စကား။ အခါယူတယ်၊ မယူတယ်ကတော့ ကွယ်ရာမှာ ရွာသားတွေ ပေးထားတဲ့ နာမည်ကိုက အခါကြည်တဲ့။ တစ်ခုခုဆို နေ့ကောင်းရက်သာနဲ့ အခါကို စောင့်တတ်လွန်းလို့ သူ့ကွယ်ရာမှာ တင်စားကြတဲ့ နာမည်။ သူ့ပညာအပေါ် တန်ဖိုးထားချက်ဆိုတာ အောချယူရလောက်ရောဆိုပါတော့။ ဗေဒင်ဟောတာတောင်မှ အချိန်အခါမကောင်းဘူးထင်ရင် ဟောပေးတဲ့သူ မဟုတ်ဘူး။ နာမည်ပေး ကင်ပွန်းတပ်ကအစ၊ အလှူမင်္ဂလာ ရက်ရွေးတာအလယ်၊ အရောင်းအဝယ်အဆုံး သူ့လက်သုံးစကားက အခါကောင်းတဲ့အထိ စောင့်ဆိုတဲ့စကားပဲ။ သူပြောတဲ့ အခါဆိုတာ မကျသေးလို့ကတော့ ဘာမှ မလုပ်ပေးဘူး။ ဖျာတစ်ချပ် စောင်တစ်ထည်ယူပြီး အိပ်စောင့်ရင်စောင့်၊ မစောင့်နိုင်ရင် ဂိုးပေတော့ဆိုတဲ့ အချိုးထဲမှာပါတယ်။

ဘာပဲဖြစ်ဖြစ် ဘကြည်ကတော့ အင်တိုင်းတစ်ရွာလုံးရဲ့ အားကိုးအားထားတစ်ယောက် ဖြစ်နေတာတော့ အမှန်ပဲ။ ဦးပညာကျောင်းထွက်ဆိုကတည်းက ဘကြည် စာတတ်တာ လူတိုင်းသိ



www.burmeseclassic.com

www.burmeseclassic.com

တယ်။ ဆယ်စောင်တွဲကအစ ဦးပညာကျောင်းက ဗီရိုထဲမှာ သိမ်းထားတဲ့ ဗေဒင်ကျမ်းတွေ အကုန်လုံးနီးပါးကို အာဂုံဆောင်နိုင်တယ် ဆိုကြတဲ့အထိ ဘကြည်က စာတတ်တယ်။ ဦးပညာကိုယ်တိုင်ကလည်း ဘကြည်တော်မှန်းသိတော့ သူ့ပညာကို အကုန်နီးပါး ပေးခဲ့တယ်။ ဒီတော့ ဒီအင်တိုင်း ရွာသူ ရွာသားတွေရဲ့ စိတ်နှလုံးမှာ ဘကြည်က ရင်ထိုးတစ်ခုလို တွယ်ချိတ်နေတာ ဘာဆန်းတော့မလဲ။ တစ်ခုခု အရေးဟယ်အကြောင်းဟယ်ဆို ဘကြည်ကိုပဲ ပြေးတ,ကြရတယ်။ သူငယ်နာလေထ,တာကအစ ရွာသူကိုင်တာ၊ ပုဏ္ဏကတိုက်တာအလယ်၊ ဓာတာဖွဲ့တာကအဆုံး ဘကြည်မှ ဘကြည်။ ဘကြည်မှ မရှိရင် ငါတို့တော့ ဘယ်သူ့အဖေခေါ်ရပါလိမ့် ညည်းမိတဲ့အထိ တ,မိရတဲ့ ဘကြည်ပေါ့။

အခုလည်း အရေးကြီးလို့ဆိုပြီး သူကြီးအမိန့်နဲ့ သွားပင့်ခိုင်းပါတယ်။ အခါမကျသေးလို့ လိုက်မလာသေးဘူးတဲ့။ ခက်လည်း ခက်တဲ့ အခါကြည်ကွာလို့ ဘညိုအြိ တိုးတိုးလေး ရေရွတ်မိတယ်။ ❑

၄။

“ဘလေးရေ၊ ဘလေး”

အပြေးအလွှား အော်ခေါ်ပြီး အိမ်ပေါ်ကို တက်လာတဲ့ ဖိုးတုတ်ကို မြင်တော့ ဘညိုအြိ ဆီးငေါက်လိုက်တယ်။

“ဟော့ကောင် မသာအိမ်မဟုတ်ဘူးကွ၊ ငါ့နာမည် တကြော်ကြော် ခေါ်မနေနဲ့”

'goubuf
emrEBfvmuG
'g
ynmeY
"mwbabmt &
xbfCbfxm;wm
½bbbm;om;qbf
ubf fu oif
&bfvbbufubf f
xbfLurfayg
rif
rjrifb|vm;
xbfvmawmif
½bbk bfvmrS
r[ kvfvm
Ebvbf
wbfufewmav

“ကျုပ်လည်း ပျာသွားလို့ပါ ဘလေးရာ၊ အရေးကြီးလို့ဗျ။ ဦးလေးဘကြည် သတိလစ်နေလို့။ အဲဒါ ဘလေးကို လာခေါ်တာ”

“ဟ၊ ငါ့လာခေါ်လို့ ငါက ဘာလုပ်တတ်မှာတုံး။ ဆရာ သွားပင့်ကြလေကွာ”

“ဟိုဘက်ရွာက ဆရာလေးတော့ ရောက်နေတယ် ဘလေးရဲ့၊ ဆရာလေးက ဆေးရုံကို မြန်မြန်သွားမှ ကောင်းမယ်ပြောလို့ဗျ”

“ဟေ ဟုတ်လား။ အဲဒီလောက် ဆိုးသလားဟ”

ဘကြည် နေမကောင်းဖြစ်တယ်ကြားလို့ ဟိုတစ်နေ့ကတောင် သတင်းမေးရင်း ရောက်ခဲ့သေး။ အဲဒီတုန်းက ထူထူထောင်ထောင်ဆိုတော့ အခုလောက် ဖြစ်သွားမယ်လို့ မထင်ထားမိတာ အမှန်ပဲ။ ဘကြည့်အိမ်ရောက်တော့ လူတွေတောင် အတော်များနေပြီ။ ဘညိုအြိ လာတာမြင်တော့ နောက်ဆုတ်ပေးကြတယ်။ ဘကြည်ကတော့ ခုတင်ပေါ်မှာ ပက်လက်ကလေး။ သတိရနေပြီလို့ ဘကြည်မိန်းမက တိုးတိုးလေး ပြောတယ်။ ဘညိုအြိ ဘကြည်ဘေးနားသွားပြီး ခေါ်ကြည့်တယ်။

“ဘ ကြ ည် . . . ဘကြည်၊ မင်း သက်သာလား”

ဘညိုအြိ အသံကြားတော့ ဘကြည် မျက်လုံးလေး ဖွင့်လာတယ်။ “ဟော့ကောင် ညိုအြိ၊ ငါ့အိမ်ထဲက လူတွေကို မြန်မြန်မောင်း ထုတ်စမ်းပါကွာ”တဲ့။ ဘကြည့်စကားကို ကြားတော့ ဘညိုအြိ မျက်လုံးပင့်မိတယ်။ လူမမာ့ဆီက ထွက်လာတဲ့ စကားက မမျှော်လင့်တဲ့ စကားမို့ ဘညိုအြိ အံ့ဩသွားမိတယ်။

“ဘာဖြစ်လို့တုံး ဘကြည်ရ”

“ဘာဖြစ်ရမှာတုံးကွ၊ လာတဲ့လူတွေကို ကြည့်ဦးလေ။ တဘက်လေးတွေ ပခုံးပေါ်တင်လို့။ မသိရင် မသာအိမ် လာတာကျနေတာပဲ။ မြင်ရတာ ကျက်သရေ မရှိဘူး”

ဘကြည်အတွက် စိတ်မကောင်းဖြစ်နေတဲ့ ကြားထဲက ဘညိုအြိ ရယ်ချင်မိသွားတယ်။ အတော် လက်ပေါက်ကတ်တဲ့ ဘကြည်ပါဆို။

“ခက် လို က် တာ ဘကြည်ရာ၊ ဒါ တောခလေ့ ရွာခလေ့မှုပဲကိုး။ မင်းလည်း မသိတာကျလို့။ အဲဒီလောက် အယူမသီးစမ်းပါနဲ့ကွာ”

“နွားရှေ့ ထွန် လာမကျူးစမ်းပါနဲ့ကွာ။ မြန်မြန်သာ နှင်ထုတ်လိုက်စမ်းပါ။ ကြာရင် ရောဂါနဲ့ မသေဘဲ သူတို့မြင်တာနဲ့ သေလိမ့်မယ်။ ဘယ့်နှယ်ဗျာ နိမိတ်မရှိ နမာမရှိ”

လူမမာစကားဆိုတော့ ဘညိုအြိလည်း မနေသာတော့ဘူး။ နောက်လူ အသာလက်တို့ပြီး ပရိသတ်ကို အိမ်ပြန်ကြဖို့အရေး ပြောခိုင်းရတယ်။ ရွာကလူတွေကတော့ ဘကြည်အကြောင်း သိနေကြတယ်ဆိုတော့ စိတ်မဆိုးကြရှာဘူး။ တစ်ယောက်လက် တစ်ယောက်ကုတ်ပြီး တိုးတိုးသက်သာ ပြန်သွားကြတယ်။ ဒီလောက် ကကျည်ကကြောင်ကျနေနိုင်တာထောက်ရင် မသေနိုင်လောက်သေးဘူးလို့ တွေးမိကြမှာပဲ။

“ဘကြည်၊ ဆရာလေးက ဆေးရုံကို သွားဖို့ ညွှန်းနေတယ်။ ငါတို့ သွားဖို့ ပြင်နေကြတယ်”

“မသွားလို့ မရဘူးတဲ့လား”

“ဆရာလေးကတော့ သွားစေချင်တယ် ပြောတာပဲ”

ဘကြည်မျက်နှာက သွားချင်တဲ့ပုံ မပေါ်ဘူး။ လက်မှာ ပတ်ထားတဲ့ နာရီကို



www.burmeseclassic.com

www.burmeseclassic.com

ကြည့်ပြီး ခဏတိတ်သွားတယ်။

"မနက် မိုးလင်းမှ သွားကြတာပေါ့ကွာ၊ အခု နေသွားရင် အခါမကောင်းသေးဘူး"

"မင်းကလည်း ဘကြည်ရာ။ ကျန်းမာရေးကိစ္စပါဆို နေ့ရွေး၊ညရွေး လုပ်လို့ ဘယ်ကောင်းမလဲ"

"အခု ငါလည်း နေကောင်းနေမှကိုကွာ။ ဆရာလေးလည်း ဆေးချိတ်ပေးထားတာပဲ။ ငါ့အသက် မသေနိုင်သေးပါဘူးကွာ။ ဒီဆရာလေးနဲ့ ငါနဲ့က နေ့နံတည့်တယ်။ သူနေတာကလည်း ငါနေတဲ့ အရပ်နဲ့ဆို အင်္ဂါအရပ်၊ သူကလည်း အင်္ဂါနံဆိုတော့ မိတ်ဖက်ကျတယ်ကွ။ ဆေးရုံက ငါနေတဲ့ အရပ်နဲ့ဆို ရန်ဘက်ကျနေတယ်။ ငါ မသွားချင်ဘူး"

"မင်းပညာကလည်း မင်းပညာတစ်ပိုင်းပေါ့ကွာ၊ အခုက ကျန်းမာရေးကိစ္စပါဆို"

"ဟ... ငါ့တစ်သက် ငါ့ပညာကို ယုံယုံကြည်ကြည်နဲ့ ဟောလာခဲ့တာကွ။ ကိုယ့်အလှည့်ကျမှ မယုံကြည်လို့ ရမလား။ ကိုယ့်ပညာကို ကိုယ်တိုင်က ပြန်မယုံရင် ဘယ်သူက ယုံမလဲ"

ဘညိုအိကတော့ မိကျောင်းမင်းရွှေ ရေခင်းပြမိတဲ့ ကိုယ့်ကိုယ်ကိုသာ အပြစ်တင်ချင်မိတော့တယ်။

"မင်းတော့ ဘကြည်ရာ လူမမာမို့သာ၊ ကောင်းနေလို့ကတော့ တရွတ်တိုက်တောင် ဆွဲခေါ်ချင်သေး"

ဘညိုအိက မကျေမချမ်းနဲ့ ပြောတော့ ဘေးက ဆရာလေးက အသာရယ်တယ်။

"ကဲပါ ဦးလေးကြည်၊ ဦးလေးကြည်ပညာနဲ့ ဦးလေးဆိုတော့ ကျွန်တော်လည်း တိုက်တွန်းရတာ ခက်နေတယ်။ မနက်ဖြန် မနက်တော့ သွားဖြစ်အောင် သွားပါနော် ဦးလေး"

ဆရာလေးကတော့ စိတ်မချဟန်နဲ့ တဖွဖွ မှာသွားတယ်။ ဘညိုအိ သဘောအရဆို အခုချက်ချင်းကို သွားပစ်လိုက်ချင်တယ်။ ဒါပေမဲ့ လူမမာကိုယ်တိုင်က မသွားချင်ဘူး တဖွဖွငြင်းနေတော့ ဘညိုအိလည်း လက်လျှော့လိုက်ရတယ်။

ငယ်ကတည်းက လည်ပင်းဖက်ပေါင်းလာတဲ့ သူငယ်ချင်းအရင်းခေါက်ခေါက်တွေမို့ ဘကြည်အကြောင်း ခြေမအစ ခေါင်းအဆုံး ဘညိုအိ အကုန်သိတယ်။ ဘကြည်ကတ်သီးကတ်ဖဲ့နိုင်တာက အခုမှ မဟုတ်ဘူး။ ငယ်ကတည်းက အငြင်းအခုံဆိုလည်း သန်ပါလေ့နဲ့။ သူ ယုံကြည်မိပြီဆိုရင်လည်း ဘာနဲ့မှ တားလို့ မရတော့ဘူး။ ကတ်စရာ မရှိရင် တိုင်ဖက်ပြီးတောင် ကတ်တဲ့ကောင်။ အခုလည်း ဆေးရုံသွားဖို့ အရေးကို အချိန်အခါကြည့်ပြီး ကတ်နေပြန်တယ်။ ဒီလို အကတ်ကောင်းလို့လည်း ဘောလုံးပွဲမှာတုန်းက ဒင်း ခေါင်းပေါက်တာ။ ဒါတောင် မမှတ်သေးဘူး။

ဗိုလ်လုပ်ပွဲကန်တဲ့နေ့က အဖြစ်အပျက်ကို ဘညိုအိ မျက်စိထဲ ပြန်မြင်လာတယ်။ အဲဒီနေ့က ဘကြည်လုပ်ရပ်ကြောင့် အားလုံး တပ်ခေါက်ပြန်ခဲ့ကြရတာ။ အင်တိုင်းသူ အင်တိုင်းသားတွေဆို ဝမ်းနည်းပက်လက်နဲ့။ ပြန်တွေးတိုင်း မချိတင်ကဲ ဖြစ်နေရတုန်းပဲ။

❑

၅။

အဲဒီနေ့က တစ်နေကုန်နီးပါး မိုးတွေ အုံ့နေတယ်။ မနက် လေးနာရီ မထိုးခင်လောက်ကတည်းက ဘညိုအိ အိပ်ရာက ထ,ရတယ်။ ထ,ဆို ဘကြည်က ဘောလုံးကွင်းတစ်ပတ်ပတ်ပြီး စည်းသွားချမယ်ဆိုတော့ ဘညိုလည်း မလိုက်ချင် လိုက်ချင်နဲ့ လိုက်သွားရတယ်။ ဘောလုံးကွင်းက အင်တိုင်းမှာ မဟုတ်ဘူး။ မြို့သစ်ရွာထိပ်မှာ။ နွေစပါး မစိုက်ဖြစ်တဲ့ ခြောက်ခြောက်ခြမ်းခြမ်း လယ်တစ်ကွက်ကို ရွေးပြီး ဘောလုံးကွင်းလုပ်ထားရတာ။ ဘေးမှာလည်း လယ်ကွက်တွေက ရှိသေး။ မနက်မှောင်မှောင်မည်းမည်းမှာ လက်နှိပ် ဓာတ်မီးလေးကိုယ်စီနဲ့ သွားကြရတယ်။ တစ်ဇကခွဲ ကျော်ကျော် လယ်ကွင်းကြီး တစ်ပတ်ပတ်ဖို့ကျလည်း ဘညိုအိ ပျင်းတယ်။ ဘကြည်က ဘောလုံးကွင်းပတ်ပြီး ရွတ်ဖတ်သရဇ္ဈာယ်နေချိန်မှာ ဘညိုအိကတော့ ကန်သင်းဘေး ထိုင်ပြီး ငိုက်လို့ပေါ့။

နေမွန်းတည့်ချိန်လောက်ရောက်တော့ ဘညိုအိ အိမ်မှာ လူစုံနေပြီ။ လူတင်မကဘူး၊ အောက်ထပ်မှာ နတ်ကတော်တင်မေရဲ့ ရွာတော်ရှင်၊ နယ်တော်ရှင် အပါအဝင် နတ်ပေါင်းများစွာရဲ့ ပွဲတွေလည်း စုံနေပြီ။ အိမ်အပေါ်ထပ်မှာ ဘကြည်တင်ထားတဲ့ ဘိုးဘိုးအောင်၊ ဘမင်းခေါင်ကစလို့ ဝိဇ္ဇာရစ်သောင်း သူတော်ကောင်းတွေအတွက် ပွဲတွေလည်း စုံနေပြီ။ ဘညိုအိ အိမ်ပေါ်က ဘုရားစင်ရှေ့မှာ ကန်တော့ပွဲတွေဆိုတာ ခြေချစရာ မရှိလောက်အောင်ပဲ။ ကန်တော့ပွဲတွေက ထွက်လာတဲ့ အမွှေးတိုင်နံ့တွေဆို ထောင်းထောင်းကို ထ,လို့။ မပြောကောင်း၊ မဆိုကောင်း မီးနေမှိုင်းတိုက်နေတဲ့အတိုင်း။ ဒါက ဘယ်ဘိုးတော်အတွက် ပွဲ၊ ဒါက ဘယ်ဝိဇ္ဇာတွေအတွက် ပွဲ၊ ဒါက သာသနာ့ပွဲ ဆိုပြီး ဘကြည်က လက်ညှိုးတထိုးထိုးနဲ့ ရှင်းပြနေပေမဲ့ ဘညိုအိ စိတ်မဝင်စားပါဘူး။ ဘညိုအိ စိတ်ဝင်စားတာက ဒီပွဲတွေအတွက် ကုန်ကျတဲ့ စရိတ်ကိုပဲ။ အိတ်ထဲကနေ ဟောခနဲ ဟောခနဲ ငွေတွေ ပေးလိုက်ရတိုင်း ငါ့ငွေတွေ အဲ...ငါ့ရန်ပုံငွေတွေတော့ ကုန်ပါပြီလို့ ဘညိုအိ တွေးနေမိတယ်။

ဘောလုံးကွင်းကို ရောက်တော့ လူတွေက အောတိုက်လို့ပေါ့။ မိုးကလေးကလည်း ဖြိုးတိုးဖြောက်တောက်နဲ့။ ကစားသမားအကြိုက်ဆိုတဲ့ ရာသီမျိုး။ လေးရွာအုပ်စုက လူတွေတင်မက၊ တခြားနီးစပ်ရာ ရွာက လူတွေပါ သောင်းသောင်းဖြဖြ လာအားပေးကြတယ်။ ပွဲမစခင်ကတည်းက နှစ်ရွာလုံးရဲ့ ပရိသတ်တွေ ယှဉ်ပြိုင်မှုကလည်း အကြိတ်အနယ်။



www.burmeseclassic.com

www.burmeseclassic.com

ဘောလုံးသမားတွေ မောလာ ရင် သောက်ဖို့ ဖျော်လာတဲ့ အချိုရည်အိုးတွေကလည်း အပြိုင်အဆိုင်။ ရေအိုးနဲ့ချည်း အလုံး ၂၀ လောက် ရှိတယ်။ လိုရင်ထပ်ဖျော်ဖို့ ဖျော်ရည် ပုလင်းတွေကလည်း လှည်း ပေါ်မှာ အဆင်သင့်။ ချိုချဉ် ထုပ်တွေဆို ထန်းခေါက် တောင်းနဲ့ တစ်လုံးနီးပါး။ ကုန်လုခမန်း မရှိဘူး။ ကလေးတွေဆို ချိုချဉ်တောင်း နား လာ,လာဝဲနေလို့ ငေါက် ငေါက်ထုတ်နေရတယ်။ ဗိုလ်စွဲခဲ့ရင် ဆုချဖို့ အတွေးနဲ့ သီ လာတဲ့ ပန်းကုံးတွေကလည်း အသင့်၊ တချို့ဆို ပိုက်ဆံလေး တွေ ကုံးထားတာပါသေး။ မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ဖို့ ဓာတ်ပုံဆရာကလည်း ပွဲခင်း ထဲမှာ အဆင်သင့်ရောက်နေ ပြီးသား။ ရှင်ကြီးပွဲလည်း စုံပြီ၊ ရှင်ငယ်ပွဲလည်း စုံပြီ။ အားပေးတဲ့ ပရိသတ်ဘက်က တော့ အကွက်စုံပြီ။ အရေးကြီးတာက ဘောလုံးသမား တွေ အကွက်စေ့စေ့ ကစားဖို့ပဲ ကျန်တော့တယ်။

"ဘလေး… ဟိုဆရာ ကတော့ ကန်တော့ပွဲလေး ချပြီး သရဲတွေ ပင့်နေပြီတဲ့ တော့။ ကျုပ်တော့ ကြောက် လို့ မကြည့်ရဲဘူး။ ကလေး တွေကို မသိမသာ သွား ကြည့်ခိုင်းနေရတာ"

ပွဲမစခင် ဘုတ်ဆုံမက တိုးတိုးတိတ်တိတ် လာပြော တယ်။ ဘကြည်ကတော့ ဘာမထီဟန်နဲ့ အသာပြုံးလို့ ပါ့။ ဘညိုအိလည်း စိတ်ဝင် စားတာနဲ့ မသိမသာ သွား ကြည့်တယ်။ အောက်လမ်း ဆရာ ဆိုတဲ့လူက လူပုံက

> bMunf
> cyjfywjfywf
> ar;w, f
> [ kdelfrawG
> uvnf
> bjqkd
> z½kdbD, fjykd
> ray:bj
> rz, fbjwbh
> uav;
> EMvkdufwmif
> rysufbj
> ]at;...
> 'Dvmufwmif
> ajymr&vnf
> wkdufprf[ m}
> bMunf
> ajymajymqkdjykdY
> a&Swnfwnfhs
> wifjOacG
> xkdfsvkdufwmh
> bnkt d
> rsufvkd
> jyl;ofw, f

တော့ သေးသေးသွယ်သွယ် နဲ့၊ အသက်ကတော့ သိပ်ကြီး သေးဟန် မတူ။ မသကာ ရှိ လှ ၅၀ ကျော်လောက်ပါ့။ လွယ်အိတ်သေးသေးတစ်လုံး တစောင်းလွယ်လို့။ ရှေ့မှာက ကန်တော့ပွဲလေး တစ်ပွဲချလို့။ လက်ထဲမှာ ရေခွက်ကလေး တစ်ခွက်ကိုင်ပြီး လှုပ်နေတာ တွေ့တယ်။ ပါးစပ်ကလည်း တတွတ်တွတ်နဲ့ ရွတ်လို့။ အင်း… သူ့ဟာနဲ့သူတော့ ဟုတ်နေပါလားလို့ ဘညိုအိ တွေးမိတယ်။

ဘောလုံးပွဲ စ,ပါပြီ။ အင်တိုင်းအသင်းက မြောက် ဘက်က၊ ကံကုန်းအသင်းက တောင်ဘက်က ကန်ရတယ်။ လေကလေးလည်း တောင် ဘက် ဝေ့ဝေ့တိုက်နေတော့ ဘာပဲဖြစ်ဖြစ် အင်တိုင်း အသင်းဘက်ကတော့ တစ် ပန်းသာနေတာ အမှန်ပဲ။ အစ ပိုင်းဆိုတော့ ပွဲက သိပ်ကြည့် မကောင်းသေးဘူး။ ကစား ကွက်တွေက လျော့တိလျော့ ရဲ။ အားပေးတဲ့ ပရိသတ်က တော့ ပွဲစကတည်းက အင် တိုက်အားတိုက်ပဲ။ သော သောကို ညံလို့။

ကွင်းလယ်က တင်ပေး လိုက်တဲ့ ဘောလုံးကို မဲဒင်က တစ်ဖက် ဂိုးဧရိယာရှေ့ ရောက်အောင် အသာထိန်းယူ သွားချိန်မှာတော့ ပရိသတ် တွေ ထ,ခုန်ကြတယ်။ သွင်း လိုက်စမ်း၊ ရှူးလိုက်စမ်း အော်တဲ့သူက အော်။ ဟေး ဟေးနဲ့ လက်ခုပ်လက်ဝါးတီး သူက တီး။ မဲဒင်ဆိုတာ အင် တိုင်းအသင်းအတွက် အား အကိုးရဆုံး ရှေ့တန်းကစား သမား။ တိုက်စစ်မှူးဆိုလည်း မမှားဘူး။ တစ်ဖက်အသင်း က သတိထားရတဲ့ ကစား သမားထဲမှာ ပါတယ်။ အခု လည်း မဲဒင်ခြေထဲက ဘော လုံးကို တစ်ဖက်အသင်းက လူတွေ မနည်းလိုက်လုနေကြ တယ်။

"ဟေ့ ဟေ့ ငါ့ ယောက်ျားရေ၊ အဲဒီငပု ကောင် မဲဒင်ကို ဖဲဖြင်ပစ် လိုက်စမ်း"

ကံကုန်းရွာသူ တစ် ယောက်ရဲ့ အော်ကျယ်အော် ကျယ် အားပေးသံကြောင့် ပရိသတ်က ဝါးခနဲ ရယ်ကြ တယ်။ မဲဒင်ကလည်း အရပ် က ခပ်ပုပုကိုး။ သူတို့ရွာသား ကို ထိတော့ အင်တိုင်းသူတွေ ဘက်ကလည်း ဘယ်နေလိမ့် မတုံး။ အသံ ချက်ချင်း ပြန် ထွက်လာတယ်။

"မဲဒင်ရေ… ဖင်တင် မကဘူး၊ ကျန်တာပါ ဖြဲပြပစ် လိုက်စမ်းဟေ့၊ ဒါမှ ဒင်းတို့ တွေ အင်တိုင်းသားအကြောင်း သိသွားအောင်"

ဒါက မဲဒင်မိန်းမရဲ့ တန်ပြန်အားပေးတဲ့အသံ။ ရွာ သူတွေဆိုတော့ စကားပြော တာက ခပ်ကြမ်းကြမ်း။ တုတ်ထိုးအိုးပေါက် ပြော တတ်တာက အကျင့်။ သူတို့ ကို မိုက်မိုက်ရိုင်းရိုင်း ပြောရ မလား ဆိုပြီး ကံကုန်းသူတွေ က ရန်ထ,တွေ့တယ်။ ဟို ဘက်နဲ့ ဒီဘက် တစ်ယောက် တစ်ခွန်း စကားများကြရင်း ကနေ မိန်းမနှစ်ယောက် ထ, နပန်းလုံးကြတာဆိုတာ ထိန်း မနိုင်ဘူး။ ကန်သင်းရိုးကနေ လုံးကြတဲ့အလုံးဆိုတာ ဘော လုံးကွင်းလယ်ထိ ရောက်လု ပဲ။ ဆွဲတဲ့လူက ဆွဲတာလည်း မရ။ ထဘီမနိုင် ပဝါမနိုင်။ မြင်မကောင်း ရှုမကောင်း လောက်အောင်ကို လုံးကြတဲ့ အလုံး။ အားလုံး အုန်းအုန်း ကျွက်ကျွက်ကိုဖြစ်လို့။ နပန်း ပွဲအရှိန်ကြောင့် ဘောလုံးပွဲကို ပါ ခဏရပ်ယူရတယ်။

ပရိသတ်တွေ ရန်ဖြစ်ကြ ပြီဆိုတော့ ဘောလုံးဒိုင်နဲ့ ရွာ လူကြီးတွေ ခေါင်းချင်းဆိုင် ကြရပြီ။ မဆိုင်လို့လည်း မရ ဘူး။ ဒီပါးစပ်ပေါက်တွေက ထိန်းနိုင်ကြမှာ မဟုတ်။ ထစ် ခနဲဆိုတိုင်း ထလုံးနေလို့က



www.burmeseclassic.com

www.burmeseclassic.com

တော့ ဒီဘောလုံးပွဲ ပျက်ကိန်း မြင်တယ်။ အဲဒီတော့ စည်းကမ်းချက်တွေ သတ်မှတ်ကြတယ်။ တစ်ရွာနှင့် တစ်ရွာ ခိုက်ရန်ဖြစ်ပွားခြင်း မလုပ်ရ။ ခိုက်ရန်ဖြစ်ပွားလို့ ပွဲပျက်ခဲ့ရင် ဒီပွဲအတွက် ကုန်ကျစရိတ် ပွဲဖျက်တဲ့သူတွေက လျော်စေ။ နောက်တစ်ခုက မဆိုင်တဲ့သူတွေ ဘောလုံးကွင်းထဲ လုံးဝ မဝင်ရ။ ဝင်လာလျှင် ယောက်ျားနေနေ၊ မိန်းမနေနေ ထိတ်တုံး ခတ်မယ်ဆိုတဲ့ အမိန့်တွေကို ဘညိုအိကိုယ်တိုင် လော်စပီကာကနေ တကြော်ကြော် အော်ရတယ်။

ရန်ပွဲ အရှိန်သေတော့ ဘောလုံးပွဲ ပြန်စပြီ။ ဒီတစ်ခါတော့ နည်းနည်း အကြိတ်အနယ်လေးတွေ ပါလာတယ်။ ကစားတာလေးတွေ နည်းနည်း ကြမ်းချင်သလိုလို။ ပွဲစပြီး သိပ်မကြာခင်မှာကို အဝါကတ်ပြရတာ ၅ ခါ ကျော်နေပြီ။ ကစားချိန် နာရီဝက်လောက် ကြာလာတဲ့အထိ တစ်ဖက်နဲ့တစ်ဖက် ဦးဆောင်ဂိုး မသွင်းနိုင်ကြဘူး။ ပရိသတ်ကလည်း ကစားသမားတွေနဲ့ အပြိုင် စိတ်လှုပ်ရှားနေကြရတယ်။ တချို့ မိန်းမတွေဆို ထိုင်ကြည့်ရတာ အားမရထင်ရဲ့။ ဘောလုံးပြေးတဲ့ဘက် လျှောက်လိုက်ပြေးနေလို့ သူတို့ကြည့်ပြီး ရယ်ရတာကိုက အမော။ ခဏနေတော့ အင်တိုင်းအသင်းက ထောင့်ကန်ဘော ကန်ရတယ်။ ရှေ့တန်းကစားသမား ဝင်းနိုင် တင်ပေးလိုက်တဲ့ ဘောလုံးကို မင်းဒင်က လူတွေကြားကနေ ခေါင်းနဲ့ ခုန်တိုက်ပစ်လိုက်တာ ဂိုးသမားက လက်နဲ့ လှမ်းပုတ်ဖို့ ကြိုးစားတယ်။ ဒါပေမဲ့ မမီလိုက်ဘူး။

‘ဂိုး’ဆိုတဲ့ အသံက ဟိန်းထွက်လာတယ်။ မိန်းမတွေဆို အော်လိုက်ကြတာများ အသံတွေတောင် ပြာလို့ပါ့။ ဘညိုအိလည်း ပျော်လိုက်တာမှ ထတောင် ခုန်မိတယ်။ ‘အင်တိုင်းရွာကို နိုင်ချင်ရင် ဆယ်နှစ်ဆယ်မိုး ကြိုးစားပါဦး’ဆိုတဲ့ အသံတွေ ဟိန်းထွက်လာတယ်။ အောင်ပွဲခံကြရင်း ခံကြရင်းနဲ့ မိန်းမတစ်ယောက်က ကန်သင်းရိုးပေါ် ခေါင်းထောင်ပြီး ကျွမ်းထ,ထိုးတယ်။ တစ်ပတ်လည်းမဟုတ်၊ နှစ်ပတ်လည်း မဟုတ်၊ ထိုးရင်းရင်းထိုးရင်းနဲ့ ကွင်းလယ်ငုတ်တုတ် ရောက်သွားတယ်။ ဘညိုအိက အပြေးသွားပြီး လှမ်းအော်ပေမဲ့ မမီလိုက်တော့ဘူး။ ကျွမ်းထိုးတဲ့သူကို ကြည့်လိုက်တော့ သူ့မိန်းမ သူကြီးကတော် ရွှေငုံ။ ဒီမိန်းမကွာ၊ မကြီးမငယ်နဲ့လို့ ဘညိုအိ အော်ပေမဲ့ ဇာတ်လမ်းကတော့ ရှုပ်ကရောပဲ ဆိုပါတော့။ စကတည်းက ပွဲတွင်းမဝင်ရ စည်းကမ်းကို ဘညိုအိကိုယ်တိုင် တကြော်ကြော်အော်ခဲ့တာ မဟုတ်လား။ ကိုယ်ထွင်တဲ့ စည်းကမ်းဆိုတော့ ဘညိုအိလည်း ဘာမှ မတတ်နိုင်ဘူး။ သူ့မိန်းမကို ထိတ်တုံးခတ်ကြဖို့ အမိန့်ပေးလိုက်ရတယ်။ ဘညိုအိကိုယ်တိုင်က တောက်တခေါက်ခေါက်နဲ့ မျက်စိမျက်နှာပျက်ဖြစ်နေပေမဲ့ မယ်ရွှေငုံကတော့ အရယ်မပျက်၊ အပြုံးမပျက်။ ထိတ်တုံးခတ်ချင်လည်း ခတ်ပါတဲ့။ ဘောလုံးပွဲကြည့်လို့ရမယ့် နေရာလေးတော့ ထားပေးပါ ဆိုလာသေး။ သောက်ကမြင်းမလို့ ဘညိုအိလည်း ချီးကျူး ထောမနာပြုထားခဲ့တယ်။

‘ဘလေး ဘလေး၊ ဟိုဘက်ရွာက မိန်းမနှစ်ယောက် ကျုပ်တို့ ဂိုးတိုင်နောက် သွားထိုင်နေတယ်တော့။ ဘာအကြံနဲ့လည်း မသိဘူး။ ဦးလေးဘကြည်ကတော့ နောက်က လိုက်သွားပြီ’

ဘုတ်ဆုံမရဲ့ တိုးတိုးတိတ်တိတ် စကားကြားတော့ ဘညိုအိလည်း ဂိုးတိုင်နောက်ကို လှမ်းကြည့်လိုက်တယ်။ ဂိုးတိုင်နောက်က ကန်သင်းရိုးပေါ်မှာ မိန်းမနှစ်ယောက် ကလေးနို့တိုက်နေတာ တွေ့တယ်။ ဘကြည်သွားတာ မြင်တော့ ဘညိုအိလည်း ကမန်းကတန်း လိုက်သွားရတယ်။

ဟိုရောက်တော့ ဘကြည်နဲ့ အဲဒီမိန်းနှစ်ယောက်က အကြိတ်အနယ် ဖြစ်နေကြပြီ။

‘နင်တို့ ဖယ်မှာလား၊ မဖယ်ဘူးလား ပြော’

ဘကြည်က လေသံမာမာနဲ့ မေးတော့ ဟိုမိန်းမနှစ်ယောက်ကလည်း ခပ်တင်းတင်း ပြန်ဖြေတယ်။

‘မဖယ်နိုင်ဘူး။ ကျုပ်တို့ဘာသာ ဘယ်နေရာက ကြည့်ကြည့် တော့်အပူပါလို့လား၊ တော့်ခေါင်းပေါ် ရွက်ထားရလို့လား’

‘ငါ့ခေါင်းပေါ် ရွက်ရွက် မရွက်ရွက်၊ နင်တို့ ကြည့်ရတာ မရိုးသားဘူး၊ ပြောစမ်း၊ ဒါ ဟိုအောက်လမ်း ဆရာက ခိုင်းလိုက်တာ မဟုတ်လား’

‘ဘယ်သူမှ မခိုင်းဘူး၊ ကျုပ်တို့ဘာသာ လာချင်လို့ လာထိုင်တာ’

ဘကြည်က တက်ခေါက်တယ်။

‘သူတို့ ထိုင်ချင်လို့ ထိုင်တာဆိုရင် ထားလိုက်ပါ ဘကြည်ရာ၊ ဘာဖြစ်လို့လဲ’

ဘညိုအိက လေပြေဝင်ထိုးကြည့်တော့ ဘကြည်က ဒေါသတကြီး ပြန်အော်တယ်။

‘ဘယ်ကလာ ထိုင်ချင်လို့ရမှာလဲ၊ ဒါ သက်သက် နာမ်နှိမ်တာကွ။ ဒါ ပညာနဲ့ ဓာတ်သဘောအရ ထိုင်ခိုင်းထားတာ။ ရိုးရိုးသားသားဆို ကိုယ့်အသင်းရှိတဲ့ဘက် ကိုယ်ထိုင်ကြမှာပေါ့။ မင်းမမြင်ဘူးလား၊ ထိုင်တာတောင် ရိုးရိုးထိုင်တာမှ မဟုတ်တာ။ နို့လှန်တိုက်နေတာလေ’

နာမ်နှိမ်တာဆိုတဲ့ စကားကြားတော့ ဘညိုအိလည်း ဘာပြန်ပြောရမှန်း မသိဘူး။ နည်းနည်းတွေသွားတယ်။ ဘညိုအိလည်း ဖယ်ပေးကြဖို့ တောင်းတောင်းပန်ပန်နဲ့ ဝင်ပြောသေးတယ်။ သူတို့တွေကလည်း ဘယ်လိုမှကို ပြောမရ။ ဟိုဘက်က ဘောလုံးပွဲကလည်း အကြိတ်အနယ်။ ဒီဘက်က စကားများနေကြတာလည်း အကြိတ်အနယ်။

‘နင်တို့ ဖယ်မှာလား၊ မဖယ်ဘူးလား တစ်ခွန်းတည်းပြော၊ ပြီးမှ ငါ့အဆိုးမဆိုနဲ့နော်’

ဘကြည်က ခပ်ပြတ်ပြတ်မေးတယ်။ ဟိုမိန်းမတွေ



www.burmeseclassic.com

www.burmeseclassic.com

ကလည်း ဘူးဆို ဖရုံသီးမယ့်ပုံ မပေါ်ဘူး။ မဖယ်ဘူးတဲ့။ ကလေးနို့တိုက်တောင် မပျက်ဘူး။

"အေး… ဒီလောက်တောင် ပြောမရလည်း တိုက်စမ်းဟာ"

ဘကြည်က ပြောပြောဆိုဆိုနဲ့ ရှေ့တည့်တည့်မှာ တင်ပျဉ်ခွေ ထိုင်ချလိုက်တော့ ဘညိုအိ မျက်လုံးပြူးသွားတယ်။ သူတို့ နို့တိုက်နေတာကို ဘကြည်က ကသိုဏ်းရှုတဲ့အတိုင်း ထိုင်ကြည့်နေတာကိုး။

"ဟေ့ ကောင်… ဘကြည်၊ မသင့်ဘူးထင်တယ်နော်" ဘညိုအိ တားကြည့်တယ်။ မရဘူး။ ဟိုမိန်းမတွေ မျက်စိမျက်နှာပျက်ကုန်ကြတယ်။

"ဗျို့ လူကြီး၊ တော်အသက်ကြီးမှ ဘာနှာဘူးထ, တာတုံး၊ ဖယ် အခုချက်ချင်း ကျုပ်တို့ရှေ့က"

"နင်တို့ကို ဖယ်လို့ ပြောတုန်းကတော့ နင်တို့ နားထောင်လို့လား။ အခု ငါလည်း ဖယ်ဖို့ အခါမကျသေးဘူး"

သူတို့ ဘယ်လောက်ပြောပြော ဘကြည်က ဖယ်မယ့်ပုံ မပေါ်။ အခြေအနေမဟန်မှန်းသိတော့ မိန်းမနှစ်ယောက် ကလေးတွေ ခါးထစ်ခွင်ချီလို့ ထွက်ပြေးသွားကြတာများ ဘော်လီတောင် ပြန်မအုပ်နိုင်ဘူး။ ဒီတော့မှ ဘကြည်လည်း ထိုင်ရာကနေ ထ, တော့တယ်။

ခဏနေတော့ အဲဒီမိန်းမနှစ်ယောက် ဘကြည်ရှိရာကို ပြန်လာတယ်။ သူတို့နှစ်ယောက်ရဲ့ နောက်မှာ ကံကုန်း

bMunf
t obcawmh
bkvfqkU
iMNw, f
]tr, fav;
bav;&U
awmfhvnf
a&@&m
t cg&Sv Mwmf
uSyfbrDav;
r*Fvmaqmi fvbh
aeYS
t cg l
ao&w, fvJM

ရွာသားတွေ ဒေါသတကြီးနဲ့ ပါလာတယ်။ ကံကုန်းသားတွေရဲ့ နောက်မှာ အင်တိုင်းသားတွေလည်း တစ်အုပ်ကြီး ထပ်လိုက်လာတယ်။ ဘညိုအိ စိတ်ထဲတော့ သွားပြီလို့ တွေးလိုက်မိတယ်။ အကျႌအိတ်ကပ်ထဲက ရန်ပုံငွေတွေကိုတောင် ယောင်ယမ်းပြီး စမ်းလိုက်မိသေးရဲ့။

❑

၆။

အခုတော့ ဘောလုံးပွဲပြီးခဲ့တာလည်း နှစ်နှစ်ကျော်ကြာခဲ့ပြီ။ တစ်ရွာနဲ့ တစ်ရွာ အငြိုးအတေးတွေလည်း အားလုံး မေ့မေ့ပျောက်ပျောက် ဖြစ်ကုန်ကြပါပြီ။ ဘောလုံးပွဲက ပြီးသွားတယ်ဆိုတာထက် ရပ်လိုက်ရတာဆိုရင် ပိုမှန်မယ်။ အပြက်အပြက်နဲ့ နှာခေါင်းသွေး ထွက်ကြမယ့် အခြေအနေဆိုတော့ မြို့နယ်လူကြီးတွေက ပွဲရပ်ပစ်ဖို့ အမိန့်ထုတ်တယ်။ ဒီတော့ ဗိုလ်လုပွဲလည်း ဆက်မကန်လိုက်ရသလို ဘယ်သူမှလည်း ဖလားမရလိုက်ကြဘူး ဆိုပါတော့။

အခုတော့ ဘကြည်လည်း ခုတင်ပေါ်မှာ ပက်လက်ကလေး မျော့နေပြီ။ သက်သာတယ်၊ သက်သာတယ်ဆိုပြီး ဆေးရုံတက်ဖို့ ခေါင်းမာခဲ့တဲ့ ဘကြည်။ တကယ် အသည်းအသန်ဖြစ်မှ သွားကြတော့၊ လာတာနောက်ကျတယ်တဲ့၊ မရတော့ဘူးဆိုတော့ လက်လျှော့ပြီး ပြန်ခေါ်ခဲ့ကြရတယ်။ ဘကြည်ကတော့ ဆေးရုံပေါ်မှာကတည်းက သတိမလည်ရှာတော့ဘူး။ အိမ်ပြန်ခေါ်လာတာလည်း မသိရှာတော့။ တဘက်ကလေး ပခုံးပေါ်တင်ပြီး လူမမာလာမေးကြတဲ့ သူတွေကိုတောင် ပြန်ရန်မတွေ့နိုင်တော့တဲ့ ဘကြည်ကိုကြည့်ပြီး ဘညိုအိ မျက်ရည်ဝဲရတယ်။ ဆရာလေး သွားခိုင်းတုန်းက ချက်ချင်းသွားလိုက်ရင် ဒီလိုဖြစ်ချင်မှ ဖြစ်မှာလို့ ကရုဏာဒေါသောနဲ့ အပြစ်တင်ချင်ပေမဲ့ အခုတော့ ဘာမှ မတတ်နိုင်တော့ဘူး။ တစ်ချက် တစ်ချက် အမောဖောက်လာလိုက်၊ ငြိမ်သွားလိုက်နဲ့ သေမယ့်ရက်ကိုပဲ စောင့်နေကြရတယ်။

ဘကြည့် အသက်က ပြင်းတယ် ဆိုရမလားပဲ။ တစ်နေ့ သေနိုး၊ တစ်နေ့ သေနိုးနဲ့ စောင့်နေကြပေမဲ့ ဘကြည်က တော်တော်နဲ့ မသေနိုင်ဘူး။ ဆေးရုံက ပြန်လာပြီး ငါးရက်လောက်အထိ မသေသေးတဲ့ ဘကြည်ကို ကြည့်ပြီး ဒီကောင် အခါကောင်းများ စောင့်နေတာလား မသိဘူးလို့ ဘညိုအိ တွေးမိသေးရဲ့။ ဘကြည် သေမယ့်သေတော့လည်း ဘုတ်ဆုံမသမီး မင်္ဂလာဆောင်တဲ့နေ့မှာမှ သွားသေတယ်။ မင်္ဂလာယူနေကြတဲ့ အချိန်မှာ ထသေလိုက်တဲ့ ဘကြည်ကြောင့် ရွာသားတွေခမျာ မင်္ဂလာအိမ် ပြေးကူရမှာလိုလို၊ မသာအိမ် ပြေးကူရမှာလိုလိုနဲ့ တော်တော်လေး ယောက်ယက်ခတ်သွားကြတယ်။

ဘကြည် အသုဘချတော့ ဘုတ်ဆုံမက ငိုရှာတယ်။

"အမယ်လေး ဘလေးရဲ့၊ တော့်မလည်း ရွေးစရာအခါရှားလို့တော်၊ ကျုပ်သမီးလေး မင်္ဂလာဆောင်တဲ့နေ့မှ အခါယူ သေရတယ်လို့"

ဘုတ်ဆုံမ ငိုတဲ့ စကားကြားတော့ အတူငိုနေတဲ့ ပရိသတ်တောင် မျက်ရည်အသာသိမ်းပြီး ပြုံးယောင်ယောင်ဖြစ်လို့ပါ။

အဲဒါကြောင့် ပြောပါတယ်၊ ဘကြည်ဆိုတဲ့ကောင်က သေတာတောင် အခါနဲ့ သေတဲ့သူပါဆို။ ■

**ဧဦးယျာ**



www.burmeseclassic.com

www.burmeseclassic.com

# ကြော်ငြာ



www.burmeseclassic.com

www.burmeseclassic.com



မောင်ရင်ခါ | ဆောင်းပါး

# ငါးပြားစေ့တစ်စေ့နှင့် တိုင်းပြည်တစ်ပြည်



www.burmeseclassic.com

www.burmeseclassic.com




ယနေ့ခေတ် အသက်နှစ်ဆယ်အောက် လူငယ်များသည် အနားတွန့်ကလေးများပါသည့် ဒန်ရောင် ငါးပြားစေ့ကလေးတွေကို မြင်ဖူးကြရော့မည် မထင်ပါ။ ကျွန်တော်တို့ငယ်ငယ်က ငါးပြားစေ့သည် အသေးငယ်ဆုံး ငွေကြေးယူနစ်တစ်ခု ဖြစ်ခဲ့ဖူးပါသည်။ ဒုတိယ အသေးဆုံးမှာ ဆယ်ပြားစေ့ ဖြစ်ပါသည်။ နှစ်ဆယ်ပြားစေ့ဟူ၍ မရှိပါ။ ထို့ကြောင့် တတိယ အသေးဆုံးမှာ နှစ်ဆယ့်ငါးပြားစေ့ ဖြစ်ပါသည်။ နှစ်ဆယ့်ငါးပြားစေ့ကို မတ်စေ့ဟူ၍ ခေါ်ပါသည်။ နှစ်ဆယ့်ငါးပြားကို တစ်မတ်ဟူ၍ ခေါ်သောကြောင့် ဖြစ်ပါသည်။တစ်မတ်သည် တစ်ရာ၏ လေးပုံတစ်ပုံ ဖြစ်ပါသည်။ အလေးချိန်ကို ရေတွက်လျှင် တစ်ရာကျပ်သား၏ လေးပုံတစ်ပုံကို နှစ်ဆယ့်ငါးကျပ်သား(တစ်မတ်သား)ဟု ခေါ်ပါသည်။ တစ်မတ်ဖိုးရှိသည့် မတ်စေ့တစ်စေ့ကို ယနေ့ခေတ် လူငယ်တို့ မမြင်ဖူးတော့သည့်တိုင် တစ်ရာကျပ်သား၏ လေးပုံတစ်ပုံဖြစ်သော နှစ်ဆယ့်ငါးကျပ်သားကိုမူ ယနေ့ခေတ် လူငယ်များ ကောင်းစွာသိပါသည်။ အစိတ်သားဟုလည်း တချို့က ခေါ်တတ်ပါသည်။ ဆရာ မောင်ခင်မင်(ဓနုဖြူ)သည် သက်တော်ရှည် အက်ဆေးဆရာကြီးတစ်ဦး ဖြစ်ပါသည်။ ဆရာက ကျွန်တော်၏ အက်ဆေး စာအုပ်ကို အမှာစာရေးစဉ်က ကျွန်တော်သည် သူ၏ ရေးဖော်ရေးဖက်တစ်ဦးဖြစ်ကြောင်း ဂုဏ်တင်ရေးခဲ့ပါသည်။ ကျွန်တော် မဝံ့ပါ။ **'ငါးပြားစေ့'** အက်ဆေးကို ဆရာရေးခဲ့သည့် ၁၉၆၅ ခုနှစ်က ကျွန်တော်သည် မူလတန်းပင် မအောင်သေးသည့် လူမမည်ကလေး တစ်ဦးမျှသာ ဖြစ်ပါသည်။ သို့သော် ကျွန်တော်သည် ငါးပြားစေ့ကို ကောင်းစွာသိမီ၍ ကိုင်တွယ် သုံးစွဲခဲ့ဖူးပါသည်။ ဆရာက သုံးနှစ်သားအရွယ်ရှိ သူ၏ တူကလေးတစ်ယောက်သည် မနက်အိပ်ရာမှနိုးသည်နှင့် 'မေမေ၊ ပိုက်ဆံငါးကျား'ဟု မရမချင်း လက်ဖြန့်တောင်းတတ်ကြောင်းနှင့် သူ့မိခင်က ငါးပြားစေ့ကလေး ပေးလိုက်မှသာ အကြော်သည် အဒေါ်ကြီးထံမှ ငါးပြားတန် အကြော်တစ်ခု ဝယ်စားပြီး ငြိမ်သွားတတ်ကြောင်း၊ တူကလေး သည် 'ငါးကျား'ဟူသော ဝေါဟာရမှ လွဲ၍ ပိုက်ဆံအကြောင်းကို ဘာမျှ နားမလည်ရှာကြောင်း၊

အမှတ် ၃၅၂၊ မတ်၊ ၂၀၀၉

ရုပ်စုံမဂ္ဂဇင်း

**အက်ဆေးအကြောင်းအက်ဆေး**



www.burmeseclassic.com

www.burmeseclassic.com

သို့သော် ထိုငါးပြားစေ့သည် သူ့ကို မုန့်တစ်ခုစားရအောင် စွမ်းဆောင်ပေးနိုင်သည်ကို သိသဖြင့် သူ့ဆန္ဒကို ဖြည့်ဆည်းပေးနိုင်သည့် ထိုငါးပြားစေ့ကလေးအား နှစ်သက်မက်မောကြောင်း ဆိုပါသည်။

ဆရာသည် ပိုက်ဆံအကြောင်းကို စိုးစဉ်းမျှ နားမလည်သည့်တိုင် ငါးပြားစေ့ကလေး၏ စွမ်းဆောင်နိုင်မှုကို ကောင်းစွာ သိနားလည်နေပြီဖြစ်သော တူကလေးကိုကြည့်ပြီး နောက်ထပ်ဖြစ်ရပ်တစ်ခုကို ပြောပြပါသည်။

တစ်နေ့…။ ရန်ကုန် လဟာပြင်ဈေးထဲရှိ စာအုပ်ဆိုင်တစ်ဆိုင်၌ ဆရာရှိနေစဉ် ဘေးနားရှိ အလှကုန်ဆိုင်မှ "ဝယ်ပေးပါ ဝယ်ပေးပါ"ဟူသည့် အသံစာစာကြောင့် အာရုံစိုက်ကြည့်လိုက်မိရာ ၇ နှစ်အရွယ် မိန်းကလေးတစ်ယောက်က သူ့မိခင်အား မှန်ဝိုင်းကလေးတစ်ချပ်ကို ဝယ်ပေးရန် ပူဆာနေသည်ကို တွေ့ရပါသတဲ့။

*အဒေါ်ကြီးက ဘယ်လောက်လဲဟု ဈေးမေး၏။ ဆိုင်ရှင်က "တစ်မတ်"ဟု တုံးတိတိ ပြန်ဖြေသည်။ ကဲ ဝယ်ပေးမယ်၊ ဝယ်ပေးမယ်ဟု ကလေးကို လှည့်ချော့ရင်း အဒေါ်ကြီးက ဆယ်တန်တစ်ရွက် ထုတ်ပေးလိုက်သည်။ အို တစ်မတ်တည်းနဲ့ ဆယ်တန် ဘယ်အမ်းနိုင်မလဲ၊ အကြွေလည်း မရှိပါဘူးဟု ဆိုင်ရှင်က စူဆောင့်ဆောင့် ပြန်ပြောသည်ကို ကြားရပါသည်။ အဒေါ်ကြီးမှာ အခက်ကြုံနေသည်။ မိန်းကလေးသည် လိုချင်တာ မရမှာစိုး၍ ခြေဆောင့်ပူဆာနေသည်။ အကြွေကလည်း ပြားနှစ်ဆယ် ရှိလို့ပါကွယ်ဟု အဒေါ်ကြီးက ညည်းနေသည်။ ဆိုင်ရှင်ကလည်း မရောင်းချင်သလိုလို ရောင်းချင်သလိုလို လုပ်နေ၏။ နောက်ဆုံးတွင် အဒေါ်ကြီးမှာ ဟိုစမ်းသည်စမ်း စမ်းရင်း "ဟယ် တော်ပါသေးရဲ့၊ ဒီမှာ ငါးပြားစေ့တစ်စေ့ တွေ့ပြီ"ဟုပြောရင်း ဘော်လီအင်္ကျီအိတ်ထဲမှ ငါးပြားစေ့ကလေး ထုတ်ယူလိုက်သည်ကို တွေ့ရသည်။ ထိုအခါကျမှ ကလေးမလေးလည်း ပြုံးလာနိုင်တော့*

wpfwfzkd
&Sbnh
rwfapbwpfapbukd
, aeYcwf
vl , fvkd
rjrifzlawmbnfvkdf
wp&muyfom;\
av;ykdwpfykd
jzpfaom
Epfq , fhyuyfom;ukd
, aeYcwf
vl , fsm;
aumifpGm
oHjyonf
tpwfwfom;[ kvnf
wcsKdU
ac:wwfygonf

*သည်။ အကယ်၍ ငါးပြားစေ့ကလေးသာ မကယ်လျှင် မိန်းကလေးလည်း လိုချင်တာမရ၍ ငိုရမည်။ အဒေါ်ကြီးလည်း စိတ်မကောင်းဖြစ်ရမည်ဟု ထင်ပါသည်။*

ဆရာသည် မြန်မာ့ငွေကြေးသုံးစွဲမှုတွင် အငယ်ဆုံး ယူနစ်ဖြစ်သည့် ငါးပြားစေ့ကလေးတစ်စေ့၏ စွမ်းဆောင်နိုင်မှုကို ပို၍ အထင်အရှား ပြလိုက်သည်ဟု ဆိုရပါမည်။

အမှတ်မထင် ကြုံတွေ့ရသော အံ့သြဖွယ်မဟုတ်သည့် ဖြစ်ရပ်နှစ်ခုအပေါ် ဆရာက ဤသို့ ဆင်ခြင်ခဲ့ပါသည်။

*"ငါးပြားစေ့သည် တန်ဖိုးအားဖြင့် ဘာမျှမရှိပါ။ တစ်ဆယ်တန် နှစ်ဆယ်တန်တွေလို ခမ်းနားထည်ဝါမှုလည်း မရှိပါ။ သေးသေးနုပ်နုပ်သာ ဖြစ်ပါသည်။ သို့သော် ထိုတန်ဖိုးနည်းသော၊ ခမ်းနားထည်ဝါမှုမရှိသော၊ သေးနုပ်သော ငါးပြားစေ့ကလေးတွင် သူ့အတိုင်းအဆနှင့်သူ အစွမ်းသတ္တိရှိသည်မှာ အမှန်ပင်"*

ကျွန်တော် မှတ်မိသလောက်ဆိုလျှင် ထိုစဉ်က အသေးဆုံးယူနစ်မှာ ငါးပြားစေ့ဖြစ်ပြီး အကြီးဆုံးယူနစ်မှာ နှစ်ဆယ်ကျပ်တန် ဖြစ်လိမ့်မည် ထင်ပါသည်။ ငွေစက္ကူများ ရိုက်နှိပ်ထုတ်ဝေလိုက်၊ ပြန်သိမ်းလိုက်၊ တရားမဝင်ကြောင်း ကြေညာလိုက် လုပ်ဖန်များသောကြောင့် မမှတ်မိတော့သည်ကို ခွင့်လွှတ်စေလိုပါသည်။ မည်သို့ဆိုစေ၊ ငါးပြားစေ့သည် ဘူးသီးကြော်တစ်ခု ဝယ်စား၍ ရနိုင်သောခေတ်ဖြစ်ပြီး နှစ်ဆယ်ကျပ်သည် ပလေကတ်လုံချည်နှစ်ထည် ဝယ်လို့ရနိုင်သဖြင့် ဆရာက နှစ်ဆယ်ကျပ်တန်ကို ခမ်းနားထည်ဝါသည်ဟု ပြောခြင်း ဖြစ်ပါသည်။

သို့သော် ဆရာ ဖွဲ့ဆိုနေသည်မှာ ငါးပြားစေ့ကလေးတစ်စေ့အကြောင်း ဖြစ်ပါသည်။ ငါးပြားစေ့ကလေးတစ်စေ့၏ အသုံးဝင်ပုံ၊ တန်ဖိုးရှိပုံ၊ အစွမ်းသတ္တိရှိပုံကို ဖွဲ့ဆိုနေခြင်းဖြစ်ပါသည်။ ငါးပြားစေ့သည် ဆရာ၏ တူကလေး မုန့်တစ်ခုစားရအောင် စွမ်းဆောင်၍ စိတ်ပျော်ရွှင်မှု ပေးနိုင်သကဲ့သို့ မှန်ဝိုင်းကလေးကို ဖျပ်ဖျပ်လူး လိုချင်နေရှာသော မိန်းကလေး၏ ဆန္ဒကို ဖြည့်စွမ်းပေးနိုင်သော စွမ်းရည်သတ္တိရှိကြောင်း အခိုင်အမာ ပြောပါသည်။

ထို့ပြင် ဘုရားစောင်းတန်း အလှူခံပုံးများတွင်လည်း လှူချင်တန်းချင်သူတို့က တစ်ဆယ်တန်၊ နှစ်ဆယ်တန်ကို လှူဒါန်းထည့်ဝင်လိုက်ဖို့ ဝန်လေးကောင်း လေးမည်ဖြစ်သော်လည်း ငါးပြားစေ့ကိုမူ ချောက်ခနဲထည့်လိုက်ဖို့ ဝန်လေးမည် မဟုတ်သည့်အတွက် ငါးပြားစေ့က လှူဒါန်းသူတို့အား ပါရမီဖြည့်ပေးနိုင်ပုံ၊ ဘတ်စ်ကားလက်မှတ်ခ ပေးလျှင်လည်း ငါးပြားစေ့က အဆင်ပြေအောင် စွမ်းဆောင်ပေးနိုင်ပုံ၊ သူဌေးလက် သူတောင်းစားလက် မခွဲမခြားဘဲ သူတကာတို့ လက်တွင် တွေ့နိုင်ပုံ၊ ငါးပြားစေ့၏ နယ်သည် ကျယ်လှပုံ၊



www.burmeseclassic.com

www.burmeseclassic.com

ငါးပြားစေ့သည် ငွေကြေးလောကတွင် သိမ်ငယ်လှသော်လည်း သူ့အစွမ်းသတ္တိကလေးနှင့်သူ လူတကာ၏ အဆင်ပြေမှုကို ဖြည့်ဆည်းပေးနိုင်ပုံ။ အကျိုးသင့်အကြောင်းသင့် တစ်ဆင့်ပြီးတစ်ဆင့် ဆရာပြောနေပုံက လက်မခံနိုင်စရာ မရှိလောက်အောင်ပဲ ဖြစ်ပါသည်။ အငြင်းပွားစရာ မရှိလောက်အောင်ပဲ ဖြစ်ပါသည်။

ထို့နောက် ဆရာက တစ်ဆယ်ကျပ်တန်၊ နှစ်ဆယ်ကျပ်တန်တို့၏ ခမ်းနားပုံ၊ ထည်ဝါပုံ၊ သုံးနိုင်စွဲနိုင်သူတို့၏ အိတ်ထဲတွင်သာ အခန့်သားနေပြီး မသုံးနိုင်မစွဲနိုင်သူတို့ဘက်သို့ လှည့်၍မျှ မကြည့်ပုံကို ပြောပါသည်။ ထိုသို့ပြောရာမှ ဖျတ်ခနဲ နောက်တစ်ဆင့်တက်၍ လူတို့၏ အကြောင်းကို ပြောပါလေတော့သည်။

*"ကျွန်တော်တို့ ပတ်ဝန်းကျင်တွင် လူအမျိုးမျိုး ရှိပါသည်။ အချို့မှာ ဟိတ်ဟန်ကြီးလှသည်၊ ထည်ဝါလှသည်၊ ခမ်းနားလှသည်။ မြေကြီးနှင့် ခြေထောက် မထိချင်သော၊ မျက်စိကောင်းကောင်း မဖွင့်ချင်သော လူမျိုးဖြစ်သည်။ သူတို့သည် ငါလိုလူမျိုး ငါတို့ပဲ ရှိတယ်ဟေ့ဟု ကြုံးဝါးချင်တတ်ကြသည်။ သူတို့လိုလူမျိုးချင်းသာ ပေါင်းသင်းဆက်ဆံချင်ကြသည်။ သူတို့လောက် အဆင့်အတန်းမမြင့်ဟု ယူဆသူတွေကို မျက်မှောင်ကုတ်၍ ကြည့်တတ်ကြသည်။ သူတို့ပတ်ဝန်းကျင်မှာ သူတို့လိုလူတွေသာ ရှိသည်။ ထို့ကြောင့် အလွန်နယ်ကျဉ်းသည်။ သူတို့တွင် စွမ်းရည်သတ္တိကြီးတွေ ရှိချင်ရှိမည်။ သို့သော် ထိုစွမ်းရည်ဖြင့် လူအများ၏ အဆင်ပြေမှုကို ဖန်တီးမပေးနိုင်ကြ။ ကျဉ်းမြောင်းစွာ သီးခြားနေတတ်ကြသည်။ ထိုထိုလူမျိုးသည် နှစ်ဆယ်တန်လို လူမျိုးဖြစ်သည်ဟု ဆိုချင်ပါသည်"*

စာဖတ်သူသည် စာဖတ်သည့်ကိစ္စ၌ ကျွန်တော့်ထက်ပို၍ ပါးရည်နပ်ရည်ရှိသူ ဖြစ်နိုင်ပါသည်။ ဆရာသည် ငွေအကြောင်း ပြောရာမှ တစ်ဆင့်ထပ်တက်၍ လူအကြောင်းပြောလာသည်ကို

avjyifxeftom
urfajcu
uhtaeaom
wkdyfnfvpjyfnfh
orkdpmrsuEfS
t opfvpf&GufUkd
zswfceJ
vSnfvSnfypf/vkdufEkdf
zdkmt wGif
igjym;apbuav;wpf&ph
jznfhpfGfay;zkd
ukdbkduwfbwf
vkd yfeonfh
t cgrsdkdvGf
ul&fwmbonf
igjym;apbuav;
wpf&ph
jzpf&sifygonf

ကျွန်တော် သတိပြုမိသကဲ့သို့ စာဖတ်သူလည်း သတိပြုမိလိမ့်မည် ထင်ပါသည်။ သို့သော် ဟိတ်ဟန်ကြီးသော သူတို့အကြောင်းကို ပြောနေရာမှ ထိုသူတို့အား နှစ်ဆယ်ကျပ်တန်လို လူမျိုးနှင့် ချပ်ခနဲကပ်၍ ထပ်တူပြုပြောလာလိမ့်မည်ဟူ၍ကား ကျွန်တော် မရိပ်စားမိခဲ့သည်မှာ အမှန်ပဲဖြစ်ပါသည်။ မမျှော်မလင့်၊ အလစ်အငိုက် ဖြစ်သွားခဲ့သည်က အရသာတစ်မျိုးဖြစ်ပါသည်။

ဆရာသည် နှစ်ဆယ်ကျပ်တန်လို လူတို့အကြောင်း ပြောခဲ့ပြီးဖြစ်သဖြင့် ငါးပြားစေ့လို လူတွေအကြောင်းကို ဆက်၍ ပြောတော့မည်ဆိုသည်ကိုမူ ရိပ်စားမိပြီဖြစ်ပါသည်။

*"အချို့မှာ ဟိတ်ဟန်လည်းမရှိ၊ ထည်လည်းမထည်ဝါ၊ ခမ်းလည်းမခမ်းနား။ အေးချမ်းသည်၊ ရိုးသားသည်။ သူတို့အစွမ်းထက်ချင်မှ ထက်မည်။ သို့သော် သူတို့မှာ ရှိသမျှသော စွမ်းရည်ကလေးဖြင့် လူများ၏ အဆင်ပြေမှုကို အတတ်နိုင်ဆုံး ဖန်တီးပေးတတ်ကြသည်။ ခြေသိမ်းခေါင်းပိုက် လုပ်ပေးတတ်ကြသည်။ ဟိတ်ဟန်မရှိသဖြင့် လူတကာနှင့် ရောနှောဆက်ဆံကြသည်။ ထို့ကြောင့် သူတို့ပတ်ဝန်းကျင်မှာ ကျယ်ပြန့်သည်။ သူတို့၏ စေတနာကြောင့်လည်း သူတို့ကို မေတ္တာထားသည်။ ထိုလူမျိုးသည် ငါးပြားစေ့လိုလူမျိုး ဖြစ်သည်ဟု ဆိုချင်ပါသည်"*

ဆရာသည် မြန်မာစာပါမောက္ခကြီးတစ်ဦး ဖြစ်သည်ကို စာဖတ်သူသိပါသည်။ စကားပြေသဘောတရား၊ အတတ်ပညာ စာအုပ်များကို ရေးသားပြုစုခဲ့သူဖြစ်သဖြင့် ဆရာ၏ ရှင်းလင်းပြေပြစ်သည့် စကားပြေကို ကျွန်တော်က ဝင်၍ လေကြောရှည်စရာ မလိုပါ။ အက်ဆေးဆရာတို့သည် သက်ရှိ၊ သက်မဲ့၊ မည်သည့်အရာနှင့် မည်သည့်အပင်၊ သတ္တဝါတို့အကြောင်းကိုပြောပြော၊ စင်စစ် လူအကြောင်းကို ရောက်လာတတ်သည်ချည်း ဖြစ်ပါသည်။ ဆရာသည် နှစ်ဆယ်ကျပ်တန်လိုလူနှင့် ငါးပြားစေ့လို လူတို့၏အကြောင်းကို ပြောပြနေခြင်းပဲ ဖြစ်ပါသည်။ အငြင်းပွားစရာ အနည်းဆုံးဖြစ်အောင် ပြောပြနေခြင်းပဲ ဖြစ်ပါသည်။

ဆရာသည် ခမ်းနားသော၊ ထည်ဝါသော၊ ဟိတ်ဟန်ကြီးသော၊ လူအများနှင့် နီးစပ်မှုမရှိသော၊ လူအများ၏ စိတ်ခံစားမှုကို မသိကျိုးကျွန်ပြုတတ်သော နှစ်ဆယ်ကျပ်တန်လို လူတို့ကို ချီးမွမ်းခြင်း မပြုခဲ့ပါ။ လူအများနှင့် နီးစပ်သော၊ လူအများနှင့် တစ်သားတည်းဖြစ်သော၊ လူအများ၏ အဆင်ပြေမှုကို အတတ်နိုင်ဆုံး ဖြည့်ဆည်းပေးတတ်သော ငါးပြားစေ့လို လူတို့ကိုသာ ချီးမွမ်းခြင်း ပြုခဲ့ပါသည်။ သည်အထိမူ ဆရာသည် ဘေးနားကနေ၍ ပြောနေခြင်းဖြစ်သည်ဟု ထင်ပါသည်။

သို့သော် အဆုံးသတ်တွင် ဆရာသည် အက်ဆေးဆရာ၏ နေရာကို ဝင်ယူလိုက်ပါသည်။ အက်ဆေးဆရာ



www.burmeseclassic.com

www.burmeseclassic.com

နေသော နေရာသည် အက်ဆေးတစ်ပုဒ်အား မည်သို့လှုပ်ခတ်၍၊ မည်မျှအသက်ဝင် ရှင်သန်စေသည်ကို ဆင်ခြင်ကြည့်ချင်စရာ ဖြစ်ပါသည်။

*'နှစ်ဆယ်တန်ကို သုံး၍ အဆင်မပြေနိုင်သော ကိစ္စများစွာတွင် ငါးပြားစေ့ကိုသုံး၍ အဆင်ပြေအောင် လုပ်နိုင်သည်။ ကျွန်တော်သည် နှစ်ဆယ်တန်မဖြစ်ရ၍ ဝမ်းမနည်းပါ။ ငါးပြားစေ့ဖြစ်ရလျှင် လူဖြစ်ရကျိုးနပ်ပြီဟု ထင်ပါသည်။ ငါးပြားစေ့ဖြစ်အောင် ကျွန်တော်ကြိုးစားရပေဦးမည်'*

ငါးပြားစေ့ဖြစ်အောင် ကျွန်တော်ကြိုးစားရပေဦးမည်တဲ့။ အဆုံးသတ်ဝါကျကလေးက ကျွန်တော့်ရင်ကို လှုပ်ခတ်နေခဲ့ပါသည်။

ကျွန်တော်သည် ဆရာ၏ **'ငါးပြားစေ့'**ကို အခေါက်ခေါက် အခါခါ ပြန်ဖတ်ကြည့်ခဲ့ပါသည်။

ဆရာသည် ငါးပြားစေ့ကလေးကို ဖြစ်ရပ်နှစ်ခုဖြင့် ဖော်ပြခဲ့ပါသည်။ ချစ်စရာကောင်းသည့် သုံးနှစ်သားအရွယ်လူမမည် ကလေးက မိခင်ဖြစ်သူထံမှ 'ပိုက်ချံငါးဂျား' တောင်း၍ အကြော်ဝယ်စားခဲ့ပုံဖြင့် ငါးပြားစေ့တစ်စေ့၏ အသုံးဝင်တန်ဖိုးကို ပြောပြခဲ့ပါသည်။ မုန့်ပိုင်းကလေးတစ်ချပ်ကို ဖျပ်ဖျပ်လူးလိုချင်နေရှာသော မိန်းကလေးအတွက် သူမ၏ မိခင်သည် ဈေးဆိုင်ရှင်အား ပြားနှစ်ဆယ်သာ ပေးနိုင်ခဲ့သဖြင့် တစ်မတ်ပြည့်ဖို့ ငါးပြားတိတိ လိုနေခဲ့ပါသည်။ အကယ်၍သာ မိခင်၏ ဘော်လီအိတ်ထဲမှာ ကပ်နေသည့် ငါးပြားစေ့ကို မပေးနိုင်ပါက ချစ်စဖွယ် သမီးကလေးမှာ မုန့်ပိုင်းကလေးကို လက်လွှတ်ရတော့မည် ဖြစ်ပါသည်။

ရင်ခုန်စရာပဲ ဖြစ်ပါသည်။ ကျွန်တော်သည် ဆရာပြောသည့် ဖြစ်ရပ်နှစ်ခုတွင် မုန့်ပိုင်းကလေးအား ရယူပေးနိုင်သည့် ငါးပြားစေ့ကလေးကို ပို၍ရင်ခုန်နေမိပါသည်။ ပို၍ စွဲလမ်းနေမိပါသည်။ ပို၍ နှစ်လိုနေမိပါသည်။တစ်ခါတစ်ရံ ကျွန်တော်တို့သည် အလိုချင်ဆုံးအရာတစ်ခုကို ရနိုင်ဖို့ရာ တန်ဖိုးအနည်းဆုံး ယူနစ်တစ်ခုကို ကိုးသိုးကတ်သတ် လိုအပ်နေသည်မျိုး ကြုံရတတ်ပါသည်။ ငါးပြားစေ့ကလေးတစ်စေ့ ဖြည့်စွမ်းပေးဖို့ လိုအပ်နေသည်မျိုး ကြုံရတတ်ပါသည်။

ဆရာသည် ငါးပြားစေ့ကလေး ဖြစ်ချင်သည်ဟု ဆိုပါသည်။ တော်တော်ကောင်းသည့် ဆန္ဒပြုချက်ကလေး ဖြစ်သည်ဟု အောက်မေ့မိပါသည်။ ငါးပြားစေ့သည် တစ်မတ်မဟုတ်ပါ။ တစ်မတ်ထက် ပို၍ လျော့နည်းပါသည်။ တစ်မတ်ထဲမှ ပဲ့ကျလာသော တန်ဖိုးနည်းပါးသည့် အပိုင်းအစကလေးတစ်ခုပင် ဖြစ်ကောင်းဖြစ်နိုင်ပါသည်။

ယခု ကျွန်တော် တွေးနေမိသည်မှာ ဤသို့ဖြစ်ပါသည်။

အောင်မှတ်ရဖို့ရာအတွက် အမှတ်ကလေးတစ်မှတ်သာပဲ ဖြည့်စွမ်းပေးဖို့ ကိုးသိုးကတ်သတ် လိုအပ်နေတတ်သည့်အခါမျိုးတွင် ကျွန်တော်သည် အမှတ်ကလေးတစ်မှတ် ဖြစ်ချင်ပါသည်။ လေပြင်းထန်သော ကမ်းခြေက ကံခေနေသော တိုင်းပြည်တစ်ပြည်၏ သမိုင်းစာမျက်နှာ အသစ်တစ်ရွက်ကို ဖျတ်ခနဲ လှန်လှောပစ်လိုက်နိုင်ဖို့ရာအတွက် ငါးပြားစေ့ကလေးတစ်စေ့ ဖြည့်စွမ်းပေးဖို့ ကိုးသိုးကတ်သတ် လိုအပ်နေသည့်အခါမျိုးတွင် ကျွန်တော်သည် ငါးပြားစေ့ကလေးတစ်စေ့ ဖြစ်ချင်ပါသည်။

ငါးပြားစေ့ကလေးတစ်စေ့သည် ကံခေနေသော တိုင်းပြည်ကလေးတစ်ပြည်အတွက် အကောင်းဘက်သို့ ပြောင်းလဲခြင်း၏ အဆုံးအဖြတ်တစ်ခု ဖြစ်လာသည့်အခါမျိုးတွင် ငါးပြားစေ့သည် တိုင်းပြည်တစ်ပြည်၏ ကံကြမ္မာလည်း ဖြစ်နိုင်ပါသည်။ ။ ■

**မောင်ရင့်မာ၊ကျောင်းကုန်း၊**

**ရည်ညွှန်း**

**ငါးပြားစေ့**၊ မောင်ခင်မင်(ဓနုဖြူ)

၁၉၆၅၊ အောက်တိုဘာ၊ ငွေတာရီ မဂ္ဂဇင်း။

(မြန်မာအက်ဆေး ၁၀၀၊ စိတ်ကူးချိုချို)

ဖြန့်ချီရေး

စာပေ

အမှတ် ၁၃၃
လမ်း ၄၀
ကုန်သည်လမ်းနှင့်
မဟာဗန္ဓုလလမ်းကြား
ကျောက်တံတားမြို့နယ်
ရန်ကုန်မြို့
ဖုန်း
၀၁-၈၃၉၈၂၂၀



www.burmeseclassic.com

www.burmeseclassic.com

# ကြော်ငြာ



www.burmeseclassic.com

www.burmeseclassic.com

# လက်ဖက်ခြောက်များကို မဖတ်ရှုခဲ့မိခြင်းနောက်က အလွမ်းကဗျာ

## စည်သူငြိမ်း

ကျွန်တော်
လက်ဖက်ရည်ဆိုင်သို့
မရောက်သည်မှာ ကြာပါပြီ။
လက်ဖက်ရည်ဆိုင်
ထိုင်ရသည်ထက် စာအုပ်တစ်အုပ်ကို
ဖတ်နေလိုက်ရခြင်းကိုသာ
နှစ်သက်မှုသည် ကျွန်တော့်ကို
ခွဲကပ်နေခဲ့သည်မှာ
ဆယ်စုနှစ်တစ်ခုပင် ရှိလောက်ပြီ
ထင်ပါသည်။ ကျွန်တော်သည်
လက်ဖက်ရည်ဆိုင်ကို
မုန်းသောကြောင့်တော့ မဟုတ်ပါ။
အားလပ်ချိန်နည်းလာခြင်းနှင့်
စကားပြောဖော်
ရှားသွားခြင်းကြောင့်သာ
ဖြစ်ပါသည်။ အမှန်တော့
ကျွန်တော်သည်
လက်ဖက်ရည်ဆိုင်ကို ချစ်ပါသည်။
စိတ်တွေတွေလေးလေးရှိသော
နေ့များတွင် လက်ဖက်ရည်
ပေါ့ကျတစ်ခွက်နှင့်အတူ
လက်ဖက်ရည်ဆိုင်၏
စားပွဲတစ်ခုံတွင် ငေးဝေနေရခြင်းက
ဖြေဆေးတစ်ခွက် ဖြစ်ပါသည်။
လက်ဖက်ရည်ဆိုင်ဟူသည်
စားသောက်ဖွယ်ရာများကို
မှာယူစားသောက်ရာနေရာ၊ မိတ်ဆွေ၊
ချစ်သူတစ်ယောက်ယောက်ကို
စောင့်မျှော်ရာနေရာ၊ တွေ့ရာလေးပါး
စကားဝိုင်းဖွဲ့ရာနေရာဟု
အခြားသူများ မြင်ထားကြသည်ထက်
ကျွန်တော်က ပိုပါသည်။
လက်ဖက်ရည်ဆိုင်သည်
ကျွန်တော့်အတွက်
အလွမ်းကဗျာတစ်ပုဒ်လည်း
ဖြစ်ပါသည်။ သတင်းစာများသည်
နံနက်ခင်းတစ်ခု၏
အသက်ရှူသံများဖြစ်သည်ဟု
ယူလိုက်မည်ဆိုလျှင်
လက်ဖက်ရည်ဆိုင်များကား



ရုပ်စုံမဂ္ဂဇင်း၊
ရသစာတမ်း
အမှတ် ၃၅၂ မတ်၊ ၂၀၁၉



www.burmeseclassic.com

www.burmeseclassic.com



၂၀၀၇ မတ် ရွှေအမြုတေ ရုပ်စုံမဂ္ဂဇင်း အဖုံး

www.burmeseclassic.com

www.burmeseclassic.com

နံနက်ခင်း၏ သော့တံများ ဖြစ်ကြသည်ဟု ကျွန်တော် ဆိုပါရစေ။ အဘယ်ကြောင့်ဆိုသော် လူများသည် နံနက်ခင်းတွင် သတင်းစာအလာကို မျှော်တတ်ကြပြီး သတင်းစာဖတ်ရင်းဖြင့် နံနက်ခင်းကို ဖြတ်သန်းကြပါသည်။ လက်ဖက်ရည်ဆိုင်များသည် နံနက်မလင်းမီကပင် ဖွင့်လှစ်ရန် ခင်းကျင်း ပြင်ဆင်နေကြပြီး လူများတဖြည်းဖြည်း ရောက်လာကြကာ မြို့ပြ၏ နံနက်ခင်းများကို စိုစွတ်နေစေသောကြောင့် ဖြစ်ပါသည်။ လက်ဖက်ရည်ဆိုင်ဟု ဆိုလိုက်လျှင် လက်ဖက်ရည်အချိုဟု သတ်မှတ်ထားကြသည့် လက်ဖက်ခြောက်အချိုကို ရေနွေးဖြင့် နှပ်ထားသည့် အရည်ကို နို့ဆီ၊ သကြား စသည်တို့နှင့် ဖျော်စပ်ထားပြီး အတူတကွ တွဲဖက်စားသောက်စရာ အီကြာကွေး၊ နံပြား၊ စမူဆာ၊ ထမင်းကြော် အစရှိသည့် တရုတ်နှင့် အိန္ဒိယ အစားအစာများနှင့် တွဲဖက်ရောင်းချသည့်ဆိုင်ဟု မြန်မာနိုင်ငံတွင် နားလည်ထားကြပါသည်။ ထိုသို့ ဆိုရခြင်းမှာ အခြားနိုင်ငံများ(အထူးသဖြင့် တရုတ်နှင့်ဂျပန်)တွင်မူ အကြမ်းခြောက်ဟု ကျွန်တော်တို့က ခေါ်ကြသည့် ဂရင်းတီးကိုသာ ရောင်းကြသည့်ဆိုင်များ ရှိနေနိုင်သည်ဟု ကျွန်တော် တွေးမိလိုက်သောကြောင့် ဖြစ်ပါသည်။ မြန်မာနိုင်ငံအောက်ပိုင်းကို ဗြိတိသျှများ မသိမ်းပိုက်မီက လက်ဖက်ရည်ဆိုင် ရှိသည်ဟု မကြားဖူး၊ မဖတ်ဖူးပါ။ ထိုနေ့များ အလွန်တွင် ပေါ်ထွက်လာကြသည့် လက်ဖက်ရည်ဆိုင်များတွင်လည်း မြန်မာလက်ဖက်ရည်ဆိုင် ပါသည်ကိုလည်း မကြားဖူးပါ။ တရုတ်လက်ဖက်ရည်ဆိုင်၊ ကာကာ လက်ဖက်ရည်ဆိုင် ဟူ၍သာ ကြားဖူးပါသည်။ ဆရာ မြသန်းတင့် ရေးသားသော လက်ဖက်ရည်ဆိုင်ဆောင်းပါး အတွဲကြီးတွင် သူတို့မြို့တွင် ပထမဆုံး စ,ဖွင့်လိုက်သော လက်ဖက်ရည်ဆိုင်ပိုင်ရှင်သည် တရုတ်ကပြားတစ်ယောက် ဖြစ်ပုံရသည်ဟုပင် ဆိုပါသည်။

**tDDmt m&ifbwfu yg&Di uaz;qkdfm;ESifh ywfbuf uaz;qkdbkd oGsxkdMujcifrSm rdwfaqGm;ESifh awGUef EkdfiHa&;t aMumi f ajym&ef pum;pjrnfajym&ef t wift zsif ajym&ef jzpfygonf[ kqkdbnf jrefmEkdfiHu zfjyGifh aumfzDqkdfm;uvnf xkdinfwl jzpfaeygovm;**

သို့သော် လက်ဖက်ရည်ဆိုသည့် အခေါ်ကတော့ ရှိနှင့်နေပြီးဖြစ်ပါသည်။ ထိုလက်ဖက်ရည် ဆိုသည်မှာ ရှမ်းပြည်နယ်က ထွက်သည့် လက်ဖက်ခြောက်ကို ရေနွေးပူပူနှင့် နှပ်သောက်ကြသည့် အရည်ပင်ဖြစ်ပါသည်။ လက်ဖက်ရည်၊ လက်ဖက်သုပ်နှင့် ကျေးရွာက ကွပ်ပျစ်များသည် လှပယဉ်ကျေးသော မြန်မာမှု ဓလေ့အထိမ်းအမှတ်ပင် ဖြစ်ပါသည်။ ကဗျာဆရာကြီး ဇန်းမော်ညိုနွဲ့ရေးသည့် **လက်ဖက်ရည်ကြမ်းဝိုင်း** ကဗျာသည် ကျွန်တော့်အသည်းစွဲ ကဗျာတစ်ပုဒ်ဖြစ်ပါသည်။ လရောင်ဆမ်းထားသည့် အုန်းလက်၊ ထန်းလက်၊ တမာရွက်များ၊ လေအလာတွင် မွှေးပျံ့လာသော ရွာလယ် တံတားထိပ်မှ ဆိပ်ဖလူးရနံ့၊ သူကြီးအိမ်၏ မြောက်ဘက်တွင်ရှိသော ရွာသားများကိုယ်တိုင် ဆောက်လုပ်ထားသည့် ကွန်းထောက်ခိုရာ ကွပ်ပျစ်တို့သည် ရင်ခုန်လှုပ်ရှားဖွယ် ဖြစ်ပါသည်။ ထိုကွပ်ပျစ်တွင် ရွာက သက်ကျားအိုများသည် လာရောက်စကားပြောဆိုကြပါသည်။ ကျွန်တော်သည် ကဗျာထဲက အဘိုးအိုတို့၏ စကားသံကို ကြားနေရပါသည်။ သူတို့၏ ငြင်းခုံသံ၊ အော်ဟစ်သံ၊ ရယ်မောသံများက ကဗျာထဲကနေ ထွက်လာပြီး ကျွန်တော့်ရင်ကို ထုရိုက်နေကြပါသည်။ ဆံပင်ဖွေးဖွေး၊ ကွမ်းသွေးနီနီနှင့် အဘိုးအိုသည် ကွမ်းကိုငုံလိုက်၊ ကွမ်းသွေးကို ထွေးလိုက်နှင့် လုပ်ရင်းက စကားကို အေးအေးသက်သက် ဆိုနေလိမ့်မည်။ အသားညိုညို ပဝါပေါင်းထားသည့် မျက်နှာလေးထောင့်စပ်စပ် အဘိုးသည် စကားကို အော်ပြောနေလိမ့်မည်။ ပိန်ကိုင်းကိုင်း ခေါင်းတုံးဆံပင်နှင့် အဘိုးကား တဟားဟား ရယ်မောနေလိမ့်မည် စသည်ဖြင့် ပုံဖော်နေမိသည်။ ထိုစကား ဝိုင်းတွင် လူငယ်များလည်း လာရောက် နားထောင်နေနိုင်ပါသည်။ စကားဝိုင်းတွင် ကျေးရွာအရေးလည်း ပါမည်၊ သာရေး နာရေး၊ ဘာသာရေးလည်းပါမည်၊ နိုင်ငံရေးလည်းပါမည်၊ 'ဖို'ရေး 'မ'ရေးလည်း ပါမည်။ ငြင်းခုံသံ၊ ဒေါသဖြစ်သံ၊ ရယ်မောသံ၊ စုတ်သပ်သံများက လရောင်နှင့်အတူ က,ခုန်နေပါလိမ့် မည်။

*ဤနေရာသည်*
*ရွာ၏အရေး*
*ရှေ့နောက်တွေးလျက်*
*ဆွေးနွေးကြရာ ဘုံရိပ်သာတည့်။*
*ဤနေရာသည်*
*သူငါတို့စမ်း ဟာသခန်းဖြင့်*
*ကျွမ်းဝင်ကြရာ ဘုံရိပ်သာတည့်။*
*ဤနေရာသည်*
*ပညာစောကြော တုံ့လှယ်ပြော၍*
*နှီးနှောကြရာ ဘုံရိပ်သာတည့်။*
*လက်ဖက်ရည်ကြမ်း*
*တစ်လင်ပန်းဖြင့်*
*စိတ်ဝမ်းလက်ညီ*
*ရွာသစ်တည်ကာ*
*ကျီသစ်ပုံသွင်း အားနှင့်ရင်း၍*
*ဖန်ဆင်းခဲ့ကြဖူးလေပြီ။*



www.burmeseclassic.com

www.burmeseclassic.com

လက်ဖက်ရည်ကြမ်းဝိုင်းသို့ သွားရန် ငွေကုန်ကြေးကျ မလိုသော်လည်း လက်ဖက်ရည်ဆိုင်သို့ သွားရန် ငွေကြေးလိုပါသည်။ သို့သော် လက်ဖက်ရည်ဆိုင် ထိုင်ကြသူများအဖို့ နာမည်ကောင်း မရကြပါ။ လက်ဖက်ရည်ဆိုင် ထိုင်ကြသူများကို အလုပ်မရှိ တစ်ရော့ကိုး၊ တစ်ရော့တစ်ဆယ် အာလူးပေးကြသူများ စသည်ဖြင့် အမည်ဆိုးတပ်လေ့ရှိကြပါသည်။ လက်ဖက်ရည်ဆိုင်တွင် လက်ဖက်ရည်တစ်ခွက် မှာသောက်လိုက်ရုံဖြင့် လက်ဖက်ရည်ကြမ်းခေါ် ရေနွေးကြမ်းကို အတိုင်းအဆမရှိ သောက်ခွင့်ရပါသည်။ ထိုဓလေ့သည် မည်သို့ ဖြစ်ပေါ်လာသည်ကို ကျွန်တော် မသိပါ။ လက်ဖက်ရည်ဆိုင် လာဖွင့်ကြသည့် ပေါက်ဖော်နှင့် ကာကာတို့က မုန့်ဟင်းခါးဟင်းရည် အလကား တောင်းသောက်တတ်သည့် မြန်မာတို့ကို ဆွဲဆောင်နိုင်ရန်အတွက် တီထွင်ခဲ့လေသည်လားဟုတော့ တွေးစရာဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် လက်ဖက်ရည်ဆိုင် ထိုင်သူများမှာ စာပေသမားများနှင့် စီးပွားရေးသမားများ ဖြစ်ကြပါသည်။ သူတို့တစ်တွေသည် လက်ဖက်ရည်ဆိုင် ထိုင်ရင်းဖြင့် သူတို့၏ လုပ်ငန်းများကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်စွမ်းရှိကြပါသည်။

ဆရာ မြသန်းတင့်သည် တရုတ်စာရေးဆရာကြီး လောရှည် ရေးသားသည့် **လက်ဖက်ရည်ဆိုင်** အမည်ရှိ ပြဇာတ်ရှည်ကြီးတစ်ပုဒ်ကို ဘာသာပြန်ခဲ့ဖူးပါသည်။ ထိုလက်ဖက်ရည်ဆိုင်သည် ပီကင်းမြို့တွင် တည်ရှိပြီး ဆိုင်ပိုင်ရှင်၏ အမည်မှာ "ယုထိုင်"ဖြစ်သည်။ လက်ဖက်ရည်ဆိုင်သည် လက်ဖက်ရည်အပြင် မုန့်ပဲသရေစာနှင့် ကြော်လှော်ချက်ပြုတ်နိုင်သည့် အစားအသောက်များကိုပါ ရောင်းချသော ဆိုင်ဖြစ်ပါသည်။ ဆွေးနွေးပွဲအမျိုးမျိုး၊ အရောင်းအဝယ် ကိစ္စအမျိုးမျိုးတို့အတွက် တွေ့ဆုံရာလည်း ဖြစ်သည်။ လူပွဲစားများ၊ ပြည့်တန်ဆာခေါင်းများ၏ ခိုလှုံရာလည်း ဖြစ်သည်။ တရုတ် စာရေးဆရာ

uk&Zm\
vuf&u&nfqdkifuk
olrsm;uypkd
oD;&ifudk
uk&ef;wmf
Bu&du&fygonf
vuf&u&nfqdkifonf
avmuZmwfckd
wpfckvnf;zpfygonf
ok&domf
, cl&cwf
vuf&u&nf
qdkifrsm;onf
acwf&[mif;ud
vuf&u&nf
qdkifrsm;vkdkwmh
tEk&nm
rqef;wmhbg

ကြီးသည် မန်ချူးခေတ် လက်ဖက်ရည်ဆိုင်ကြီးကို နောက်ခံထားပြီး အနှစ်ငါးဆယ်အတွင်း ခေတ်သုံးခေတ် ပြောင်းသွားရာတွင် တွေ့ရသည့် လူမှုရှုခင်းများကို ရေးသားတင်ဆက်ပြသွားသည်။ လောရှည်၏ လက်ဖက်ရည်ဆိုင်သည် လောကဇာတ်ခုံကြီးနှင့် တူလှသည်။ လက်ဖက်ရည်ဆိုင်တွင် အဖြစ်အပျက်များစွာသည် ဖြစ်ပျက်သွားကြသည်။

ယခင်က မြန်မာနိုင်ငံရှိ လက်ဖက်ရည်ဆိုင်များတွင် သီချင်းများ ဖွင့်တတ်ကြပါသည်။ ကက်ဆက်ရှားသောခေတ်ဖြစ်သည့်အတွက် လက်ဖက်ရည်ဆိုင်ထိုင်သူများက သီချင်းကောင်းကောင်းဖွင့်သောဆိုင်ကို ရွေးထိုင်တတ်ကြသည်။ အချို့သည် မိမိနားထောင်ချင်သော သီချင်းခွေကိုယူပြီး လက်ဖက်ရည်ဆိုင်တွင် အုပ်စုလိုက် နားထောင်ကြသည့် ခေတ်တစ်ခေတ် ရှိခဲ့ဖူးပါသည်။ သီချင်းခွေဖွင့်ခြင်းကြောင့်ဖြစ်သည့် ရန်ပွဲတစ်ခုမှ စတင်ပြီး အထွေထွေအကြောင်းများ စုပုံသွားသည့်အခါ နှစ်ဆယ့်ခြောက်နှစ်တာ စိုးမိုးခဲ့သော ခိုင်မာတောင့်တင်းလှသည့် နိုင်ငံရေးပါတီကြီးသည် ကျဆုံးသွားခဲ့သည်။ ယခုအခါတွင်တော့ လက်ဖက်ရည်ဆိုင်များတွင် သီချင်းဖွင့်လေ့မရှိတော့ပါ။ သီချင်းအစား ရုပ်မြင်သံကြားများကိုသာ ဖွင့်ကြပါသည်။ ဘောလုံးပွဲများကို ဖမ်းယူပြသကြပါသည်။ သီချင်းနားထောင်သောခေတ်မှသည် ရုပ်သံဇာတ်လမ်းများ၊ ဘောလုံးပွဲများ ကြည့်ကြသည့် ခေတ်သို့ ရောက်ရှိလာပါသည်။ လက်ဖက်ရည်ဆိုင် အဆင်အပြင်နှင့် လက်ဖက်ရည်သောက်သည့် ဓလေ့အချို့သည်လည်း ပြောင်းလဲလာပါသည်။ ကျွန်တော် ရောက်ခဲ့ဖူးသည့် ရန်ကုန်က လက်ဖက်ရည်ဆိုင်တစ်ဆိုင်သည် အကျရည်ဟုခေါ်ကြသည့် လက်ဖက်ခြောက်နှပ်ထားသည့် အရည်တစ်ခွက်ကို အပိုပေးသည့်အပြင် နို့စိမ်းတစ်ဘူးကိုပါ ကြိုက်သလောက်သုံး အခမဲ့ပေးထားပါသည်။ အကျရည်မှာ အလွန်မွှေးကြိုင်ပြီး စွဲမက်စရာကောင်းလှပါသည်။ လူအများစုသည် လက်ဖက်ရည်ပူပူကို မှုတ်သောက်ရခြင်းအား နှစ်သက်ကြပါသည်။ သို့သော် လူအချို့သည် လက်ဖက်ရည်ကို မြန်မြန်အေးစေရန် အောက်ခံခွက်ထဲသို့ ထည့်ပြီး သောက်တတ်ကြပါသည်။ လက်ဖက်ရည်အောက်ခံ ပန်းကန်ပြားထဲသို့ လက်ဖက်ရည်ကို ငှဲ့ထည့်ပြီး သောက်သည့် ဓလေ့ ကျွန်တော်တို့ ငယ်ငယ်က မကြာခဏ တွေ့ရဖူးပါသည်။ ထိုဓလေ့သည် ယခုအခါ လုံးဝ ပျောက်ကွယ်သွားသည် မဟုတ်သော်လည်း သိပ်မတွေ့ရတော့ပါ။ ထိုသို့ သောက်သည်ကို အချို့က ကဲ့ရဲ့ကြပါသည်။ စာရေးဆရာကြီး ဂျော့အော်ဝဲကမူ လက်ဖက်ရည်ကို ပန်းကန်ပြားထဲ ငှဲ့သောက်ခြင်းသည် အောက်တန်းကျသည်ဟု အဘယ်ကြောင့် ယူဆကြောင်းကို ကျွန်တော် နားမလည်ပါဟု ဆိုပါသည်။ လောရှည်၏ လက်ဖက်ရည်ဆိုင်ကဲ့သို့ပင် မြန်မာ



www.burmeseclassic.com

www.burmeseclassic.com

နိုင်ငံရှိ လက်ဖက်ရည်ဆိုင်များသည်လည်း ဇာတ်ခုံကြီးတစ်ခုနှင့် တူလှပါသည်။ ဝမ်းတီး၊ တူးကော်၊ ကျောက်ပန်းတောင်း၊ ပစ်လဲ၊ ပဲနံထောဝမ်း အစရှိသည့် စကားလုံးအသစ်များ လက်ဖက်ရည်ဆိုင်မှ ပေါ်ထွက်လာကြသည်။ လက်ဖက်ရည်ကို အကြောင်းပြုပြီး ပေါ်ထွက်လာသည့် လက်ဖက်ရည်ဖိုးဟူသော စကားလုံးသည် အတော်ပင် တာ‚ သွားလှသည်။ ယင်းမှာ လာဘ်ပေးလာဘ်ယူရာတွင် သုံးသော စကားတစ်ခွန်း ဖြစ်လာသည်အထိပင် တွင်ကျယ်လာပါသည်။ ယခုအခါ လက်ဖက်ရည်ဆိုင်များနှင့် အပြိုင် ကော်ဖီဆိုင်များလည်း ပေါ်ထွက်လာကြပါသည်။ ကော်ဖီဆိုင်များသည် အဆင်အပြင်က အစ သန့်ရှင်းသပ်ရပ်မှုတွင်ပါ လက်ဖက်ရည်ဆိုင်များကို စိန်ခေါ်လာကြပါသည်။ အီလီယာအာရင်ဘတ်က ပါရီက ကဖေးဆိုင်များနှင့် ပတ်သက်၍ ကဖေးဆိုင်သို့ သွားထိုင်ကြခြင်းမှာ မိတ်ဆွေများနှင့် တွေ့ရန်၊ နိုင်ငံရေးအကြောင်း ပြောရန်၊ စကားစမြည်ပြောရန်၊ အတင်းအဖျင်းပြောရန် ဖြစ်ပါသည်ဟုဆိုသည်။ မြန်မာနိုင်ငံက ဖူးပွင့်စ ကော်ဖီဆိုင်များကလည်း ထိုနည်းတူဖြစ်နေပါသလား။ သေချာသည်ကတော့ လက်ဖက်ရည်ကြိုက်နှစ်သက်သူများနှင့် လက်ဖက်ရည်ဆိုင်များက လျော့နည်းပပျောက်သွားခြင်း မရှိနိုင်သေးပါ။

သို့သော် မြန်မာနိုင်ငံတွင် လက်ဖက်ရည်ကြမ်းဝိုင်းက နာမည်ကောင်းသလောက် လက်ဖက်ရည်ဆိုင်ကား နာမည်မကောင်းလှပါ။ ဆရာ ဇော်ဂျီက *လက်ဖက်ရည်အဖန် သောက်လျှင်ဖြင့် ကျက်သရေအမှန် ရောက်ပေလိမ့် ကြံသလောက်ပြီးတဲ့ရေ* ဟူသည့် မန္တလေးခေတ် လေးဆစ်တစ်ပုဒ်ကို ထုတ်ပြီး ဂုဏ်ပြုပါသည်။ လူအချို့က လက်ဖက်ရည်ဆိုင် ထိုင်ခြင်းသည် အချိန်ဖြုန်းသော အလုပ်ဖြစ်ကြောင်း ပြစ်တင်ကြပါသည်။ အခြားသော တိုင်းပြည်များတွင်မူ လက်ဖက်ရည်သောက်ခြင်းကို

vufzu&nfqdkifonf
q, fausmfbuf
pmay½Icrsm;\
XmecsKyfi fzpfcJonf
vufzu&nfqdkifvQif
reufcif;rSonf
qdkifydwfcsdeftxd
xdkifMuD
pum;ajymMuygonf
tvkyfvkudkif;onf[k
txif&aom
uAsmEÁSh
pum;ajyrsm;udk
ar;Qkv;MuygonfvIt
rsm;\
txifaoj;cif;udk
Ireh&, ÐSuf&
cHMuygonf

အလေးထားကြပုံပေါ်ပါသည်။ စာရေးဆရာကြီး ဂျော့အော်ဝဲက "ကျွန်တော်တို့ အင်္ဂလန်ကျွန်း အိုင်ယာလန်ပြည် သြစတြေးလျနှင့် နယူးဇီလန်ကျွန်းတို့တွင် လက်ဖက်ရည်သည် ယဉ်ကျေးမှု၏ အစိတ်အပိုင်းကြီး ဖြစ်နေရုံမျှမကတော့…"ဟု အက်ဆေးတစ်ပုဒ်တွင် ရေးခဲ့ဖူးပါသည်။ ထို့အပြင် လက်ဖက်ခြောက်များဖြင့် ဗေဒင်ဟောခြင်း၊ ညွှန်းသည်လာမလာကို နိမိတ်ဖတ်ခြင်း၊ ယုန်များကိုကျွေးခြင်း၊ မီးလောင်သည့်ဒဏ်ရာများကို အုံပေးခြင်း၊ ကော်ဇောများကို တိုက်ခြင်း စသည် ဆက်နွှယ်သော အသုံးဝင်မှုများလည်း ရှိသေးကြောင်း ဆရာကြီး ဂျော့အော်ဝဲက ရေးပါသည်။ အက်ဆေးဆရာ ပီတာစတိုလာကလည်း ဝိတိုရိယမြို့က အိုင်ဗီနွယ်များအုပ်နေသည့် ဧကရီအမည်ရှိသည့် ဟိုတယ်၏ လက်ဖက်ရည်ခန်းမတွင် ၆ ဒေါ်လာ ကျော်တန် ညနေခင်း လက်ဖက်ရည်ကို သောက်ခွင့်ရရန် ကြိုတင်စာရင်းပေးရသည်ဟုပင် ရေးခဲ့ပါသည်။

မြန်မာနိုင်ငံတွင်လည်း ရန်ကုန်တက္ကသိုလ်ထဲက ဦးချစ် လက်ဖက်ရည်ဆိုင်၊ မုံရွာမြို့က ဦးဘထုံး လက်ဖက်ရည်ဆိုင်တို့မှာ နာမည်ကြီး လက်ဖက်ရည်ဆိုင်များ ဖြစ်ကြပါသည်။ ကျွန်တော်ကတော့ လက်ဖက်ရည်ဆိုင် ထိုင်သူတိုင်း လူပျင်းလူဖျင်းများဖြစ်သည်ဟု မထင်ပါ။ ညှော်နံ့နှင့် ဆူညံသံများကို ဖယ်လိုက်လျှင်တော့ လက်ဖက်ရည်ဆိုင်သည် လွတ်လပ်သော စကားပြောဆုံရပ်တစ်ခု ဖြစ်ပါသည်။ တစ်စုံတစ်ရာကို ပြောဆိုဆွေးနွေးကြရာ နေရာဖြစ်သလို တစ်ယောက်ယောက်ကို စောင့်မျှော်ရာနေရာလည်း ဖြစ်ပါသည်။ အဆိုတော် ကိုင်ဇာ၏ *လက်ဖက်ရည်ဆိုင်ကို သွားကြပါစို့* သီချင်းကို ကျွန်တော် ကြိုက်ပါသည်။ လက်ဖက်ရည်ဆိုင်သည် လောကဇာတ်ခုံတစ်ခုလည်း ဖြစ်ပါသည်။ သို့သော် ယခုခေတ် လက်ဖက်ရည်ဆိုင်များသည် ခေတ်ဟောင်းက လက်ဖက်ရည်ဆိုင်များလိုတော့ အနုပညာ မဆန်တော့ပါ။ သူတို့သည် ကိန်းကြီး ခန်းကြီးနိုင်ရန် ကြိုးစားလာကြပါသည်။ သို့တစေ လူများ၊ အဖြစ်အပျက်များ၊ ဇာတ်ဝင်ခန်းများကတော့ လက်ဖက်ရည်ဆိုင်ကို ဖြတ်သန်းသွားနေကြဦးမည် ဖြစ်ပါသည်။ လက်ဖက်ရည်ဆိုင်နှင့် ပတ်သက်၍ Reading the tea leaf ဟူသည့် အင်္ဂလိပ်ဝေါဟာရတစ်ခုကို ကျွန်တော် ရင်ခုန်မိပါသည်။ တိုက်ရိုက်အဓိပ္ပာယ်အတိုင်းဆိုလျှင် လက်ဖက်ခြောက်ရွက်များကို ဖတ်ရှုခြင်းဟု ဆိုနိုင်ပါသည်။ သို့သော် ထိုသို့မဟုတ်ပါ။ လူတစ်ယောက်၏ ကံကြမ္မာကို ခန့်မှန်းခြင်း သို့မဟုတ် ဗေဒင်ဟောခြင်းဟု အဓိပ္ပာယ်ထွက်ပါသည်။ ၁၇ ရာစုက ဥရောပတွင် လက်ဖက်ခြောက်များကို ကြည့်ပြီး လူတစ်ယောက်၏ ကံကြမ္မာကို ဟောကိန်းထုတ်သည့် အတတ်ပညာတစ်ခု ရှိခဲ့ပါသည်။ ယင်းမှ ဆင်းသက်လာသော စကားဖြစ်သည့် Reading the



www.burmeseclassic.com

www.burmeseclassic.com

tea leaf သည် လူတစ်ယောက်၏ ကံကြမ္မာကို ခန့်မှန်းခြင်း သို့မဟုတ် ဗေဒင်ဟောခြင်းဟု အဓိပ္ပာယ်ထွက်ပါသည်။

ကျွန်တော်သည် အခြားသူများထက် လက်ဖက်ရည်ဆိုင်ကို ခံစားတတ်ပြီး အလွမ်းကဗျာတစ်ပုဒ်ဖြစ်သည်ဟု ပြောရခြင်းမှာ ကျွန်တော်၏ အနုပညာသမားဘဝကို လက်ဖက်ရည်ဆိုင်တွင် စ,ခဲ့သောကြောင့် ဖြစ်ပါသည်။ ဆယ်တန်းအောင်ပြီးခါစ ကျွန်တော်၏ ဆယ်ကျော်သက်ဘဝတွင် မဂ္ဂဇင်းအဟောင်း တစ်အုပ်၊ စာရွက်အချို့ထည့်ထားသည့် လွယ်အိတ်အစုတ်ကို လွယ်ပြီး လက်ဖက်ရည်ဆိုင်သို့ ရောက်ခဲ့ပါသည်။ ထိုလက်ဖက်ရည်ဆိုင်သည် မအူပင်မြို့ ၅ လမ်းနှင့် မင်းလမ်းမထောင့်တွင်ရှိခဲ့သော ထူး လက်ဖက်ရည်ဆိုင်ပင် ဖြစ်ပါသည်။ လက်ဖက်ရည်ဆိုင်သည် စာပေလောကပင် ဖြစ်ပါသည်။ လက်ဖက်ရည်ဆိုင်သည် ကမ္ဘာ့သစ်တစ်ခုပင်ဖြစ်ပါသည်။ လက်ဖက်ရည်ဆိုင်သည် ဆယ်ကျော်သက် စာပေရူးများ၏ ဌာနချုပ်ပင် ဖြစ်ပါသည်။ လက်ဖက်ရည်ဆိုင်တွင် မနက်ခင်းမှသည် ဆိုင်ပိတ်သွားသည်အထိ ထိုင်ပြီး စကားပြောကြပါသည်။ အလွန်ကောင်းသည်ဟု အထင်ရှိသော ကဗျာနှင့် စကားပြေများကို မွေးထုတ်ကြပါသည်။ လူအများ၏ အထင်သေးခြင်းကို မြိန်ရေယှက်ရေ ခံယူကြပါသည်။ ထိုလက်ဖက်ရည်ဆိုင်ကို အနုပညာသမားများ ထိုင်ကြသည့် ပါရီမြို့က ရိုတန်းကဖေးအလား စိတ်ကူးယဉ်ခဲ့ပါသည်။ သို့သော် ထူး လက်ဖက်ရည်ဆိုင်သည် ရိုတန်းကဖေးမဟုတ်ပါ။ ကျွန်တော် အပါအဝင် ထူး လက်ဖက်ရည်ဆိုင်တွင် ထိုင်ခဲ့ကြသူများသည် ထိပ်တန်း အနုပညာသမားများ ဖြစ်မလာကြပါ။ ဆယ်ကျော်သက် ဘဝက မက်မောခဲ့ရသည့်အရာဟူသည် သေသည်အထိ မေ့နိုင်မည် မဟုတ်ပါ။ ယခုအချိန်တွင် ထူး လက်ဖက်ရည်ဆိုင်သည် မရှိတော့ပါ။ ယုထိုင်၏ လက်ဖက်ရည်ဆိုင်သည် အနှစ်ငါးဆယ်၊ ခေတ်သုံးခေတ် ကြာအောင် ရှိခဲ့သော်လည်း ထူး လက်ဖက်ရည်ဆိုင်သည် ဆယ်နှစ်ပင် မကြာခဲ့ပါ။ သူနေရာတွင် ခမ်းနားထည်ဝါသော ဘဏ်ကြီးတစ်ခု ဖြစ်နေပါပြီ။ ထိုအချိန်က မိမိကိုယ်မိမိ ကဗျာဆရာဟု အထင်ရောက်ခဲ့သူ အများစုလည်း မရှိကြတော့ပါ။ အများစုမှာ ကွယ်လွန်ခဲ့ကြပြီဖြစ်ပါသည်။ သို့သော် သူဌေးဖြစ်သွားသည့်သူ တစ်ယောက်ပင် မရှိခဲ့ပါ။ စာပေလောကထဲတွင် ကျွန်တော်တစ်ယောက်တည်းသာ ယောင်တောင်ပေါင်တောင် ကျန်ရှိနေပါသည်။ ကျွန်တော်တို့သည် တစ်နေ့တွင် ကဗျာဆရာ ဖြစ်လာလိမ့်မည်ဟု မိမိကိုယ်မိမိ ထင်ခဲ့ကြပါသည်။ ထိုဆိုင်တွင် လက်ဖက်ရည် ခွက်ပေါင်းများစွာကို သောက်ခဲ့ကြပါသည်။ ရေနွေးကြမ်း အိုးပေါင်းများစွာကို သောက်ခဲ့ကြပါသည်။ သို့သော် လက်ဖက်ခြောက်များကို မဖတ်ရှုခဲ့ကြပါ။ ဖတ်ရကောင်းမှန်း မသိသလို ဖတ်သည့် အတတ်ပညာကိုလည်း မတတ်ခဲ့ကြပါ။ အကယ်၍သာ ကျွန်တော်တို့သည် လက်ဖက်ခြောက်များကို ဖတ်ရှုသည့် အတတ်ပညာကိုတတ်ခဲ့ပြီး လက်ဖက်ခြောက်များကို ဖတ်ရှုခဲ့ကြမည်ဆိုပါက နောင်တစ်ချိန်တွင် ဘယ်သူဘာဖြစ်မည်ကို သိနိုင်လိမ့်မည် ထင်ပါသည်။ ထိုသို့ သိခဲ့မည်ဆိုလျှင် စာပေသမားဘဝကို စွန့်ခွာကောင်း စွန့်ခွာသွားသူများလည်း ရှိလျှင် ရှိပါလိမ့်မည်။

မည်သို့ပင်ဖြစ်စေ လက်ဖက်ရည်ဆိုင်များကို နက်နက်ရှိုင်းရှိုင်း တူးဆွကြည့်မည်ဆိုပါက ပြဇာတ်များ၊ ကဗျာများ၊ ဝတ္ထုများ၊ သီချင်းများ ထွက်ကျလာပါလိမ့်မည်။ လက်ဖက်ရည်ဆိုင် ထိုင်တိုင်း ကဗျာရူး စာရူးခဲ့ကြသည့် သူငယ်ချင်းများကို သတိရပါသည်။ စကားများခဲ့၊ ရန်ဖြစ်ခဲ့ကြခြင်းများသည်ပင် လွမ်းစရာ တမ်းတစရာ ကောင်းလှပါသည်။ လက်ဖက်ရည်ဆိုင်သည် ကျွန်တော့်အတွက်တော့ အလွမ်းကဗျာတစ်ပုဒ်ပင် ဖြစ်ပါသည်။ ■

**စည်သူငြိမ်း**


ဖြန့်ချိရေး

စာပေ

အမှတ် ၁၃၃
လမ်း ၄၀
ကုန်သည်လမ်းနှင့်
မဟာဗန္ဓုလလမ်းကြား
ကျောက်တံတားမြို့နယ်
ရန်ကုန်မြို့
ဖုန်း
၀၁-၈၃၉၈၂၂၀




www.burmeseclassic.com

www.burmeseclassic.com



မနက်ခင်း နှီးထရှိန်၌ ပင်လယ်မျက်နှာပြင် အထက်သို့ ကူးခပ်တက်လာခဲ့သည်။ အနောက်တောင် ကမ္ဘာခြမ်းသို့ ထိုးစီးဆင်းလျက်ရှိသော ရေစီးကြောင်းများတွင် အအေးဓာတ် ကြီးစိုးနေသည်ကို သတိပြုမိသည်။ ဖြာကျလာမည့် နေရောင်ခြည်နွေးကိုသာ မျှော်လင့်မိသည့် ဆယ်လ်သည် အပေါ်သို့ ရောက်သည့်အခါ ရင်ခုန်ဖုံးသြသွားရသည်။ တိတ်ဆိတ်လျက် မြူငွေ့ရိပ်မွဲ နေသည့် မြင်ကွင်းကို မြင်လိုက်ရသောကြောင့်ဖြစ်သည်။ အေးစက်စိုစွတ်သော ရေငွေ့များ တလူလူလွင့်ပျံလျက်။ ဆယ်လ်၏ အပြာရောင်မျက် လုံးများထဲတွင် ပတ်ဝန်းကျင်သည် မြူဖြူမှိုင်းမှိုင်းနှင့် အသွင်ပြောင်းနေခဲ့ပေပြီ။ မနေ့ကပင် တောက်ပကြည် လင်သော ရှုခင်းတို့ကို မြင်ခဲ့ရသေးသည်။ နေရောင်ခြည်ဖြင့် ပြာလဲ့သော ရေပြင်ကို ထိုးခွဲဆော့ပြေးခဲ့သည်။ ခုတော့ ကြည့်ပါဦး။ တစ်ပိုင်းနစ်မြုပ်နေသော ကိုယ်ခန္ဓာကိုပင် ပြန်မမြင်ရတော့လောက်အောင် ပင်လယ်ရေပြင်၏ အရောင်သည် စိမ်းနက်ရင့် မှောင်နေသည်။ သဘာဝ တရားသည် တစ်ပတ်ပြန်လည်၍ အဖြူရောင်ဆောင်း ငွေ့မှုန်များကို သယ်ဆောင်လာသည်။ ဆယ်လ့်နှုတ်မှ ကျယ်လောင်သောအသံ ထွက်သွားသည်။ ဆောင်းဦး ရာသီ ရောက်ခဲ့လေပြီ။


"ဆောင်းကျပြီဟေ့ ဆောင်းကျပြီ၊ ဒါ ငါတို့မျှော် လင့်နေတဲ့အချိန်ပဲ၊ အိမ်ပြန်ဖို့ အချိန်ပဲ . . ."

ဆယ်လ်သည် စိတ်လှုပ်ရှားနေသည့် စကားများကို တရစပ် ရေရွတ်လျက် ရေအောက်သို့ ပြန်လည်ငုပ်လျှိုး ကူးခပ်လာခဲ့သည်။ ရေပြင်အနက်ကို ဖောက်ထွင်း၍ နွေးထွေးသော အလင်းရောင်တန်းများကိုသည် မနက်ခင်းမှာ ထူးဆန်းစွာ မမြင်ရသည့်အကြောင်းရင်းကို သိခဲ့ရပြီ။ ပျင်းရိလေးလံနေကြသော မျိုးနွယ်တူ အဖော်များသည် ဆယ်လ်၏ အသံကြောင့် ဆူညံလန့်ဖျပ် သွားကြသည်။ မိုင်ပေါင်းများစွာရှည်လျား၍ ပင်လယ်သမုဒ္ဒရာအတွင်းသို့ ဆက်သွယ်စီးဆင်းသော စမ်းချောင်းလက်တက်များဆီမှ ထွက်ခွာလာခဲ့ကြ



www.burmeseclassic.com

www.burmeseclassic.com



# သံလွင်ကိုဖြတ်သောငါးများ

ဒါမြန်

ကတည်းက စူးစမ်းရှန်းစားချင်သော ငယ်ရွယ်စိတ်များဖြင့် ကျန်ရစ်ခဲ့သမျှကို မေ့ထားခဲ့ကြသည်။ လေးရာသီ ကာလတာမျှ ရှိခဲ့လေပြီ။ မွေးဖွားရာဒေသနှင့် မတူညီသော လောက ဖြစ်စဉ်များကို သည်းခံကျော်ဖြတ်ရင်း ကျက်စား နေထိုင်ခဲ့ကြသည်။ ပင်လယ်၏ ရာသီအလိုက်၊ နှစ်ကာလများအလိုက် ပြောင်းလဲတတ်သော တိုက်စားမှု ဒဏ်ကို ကာကွယ်ပေးထားသည့် ငွေရောင် ကြေးခွံများပင် အနီရင့်ရောင်သို့ ပြောင်းလဲခဲ့ပြီ။ သူတို့ လှုပ်လှုပ်ရှားရှား ဖြစ်သွားကြသည်။ မငြိမ်သက်နိုင်သေး သော ဆယ့်လ်များမှာ ဝန်းရံကြလျက် မေးခွန်းများစွာကို သူတစ်ပေါက် ငါတစ်ပေါက် မေးနေကြသည်။

'သေချာလို့လား၊ ပင်လယ်မှာ ဒီလိုမျိုး မြူကျနေ ကျပဲလေ'

'မဟုတ်ဘူး၊ ဒါ ဆောင်းဝင်တာပဲ၊ ငါ သိတယ်၊ မနှစ်တုန်းကလည်း ဒီလိုပဲလေ၊ ခု နှင်းတွေတောင် ဖွဲဖွဲကျနေပြီ၊ မယုံရင် သွားကြည့်ကြပါလား'

သူတို့အုပ်စုလိုက် တက်ခဲ့ကြပြန်သည်။ ခွေးစွယ်သွား

အန္တရာယ်ကင်းသော အရပ်မှာ
နေရစ်ခဲ့မည်ဟု မည်သူမျှ
မတွေးကြ။ မျိုးဆက်ရင်သွေးတို့
ငြိမ်းချမ်းစွာ ပေါက်ဖွားရှင်သန်ခွင့်
ရလိမ့်မည်ဖြစ်သော ဇာတိ
စမ်းချောင်းကလေးသို့ပင် မဆုတ်မနစ်
အရောက်ပြန်ကြတော့မည်ဟု
သန္နိဋ္ဌာန် ချထားကြသည်



www.burmeseclassic.com

www.burmeseclassic.com

ဆူးတောင်များ ရေပေါ်မှာ စီတန်းထိုးထွက်လာသည့် အချိန်တွင် နှင်းမှုန်များကျဆင်းနေခဲ့သည်။ ဒါ ဆောင်းဦးစစ်စစ်ပေပဲ။ ဆယ့်လ်စကားကို သူတို့ ယုံကြည်လိုက်ကြရပြီ။ ထူးဆန်းသော သဘာဝတစ်ခုလိုပင် အတိတ်ကို သူတို့ ပြန်လည်သတိရကြသည်။ ကြည်လင်သော စမ်းချောင်းရေများမှ ရောင်စုံကျောက်စရစ်တုံးလေးများ။ တစ်ဖက်တစ်ချက်မှာ အရိပ်ထိုးဖြာကျနေသော ထင်းရှူးပင်တို့၏ ရနံ့များ။ ပျော်ရွှင်တက်ကြွစွာ သူတို့ ဟစ်ကြွေးလိုက်ကြသည်။

"အိမ်ပြန်ဖို့ အချိန်တန်ပြီပေ့၊ ခုချိန်လောက်ဆို ရေစီးကြောင်းတွေလည်း ပြောင်းလဲနေလောက်ပြီ၊ ငါတို့ ဆန်တက်ကြရမယ်၊ အနောက်ဘက် ကမ်းရိုးတန်းရောက်တဲ့အထိ ဆန်တက်ကြမယ်ပေ့ပေး…"

သေးငယ်စဉ်က သူတို့ မှတ်ဉာဏ်၌ ထင်ကျန်လျက်ရှိနေသေးသော ဖြစ်ရပ် အမှတ်တရများကို ပြန်လည် တောင့်တဟစ်ကြွေးကြသည်။ "အိမ်ပြန်မယ့်လမ်းကို ငါမမှတ်မိတော့သလိုပဲ"ဟု တစ်ကောင်က နောက်ပြောင်သလိုလို ပြောသည်။ သူတို့အားလုံး ဝါးခနဲ ရယ်မောလိုက်ကြသည်။

ဆယ့်လ်မှာလည်း ရင်ခုန်စိတ်လှုပ်ရှား မဆုံးပေ။ အသက်ရှင်သန်ခွင့်ရသည့် တစ်သက်၏ တစ်ကြိမ်မျှသော မိုင်ဝေးခရီးရှည်တွင် ပိုင်ဆိုင်ရရှိထားသည့် သဘာဝတရား၏ ခွန်အား ဆုလာဘ်များကို စမ်းသပ်အသုံးချဖို့

Ndbuf Munfvifeaom a&wGf yazmifv&LuDsm; yvkD x,vmonf puf&foPmef vnfwfeaom 0J, ufvpfkv&d a&onf t &S;zif a&Gvsm;aeonf a0;&mo&d ½kfx GzM jyifv&ufp0fS aemuf&Us oGc;jyD

အခွင့်အရေးဖြစ်လာခဲ့ပြီ။ အလာခရီးတုန်းကနှင့် နည်းနည်းမှ မတူနိုင်ဟု ဆယ်လ် သေချာသိထားသည်။ ပို၍ ခက်ခဲသော အန္တရာယ်အတားအဆီးများ စောင့်ကြိုရှိနှင့်လိမ့်မည်။ အခန့်မသင့်လျှင် အသက်အတွက် အသက်ကို ရင်းရလိမ့်မည်။ သို့သော် မည်သူမျှ တွန့်ဆုတ်မနေကြ။ သာယာသော၊ အန္တရာယ်ကင်းသော အရပ်မှာ နေရစ်ခဲ့မည်ဟု မည်သူမျှ မတွေးကြ။ မျိုးဆက်ရင်သွေးတို့ ငြိမ်းချမ်းစွာ ပေါက်ဖွားရှင်သန်ခွင့်ရလိမ့်မည်ဖြစ်သော ဇာတိ စမ်းချောင်းကလေးသို့ပင် မဆုတ်မနစ် အရောက်ပြန်ကြတော့မည်ဟု သန္နိဋ္ဌာန်ချထားကြသည်။ ဆယ်လ်သည် သူ့ဇာတိသွေး၊ မျိုးနွယ်သွေးအတွက် ဂုဏ်ယူလျက်က ဘိုးဘေးဘီဘင်များကို တောင့်တဦးညွတ်နေမိသည်။

ရေတွင်ရှပ်တိုက်ပြေးလွှား၍ သူတို့အားလုံး ပျော်မြူးခုန်ပေါက်လျက်။ အနီရင့်ရောင်တောက်ပပြီး စိမ်းပြာနက်ရောင်နှင့် ငွေရောင်ခပ်ပါးပါး ရောစပ်နေသော ခန္ဓာကိုယ်များသည် ရေပြင်ကို ထိုးဖောက်ကာ လေထဲ ဝဲပျံနေကြသည်။ တစ်ဖန် ရေထဲ စိုက်ဆင်းသွားကြပြန်သည်။ ဆောင်းငွေ့နှင်းမှုန်ဝေသော ထိုမနက်စောစောတွင် ဆယ်လ်နှင့် အဖော်တစ်သိုက်သည် မကြာမီ စတင်ရတော့မည့် စွန့်စားခရီးအတွက် လွန်စွာ စိတ်အားထက်သန် နေခဲ့ကြပါသည်။

❑

လှိုင်းတံပိုးများ တဝုန်းဝုန်း ရိုက်ပုတ်လျက်။

အဖြူရောင် ရေမှုန်ရေစများသည် ပင်လယ်၏ အပေါ်ယံမျက်နှာပြင်ပေါ် လွင့်စဉ်ပြန့်ကျဲနေသည်။ ပို၍ ပြင်းထန်သော အအေးဒဏ်ကို ထိတွေ့ခံစားနေကြရသော်လည်း သူတို့ မမှုကြ။ ဆန့်ကျင်ဘက်အရပ်မှ စီးဆင်းလာသော ရေအဟုန်ကို ဦးတည်ရင်ဆိုင်လျက်သာ မာန်ပါပါ ဆန်တက်နေကြသည်။

"ထင်ထားတာထက်ကို ရေစီးကြမ်းနေပါလား"

စိုးရိမ်စိတ်အနည်းငယ်ဖြင့် ဆယ်လ် တီးတိုးရေရွတ်လိုက်မိသည်။ ရှေ့တူရူကို ဆန်၍မတက်နိုင်ဘဲ အနောက်တောင်ကျွန်းဆွယ်များဆီသို့ ထိုးစီးဆင်းလျက်ရှိသော သမုဒ္ဒရာ ရေစီးကြောင်းများနှင့်အတူ မျောပါသွားမည်ကို ကြောက်နေသည်။ ရှေ့ဝဲယာကို ကြည့်မိလျှင် မျိုးနွယ်တူ အဖော်များသည် တက်ကြွပေါ့ပါးစွာ ခုန်တက်ရှပ်ပြေးလျက်။ ကြွေးကြော်သံများကိုလည်း သူတို့ ပြုနေကြသေးသည်။ သို့နှင့် ကိုယ့်ကိုယ်ကို ယုံကြည်စိတ်ချဖို့ ဆယ့်လ်မှာ ပြန်လည်အားတင်းရသည်။

ပင်လယ်သမုဒ္ဒရာကို ဖြတ်၍ ရွှေ့ပြောင်းမှုခရီးတွင် ခန္ဓာကိုယ်၏ အစိတ်အပိုင်းများကို လိုသလိုအသုံးချတတ်ဖို့ တဖြည်းဖြည်း သင်ယူတတ်မြောက်လာခဲ့သည်။ ပုံမှန်တောက်လျှောက် ဆန်တက်လာသည့် အချိန်များတွင် အမြောင်းလိုက်ဖြစ်နေသော အနီရောင်ကြွက်သားများကို အသုံးချခဲ့ရပြီး ရေစီးသန်လွန်းသည့် တချို့နေရာများမှာတော့ အဖြူရောင်ကြွက်သားများကို သုံးလျက် ကူးခပ်သည့်အရှိန်ကို မြှင့်တင်ခဲ့ကြရသည်။ မိုင်အနည်းငယ် ဆန်တက်ပြီးခဲ့ချိန်တွင် ဆယ်လ်သည် ခက်ထန်ကြမ်းတမ်းသော သဘာဝတရားအား အနိုင်ယူနိုင်မည့် စွမ်းအင်သတ္တိများကို လေ့ကျင့်ယူတတ်လာခဲ့သည်။

နှင်းမှုန်များကြားမှ တစ်ပြောက်နှစ်ပြောက် ထိုးကျနေသော နေရောင်ခြည်ဖြင့် သူတို့ ခရီးဆက်လာခဲ့ကြသည်။ အနောက်ဘက်ကမ်းရိုးတန်းမှ ရေစီးကြောင်းများ၏ သွားရာ



www.burmeseclassic.com

www.burmeseclassic.com

လမ်း၊ ပင်လယ်ရေ၏ အပူချိန်နှင့် ဆားဓာတ်ပျော်ဝင်မှုများ စသည့် အလိုလို ကျွမ်းကျင်တတ်မြောက်ထားသော သဘာဝအသိစိတ်တို့နှင့်ပင် ခရီးလမ်းကို ပုံဖော်ကြသည်။ အိမ်ပြန်မယ့်လမ်းကို မမှတ်မိတော့ပါဘူးဟု နောက်ပြောင်ခဲ့သော မျိုးနွယ်တူတစ်ကောင်သည် ရှေ့ဆုံးကပင် တုံ့ဆိုင်းခြင်းမရှိဘဲ ခုန်ပျံဦးဆောင်နေသေးသည်။

ဖြတ်သန်းလာခဲ့သော ပင်လယ်၏ ဖွဲ့စည်းဖြစ်တည်ပုံ အမျိုးမျိုးကြောင့် သူတို့အားလုံးမှာ ရင်သပ်ရှုမောပင်။ တစ်ခါတစ်ရံညများမှာ ထူးဆန်းသောကမ္ဘာနှင့် တွေ့ကြုံကြသည်။ အလင်းအားကောင်းသော အမှုန်စများ ကြဲပက်ထားသလို မီးစုန်းဓာတ်တစ်မျိုးဖြင့် လင်းထိန်နေသော ပင်လယ်ကို မြင်ကြရသည်။ သူတို့ထက် များစွာ အရွယ်အစားကြီးသော ပင်လယ်သတ္တဝါများ။ ရောစပ်သွားခြင်းမရှိဘဲ ပင်လယ်ရေ၏ အရောင်နှစ်ရောင် ထိတွေ့ဆုံနေသော နယ်နိမိတ်မျဉ်းတန်းရှည်များ။ ထို့ကြောင့် သူတို့စိတ်မှာ လေးလံပျင်းရိခြင်းမရှိကြ။ ငေးမောစူးစမ်းရင်းနှင့်ပင် ဇာတိဒေသသို့ အမြန်ဆုံးရောက်ရန် ဆန္ဒပြင်းပြနေကြသည်။

ညအမှောင်ကျလာသောအခါ ညွှန်ပြခေါ်ဆောင်ရာ အလင်းတန်းများ ပျောက်ကွယ်သွားသော်လည်း သူတို့ မရပ်တန့်ကြပေ။ အေးစက်သော ရေငွေ့များ တလူလူတက်လာသည့် ပင်လယ်မျက်နှာပြင်ကို ဝမ်းဗိုက်သားများဖြင့် ရှပ်တိုက်၍ ကူးခပ်နေကြဆဲ။ ထိုနေရာဒေသသို့ စမ်းတဝါးဝါး ကူးခပ်နေကြခြင်းမျိုးမဟုတ်ပေ။ နေရောင်အလင်းကို မြင်ရချိန်မှာ ဆန်တက်ကူးခပ်ကြရမည့် အရပ်မျက်နှာကို လွယ်လင့်တကူ ခွဲခြားဆုံးဖြတ်နိုင်သည်။ အမှောင်ဖုံး၍ ဘေးဘီဝဲယာ မသဲကွဲသည့်အချိန်များတွင် ပင်လယ်ပြင်၏ ဓာတ်သတ္တိများကို အာရုံခံ၍ ရှေ့သို့ ဖောက်ထွက်စရာ သဲလွန်စများ၊ လမ်းကြောင်းများကို ဆက်လက်ပုံဖော်ကြသည်။

ပျော်စရာ၊ စိတ်လှုပ်ရှားစရာအတိ။ ကျယ်လောင်သော အသံများကို တွန်ကျူးကြသည်။ ရေပြင်ကို ထိုးခွဲ၍ အပြိုင်အဆိုင် အမြင့်ခုန်တက်ကြသည်။ ရေထဲသို့ ပက်လက်ပြန်ကျသွားသော အဖော်တစ်ကောင်ကို သူတို့ ဝိုင်းလှောင်ရယ်ကြသည်။ သို့နှင့် ဝေးသီသောခရီးကို မမှု၊ စိုးရွံ့ထိတ်လန့်စိတ်တို့လည်း မရှိဘဲ အိမ်အပြန်ခရီးကို သူတို့ ဆက်လက်နှင်ခဲ့ကြသည်။ ❑

ခရီးတစ်ထောက် နားကြသည်ဟူ၍ မရှိ။ မိုင်ပေါင်းများစွာကို ဆန်တက်လာခဲ့ကြသည်။ နေရောင်ခြည် အလင်းတန်းများမှာ ခရီးလမ်းပြဖြစ်သော်လည်း များသောအားဖြင့် မြူနှင်းကျလျက် မှုန်မှိုင်းသော နေ့များနှင့်သာ ကြုံကြရသည်။ ပိတ်ပိန်းထူသော ဆောင်းနှင်းများကြောင့် လမ်းမပျောက်နိုင်ပေ။ ဆောင်းဦး မနက်ခင်းများမှာပင် မြူနှင်းကို ဖောက်ထွင်း၍ သူတို့ မရပ်မနား ခရီးဆက်ကြသည်။

အိမ်နှင့်နီးလာခဲ့ပြီဟု သူတို့သိနေကြသည်။ ရှင်သန်နေထိုင်မှုပုံစံများ လုံးဝပြောင်းလဲသွားလိမ့်မည်။ ဇာတိဒေသတွင် လှိုင်းတံပိုးများ၊ ပင်လယ်ရေမှော်ပင်များကို သူတို့တွေ့ရမည်မဟုတ်။ ဥမှ သားပေါက်ငယ် အရွယ်အထိ ကပ်တွယ်နေခဲ့ရသော ကျောက်စရစ်တုံးများ၊ ချောင်းဖျားမှ မြစ်ပင်လယ်အတွင်းသို့ စီးဝင်နေသော စမ်းရေများ၊ ထိုစမ်းရေနှင့်အတူ တစ်ခါတစ်ရံ မျောပါလာတတ်သော ထင်းရှူးသီးများ စသည့် သဘာဝပတ်ဝန်းကျင်ကို သူတို့ ပြန်လည်တွေးမြင်နေကြသည်။

ဇာတိဒေသကို ခွဲခွာခဲ့ကြရစဉ်က အချိန်များကို သတိရမိကြသည်။ သူတို့အားလုံး ငွေရောင်တောက်ပစ အရွယ်ငယ်များသာ ရှိကြသေးသည်။ ရေမြေအပြောင်းအလဲကို ရင်ဆိုင်နိုင်ရန် အသင့်ဖြစ်သည်နှင့် မွေးဖွားကြီးပြင်းရာ စမ်းချောင်းလက်တက်ကို ခွဲခွာခဲ့ကြသည်။ ပင်လယ်ဆိုသည်ကို တွေ့ချင်မြင်လိုစိတ် ပြင်းပြခဲ့ကြသည်။ သူတို့မှာ စိတ်ကူးယဉ်အတွေးများစွာ ရှိကြသည်။ ကျယ်ပြောသော ရင်ခွင်ပြင်တွင် လွတ်လပ်စွာ နေထိုင်ရှင်သန်ခွင့်ရဖို့၊ သစ်ပင်မရှိသော ပင်လယ်၏ ရှုမျှော်ခင်းကို ငေးမောခံစားဖို့၊ အခြားမျိုးနွယ် သတ္တဝါများ၏ အသွင်အပြင် နေထိုင်မှုကို စူးစမ်းကြဖို့။ အစရှိသဖြင့်…။

သို့သော် ကုန်းမြေအတွင်းပိုင်း စမ်းချောင်းမှ ပင်လယ်ဝအထိ ခရီးသည် သူတို့ မျှော်လင့်ထားကြသလို လွယ်ကူခဲ့သည်မဟုတ်ပေ။ ပျော်ရွှင်စွာလာကြသော လမ်းခရီးမှာပင် အန္တရာယ်များနှင့် ကြုံရသည်။ မျက်လုံးများ၊ ဆာလောင်သူများသည် သူတို့ကို အသင့်စောင့်နေကြမှန်း နည်းနည်းမှ မသိခဲ့ကြ။ ပြန်တွေးရင်းပင် ဆယ်လ် ဝမ်းနည်းကြောက်ရွံ့လာမိသည်။ ဆယ်လ်၏ သူငယ်ချင်းတချို့ သားကောင် ဖြစ်သွားကြသည်။ ရေပြင်တွင် ရုတ်ခြည်းပေါ်လာသော အရိပ်မည်းများ၏ ထိုးသုတ်ချီခြင်း ခံလိုက်ကြရသည်ကို မှတ်မိနေသည်။ သူတို့ကို သုတ်ယူစားသောက်ပြီး ဆူညံစွာ အုပ်စုဖွဲ့ ပျံသန်းနေကြသော ထိုတောင်ပံရှိ သတ္တဝါများကို ဆယ်လ် မုန်းလှသည်။ သူတို့ နှုတ်သီးဖျားမှာ ပါသွားကြသော သူငယ်ချင်းများကို မကယ်နိုင်ခဲ့။ ကိုယ်တိုင်က အသက်လုပြေးခဲ့ရသည်။

ဘဝ၏ အခက်အခဲ အတိုက်အခိုက်များကို ထို့နှယ် ရင်ဆိုင်ကျော်ဖြတ်ခဲ့ရသည်။ မျှော်လင့်မထားသော်လည်း ကြာသော် သဘာဝကပင် လေ့ကျင့်သင်ကြားပေးသွားခဲ့သည်။ သူတို့တဖြည်းဖြည်း ရင့်ကျက်လာခဲ့သည်။ နောက်တော့လည်း လိုက်လျောညီထွေ နေထိုင်ရင်း ရာသီများ ကုန်လွန်ခဲ့ပေသည်။

ထိုဆောင်းဦးမဝင်ခင် ရက်များစွာကတည်းက ဆယ့်လ်မှာ အိမ်လွမ်းစိတ်ဖြစ်နေခဲ့သည်။ ပင်လယ်တွင် နေထိုင်ကျက်စားရင်း အရွယ်ရောက်လာသော ကာလများ၏ ပထမဆုံး လွမ်းစိတ်ဖြစ်သည်။ နောက်မျိုးဆက်



www.burmeseclassic.com

www.burmeseclassic.com

ရင်သွေးများကို လွယ်လာရသောအခါ လေးရာသီမြောက်ဆောင်းဦးကို သူတို့ စောင့်မျှော်နေခဲ့ကြသည်။ ထိုဥများကိုချရန် အိမ် ကြမ်းပြင်သည်သာ အကောင်းဆုံးဟုသူတို့ယုံကြည်သည်။နုငယ်သော ဥကလေးများသည် ပင်လယ်ရိုင်းထဲတွင် ပေါက်ဖွားရှင်သန်နိုင်မည် မဟုတ်ကြောင်း သူတို့သိသည်။ သူတို့ မွေးဖွားကြီးပြင်းလာကြရသလိုပင် ရေစီးသာသော စမ်းချောင်းအတွင်း မျိုးဆက်ဥများကို သားပေါက်လာစေရမည်။ လောကသဘာဝနှင့် ထိတွေ့ရင်ဆိုင်ရန် အရွယ်ရောက်လာသောအခါမှ ပင်လယ်တွင်းသို့ ဆင်းကြပါစေပေါ့။

သူတို့မှာမူ ပင်လယ်ဆီသို့ နောက်တစ်ကြိမ် ပြန်ရောက်လာနိုင်လိမ့်မည်မဟုတ်။ ဇာတိစမ်းချောင်းကလေးမှာပင် ခေါင်းချရပေလိမ့်မည်။ သေဆုံးဆွေးမြည့်သွားပါက သူတို့၏ အရိုးအသားဓာတ်များသည် မြေကိုလည်းကောင်း၊ ရေကိုလည်းကောင်း၊ အပင်သတ္တဝါတို့ကိုလည်းကောင်း အကျိုးရှိစေလိမ့်မည်။ ရှေ့ကို ကြိုတွေးကာ ဝမ်းနည်းသလိုလို ဖြစ်လာသည်။ သို့သော် ဒါသည်ပင် မျိုးစိတ်တို့၏ ရှောင်လွှဲမရသည့် ဓမ္မတာ၊ တစ်နည်းဘဝစက်ဝန်း အဆုံးနှင့်အစပါပင်။ တာဝန်ကျေပွန်ချင်သူ၏ အလှတရားစိတ်နှင့် ဆယ်လ်သည် ပြန်လည် စိတ်လှုပ်ရှားပျော်ရွှင်လျက် အားမာန်တို့တက်ကြွလာသည်။

သူတို့ ထိုးခွဲကူးခပ်နေကြသော ရေ၏ ဓာတ်သတ္တိများ ပြောင်းလဲစပြုလာသည်။ အာရုံခံရနံ့များတွင် အိမ်၏ အငွေ့အသက်ကို ရကြပေပြီ။ သူတို့ပျော်ရွှင်သွားကြသော်လည်း အားအင်များကို ချွေတာထားကြသည်။ အမြင့်ပေများစွာရှိသော ရေတံခွန်ငယ်ကို အဆင့်ဆင့် ဆန်တက်ကြရဦးမည်။ နောက်စမ်းချောင်းကြမ်းပြင်တွင် မျိုးဆက်ဥများကို ချရန် အားအင်အလုံအလောက်ရှိနေဖို့ အရေးကြီးသည်မဟုတ်လား။

❑

အနောက်ဘက် ကမ်းရိုးတန်းသည် အနည်းငယ် သာယာသော ရာသီဥတုဖြင့် သူတို့ကိုကြိုဆိုသည်။ ဖြတ်သန်းလာရသော ပင်လယ်ပြင်လောက် အေးစက်ခက်ထန်ခြင်း မရှိသဖြင့် အိမ်၏ နွေးထွေးမှုပါပဲဟု သူတို့တွေးကြသည်။ ဤပင်လယ်ကမ်းရိုးတန်းကို ကျော်ဖြတ်ပြီးလျှင် မိုင်ပေါင်းများစွာရှည်လျားသော စမ်းချောင်း လက်တက်များအတွင်းသို့ ဝင်ရပေတော့မည်။ ဆားငန်ဓာတ်မရှိသော၊ ရောင်စုံကျောက်တုံးများကို ဖောက်ထွင်းမြင်ရသော၊ ထင်းရှူးပင်များစွာ မိုးသို့ထိုးနေသော ပတ်ဝန်းကျင်အသစ်ကို မြင်တွေ့ခံစားကြရလိမ့်မည်။

သူတို့မှာ ထိုအတွေးငယ်များလောက်သာ ရှိသည်။ လောကနှင့်စပ်ဆိုင်သမျှ သဘာဝစက်ဝန်းအား အလုံးစုံ မသိနိုင်ကြ။ မြင်သမျှ၌ ကျေနပ်ပျော်ရွှင်နေကြရုံသာ။ ငယ်ရာကို နိုင်စားသော ကြီးသူတို့ အန္တရာယ်ကို ကြိုတင်မတွေးတောကြ။ အသက်ကိုဆက်ရန် ရှေ့မှာပြေးလွှားနေသော ငါးငယ်ကလေးများကို ဖမ်းယူစားသောက်ဖို့လောက်သာ သိတတ်ကြသည်။ သူတို့ ပြန်ရာလမ်းမှာမူကား ငါးဖမ်းမုဆိုးတို့သည် ရေပေါ်ရေအောက် ထောင်ချောက်များဖြင့် အသင့်စောင့်နေကြသည်။ ခုန်ပျံကူးခပ်လာကြဆဲမှာပင် အိမ်ပြန်ငါးတို့ ထောင်ချောက်အတွင်း တိုးဝင်ခဲ့မိကြပြီ။

ရေပြင်တစ်ခုလုံး တုန်ခါသွားသည်။ သူတို့အားလုံး ဝရုန်းသုန်းကားဖြစ်သွားကြသည်။ "ဘာဖြစ်တာလဲ၊ ဘာဖြစ်တာလဲ"ဟု အထိတ်ထိတ်အလန့်လန့် အော်ဟစ်လိုက်မိသည်။ တစ်ခဏအတွင်းမှာပင် စုစုစည်းစည်း လာခဲ့ကြသော အဖော်များသည် ဆန့်ကျင်ဘက် အရပ်မျက်နှာအသီးသီးသို့ ကူးခပ်ပြေးကြကုန်ပြီ။ ကမ္ဘာပျက်သလိုပါပဲ။ ဆယ်လ်သည် ဘေးဘီဝဲယာကိုကြည့်ကာ မှင်တက်နေသည်။ ငြိမ်သက် ကြည်လင်နေသော ရေတွင် ပူဖောင်းလုံးကြီးများ ပလုံစီ ထ,လာသည်။ စက်ဝိုင်းသဏ္ဌာန်လည်ပတ်နေသော ဝဲဂယက်တစ်ခုလို ရေသည် အရှိန်ဖြင့် ရွေ့လျားနေသည်။ ဝေးရာသို့ ရုန်းထွက်ဖို့ ပြင်လိုက်စဉ်မှာ နောက်ကျသွားခဲ့ပြီ။ ဆယ်လ်သည် ရေနှင့်အတူ လိုက်မျောပါသွားခဲ့သည်။

ထိုရေဝဲဂယက်ကြီးနှင့် လွတ်ရာအပြင်ဘက်သို့ ဖောက်ထွက်ပြေး၍မရ။ စေ့စပ်စွာရက်လုပ်ထားသော ပိုက်ကွန်ကြီးတစ်ခုအတွင်း ဖမ်းချုပ်ခြင်း ခံလိုက်ကြရသည်။ အထဲမှာလည်း မျိုးနွယ်တူ အဖော်များစွာ။ အချင်းချင်း တိုင်တည်ငိုကြွေးကြသည်။ "ငါတို့ အဖမ်းခံလိုက်ကြရပြီ၊ အားလုံး သေကြတော့မှာပဲ"ဟု တစ်ကောင်က ကြောက်လန့်တုန်ယင်စွာ အော်ပြောသည်။ ဆယ်လ်လည်း သေလုမတတ် ကြောက်လာသည်။ အလာခရီးနည်းတူ မမြင်နိုင်သော အန္တရာယ်အတားအဆီးတို့ ရှိနိုင်လိမ့်မည်ဟု ရေးရေးတွေးထင်မိခဲ့သော်ငြား ယခုမူ နောက်ကျခဲ့ပြီ။

"ဘယ်သူတွေ လွတ်သွားသေးလဲ၊ ဟင် ဘယ်သူတွေ..."

တစ်ကောင်မှ ပြန်မဖြေကြ။ စိတ်ဓာတ်ကျသွားခဲ့ရပြီ။ မျိုးဆက်ဥများကိုချဖို့။

"ငါတို့ ဘယ်လိုလုပ်ကြမလဲ၊ မျိုးဥချဖို့ အခွင့်အရေးမရှိတော့ဘူးလား၊ ငါတို့မျိုးဆက်တွေ..."

ဆယ်လ်၏ စကားများကြောင့် သူတို့အားလုံး ဖြေမဆည်နိုင်။

"ငါ ဒီလိုတော့ အသေမခံနိုင်ဘူး၊ ငါ့ရင်သွေးတွေကို စမ်းချောင်းထဲမှာ ဥချရမှဖြစ်မယ်"

တစ်ကောင်က ပိုက်ကွန်ကို ဖောက်ထွက်ဖို့ ကြိုးစားသည်။ အချည်းနှီးပင်။ သေးကျစ်သော ကြိုးချောင်းများကြားတွင် ရစ်ပတ်ငြိလျက်သာ။ ပိုက်ကွန်ထဲတွင် ရူးနှမ်းစွာ ပြေးလွှား၍ သူတို့ ငိုယိုအော်ဟစ်ကြနေသည်။ အသက်ကယ်သူကိုလည်းကောင်း၊ မိဘဘိုးဘွားတို့အားလည်းကောင်း တောင့်တခေါ်



www.burmeseclassic.com

www.burmeseclassic.com

ကြသည်။ သူတို့အားလုံးမှာ အထိတ်ထိတ်အလန့်လန့် သွေးပျက်လျက်။ ဆောက်တည်ရာမဲ့ အော်ဟစ်ပြေးလွှားလျက်။ အချို့တစ်ကောင်နှင့်တစ်ကောင် တိုက်မိကြကုန်သည်။ အချို့ သွေးလန့်သဖြင့် သတိလွတ်ကုန်သည်။ အချို့ နှလုံးကွဲသဖြင့် သေကုန်သည်။ မျှော်လင့်ချက်ကြီးသော၊ တည်ကြည်ရဲရင့်သောသူများသာ သတိသတ္တိရှိရှိ နေနိုင်ကြသေးသည်။

ဝိုင်းပိုက်၏ အောက်ခြေရှုံ့ကြိုးကို တဖြည်းဖြည်း ဆွဲယူလိုက်သဖြင့် ထွက်ပေါက်တစ်ခု ပိတ်သွားခဲ့သည်။ ဟိုးအနက်သို့ ထိုးဆင်းကာ ထွက်ပြေးဖို့ အခွင့်အရေးကို လက်လွှတ်လိုက်ရပြန်ပြီ။ ရေဖိအားများ၊ ပူစီဖောင်းများ အပြင်းအထန် နှိပ်စက်နေသည်။ သူတို့ တဖြည်းဖြည်း ကျပ်သိပ်ပူးကပ်လာတော့သည်။ စက်လှေငယ်သည် ဝိုင်းပိုက်ကို စက်ဝိုင်းတစ်ပတ်ပြည့် လှည့်ပတ်ဆွဲယူ၍ ပင်မသင်္ဘော၏ ဘေးနံရံမှာ ပူးကပ်ရပ်လိုက်သည်။

"တစ်အုပ်တစ်မကြီးပါလား၊ ပွတာပဲ၊ ဟား…ဟား၊ ဆွဲတင်ကြစမ်း… ဆွဲတင်ကြစမ်းဟေ့"

သင်္ဘောက ငါးအပြည့်ပါသော ပိုက်ကို ရေထဲမှ ဆွဲမလိုက်ချိန်တွင် သူတို့အားလုံး ငြိမ်သက်ကျသွားပါသည်။ လွတ်မြောက်လမ်းမရှိတော့။ အမာခံကြမ်းပြင်ပေါ် ဝေါခနဲ သွန်ပစ်ချခြင်းခံလိုက်ရသည်။ အုပ်စုလိုက် ပုံကျသွားသည်။ တစ်ကောင်ပေါ်တစ်ကောင် ထပ်လျက်။ ငြိမ်သက်နေရသော်လည်း ဆယ့်လ် ရင်ထဲမှာ တဖျပ်ဖျပ်ခါနေသည်။

❑

တကွဲတပြား ဖြစ်သွားကြသည်။ အနီရောင်သေတ္တာပုံးထဲ တစ်ကောင်ပြီးတစ်ကောင် ပစ်ထည့်ခြင်းခံလိုက်ရသည်။ နှင်းမြူတို့ဖြင့် အေးခဲသော ပင်လယ်မှာပင် သက်သောင့်သက်သာ နေနိုင်ခဲ့ကြသေးသည်။ ခုတော့ အေးစက်တုန်ခိုက်လျက်။ အသက်ရှူဖို့ ခက်ခဲလွန်းလှသည်။ ပါးဟက်ကို အငမ်းမရ ဖွင့်ရှူနေသော်လည်း ရင်ဘတ်သည် ဖျစ်ညှစ်ခံထားရသလို။ မကြာမီ ပြင်းထန်စွာ ပေါက်ကွဲထွက်တော့မတတ်။ သေတော့မှာလား။ မခံချိမခံသာ ကြောက်လန့်သွားရသဖြင့် ဆယ်လ်သည် အမြီးအတောင်များကို တဝုန်းဝုန်း ပုတ်ခတ်လိုက်မိသည်။ ဝမ်းဗိုက်တွင် လွယ်ထားရသော မျိုးဆက်ကလေးတွေ။ ဆယ်လ်၏ အသည်းနှလုံးများ ကွဲကြေကျသွားသည့်ပမာ ဝမ်းနည်းနာကျင်သွားရသည်။

ဥငယ်များကို သားပေါက်ကလေးများအဖြစ် မွေးဖွားရှင်သန်ခွင့် ရစေချင်သေးသည်။ စိမ့်စမ်း၊ သစ်ပင်၊ တောတောင်များ၏ နွေးထွေးလှပပုံ၊ နောက် လောက၌ ထင်မှတ်မထားသည့် ရန်သူများ ရှိတတ်ပုံ၊ ပင်လယ်ပြင်၏ ငြိမ်သက်သာယာပုံ၊ လှိုင်းတံပိုးများ ခက်ထန်ကြမ်းတမ်းပုံ တို့ကို လည်းကောင်းစွာ ခြားနားသိစေချင်သည်။ ထိုအန္တရာယ် အတားအဆီးများကို လိမ္မာပါးနပ်စွာ ရင်ဆိုင်ကျော်ဖြတ်၍ မျိုးဆက်ရင်သွေးများအား ရင့်ကျက်သန်မာစေလိုသည့် စိတ်ကူးအိပ်မက်များ အဆုံးသတ်ခဲ့ရပြီ။ သဘာဝဆုလာဘ်များဆီ အောင်မြင်စွာ မပို့ဆောင်ပေးနိုင်ခဲ့သည့် မိမိကိုယ်ကို အပြစ်တင်မဆုံး။ မိမိနှင့် ခရီးဖော် မျိုးနွယ်တူများသည် တာဝန်ကိုကျေပွန်ဖို့ ကျရှုံးခဲ့ကြသူများသာ။

အသက်ယှဲ့ယှဲ့မျှ ရှင်သန်နေရသောအချိန်အထိ ဆယ့်လ်မှာ ခိုင်မာပြင်းထန်သော ဆန္ဒနှင့် နာကျင်ဝမ်းနည်းသော ခံစားချက်တို့ အပြင်းအထန် နှိပ်စက်နေသည်။ ထို့ထက်ပိုစွာ ရှက်ရွံ့နေရသည်။ ဘိုးဘေးဘီဘင်တို့သည် အသက်ကိုရင်းလျက်ပင် မိုင်ပေါင်းခရီးရှည်ကို အောင်မြင်စွာ ကျော်ဖြတ်ကာ ဇာတိရပ်မြေသို့ အရောက် ပြန်နိုင်စွမ်းခဲ့သည်။ မိမိတို့မှာသာ…။

အနီရောင်သေတ္တာပုံးများတွင် အိမ်ပြန်ငါးများ အပြည့်အသိပ်။ တစ်ကောင်ပေါ်တစ်ကောင်ထပ်လျက်။ တိုးလျှသော အသံများကိုသာ သူတို့ပြုနိုင်ကြတော့သည်။ အောက်ဆီဂျင်ကို မရတော့သဖြင့် လွန်စွာ အားနည်းလာခဲ့ကြရပြီ။ တချို့ မျက်ရည်များ စီးကျကာ အသက်ငင်လျက်။ တချို့ "ငါ့ကလေးတွေ၊ ငါ့ရင်သွေးတွေ" ဟု ကယောင်ကတမ်း ရေရွတ်လျက်။ အနည်းငယ်မျှသော အားအင်တို့နှင့်ပင် အမြီးအတောင်များကို သူတို့ တဖျပ်ဖျပ် လှုပ်ခါနေကြသေးသည်။ မကြာမီ သူတို့၏ အရေပြားများ ဖျော့တော့လာသည်။ ပြီးနောက် အဖြူရောင် ရေခဲများ သူတို့အားလုံးကို ဖုံးအုပ်သွားခဲ့သည်။

❑

နေသည် အနောက်ဘက် ကမ်းရိုးတန်းတစ်လျှောက် လဲလျောင်းနေသော တောင်စွယ်တန်းနောက်ကွယ်သို့ တစ်စတစ်စ နစ်မြုပ်နေသည်။ စေ့စေ့ကြည့်လျှင် မိုးသို့ထိုးနေသော ထင်းရှူးပင်များ၏ အစွန်အဖျားအစအနကို ခပ်ရေးရေးမြင်နိုင်သည်။ ထိုအရပ်၌ ကြမ်းပြင်ကို ဖောက်ထွင်းမြင်နိုင်သော၊ ရောင်စုံကျောက်တုံးလေးများ အစီအရီရှိသော စမ်းချောင်းငယ်သည် သူ့ဘာဝအတိုင်း တစိမ့်စိမ့် စီးဆင်းနေပေမည်။ လေခတ်ရုံဖြင့် ကြွေကျတတ်သော ထင်းရှူးသီးခြောက်များသည်လည်း ရေစီးသာနှင့်အတူ မျောနေပေလိမ့်မည်။ ရာသီသဘာဝ ပြန်လည် လည်ပတ်ခဲ့သည့်အတိုင်း စမ်းချောင်းငယ်သည် သေးငယ်စဉ် သူ့ရင်ခွင်အတွင်း၌ ကူးခပ်ပြေးဆော့ခဲ့ဖူးသော အိမ်ပြန်ငါးများကို မျှော်နေရှာလိမ့်မည်။ သူ့၌ သေဆုံးပျော်ဝင်သွားခဲ့သည့် ဘိုးဘေးငါးတို့၏ အရိုးအဆွေးခာတ်များဖြင့် တစ်ဖန် ခိုကပ်ပေါက်ဖွားလာအံ့သော အနာဂတ် မျိုးဥငယ်များကို လက်ခံစောင့်ရှောက်နိုင်ရန် အသင့်ရှိနေလိမ့်မည်။

ထိုအချိန်တွင် အိမ်ပြန်ငါးများကို ဖမ်းယူသယ်ဆောင်သွားသော သင်္ဘောသည်ကား ထိုကမ်းရိုးတန်းနှင့် ဆန့်ကျင်ရာအရပ်တည့်တည့်သို့ ဦးတည်ခုတ်မောင်းနေပေသည်။ ■

**သံလွင်ကို၊မော်လမြိုင်၊**



www.burmeseclassic.com

www.burmeseclassic.com



# လူပျင်းမှာလည်း မာနနဲ့ပါ

## ကေ (တောင်တန်းမြှာ)

လုံတုံးမျိုးနွယ်တွေအဖို့ လူရယ်လို့ဖြစ်လာရင် အိမ်တစ်လုံးကောင်းကောင်း ဆောက်ပြီးနေနိုင်မှ လူဖြစ်ကျိုးနပ်တယ်လို့ ခံယူကြတယ်။ ချင်းမျိုးနွယ်စုတွေထဲမှာတော့ လုံတုံးမျိုးနွယ်စုက တကယ်ထူးဆန်းတဲ့ မျိုးနွယ်တစ်စုလို့ ပြောရမယ်။ မင်္ဂလာဆောင်လို၊ ရိုးရာပွဲတော်လို အာခေးမျိုးတွေနဲ့ မသာပွဲလို နာရေးမျိုးတွေကလွဲရင် တစ်ယောက်နဲ့ တစ်ယောက် မပတ်သက်ကြဘူး။ လူတစ်ယောက် အရွယ်ရောက်ပြီဆိုတာနဲ့ ကိုယ့်အား ကိုယ်ကိုး၊ ကိုယ့်လမ်းကိုယ်လျှောက်၊ ကိုယ့်ဘဝကိုယ်ကျောင်းပဲ။ ကြက်မကြီးဟာ ကြက် ကလေးတွေ အတောင်နဲ့ပြီး သူတို့ဟာသူတို့ ရှာစားတတ် ပြီဆိုတာနဲ့ ရှာမကျွေးတော့ ဘူး။ အဲဒီအခါ ကြက် ကလေးတွေလည်း သူတို့ အသက်ရှင် ရပ်တည်ရေး



www.burmeseclassic.com

www.burmeseclassic.com



အတွက် သူတို့အာသာသူတို့ ရှာစားကြတော့တယ်။ လုံးတူး မျိုးနွယ်တွေလည်း ကြက်တွေလိုပဲ။ မိဘတွေဟာ သားသမီးတွေ အရွယ်ရောက်ပြီ ဆိုတာနဲ့ တာဝန်မယူတော့ဘူး၊ သံယောဇဉ်မထားတော့ဘူး၊ ရှာမကျွေးတော့ဘူး။ ဒီတော့ သားသမီးတွေလည်း အရွယ်ရောက်ပြီဆိုတာနဲ့ အိမ်ထောင်ပြု၊ ကိုယ့်အိမ်ကိုယ်ဆောက်၊ ကိုယ့်တောင်ယာ ကိုယ်ခုတ်၊ ကိုယ့်ဒုက္ခကိုယ်ခံပဲ။ ဒုက္ခရောက်လို့ မိဘပဲဆိုပြီး၊ ညီအစ်ကိုပဲဆိုပြီး၊ ဆွေမျိုးပဲဆိုပြီး သွားပြီး အားကိုးမယ်မကြံနဲ့။ အပူကပ်မယ်မကြံနဲ့။ လုံးဝလှည့်မကြည့်ဘူး။ လူ တစ်ယောက်ဖြစ်လာပြီး ဒီလောက်မှ သောက်သုံးမကျလည်း ဒုက္ခရောက်တာတောင် နည်းသေးတယ်ဆိုပြီး အပြောခံရတာပဲ၊ အဖတ်တင်မယ်။



www.burmeseclassic.com

www.burmeseclassic.com

တစ်ခုတော့ ကောင်းတယ်။ အဲဒီလို တစ်ယောက်နဲ့ တစ်ယောက်၊ တစ်အိမ်နဲ့တစ်အိမ် ကင်းကင်းရှင်းရှင်းနေကြတော့ ပြဿနာတွေတော့ မရှိဘူး။ ပြဿနာတွေမရှိတော့ အဲဒီပြဿနာတွေ ဖြေရှင်းမယ့် ရွာသူကြီးတောင် မထားကြဘူး။ အေးရော။ ကိုယ့်ပြဿနာကိုယ်ရှင်းပဲ။ ဒါကြောင့် ဒီလုံတူးမျိုးနွယ်တွေကို ထူးဆန်းတဲ့ မျိုးနွယ်စုလို့ ပြောကြတာပေါ့။

လုံတူးမျိုးနွယ်စုကလွဲပြီး တခြားမျိုးနွယ်စုတွေကတော့ တစ်ယောက်ဒုက္ခရောက်ရင် တစ်မျိုးလုံးက ဝိုင်းဝန်းကူညီကြတယ်။ တစ်ယောက်ပြဿနာတက်ရင် ဝိုင်းဝန်းဖြေရှင်းပေးကြတယ်။ လူတစ်ယောက် အိမ်တစ်အိမ်ဆောက်တော့မယ်ဆိုရင် တိုင်ခုတ်သူကခုတ်၊ ဝါးခုတ်တဲ့လူခုတ်၊ သက်ငယ်ပျစ်တဲ့လူပျစ်၊ နီးဖြာတဲ့သူကဖြာ၊ ထရံရက်တဲ့လူကရက်ပေါ့။ အဲဒီလို ဝိုင်းဝန်းဆောက်ပေးကြတယ်။ တောင်ယာခုတ်တော့လည်း ဘာထူးလို့လဲ။ ဝိုင်းဝန်းခုတ်ကြရတယ်။ အဲဒီလိုပဲ သီးနှံစိုက်ပျိုးတော့လည်း ဝိုင်းဝန်းပြီး စိုက်ပျိုးကြရတယ်။ ဒါကြောင့် အဲဒါတွေကို စီမံခန့်ခွဲဖို့ ရွာသူကြီးတွေ ထားကြတယ်။ လုံတူးမျိုးနွယ်က အဲလိုမရှိဘူး။ ကိုယ့်အားကိုယ်ကိုး၊ ကိုယ့်ပြဿနာကိုယ်ရှင်းကြေးပဲ။ တစ်ယောက်နဲ့တစ်ယောက် မှီခိုမှုမရှိကြတော့ တစ်ယောက်နဲ့တစ်ယောက် မခံချင်စိတ်နဲ့ ကြိုးစားကြတယ်။ တစ်ယောက်နဲ့တစ်ယောက် ပြိုင်ကြတယ်။ အဲဒါကြောင့်လားတော့ မသိဘူး၊ ချမ်းသာတဲ့လူတွေကို ကြည့်လိုက်ရင် လုံတူးမျိုးနွယ်တွေ ဖြစ်နေတယ်။ လုံတူးမျိုးနွယ်တွေဟာ တစ်ယောက်က တိုက်အိမ်ကြီးဆောက်နိုင်ရင် သူတောင် တိုက်နဲ့ နေနိုင်သေးတာ ငါဘာလို့ တိုက်မဆောက်နိုင်ရမှာလဲဆိုပြီး တိုက်ဆောက်နိုင်အောင် ကြိုးစားတယ်။ အဲဒါ လုံတူးမျိုးနွယ်တွေရဲ့ စိတ်ဓာတ်ပဲ။ ဒါကြောင့် လုံတူးမျိုးနွယ်တွေကို ကြည့်လိုက်ရင် ဆင်းရဲတဲ့သူရှားတယ်။ မြို့ပေါ်တွေမှာလည်း တိုက်နဲ့ကားနဲ့ နေတဲ့လူဆိုရင် လုံတူးမျိုးနွယ်တွေက များတယ်။ ဒါပေမဲ့ လုံတူးမျိုးနွယ်စုထဲမှာမှ ရှားရှားပါးပါး ဆင်းရဲတဲ့ မိသားစုတစ်စုတော့ ရှိတယ်။ မိသားစုဆိုပေမဲ့ ဦးဟုန်းကေနဲ့ ကေအွမ်လို့ခေါ်တဲ့ သားအဖနှစ်ယောက်ပါ။ ဦးဟုန်းကေဟာ ကေအွမ်လေး နို့ပြတ်ခါစမှာ အမေလုပ်သူက ရေချိုးမှားပြီး ဆုံးသွားတော့ နောက်အိမ်ထောင်မပြုဘဲ တစ်ဦးတည်းသောသားလေး ကေအွမ်ကိုပဲ ပြုစုစောင့်ရှောက်ခဲ့တယ်။

သူတို့ရွာမှာ လူတိုင်းလိုလို ပျဉ်ထောင်သွပ်မိုးနဲ့ နေတဲ့အချိန်မှာ သူတို့သားအဖနှစ်ယောက်က တဲကုပ်နဲ့ပဲ နေကြတယ်။ ပျဉ်ထောင်သွပ်မိုးနဲ့ မနေနိုင်တောင်မှ တိုင်ကြီးဝါးကြီးနဲ့ ဆောက်ထားတဲ့ တုတ်တုတ်တန်တန် အိမ်မျိုးဆိုရင်တော့ မပြောလိုဘူးပေါ့ဗျာ။ အခုတော့ ကေအွမ်လေးမွေးတုန်းကလည်း မြေစိုက်တဲပဲ။ ကေအွမ်လေး ၁၆ နှစ်ပြည့်ပြီး လူရွယ်သူရွယ်ဖြစ်လာတော့လည်း မြေစိုက်တဲပဲ။ ဒီမြေစိုက်တဲလေးတောင်မှ မိုးလုံလေလုံမဖြစ်တော့ ကဲ့ရဲ့စရာဖြစ်လာတာပေါ့။ "မင်းတို့သားအဖ နှစ်ယောက်က ဒုက္ခိတလည်း မဟုတ်ဘူး၊ ခြေကောင်းလက်ကောင်း အရွယ်ကောင်းတွေ။ ဒါတောင် လူလိုသူလို အိမ်ဆောက်ပြီး မနေနိုင်ကြဘူး။ သောက်သုံးမကျတဲ့သားအဖ။ မင်းတို့ လုံတူးမျိုးနွယ်မှ ဟုတ်ရဲ့လား။ ဟိုခြေတစ်ဖက်မသန်တဲ့ ဒုက္ခိတ နိန်းလောတောင် ပျဉ်ထောင်သွပ်မိုးနဲ့ နေနိုင်သေးတယ်။ မင်းတို့သားအဖ နိန်းလောခြေဖဝါးက ဖုန်မှုန့်လောက်တောင် အရည်အချင်း မရှိဘူး။ ငါတို့ လုံတူးမျိုးတွေ သိက္ခာကျတယ်။ မင်းတို့သားအဖ ဒီရွာမှာ မနေတာ အကောင်းဆုံးပဲ" ဆွေမျိုးတွေက သူတို့သားအဖနှစ်ယောက်ကို မြင်တိုင်း အဲဒီလို ကဲ့ရဲ့ပြစ်တင်ကြတယ်။ ဆူပူကြိမ်းမောင်းကြတယ်။ သူတို့သားအဖနှစ်ယောက်ရဲ့ အပြစ်ကလည်း မျိုးနွယ်တွေရဲ့ကြားမှာ အပြစ်ပြောစရာကြီးဖြစ်နေတော့ တစ်ချိန်လုံး ခေါင်းငုံ့ပြီး အနှိမ်ခံ၊ အပယ်ခံ ဘဝနဲ့ပဲ နေလာခဲ့ရတယ်။ တကယ်လည်း ဆွမ်းဆန်ထဲက ကြွက်ချေးလို သွပ်မိုးဖွေးဖွေးအိမ်တွေကြားထဲက သူတို့သားအဖနှစ်ယောက်ရဲ့ တဲကုပ်လေးက ဘယ်လိုမှ ကြည့်လို့အဆင်မပြေဘူး။ ဆွေမျိုးတွေ အပြစ်ပြောလည်း ပြောစရာပါ။ ဦးဟုန်းကေက အသက် ၄၀ အရွယ်၊ တစ်ဦးတည်းသောသား ကေအွမ်က ၁၈ နှစ် အရွယ်ဆိုတော့ တကယ့်အားကောင်းမောင်းသန် အရွယ်ကြီးတွေလေ။ အဲဒီအားကောင်းမောင်းသန်ကြီး သားအဖက တဲကုပ်နဲ့နေသတဲ့။ နောက်ဆုံးတော့ သူတို့သားအဖဟာ အိမ်ကြီးအိမ်ကောင်းလည်း မဆောက်နိုင်တဲ့အတူတူ အပြောတော့ မခံတော့ဘူးဆိုပြီး သူတို့တဲကုပ်လေးကို ဖျက်တယ်။ ပြီးတော့ ဟိုးရွာပြင် ခပ်လှမ်းလှမ်းက တောင်ခြေမှာ ရွှေ့ပြီး နေကြတယ်။ သူတို့သားအဖ အဲဒီလို ရွှေ့သွားတာကို ရွာထဲက ချေးထုပ်တော့ ရွာပြင်လွင့်သွားကြပြီဆိုပြီး ဝမ်းသာကြလေရဲ့။

တကယ်တော့ ဦးဟုန်းကေတို့ သားအဖနှစ်ယောက်ဟာ လုံတူးမျိုးနွယ်စစ်စစ်တွေပါပဲ။ ဒါပေမဲ့ လုံတူးမျိုးနွယ်ဖြစ်တိုင်း အားလုံးတော့ ဘယ်ကောင်းနိုင်ပါ့မလဲ။ ထုံးစံအတိုင်း စုန်းပြူးတော့ ပါတာပါပဲ။ အဲဒီစုန်းပြူးကတော့ ဦးဟုန်းကေတို့သားအဖ နှစ်ယောက်လေ။ ဦးဟုန်းကေဟာ လုံတူးမျိုးနွယ်သွေးပါလာတယ်ဆိုပေမဲ့ ဘယ်ကဘယ်လိုဖြစ်တယ် မသိပါဘူး။ ငှက်ပျောသီးစားဦးမလားဆိုရင် နွှာပြီးသားလားဆိုတဲ့ အစားအမျိုးကလို လူဖျင်းလူပျင်း။ လက်ကြော


www.burmeseclassic.com

www.burmeseclassic.com

မတင်းဘူး။ လက်ကြောမတင်းပေမဲ့ လုံ့တူးမျိုးနွယ်တွေရဲ့ အစဉ်အလာအတိုင်း အရွယ်ရောက်တော့ မိန်းမတစ်ယောက် ကောက်ယူပြီး ကိုယ့်အိုးကိုယ့်တဲနဲ့တော့ နေလာခဲ့တာပဲ။ ဒါပေမဲ့ နေ့ဖို့ညစာရှိပြီး မသေရင်တော်ပြီဆိုတဲ့ လူပျင်းသွေးက ပါလာတော့ ကလေးတစ်ယောက်သာ မွေးလာတာ ဘယ်ကလာ အိမ်ကြီးအိမ်ကောင်း ဆောက်နိုင်မှာလဲ။ တဲကုပ်က တဲကုပ်ပဲ။ ဒါပေမဲ့ ဦးဟုန်းကေဟာ သူဖျင်းလို့ သူ့လက်ထက်မှာ အိမ်ကြီးအိမ်ကောင်းနဲ့ မနေနိုင်တောင် သူ့သားလက်ထက်မှာတော့ လူလိုသူလို တူတူတန်တန် အိမ်ကြီးအိမ်ကောင်းနဲ့တော့ နေနိုင်ကောင်းပါရဲ့ဆိုပြီး သူ့သားလေးကို မျှော်လင့်ခဲ့တယ်။ အားထားခဲ့တယ်။ ဒါကြောင့်လည်း သားတို့အမေဆုံးပြီးကတည်းက နောက်အိမ်ထောင်မပြုဘဲ တစ်ကောင်ကြွက်သားလေး ကေအွမ်ကိုပဲ သားမှတ်မှတ် သမီးမှတ်မှတ် ပြုစုလာခဲ့တာလေ။ ဒါပေမဲ့ဗျာ။ အရွယ်ရောက်လာရင်တော့ အားကိုးရချည့်ရဲ့ဆိုပြီး မျှော်လင့်ခဲ့ရတဲ့ တစ်ကောင်ကြွက်သားမောင် ကေအွမ်ပြောပါတယ်။ အဖေ ဖျင်းတာလောက်တော့ ပျင်းတောင်ပျင်းသေးတယ် ဆိုရမလိုပါပဲ။ သားက ဖအေထက်ပိုဆိုးနေပါရောလား။ ဘာမှ သုံးစားမရဘူး။ ကေအွမ် ဖျင်းပုံကတော့ ဖအေလူဖျင်းကတောင် လက်ဖျားခါရတယ်။ တစ်ဦးတည်းသောသားဆိုတော့လည်း ဘာတတ်နိုင်မှာလဲ။ ဖအေဖျင်း သားဖျင်းဆိုတော့လည်း တဲကုပ်က တဲကုပ်ပဲ မဟုတ်လား။

❑

အဲ…ဦးဟုန်းကေတို့ သားအဖနှစ်ယောက် ရွာပြင်ရွှေ့ပြီး တစ်နှစ်လောက်အကြာမှာ သားအဖနှစ်ယောက်စလုံး ပျောက်ချင်းမလှ ပျောက်သွားကြတယ်။ ပထမတော့ တောသွားတောပြန်တွေ ပြောတဲ့စကားကို ဆွေမျိုးတွေက မယုံကြဘူး။ တစ်လလောက်ကြာမှ ယုံသွားကြတယ်။ ဒီလူဖျင်းသားအဖ ဘယ်များသွားနေကြတာလဲ။ တစ်နေရာရာများ သွားသေနေကြတာလား။ တစ်နေရာရာ သေနေကြရင်လည်း မျိုးနွယ်ထုံးတမ်းစဉ်လာအရ သင်္ဂြိုဟ်ဖို့ ဝတ္တရားက ရှိနေသေးတော့ ဝတ္တရားကျေအောင်တော့ ရှာကြပါသေးတယ်။ နောက်တော့ ပျောက်ချက်သားကောင်းလှတဲ့ အဲဒီသားအဖကို လက်လျှော့လိုက်ကြတယ်။ အလုပ်ပျက်ခံပြီး မရှာကြတော့ဘူး။ ဒီသားအဖနှစ်ယောက်ကြောင့် မျိုးနွယ်သိက္ခာတောင်ကျသေးတယ်။ အခုလို ပျောက်သွားကြလည်း အေးတာပဲဆိုပြီး နေလိုက်ကြတယ်လေ။ ဒါပေမဲ့ ဆွေမျိုးတွေထင်သလို ဦးဟုန်းကေတို့သားအဖနှစ်ယောက် ပျောက်မသွားဘူး။ သူတို့သားအဖနှစ်ယောက် ရွာကနေ ခြေရာဖျောက်ပြီး ၁၀ နှစ်လောက်ကြာမှ အရှင်လတ်လတ်ကြီး ပြန်ပေါ်လာကြတယ်။ အဲဒီသားအဖနှစ်ယောက်ကို ရွာကတောင် မေ့တော့တော့ဖြစ်နေကြပြီ။ ဟိုရှေးရှေးတုန်းက ဒီရွာမှာ ဦးဟုန်းကေနဲ့ မောင်ကေအွမ်ဆိုတဲ့ လူဖျင်းသားအဖ နေထိုင်ခဲ့ကြဖူးတယ်ဆိုတဲ့ စကားတောင် အိပ်ရာဝင်ပုံပြင် ဖြစ်တော့မယ်။ ဆွေမျိုးတွေတော့ အံ့သြကုန်ကြတယ်။ သေရွာကများ ပြန်လာကြတာလားပေါ့။ သေရွာကပြန်လာကြတာတော့ မဟုတ်ပါဘူး။ မိုးကုတ်က ပြန်လာကြတာပါ။ မိုးကုတ်သွားပြီး အလုပ်လုပ်ကြတာတဲ့။ ဒီလူဖျင်းသားအဖကို မိုးကုတ်သွားပြီး အလုပ်လုပ်ရအောင် ဘယ်သူတွေကများ လက်တို့ပါလိမ့်။ တကယ်တော့ ဒီသားအဖဟာ လူဖျင်းတွေဆိုပေမဲ့ နဂိုမရှိလို့ နကိုင်းမထွက်တဲ့ သူလိုကိုယ်လို ဖွတ်ကျားတွေတောင် ဘာလို့ အိမ်ကြီးအိမ်ကောင်းတွေနဲ့ နေနိုင်တာလဲဆိုတာတော့ ကြည့်တတ်ကြတယ်လေ။

ဒီလိုနဲ့ မြို့ပေါ်ရောက်တုန်း အလုပ်သမားလာရှာတဲ့ မိုးကုတ်ပြန်တစ်ယောက်နဲ့ စကားစပ်မိရာကနေ မိုးကုတ်ရောက်သွားကြတာတဲ့။ ဘာပဲဖြစ်ဖြစ် လုံ့တူးမျိုးနွယ်သွေးလေးက ပါသေးတော့ မခံချင်စိတ်နဲ့ ကြိုးစားလိုက်တာ ၁၀ နှစ် ၁၀ မိုးတောင် ကြာသွားတယ်။ ကြိုးစားရင်တော့ ပင်ပန်းမှာပဲ။ အပင်ပန်းဆုံးကတော့ ထုံးစံအတိုင်း ဖအေလုပ်တဲ့ ဦးဟုန်းကေပေါ့။ မောင်ကေအွမ်ကို ရှေးရေစက်ကြောင့် ဒီဘဝမှာ သားလာတော်ရပေမဲ့ ချော့လဲတာတောင် ဖအေထူပေးမှ ထ,လာတဲ့ကောင်ဆိုတော့ ဘာအားကိုးလို့ရမှာလဲ။ အဲဒီလူဖျင်းသားအဖဟာ အခုတော့ အထုပ်ကလေးပိုက်ပြီး ရွာပြန်ရောက်လာကြပြီ။ ဦးဟုန်းကေတို့သားအဖနှစ်ယောက်ဟာ အထုပ်ကလေးပိုက်ပြီး ရွာပြန်ရောက်လာကြပေမဲ့ ရွာထဲတော့ မနေကြဘူး။ လွန်ခဲ့တဲ့ ၁၀ နှစ်က နေခဲ့ကြတဲ့ ရွာအပြင်က တဲကုပ်လေးဆီ ပြန်သွားကြတယ်။ ဒါပေမဲ့ တဲကုပ်လေးတော့ မရှိတော့ပါဘူး။ တဲကုပ်လေးနေရာမှာ ဖုန်းဆိုးတောကြီးက အစားထိုးနေရာယူသွားပြီလေ။ ဒါကြောင့် အဲဒီဖုန်းဆိုးတောနေရာကို ရှင်းလင်း၊ ၁၀ နှစ်ကြာ စုဆောင်းလာတဲ့ အထုပ်ကလေးနဲ့ သံဝယ်၊ သွပ်ဝယ်၊ တိုင်ဝယ်၊ ပျဉ်ဝယ်နဲ့ အိမ်ဆောက်လိုက်ကြတာဟာ ၄ လအတွင်း ရွာပြင်တောင်ခြေမှာ နှစ်ထပ်ပျဉ်ထောင်အိမ်ကြီး ဟိန်းခနဲ ပေါ်လာတော့တယ်။ ကတ္တရာစေးမစပ်တဲ့ ရေနံချေးစစ်စစ်ကို သုတ်ထားတော့ အိမ်ကြီးဟာ စိမ်းမှောင်နေတာပဲ။ ကဲ…ဘယ်သူတွေကိုယ့်ထမင်းကိုယ်စားပြီး အလကားနေရင်း ကဲ့ရဲ့ကြဦးမလဲ။ မျိုးနွယ်ကြားထဲမှာ တစ်ချိန်လုံး ခေါင်းငုံ့နေခဲ့ကြတဲ့ ဦးဟုန်းကေတို့ လူဖျင်းသားအဖဟာ အခုတော့ ခေါင်းဖော် ရင်ကော့နိုင်ပြီ



www.burmeseclassic.com

www.burmeseclassic.com

လေ။ ရွာပြင် တောင်ခြေမှာ ဟိန်းထနေတဲ့ ဦးဟုန်းကေတို့ လူဖျင်းသားအဖအိမ်ကို ရွာသားတွေက လာလာကြည့်ကြပြီး လုံးတူးမျိုးနွယ်ဆိုတာ ဒါပဲကွတဲ့။ ချီးမွမ်းကြတာလေ။

❑

အဲဒီ လူဖျင်းသားအဖဟာ အိမ်ဆောက်ရုံတင် ဘယ်ကမလဲ၊ နွားနောက်အကောင် ၂၀ ပေါ်ပြီး ရိုးရာ လုံးယူပွဲတော်တောင် ခြိမ့်ခြိမ့်သဲ ကျင်းပခဲ့ကြတယ်။ ရွာ ၁၁ ရွာ၊ ၇ ရက် ၇ လီ မီးခိုးတိတ်ပဲ။ ဂန္ဓဝင်မှာ စံတင်မယ့် လုံးယူပွဲတော်လို့တောင် ပြောစမှတ် ပြုကြတယ်။ ဒီလိုနဲ့ပဲ လူဖျင်းသားအဖဆိုတဲ့ ဘွဲ့ထူးဂုဏ်ထူးဟာ တစ်ခါက တစ်ဘဝဖြစ်သွားပြီလေ။ တစ်နေ့မှာတော့ ဦးဟုန်းကေဟာ တောင်ယာခုတ်သွားကြည့်ဦးမယ်ဆိုပြီး အိမ်မှာနေခဲ့တဲ့ သားတော်မောင်ကို အိမ်ပတ်ဝန်းကျင်မှာ ရှုပ်နေတဲ့ အမှိုက်တွေကို ရှင်းပြီး အဝေးကို သွားပစ်ဖို့ မှာခဲ့တယ်။ ဒါနဲ့ ကေအွမ်ခေါ်တဲ့ သားတော်မောင်လည်း ဖအေမှာခဲ့တဲ့အတိုင်း အိမ်ပတ်ဝန်းကျင်မှာ မျက်စိရှုပ်နေတဲ့ အမှိုက်တွေကို ရှင်းပြီး အိမ်နဲ့မလှမ်းမကမ်းက လျှိုထဲကို သွားသွားပစ်တယ်။ ပထမတော့ အဲဒီလို တစ်ခေါက်နှစ်ခေါက်တော့ သွားပစ်သေးတယ်။ နောက်တော့ ဖအေလုပ်သူကတောင် လက်ဖျားခါရတဲ့ လူပျင်းဆိုတော့ အဲဒီလို သွားသွားပစ်ရမှာကို ပျင်းလာတယ်။ ဒါနဲ့ အမှိုက်တွေကို လျှိုထဲသွားမပစ်တော့ဘဲ ပုံပုံပြီး မီးရှို့တယ်။ လေဆိုတဲ့ အရာမျိုးကလည်း မီးရှို့မှတိုက်တဲ့ အရာမျိုးလား မသိပါဘူး။ စောစောက ငြိမ်ချက်သားကောင်းနေတဲ့ လေဟာ ဘယ်ကဘယ်လို တိုက်လာတယ်မသိဘူး တောအုပ်တွေကြားထဲကနေ တဝီဝီနဲ့ တိုက်လာတယ်။ အဲဒီမှာ ကေအွမ်ရှို့ထားတဲ့ အမှိုက်ပုံတစ်ပုံကနေ မီးဟာ သမန်းမြက်ခြောက်တွေကို ကူးစက်သွားတယ်။ အဲဒီလို သမန်း မြက်ခြောက်ပေါ် လောင်ကျွမ်းနေတဲ့မီးဟာ လေအရှိန်နဲ့ တဖျစ်ဖျစ် လောင်ကျွမ်းသွားပြီး အိမ်ကြီးကိုပါ ကူးစက်ပြီး လောင်ပါလေရော။ အဖြစ်က မျက်စိတစ်မှိတ် လျှပ်တစ်ပြက်ဆိုသလို ဘာမှ မကြာလိုက်ဘူး။ မီးဟာ ရေနံချေးဝ,နေတဲ့အိမ်ကြီးကို အလွယ်တကူပဲ ကူးစက် လောင်ကျွမ်းသွားပါတော့တယ်။

ကေအွမ်ဟာ အဲဒီလို လောင်ကျွမ်းသွားတဲ့ သူတို့အိမ်ကြီးကို ပါးစပ်ဟောင်းလောင်းကြီးနဲ့ ကြောင်ကြည့်နေတယ်။ အဲဒီအချိန်မှာပဲ တောင်ယာကနေ ပြန်ရောက်လာတဲ့ ဦးဟုန်းကေဟာ မီးလောင်နေတဲ့ သူ့အိမ်ကြီးကို ရုတ်တရက် မြင်လိုက်ရတော့ ဟာခနဲ ရင်ဆို့သွားတယ်။ သူပြန်ရောက်လာတဲ့အချိန်မှာ အိမ်ကြီးက မီးတစ်ဝက်ကျိုးနေပြီ။ မီးငြိမ်းသတ်ဖို့ ကြိုးစားလည်း မရတော့ဘူး။ မီးက နိုင်သွားပြီ။ ဒါနဲ့ ဦးဟုန်းကေဟာ ဘာလုပ်တယ်မှတ်သလဲ။ ကြောင်ပြီးရပ်နေတဲ့ သူ့သားကေအွမ်ရဲ့ လက်တစ်ဖက်ကို ရုတ်တရက် ဆောင့်ဆွဲလိုက်ပြီး "ငါတို့သားအဖလည်း ဒီအိမ်ကြီးနဲ့ အတူသေပွဲဝင်ကြမယ်"ဆိုပြီး တဟုန်းဟုန်း တောက်လောင်နေတဲ့ အိမ်ကြီးထဲ ဆွဲသွင်းတယ်။ သူ့သား ကေအွမ်က "မဝင်ဘူး၊ မဝင်ဘူး"ဆိုပြီး အတင်းရုန်းတယ်။ ဒါနဲ့ ဦးဟုန်းကေ "ဒီအိမ်ကြီးရဲ့ လျော်ကြေးဟာ ငါတို့နှစ်ယောက်ရဲ့ အသက်ပဲ။ ဒီလိုအိမ်မျိုးကို အဖေလည်း မဆောက်နိုင်တော့ဘူး။ မင်းလည်း တစ်သက်လုံး မဆောက်နိုင်ဘူး။ ဒါကြောင့် တစ်ခါတည်းပဲ ဒီအိမ်နဲ့အတူ သေပွဲဝင်ကြမယ်"ဆိုပြီး အတင်းဆွဲတယ်။ သေမှာ တအားကြောက်တဲ့ ကေအွမ်လည်း မရမက ရုန်းတယ်။ အဲဒီအချိန်မှာ ကျန်တဲ့ကိစ္စတွေမှာ မပတ်သက်ကြပေမဲ့ အခုလို သေရေးရှင်ရေးကိစ္စမျိုးတွေမှာ နေလို့မရတဲ့ ရွာသားတွေဟာ အပြေးအလွှား ရောက်လာကြတယ်။ ရွာသားတွေ ရောက်လာတဲ့အချိန်မှာ တစ်အိမ်လုံးကို မီးက ဝါးမျိုနေပြီး မီးလောင်အိမ်ရှေ့မှာ လုံးထွေးသတ်ပုတ်နေကြတဲ့ ဦးဟုန်းကေတို့ သားအဖကိုပဲ တွေ့ကြရတော့တယ်။ ဒါနဲ့ ရွာသားတွေဟာ ဦးဟုန်းကေတို့ သားအဖကို ဖျန်ဖို့ ကြိုးစားကြပေမဲ့ နောက်ကျသွားပါပြီ။ အဲဒီအချိန်မှာပဲ ဦးဟုန်းကေဟာ သူ့သား ကေအွမ်ကို မရမက ဆွဲလုံးပြီး အပါခေါ်တယ်။ ပြီးတော့ သားအဖနှစ်ယောက်စလုံး တဟုန်းဟုန်း တောက်လောင်နေတဲ့ မီးလောင်တိုက်ကြီးထဲ လုံးထွေးလျက်သား ဝင်သွားကြပါတော့တယ်။

ရွာသားတွေဟာ မီးလောင်တိုက်ထဲ ဝင်သွားကြတဲ့ သူတို့သားအဖကို မီးလောင်တိုက်ထဲ ဝင်ပြီး ကယ်ဖို့မပြောနဲ့ မီးအပူရှိန်က ပြင်းလွန်းတော့ ဘယ်သူမှ အနားမကပ်နိုင်ပါဘူး။ ဒါကြောင့် ရွာသားတွေလည်း ရပ်ကြည့်ရုံကလွဲပြီး ဘာမှ မတတ်နိုင်ခဲ့ကြပါဘူး။ ဦးဟုန်းကေတို့ လူဖျင်းသားအဖ နှစ်ယောက် အဝေးတစ်နေရာမှာ ၁၀ နှစ် ၁၀ မိုး အလုပ်လုပ်ပြီး တည်ဆောက်ခဲ့ကြတဲ့ နှစ်ထပ်အိမ်ကြီးဟာ အခုအခါမှာတော့ ၁၀ မိနစ်အတွင်း ပြာပုံဘဝ ရောက်သွားပါပြီ။ လူ့အသွေးအသားထက် မာကျောတဲ့ သစ်သားတွေနဲ့ တိုင်တွေတောင် ပြာပုံဘဝရောက်သေးရင် လူ့အသွေးအသားနဲ့ တည်ဆောက်ထားတဲ့ ဦးဟုန်းကေတို့ သားအဖရဲ့ ခန္ဓာကိုယ်လည်း ဘာခံနိုင်မှာလဲ။ အိမ်မီးနဲ့အတူ သူတို့ကိုယ်သူတို့ အရှင်လတ်လတ် မီးသဂြိုဟ်ခဲ့ကြတဲ့ ဦးဟုန်းကေတို့ သားအဖလည်း ပြာပုံဘဝ ရောက်သွားပြီလေ။ ရွာသားတွေကတော့ လုံးတူးမျိုးနွယ်ဆိုတာ ဒီလိုမပေါ့တဲ့။ ရွဲ့ပြောကြတာလား၊ အတည်ပေါက် ပြောကြတာလားတော့ မသိဘူး။ သူတို့ ဘာပြောပြော လူပျင်းသားအဖကတော့ ကြားခွင့်ရတော့မှာ မဟုတ်ပါဘူး။ အခုအခါမှာတော့ ဦးဟုန်းကေတို့ လူဖျင်းသားအဖရဲ့ ရင်နင့်ကြေကွဲဖွယ် ဇာတ်လမ်းဟာ လုံးတူးမျိုးနွယ်တွေအတွက် တကယ့် အိပ်ရာဝင်ပုံပြင် ဖြစ်သွားခဲ့ပါပြီ။ ။

■

**ကေ၊တောင်တန်းပြာ၊**



www.burmeseclassic.com

www.burmeseclassic.com

# ကြော်ငြာ



www.burmeseclassic.com

www.burmeseclassic.com



# ဘီနာမိဒါ

**မြဖော်သင်း**

မန္တလေးသည်
ပြင်ဦးလွင်
ယောင်ဆောင်လျက် ရှိ၏။
ဆောင်းလာလယ်၌
မိုးတိမ်များ အုံ့ဆိုင်းကာ
ချမ်းစိမ့်စိမ့်ဖြစ်နေသည်။
'ဒီတ်'
စားသောက်ဆိုင်အတွင်းရှိ
စားပွဲတစ်လုံးတွင်
တွဲဖက်
တိုင်းတရားသူကြီး
ဦးမြတ်စံနှင့် ဒုတိယ
ခရိုင်တရားသူကြီး
ဦးခြိမ့်တို့ ထိုင်နေကြ၏။
ကပ်လျက်စားပွဲ၌
ရှေ့နေမောင်မြိုင်
ထိုင်နေသည်။
'ရာသီမနိုင်
ဆေးမကိုင်နဲ့၊
ခေါင်းစဉ်မနိုင်
စာရင်းမကိုင်နဲ့၊
ငြင်းချက်မနိုင် တရားမ
မကိုင်နဲ့တဲ့။
သမားတော်တွေက
ဥတုကို နိုင်ရမယ်၊

ဘီနာမီဆိုတာ
တြိဂံပုံသဏ္ဍာန်
ရှိတယ်
ရောင်းသူ
ဝယ်သူအစစ်
ပြီးတော့
အမည်ငှား
အမည်ငှားကို
အစစ်အမှန်
မဟုတ်သူ
ဘီနာ မီဒါ(benamidar)
လို့လည်း
ခေါ်ကြတယ်



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

စာရင်းစစ်တွေက ငွေစာရင်း ခေါင်းစဉ်ကို နိုင်ရမယ်၊ တရားသူကြီးတွေက ငြင်း ချက်ကို နိုင်ရမယ်'

ဦးမြတ်စံ၏ အဖွင့် စကားကြောင့် ရွှေနေ မောင်မြိုင် တော်တော်ပျော် သွားသည်။ 'ဒီနေ့တော့ ဆင်ပေါင်ကြီး ခဲရပြီ။ ပညာ တွေ တနင့်တပိုးရပြီ'ဟု တွေးသည်။ မောင်မြိုင်ကား အမှုလိုက်ဖို့ထက် ဝတ္ထုရေး ဖို့ကို ပိုပြီး အားသန်သော ရှေ့နေဖြစ်၏။ ဆရာနှစ်ဦးကို သူက သိသော်လည်း ဆရာ နှစ်ဦးက သူ့ကို မသိကြ။ ထို့ကြောင့် နားထောင်ရာတွင် ပိုပြီး လွတ်လပ်သည်။

ဦးမြတ်စံမှာ အသား လတ်လတ်၊ အရပ်မြင့်မြင့်နှင့် ခံ့ညားသောရုပ်ရည် ရှိသည်။ ဦးခြိမ့်မှာ အသားဖြူဖြူ၊ နှာတံပေါ်ပေါ်နှင့် ရုပ်ရည် သန့်ပြန့်သူတစ်ဦး ဖြစ်၏။

'အဂတိတရားလေး ပါး ရှိတယ် မဟုတ်လား။ ဆန္ဒ၊ ဒေါသ၊ ဘယာ၊ မောဟ'

'အချစ်၊ အမုန်း၊ အကြောက်၊ အမိုက်'

ဦးမြတ်စံက ပါဠိလို ရွတ်သည်ကို ဦးခြိမ့်က မြန်မာလို အနက်ဖွင့်၏။ ဦးမြတ်စံက ဆက်ပြော သည်။

'အဂတိလို့ ပြောလိုက် ရင် လာဘ်ပေးလာဘ်ယူကို ပဲ ပြေးမြင်ကြတယ်။ အထဲ မှာ လိုက်စားနေတာက မော ဟာ ဂတိ။ ကိုယ့်လုပ်ငန်းကို ကိုယ်မကျွမ်းရင် မောဟာ ဂတိပဲ။ အေး… ဘယာဂတိ ကိုလည်း သတိထားဖို့ လို

tqkvTrf ]tcsifzpfajruk rbrm,u aiGkwlyD 0, fvmyg om;orBwGkd cpfvkd trnfH ckdfvmyg ajruGf[m w&m;vkd vuf0, f &Sgw, f w&m;vkdm; ykdfNLmif ruf[ aNlunmay;yg vkd w&m;vkdu tqjkw, f

တယ်'

ဒိတ်စားသောက်ဆိုင် ကို ထန်းရိပ်ညိုပန်းချီပြခန်း နှင့် တွဲဖွင့်ထား၏။ ပန်းချီ ကားများကို ကြည့်လို၍တစ် ကြောင်း၊ ဤဆိုင်မှာ လာ ထိုင်သော စာရေးဆရာများ ကို တွေ့လို၍တစ်ကြောင်း ဒိတ်သို့ မောင်မြိုင် မကြာ မကြာ ရောက်သည်။ ပြခန်း မှ ဆရာကြီး ဦးကံညွန့်နှင့် ဆရာ ဦးမျိုးခင်တို့၏ ပန်းချီ ကားများကို မောင်မြိုင် အာရုံညွတ်၏။

'ပြီးခဲ့တဲ့ သင်တန်းမှာ ဘီနာမီအကြောင်း ဆရာ ပို့ချ သွားတာ သိပ်ကောင်းတာပဲ။ ထပ်ပြောပါဦး'

'ကောင်းရင် ဖွဲ့ရမှာပေါ့၊ ဘာထပ်ပြောဖို့ လိုမလဲ'

'အဲဒီတုန်းက အရေး ကြီးအမှုတစ်ခု စစ်စရာရှိလို့ အစအဆုံး နားမထောင်လိုက် ရလို့ပါ'

'အေး… အဲသလို ပြောစမ်းပါ။ ဒါဆို ခွင့်လွှတ် တယ်။ သို့သော် အရေးကြီး အမှုဆိုတဲ့ စကားကိုတော့ သဘောမကျဘူး။ အမှုတိုင်း ဟာ အရေးကြီးတဲ့အမှုချည်း ပဲ။ အရေးမကြီးတဲ့အမှုရယ် လို့ မရှိဘူး'

'ဟုတ်ပါတယ် ဆရာ'

နံရံပေါ်ရှိ ဆီဆေးကား ထဲမှ နှင်းဆီဖူးလေးကို နေခြည်တစ်ပြောက် ထိုးနေ သည်။ မောင်မြိုင်တို့ ထိုင်နေ သောနေရာသည် ပြခန်းဘေး ရှိ အဆောင်ငယ်ကလေးထဲ မှာဖြစ်၍ ဧည့်ပါး၏။ ဆိုင်မ ကြီးထဲမှာလောက် ဧည့် မများလှ။

'ကိုယ်တို့လည်း ဆရာ ကြီး ဦးမြကျေးဇူးကြောင့် ဘီနာမီရဲ့ သဘောသဘာဝ ကို ရိပ်စားမိလာတာပါ။ သိ သမျှကို ပြန်ပြီး မျှဝေတဲ့ သဘောပါပဲ'

ဦးမြတ်စံက နိဒါန်းပျိုး သည်။

'ဘီနာမီဆိုတာက ပါရှန်စကား'

'ကုလားစကား ထင် နေတာ'

'ရင်းမြစ်က ပါရှန် စကား၊ နောက်မှ အိန္ဒိယကို ရောက်လာတာ'

'ဟုတ်ကဲ့'

'ဘီနာမီ (Benami)ဆို တဲ့ စကားရပ်ကို ဆန်းစစ် ကြည့်ရင် ဘီ (be)ဆိုတာက မရှိဘဲ (without)၊ နာမီ (nami) ဆိုတာက နာမည် (name)၊ ဘီနာမီဆိုတော့ အမည်မရှိ ဘဲ၊ အမည်မဲ့လို့ အဓိပ္ပာယ်ရ တယ်'

ဆိုင်ရှေ့၌ မန်ကျည်း တစ်ပင်၊ ကုက္ကိုတစ်ပင် ရှိ သည်။ မန်ကျည်းနွယ်များ တငြိမ့်ငြိမ့် လှုပ်ယမ်းနေသည် ကို မြင်ရ၏။ မောင်မြိုင် ဆီ ချက်ခေါက်ဆွဲအနည်းငယ် စားသည်။ ကြက်သွန်ချဉ် တစ်ဖတ်ဝါး၏။ စားပွဲထိုး လေးက 'ပေါ့ဆိမ့်ရပြီ'ဟု ပြောရင်း လက်ဖက်ရည် တစ်ခွက် ချပေးသည်။

'အရှင်းဆုံးပြောရရင် ကိုယ့်နာမည်နဲ့ မလုပ်ဘဲ သူ များနာမည်နဲ့လုပ်တာဟာ ဘီနာမီပဲ။ လူတစ်ယောက်က ပစ္စည်းတစ်ခုကို ဝယ်ချင် တယ်။ ဒါပေမဲ့ ကိုယ့်နာမည် နဲ့တော့ မဝယ်ချင်ဘူး။ ဒါ ကြောင့် သူများနာမည်နဲ့ ဝယ်လိုက်တယ်။ အဲဒါ ဘီနာမီ ထရန်ဆက်ရှင်ပဲ'

ဦးခြိမ့်က ဦးမြတ်စံအား ရေနွေးကြမ်းငှဲ့ပေး၏။ ဦးမြတ်စံက စကားဆက် သည်။

'ဘီနာမီဆိုတာ တြိဂံပုံ သဏ္ဌာန်ရှိတယ်။ ရောင်းသူ၊ ဝယ်သူအစစ်၊ ပြီးတော့ အမည်ငှား။ အမည်ငှားကို အစစ်အမှန် မဟုတ်သူ၊ ဘီနာ မီဒါ (benamidar)လို့လည်း ခေါ်ကြတယ်'

'နားလည်ပါပြီ'

'နေဦး၊ ဆန္ဒမစောနဲ့၊



www.burmeseclassic.com

www.burmeseclassic.com

ပုစ္ဆာတစ်ခုမေးမယ်။ ဖြေနိုင်မှ နားလည်ပါပြီလို့ ပြော'

ဆရာ သိုက်ထွန်းသက်၊ ဆရာ ဆူးငှက်နှင့် ဆရာ ဂျိုဇော်တို့ ခန်းမကြီးထဲ ဝင်သွားကြသည်ကို မြင်ရ၏။ ရသ ဝိုင်းသို့ သွားလိုပါသော်လည်း သုတဝိုင်းကို အခွာခက်သောကြောင့် မောင်မြိုင် ငြိမ်သက်စွာ နေလိုက်ရသည်။

'မေးပြီနော်၊ လူသုံးယောက် ငွေစုပြီး မြေတစ်ကွက်ဝယ်တယ်။ စာချုပ်ချုပ်တော့ ငွေမထည့်တဲ့ မိတ်ဆွေတစ်ယောက်နာမည်ပါ ထည့်ချုပ်တယ်။ ဝယ်သူလေးဦးဖြစ်သွားတာပေါ့။ အကြောင်းမညီညွတ်ကြတော့ ဒီစာချုပ်ကြီးဟာ ဘီနာမီစာချုပ်ကြီးပါဆိုပြီး တရားတစ်ထုံးစွဲတယ်။ ကဲ… ဖြေ၊ အဲဒါ ဘီနာမီလား'

'ဟုတ်ပါတယ်၊ စတုတ္ထလူက ငွေမှ မထည့်ဘဲ'

'ဒါကြောင့် ဘီနာမီဟာ နားလည်ဖို့ မလွယ်ကူဘူးလို့ ပြောတာ'

'ရှင်းပြပါဦး'

'ပိုင်ရှင်အစစ်သုံးယောက်ကြီးများတောင် ပါနေတယ်လေ။ ဘယ်မှာ အမည်ခံ အမည်ငှားစာချုပ် ဖြစ်နိုင်ပါ့မလဲ။ အေး… ရေကုန်ရေခန်းပြောကြေးဆိုရင်တောင် ဝယ်သူအရေအတွက် မှားယွင်းတဲ့ စာချုပ်လို့ပဲ ဆိုနိုင်မယ်၊ ဘီနာမီတော့ မဟုတ်ဘူး'

ဦးမြတ်စံက ပေါင်မုန့်ထောပတ်သုတ် တစ်စိတ်စားသည်။ ထို့နောက် တစ်ရှူးစက္ကူဖြင့် နှုတ်ခမ်းကို သုတ်၏။

armi Ecpfu
acsvnT
wifv, f
]bDmrD
r[ kvfygbl
om;orDwG
t wGif
tjywf
0, ay;xm;yg
orD
aooGawmh
orufuk
a0pk
ray;csifvk
0yg fvHD0eY
trpGvmyg
wdh

'ကျွန်တော်ဖြေတာ မှားသွားတယ်။ မှားဆို ဘီနာမီ အမှုတစ်မှုမှ ကျွန်တော် မကိုင်ဖူးသေးဘူး'

'အင်း… ဒါဆိုရင် ဘီနာမီအမှုတစ်မှုအကြောင်း ပြောပြမယ်။ သိပ်ကောင်းတဲ့ အမှု။ ဒီအမှုကို အစအဆုံး နားထောင်ပြီးရင် ဘီနာမီ သင်ရိုးကျွတ်ပြီ။ မူလမှုရော၊ အယူခံမှုရော ကိုယ်တိုင်ကြားနာဖူးတဲ့ အတွေ့အကြုံမျိုး ရသွားစေရမယ်'

'ကျေးဇူးပါပဲ'

မောင်မြိုင် ဘဝင်ကိုင်ချင်သလိုလို ဖြစ်သွား၏။ ဦးမြတ်စံ၏လက်ချာကို နားထောင်လိုက်လျှင် မိမိသည်လည်း ဘီနာမီအထူးပြုရှေ့နေကြီးတစ်ဦး ဖြစ်သွားနိုင်သည် မဟုတ်ပါလား။

'ဒီလိုကွဲ့၊ တစ်ခါတုန်းက အောက်ပြည်မှာ'

'မန္တလေးမှာ မဟုတ်ဘူးလား'

'မဟုတ်ဘူး၊ အောက်ပြည်အောက်ရွာမှာ'

'ကောင်းပါပြီ'

'အောက်ပြည်အောက်ရွာက မြို့ကလေးတစ်မြို့မှာ ဦးဘဖေနဲ့ ဒေါ်ငွေကြော့ဆိုတဲ့ လင်မယားနှစ်ယောက် နေထိုင်ကြသတဲ့။ သူတို့မှာ သားသမီးသုံးယောက်ရှိတယ်။ မောင်ခို၊ မောင်ပိုနဲ့ မညိုတဲ့။ ဦးဘဖေက မြေတစ်ကွက်ဝယ်တယ်။ စာချုပ်မှာ ဝယ်သူအဖြစ် သားသမီးတွေ နာမည်တပ်တယ်။ မြေဂရန်ကိုလည်း သားသမီးတွေ နာမည်ဖောက်တယ်။ သားတွေက အိမ်ထောင်မပြုဘူး။ မညိုက အိမ်ထောင်ပြုတယ်။ သူ့ခင်ပွန်းက မောင်ချစ်တဲ့။ အားလုံး အတူတူနေကြတယ်'

'ဝယ်ထားတဲ့ မြေကွက်ပေါ်မှာလား'

'ဟုတ်တယ်၊ နောက်တော့ မောင်ချစ်နဲ့ မညိုက အိမ်ခွဲပြီး နေကြတယ်။ သားသမီးမထွန်းကားဘူး။ နှစ်အတန်ကြာတော့ မညို ဆုံးသွားတယ်'

'စိတ်မကောင်းစရာပဲ'

'ဒီ့ထက် စိတ်မကောင်းစရာတွေ ကြားရဦးမယ်'

'ဘယ်လိုပါလိမ့်'

'မညိုကွယ်လွန်ပြီး သုံးလအကြာမှာ ဦးဘဖေက မောင်ချစ်ကို အမှုစွဲတော့တာပဲ။ တရားလိုက ဦးဘဖေ၊ ဒေါ်ငွေကြော့။ တရားပြိုင်က မောင်ချစ်၊ မောင်ခို၊ မောင်ပို။ အမှုက ဘီနာမီကို အကြောင်းပြုတဲ့ မြွက်ဟကြေညာပေးစေလိုမှု။ ခရိုင်တရားရုံးမှာ စ,စွဲတယ်'

ထိုလည်းတစ်စီး သီချင်းသံတညံညံနှင့် ဖြတ်သွားသဖြင့် ဦးမြတ်စံ စကားခဏရပ်သည်။

'အဆိုလွှာမှာ 'အချင်းဖြစ်မြေကို မိဘများက ငွေထုတ်ပြီး ဝယ်တာပါ။ သားသမီးတွေကို ချစ်လို့ အမည်ခံခိုင်းတာပါ။ မြေကွက်ဟာ တရားလိုလက်ဝယ်ရှိပါတယ်။ တရားလိုများပိုင်ကြောင်း မြွက်ဟကြေညာပေးပါ' လို့ တရားလိုက အဆိုပြုတယ်'

'ချေလွှာမှာရော'

'မောင်ခိုနဲ့ မောင်ပိုက ချေလွှာမတင်ဘူး။ ဖြောင့်လွှာတင်တယ်။ 'တရားလိုရဲ့ အဆိုမှန်ပါတယ်။ တရားလိုတောင်းဆိုတဲ့အတိုင်း အနိုင်ဒီကရီချမှတ်ပေးသင့်ပါတယ်' တဲ့။

'ဒါပေါ့လေ၊ သူတို့က တစ်လှေတည်းစီးတွေကိုး'

'မောင်ချစ်က ချေလွှာတင်တယ်။ 'ဘီနာမီ မဟုတ်ပါဘူး။ သားသမီးတွေအတွက် အပြတ်ဝယ်ပေးတာပါ။ သမီးသေသွားတော့ သမက်ကို ဝေစုမပေးချင်လို့ ဥပါယ်တံမျဉ်နဲ့ အမှုစွဲတာပါ' တဲ့။ ဒီနေရာမှာ တစ်ခုဖြတ်



www.burmeseclassic.com

www.burmeseclassic.com

ပြောချင်တာရှိတယ်”

“ဘာများပါလိမ့်”

“၁၉၄၉ ခုနှစ်က စီရင်ထုံးတစ်ခုမှာ ‘ဤနိုင်ငံတွင် အဆိုအချေကို ကျွမ်းကျွမ်းကျင်ကျင် ရေးသားခြင်း မပြုကြတဲ့’။ နှစ်ငါးဆယ်ကျော်ခဲ့ပြီ။ အခုထိလည်း ဒီစီရင်ထုံးက မှန်နေတုန်းပဲ”

နေမြင့် လာသဖြင့် အအေးအနည်းငယ်ပေါ့သွား၏။ မိန်းမလှလေးနှစ်ယောက် စီးကရက်ဘူးလာရောင်းသည်။ ဆေးလိပ်မသောက်တတ်ကြောင်း ပြောလိုက်၏။ နောင်တွင် မိမိလိုက်ပါမည့် အမှုများ၌ အဆိုအချေကို ကျွမ်းကျွမ်းကျင်ကျင် ရေးနိုင်အောင် ကြိုးစားမည်ဟု မောင်မြိုင် သန္နိဋ္ဌာန်ချသည်။

“ခရိုင်တရားရုံး၊ တိုင်းတရားရုံး၊ တရားရုံးချုပ်၊ သုံးရုံးစလုံးမှာ မောင်ချစ် ရှုံးတယ်”

(ထိုစဉ်က တိုင်းဒေသကြီးတရားလွှတ်တော်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တို့ မပေါ်သေး။)။

“ဦးဘဖေတို့ ငွေနဲ့ဝယ်ထားတာကိုး။ မညိုတို့ငွေမှ မပါဘဲ၊ ရှုံးမှာပေါ့”

ဦးခြိမ့်က မှတ်ချက်ချသည်။ မောင်မြိုင်ကတော့ မောင်ချစ်လေးကို သနားနေသည်။ ‘မောင်ချစ်ခမျာ တဘိုင်းဘိုင်းလဲပြီး တဘုံးဘုံး ရှုံးနေတော့တာပဲ’ဟု စဉ်းစားသည်။ မောင်ချစ်လေး အနိုင်ရသွားစေချင်သည်။ ဦးမြတ်စံက အင်္ကျီရင်ဘတ်တွင် ကပ်နေသော မန်ကျည်းရွက်ဖတ်လေးကို ခါထုတ်လိုက်၏။

umv
pn,furf,owf
tuf0ya'
yxrZ, m,
trSvp0f120
t&
'D rLuk
rnkvk
*&efvmufvh
&uf£pvk
6 Epf
twGfrSyJ
pGGfv, f
6 Epfusmf
MLumoGyZpfvh
twGf
'D rLuk
pGGh
r&Swmbj

“မင်းက ဘီနာမီလို့ သတ်မှတ်လိုက်ပြီပေါ့”

“ဟုတ်တယ်လေ၊ အရှင်းကြီးပဲဟာ”

“မင်းထင်သလောက်တော့လည်း ဒီအမှုက မရိုးစင်းဘူး”

“မောင်ချစ် လက်မြှောက်သွားပြီ မဟုတ်လား”

“ဘယ်နေလိမ့်မလဲ၊ အထူးအယူခံဝင်ခွင့် လျှောက်တယ်”

အနိုင်မခံ အရှုံးမပေးသော မောင်ချစ်လေး၏ စိတ်ဓာတ်ကို မောင်မြိုင် နှစ်သက်၏။ ဆရာနှစ်ဦး သန့်စင်ခန်းဘက်သို့ သွားကြသည်။ ဆရာမောင်သာပို ရောက်လာပြီး ‘ဒိတ်မှာ အနုပညာနဲ့ ဒိတ်လုပ်နေတာလား’ဟု မေးသည်။ ‘နိုး… နိုး၊ ဥပဒေပညာနဲ့ ဒိတ်လုပ်နေတာ’ဟု ပြန်ဖြေသည်။ မောင်သာပို ပြန်ထွက်သွား၏။ မောင်သာပိုကား ပန်းချီပြခန်းတွင် ကျောက်ချနေထိုင်သူ ဖြစ်သည်။

“လျှောက်လွှာနဲ့တွဲပြီးတင်ရတဲ့ အထူးအယူခံလွှာအကြောင်း ပြောရအောင်။ ဒီတစ်ခါ မောင်ချစ်ရှေ့နေက တကယ့်ပရော်ဖက်ရှင်နယ်ရှေ့နေ။ အယူခံအကြောင်းပြချက်က အဆီအနှစ်တွေချည်းပဲ”

“ဟန်ရလိုက်လေ ဆရာရယ်”

“အယူခံအကြောင်းပြချက် ငါးချက်တောင်ရှိတယ်။ လျှော့ပြောရမလား”

“မလျှော့လိုက်ပါနဲ့”

“မင်း ငြီးငွေ့မှာစိုးလို့”

“လိပ်ပတ်မလည်ဘဲ နေလိမ့်မယ်”

“ကဲ… ဒါဖြင့် လာပြီ၊ ပထမအယူခံအကြောင်းပြချက် ‘သားသမီးများကို ချစ်မြတ်နိုးလို့ သားသမီးများအကျိုးအတွက် ဝယ်တာပါ’တဲ့။ အဆိုလွှာမှာ တရားလိုက ဝန်ခံထားတယ်။ ရုံးရှေ့မှာလည်း ဒီအတိုင်းထွက်တယ်။ ဒီအထောက်အထားတွေက သားသမီးတွေကို မြေတကယ်ရသွားစေချင်တဲ့ စိတ်ဆန္ဒ ဦးဘဖေမှာရှိကြောင်း ညွှန်ပြနေတယ်။ အဲဒီလို ရည်ရွယ်ချက်နဲ့ လုပ်တဲ့အတွက် သားသမီးတွေဟာ မြေပိုင်ရှင်ဇကန် ဖြစ်သွားကြတယ်။ ‘ပိုင်စေချင်ပိုင်ပါ့မယ်လေ’ဆိုတာ ဒါမျိုးပေါ့။ သူတို့တစ်တွေဟာ အမည်ခံ အမည်ငှားတွေပါလို့ ပြောရင် ယုံမှတ်အပ်နှံခြင်း အက်ဥပဒေ ပုဒ်မ ၈၂ ကို ဆန့်ကျင် ရာရောက်တယ်”

“ပုဒ်မ ၈၂ ကို ထုတ်သုံးသွားပုံလေး လှလိုက်တာ”

“ဒုတိယအယူခံအကြောင်းပြချက် ဆက်ရအောင်။ ဘယ်သူမပြု မိမိမှုတဲ့။ စာချုပ်နာမည်တပ်တာ၊ ဂရန်နာမည်ဖောက်တာ အကုန် ဦးဘဖေလက်ချက်ချည်းပဲ။ ဦးဘဖေလုပ်လို့ သူတို့ပိုင်တယ်လို့ မညိုတို့က ယုံမှတ်သွားကြတာ။ ယုံမှတ်တော့ ပုံအပ်ကြပြီလေ။ သူတို့နာမည်နဲ့ ဂရန်အသစ်လျှောက်ကြတယ်။ ဂရန်အဟောင်းက သက်တမ်းကုန်သွားပြီကိုး။ အဲဒီလို လျှောက်တဲ့အတွက် ဂရန်အသစ်ထုတ်ပေးလိုက်တဲ့ အခြေအနေအထိ ခရီးရောက်သွားတယ်။ ဒီအဆင့်ကို ရောက်မှ ဒီမြေကို ဒီသားသမီးတွေ မပိုင်ပါဘူးရယ်လို့ ဦးဘဖေမှာ ငြင်းဆိုခွင့်မရှိတော့ဘူး။ သက်သေခံဥပဒေ ပုဒ်မ ၁၁၅ က ပိတ်ပင်ထားလိုက်ပြီ”

“ဘွာခတ်၍မရသော ဝန်ခံချက်ပေါ့”

“အေး… ဟုတ်တယ်၊ နှုတ်ပိတ်ခြင်း သီအိုရီ”

မြှောက်ပြန်လေတစ်ချက်ဝှေ့၏။ ကုက္ကိုရွက်တွေ တသဲသဲကြွေကျသည်။



www.burmeseclassic.com

www.burmeseclassic.com

အမျိုးသမီးတစ်ယောက် ဖြတ်လျှောက်သွား၏။ သူ့ခေါင်းထက်မှ သဇင်ပန်းများ၏ သင်းရနံ့တွေ မွှေးပျံ့ကျန်ရစ်သည်။

‘အစိုးရဆီက ဂရန်အမည်ပေါက် အကျိုးခံစားခွင့်ကို မညိုတို့ ရထားပြီးပြီလေ။ အဲဒီမြေဟာ ဦးဘဖေပိုင်တဲ့ မြေပါလို့ ပြောရင် အောက်မြန်မာပြည် မြို့နှင့်ကျေးရွာမြေများ အက်ဥပဒေပုဒ်မ ၄၁ ကို ဖောက်ဖျက်ရာရောက်မှာပေါ့။ ဒါက တတိယ အယူခံအကြောင်းပြချက်’

ဦးခြိမ့်က အချဉ်ပန်းကန်ကို ဆွဲယူလိုက်၏။ ကော်ပြန့်ကြော်တစ်ခုကို အချဉ်နှင့် တို့စားသည်။

‘ဇာတ်ရှိန်မြင့်လာပြီနော်’

‘ဇာတ်သိမ်းခန်းရောက်တော့မှာပါ။ စတုတ္ထ အယူခံအကြောင်းပြချက်ကို ဆက်ကြစို့။ ကာလစည်းကမ်းသတ် အက်ဥပဒေ ပထမဇယား အမှတ်စဉ် ၁၂၀ အရ ဒီအမှုကို မညိုတို့ ဂရန်လျှောက်တဲ့ရက်က စလို့ ၆ နှစ်အတွင်းမှာပဲ စွဲခွင့်ရှိတယ်။ ၆ နှစ်ကျော်ကြာသွားပြီဖြစ်တဲ့အတွက် ဒီအမှုကို စွဲခွင့်မရှိတော့ဘူး။ အခါနှောင်းသွားပြီ’

‘ပတ်လုံးလေးတွေကို ဘယ်ညာလိုမ့်ပြီး တီးလိုက်သလိုပါပဲ ဆရာရယ်၊ ကောင်းလိုက်ပုံများတော့’

‘ညဏ်ရှင်တဲ့ ရှေ့နေပေကိုး’

စားပွဲထိုးလေးက ရေနွေးကြမ်းအသစ်တစ်အိုး လာချသည်။ ဦးမြတ်စံ ရေနွေးကြမ်းတစ်ခွက် သောက်သည်။ အကြမ်းပန်းကန်ကို ပြန်မချသေးဘဲ လက်ဖဝါးနှစ်ဖက်အကြားတွင် ထားလျက် ညင်ညင်သာသာလေး လှိမ့်နေသည်။

‘လာပြီဟေ့… နောက်ဆုံးပတ်မချက်။ ဒီတစ်ချက်ပြီးရင် ပတ်စာခွာ ဖျာသိမ်းလိုက်ကြရုံပဲ။ တရားလိုတောင်းဆိုထားတဲ့ သီးခြားသက်သာခွင့် အက်ဥပဒေပုဒ်မ ၄၂ အရ သက်သာခွင့်ဆိုတာက ယခင်အီကွိတီရုံးတွေက ပေးတဲ့ သက်သာခွင့်မျိုး။ ဒီသက်သာခွင့်မျိုးကို တောင်းတဲ့တရားလိုဟာ ဖြူစင်အပြစ်ကင်းဖို့ လိုတယ်။ ဒီအမှုကို တရားလိုစွဲတာဟာ သမီးသေဆုံးသွားတဲ့အခါ သမက်ကို ဘာမှမရစေချင်တော့လို့ တမင် ညစ်ပြီးစွဲတယ်ဆိုတာ ဘွားဘွားကြီးပေါ်နေတယ်။ တရားလိုကို အနိုင်ပေးလို့ ဘယ်မှာသင့်တော်ပါ့မလဲ။ ဒါက ပဥ္စမနဲ့ နောက်ဆုံး အယူခံအကြောင်းပြချက်’

‘အယူခံအကြောင်းပြချက်တွေက တယ်ခိုင်တာပဲ။ ဒီတစ်ခါတော့ မောင်ချစ်လေး နိုင်ကောင်းပါရဲ့’ဟု မောင်မြိုင် စဉ်းစားနေသည်။

‘အထူး အယူခံရုံးက ဘယ်လိုဆုံးဖြတ်လဲ ဆရာ’

ဦးခြိမ့်က မေး၏။ ဦးမြတ်စံက မျက်မှောင်တစ်ချက်ကြုတ်သည်။ ထို့နောက် နှုတ်ခမ်းလှုပ်သည်ဆိုရုံမျှ စဉ်းငယ်ပြုံး၏။ ပြီးမှ စကားဆက်သည်။

‘အထူးအယူခံရုံးက နှစ်ဖက်ကြားနာပြီးတဲ့အခါမှာတော့…’

ဆိုင်ရှေ့မှာ ကားတစ်စီး ရပ်သည်။ လင်ခရူဇာကားဖြစ်၏။ အသက်အစိတ်ခန့် လူငယ်တစ်ဦး ဆင်းလာပြီး ဆိုင်ထောင့်ရှိ စားပွဲတစ်လုံးမှာ ထိုင်သည်။ ဦးခြိမ့်က ထိုလူငယ်ကို တစ်ချက်လှမ်းကြည့်၏။ ဦးခြိမ့် တွန့်ခနဲ ဖြစ်သွားသည်။ အခြေအနေ ရုတ်ခြည်းပြောင်းလဲသွား၏။ ဦးခြိမ့်က ဦးမြတ်စံကို လက်တို့သည်။

‘ဟိုမှာ အဘကြီးသားရောက်နေတယ်’

‘အဘကြီး’ဟူသည် တိုင်းအကြီးအကဲကို ခေါ်ခြင်းဖြစ်၏။ ဒုတိယ တိုင်းအကြီးအကဲကို ‘အဘလေး’ဟု ခေါ်ကြသည်။ ဆရာနှစ်ဦး တွတ်ထိုးနေကြ၏။

‘သေချာလို့လား’

‘သေချာတယ်’

‘တစ်ခါမှ မမြင်ဖူးဘူး’

‘ကျွန်တော်လည်း မမြင်ဖူးပါဘူး’

‘ဒါဆို ဘာပြုလို့’

‘ကြည့်လိုက်လေ၊ သူ့အဖေရုပ်ကြီးဥစ္စာ’

‘ဟေ… ဟုတ်သဟ၊ ချွတ်စွပ်’

‘ဟုတ်ပါတယ်ဆိုမှ’

‘ဟုတ်ရင်လည်း လုပ်တော့လေကွာ၊ ဘာငိုင်နေတာလဲ၊ ထ…ထ’

ဦးခြိမ့်စကား မှန်လောက်သည်။ ပခုံးမှာ ပိတ်ဖြူလက်ကတော့ထိုး၍ ခါးမှာ ဖျောက်ထိုးပြီး ပုထိုးတော်ကြီးမှာ ထီးတင်နေသော အဘကြီးဆိုသူ၏ ပုံကို သတင်းစာ၌ မောင်မြိုင်တွေ့ဖူး၏။ အသားညိုညို၊ ဂင်တိုတို၊ မျက်နှာလေးထောင့်နှင့် ဤချာတိတ်ကလေးမှာ ထိုပုဂ္ဂိုလ်ကြီးနှင့် တထေရာတည်းဖြစ်သည်။

ဆရာနှစ်ဦးသည် သုတ်သီးသုတ်ပျာနှင့် ထ,သွားကြပြီး လူငယ်လေးရှေ့တွင် ရပ်နေကြ၏။ လက်ကလေးတွေ နောက်ပစ်ပြီး အချိုဆုံးမျက်နှာလေးများဖြင့် လေချိုသွေးနေကြသည်။ လူငယ်လေးက ရှုတည်တည်နှင့် မိန့်မိန့်ကြီး ကြည့်နေ၏။ ဆရာတွေကတော့ ကိုယ်ကို နွဲ့ယိမ်းရင်း ပဋိသန္ဓာရ စကားဆိုနေကြသည်။ ချေင်းကဗျာတွေများ ကျူးအေးသီဖွဲ့နေကြလေရော့သလား ထင်မှတ်မှားရ၏။

မောင်မြိုင် ဝုန်းခနဲ ထ,ရပ်သည်။

‘တော်ပြီ၊ တော်ပြီ။ မြေယာတရားစီရင်ခန်း ဘာဆုံးဖြတ်မလဲ မသိရရင်နေပစေ၊ မောင်ချစ်အမှု ဘာဆက်ဖြစ်မလဲ မသိရရင် နေပစေ၊ ကိုယ့်သားအရွယ် ချာတိတ်ကလေးရှေ့မှာ ဆရာကြီးနှစ်ဦးက ခေါင်းတငြိမ့်ငြိမ့်၊ ပခုံးတကျုံ့ကျုံ့နဲ့ ပျပ်ဝပ်ခ,စားနေကြတာကို တော့ ဘယ်လိုမှ မကြည့်ရက်နိုင်တော့ဘူး။ ကောသလမင်းကြီးရေ၊ အိပ်ရာက စောစောနိုးပေးတဲ့အတွက် ခင်ဗျားကို သိပ်ကျေးဇူးတင်တယ်’

လက်ဖက်ရည်ဖိုး ငွေကို စားပွဲပေါ်ပစ်ချထားလိုက်၏။


မောင်မြိုင်သည် ဆိုင်ကယ်ပေါ်ခွထိုင်ပြီး ဆိုင်ကို ကျောခိုင်းထွက်ခွာလာခဲ့တော့သည်။ ■

မြတ်သင်း



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



ပင်မဆောင်တစ်ဆောင်၊ ထိုပင်မဆောင်ကို ခွ၍ အင်္ဂလိပ်အက္ခရာ V ပုံသဏ္ဌာန် တောင်မြောက်တန်းကာ ရှည်လျားစွာ ဆောက်ထားသည့် အဆောက်အအုံကြီးတစ်ခု ရှိသည်။ ထိုအဆောက်အအုံကြီးမှာ တိုကျိုအကျဉ်းထောင်ဖြစ်သည်။

မြေအောက်ရထားတွင်း ဆာရင်းအဆိပ်ဖြင့် လူသတ်မှုကြီးကို ကိုယ်တိုင်ပါဝင် ကျူးလွန်ခဲ့သဖြင့် သေဒဏ်ချမှတ်ထားခံရသူ ဟယရို ယစုအိုစီနှင့် ကျွန်မ စတင်အဆက်အသွယ်လုပ်ခဲ့သည့် ၂၀၀၄ ခုနှစ်လောက်တွင် ထိုအဆောက်အအုံ ပြန်လည် ပြုပြင်ဆဲအချိန်ဖြစ်သည်။

ခနဂဝ အိမ်မှအသွား တစ်နာရီခွဲကြာသည်အထိ ဝေးသဖြင့် တစ်လတွင် တစ်ကြိမ် နှစ်ကြိမ်သာ သွားနိုင်သည်။ တိုကျိုအကျဉ်းထောင်၏ စည့်တွေ့ချိန်မှာ အများဆုံး မိနစ် ၂၀ မှ မိနစ် ၃၀ ဆိုသည့် ခဏတာ အချိန်လေးပင် ဖြစ်သော်လည်း တွေ့ဆုံ မေးမြန်းပြီးသည့် အပြန်လမ်းသည် ပြောခဲ့ကြသည့် အကြောင်းအရာများကို ပြန်လည်စားမြုံ့ပြန်ရန်အတွက် အချိန်ရသည့် လမ်းဖြစ်ခဲ့သည်။

ပြန်လည်ပြုပြင်မှုမလုပ်ခင်က မြစ်နှင့်အပြိုင် လူသွားလမ်းဘေးတွင် မြင့်မားသော ကွန်ကရစ်တံတိုင်းကြီးရှိနေပြီး ထောင်ဝန်ထမ်းများ၏ ဝန်ထမ်းအိမ်ရာများကလည်း ဟောင်းနွမ်းကာ ရပ်ကွက်တစ်ခုလုံး မှုန်မှုန်မှိုင်းမှိုင်းဖြစ်နေသည်။ တံတိုင်းကြီးကိုဖျက်ကာ ဝန်ထမ်းအိမ်ရာသစ်များ ပြီးစီးသွားချိန်တွင်တော့ အကျဉ်းထောင်ကို အဝေးမှပင် မြင်ရသည်။ အကျဉ်းထောင်ရှေ့တွင် ကျယ်ဝန်းသော ပန်းခြံတစ်ခုရှိပြီး ကလေးများ ကစားနေသည်ကိုပင် မြင်တွေ့နိုင်သည်။

အပြင်ပန်းမှာ ခေတ်မီပုံစံဖြစ်ကာ အများပြည်သူများ ဝင်ထွက်သွားလာနိုင်အောင် ဖွင့်ပေးထားသော်လည်း အဆောက်အအုံ



www.burmeseclassic.com

www.burmeseclassic.com

အတွင်းဘက်မှာတော့ ၁၄ နှစ်ကြာ ထူးထူးခြားခြား ပြောင်းလဲမှုမရှိ တံခါးပိတ်စနစ်ဖြင့် သေဒဏ်ချထားသည့် ရာဇဝတ်သားများကို စောင့်ကြပ်မှုကသာ ပိုမိုတင်းကျပ်လျက် ရှိနေသည်။

အကယ်၍သာ ဟယရှိစံနှင့် တွေ့ဆုံမှုမရှိခဲ့ပါက ကျွန်မတစ်သက်တွင် အကျဉ်းထောင်ဆိုသည်ကို မသိလိုက်ရဘဲ ကုန်ဆုံးသွားလိမ့်မည်  ထင်သည်။

၁၄ နှစ်တိုင်တိုင် သေဒဏ်ကျ အကျဉ်းသားတစ်ယောက်နှင့် ဆက်သွယ်ဖို့ဖြစ်လာခဲ့သည်က "ရေစက်" ဆိုသည့် စကားလုံးအပြင် အခြားစကားလုံး မရှိပေ။ သေပေးရမည်ကို သဘောပေါက် နားလည်ထားပြီး မိမိကျူးလွန်ခဲ့သည့်အပြစ်ကို ပေးဆပ်နေရသော သေဒဏ်ကျရာဇဝတ်သား ဟယရှိ ယစုအိုစံအပေါ် လူသားတစ်ယောက်အဖြစ် သနားစာနာစိတ်ဖြင့် ယခုစာကို ဆက်ရေးရန် စိတ်ကူးလိုက်သည်။

အစပိုင်းတွင် အိုအုမ့(ကြက်တူရွေး) ဘာသာရေးဂိုဏ်းက ကျူးလွန်ခဲ့သည့် အမှုကြီးအကြောင်းကို ဇာတ်အိမ်ဖွဲ့ ဇာတ်လမ်းရိုက်ကူးနေသည့် ဒါရိုက်တာ မိုလိတဆုယ၏ မိတ်ဆက်ပေးမှုဖြင့် ဟယရှိစံနှင့် တွေ့ဆုံမေးမြန်းရန် ဖြစ်လာခဲ့သည်။ ဒါရိုက်တာ မိုလိက ပြောခဲ့သေးသည်။ "သူဟာ တကယ့်ကို လူကောင်းတစ်ယောက်ပါ။ တွေ့ကြည့်ရင် သိပါလိမ့်မယ်" ဟု။

ဟယရှိစံ။ ထိုအချိန်က သတင်းမီဒီယာများမှ "လူသတ်စက်" ဟု ကင်ပွန်းတပ်ခံထားရသူ။ မတွေ့ခင်က စိတ်ထဲမှာ တထင့်ထင့် ရှိနေခဲ့သော်လည်း လူဆိုးတစ်ယောက်ဟု မထင်ရသည့်အပြင် ခင်စရာကောင်းမယ့်သူ ဖြစ်လိမ့်မည်ဟု ခံစားမိသည်။ နောင်တွင် စာချင်း အဆက်အသွယ်လုပ်ရာမှ PEN Friend တစ်ယောက်အနေအထားမျိုး ဖြစ်လာပြီး၊ တရားရုံးစီရင်ချက်က သေဒဏ်ဆိုသည့် ပြစ်ဒဏ်စီရင်ချက် ခိုင်မာသွားသည့် ထိုနှစ်တွင် ဟယရှိစံဆီက "အခုကစပြီး အကျဉ်းထောင်ရဲ့ ခွင့်ပြုချက်ရထားသူကလွဲလို့ တခြား အပြင်လူတွေနဲ့ စာအဆက်အသွယ်ရော တွေ့ဖို့ရော မရတော့ဘူး။ ဆက်သွယ်လို့ရတဲ့ အထူးခွင့်ပြုချက်ရထားသူ အပြင်လူတစ်ယောက်အဖြစ် တင့်ချိစံ လုပ်ပေးလို့ ရနိုင်မလား" ဟု ဆိုလာသဖြင့် ကျွန်မလည်း ထွေထွေထူးထူး စဉ်းစားမနေတော့ဘဲ လက်ခံလိုက်သည်။ သေဒဏ်ဆိုသည့်အကြောင်းကိုလည်း ကောင်းကောင်းနားမလည်ခဲ့သေးပေ။

Sarin t qydk ykfLukt jcm;oBawG&ufwpfk ykfvkuftyD jypfLu;vefchvmuawmht rSyifxBdxm;wGvGf 8a, muGfqbnhoqkbtrm;qjpfclbnfGvnf trSyifzpfbnfbmaMumifoLu ykeaom t qydkykf ukUdf fukd fvdfwm0ef lyDjypfLu;vefvdu&ovJ xdt aMumif;fukd&Sfy&eft vefcufnjzpfbjzifh 0vvk&;lyDajymjy½kd jyi ft jcm;r&Slvmay

သေဒဏ်ဆိုသည့် စီရင်ချက်မချခင်အချိန်နှင့် ချပြီးသွားသည့်အချိန်မှာပါ ကျွန်မက စာရေးပို့ပြီး တစ်လလျှင် ၂ ကြိမ်ခန့် တွေ့ဆုံမေးမြန်းသည်လောက်သာ ရှိခဲ့သည်။ ပြောကြသည့်အကြောင်းအရာများကလည်း အတူနေ ယောက္ခမများက အယ်လ်ဇိုင်းမားရောဂါ ဖြစ်နေသည့်အကြောင်း၊ သူ့ကလေးများ၏ ကျောင်းအားကစားပွဲတွင် ခါးနာခဲ့သည့်အကြောင်း စသည့် ရောက်တတ်ရာရာ အကြောင်းအရာတွေချည်းပင်။ ၂၀၁၁ ခုနှစ် နှစ်ကုန်ပိုင်းလောက်တွင် ဟီလတမာခိုးတိုကို တရားရုံးမှ ဆင့်ခေါ်ပြီး အိုအုမ့အမှု ရုံးထုတ်စစ်ဆေးမှု ပြန်စသည့်အချိန်ထိ အမှုနှင့်ပတ်သက်ပြီး ကျွန်မ စိတ်ဝင်စားမှုမရှိခဲ့ပေ။ ပြောရမည်ဆိုလျှင် လုပ်အားပေးကူညီသူတစ်ယောက်လို သဘောနှင့်သာ အဆက်အသွယ်လုပ်နေခဲ့သည်။ ဟီလတ မာခိုးတိုကို ရုံးထုတ်စစ်ဆေးရာတွင် ဟယရှိစံက သက်သေအဖြစ် တရားခွင်ဝင်ရမည့်အကြောင်း ကြားသိရသည့် အခါမှာတော့ တရားရုံးသို့ နားထောင်ရန်သွားခဲ့သည်။ အကျဉ်းထောင်မှာပင် တွေ့ဖူးသည့် ဟယရှိစံက အပြင်မှာ ဘယ်လိုပုံစံမျိုးလဲ ဆိုသည်ကို သိချင်လာသောကြောင့်ပင်။

တရားခွင်မှာ ဟယရှိစံကို မြင်ရမည်ဟု ထင်ထားခဲ့မိသည်။ သို့သော်လည်း  သက်သေအဖြစ် နာမည်ခေါ်လိုက်သံကို ကြားလိုက်သည်နှင့် ချက်ချင်းပင် ခေါက်တွန့်ခန်းဆီးစကို ဆွဲဖွင့်လိုက်သည်။ ခန်းဆီးပွင့်သွားချိန်မှာတော့ ဟယရှိစံက သက်သေထိုင်ခုံ၏ ကာရံထားသည့်အထဲမှာ ရှိနေပြီး လူမမြင်ရဘဲ အစအဆုံး ခြောက်ကပ်ကွဲအက်သည့် အသံသာလျှင် တရားခွင်မှာ ပျံ့လွင့်လာခဲ့သည်။ ဘာကြောင့်များ ဒီလောက်ထိ သေဒဏ်ကျ တရားခံကို လူ့အဖွဲ့အစည်းကနေ ကွယ်ဝှက်ထားဖို့ လုပ်နေကြတာလဲဆိုသည်ကိုတော့ ကျွန်မ နားလည်လို့ မရနိုင်ခဲ့ပါ။ ပြောသာပြောရသည်၊ ဘယ်သူကမှလည်း ဒီကိစ္စကို ထွေထွေထူးထူး မှားတယ်မှန်တယ် ဝေခွဲမရ ဖြစ်နေတာမျိုး မရှိကြသလိုပင်။ သူတို့ကို တိရစ္ဆာန် လှောင်အိမ်ကဲ့သို့ အကာအရံထဲ ထည့်ထားပြီး သက်သေထွက်ခိုင်းမှ ဖြစ်မှာ လား။ အလွန်ဆိုးဝါးလွန်းသည့်ကိစ္စပင်။ ဒါမှမဟုတ် ဆိုးဝါးလွန်းသည်ဟု တွေးမိသည်က ကျွန်မ တစ်ယောက်တည်းများ ဖြစ်နေမလားပင်။

အိုအုမ့ အမှုအကြောင်းအရာဆိုသည်ထက် ထိုအမှုကို ရုံးတင်စစ်ဆေးသည့်အပိုင်း၊ ပြစ်ဒဏ်ချသည့်အပိုင်းတို့၏ ဖွဲ့စည်းလုပ်ဆောင်ပုံစနစ်ကို ပိုးတဝါးသာလျှင် သိပြီး သေသေချာချာ နားလည်ရန် မလွယ်ကူသဖြင့် အိုအုမ့ အမှုအကြောင်းနှင့် တရားခွင်စစ်ဆေးပုံနှင့် ပတ်သက်ပြီး ဟယရှိစံကို မေးမြန်း



www.burmeseclassic.com

www.burmeseclassic.com

ကြည့်ဖို့ ဖြစ်လာခဲ့သည်။ ထိုအကြောင်းကို စာအုပ်အဖြစ် ရေးသားထုတ်ဝေရန် ဆုံးဖြတ်ကာ ဆက်သွယ်မေးမြန်းခဲ့သည့် အကြောင်းအရာများကို အခြေခံပြီး ကိုယ်တွေ့ဝတ္ထု '**ဓောက်ထိုးချိတ်ဆွဲထားခံရသူ**' ကို ၂၀၁၇ ခုနှစ် ဒီဇင်ဘာလမှ စတင်ကာ ရေးသားခဲ့သည်။ ဝတ္ထုပါ အသေးစိတ်အကြောင်းအရာ အများစုကို ဟယရှိစံထံ စာဖြင့် မေးခွန်းရေးပေးပို့ကာ မေးမြန်းသည်များလည်းရှိပြီး စိတ်ရှည်လက်ရှည် ဂရုတစိုက် ပြန်လည်ဖြေကြားပေးသည်။

ဟယရှိစံနှင့် တွေ့ဆုံမှု ၁၀ နှစ်တာ ကြာသွားပြီးသည့် နောက်မှာတော့ သူပါဝင်ပတ်သက်နေသော၊ တစ်ဖန် သေဒဏ်၏ အရင်းအမြစ်ဖြစ်သော 'အိုအုမု အမှန်တရား' နှင့် တွေ့သိခွင့်ရကာ အမှုအကြောင်း ပိုသိလာလေ၊ ကျွန်မသိသော အေးဆေးတည်ငြိမ်သည့် ဟယရှိစံနှင့် အိုအုမုဂိုဏ်း ကိုးကွယ်ယုံကြည်သူ ဟယရှိစံသည် အလွန်ပင် ကွာခြားလွန်းနေသဖြင့် ဘာကြောင့်များ ဒီလိုလူမျိုးက ပြင်းထန်လှသည့် Sarin အဆိပ်သုံးကာ ရန်သူမိတ်ဆွေမခွဲ တွေ့သမျှလူကို သေစေသည့် လုပ်ကြံမှုကြီးကို လုပ်ခဲ့ရသလဲ။ ဘာကြောင့် ဒီလိုလုပ်ရသလဲဆို ဆိုသည့် အချက်ကို နားမလည်နိုင်ဘဲ စိတ်မရှည်နိုင်လောက်အောင် ထပ်တလဲလဲ မေးခွန်းများမေး၊ တစ်ခါတစ်ရံတွင် ငြင်းခုံဆွေးနွေးရင်း ကျွန်မနှင့် ဟယရှိစံ၏ ဆက်ဆံရေးမှာ ပြောင်းလဲလာခဲ့သည်။ ယခင်က 'ကူညီအားပေးသူ' နှင့် 'သေဒဏ်ကျ ရာဇဝတ်သား' မှ တဖြည်းဖြည်း ပြောင်းလဲလာပြီး အချင်းချင်း အပြန်အလှန် နားလည်နိုင်ရန် မဖြစ်နိုင်သည့် သူတွေအချင်းချင်း ဆိုသည်ကို လက်ခံနိုင်လာကြသည်။

ဒီလိုပတ်သက်ဆက်ဆံမှုမျိုးကို သူငယ်ချင်းဟု ခေါ်ကြတာဖြစ်လိမ့်မည်ထင်သည်။

ကျွန်မ တွေ့ဆုံမေးမြန်းရန် တိုကျိုအကျဉ်းထောင်ကို နောက်ဆုံး သွားခဲ့သည်က မတ်လ ၆ ရက်နေ့။ ဒီနှစ်လည်း မတ်လ ၂၀ ရက်နေ့ကို နီးလာပြီ။ သေဒဏ်ပေးတော့မည်ဆိုလည်း မထူးဆန်းတော့ပေ။ ဘယ်အချိန်မဆိုဖြစ်ဖြစ် စီရင်မယ်ဆို စီရင်လို့ရသည့် အခြေအနေဖြစ်သည်။ ဘာကြောင့်မှန်းမသိ ကျွန်မတို့ အဲဒီနေ့က သေဒဏ် ဘယ်လိုစီရင်လဲဆိုတာကို ပြောဖြစ်ခဲ့ကြသည်။ စီရင်တဲ့နေရာက မြေအောက်ထပ်မှာရှိပြီး ဘုရားစင်တစ်ခု ထားပေးထားပုံရတယ်၊ နောက်ဆုံးမှာ ထောင်တရားပြ ဆရာနဲ့ စကားပြောခွင့်ရတယ် စသည့် အကြောင်းအရာများ ဖြစ်သည်။

'တရားပြဆရာက မျက်နှာချင်းဆိုင်တွေ့ရမှာလား'

'အရင်ကတော့ မျက်နှာချင်းဆိုင် တွေ့ရတယ်ထင်ပါတယ်။ ဒါပေမဲ့ ခုတော့ ရှေ့လာမတွေ့ဘူး'

ကျွန်မက 'ဖြစ်နိုင်ရင်တော့ ကျွန်မကတော့ မျက်နှာချင်းဆိုင် တွေ့ချင်တယ်' ဟု ပြောလိုက်သည့်အခါ ဟယရှိစံက တစ်ချက် တွန့်ခနဲဖြစ်သွားပြီး 'အဲလိုမျိုးတော့ မဖြစ်စေချင်ပါဘူး' ဆိုသည့် မျက်နှာမျိုး ဖြစ်သွားသည်။

ကျွန်မကလည်း မဟုတ်တာတွေ ပြောလိုက်မိပါလား ဆိုသည်ကို သဘောပေါက်လိုက်သည်။ ဖြစ်နိုင်စရာအကြောင်းလည်းမရှိဘဲ ဘာကြောင့်များ အူကြောင်ကြောင်အတွေး တွေးမိလိုက်တာပါလိမ့်။

❑

**မတ်လ ၂၄ရက်**

**စဲင်းဒိုင် အကျဉ်းထောင်ရုံးခွဲသို့ ပြောင်းရွှေ့**

မတ်လ ၂၄ ရက်နေ့ ဟယရှိစံကို တိုကျိုအကျဉ်းထောင်မှ စဲင်းဒိုင်အကျဉ်းထောင်ခွဲသို့ ပြောင်းရွှေ့ချုပ်နှောင်ဖို့ အမိန့်ကျလာသည်။ ထိုနေ့က ကျွန်မ အိုကီနာဝါ ရောက်နေသည့်နေ့။ ပြောင်းပို့ခံလိုက်သည်ကို ဟိုတယ်အခန်းက တီဗွီသတင်းမှ သိလိုက်ရသည်။ အိုအုမုဂိုဏ်း အမှုအားလုံး တရားစီရင်ရေး ပြီးစီးသွားပြီး မကြာခင်မှာ ကွပ်မျက်ဖို့ နီးလာပြီဖြစ်တာကြောင့် သတင်းသမားများက သတင်းယူရန် ခွင့်တောင်းသည့် အီးမေးလ်များ များသထက် များလာသော်လည်း ဟယရှိစံမှာ ပြန်လည် စစ်ဆေးရန် တင်ပြထားဆဲဖြစ်သဖြင့် ချက်ချင်းကွပ်မျက်မှာ မဟုတ်လောက်သေးဟု တွေးလိုက်မိသည်။ ပြန်လည်ရုံးတင်စစ်ဆေးနေစဉ်အတွင်း ကွပ်မျက်သည်(ခြွင်းချက်ရှိသော်လည်း)ဆိုသည့် ထုံးစံမရှိပေ။

စဲင်းဒိုင် အကျဉ်းထောင်ခွဲသို့ ပြောင်းပို့မည့် သတင်းကြားပြီး ကျွန်မ ထိတ်ထိတ်ပျာပျာ ဖြစ်သွားကာ ချက်ချင်း အသိရှေ့နေတစ်ယောက်ဆီ ဖုန်းဆက်ပြီး 'အဆင်ပြေပါ့မလား။ နောက်ထပ်တွေ့လို့ ရနိုင်ပါ့မလား' လို့ သေချာအောင် မေးကြည့်လိုက်တော့ 'ချက်ချင်းတော့ ရမှာမဟုတ်လောက်ဘူး' တဲ့။

'စဲင်းဒိုင်အကျဉ်းထောင်မှာ အပြင်လူနဲ့ အဆက်အသွယ်လုပ်ဖို့ အထူးခွင့်ပြုချက်ရသူအဖြစ် အသစ်ထပ်လျှောက်ပြီးတော့ ခွင့်ပြုချက် ကျမလာဘူးဆိုရင်တော့ တွေ့လို့ရမှာ မဟုတ်လောက်ဘူး'

'ခွင့်ပြုချက်က အကျဉ်းထောင်တိုင်းမှာ တင်ဖို့လိုတာလား'

တိုကျိုအကျဉ်းထောင်မှာ ၁၄ နှစ်တိုင်အောင် တောက်လျှောက် အဆက်အသွယ်လုပ်လို့ ရခဲ့ပါလျက်နဲ့။ စိတ်ထဲမှာတော့ ကျေကျေနပ်နပ်ကြီးတော့ မဟုတ်ပေမဲ့ ဒါက အကျဉ်းထောင် ဖြစ်နေတာကြောင့်ပဲလို့ စိတ်ဖြေတတ်သွားတာလည်း အတော်လေး အသားကျနေပါပြီ။

ရင်ထဲမှာ ဟာတာတာ ခံစားမှု။ ၁၄ နှစ်ကြာ ပတ်သက်ဆက်သွယ်မှုမှ ရင်ထဲတွင် အမြဲ ကိန်းအောင်းနေသော ခံစားချက်ပင်။ အကျဉ်းထောင်ကို ဘာပဲမေးကြည့်ကြည့် အကြောင်းရင်းကို မပြောပြကြ။ ကြိုးစားကြည့်သော်လည်း ဘာတုံ့ပြန်မှုမှမရ။ အကျဉ်းထောင်တွင် သေချာပေါက် လူသားတွေ ရှိနေမည်ဆိုသော်လည်း 'လူ့နှလုံးသား' တော့ ရှိဟန်မတူ။ သတ်မှတ်ချက်၊ စည်းမျဉ်းစနစ်တွေကို မကျေမနပ်ဖြစ်ပြီး ဒေါသထွက်နေလျှင် ကိုယ်သာလျှင် ပင်ပန်းရမှာဖြစ်တာကြောင့်



www.burmeseclassic.com

www.burmeseclassic.com

ဘယ်အချိန်ကစပြီးတော့လဲမသိ၊ ဘာမှမပြောဘဲ ဘာမဆို လက်ခံလိုက်တတ်နေပြီဖြစ်သည်။

'ကျွန်မ ပို့တဲ့စာတွေ ရောက်ပါ့မလား'

'ရောက်လိမ့်မယ် ထင်ပါတယ်'

*(သို့*

*ဟယရှိစံ*

*ပြောင်းရမယ့်သတင်းကြားပြီး အတော်ထိတ်လန့်သွားတယ်။ တွေ့နိုင်ဖို့ ခွင့်ပြုချက်ရတာနဲ့ စဲင်းဒိုင်ကိုလာခဲ့မယ်)*

ကျွန်မ ဒီစာကိုမပို့ခင် စဲင်းဒိုင်က ဟယရှိစံဆီမှ စာတစ်စောင် ရောက်လာသည်။

*(စဲင်းဒိုင်ထောင်ကို ပြောင်းလိုက်ရပါတယ်။ ဆက်သွယ်မယ့်သူအနေနဲ့ တင့်ချိစံနာမည်နဲ့ လျှောက်ထားတယ်။ ရလိမ့်မယ်လို့တော့ ထင်ပါတယ်။ ဒါပေမဲ့ စဲင်းဒိုင်က အရမ်းဝေးလွန်းတော့ လာဖို့တော့ သိပ်မလွယ်လောက်ဘူး။ အလုပ်ရှုပ်အောင် လုပ်လိုက်မိတာကြောင့် အတင်းအကျပ် လာဖို့မလုပ်လည်း ရပါတယ်။)*

ဟယရှိစံရဲ့ စရိုက်သဘာဝကို ဘယ်လိုဖော်ပြရရင်ကောင်းမလဲ···။

Sarin အဆိပ်ထုပ်ကို အခြားသူတွေထက် တစ်ထုပ်ပိုကိုင်ပြီး ပြစ်မှုကျူးလွန်ခဲ့တာကတော့ အမှန်ပင်။ ထိုရထားတွဲတွင် ၈ယောက်ဆိုသည့် သေဆုံးသူအများဆုံးဖြစ်ခဲ့သည်မှာလည်း အမှန်ပင်ဖြစ်သည်။ ဘာကြောင့် သူက ပိုနေသော အဆိပ်ထုပ်ကို ကိုယ်ကိုယ်တိုင် တာဝန်ယူပြီး ပြစ်မှုကျူးလွန်လိုက်ရသလဲ။ ထိုအကြောင်းကို ရှင်းပြရန် အလွန်ခက်မည်ဖြစ်သဖြင့် ဝတ္ထုရေးပြီး ပြောပြရုံအပြင် အခြားမရှိတော့ပေ။ ဝတ္ထုတွင် အမှုအကြောင်းကိုတော့ ချန်ထားလိုက်မည်။

ဟယရှိစံသည် ဖခင်က စောစီးစွာဆုံးပါးသွားပြီး အထက်တန်းကျောင်းနှင့် တက္ကသိုလ်ကို အလုပ်လုပ်ရင်း ကျောင်းတက်ခဲ့ရသည်။ ဘွဲ့ရပြီးနောက် အချိန်ပိုင်းလုပ်ကာ စုဆောင်းထားသည့် ပိုက်ဆံဖြင့် ကမ္ဘာလှည့်ခရီးသွားနေရင်း ထူးထူးခြားခြား အိန္ဒိယနိုင်ငံ Ladakh ဒေသတွင် ကျန်ရှိနေသော ဗုဒ္ဓဘာသာ ကိုးကွယ်မှုကို အဓိကထားသည့် ဘဝနေထိုင်မှုပုံစံနှင့် တန်ဖိုးထားမှုများအပေါ် တူညီသော အမြင်နှင့် ခံစားချက်များ ရှိခဲ့သည်ဟု ဆိုသည်။ Ladakh ဒေသသည် လူမျိုးစုငယ်ပေါင်း များစွာရှိသော လှပသည့် ဒေသတစ်ခုဖြစ်သည်။ ဟယ်လင်နာ(Helana Norberg-Hodge) ဆိုသည့် အမျိုးသမီးက **'လွမ်းမောဖွယ်ရာ အနာဂတ်ကမ္ဘာ'** ဆိုသည့် စာအုပ်တွင် ဘာသာရေးကိုးကွယ်မှုကို အဓိကထားသည့် လဒက်ခ်တို့၏ အတူတကွ စုပေါင်းနေထိုင်မှုဘဝကို ရေးသားဖော်ပြထားသည်။

မိမိတွင်ရှိသည့်အရာကို အခြားသူများနှင့် ခွဲဝေကာ သုံးစွဲရသည်ကို နှစ်သက်ပြီး ငွေကြေးအပေါ် တပ်မက်စွဲလမ်းမှုမရှိ။ မိမိအတွေးစိတ်ကူးကို ရင်ထဲတွင်သိမ်းဆည်းကာ သူတစ်ပါးကို အားနာတတ်သူ။ အဘက်ဘက်မှ ချိန်ဆစဉ်းစားပေးရန် ကြိုးစားသူ ဖြစ်ခဲ့သည်။ သေဒဏ်ကျ ရာဇဝတ်သားအဖြစ် သေချာသည့် ပြစ်ဒဏ်ချမှတ်ပြီးသွားသည့် အချိန်ကစပြီး 'သေဒဏ်ကျ တရားခံ အားလုံးထဲက အသက်တစ်ချောင်း'အဖြစ် မိမိရှင်သန်နေရသည်ဆိုသည့် အကြောင်းကို အမြဲ တွေးနေခဲ့သည်။

ကျွန်တော် အသက်ရှင်နေတယ်ဆိုတာဟာ တစ်နည်းအားဖြင့် အခြားသေဒဏ်ကျ တရားခံတွေက ကွပ်မျက်ခံထားရပြီဆိုတဲ့သဘောပဲလေ···တဲ့။

သို့ပေမဲ့လည်း ခံစားထိခိုက်လွယ်သူလည်းမဟုတ်၊ ဟာသဉာဏ်ရှိပြီး အခြားသူများကို ရယ်မောအောင်လုပ်သည့်နေရာတွင်လည်း ကျွမ်းကျင်သည်။ ဤသို့သော ဟယရှိစံ၏ စာတွင်တော့ စဲင်းဒိုင် ပြောင်းပို့ခံရသည့် အရေးကြီး အခြေအနေအကြောင်းနှင့် မပတ်သက်ဘဲ ကျွန်မဘက်ကို စဉ်းစားပေးသည့် အကြောင်းတွေချည်းပင်။ သို့သော် နောက်ပိုင်း စိတ်တည်ငြိမ်သွားပြီးနောက် ရေးပို့သည့်စာများမှာတော့ ကွပ်မျက်ခံရမည့်အရေး စိတ်မအေးနိုင်သည့်သဘောများ ပါလာသည်။

*(တရားရေးဝန်ကြီးဌာနက စီရင်ဖို့အတွက် ထောင်ပြောင်းပို့တယ်လို့ဆိုတော့ အခု ပြောင်းပို့တာက စီရင်ဖို့အတွက် ပို့လိုက်တယ် ဆိုတာအပြင် အခြားစဉ်းစားလို့မရဘူး)*

စာထဲတွင် စီရင်တယ်ဆိုသည့် စကားလုံး တော်တော်များများပါပြီး ထိုအကြောင်းကို ဘယ်လို ပြန်ပြောပေးရမလဲဆိုသည်ကို မသိတော့သဖြင့် ပြန်စာတွင် ကျွန်မ၏ လက်ရှိအခြေအနေ အကြောင်းအရာများမှ လွှဲ၍ မရေးနိုင်ခဲ့ပေ။

*(မတ်လမှာတော့ ဟောပြောပွဲတွေများလို့ တွေ့ဖို့လာမယ်ဆိုဦးတော့မှ ဧပြီလထဲလောက် ရောက်သွားလိမ့်မယ်ထင်တယ်။)*

❑

**ဧပြီလ ၃ ရက်နေ့**

**စဲင်းဒိုင်သွား တိုးဟိုခု ကျည်ဆန်ရထားစီးကာ**

ကျွန်မ စဲင်းဒိုင်သွား တိုးဟိုခု ကျည်ဆန်ရထား စီးခဲ့သည်မှာ ဧပြီလ ၃ ရက်နေ့။ ဧပြီလမှစကာ အနားယူမည်ဟု ဆုံးဖြတ်ပြီး အလုပ်အားလုံးကို ငြင်းထားကာ စဲင်းဒိုင်တွင် ၃ ညအိပ် တည်းခိုရန် ကြိုတင်စီစဉ်ထားလိုက်သည်။ ညပိုင်းတွင် စဲင်းဒိုင်ရောက်ပြီး Business Hotel မှာတည်းကာ နောက်ရက်တွင် မိယဇခိ ထောင်ဘေးရှိ စဲင်းဒိုင်အကျဉ်းထောင်ခွဲဆီကို ဦးတည်ခဲ့သည်။

ဘာကြောင့်များ စဲင်းဒိုင်ဖြစ်ရတာလဲ။ တိုကျိုအကျဉ်းထောင်လည်း ဝေးတော့ဝေးသည် ဆိုသော်လည်း စဲင်းဒိုင်ကတော့ ပိုဝေးသည်။

ဘယ်လိုမျက်နှာမျိုးနှင့် တွေ့ရင်ကောင်းမလဲ။ ဘာတွေပြောရင်ကောင်းမလဲ။ စဉ်းစားမရသော်လည်း စဉ်းစားနေလည်း အကျိုးမရှိ။ ဘာပဲဖြစ်ဖြစ် မျက်နှာပဲဖြစ်ဖြစ် တွေ့ရရင်ကို တော်ပါပြီဟု တွေးကာ တက္ကစီဖြင့် မိယဇခိ အကျဉ်းထောင်ရှေ့အဝင်ပေါက်ကို ဆင်းလိုက်လျှင်ပဲ အဆောက်အအုံက



www.burmeseclassic.com

www.burmeseclassic.com

အတန်ပင် ဟောင်းနွမ်းကာ ခပ်သေးသေးပင်။ တိုကျိုအကျဉ်းထောင်နှင့်ကတော့ အလွန်ကိုကွာခြားနေသဖြင့် ကြောက်စိတ်ပင် ဝင်လာသည်။ ဒီနေရာကတော့ နောက်ဆုံး အဆုံးသတ်နေရာ အဖြစ် မြင်မိသွားသောကြောင့်ပင်။

တွေ့ခွင့်လျှောက်လွှာနှင့် ကျန်းမာရေး အာမခံကတ်ပြရုံဖြင့် အထစ်အငေါ့မရှိ ဝင်၍ရသွားသည်။ ဧည့်တွေ့ခန်းက နည်းသဖြင့် အနည်းငယ်တော့ စောင့်လိုက်ရသည်။ တိုကျိုနှင့်မတူဘဲ မှတ်စုရေးစရာ စာရွက်နှင့် ရေးစရာကို ယူလာ၍မရပါ။ ဧည့်တွေ့ခန်း ဝင်လိုက်သည့်အခါမှာတော့ ခပ်ညံ့ညံ့စာရွက်နှင့် ခဲတံတိုတိုကိုတော့ စင်ပေါ်မှာ ထားပေးထားသည်။

အခန်းကျဉ်းပုံမှာတော့ တိုကျိုက အခန်းနှင့် မကွာသော်လည်း မီးအလင်းရောင်ကတော့ မှုန်ဝါးဝါးပင်။ ဧည့်တွေ့သူအတွက် ထိုင်ခုံမှာထိုင်နေလိုက်လျှင်ပဲ မျက်နှာချင်းဆိုင်မှ တံခါးပွင့်လာကာ အစောင့်ရဲက အတူခေါ်လာသည့် ဟယရှိစံ ဝင်လာပြီး ‘အဝေးကြီးက တကူးတက လာရတာ အားနာလိုက်တာ’ လို့ အကြိမ်ကြိမ် ခေါင်းငုံ့တောင်းပန်ပြီး ကျွန်မရှေ့ကို ထိုင်လိုက်သည်။

‘နည်းနည်း ပိန်သွားသလို ထင်ရတယ်’

‘ဟုတ်လား။ အင်း ဟုတ်တယ်။ သေချာတယ်။ အခုတလော စားချင်သောက်ချင်စိတ် မရှိဘူးဆိုပေမဲ့ ခန္ဓာကိုယ်အလေးချိန်က အဲလောက်ထိ မပြောင်းဘူး’

ဟယရှိစံဟာ ကျွန်မထက် အသက် ၂ နှစ်သာ ပိုကြီးသည်ဆိုသော်လည်း အတော်ကိုပင် အဘိုးကြီးပုံပေါက်နေသည်ဟု ခံစားမိသည်။ ဆံပင်ကလည်း ဆံပင်ဖြူတွေနှင့် ဖြူဖြူဖွေးဖွေး။ အဲလောက်တောင် ဖြူနေတာလား…။

‘ရုတ်တရက်ဖြစ်သွားတဲ့ ကိစ္စပဲ။ အဲဒီအရင်ရက် ညနေပိုင်းလောက် ‘မနက်ဖြန် ထောင်ပြောင်းရမှာမို့ ပစ္စည်းတွေသိမ်းထားပေးဖို့’ ပြောပြီး ဘယ်သွားမယ်ဆိုတာရော၊ တခြားဟာတွေရော ဘာမှပြောမပြကြဘူး။ မြန်မြန်ပစ္စည်းသိမ်းလိုက်ရတယ်။ မနက်စာ စားပြီးနောက်တော့ အချုပ်ကားပေါ် တက်လိုက်ရတယ်။ အဲဒီအချိန်ကျမှပဲ စဲင်းဒိုင်သွားရမယ်ဆိုတာ သိလိုက်ရတယ်။ အချုပ်ကားက အလင်းမဖောက်နိုင်တဲ့ ခန်းဆီးစနဲ့ ကာထားပြီး အပြင်က ရှုခင်းဆိုတာ မမြင်ရဘဲ ကိုယ်ဘယ်ဆီကို သွားနေလဲဆိုတာလည်း မသိဘူး။ ဘယ်ညာနှစ်ဖက်မှာ အစောင့်ရဲတွေပါပြီး မျက်ခြည်မပြတ် စောင့်ကြည့်နေရင်းနဲ့ ပြောင်းလာခဲ့ရပြီးတော့ ဒီရောက်တဲ့အချိန်မှာလည်း အပြာရောင် အဝတ်စနဲ့ ဖုံးလျက်အတိုင်း ထောင်ထဲက တစ်ယောက်ခန်းထဲကို ထည့်လိုက်တာဆိုတော့ ပတ်ဝန်းကျင်ဆိုတာ ဘာမှ မကြည့်ရပါဘူး။ စဲင်းဒိုင်အကျဉ်းထောင်က စဲင်းဒိုင်ရဲ့ ထုံးစံလို့ ပြောရမလား၊ သတ်မှတ်ချက်ရှိတာဆိုတော့ အသားမကျတာတွေ များလွန်းတော့ အချိန်တွေက ခဏလေးနဲ့ ကုန်သွားတာ’

‘ဒီက တိုကျိုထောင်နဲ့မတူဘဲ အတော်ကို သေးသေးအဆောက်အဦပဲ။ နောက်ပြီးတော့လေ အဆောက်အဦပြီးရင် လမ်းရှိပြီး လမ်းဟိုဘက်မှာတော့ လူနေအိမ်တွေ။ ပတ်ဝန်းကျင်ကောင်းတဲ့ နေရာပဲ’

‘သြော် ဒါကြောင့်ကိုး၊ တစ်ခါတလေ ကလေးသံ ကြားကြားနေရတာ’

‘ပစ္စည်းပို့ပေးတဲ့သူ မရှိတော့ အံ့ဩနေတာ’

‘ဟုတ်တယ်။ စဲင်းဒိုင်မှာ စားစရာပို့လို့မရဘူး။ တိုကျိုအကျဉ်းထောင်မှာ ထောင်ထဲမှာကို အသီးဝယ်စားလို့ရပေ မဲ့ စဲင်းဒိုင်မှာ အသီးဝယ်လို့မရတာတော့ စိတ်မကောင်းဘူး’

‘ဘာလို့များပါလိမ့်နော်၊ ဒီမှာ အသီးတွေအများကြီး ရှိမှာတောင်မှ’

‘မသိဘူး။ ဒါပေမဲ့ တစ်ခုတော့ရှိတယ်။ ကိုယ်က ပိုက်ဆံထုတ်ပေးရင် စားသောက်ဆိုင်ကပစ္စည်း ရနိုင်တယ်’

‘ဒါကလည်း နောက်တစ်မျိုး၊ တိုကျိုထောင်မှာဆိုရင်တော့ စဉ်းစားလို့တောင် မရနိုင်ဘူး’

‘ဝမ်းသာအားရနဲ့ တဲင်းဒွန်း မှာစားပစ်လိုက်တာ ၁၂ နှစ်ကျော် ဒါမျိုးမစားခဲ့ရတာဆိုတော့ ဗိုက်ကရစ်နာလာပြီး အတော်ခံလိုက်ရတာ။ တကယ်တော့ မဟုတ်ဘူး၊ စားချင်သောက်ချင်စိတ်ဆိုတာ…ကွယ်ပျောက်သွားတဲ့ဟာမျိုး မဟုတ်ဘဲကိုး’

ဒီလိုအချိန်မျိုးမှာကို သူများကို ရယ်အောင်လုပ်တာက ဟယရှိစံပါပဲ။

‘ကျန်းမာရေးအတွက်တော့ သိပ်မကောင်းတဲ့ ပတ်ဝန်းကျင်ပဲနော်’

‘ဒါမျိုးပြောရင်တော့ သေဒဏ်ချခံထားရတဲ့သူကများဆိုပြီး စိတ်ဆိုးကြမလားမသိဘူး’

ဟယရှိစံကိုယ်တိုင် ‘သေဒဏ်ကျ ရာဇဝတ်သားကများ ဒါမျိုးပြောတယ်လို့ ဆိုချင်လည်းဆို’ ဟု စာထဲမှာ မကြာခဏ ရေးသည်။

ယခင်က သေဒဏ်ကျ ရာဇဝတ်သားများ၏ ဘဝနေထိုင်မှုအကြောင်း ရေးသားထားသည်ကို အင်တာနက်မှာ ဖတ်ခဲ့ဖူးသည်။ သေဒဏ်ချမှတ်ခံထားရသူများသည် စိတ်လက်ပေါ့ပါးကြသည်ဆိုသည့် ရှုထောင့်မှ အမည်မသိ စာရေးသူတစ်ယောက်က ရေးထားသည့်စာဖြစ်သည်။ သူတို့သည် ရုပ်ရှင်ကြည့်၍ရသည်။ စာဖတ်ချိန်လည်း အလုံအလောက်။ ဝတ္ထုပင်ရေး၍ရသည်။ အကျဉ်းထောင်တွင် ဈေးဝယ်၍လည်းရသည်။ အားလပ်နေသူဖြစ်သဖြင့် ကြားပေါက်အလုပ်ပင် လုပ်နိုင်သည်။ သေဒဏ်ကျ ရာဇဝတ်သားဆိုသည်မှာ အလွန်ကောင်းသည့် လူတန်းစားဖြစ်သည်ဟုပင် ဆိုထားသည်။

သေဒဏ်ဆိုသည်မှာ သေပေးရခြင်းဖြင့် မိမိအပြစ်ကို အလျော်အစားပေးရသည့် အဆုံးစွန်သော ပြစ်ဒဏ်ဖြစ်သည်။ ထို့ကြောင့် အခြားပြစ်ဒဏ်ပေးခြင်း မရှိပေ။ သေဒဏ်သည် သေဒဏ်ဖြင့်သာ ပြစ်ဒဏ်ချပြီးသားဖြစ်သည်။ အကျဉ်းထောင်တွင် ထိန်းသိမ်းထားပြီး စီရင်မည့်နေ့ကို စောင့်နေသည့် အခြေအနေမျိုးသည် ပြစ်ဒဏ်မသတ်မှတ်ရသေးသော သတ်မှတ်



www.burmeseclassic.com

www.burmeseclassic.com

ချက်ထဲတွင် မပါဝင်ပေ။

လူ့အသိုင်းအဝိုင်းနှင့် အဆက်အသွယ်ဖြတ်ခံထားရပြီး မိသားစု၊ အခြားသူ လေးငါးယောက်နှင့်သာ တွေ့ဆုံခွင့်နှင့် စာဆက်သွယ်ခွင့်ရှိပြီး ပို့မည့်စာကိုလည်း စာရွက်ကို ဖြန့်ဖွင့်ကာ ပို့မည့်အကြောင်းအရာကို စာရွက်အတိုင်း စစ်ဆေးခံရသည်။ မိတ်ဆွေထံမှ သတင်းစကားများကို အမည်းရောင်ခြယ်ခံရပြီး စာရေးရာတွင် သုံးရမည့် မင်အရောင်၊ တစ်ရက်ပို့ခွင့်ရှိသည့် အစောင်အရေအတွက်၊ စာရွက်အရေအတွက် စသည်တို့ကို တင်းတင်းကျပ်ကျပ် ကန့်သတ်ခံထားရသည်။ တရားခွင်တွင်လည်း ပြင်ပကို မမြင်ရစေရန် ကွယ်ဝှက်ထားပြီး လူ့အဖွဲ့အစည်းမှ သူ၏ တည်ရှိမှုကို ကွယ်ဖျောက်ထားခံရသည့် 'အကျဉ်းသား'ပင် ဖြစ်သည်။ အကျဉ်းထောင်ဆိုသည်မှာ သေဒဏ်ပေးချိန်အထိ သေဒဏ်ကျရာဇဝတ်သားကို စောင့်ကြည့်ကာ လူ့အဖွဲ့အစည်းမှ ချောင်ထိုးထားရာ နေရာဖြစ်သည်။ ၂၄ နာရီ လုံခြုံရေးကင်မရာဖြင့် စောင့်ကြပ်ကြည့်ရှုခံနေရပြီး စားချိန်သာမက အလေးအပေါ့သွားသည့် အချိန်မှာပင် အစောင့်ရဲများ၏ စောင့်ကြည့်ခြင်းကို ခံနေရသည်။

'ဒါပေမဲ့ တငုချိစ်၊ အစောင့်တွေရဲ့ အကြည့်က အမြဲတမ်း အေးစက်မာကျောနေတာတော့ မဟုတ်ပါဘူး။ အစောင့်ရဲအများစုက ကြင်ကြင်နာနာ ဆက်ဆံပေးကြပါတယ်။ အဲဒီထဲကမှ တင်းတင်းကျပ်ကျပ် စောင့်ကြပ်တဲ့သူတွေလည်း ရှိတာပေါ့။ အဲလို အကြည့်တွေခံရရင် စိတ်ပင်ပန်းရတဲ့အချိန်တွေရှိပေမဲ့ အဲဒီရဲကလည်း တာဝန်ကို ကျေပွန်အောင် ထမ်းဆောင်နေတာ ဆိုတော့လည်းလေ'

**'ခြေအိတ်လက်ဆောင်တစ်ရံ ပို့ပေးလို့ရမလား**
**လို့ တောင်းဆိုခဲ့သည်ကို ဖြစ်ဖူးပါတယ်။**
**ကျွန်မကတော့ ၂၀ ခုနှစ်က စတင်ပြီး ပြင်ဆင်ထားတဲ့**
**ခြေအိတ်အကြောင်းကို အမြဲတမ်းသိထားပါတယ်**



ဟယရှိစ်၏ စကားလုံးများက အမြဲယဉ်ကျေးသိမ်မွေ့ကာ စိုးရိမ်သောကများကိုတော့ သိပ်မကြားရပေ။ အကျဉ်းထောင်ထဲမှ အကြောင်းအရာ အဖြစ်အပျက်များကို ဟာသနှောပြီး ရေးပို့ပေးတတ်သည်။ နာကြည်းမုန်းတီးမှု၊ ဝမ်းနည်းမှု စသည့် ခံစားချက်များကို ကွယ်ဖျောက်ထားပြီး 'အကျဉ်းထောင်ဆိုတာ ထူးဆန်းတယ်မလား'ဟု ခရီးသွားမှတ်တမ်း ရေးနေသလို ပြောပြနေသဖြင့် ကာလရှည်ကြာစွာ ရေးလာသည့် စာကြောင်းများထဲတွင် စည်းကမ်းစနစ်တို့၏ လမ်းစဉ်မကျမှုသဘောပါသည့် အရိပ်အယောင် မတွေ့ရပေ။

တွေးကြည့်လျှင် ရှက်စရာပင်။ လွန်ခဲ့သော နှစ်တစ်ရာလောက်ကတည်းက မပြောင်းမလဲ ရှိနေသည့် သေဒဏ်ဥပဒေကို အခုအချိန်ထိ ဖြစ်ရိုးဖြစ်စဉ်အဖြစ် သဘောထားကာ ကျင့်သုံးနေသည်က ထူးဆန်းနေသည်။ ယခု ဥပဒေတွင် သတင်းမီဒီယာသမားက သေဒဏ်ချထားသည့် ရာဇဝတ်သားထံမှ သတင်းယူခွင့်မရှိ၊ နိုင်ငံသားများ၏ သိပိုင်ခွင့်ကို ဆုံးရှုံးနေသည်။ ပြင်ဆင်ပြောင်းလဲရန် အကုန်အကျများသဖြင့် ပြစ်မှုကျူးလွန်သူသာမက နစ်နာဆုံးရှုံးသူ၊ ပြည်သူ စသည့် မည်သူ့ကိုယ်မျှ အကျိုးမရှိသည့် ထိုစနစ်ကို ဆက်သုံးနေတာများလား ဟုပင် တွေးမိသည်။

❑

**ခြေအိတ်နဲ့ ဂျာနယ်တော့ ရချင်တယ်**

စင်းဒိုင်အကျဉ်းစခန်း ဧည့်တွေ့ချိန်မှာ မိနစ် ၃၀။ ကျွန်မနှင့် ဟယရှိစ် နာရီဝက်ကြာ စကားပြောကြသည်မှာ ၁၄ နှစ်တာ ပတ်သက်ဆက်သွယ်မှုမှာတော့ ပထမဆုံးပင်။

'အံ့သြစရာပဲနော်၊ ကျွန်တော်တို့ ပထမဆုံးပဲ။ နာရီဝက်တောင် စကားတွေ ပြောနေခဲ့ကြတာနော်'

မိနစ် ၃၀ ဆိုသည့် အချိန်ကို ကျွန်မတို့ ကျေးဇူးတင်ဝမ်းသာနေကြသည်။ ဥပဒေမှာတော့ မိနစ် ၃၀ ဟု သတ်မှတ်ထားသည်။ သို့သော် တိုကျိုအကျဉ်းထောင်မှာတော့ ၁၄ နှစ်ပတ်လုံး ထိုသတ်မှတ်ချက်ကို လိုက်နာနိုင်မှုမရှိသေး။

'မိနစ် ၃၀ အတွက် တကူးတက စင်းဒိုင်ထိလာရတာ တကယ့်ကို အားနာပါတယ်။ အားနာပါတယ်ဆိုတဲ့ စကားကလွဲလို့ ဘာမှလည်း ပြောစရာစကားမရှိပါဘူး'

'မဟုတ်တာ၊ စိတ်ထဲမထားပါနဲ့။ ကျွန်မကတော့ ခရီးထွက်လာတဲ့သဘောမျိုးဆိုတော့၊ ပြီးရင် ဒီနားတစ်ဝိုက် လျှောက်ပတ် ကြည့်မလို့ စိတ်ကူးထားတယ်။ ချယ်ရီတွေ အကုန်ပွင့်နေပြီလေ။ ဓာတ်ပုံရိုက် ပရင့်ထုတ်ပြီး ပို့ပေးမယ်လေ။ ဒီမှာ နောက်ထပ် ၂ ညအိပ် နေဦးမှာဆိုတော့ မနက်ဖြန်ရော သန်ဘက်ခါရော လာမယ်၊ လာလို့ရပါတယ်နော်'

'ဒါပေါ့၊ ရတာပေါ့။ နေ့တိုင်းတွေ့ပြီး စကားပြောရတာ သဘောကျတယ်။ လိုက်လိုက်လှဲလှဲ ကြိုဆိုပါတယ်။ ဒါနဲ့ တကယ်ရော အလုပ်က ရရဲ့လား'

'ရတယ်၊ ပြဿနာမရှိဘူး။ တစ်ခုခု ယူလာပေးစေချင်တာ ရှိလား'

'အထွေအထူးတော့ မဟုတ်ပေမဲ့ သိတဲ့အတိုင်းပဲ စင်းဒိုင်က အေးတယ်ဆိုတော့ ခြေအိတ်ဝယ်ခဲ့ပေးပါလား'

သူလိုလိုချင်ချင်နှင့် တောင်းဆိုခဲ့သည့် ခြေအိတ်ကို တန်ဖိုးထား သုံးနေခဲ့သည်။ ချုပ်ရိုးပြေသွားလျှင် သူကိုယ်တိုင်



www.burmeseclassic.com

www.burmeseclassic.com

ပြန်ချုပ်ပြီး နှမ်းဖတ်သွားသည်အထိ ဝတ်သွားခဲ့သည်။ ‘ကျွန်တော်က ချုပ်တာတော်တယ်ဗျ’ဟုဆိုကာ သူ့ကိုယ်သူ ဂုဏ်ယူဝင့်ကြွားနေသည်။

‘နောက်ပြီးတော့ အပတ်စဉ်ထုတ် ဂျာနယ်လည်း လိုချင်တယ်’

‘တခြားသူတွေရဲ့ အခြေအနေလည်း သိချင်သေးလား။ ဒါမှမဟုတ် မပြောဘဲနေတာ ကောင်းမလား’

‘ဖြစ်နိုင်ရင်တော့ သိချင်တယ်’

‘အိနေ့ာအုအဲစံက ပြောင်းပို့ခံရကတည်းက တော်တော်စိတ်မတည်မငြိမ် ဖြစ်နေတဲ့ပုံပဲ။ သူလည်း နောက်ဆုံးတော့ နောက်ထပ်ပြန်စစ်ဆေးပေးဖို့ တင်ထားတယ်တဲ့’

အိနေ့ာအုအဲ ယော်ရှိဟိလောသည် မားထိုးသတ်ခံရသည့် မုလအိ ဟီဒဲအိုနှင့်အတူ မြေအောက်ရထားတွင်း လုပ်ကြံမှုကို အမှန်တကယ် ကျူးလွန်ခဲ့သည့် တရားခံဖြစ်ပြီး အမှု၏ အဓိကကျသူ ဖြစ်သည်။

‘ဟုတ်လား…အိနေ့ာအုအဲက စိတ်မတည်မငြိမ် ဖြစ်နေတာတဲ့လား။ စိတ်မကောင်းစရာပဲ’

အခုလိုရေရွတ်လိုက်သည့် ဟာယရှိစံကို ‘ဘယ်လောက်အထိများ လူကောင်းပါလိမ့်’ဟု ကျွန်မ တအံ့တသြ ဖြစ်သွားသည်။

‘အမှတ်ရစရာတွေကတော့ ရှိပေမဲ့ အိနေ့ာအုအဲဆိုတာ လူသားဆန်ပြီး သဘောကျစရာ အကွက်လေးတွေတော့ ရှိပါတယ်’

အဲဒီအချိန်မှာ အစောင့်ရဲက ‘အချိန်စေ့ပြီ’ဆိုကာ မှတ်တမ်းစာအုပ်ကို ပိတ်လိုက်သည်။

‘တငချိစံ၊ ဒီမှာက သတ်မှတ်ချက်ရှိတယ်။ ကျွန်တော်က လာတွေ့တဲ့သူကို ပို့ပေးရမယ်၊ လာတွေ့သူက အခန်းကနေထွက်တဲ့အထိ ဒီမှာထိုင်နေရမှာ’

‘သတ်မှတ်ချက်ကြီးကလည်း တစ်မျိုးကြီးပါလား။ ဒါဆို ကျွန်မ အရင်ထွက်သွားရင် ရပြီပေါ့။ သွားပြီနော်၊ မနက်ဖြန်တွေ့မယ်’

ပြုံးပြနှုတ်ဆက်ခဲ့ပြီးနောက်တွင်တော့ စတိုးဆိုင်တွင် ခြေအိတ် ၃ စုံ ဝယ်လိုက်သည်။ ဘယ်ကိုမှ သွားချင်စိတ်မရှိဘဲ ဟိုတယ်အခန်းပြန်ကာ အိနေ့ာအုအဲ ယော်ရှိဟိလော အကြောင်းကို စဉ်းစားနေမိတော့သည်။

‘စိတ်မကောင်းစရာပဲ…’ဆိုသည့် ဟာယရှိစံ၏ စိတ်သဘောထားကို ဘယ်လိုနားလည်ရမည် မသိ။ သူ့ဆီကပြန်လာပြီးကတည်းက စိတ်ထဲတွင် အလွန်သိချင်နေခဲ့သည်။

❑

**ဘယ်လိုလုပ်ရင် ဒီကိစ္စကို တားဆီးနိုင်မလဲ**

အိနေ့ာအုအဲ ယော်ရှိဟိလောက လိမ်ညာပြောနေသည်ဟု ဟာယရှိစံက ထင်နေသည်။ အဲဒီအလိမ်အညာကို သိနေသောကြောင့်သာ ‘စိတ်မကောင်းစရာပဲ’လို့ ပြောခဲ့တာများလား။ မြေအောက်ရထား ဆာရင်းအမှုကြီးကို ညွှန်ကြားခဲ့သူမှာ ဘာသာရေးဂိုဏ်းခေါင်းဆောင်ဖြစ်သူ အစဟာလ ရှောကိုးပါဟု သက်သေထွက်ဆိုခဲ့သည့် အိနေ့ာအုအဲ ယော်ရှိဟိလောအပေါ် အခုထိတိုင် သေသေချာချာ နားမလည်နိုင် ဖြစ်နေသည်များလား။

အိနေ့ာအုအဲ ယော်ရှိဟိလော၏ တရားခွင်တွင် ပြောသည့် စကားများက ရှေ့နောက်မညီ၊ ပုံကြီးချဲ့ကားသည့် ပြန်လည်သုံးသပ်မှု၊ ဝန်ချတောင်းပန်ရာတွင် သေဆုံးသွားသူများ၏ မိသားစုဝင်များပင် စိတ်အနှောင့်အယှက် ဖြစ်ရလောက်သည်အထိ ဖြစ်ခဲ့သည်။ တစ်နည်းဆိုရပါလျှင် လည်လွန်းသည်။ ထိုအကွက်များကို မြင်တွေ့လိုက်သည့် ဟာယရှိစံက သဘောကျစရာအကွက်လေးတော့ ရှိပါတယ်ဆိုသည့် စကားလုံး သုံးခဲ့သည်များ ဖြစ်နေမည်လား။

အိနေ့ာအုအဲ ယော်ရှိဟိလောသည် ‘တရားကျင့်ရာတွင် ပါရမီထူးသူ’ဟု ဆိုကြပြီး ဘာသာရေးဂိုဏ်းတွင် ထင်ပေါ်သူဖြစ်သည်။ စီမံကွပ်ကဲမှုသဘောတရား ကျွမ်းကျင်ပြီး တရားဆွယ်ရာတွင်လည်း ကျွမ်းကျင်သည်။ တဖြည်းဖြည်း ဘာသာရေးဂိုဏ်းတွင်း အကြမ်းဖက်မှုများ လုပ်လာကာ ငွေကြေးသုံးစွဲနိုင်လာသည့်အချိန်တွင် ထင်ရာစိုင်း လုပ်လာတော့သည်။

ဟာယရှိစံက ပြောရမည်ဆိုလျှင် မပေါက်သည့် ထီလက်မှတ်ကို ကိုယ်တိုင်ရွေးယူသူဖြစ်သည်။ အားလုံး ပျော်ရွှင်ချမ်းမြေ့နေရင် ရပြီ။ ထို့အတွက် ပင်ပန်းဆင်းရဲမှုကို ရင်ဆိုင်ရဲသူဖြစ်သည်။

ဒီလိုဆိုရင် ဒီလောက်ကောင်းတဲ့သူက ဘာကြောင့် လူသတ်သမားဖြစ်ရတာလဲဟု မေးလာပါက ‘အဆုံးမရှိသော ကြယ်သီးပေါက်များ လွဲတပ်မိခြင်း’ဆိုသည့် စကားအပြင် အခြားပြောစရာမရှိ၊ ရှင်းပြရန် ခက်လှသည်။

ဘာသာရေး ကိုးကွယ်ယုံကြည်သူဖြစ်ပြီး အခြားသူများအပေါ် မကောင်းမှုလုပ်ဖို့ဆိုကာ အိုးအိမ်စွန့်ပြီး ဘုရားတရားလုပ်သူ ရှိလိမ့်မည်မဟုတ်ပေ။ အယူမှားသည့် ဘာသာရေးသမားကို ယုံကြည်မိသွားခြင်းက အရာအားလုံး၏ အရင်းအမြစ်ပင်။ ပြောသာပြောရသည် အစဟာလရှောကိုး၏ တည်ရှိမှုက ကြည့်သူပုံ ထင်ဟပ်နေသည့် မှန်တစ်ချပ်၏ တည်ရှိမှုဖြစ်ကာ ထိုမှန်ကြည့်သူကိုလိုက်ပြီး ထင်ဟပ်သည့် အသွင်သဏ္ဍာန် ကွဲပြားသွားပေမည်။

*(တငချိစံဘက်ကကြည့်ရင် မိုက်မဲတဲ့လုပ်ရပ်လို့ပဲ သေချာပေါက် ထင်မှာပဲ။ ဒါပေမဲ့ အဲဒီအချိန်က(ဟာယရှိစံ အိုအုမုဂိုဏ်းထဲ ဝင်ခါစ) အားလုံးက အစဟာလနှင့် ဘာသာရေးဂိုဏ်းကို သဘောကျခဲ့ကြတာ။ အဲဒါက အိုအုမု ဖြစ်ခဲ့တာပေါ့။ တရားကျင့်ဖို့ အားထုတ်ကြိုးပမ်းတဲ့သူတွေအတွက် သာယာဖြောင့်ဖြူးတဲ့ လမ်းဖောက်ပေးချင်ခဲ့တာ။ ပုံပိုးကူညီဖို့အတွက် လူသတ်ရလည်း အပြစ်မဖြစ်ဘူးဆိုတဲ့ ဘာသာရေးအဆုံးအမဆိုတာတွေဟာ ပုံမှန်မှမဟုတ်တာ။ ဒီဂိုဏ်းက လုပ်နေတာတွေ ပေါက်*

**စာမျက်နှာ(၂၃၄)သို့…**



www.burmeseclassic.com

www.burmeseclassic.com




# လူတိုင်းသည် စာရေးဆရာလော...

ဝင်းငြိမ်း

*(ယခင်လမှအဆက်...)*

**စာရေးခြင်းကို အမိပ္ပာယ်ဖွင့်ဆို ခြင်း**

'စာရေးဆရာ' ဆိုတဲ့ ဝေါဟာရ ကိုယ်တိုင်က ဒီနှစ်အပိုင်းအခြားကာလများမှာ အဓိပ္ပာယ် ပြောင်းလဲလာပါတယ်။ သဘောသဘာဝအားဖြင့်လည်း စာရေးခြင်းဆိုတာက အဓိပ္ပာယ်ပိုပြီး ကျယ်ဝန်းလာတယ်။ ဥပမာဆိုပါတော့ အခုနေခါမှာ စာရေးတယ်လို့ ပြောလိုက်ရုံနဲ့ စကားလုံးတွေသာမက ပုံတွေလည်း ပါလာတယ်။ Graphic တွေလည်း ပါလာတယ်။ အဲဒီလိုပါလာမှသာ စာရေးသူက ပြောချင်တဲ့ အဓိပ္ပာယ်အပြည့်အစုံကို တစ်ဖက်က စာဖတ်သူ ပြည့်ပြည့်ဝဝ နားလည်နိုင်တဲ့ အနေအထား ရောက်လာတယ်။ ဒါကြောင့် စာရေးခြင်းဆိုရာမှာ အသံတွေလည်း ပါလာတတ်တယ်။ တစ်ခါတလေမှာ အချက်အလက်တွေ ဖွင့်ဆိုပေးမယ့် Website တွေလည်း ပူးတွဲပါလာတတ်ပါတယ်။ နောက်ဆုံးမှာတော့ ဒါတွေကို ခြုံငုံသုံးသပ်လိုက်ရင် ဒီနေ့ခေတ်ကာလမှာ စာရေးခြင်းဆိုတာဟာ စကားပြောခြင်းထက် အများကြီး ကျယ်ဝန်းသွားပြီ။ စာရေးသူတစ်ယောက်ရဲ့ အတွင်းကျကျ အတွေးတွေကို စာဖတ်သူက အသံနဲ့လည်း ကြားနိုင်တယ်။ အရုပ်နဲ့လည်း မြင်နိုင်တယ်။ ရေးတဲ့သူက စိတ်ကူးရှိရင် ရှိသလို သူ့စာကို ထုံမွှမ်းသွားနိုင်ပါတယ်။

ခုခေတ်မှာ စာရေးခြင်းက တစ်ဦးတစ်ယောက်တည်းနဲ့ ဆောင်ရွက်တာ မဟုတ်တော့ဘဲ အပေါင်းအသင်းများ ပါဝင်လာတတ်ပါတယ်။ ဘာကြောင့်လဲ ဆိုတော့ သူ့စာကို ထင်သာမြင်သာ အောင် တင်ပြပေးနိုင်မယ့်လူ လိုတယ်။ သူနဲ့ မိတ်ဆွေအပေါင်းအသင်း သို့တည်း မဟုတ် သူငယ်ချင်းများက ဆန်းစစ်ဝေဖန်ကြည့်ကြမယ်။ ငြင်းခုံကြမယ်။ ရလာတဲ့အဖြေပေါ်မှာ အတူတကွ ခံစားကြမယ်။ ရသစာပေမှာသာမက စီးပွားရေးလုပ်ငန်းများနဲ့ သက်ဆိုင်တဲ့ ရေးသားမှုတွေလည်း ပြုလုပ်ကြရပါတယ်။ အဲဒီလိုအခါမျိုးမှာ အစုလိုက်ဖွဲ့ပြီး ဒီစာကို ဝေဖန်ကြတယ်၊ လက်တွေ့ကျင့်သုံးကြတယ်။ ဒါကြောင့် စာရေးခြင်းဆိုရာ



www.burmeseclassic.com

www.burmeseclassic.com

မှာ တစ်ဦးတစ်ယောက်တည်းနဲ့ သက်ဆိုင်တာမဟုတ်တော့ဘဲ အများနဲ့သက်ဆိုင်တဲ့ပစ္စည်း ဖြစ်လာခဲ့ပါတယ်။

စာရေးတယ်ဆိုတဲ့နေရာမှာ မှတ်သားစရာတစ်ခုကတော့ ကိုယ်ဘာရေးတာလဲ၊ ဘယ်သူ့အတွက် ရေးတာလဲ၊ ဘယ်အတိုင်းအတာအထိ ရေးမှာလဲ စတာတွေကို စဉ်းစားစရာရှိလာခဲ့ပါပြီ။ ဒီနေရာမှာ email ဟာ ဥပမာတင်ပြစရာတစ်ခုအနေနဲ့ ကောင်းမွန်လှပါတယ်။ စက်တင်ဘာလ ၁၁ ရက်နေ့က အမေရိကန်ပြည်ထောင်စု ဝေါလ်ထရိတ်စင်တာမှာ ကမ္ဘာကျော်သွားတဲ့ တိုက်ခိုက်မှုဖြစ်ပွားပြီးတဲ့နောက်မှာ အာဖဂန်နစ္စတန်နိုင်ငံမှာ "တာမင်အန်ဆာရီ" ဆိုတဲ့ သူတစ်ယောက် မွေးဖွားလာခဲ့ပြီး သူဟာ စာရေးဆရာတစ်ယောက် ဖြစ်လာခဲ့ပါတယ်။ လူတော်တော်များများဟာ အာဖဂန်နစ္စတန်နိုင်ငံကို ဗုံးကြဲပြီး ကျောက်ခေတ်လူသားများဘဝ ပြန်ရောက်သွားအောင် လုပ်ဆောင်ကြမယ်လို့ ကြွေးကြော်ကြတဲ့အခါ အဲဒီစာရေးဆရာက တော်တော်အံ့ဩသွားပါတယ်။ ဒါကြောင့် သူက သူ့ထိတ်လန့်တုန်လှုပ်သွားပုံကို သူ့မိတ်ဆွေတော်တော်များများဆီ email တွေပို့ခဲ့ပါတယ်။ သူပို့တဲ့သူတွေထဲမှာ အိုစမာဘင်လာဒင်နဲ့ တာလီဘန်အဖွဲ့လည်း ပါတယ်။ သူမျှော်လင့်တာက အမေရိကန်ပြည်ထောင်စုက တခြားသူတွေ တောင်းဆိုနေကြသလို အာဖဂန်နစ္စတန်နိုင်ငံအပေါ် လုပ်လိမ့်မယ် မဟုတ်ဘူးလို့ ဆိုတာပါပဲ။ အန်ဆာရီ email ပို့လိုက်တဲ့ မိတ်ဆွေများထဲက တချို့က သူတို့မိတ်ဆွေများဆီကို ထပ်ဆင့်ပေးပို့ဖို့အတွက် Forward ခလုတ်တွေ နှိပ်ခဲ့ကြပါတယ်။ ရက်ပိုင်းအတွင်းမှာပဲ အန်ဆာရီရဲ့စာဟာ ကမ္ဘာကြီးကို တစ်ပတ်မက ပတ်ပြီးသွားပါပြီ။ ဒါကြောင့် သူ့စာကို အာဖရိကသတင်းဌာနက ထုတ်ဝေတဲ့ Philippine Daily Inquirerနဲ့ လန်ဒန်မှာ ထုတ်ဝေတဲ့ The Evening Standard တို့မှာ ဖော်ပြတဲ့အပြင် Sanfrancisco Chronicle အပါအဝင် အမေရိကန်ပြည်ထောင်စုမှာ ထုတ်ဝေတဲ့ စာစောင်ပေါင်းများစွာက ဖော်ပြလိုက်ကြတဲ့အပြင် Website တွေမှာလည်း တင်ခဲ့ကြပါတယ်။

ဒါကြောင့် စာရေးသူတစ်ယောက်ရဲ့စာတစ်စောင်ဟာ စက္ကန့်ပိုင်းအတွင်းမှာပဲ ကမ္ဘာကို ပတ်နိုင်သလို ဒီစာကို လက်ခံရရှိတဲ့ လူပေါင်းများစွာတို့ကလည်း စဉ်းစားတွေးတောစရာ အများကြီး ပေါ်ပေါက်စေပါတယ်။ အခုဖော်ပြခဲ့တဲ့ တာမင်အန်ဆာရီရဲ့ စာဥပမာလိုပဲ လူတိုင်းဟာ သူတို့ရေးတဲ့စာက ရည်ရွယ်သူတစ်ဦးတစ်ယောက်တည်းကိုသာမက အခြားသူများထံကိုလည်း ရောက်ရှိသွားမယ်ဆိုတာ သိထားရမယ့်အနေအထားရောက်ခဲ့ပါပြီ။ လူတစ်ယောက်ရဲ့ စာတစ်စောင်ဟာ သူ့သဘောတူတဲ့အချက်ကို ပြောတာဖြစ်နိုင်သလို သဘောမတူတဲ့အချက်ကို ကန့်ကွက်တာလည်း ဖြစ်နိုင်ပါတယ်။ အခု ကျွန်တော်တို့ နေထိုင်တဲ့နေရာဟာ မြို့တစ်မြို့ မဟုတ်သလို ပြည်နယ်တစ်ခုလည်း မဟုတ်တော့ပါဘူး။ နိုင်ငံတစ်ခုလို့လည်း မဆိုသာတော့ဘူး။ ကမ္ဘာတစ်ခုလို့သာ ပြောရမလို ဖြစ်လာခဲ့ပါပြီ။ ဒါကြောင့် စာတစ်စောင်ရေးလိုက်တိုင်းမှာ ဘာသာပေါင်းစုံနဲ့ နိုင်ငံတကာကို ရောက်ရှိသွားလိမ့်မယ်ဆိုတာ သိထားရတော့မှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ရေးတဲ့စာက နိုင်ငံတကာကို မရည်ရွယ်ဘူးပဲထား၊ ထူးခြားတဲ့စာများဟာ နိုင်ငံတကာ ဘာသာရပ်အသီးသီးနဲ့ တစ်ကမ္ဘာလုံးကို ပျံ့နှံ့သွားလိမ့်မယ်ဆိုတာ သိထားဖို့ လိုပါလိမ့်မယ်။

**လူတိုင်းသည် သုတေသနသမားများ ဖြစ်သည်**

စာရေးတယ်ဆိုတဲ့နေရာမှာ စိတ်ကူးတွေ ပါလာတယ်။ တခြားသူတွေ ပြောတဲ့စကားတွေလည်း ပါလာတယ်။ ဒါကြောင့် တချို့သောပုဂ္ဂိုလ်များက ဒါတွေကို သုတေသနလုပ်ချင်လာကြတယ်။ သူတို့ စိတ်ဝင်တစား ပြုလုပ်လိုက်တဲ့အခါမှာ စာတစ်လုံး၊ စာတစ်ကြောင်း စသည်တို့က အများကြီး ရောင်ပြန်ဟပ်လာနိုင်ပါတယ်။ ဆိုကြပါစို့။ ကားအသစ်များရဲ့ဈေးနှုန်းကို စိတ်ဝင်စားသူတစ်ယောက်က Craigslist ဆိုတဲ့ အင်တာနက်စာမျက်နှာကို ဝင်ကြည့်လိုက်ရင် ကားနဲ့ပတ်သက်ပြီး အကုန်သိနိုင်တယ်။ ကြော်ငြာချင်တယ်ဆိုရင်လည်း ဒီစာမျက်နှာမှာ ကြော်ငြာလို့ ရတယ်။ စမတ်ဖုန်းတွေ အပြိုင်အဆိုင်ပေါ်လာတဲ့ကာလမှာ ဘယ်ဖုန်းက ဘယ်လောက်ကောင်းတယ်ဆိုတာ ကြော်ငြာတွေမှာ တွေ့လာနိုင်တယ်။ ဒါကြောင့် ဒီကြော်ငြာတွေက တစ်ဆင့် ကားနဲ့ပတ်သက်ရင် သူ့ Website, ဖုန်းနဲ့ပတ်သက်ရင် သူ့ Website တို့ကို နေ့စဉ် ဝင်ရောက်ကြည့်ရှုခြင်းအားဖြင့် တိုးတက်မှုများကို လေ့လာသုံးသပ်နိုင်ပါတယ်။ ဒါကြောင့် ကိုယ်စိတ်ဝင်စားတဲ့ Website တွေကို ဝင်ကြည့်ခြင်းဟာ သုတေသနပြုခြင်း တစ်မျိုးပါပဲ။ ဘာတွေဖြစ်နေသလဲ၊ ဘာတွေတိုးတက်နေသလဲ ဆိုတာကို သုံးသပ်ခြင်းဟာ မသိလိုက်မသိဘာသာ သုတေသနလုပ်နေခြင်း ဖြစ်ပါတယ်။

ဒီနေ့ သုတေသနလုပ်တယ်ဆိုတဲ့ အလုပ်က လွန်ခဲ့တဲ့ ဆယ်စုနှစ်များနဲ့ ယှဉ်လိုက်ရင် အလွန်လွယ်ကူသွားပါပြီ။ ဘာကိုပဲ သိချင်သည်ဖြစ်စေ အက္ခရာ ဝလီစဉ်လိုက်စီစဉ်ထားတဲ့ စာမျက်နှာများမှာ ကိုယ်လိုရာကို အလွယ်တကူ ရှာဖွေလို့ ရနေပါပြီ။ ကွန်ပျူတာခေတ် မတိုင်မီကဆိုရင် တစ်ခုခုကိုသိချင်ရင် တော်တော်ရှာရပါတယ်။ ဆိုကြပါစို့။ ကမ္ဘာကျော် စာရေးဆရာကြီး ရှိတ်စပီး ယားရဲ့ လုပ်ငန်းတွေအကြောင်း၊ သူရေးခဲ့စာတွေအကြောင်း သိချင်တယ်ဆိုရင် တစ်နေရာတည်းမှာ ဖတ်လို့မရနိုင်တဲ့အတွက် နေရာပေါင်းစုံမှာ ရှာဖွေဖတ်ရှုရတာ ဆယ်စုနှစ်ပေါင်းများစွာကြာသလို ခက်ခဲတဲ့ သုတေသနလုပ်ငန်းလည်း ဖြစ်ပါလိမ့်မယ်။ ဒစ်ဂျစ်တယ်ခေတ် ရောက်လာတဲ့အချိန်မှာတော့ ခလုတ်ကလေး တစ်ချက်နှစ်ချက် နှိပ်လိုက်ရုံ နဲ့ ကိုယ်လိုချင်တာကို အလွယ်တကူ ရှာလို့ရသွားပါပြီ။

ပိုပြီးထင်ရှားတဲ့ ဥပမာပြရမယ်ဆိုရင် တက္ကသိုလ်ပထမနှစ်ကျောင်း သားတစ်ယောက်ဟာ လွန်ခဲ့တဲ့ အနှစ် ၂၀ လောက်ကဆိုရင် အင်တာနက်ဆိုတာ ဘာမှန်းမသိပါ



www.burmeseclassic.com

www.burmeseclassic.com

ဘူး။ အဲဒါကို ဒီနေ့ခေတ်မှာတော့ ကမ္ဘာအရပ်ရပ်မှာရှိတဲ့ အရပ်ဒေသ အသီးသီးက အခု အပူချိန်ဘယ်လောက် ရှိတယ်ဆိုတာကိုတောင် သိနိုင်တဲ့ အခြေအနေ ရောက်ရှိလာခဲ့ပါပြီ။ အင်တာနက်ကို ဝင်လိုက်တာနဲ့ တစ်ပြိုင်နက် ဘယ်နိုင်ငံမှာ ဘာဖြစ်နေတယ် ဆိုတာကိုလည်းသိနိုင်ခဲ့ပါပြီ။ ဒါတွေ အားလုံးဟာ Google ကိုခေါက်ရုံနဲ့ သိနိုင်တဲ့ အချက်တွေဖြစ်ခဲ့ပါပြီ။ ဒါပေမဲ့ ကျောင်းစာကြည့်တိုက်မှာရှိတဲ့ စာအုပ်များကို ဖတ်ရှုခြင်းဟာလည်း မလွဲမသွေ လိုအပ်တဲ့ကိစ္စတစ်ခု ဖြစ်ပါတယ်။ ကမ္ဘာကြီးနဲ့ပတ်သက်တဲ့ အချက်အလက်မှန်သမျှဟာ ကိုယ့်လက်ဖျားမှာတင် ရှိနေတယ် ဆိုပေမဲ့ စာအုပ်ကို မဖတ်ဘဲနဲ့ ဘယ်လိုနည်းနဲ့မှ ခေါင်းထဲကို အသိပညာရောက်မှာ မဟုတ်ပါဘူး။

ဒီနေ့ခေတ်မှာ ပြောင်းလဲလာတာကတော့ ဘယ်ကိစ္စကိုပဲ လေ့လာသုံးသပ်သည်ဖြစ်စေ သတိကြီးစွာထားဖို့ လိုအပ်ခြင်းပါ။ သူ့ကို အသုံးချမယ်ဆိုရင် သုံးသင့်မသုံးသင့်ဆိုတဲ့ အရေးကြီးတဲ့ ဆုံးဖြတ်ချက်ကို ကိုယ်တိုင်ချရမှာဖြစ်တဲ့အတွက် ခေါင်းထဲမှာ အသိဉာဏ်ရှိနေဖို့ လိုအပ်ပါတယ်။ ဒါကြောင့် တွေးခေါ်ပညာရှင်တစ်ဦးဖြစ်တဲ့ ကဲနက်ဘာ့ဂ်က "လူသည် တဖြည်းဖြည်းချင်း ပြောင်းလဲလာခဲ့သည့် သတ္တဝါဖြစ်သည်" ဆိုတဲ့ အဆိုအမိန့်ကို သတိထားဖို့ လိုပါတယ်။ ကိုယ်လုပ်တဲ့ အလုပ်တစ်ခုဟာ သူများလုပ်ခဲ့ပြီးသား အလုပ်တစ်ခုကို ပိုကောင်းသွားအောင် လုပ်တာပဲ ဖြစ်တယ်။

### လူတိုင်းသည် စာသင်သားဖြစ်သည်

လွန်ခဲ့တဲ့ နှစ်ပေါင်းနှစ်ထောင်လောက်တုန်းက ရောမစာရေးဆရာ ကွင်တီလီယံက ပညာရေးနဲ့ပတ်သက်ပြီး မွေးတဲ့အချိန်ကနေ အသက်အရွယ်အိုမင်းပြီး သေဆုံးသွားတဲ့အထိ သင်ယူရမယ်လို့ ဆိုခဲ့တယ်။ အုံ့သြစရာကောင်းတာက သူ့အဆိုအမိန့်မှာ ၂၁ ရာစုနှစ်ကိုကူးပြောင်းလာချိန်မှာတော့ အမှန်တကယ်ဖြစ်လာခဲ့တယ်လို့ ဆိုရမှာပါပဲ။ ဘာကြောင့်လဲဆိုတော့ လူတွေက တက္ကသိုလ်တွေမှာ ပညာသင်ကြားကြပြီး ဘွဲ့ရပြီးတဲ့နောက်ပိုင်းမှာလည်း စာတွေကို သင်အံမှတ်ယူနေရတုန်း ဖြစ်လို့ပါပဲ။ ပညာဉာဏ်ခေတ်ရောက်လာတယ်လို့ ဆိုရမယ့်အချိန်မှာ ဆက်သွယ်ရေးနည်းပညာများက ပိုပြီး လိုအပ်လာပါတယ်။ ဘယ်လိုဆက်သွယ်ရမလဲ၊ ဘယ်လိုသင်ယူရမလဲ။ လေ့လာသင်ယူနေဆဲမှာပဲ တစ်ကမ္ဘာလုံးက ပညာရပ်တွေကို လေ့လာရတဲ့အဆင့်ကို ရောက်ရှိလာကြပါတယ်။ သူတို့လေ့လာနိုင်ဖို့အတွက် မီဒီယာဆိုတာ ပေါ်ပေါက်လာခဲ့ရပြန်ပါတယ်။

တက္ကသိုလ်တက်ဖို့ ဘယ်တုန်းက ဆုံးဖြတ်ခဲ့သလဲ၊ ကိုယ့်ရည်မှန်းချက်ကို ပြီးမြောက်ဖို့အတွက် ဘာတွေလုပ်ခဲ့သလဲ ပြန်ပြီး စဉ်းစားမယ်ဆိုရင် ဒီနေ့ခေတ်အချိန်က ကုန်လွန်ခဲ့တဲ့ကာလထက် ပိုပြီး ကြီးမားလာသလို လျင်မြန်လာတာကိုလည်း တွေ့ရပါမယ်။ ဘွဲ့ရပြီးရုံနဲ့ မကျေနပ်နိုင်ကြသေးဘဲ နောက်ထပ် ဘွဲ့လွန်ပညာတွေကို အချိန်ပိုင်းဖြစ်စေ၊ အချိန်ပြည့်ဖြစ်စေ ဆက်လက်သင်ယူကြတာတွေလည်း ရှိလာပါတယ်။ တက္ကသိုလ်မှာ ဒီလိုဆက်လက်သင်ကြားခြင်းဟာ အရင်ကတော့ အလွန်နည်းပါးပါတယ်။ အခုတော့ ဘဝမှာ မရှိမဖြစ် လိုအပ်ချက်တစ်ခုလို ဖြစ်လာခဲ့ပါပြီ။ ပညာများများတတ်မှ ရာထူးရာခံအဆင့်မြင့်မြင့်ကို ရနိုင်ကြပါတယ်။ အဆင့်မြင့်လာလေ သင်ယူရတာ ပိုများလာလေပါပဲ။

ဒါကြောင့် ဒီနေ့ခေတ် ပညာသင်ယူနေတဲ့ လူများဟာ ပညာသင်နှစ် ပိုမိုတိုးပွားလာသလို ကျွမ်းကျင်မှုကလည်း အရင်ကထက် ပိုမိုကျွမ်းကျင်လာကြပါတယ်။ အောက်ဆုံးအဆင့် ဝန်ထမ်းတစ်ယောက်ဖြစ်ဖို့ကိုပင်လျှင် တက္ကသိုလ်ပညာလိုအပ်တယ်လို့ သတ်မှတ်လာကြပါပြီ။ ဒါကြောင့် လူတွေက ပညာတတ်မှသာဖြစ်မယ် ဆိုတဲ့အသိ ခေါင်းထဲကို ရောက်လာခဲ့ကြပါတယ်။ အရင်တုန်းကလို အကြားနဲ့တတ်ခဲ့တဲ့ ပညာတွေဟာ အခုတော့ လက်တွေ့သင်ယူမှသာ တတ်မြောက်တဲ့ပညာ ဖြစ်လာခဲ့ပါပြီ။ ဒီလိုပြောင်းလဲလာခြင်းက ဘယ်သဘောကိုဆောင်ပါသလဲ။ ပထမပြောရမှာကတော့ ပိုပြီးရေးရတယ်။ ပြောရတယ်။ သူများတကာထက် ဦးဆောင်တတ်မြောက်နိုင်ဖို့ ကြိုးစားကြရတယ်။ သီအိုရီတွေကိုလည်း တီထွင်နိုင်အောင် ဖန်တီးကြရတယ်။ ဥပမာ စီးပွားရေးနဲ့ပတ်သက်လို့ ကိုယ်က ကျွမ်းကျင်အောင် လေ့လာရင်းနဲ့ စီးပွားရေးနဲ့ပတ်သက်တဲ့ သီအိုရီဖြစ်စေ၊ စာရင်းနဲ့ပတ်သက်တဲ့ နည်းပညာပိုင်းဆိုင်ရာဖြစ်စေ တတ်မြောက်ထွန်းကားလာအောင် မလွဲမသွေ ကြိုးစားကြရပါတယ်။ ဘယ်နေရာမှာပဲ ဖြစ်ဖြစ် စာရေးခြင်းဆိုတဲ့ အတတ်ပညာဟာ တတ်ကိုတတ်ရမယ့် ပညာရပ် ဖြစ်လာပါတယ်။ Website တစ်ခု ထူထောင်ချင်သည်ဖြစ်စေ၊ မီးသတ်ဌာနလုပ်ချင်သည်ဖြစ်စေ၊ ပရဟိတအလုပ်ကိုပဲ လုပ်ချင်သည်ဖြစ်စေ စာမတတ်မြောက်ရင် မဖြစ်နိုင်ပါဘူး။

အဲဒီစိန်ခေါ်မှုများနဲ့ အခွင့်အရေးတွေဟာ ဒီနေ့ စာသင်သားတွေအတွက် အခွင့်အလမ်းတွေပါပဲ။ ဆက်လက်ဖော်ပြသွားမယ့် အခန်းကဏ္ဍများမှာ စိန်ခေါ်မှုတွေနဲ့ ပတ်သက်ပြီး ရရှိလာနိုင်မယ့် အကျိုးအမြတ်တွေကို ဖော်ပြသွားမှာဖြစ်ပါတယ်။ မိမိကိုယ်မိမိ စာရေးဆရာတစ်ယောက်လို့ သဘောထားလိုက်ပါ။ စာရေးဆရာတစ်ယောက်ဖြစ်လာတဲ့ အခါမှာ ပရိသတ်မျိုးစုံနဲ့ ကြုံတွေ့လာရမယ်။ မျိုးဆက်သစ်တွေ၊ မီဒီယာအသစ်တွေနဲ့လည်း ကြုံတွေ့လာရပြီး ဆက်သွယ်မှု နည်းစနစ်တွေကိုလည်း အသိပညာတိုးပွားလာအောင် ဆက်လက်ကြိုးစားသွားကြရမှာ ဖြစ်ပါတယ်။

*(ဆက်လက်ဖော်ပြပါမည်)*

■

**ဝင်းငြိမ်း**



www.burmeseclassic.com

www.burmeseclassic.com





# ရွှေအမြုတေ ပရိသတ် အကြိုက် ရွှေအသစ် နှင့် ရွှေနှလုံးသား

ရွှေအမြုတေမဂ္ဂဇင်းမှာ ၂၀၁၈ ခုနှစ်အတွင်း ဖော်ပြခဲ့တဲ့ ရွှေအသစ်၊ ရွှေနှလုံးသားကဏ္ဍတို့မှ ပရိသတ်များ ကြိုက်နှစ်သက်တဲ့ ဝတ္ထုများကို ရွေးချယ်ပေးဖို့ ဖိတ်ခေါ်ခဲ့ရာ ပရိသတ်အများစုက အောက်ဖော်ပြပါအတိုင်း ဆန္ဒမဲပေးခဲ့ကြပါတယ်။ **ရွှေအသစ်ကဏ္ဍ-** စာရေးဆရာ မိုးဦးနေ ဝတ္ထုအမည် **ဆီးဆော** ဖော်ပြခဲ့သည့်လ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ။ **ရွှေနှလုံးသားကဏ္ဍ-** စာရေးဆရာ ကိုစက်ဖေ ဝတ္ထုအမည် **ကမ္ဘာဦးက အိမ်ကလေးများ** ဖော်ပြခဲ့သည့်လ ၂၀၁၈ ခုနှစ် ဇွန်လ။ အကြိုက်ဆုံးရွေးချယ်ခြင်းခံရတဲ့ ဆရာနှစ်ဦးကို ၂၀၁၉ ခုနှစ် မေလအတွင်း ကျင်းပမယ့် ရွှေအမြုတေ စာပေဆုပေးပွဲမှာ တစ်ပေါင်းတည်း ထည့်သွင်းဆုချီးမြှင့်ပေးမှာဖြစ်ကြောင်း သိစေအပ်ပါတယ်။ ■



www.burmeseclassic.com

www.burmeseclassic.com

ရွှေအမြုတေ ရုပ်စုံမဂ္ဂဇင်း အမှတ် ၃၅၂ မတ်၊ ၂၀၁၉

အခုနောက်ပိုင်း စာမူတွေမှာ အကြောင်းအရာအားဖြင့် ထူးမခြားနားတွေအပြင် လတ်တလောဖြစ်ပေါ်နေတဲ့ အခြေအနေတွေကို ထင်ဟပ်ထားတာတွေ ပါလာတယ်ဆိုပေမဲ့ အရေးအသားနဲ့ တင်ပြပုံတွေမှာ အားနည်းလျှော့ရှိကြပြီး ဇာတ်ကြောင်းပြောဖို့ အားသန်နေတာကို တွေ့ရပါတယ်။ ရသဝတ္ထုတိုတစ်ပုဒ်အတွက် အရေးအသားနဲ့ တင်ပြပုံကိုပါ အားစိုက်ထုတ်ဖို့ လိုတယ်လို့ ပြောပါရစေ။ အသစ်အသစ် စာမူတွေကို မျှော်ရာမှာ ရေးခဲ့တဲ့ဇာတ်ကြောင်းတွေတင်မက ရေးဟန်၊ တင်ပြပုံ အသစ်အသစ်တွေကိုပါ မျှော်လင့်နေကြောင်း ထပ်လောင်းပြောလိုက်ပါတယ်။

၁။ *ကျွန်မဘဝ အရိုင်းပန်း*

*နေအလင်္ကာတေး*

အပြန်အလှန်စကားပြောတွေကို အားပြုထားတဲ့ စာမူတစ်ပုဒ်ဖြစ်ပါတယ်။ လိင်တူချစ်သူနောက်ခံ အလိမ်အညာဇာတ်လမ်းတစ်ပုဒ်သာ ဖြစ်ပါတယ်။

၂။ *ညဆိုး*

*မိုမိုလတ်*

နာဂစ်နောက်ခံ စာမူတစ်ပုဒ်ဖြစ်ပြီး အရေးအသားနဲ့ တင်ပြပုံ အားနည်းပါတယ်။

၃။ *နောက်ဆုံးအင်တာဗျူး*

*ညီလင်းထင်*

ဆောင်းပါးဆန်တဲ့ အတွေးစကို ဝတ္ထုဖြစ်အောင် ရေးထားသလိုမျိုး ဖြစ်နေပါတယ်။

၄။ *ကျွန်တော့်နှလုံးသားထဲက အမေ*

*နီယွန်းအိမ်(သာပေါင်း)*

အရင်ထက်စာရင် အရေးအသားရှင်းလင်းလာပေမဲ့ အကြောင်းအရာရော တင်ပြပုံပါ ရိုးစင်းလွန်းပြီး အားနည်းနေပါသေးတယ်။

၅။ *လမ်းပျော်*

*နေသူရ(တောင်တွင်း)*

အပြန်အလှန်စကားပြောကို အားပြုထားသလို ဇာတ်ကြောင်းတွေကို တွန်းပြီး ပြောထားတာ ဖြစ်ပါတယ်။ အရေးအသား မသေသပ်သလို တင်ပြပုံ ရိုးစင်းပါတယ်။

၆။ *မြင်းမိုရ်ဦးတို့ တီးတိုးရှိုက်သံ*

*ညီလင်းမောင်(ရေဦး)*

အရေးအသား ပြေပြစ်ပါတယ်။ ဒါပေမဲ့ အကြောင်းအရာရော၊ တင်ပြပုံရော ရိုးစင်းပြီး အပြန်အလှန်စကားပြောကို အားပြုထားပါတယ်။

၇။ *အမေ*

၈။ *မိုးစက်တင်လေ*

၉။ *တန်ဖိုး(Balue)*

၁၀။ *Model ဖြစ်ချင်သူနှင့်ကျွန်ုပ်၏ဖြစ်ရပ်…*

*ကိုဇော်(နွေဥသြ)*

တန်ဖိုး စာမူမှာ အင်္ဂလိပ်လို (Value)လို့ ဖြစ်ရပါမယ်။ စာမူအားလုံးတိုလွန်းပြီး အဖွဲ့အနွဲ့လုံးဝမပါဘဲ ဇာတ်ကြောင်းသက်သက် ဖြစ်စဉ်ပြရေးသားထားတာမျိုး ဖြစ်နေပါတယ်။ စာများများ ဖတ်ပါဦး။

၁၁။ *ဘဝလမ်းညွှန် မြတ်သခင်*

*ရာပြည့်(ပုလဲ)*

အရေးအသား ပြေပြစ်ပါတယ်။ ဒါပေမဲ့ စာပိုဒ်မခွဲဘဲ တစ်ဆက်တည်း ရေးထားတဲ့အတွက် ဖတ်ရတာ အဆင်မပြေပါဘူး။ စာမူပေးပို့ရာမှာ စည်းမျဉ်းစည်းကမ်းတွေကို သေချာလေ့လာပြီးမှ ပေးပို့ရမှာ ဖြစ်ပါတယ်။ စာများများ အရင်ဖတ်ပါဦး။



www.burmeseclassic.com

www.burmeseclassic.com

၁၂။ ဒုတိယနေရာ

မောင်မြတ်သူ(ပညာရေး)

စာညွှန့်လို တိုလွန်းပြီး အကြောင်းအရာရော၊ တင်ပြပုံပါ ရိုးစင်းပါတယ်။

၁၃။ ရောင်းရန်မဟုတ်ပါ

မိုးလတ်(ကျောင်းစောင့်ကြီး)

ရိုးစင်းတဲ့ စာမူတစ်ပုဒ်ဖြစ်ပါတယ်။ အဆုံးသတ်မှာ ပြော ချင်တာ ကောင်းပေမဲ့ စာဖတ်သူ ဘဝင်ကျအောင် ရသပါ အောင် မရေးနိုင်ပါဘူး။

၁၄။ ငြိမ်း

ဖြူ

စာညွှန့်ဆန်ဆန် စာမူတစ်ပုဒ်ဖြစ်ပြီး စာပိုဒ်လုံးဝခွဲမထား ပါဘူး။ စာများများ ဖတ်ပြီးမှ စာရေးပါ။

၁၅။ *နတ်သံကြား ဖျားချင်တယ်*

၁၆။ *ကြိုးသီတဲ့…ပန်း (သို့) ဆလိုင်းမြေမှ အလှပန်းများ*

ရဲသွေးနီ(တမာမြေ)

နတ်သံကြား ဖျားချင်တယ် က ချင်းလူမျိုးနောက်ခံစာမူ တစ်ပုဒ်ဖြစ်ပေမဲ့ ဆောင်းပါးဆန်တဲ့ အတွေးနဲ့အရေးဖြစ်နေ ပါတယ်။ ရသဆန်ဆန် ပြန်လည်ပြင်ဆင်ရေးဖွဲ့သင့်ပါတယ်။ **ကြိုးသီတဲ့… ပန်း……** ကိုတော့ ဆရာဦးဝင်းငြိမ်းထံ တင်ပြ ပေးလိုက်ပါတယ်။

၁၇။ *ညောင်အိုင်သူ ညောင်အိုင်သား မေမေ့ဆွေမျိုးများ*

၁၈။ *ယုတ်လျှော့သံစဉ်*

၁၉။ *အရှက်ကလေးရယ်တဲ့ ပြေစေလို*

ကိုကိုကျော်(မန္တလေး)

စာမူတစ်မျက်နှာမှာ စာကြောင်းရေ ၁၅ ကြောင်းလောက် သာပါတဲ့ လက်ရေးစာလုံးကြီးကြီးနဲ့စာမူတွေ ဖြစ်ပါတယ်။ **ညောင်အိုင်သူ….** နဲ့ ယုတ်လျှော့သံစဉ် တွေက အတွေ့အကြုံ နဲ့ မှတ်မိသမျှကို ဇာတ်ကြောင်းပြောဟန်နဲ့ ရေးသားထားတာ ဖြစ်ပြီး ဆောင်းပါးဆန်နေပါတယ်။ **အရှက်ကလေးရယ်တဲ့ ပြေစေလို** ကိုတော့ ဆရာဦးဝင်းငြိမ်းထံ တင်ပြပေးလိုက်ပါ တယ်။

ဆရာဦးဝင်းငြိမ်းထံ တင်ပြပေးလိုက်တဲ့ စာမူတွေက တော့-

အရင်လူ(တွံတေး) ရဲ့ *မြေနီလမ်းကျဉ်းလေး*၊ သိုက်စိုး ထွန်း(နတ်ရွာ) ရဲ့ *ဓမ္မကျော်မယ့် အလျှုတော်*၊ ခရမ်းသစ်အိမ် ရဲ့ *ဟစ်တလာနဲ့ ညနေခင်းများ*၊ အောဘုန်းခေတ် ရဲ့ *ပွိုင့်ထိပ်က အငွေ့အသက်*၊ ဝင်းကျော်(ကလေး) ရဲ့ *ကာမန်းရှီ*၊ သွေးနီနီ ရဲ့ *စိတ်… လွှန်*၊ သျှားလူ ရဲ့ *သရီးအင် ဝမ်း* နဲ့ *ကန်ထရိုက်* တို့ ဖြစ်ပါတယ်။

**မသီတာ၊စမ်းချောင်း၊**

❑

*ဆရာမ မသီတာ(စမ်းချောင်း) တင်ပြလာတဲ့ ဝတ္ထုတိုများထဲက ဆရာ ရဲသွေးနီ(တမာမြေ) ရေးဖွဲ့ထားတဲ့ ‘ကြိုးသီတဲ့ပန်း (သို့) ဆလိုင်းမြေမှ အလှပန်းများ’ ဝတ္ထုမှာ တောင်တန်းဒေသများသို့ ကျောင်းဆရာအဖြစ် သွားရောက် သင်ကြားပို့ချတဲ့ ကျောင်းဆရာတစ်ယောက်ရဲ့ အတွေ့အကြုံ ကို ရေးဖွဲ့ထားတာ ဖြစ်ပါတယ်။ ရသစာတစ်ပုဒ်ကို ရေးဖွဲ့တဲ့ နေရာမှာ သုတမပါရဘူးလို့ မဆိုလိုပေမဲ့ ရသထဲမှာ သုတများ သွားရင် ရသပျက်သွားပါတယ်။ ဒီဝတ္ထုမှာ ဒေသဆိုင်ရာ အလေ့အထများကို တော်တော်များများ ထည့်သွင်းရေးဖွဲ့ လိုက်တဲ့အတွက် ရသပျက်သွားတဲ့အပြင် ဝတ္ထုတိုအတွက် ကန့်သတ်ထားတဲ့ စာမျက်နှာ ၆ မျက်နှာကို ကျော်လွန်ပြီး ၉ မျက်နှာအထိ ဖြစ်သွားပါတယ်။ ဒါကြောင့် ကျွန်တော် မသုံးဖြစ်ပါဘူး။*

*ဆရာ အရင်လူ(တွံတေး)ရဲ့ ‘မြေနီလမ်းကျဉ်းလေး’ ဝတ္ထုက မျက်မှောက်ခေတ်မှာ ဖြစ်ပေါ်နေတဲ့ မြေရာများကို အကြောင်းပေါင်းသင့်သူနဲ့ လက်ဝါးချင်းရိုက်ပြီး အပိုင်စီးနေ ကြတဲ့ ဇာတ်လမ်းကို ရေးဖွဲ့ထားတာ ဖြစ်ပါတယ်။ ထိမိအောင် ဒီထက်ပိုပြီး ရေးဖို့ လိုအပ်ပါမယ်။*

*ဆရာ ဝင်းကျော်(ကလေး)ရဲ့ ‘ကာမန်းရှီ’ ဝတ္ထုက ကိုရီးယားနိုင်ငံမှာ သွားရောက်အလုပ်လုပ်ကိုင်တဲ့ အမျိုးသား တစ်ယောက်ရဲ့ အတွေ့အကြုံကို ရေးဖွဲ့ထားတာ ဖြစ်ပါတယ်။ ကိုရီးယားများက ခွေးများကို မွေးပြီး သတ်စားတဲ့ဓလေ့ထုံးစံ ကို တင်ပြတာ ဖြစ်ပါတယ်။ ရေးဖွဲ့ပုံ ကျစ်လျစ်ဖို့ လိုပါသေး တယ်။*

*ဆရာ သျှားလူရဲ့ ‘ကန်ထရိုက်’ ဝတ္ထုက လက်လုပ်လက် စားဘဝကနေ အလုပ်အဆင့်ဆင့်ပြောင်းပြီး တိုးတက်လာခဲ့သူ တစ်ယောက် ကွယ်လွန်သွားချိန်မှာ သူ့အသုဘကို သားသမီး များက ကန်ထရိုက်ပေးပြီး အသုဘစရိတ်ရှာပုံ ရေးဖွဲ့ထားတာ ဖြစ်ပါတယ်။ ကျွန်တော် အကြိုက်မတွေ့ပါ။*

*ဆရာ သျှားလူ ရေးဖွဲ့ထားတဲ့ ‘သရီးအင်ဝမ်း’က ရွာ သုံးရွာ မသင့်မမြတ်ဖြစ်ကြပြီး သူတို့သုံးရွာကို ဆက်တဲ့လမ်း ခင်းဖို့ အလှူရှင်ရှိသည့်တိုင်အောင် မညီညွတ်ကြတဲ့အကြောင်း ရေးဖွဲ့ထားတာ ဖြစ်ပါတယ်။ ဆွဲဆောင်မှုအားနည်းပါတယ်။*

*ဆရာ ခရမ်းသစ်အိမ်ရဲ့ ‘ဟစ်တလာနဲ့ ညနေခင်းများ’ ဝတ္ထုမှာ မြင့်လွန်းတယ်လို့ ထင်ပါတယ်။ ဖတ်လို့ နားမလည် ပါ။*

*ဒါကြောင့် ဒီလမှာ ရွေးအသစ်များအဖြစ် ဆရာ သွေးနီနီရဲ့ ‘စိတ်… အလွန်’၊ ဆရာ အောဘုန်းခေတ်ရဲ့ ‘ပွိုင့်ထိပ်က အငွေ့အသက်’၊ ဆရာ သိုက်စိုးထွန်း(နတ်ရွာ)ရဲ့ ‘ဓမ္မကျော် မယ့် အလှူတော်’နဲ့ ဆရာ ကိုကိုကျော်(မန္တလေး)ရဲ့ ‘အရှက် ကလေးရယ်တဲ့ ပြေစေလို’ တို့ကို ရွေးချယ်ဖော်ပြပေးလိုက်ပါ တယ်။*

■

**ဝင်းငြိမ်း**



www.burmeseclassic.com

www.burmeseclassic.com




၂၀၀၄ ခုနှစ် နိုဝင်ဘာလအတွင်း
မနက်ခင်းတစ်ခု၏ မြင်ကွင်း
ဖြစ်ပါသည်။ အေးချမ်းသည့်
ဆောင်းရာသီ၏ မနက်ခင်းဆိုတော့
နှင်းများ ထူထပ်စွာ ကျနေလေသည်။
ဘုတာရုံတစ်ခုအတွင်းမှ ရုံပိုင်ကြီး
ဦးကိုဦးသည်လည်း စိတ်မာတ်တွေ
ထူထပ်စွာကျနေခဲ့လေသည်။
ငွေတူတူ ဧေါင်တောင်တောင်
ခေါင်းစင်းစင်းမျက်နှာပေးဖြင့်
ကုလားထိုင်ပေါ် ကုပ်ကုပ်ကလေး
ထိုင်နေသော ဦးကိုဦး၏
စိတ်ပျက်လက်ပျက်ပုံစံသည်
ပလက်ဖောင်းပေါ်က ခရီးသည်များ
အမြင်မှာတော့ လင်းတကြီး
မှိုင်နေသလိုလို၊ ကြက်ကြီး
လည်လိမ်ခံထားရသလိုလို။
ဦးကိုဦးက လူတစ်မျိုးဖြစ်သည်။
အိမ်မှာ တစ်ခုခု
အဆင်မပြေဖြစ်လာပြီဆိုလျှင်
ဘုတာရုံပေါ် တက်လာပြီး
ထိုပုံစံမျိုး
ချိုးနေကျဖြစ်သည်။
အခုလည်း ဘာမှ
ကြီးကြီးကျယ်ကျယ် ပြဿနာမျိုး
မဟုတ်ပါ။ သူ၏အိမ်က တီဗွီ
မကြည်မလင်ဖြစ်နေသည်ကို
စိတ်ပျက်နေခြင်းဖြစ်သည်။
အင်တင်နာကို လှည့်လှည့်ပြီး
ချိန်သော်လည်း လိုင်းတည့်သွားသည့်



မန္တလေး

# အရှက်ကလေးရယ်တဲ့ပြေစေလို

အမှတ် ၃၅၂ မတ်၊ ၂၀၁၃






www.burmeseclassic.com

www.burmeseclassic.com

ဦးကိုဦး၏ မျက်လုံးကြီး နီရဲပြီး ပြူးထွက်လာခဲ့သည့်
မျက်နှာကြီးလည်း မည်းမှောင်သွားသည်။ ဝန်ထမ်း
ငယ်များနှင့် ခရီးသည်များကလည်း ဦးကိုဦးနှင့်
ဆိတ်အုပ်မောင်းလာသူတို့ စကားအချေအတင်
ပြောနေကြသည်ကို ဝိုင်းအုံကြည့်နေကြသည်



www.burmeseclassic.com

www.burmeseclassic.com

အချိန်တွင်သာ ကြည်သလိုလို ရှိပြီး ခဏအကြာတွင် စင်းကြောင်းတွေ၊ ဖြုပ်တွေပြန် ထ,လာပြန်တော့သည်။ အင်တင်နာကို ခဏခဏ ထ,ထလှည့်နေရတော့ တီဗွီကြည့်ရင်း ဒေါသတွေဖြစ်နေရသည်။

ရီမုနှင့်လှည့်လို့ရသည့် အင်တင်နာလေးကို ဝယ်ချင်နေရှာသည်။ လက်ထဲမှာ ပိုက်ဆံကမရှိ။ ဘူတာကလည်း ဘာကုန်မှမတင်ရ။ လကုန်ဖို့ကလည်း ဆယ်ရက်လောက် လို သေးသည်။ အကြွေးဝယ်ရအောင်ကလည်း ရုံပိုင်ကြီးသိက္ခာ ကျသွားမှာ စိုးရိမ်နေပြန်သည်။

ဦးကိုဦး စိတ်ဓာတ်တွေကျကျနေသည့်အကြောင်းရင်းများတွင် သူများဘူတာတွေနှင့် နှိုင်းယှဉ်ကြည့်ပြီး သူ၏ ဘူတာအခြေအနေကို အားမလို အားမရဖြစ်နေခြင်းသည်လည်း တစ်ကြောင်း အပါအဝင် ဖြစ်သည်။ သူများဘူတာတွေများ ဆန်တွေ၊ ပဲတွေ၊ နှမ်းတွေ၊ အာလူးတွေ၊ ကြက်သွန်တွေ နေ့စဉ်လိုလို တင်နေရသည်။ သူ၏ ဘူတာတွင်တော့ ဆန်တစ်စေ့၊ ပဲတစ်စေ့၊ နှမ်းတစ်စေ့၊ အာလူးတစ်လုံး၊ ကြက်သွန်တစ်ဥတလေမျှပင် မတင်ရရှာ။ သူများဘူတာများမှ တင်လာကြသည့် ကုန်ပစ္စည်းမျိုးစုံကို ငေးကြည့်နေရပြီး စိတ်ရောဂါဖြစ် နေရရှာသည်။

ဦးကိုဦး စိတ်ဓာတ်တွေကျနေချိန်နှင့် အချိန်ကိုက်ဆိုသလိုပင် ဆိတ်အုပ်တစ်အုပ် တပဲပဲအော်သံပေးပြီး ဘူတာရုံ ပလက်ဖောင်းပေါ်သို့ ရောက်ချလာခဲ့သည်။ လင်းတမှိုင်မှိုင်နေသော ဦးကိုဦးတစ်ယောက် ချက်ချင်းဆိုသလို လန်းဆန်းတက်ကြွသွားသည်။ ဘူတာရုံ ရုံးခန်းအပြင်ဘက်ထွက်ပြီး ဆိတ်အုပ်မောင်းလာ သူကို ပြုံးပြလိုက်သည်။ ဆိတ်အုပ်မောင်းလာသူကလည်း ယောင်တောင်တောင်ကြောင်တောင်တောင်နှင့် ပြန်ပြုံးပြသည်။ ဆိတ်အုပ်မောင်းလာသူမှ ဘာစကားမျှ မဆိုရသေးဘဲနှင့် ဦးကိုဦးမှ ‘ရတယ်ညီလေး၊ အေးအေးဆေးဆေးသာလုပ်’ဟု ဆိုလိုက်ပြန်သည်။

ဦးကိုဦး ပြောလိုက်သံကို ဆိတ်အုပ်မောင်းလာသူ ကြားလေသလား၊ မကြားလေသလား မသိ။ ဆိတ်အုပ်ကို ပလက်ဖောင်းပေါ်မှတစ်ဆင့် သံလမ်းကို ကျော်မောင်းပြီး ဘူတာရုံနှင့် မျက်နှာချင်းဆိုင် ကန္တာရတောထဲတွင် ယောင်လည်လည်လုပ်နေလေသည်။

မန္တလေးသို့ ဆက်လက်ထွက်ခွာမည့် လူစီးကုန်တင်ရထားကြီးသည် တစ်ဖက်ဘူတာမှ ထွက်ခွာလာတော့မည်။ ဆိတ်အုပ်မောင်းလာသူက တန်ဆာလာမလုပ်သေး။ ဦးကိုဦး လှမ်းပြောလိုက်သည့် ‘ရတယ် ညီလေး၊ အေးအေးဆေးဆေးသာလုပ်’ ဆိုသည့်စကားကို ကြားသွားပြီး အေးအေးဆေးဆေးလုပ်နေခြင်းလေလား။

ဦးကိုဦးကတော့ ဆိတ်အုပ်ကို လှမ်းကြည့်ပြီး အကောင်ရေခန့်မှန်းနေသည်။ ဆိတ်တင်နေကျဘူတာသို့ တစ်ကောင်ကို ဘယ်လောက်နှုန်းယူရမည်ကို လှမ်းမေးနေသည်။ ရထားပေါ်က ဂါတ်ဗိုလ်၊ လက်မှတ်စစ်၊ တွဲစောင့်၊ မီးရထားရဲတို့ကို တစ်ကောင်ဘယ်လောက်နှုန်းစီ ပေးလိုက်ရမည်ကိုလည်း အသေးစိတ်ထပ်မံမေးမြန်းပြီး ဗျာတွေများနေသည်။ တန်ဆာဆွဲပြီး အားလုံးပေးပြီး ကမ်းပြီး သူ့အတွက် ဘယ်လောက်ကျန်နိုင်မည်ကို ဂဏန်းပေါင်းစက် တဂျောက်ဂျောက်နှိပ်ပြီး တွက်ချက်ကြည့်လိုက်သည်။

ဦးကိုဦး ကျေနပ်သွားသည်။ တန်ဆာဆွဲပြီး အားလုံးပေးပြီးကမ်းပြီး ဦးကိုဦးအတွက် အပိုကြေးရနိုင်ငွေသည် ရီမုနှင့်လှည့်လို့ရသည့် အင်တင်နာဖိုးထက်တောင်ပိုနေသေးသည်။

တစ်ဖက်ဘူတာမှ လူစီးကုန်တင်ရထားကြီးကတော့ ထွက်ခွာလာလေပြီ။ ဆိတ်အုပ်မောင်းလာသူသည် တုတ်တုတ်မျှတောင် မလှုပ်သေး။ တော်တော်လေး အေးတိအေးစက်နိုင်လွန်းလှသည့် ကောင်လေးပါလား။ အလုပ်တစ်ခုကို အဲဒီလို မလေးမစား ပေါ့ပြက်ပြက်လုပ်တာမျိုးကို ဦးကိုဦးမှ လုံးဝမကြိုက်။ တန်ဆာလာလုပ်နိုးလုပ်နိုးဖြင့် စောင့်မျှော်နေရင်း ဦးကိုဦးတစ်ယောက် စိတ်မရှည်နိုင်တော့ပြီ။ ပလက်ဖောင်းပေါ် လတ်လျားလတ်လျားလုပ်နေသော တပည့်ဖြစ်သူ လမ်းခွဲကိုင် မှုံကြီးကို အမိန့်ပေးလိုက်သည်။

‘ဟေ့ကောင် မှုံကြီး၊ မင်းတို့ကလည်း ကိုယ်နဲ့မဆိုင်သလိုလုပ်နေ၊ ရထားပေါ် ဆိတ်တင်မယ့်ကိစ္စ ဘူတာဝန်ထမ်းအားလုံးနဲ့ ဆိုင်တယ်ကွ။ ဆိတ်အုပ်မောင်းလာတဲ့ကောင်ကို မြန်မြန်သွားခေါ်စမ်း။ တန်ဆာတစ်စောင်ဆွဲရတဲ့အလုပ်လွယ်တယ်များ ထင်နေကြလား။ တွက်ရဦးမှာနဲ့ ချက်ရဦးမှာနဲ့။ ဒီမှာ ခရီးသည်တွေကလည်း အများကြီး။ လက်မှတ်ကလည်း ရောင်းရဦးမှာ။ မြန်မြန်သွားခေါ်ခဲ့စမ်းကွာ။ အချိန်မရှိဘူး’

လမ်းခွဲကိုင် မှုံကြီးခမျာ အခြောက်တိုက် အဟောက်ခံလိုက်ရရှာသည်။ သူ့ဆရာ ရုံပိုင်ကြီးက မြန်မြန်သွားခေါ်စမ်းလို့ အမိန့်ပေးနေပြန်တော့လည်း အပြေးအလွှားသွားခေါ်ခဲ့ရသည်။ ဆိတ်အုပ်မောင်းလာသူလည်း မှုံကြီးနောက်မှ ကုပ်ကုပ်ကလေး ပါလာရှာသည်။

‘ကဲ··· မင်းနာမည်ပြော၊ ဘယ်နှကောင်လဲ ပြော၊ ဘယ်ဘူတာထိလဲ ပြော’

‘ခင်ဗျာ’

‘ခင်ဗျာမနေနဲ့၊ မင်းအမေလင် ရထားက ရောက်တော့မှာ’

‘ရထားနဲ့ ကျွန်တော်နဲ့ ဘာဆိုင်လို့လဲဗျ’

‘ဟ, ဘူတာရုံရောက်လာပြီး ဆိတ်တင်မယ်ဆိုမှတော့ ရထားနဲ့ တင်ရမှာပေါ့ကွ။ မင်းက လေယာဉ်ပျံနဲ့ တင်ချင်နေတာလား’

‘ကျွန်တော် ဆိတ်တင်မယ်လို့ ရုံပိုင်ကြီးကို မပြောမိပါဘူးဗျ’

‘ဘာကွ၊ ဒါဆို မင်း ဆိတ်အုပ်ကြီးနဲ့ ဘူတာရုံ ပလက်ဖောင်းပေါ် ဘာလာ



www.burmeseclassic.com

www.burmeseclassic.com

လုပ်တာတုံး'

'ဆိတ်ကျောင်းလာတာလေဗျာ။ ရုံပိုင်ကြီးဘူတာရုံရှေ့က ကန္တာရတောထဲမှာ ဆိတ်အစာတွေ ပေါမှပေါလို့ သတင်းရထားလို့'

ဦးကိုဦး၏ မျက်လုံးကြီး နီရဲပြီး ပြူးထွက်လာခဲ့သည်။ မျက်နှာကြီးလည်း မည်းမှောင်သွားသည်။ ဝန်ထမ်းငယ်များနှင့် ခရီးသည်များကလည်း ဦးကိုဦးနှင့် ဆိတ်အုပ်မောင်းလာသူတို့ စကားအချေအတင်ပြောနေကြသည်ကို ဝိုင်းအုံကြည့်နေကြသည်။ ပြုံးစိပြုံးစိလုပ်နေကြလေသည်။

အလိပ်အလိပ်နှင့် ငယ်ထိပ်အထိ ဆောင့်တက်လာသော ရက်ဒေါသများကို ဦးကိုဦးတစ်ယောက် ထိန်းမထားနိုင်တော့ပါ။ ရုံပိုင်ကြီးတို့၏ လုပ်ပိုင်ခွင့်အာဏာ အပြည့်အဝ အသုံးချပြီး ဆိတ်အုပ်မောင်းလာသူကို ခရီးသည်များရှေ့တွင် ကျားဟိန်းသလို ဟိန်းပစ်လိုက်လေတော့သည်။

'ဒီကရှေ့ မင်းဆိတ်အုပ်ကို ငါ့ဘူတာပလက်ဖောင်းပေါ် လုံးဝဖြတ်မမောင်းနဲ့။ ဖြတ်မောင်းခဲ့ရင် ဒဏ်ရိုက်ခံရမယ်။ ဘူတာပလက်ဖောင်း ညစ်ပတ်ပေရေမှုနဲ့ တရားစွဲခံရမယ်။ ဆိတ်အုပ်သိမ်းပြီး ရဲလက်အပ်ပစ်မယ်။ ငါ့ကို ဘာများမှတ်နေလဲ'။

❑

၂။

၂၀၁၆ ခုနှစ် နိုဝင်ဘာလ နံနက်ခင်းလေးတစ်ခု၏ မြင်ကွင်းလေး ဖြစ်ပါသည်။ ထုံးစံအတိုင်းပင် ဆောင်းတွင်းကာလအချိန်အခါလေး ဖြစ်နေပြန်တော့ ဦးကိုဦး တာဝန်ကျသော တောင်ပေါ်ဘူတာလေးသည် ထူထပ်စွာ ကျလာသောနှင်းများကြောင့် မှုန်မှိုင်းနေလေသည်။ တောင်ပေါ် ဘူတာလေးအတွင်းမှ ရုံပိုင်ကြီး ဦးကိုဦး၏ မျက်နှာကြီးသည်လည်း နှင်းများနှင့် အပြိုင်မှုန်မှိုင်းနေခဲ့လေသည်။

၂၀၀၄ ခုနှစ် နိုဝင်ဘာလ မနက်ခင်းတစ်ခုမှာ ဦးကိုဦး၏အရှက် ဟက်တက်ကြီးကွဲခဲ့ရသည်ကို မေ့သလိုလိုတောင် ဖြစ်နေပါပြီ။ ၁၂ နှစ်ကြီးများတောင် ကြာခဲ့ပြီ မဟုတ်ပါလား။

ယခု တောင်ပေါ် ဘူတာလေးသည် ချင်းရွာဘူတာလေး ဖြစ်သည်။ ရွာနှင့် ဘူတာက တစ်ခေါ်သာသာလောက် ကွာဝေးသည်။ ဒီတောင်ပေါ် ဘူတာလေးနှင့် ဦးကိုဦးသည် ထပ်တူကျသည်ဟု ဆိုရပေလိမ့်မည်။ တောခေါင်ခေါင် တောင်ပေါ်ဘူတာလေးဆိုတော့ ခရီးသည်မရှိ။ ကုန်အတင်အချမရှိ။ ဦးကိုဦးကိုယ်တိုင်မှာလည်း ဘာမှမရှိ။ မီးရထားနှင့် အကျိုးမပေးလေရော့သလား။ ရောက်လာလိုက်မှဖြင့် ဒီလိုဘူတာမျိုးတွေချည်း ဖြစ်နေပြန်တော့ ဒုံရင်းက ဒုံရင်း။ စီးပွားမတိုး။ ပိုင်ဆိုင်မှုမတိုး။ တိုးလာတာတစ်ခုတော့ ရှိသည်။ ၁၂ နှစ်အတွင်း သား ၅ ယောက် တိုးလာသည်။ ဆိတ်အုပ်မောင်းလာသူကို ရုံပိုင်ကြီးတို့၏ လုပ်ပိုင်ခွင့်အာဏာတွေ ထုတ်ပြစဉ်အချိန်တုန်းက သမီးနှစ်ယောက်သာ ရှိသေးသည်။

သမီးနှစ်ယောက်ကို ယောက္ခမများက ခေါ်ယူကျွေးမွေးပြီး ကျောင်းထားပေးလို့သာ ခံသာတော့သည်။ ဦးကိုဦးတို့ ဇနီးမောင်နှံ သား ၅ ယောက်နှင့်အတူ ၇ ယောက် စားအိုးကြီးကို တစ်လနှင့်တစ်လ အလျဉ်မီအောင် တောင့်ခံနေကြရသည်မှာ ခက်ခဲပင်ပန်းလွန်းလှသည်။ မိဘများ၊ ယောက္ခမများ၏ အထောက်အပံ့ အပေးအကမ်းကြောင့်သာ အကြွေးမတင်ခြင်း ဖြစ်သည်။ ယခု ဆန်ကုန်တော့မည်။ ဆီလည်း ကုန်တော့မည်။ လကုန်ဖို့က ဆယ်ရက်ကြီးများတောင် လိုသေးသည်။ မိဘများ၊ ယောက္ခမများဆီသို့သာ ရှေ့မျက်နှာ နောက်ထားပြီး ဆန်နှင့်ဆီ လှမ်းမှာရပေဦးမည်။

ဦးကိုဦးခမျာ ကံ ကလေးက အတော့်ကိုဆိုးရှာပါသည်။ ဦးကိုဦးတစ်ယောက်တည်းကိုသာ ရွေးပြီး ကံကွက်ကျားနေလေသလား။ သူ၏အောက်ဘက် ကပ်လျက် ဘူတာမှ တောင်ပေါ်ခရီးလမ်းဆုံးဘူတာသို့ နေ့စဉ်လိုလို ကျွဲတွေနွားတွေ တင်နေရသည်။ သူ၏ အထက်ဘက် ကပ်လျက် ဘူတာမှလည်း တောင်အောက်ခရီးလမ်းဆုံးဘူတာသို့ နေ့စဉ်လိုလို ပဲတွေနှမ်းတွေ တင်နေရသည်။

ကြားထဲမှ ဦးကိုဦး၏ ဘူတာတစ်ခုသာလျှင် တောင်ပေါ်သို့လည်း ကျွဲတွေနွားတွေ တစ်ကောင်တစ်မြီးမှ မတင်ရ။ တောင်အောက်သို့လည်း ပဲတွေနှမ်းတွေ တစ်အိတ်တလေမျှပင် မတင်ရရှာ။ သူများဘူတာတွေက တင်လာသော ကျွဲတွေနွားတွေ၊ ပဲတွေနှမ်းတွေ နေ့စဉ်လိုလို မြင်တွေ့နေရပြန်တော့လည်း ငွေဝင်လမ်းအကျိုးပေးမကောင်းသည့် သူ့ဘဝကို အလိုမကျဖြစ်ပြီး စိတ်ဓာတ်တွေက ကျချင်လာပြန်သည်။ ထုံးစံအတိုင်း လင်းတမှိုင်မှိုင်တော့သည်။ ကြက်ကြီးလည်လိမ်ခံထားရသည့် ပုံစံမျိုး လုပ်လာပြန်တော့သည်။

ဦးကိုဦး တောင်ပေါ် ဘူတာလေးထဲတွင် လင်းတမှိုင် မှိုင်နေစဉ် ရွာထဲမှ ရွာသား သုံးယောက် ကျွဲ ၆ ကောင်ကို ဘူတာရုံဘက် မောင်းတက်လာတာ မြင်လိုက်ရသည်။ ဘူတာရုံအနီး ရောက်လာတော့ ရွာသား အချင်းချင်း ပြောသံဆိုသံများကို ကြားလိုက်ရပြီး လင်းတမှိုင်မှိုင်နေသော ဦးကိုဦးတစ်ယောက် ဆတ်ခနဲ ခေါင်းထောင်သွားမိလေသည်။ စိတ်ဓာတ်တွေကျပြီး အိပ်ငိုက်ချင်သလိုလို ဖြစ်နေသော မျက်လုံးများသည်လည်း ဇီးကွက်မျက်လုံး လောက်နီးနီး ပြူးကျယ်သွားလေတော့သည်။

'မင်းတို့ ဘယ်သွားကြမလို့တုံး'

'ကျွဲတင်မလို့ကွ'

'ဘယ်နှကောင်တင်မှာတုံး'

'၆ ကောင်'

ဒါ သံယောင်သံမှား မဟုတ်။ နားစွန်နားဖျားကြားလိုက်ရသည့်အသံလည်း မဟုတ်။ ပီပီသသ ရှင်းရှင်းလင်းလင်းကြီး ကြားလိုက်ရ



www.burmeseclassic.com

www.burmeseclassic.com

သည့်အသံ။ ကာယကံရှင်များကိုယ်တိုင် ကျယ်ကျယ်လောင်လောင်ကြီး ပြောလိုက်သည့်အသံ။ ဒီတစ်ခါတော့ လုံးဝမလွဲနိုင်။ လွန်ခဲ့သည့် ၁၂ နှစ်တာကာလ ဆိတ်အုပ်မောင်းလာသူနှင့် ပြဿနာဖြစ်ခဲ့ရခြင်းသည် လုံးဝ ဦးကိုဦး၏ အမှားဖြစ်သည်။ ဆိတ်အုပ်မောင်းလာသူက ဘာစကားမှမပြော၊ ဘာအသံမှ မထွက်ခဲ့ပါဘဲနှင့် ဦးကိုဦး၏ တစ်ဖက်သတ်စိတ်ကူးယဉ် လောဘစိတ်ကြောင့် အရှက်ကွဲခဲ့ရခြင်းဖြစ်သည်။ ဆိတ်အုပ်မောင်းလာသူမှ ဆိတ်တင်မည်ဟု လုံးဝမပြောခဲ့ပါ။

အခုတော့ ကျွဲ ၆ ကောင် မောင်းလာသူများက ‘ကျွဲတင်မလို့ကွ’ ဟု အသေအချာပြောနေကြပြီ။ ကံဇာတာများတက်ချင်လာပြီဆိုမှဖြင့် ဆိုင်းမဆင့်၊ ဗုံမဆင့်။ အခုလို ဆန်ပြတ်တော့မည့်အချိန်၊ ဆီပြတ်တော့မည့်အချိန်နှင့်မှ တိုက်တိုက်ဆိုင်ဆိုင်ဟု ဆိုရမလိုပင်။ ဆန်ဝယ်နိုင်တော့မည်။ ဆီဝယ်နိုင်တော့မည်။ ဦးကိုဦးတစ်ယောက် ဝမ်းသာလုံးတွေဆို့ပြီး ခန္ဓာကိုယ်ကြီးက လန်းဆန်းတက်ကြွလာသလိုလို၊ မြူးထူးပြီး ကြွတက်လာသလိုလို ဂနာမငြိမ်ဖြစ်နေခဲ့လေသည်။

ရထားက အောက်ဘက်ဘူတာမှ ထွက်ခွာလာတော့မည်။ ဦးကိုဦး ပျာယာတွေခတ်နေရှာသည်။ ဆိတ်တင်ရမည်ဟု အပိုင်တွက်ထားစဉ်တုန်းက မေးခဲ့သလိုမျိုးပင် ကျွဲတင်နေကျ အောက်ဘက်ဘူတာသို့ အသေးစိတ်လှမ်းမေးနေသည်။ ထုံးစံအတိုင်း တန်ဆာဆွဲပြီး အားလုံးပေးပြီး ကမ်းပြီး ကိုယ့်အတွက် ဘယ်လောက်ကျန်နိုင်မည်ကို ချက်ချင်းတွက်ချက်ကြည့်လိုက်သည်။

အား…ပါး… ပါး ဆိတ်တုန်းကနှင့် ဘာမှမဆိုင်၊ တခြားစီဆိုမှ တကယ့်ကို တခြားစီ။ ကျွဲ ၆ ကောင်တင်လိုက်ရလျှင် ဆန်နှင့် ဆီ တစ်လစာ ဝယ်ထားနိုင်တော့မည်။

အောက်ဘက်ဘူတာမှ ရထားကြီး ထွက်ခွာလာခဲ့ပြီ။ ကျွဲ ၆ ကောင်မောင်းလာသူတို့ကလည်း အေးတိအေးစက် လုပ်နေကြပြန်ပြီ။ တန်ဆာလာမလုပ်ကြသေး။ ကျွဲ ၆ ကောင်နားမှာ ရစ်သီရစ်သီ လုပ်နေကြသည်။ တောင်ပေါ် ဘူတာရုံလေးထဲတွင် ဦးကိုဦးတစ်ယောက် မရိုးမရွ ဖြစ်နေရှာတော့သည်။ တစ်ဦးတည်းသော တပည့် လမ်းခွဲကိုင် မောင်မြင့်ဝေကလည်း ရထားသွင်းရန် ပွိုင့်သို့ ထွက်ခွာသွားနှင့်ပြီ။ အခေါ်ခိုင်းစရာ လူကလည်း မရှိ။

ဦးကိုဦး ဆန္ဒတွေ အစောလွန်ပြီး ဘယ်သူတွေဘာထင်ထင် ရုံပိုင်ကြီးသိက္ခာကျရုံမကလို့ အဝီစိအထိ ဇောက်ထိုးဆင်းသွားသွား တန်ဆာစာအုပ်ကိုင်ကာ ကျွဲ ၆ ကောင်မောင်းလာသူများထံသို့ အပြေးအလွှားဆင်းသွားလိုက်တော့သည်။

‘ကဲ…ကဲ တန်ဆာဆွဲထားလိုက်ရအောင် ညီလေးတို့ရေ။ ရထားလာမှ ဆွဲရင် လောလော… လောလော ဖြစ်နေလိမ့်မယ်’

‘ခင်ဗျာ’

လာပြန်ပြီ ဒီ ‘ခင်ဗျာ’ ဆိုတာကြီး။ ဒါပေမဲ့ ဆိတ်အုပ်မောင်းလာသူကို ပြန်ပြောလိုက်သလိုမျိုး မာရေကျောရေ ပြန်မပြောဖြစ်ပါ။ စိတ်ရှည်ရှည်ထားတတ်ခဲ့ပြီ။ သည်းခံစိတ်တွေလည်း မွေးနိုင်ခဲ့ပြီ။ အပြောအဆိုလေးတွေကလည်း ချိုသာပြေပြစ်လာခဲ့ပြီ။ အသက်အရွယ်ကလေးကလည်း ရလာပြီမဟုတ်ပါလား။

‘ဒီက ညီလေးတို့ပဲ ကျွဲတင်မလို့ဆို။ ရထားပေါ် ကျွဲတင်မယ်ဆိုရင် တန်ဆာဆွဲရမှာပေါ့ ငါ့ညီတို့ရာ’

‘ကျုပ်တို့က တောင်ပေါ်ကိုတင်မှာလေ ရုံပိုင်ကြီးရဲ့’

‘တောင်ပေါ်ကို တင်တင်၊ တောင်အောက်ကိုတင်တင် ရထားနဲ့ တင်ပြီဆိုမှတော့ တန်ဆာမဆွဲဘဲ တင်လို့ မရဘူး ညီလေးတို့ရ။ တန်ဆာဆွဲပြီးမှ တင်လို့ရမှာ။ ရထားကလည်း ရောက်ခါနီးနေပြီ။ လာပါညီလေးတို့ရာ ဘူတာထဲသွားလိုက်ကြရအောင်’

‘ဒီရုံပိုင်ကြီးနဲ့တော့ ခက်နေပါပြီ။ ဘယ်ဘူတာထဲကိုမှ သွားစရာမလိုဘူး။ ကျုပ်တို့ ကျွဲတင်မယ်ဆိုတာက ကျွဲတွေ လွတ်လွတ်လပ်လပ် ကျယ်ကျယ်ပြန့်ပြန့် စားရသောက်ရအောင် ရထားထွက်သွားအပြီးမှာ ဒီအထက်က တောင်ပေါ်ကို ခြေလျင်မောင်းပြီးတင်မှာကို ပြောနေတာဗျ။ ကျွဲတွေမှာလည်း ခြေထောက် ၄ ချောင်းစီ ပါတယ်။ ကျုပ်တို့မှာလည်း ခြေထောက်နှစ်ချောင်းစီပါတယ်။ ခင်ဗျား ရထားပေါ် အလကားရတောင် မတင်ဘူး’

ပါးစပ်ကြီးဟ,သွား ပြီး မျက်လုံးကြီးပြူးထွက်လာသည့် ဦးကိုဦး၏ မျက်နှာကြီးကို ရွာသားသုံးယောက်ကလည်း ခပ်တည်တည်ပြန်ကြည့်နေကြသည်။ ဆိတ်အုပ်မောင်းလာသူနှင့် ပြဿနာဖြစ်ခဲ့တုန်းကလို ဘေးကနေ ဝိုင်းအုံကြည့်နေကြပြီး ပြုံးစိပြုံးစိ လုပ်နေကြမည့် ခရီးသည်တစ်ဦးတစ်ယောက်မှ မရှိလို့သာ တော်ပေသေးသည်။ ဒါပေမဲ့ ဒုတိယအကြိမ် မဟာအရှက်တော်ကြီးကွဲခဲ့ရပြန်လေပြီ။

ဦးကိုဦးမှ ချိုသာယဉ်ကျေးခဲ့ပါလျက် ရွာသားသုံးယောက်၏ ပြန်ပြောစကားများက ဘောက်ထိုးထိုးနိုင်လှသည်။ အရင်စိတ်မျိုးနှင့်ဆိုလျှင် ဦးကိုဦး ဒေါသထွက်မိမှာ သေချာသည်။ အခုတော့ ဦးကိုဦး စိတ်ထိန်းနိုင်ခဲ့ပါသည်။ မည်းတော့မလို မှောင်တော့မလိုဖြစ်နေသော မျက်နှာကိုလည်း ချက်ချင်းပြန်ပြင်နိုင်ခဲ့သည်။ မချိပြုံးလေးပြုံးပြပြီး ကျေးဇူးတင်စကားများပင် ရေပက်မဝင်အောင်ပြောနေပါတော့သည်။

‘အေးကွာ… အစ်ကိုဆန္ဒတွေ သိပ်စောသွားတယ်။ ညီလေးတို့က ကျွဲတွေကို ရထားနဲ့တင်မယ်ဆိုရင် မလွဲသာ မရှောင်သာ တင်ပေးရမယ့်တာဝန်က အစ်ကို့မှာရှိနေလို့သာ အခုလို လာမေးရတာပါကွာ။ စဉ်းစားကြည့်ရင် ညီလေးတို့က အစ်ကို့ကို အကုသိုလ်ဖြစ်တော့မယ့်ဘေး



www.burmeseclassic.com

www.burmeseclassic.com

ကြီးကနေ ကယ်တင်ပေးလိုက်တာပဲကွ။ ရထားပေါ် ကျွဲတွေနွားတွေ တင်ပေးရတဲ့ အလုပ်က အကုသိုလ်သိပ်ကြီးတာနော်။ တွဲပေါ်မတက်တက်အောင် တွန်းထိုးရိုက်နှက်ပြီး မောင်းရတာကိုက နည်းတဲ့ ငရဲတွေလား။

"ပါဏာတိပါတာကို ညီလေးတို့လည်း သိကြပြီးသားပါ။ လက်တွေ့သတ်ဖြတ်တဲ့သူမှ မဟုတ်ဘူး။ သတ်ကွင်းကိုမရောက်ရောက်အောင် တွန်းထိုးရိုက်နှက်ပြီး ရထားပေါ် မောင်းတင်ပေးလိုက်ကြတဲ့သူတွေအားလုံးလည်း ပါဏာတိပါတာထဲ အကျုံးဝင်သွားတာပဲ ညီလေးတို့ရ။ ဒီနေ့တော့ ရထားနဲ့ မတင်တဲ့ ညီလေးတို့ ကျေးဇူးကြောင့် ညီလေးတို့ရော၊ အစ်ကိုရော ပါဏာတိပါတာကို ဝေရာမဏီလုပ်နိုင်သွားပြီ။ ကျေးဇူးတင်လိုက်တာ ညီလေးတို့ရာ။ ညီလေးတို့လည်း ကျန်းမာကြပါစေ၊ ချမ်းသာကြပါစေ။ ကျွဲလေးတွေလည်း ကျန်းမာကြပါစေ၊ ချမ်းသာကြပါစေ။ အသက်ဘေးအန္တရာယ်မှ ကင်းဝေးကြပါစေ"

ရွှန်းရွှန်းဝေအောင် ပြောပြနေသော ဦးကိုဦး၏ ပြောသံဆိုသံ ပြောပေါက်ဆိုပေါက်များသည် တရားဟော ဓမ္မကထိက ရှုံးလောက်ပါပေသည်။ ရွာသားသုံးယောက်သည် ခရစ်ယာန်ဘာသာဝင် ချင်းတိုင်းရင်းသားများဖြစ်ကြသည်ကို မသိလို့များလား၊ သိလျက်သားနှင့် ရူးသလိုလို ကြောင်သလိုလို လုပ်လိုက်လေသလား။ ဦးကိုဦးကိုယ်တိုင်မှပင် သိနိုင်ပါလိမ့်မည်။

ဦးကိုဦး တရားဟောကောင်းနေဆဲတွင် ဝင်ရောက်လာသော ရထားကြီး၏ ဥသြသံကြောင့် ကျွဲ ၆ ကောင်မှာ လန့်ဖျပ်ပြီး ခုန်ပေါက်နေကြသည်။ အရေးထဲ ရထားပေါ်မှ ဂါတ်ဗိုလ်၊ လက်မှတ်စစ်၊ တွဲစောင့်၊ မီးရထားရဲတို့တစ်တွေက "ရုံပိုင်ကြီး ကျွဲ ၆ ကောင် တင်ဖို့ရှိတယ်ဆို၊ မြန်မြန်တင်ပြီး မြန်မြန်ရှင်းပေးဗျာ"လို့ အလိုက်မသိ အော်ပြောနေကြပြန်သေးသည်။ ဦးကိုဦးမှ တရားဟောသံ အေးအေးကလေးဖြင့် "ပါဏာတိပါတာကို ငါ့ဘူတာမှာ ဘယ်တော့မှ အားမပေးဘူးကွ"ဟု ပြန်ပြောလိုက်လေသည်။

ဦးကိုဦးလည်း တာဝန်အရ ရထားကြီးကို အထက်ဘူတာသို့ ဆက်လက်လွှတ်လိုက်သည်။ တောင်ပေါ်လမ်းပိုင်းစကားနှင့် ပြောရလျှင် ရထားကြီးကို အထက်ဘူတာသို့ ဆက်တင်လိုက်ခြင်း ဖြစ်သည်။ ရထားကြီး လီဗာကုန်ဟဲပြီး တောင်ပေါ်တက်သွားသည့် မြင်ကွင်းကို ဦးကိုဦးသည် လွမ်းလွမ်းဆွေးဆွေး မျက်စိတစ်ဆုံး ငေးမောကြည့်လိုက်ပါသေးသည်။

ရထားကြီး မြင်ကွင်းမှ ကွယ်ပျောက်သွားပြီးနောက် ရထားသံလမ်းဘေးက တောလမ်းအတိုင်း ကျွဲ ၆ ကောင်ကို တောင်ပေါ်သို့ ခြေလျင်မောင်းပြီး တင်သွားကြသည့် မြင်ကွင်းကိုတော့ ဦးကိုဦးတစ်ယောက် ကျောခိုင်းလိုက်လေတော့သည်။ ■

**ကိုကိုကျော်၊မန္တလေး၊**

## ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၁၂ ရက်မှ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၇ ရက်အထိ


(၁) ကိုးငယ်မင်း *ဆံချပွဲ ၁* ၊နေပြည်တော်၊ (၂) နီနီအောင်(စက်မှု) *ရောင်စုံအပိုင်းအစလေးများ စုံဆည်းရာ* ၊မကွေး၊ (၃) နုနု(ဖောင်ကြီး) *မပြတ်သောပုခက်အသက်တည်သရွေ့သာ* ၊လှည်းကူး၊ (၄) ငဒိန်း *လိုင်းပေါ်ကလူ လူပေါ်ကလိုင်း* ၊စစ်ကိုင်း၊ (၅) မောင်ရင်ထွေး(မအူပင်) *ရေစိမ့်အိုး* ၊မအူပင်၊ (၆) မောင်မြင့်ဝင်း *မျက်ရည်ချိန်ခွင်* ၊ရန်ကုန်၊ (၇) နောင်ရိုးနွယ်(မုံရွာ) *ဘဝဆက်တိုင်း* ၊မိတ္ထီလာ၊ (၈) လင်းဆစ်အိမ် *ထမ်းကြသူများ* ၊E-mail၊ (၉) ညီဆောင်းဦး *မေတ္တာတွေ့ချိန်* ၊ရန်ကုန်၊ (၁၀) သက်ဝေမှူး *အကြွေပန်းပေမဲ့ မကြွေနှမ်းပါ* ၊ပုသိမ်၊ (၁၁) နန်းမိုခမ်း *ငယ်သော်ကား သားကြီးသော် ကျား* ၊ရန်ကုန်၊ (၁၂) ခွန်းဆက်(မိုးညှင်း) *မြင့်မိုရ်ထက်ကကံကြမ္မာ* ၊ကချင်ပြည်နယ်၊ (၁၃) ပုလဲသွင် *သူ့စိတ်* ၊စစ်ကိုင်း၊ (၁၄) မိုးတာ *ပြန့်ကျဲသွားသော အပိုင်းအစလေးများ* ၊ရန်ကုန်၊ (၁၅) နှင်းဝေဝေ(ပွင့်ဖြူ) *မျက်ဝန်းစကား* ၊မကွေး၊ (၁၆) ဟိန်း *လူနှစ်ယောက်* ၊မကွေး၊ (၁၇) ဘုန်းချစ်နော်(ဇေယျာမြေ) *သက်တံ၏အခြားတစ်ဘက်* ၊မန္တလေး၊ (၁၈) ဟိန်းနွေရှိုင်း *တိမ်လွှာစီးလို့ ခရီးတွေနှင်* ၊မြိတ်၊ (၁၉) ခင်မော်သက်(ကညွှတ်ကွင်း) *အကြိမ်ကြိမ်လဲကျ အကြိမ်ကြိမ်ပြန်ထ* ၊ပဲခူး၊ (၂၀) ရွှေသူရစ္ဆ(ထားဝယ်) *လွင့်ပျယ်သွားသော သင်းရနံ့ကလေးများ* ၊ရန်ကုန်၊ (၂၁) လင်းယုန်သွေး(ပေါက္ကရဝတီသား) *မင်းရှင်းလိုက်* ၊ရန်ကုန်၊ (၂၂) လွတ်လပ်ရွှေပြည် *တရားခံ* ၊စစ်ကိုင်း၊ (၂၃) နောင်သွေးညို *ပုံတူအကြောင်း* ၊ကလေး၊ (၂၄) ဒေးဗစ်မောင်မောင် *သူ့မယားလင်ငယ်နေသည်* ၊-၊ (၂၅) အရင်လူ(တွံတေး) *ခုတ်လိုက်တဲ့ ဗိုင်းရပ်စ်* ၊တွံတေး၊ (၂၆) ခိုင်မြသူယျ ရင်ခုန်သံ*ပိတောက်ပန်း ပဋ္ဌလက်မှတ်တမ်း* ၊စစ်ကိုင်း၊ (၂၇) ညီဆောင်းဦး *ယုယုမေတ္တာလမ်း* ၊ရန်ကုန်၊ (၂၈) ပွင့်ပန်းဝေလှိုင် *ကန္တာလယ်က ရေချမ်းစင်* ၊မနေဖြူ၊ (၂၉) ထူးသစ်လရောင် *တစ်ရာမှာတစ်ပွင့်* ၊ငပုတော၊ (၃၀) ဝေး(ဇရာဝတီ) *လက်ပံပြောသောလွမ်းပုံပြင်* ၊ချောင်းသာ၊ (၃၁) ဝေး(ဇရာဝတီ) *ဒီတစ်သက်လွမ်းစေ* ချောင်းသာ၊ (၃၂) သျှားလူ *မီးခိုးမှိုင်းများ* ၊ပြည်၊ (၃၃) ရှိန်းခန့်ဇော်(ပင်းတယ) *နွားပွဲစားတို့ရဲ့ခေတ်* ၊ရှမ်းပြည်နယ်၊ (၃၄) ခိုင်မြသူယျ *ကြယ်စင်များရဲ့ ရာဇဝင်* ၊စစ်ကိုင်း၊ (၃၅) ဇော်သစ်ကြည် *နွေဦးထောင်ချောက်* ၊မန္တလေး၊ (၃၆) နေမွန် *ပို၍လှသောမနက်ဖြန်* ၊ကျောက်ဆည်၊

*စိစ်ဖလှဲစံ ပြုစုသည်။*



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



# အိုက်ဇိုးထွန်း (နေတ်ရွာ)

## ဇမ္ဗူကျော်မယ့် အလှူတော်

ဒွေးလေးတင် သိပ်ပျော်နေတယ်။ တစ်သက်မှာ တစ်ခါ လှူရမယ့် အလှူကြီးအတွက် တွေးတွေးပြီး ပျော်တပြုံးပြုံး ဖြစ်နေတယ်။ ဟောဒီ ရွာမှာ ဘယ်သူမှ မလှူဖူးသေးတဲ့ မြေအလှူရှင်ကြီး၊ အိမ်ဝန်းအလှူရှင်ကြီးဘဝကို ရောက်ရတော့မယ်ဆိုတဲ့ အတွေးကလည်း ဒွေးလေးတင်ရဲ့ ညတွေကို အိပ်မပျော်နိုင်အောင် လှုပ်ပေးနေတယ်။ မြေကွက်ကလေး လှူရတော့မယ်ဆိုတဲ့ အကြောင်းလေး တွေးမိတိုင်း သွေ့နှုတ်ခမ်းလေးကပါ ခပ်ပြုံးပြုံးလေး ဖြစ်ဖြစ်လာတယ်။ တစ်ခါတလေကျတော့ လှူရမယ့်အကြောင်း တွေးနေရင်းနဲ့ ပုတီးစိပ် နေတာလေးတောင် ဘယ်နားရောက်လို့ ရောက်မှန်းမသိ ဖြစ်ဖြစ်သွားတယ်။ ဒီရွာမှာ ဒွေးလေးတင် ဆိုတာ နာမည်တစ်လုံးနဲ့ နေလာတာ။ မသိသူမရှိ။

ရပ်သိ ရွာသိ၊ တစ်နယ်လုံး အသိ။ စီးပွားရေးကလည်း ကောင်း၊ သားသမီးမြေးမြစ်တွေ၊ အခြွေအရံအသင်းအပင်းတွေကလည်းကောင်း ဆိုတော့ ဒွေးလေးတင်တဲ့ဟာ ဆိုရင် အားလုံးက ပွဲပြီးမီးသေပဲ။ သူ့ယောက်ျား ဦးလေးညို တောင်မှ သူဟိုတ်ဆိုဟိုတ်၊ တိုတ်ဆိုတိုတ်ရတဲ့အထဲ ပါပါတယ်ဆို။ ကျန်တဲ့သူတွေ တော့ မပြောနဲ့တော့။

'တော့် ကိုညိုရေ၊ ကျုပ်တို့ ဒီမြေလေးတော့ ရပ်ရွာအတွက် လှူကြဦးစို့ရဲ့' လို့ ဒွေးလေးတင်ကပြောတော့ ဦးလေးညိုမျာ ဘာမှ ပြန်မပြောသာဘူး။

'အေးပါဟာ၊ ညည်း ကောင်းမယ်ထင်သလိုသာ စီမံပါ' လို့သာ ပြောနိုင်ရှာတယ်။ ဦးလေးညိုက ဒွေးလေးတင် လှူမယ်ဆိုတဲ့ အိမ်ဝန်းမြေလေးကို နမြောနေတာ တော့လည်း မဟုတ်ပါဘူး။ နည်းနည်းလေးသာ ချိတုံ့ချတုံ့ဖြစ်နေတာပါ။ လှူလိုက်ရင်ကောင်းမလား။ သင့်ပါ့မလား။ အို… လှူရေးတန်းရေးပဲဟာ၊ မလှူသင့်တဲ့ကိစ္စ ရယ်လို့တော့ ရှိမှာမဟုတ်ပါဘူး။ အလှူမှန်သမျှ ကုသိုလ်ရကြတာချည်းပါပဲရယ်လို့ တွေးပြီးတော့ ဘာမှပြန်မပြောဖြစ်တာပါ။

ဒွေးလေးတင်က ဒီမြေကွက်ကို ကျေးရွာအရန်မီးသတ်တပ်ဖွဲ့အတွက် လှူတော့မယ်လို့လည်း ပြော



www.burmeseclassic.com

www.burmeseclassic.com

လိုက်ရော၊ ဒီသတင်းက ရွာတောင်ဖျားကနေ မြောက်ဖျား၊ အရှေ့ဖျားကနေ အနောက်ဖျားအထိ နေ့ချင်းညချင်း ပျံ့နှံ့သွားတယ်။ သာစုခေါ်တဲ့သူလည်းရှိတယ်၊ အံ့ပါ့အေလို့ ပြောတဲ့သူလည်း ရှိတယ်။ ဘာမှမပြောဘဲ တစ်ယောက်နှင့်တစ်ယောက် မေးငေါ့ပြီး ဇက်ကလေးတွေ ပုသွားတဲ့ သူတွေလည်း ရှိတယ်။

ရွာဦးကျောင်းက အုန်းမောင်းခေါက်သံနှင့် ကြေးစည်သံတွေ၊ ထိုးစည်သံတွေက တနောင်နောင်၊ တတုံတုံနဲ့ ဆက်တိုက်ဆက်တိုက်မြည်လာတယ်။ ကျောင်းကခွေးတွေရော၊ ရွာကခွေးတွေရော တကိန်ကိန်နဲ့ ပြိုင်တူ မြည်ကြတယ်။ ဒါကို သာစုခေါ်တယ်လို့လည်းပြောကြတယ်။

ဆရာတော် ဦးသောဘိတက သီလပေးတရားဟောလို့ အပြီးမှာ ရေစက်မချခင် ခွေးလေးတင်ရဲ့ အလှူကိစ္စအကြောင်း မေးတော်မူတယ်။ ဒီတော့ ခွေးလေးတင်ကလည်း ဟုတ်တိုင်းမှန်ရာကို မဆိုင်းမတွ လျှောက်တင်တယ်။ ဆရာတော်ဘုရားက အလှူဒါနအမျိုးမျိုးအကြောင်းနှင့် အကျိုးပေးပုံများအကြောင်းကို အကျယ်တဝင့်ဟောကြားတယ်။ ပြီးတော့မှ အခုလှူမယ့် အလှူနှင့်ပတ်သက်ပြီးတော့ စဉ်းစဉ်းစားစားလေးနဲ့ အချိန်ယူသုံးသပ်ပြီးမှ ဆုံးဖြတ်ဖို့ မိန့်တော်မူတယ်။ ဒါကို ခွေးလေးတင်က "ကိုယ်တော်က ကိုယ်တော့်ကျောင်းကို လှူတာမဟုတ်လို့ တားနေတာလား ဘုရား" လို့ ငေါ့

**'DGif6**
**a'gav;wif**
**qdkvm**
**emrnfwpfvHk;**
**aevmwm**
**rodbl;&S**
**&ydkif;od**
**wpf, f/kbtod**
**pDyGa&;uvnf**
**aumif;fom;orD**
**ajr;jrpf;awG**
**t a;t &H**
**toiftyifawG**
**uvnf**
**aumif;fqdkvmh**
**a'gav;wifwhl[ h**
**qdkif**
**tm;vkdu**
**ypfDaoyJ**

လိုက်တော့ ဆရာတော်ဘုရားလည်း ဥပုသ်သည်တွေအများကြီးရှေ့မှာမို့ ရှက်စနိုးတော်မူတယ် ထင်ပါရဲ့။ ဘာမှဆက်မိန့်တော်မမူဘဲ ဆိတ်ဆိတ်သာ နေတော်မူရှာတယ်။ အဟမ်းအဟမ်းလို့ ချောင်းဟန့်ပြီးတော့ ရေစက်ချတာရားကို ဆက်ဟောတော်မူတယ်။ အဲ့ဒီနေ့က ဥပုသ်သည်တွေလည်း ပုတီးကောင်းကောင်း မစိပ်နိုင်ကြတော့ဘူး။ ခွေးလေးတင်ရဲ့ မြေအလှူတော်ကြီးအကြောင်းသာ စကားတွေ ဖောင်ဖွဲ့နေဖြစ်ကြတော့တယ်။

ဒီသတင်းက ခွေးလေးတင်တို့ ညောင်ပင်သာရွာတင် မကဘူး။ အနီးနားက ကုက္ကိုကုန်းတို့၊ ရွာရှည်တို့အထိ ပျံ့သွားတယ်။

တချို့ကလည်း ခွေးလေးတင်လှူမယ့်အလှူကြီးအကြောင်းကို ကြားရတော့ အိမ်တိုင်ရာရောက်လာပြီး သတင်းမေးကြတယ်။ ကြားရလို့ ဝမ်းသာတဲ့အကြောင်း၊ အခုလို အလှူကြီးကို ဘယ်သူမှ မလှူနိုင်တဲ့အကြောင်း၊ သာစုသုံးကြိမ်ခေါ်တဲ့အကြောင်း ခွေးလေးတင် ဝမ်းသာအောင် လာလာပြောကြတယ်။ ဒီစကားမျိုးတွေကြားရရင် ခွေးလေးတင်က ခေါင်းတညိတ်ညိတ်နဲ့ နားထောင်နေတယ်။ လက်က ပုတီးကတော့ မချဘူး။ စကားတွေလည်း အများကြီး ပြန်ပြောပြီးဧည့်ခံတယ်။ လက်ဖက်စားပါဦး၊ ဆေးလိပ်သောက်ပါဦးဆိုတာတွေနဲ့ ဧည့်ဝတ်ကျေလိုက်တာလည်း လွန်ရော။

"ဒီအလှူကြီးပေးချင်နေတာ ကြာပါပြီအေ၊ အထမြောက်တော့မယ်တော့ ထင်ပါရဲ့။ ဒါမှလည်း ကိုယ့်နောက်ပါမှာကိုးအေရဲ့" တဲ့။

ခွေးလေးတင်က ရွာ့မျက်နှာဖုံးဆိုတော့ သူဘာပဲလုပ်လုပ် အူယားဖားယားနဲ့ ပြေးပြီး ထောက်ခံတဲ့သူတွေက တစ်ပုံကြီး။

ရွာလယ်ပိုင်းက ဦးကြီးမှတ်ကတော့ ခွေးလေးတင်ကို လာပြီး နားသွင်းတယ်။ ဒီလိုမလုပ်သင့်သေးတဲ့အကြောင်း၊ အရာရာကို စဉ်းစဉ်းစားစားလေးလုပ်သင့်ကြောင်း၊ လက်လွတ်စပယ် လှူမပစ်လိုက်သင့်ကြောင်း ဦးကြီးမှတ်ရဲ့ စကားမှ မဆုံးခင် "ကိုကြီးမှတ်၊ တော် ဘယ်လောက်နားလည်လို့လဲ" ဆိုပြီး ခွေးလေးတင်က ဖြတ်ပြောတယ်။ ပြီးတော့ အလှူဒါနမှန်သမျှကို ပိတ်ပင်တားဆီးတာဟာ လုံးဝမသင့်လျော်တဲ့အကြောင်း၊ မြတ်စွာဘုရားရှင် လက်ထက်တော်အခါက တောဒေယျပုဏ္ဏားကြီးဟာ သူကိုယ်တိုင်လည်း မလှူ၊ သူတစ်ပါးကိုလည်း မလှူဖို့ ပိတ်ပင်တိုက်တွန်းခဲ့တဲ့အကြောင်း၊ သူသေတော့ သူ့သားအိမ်မှာပဲ ခွေးအဖြစ်နဲ့ လာနေရရှာပြီး ပြာပုံပေါ်မှာ အိပ်ရတဲ့အကြောင်း၊ ဘုရားရှင် ဆွမ်းခံကြွတော်မူလာတာကို တောဒေယျပုဏ္ဏားဝင်စားတဲ့ ခွေးက အတင်းထိုးဟောင်တဲ့အကြောင်း၊ ဘုရားရှင်က အဖြစ်မှန်ကို ဟောကြားတော်မူမှ ခွေးလေးက ပုဏ္ဏားကြီးဘဝတုန်းက သူမြှုပ်ထားခဲ့တဲ့ ဥစ္စာပစ္စည်းတွေကို သားရဲ့ ပုဆိုးစကိုဆွဲပြီး လိုက်ပြခဲ့တဲ့အကြောင်း၊ ဒီတော့မှ သားဖြစ်သူက သူ့အဖေ ပုဏ္ဏားကြီး ခွေးဘဝရောက်နေတာကို လက်ခံသွားတဲ့အကြောင်း၊ အခုလို သူတစ်ပါးရဲ့ အလှူဒါနကို ပိတ်ပင်သူတိုင်းဟာ တောဒေယပုဏ္ဏားလိုပဲ ခွေးဘဝကို ရောက်သွားနိုင်ကြောင်း စီကာပတ်ကုံးပြန်ပြောတယ်။ ခွေးလေးတင်ကို နားချလို့ မရမှန်းသိတော့မှ ဦးကြီးမှတ်လည်း ခေါင်းကုတ်ပြီး ပြန်သွားတော့တယ်။ ခွေးလေးတင်က ဦးကြီးမှတ်ကိုတော့ ကွမ်းဆေးလက်ဖက်မပြောနဲ့ ရေသောက်ပါဦးလို့တောင် မပြောလိုက်ဘူး။

ဆရာတော် ဦးသောဘိတတောင် ဟောလို့မရတဲ့



www.burmeseclassic.com

www.burmeseclassic.com

ဒွေးလေးတင်ကို ဦးကြီးမှတ်က နားဝင်အောင် ဘယ်ပြောနိုင်ပါ့မလဲ။ ဒါကိုမှ လာပြောနေတာ။ ပြောတာချည်းပဲ မကြည့်နဲ့လေ။ ဒီရွာမှာ ဒွေးလေးတင်ရဲ့ ဆွေမျိုးအရင်းအချာဆိုလို့ ဦးကြီးမှတ်တစ်ယောက်ပဲကျန်တော့တာ။ ဒါတောင်မှ သူက အစ်ကိုဝမ်းကွဲ။ ဒွေးလေးတင်တို့အမေ အဘွား ဒေါ်ငြိမ်းတင်က သမီးချည်း သုံးယောက်တောင်မွေးခဲ့တာ။ မတင်တင်တဲ့၊ မခင်ခင်တဲ့၊ မယဉ်ယဉ်တဲ့။ အစက သုံးယောက်ရှိခဲ့ပေမဲ့ ဒွေးလေးခင်နဲ့ ဒွေးလေးယဉ်တို့က ဆုံးသွားကြပြီ။ မရှိတော့ဘူး။ ဒွေးလေးယဉ်က အပျိုကြီး။ ဒွေးလေးခင်မှာတော့ သမီးလေးတစ်ယောက် ကျန်ခဲ့တယ်။

ဒွေးလေးတင်က သူ့အလှူကို ရွာနီးချုပ်စပ်က သိတဲ့သူတွေ အကုန်ဖိတ်ပြီး ထမင်းလေးဘာလေးကျွေးပြီး စည်စည်ကားကားလေးလုပ်ချင်နေတယ်။ ဆရာတော်ငါးပါးလောက်လည်းပင့်ပြီး ဆွမ်းကပ်တာတွေ၊ ရေစက်ချအမျှဝေတာလေးတွေလည်း လုပ်ချင်သေးတယ်တဲ့။ ဒါမှသာ မရှိကြရှာတော့တဲ့ မိဘနှစ်ပြာက တမလွန်ဘဝကနေ သာဓုခေါ်နိုင်ပြီးတော့ ကောင်းရာ မွန်ရာဘုံဘဝကို ရောက်ရှိနိုင်မယ်လို့လည်း ဒွေးလေးတင်က ယုံကြည်တယ်လေ။ အလှူနဲ့စပ်လို့ ပြောတိုင်းပြောတိုင်းမှာ "လှူမှုဝေ၍" ဆိုတဲ့ သားသမီးတို့ဝတ္တရားအကြောင်းကိုလည်း ခဏခဏ ထည့်ထည့် ပြောလေ့ရှိတယ်။ အခု အလှူကလည်း ကွယ်လွန်

> olwpfyg&U
> t vSeuk
> ydvfyi bwkf[ m
> awma', s
> yRrÜvykU
> ac0uk
> a&muf
> oGEkmiif
> pDmywfuk
> jyefjymw, f
> a'av;wi fuk
> em;csv
> r&r$foawmhS
> 0DuDSvf nf
> acjfukvlyD
> jyef
> oawmhv, f

သွားတဲ့ သူ့မိဘများအတွက် အထူးရည်စူးပြီးတော့ လှူရတာပါတဲ့။

ဟုတ်ပြီ။ ဒီလောက်ဆို အလှူက မအောင်မြင်စရာ သိပ်မရှိတော့ဘူး၊ လှူလိုက်ရုံပေါ့။ ရွာမီးသတ်အဖွဲ့ကလည်း လှူမယ်ဆိုရင်တော့ လက်ခံရုံပေါ့၊ မီးကင်းရုံးအဖြစ် သုံးကြတာပေါ့လို့ စကားပြန်ထားတယ်။ တားတဲ့သူရှိပေမဲ့ တစ်ယောက်၊ နှစ်ယောက်မို့ ကိစ္စမရှိပါဘူး။ ဒါက သိပ်တော့ခက်တဲ့ကိစ္စမဟုတ်ပါဘူး။ ရက်လေးဘာလေး ရွေးပြီး ရေစက်ချလိုက်ကြရုံပေါ့။

ဒါပေမဲ့ ခက်နေတာက လှူမယ့်အိမ်ဝန်းက ကွက်လပ်ကြီး မဟုတ်ဘူး။ အိမ်တစ်လုံးရှိတယ်။ နွားစာတိုက်တစ်လုံးနှင့် အိမ်သာတစ်လုံးရှိတယ်။ ရေတွင်းတစ်တွင်းလည်းရှိတယ်။ ပြီးတော့ လူကလည်းနေနေတယ်။ ဟာ၊ ဘယ်ကလူတွေက ဝင်နေနေရတာလဲလို့ မေးကြမယ်ဆိုရင်လည်း ဖြေစရာအဖြေက အသင့်ရှိပါတယ်။ မိဂျမ်းတို့မိသားစု။ မိဂျမ်းရယ်၊ သူ့ယောက်ျား ဖိုးလုံးရယ်၊ သူ့သားလေး မောင်ကျော်ရယ်။ သုံးယောက်က ဒီအိမ်ဝန်းထဲမှာ ရှိနေကြတယ်။

မိဂျမ်းဆိုတာ တခြားလူ ဘယ်ဟုတ်ပါ့မလဲ။ စောစောကပြောတဲ့ ဒွေးလေးတင်ရဲ့ ညီမ၊ ဒွေးလေးခင်ကမွေးတဲ့ တစ်ဦးတည်းသောသမီးပေါ့။ သူက ဒွေးလေးခင်ရှိတုန်းကတည်းက သူ့အမေနဲ့၊ သူ့အဘွား ဒေါ်ငြိမ်းတင်တို့နဲ့ အတူနေခဲ့ကြတာ။ အခု အဘွားလည်း မရှိတော့ဘူး၊ အမေတို့ ဒွေးလေးယဉ်တို့လည်း ဆုံးကုန်ကြပြီဆိုတော့ ဒီဝန်းဒီခြံလေးထဲမှာ မိဂျမ်းတို့ပဲ ကျန်ခဲ့တာပေါ့။

အိမ်ဝန်းက အစကတော့ အကျယ်ကြီးပါ။ ဒါပေမဲ့ ဒွေးလေးတင်တို့ အိမ်ထောင်ကျတော့ မြောက်ဘက်အခြမ်းမှာ အိမ်ဆောက်နေကြလို့ အဘွားက ပြောတာနဲ့ ဒွေးလေးတင်တို့က အိမ်သတ်သတ် ခွဲဆောက်ထားတာ။ နောက်ပိုင်းမှာတော့ စည်းရိုးတွေဘာတွေခတ်လိုက်တော့ ဝန်းက သတ်သတ်စီလို ဖြစ်သွားတာပေါ့။ ဒီတော့ မိဂျမ်းတို့နေတဲ့ အပိုင်းက အခုချိန်ကြည့်ရင်တော့ ခပ်ကျဉ်းကျဉ်းပေါ့လေ။

ဒွေးလေးတင်ရဲ့ အဖေကတော့ ဆုံးတာကြာခဲ့ပါပြီ။ ဒီနောက်ပိုင်း အဘွား ဒေါ်ငြိမ်းတင်လည်း အိပ်ရာထဲလဲနေတာ နှစ်နှစ်ကျော်ကျော် သုံးနှစ်လောက်ကြာတယ်။ အိမ်ချင်းကပ်နေတဲ့ ဒွေးလေးတင်ကတော့ မရောက်ဖြစ်လိုက် ရောက်ဖြစ်လိုက်ပေါ့လေ။ သူ့မှာ သားရေးသမီးရေးတွေ၊ မြေးမြစ်တွေရဲ့ အရေးတွေကလည်း ရှိသေးတာကိုး။ အဘွား ဒေါ်ငြိမ်းတင် နေမကောင်းဖြစ်နေတော့ အိမ်မှာ ပြုစုမယ့်သူဆိုလို့ မိဂျမ်းတစ်ယောက်ပဲရှိတယ်။ မိဂျမ်းအမေကလည်း သိပ်မကြီးသေးခင် အသက်ငါးဆယ်ကျော်လောက်နဲ့ ဆုံးသွားရှာတယ်။ ဒွေးလေးယဉ်ကလည်း မရှိတော့ဘူးဆိုတော့ မိဂျမ်းတစ်ယောက် တော်တော်လေး ကသီလင်တဖြစ်ရရှာတယ်။ နောက်တော့ အိမ်မှာ အားကိုးရာမရှိလို့လေလား၊ နဖူးစာရွာလည်လို့ရယ်လေလား မသိပါဘူး၊ ရွာထဲက ကောင်လေးတစ်ယောက်နဲ့ ပုဆိုးတန်းတင် အကြင်လင်မယားဘဝကို ရောက်သွားတယ်။ အဒေါ်အရင်းဖြစ်တဲ့ ဒွေးလေးတင်ကိုယ်တိုင်ကမှ ဘာသိဘာသာလုပ်နေတော့ မိဂျမ်းတို့ မင်္ဂလာဆောင်ကလည်း လက်ဖက်လေး၊ ရေနွေးကြမ်းလေးနဲ့သာ ပြီးခဲ့ရတာပေါ့။ နောက်တော့ အဘွား ဒေါ်ငြိမ်းတင်လည်း ဆုံးတယ်။ အဘွားဆုံးလို့ နှစ်လည်တရားနာတဲ့နေ့မှာ ဒွေးလေးတင်ဘက်က စကားစ,ပြောလာတယ်။ အခု အဘွားဒေါ်ငြိမ်း



www.burmeseclassic.com

www.burmeseclassic.com

တင်မရှိတော့တဲ့အချိန်မှာ သားသမီးဆိုလို့ ဒွေးလေးတင် တစ်ယောက်သာကျန်ခဲ့တဲ့အကြောင်း၊ ဘယ်မိဘပဲ သေသေ ကျန်ခဲ့တဲ့အမွေကို သားသမီးတွေသာ ရကြတာဖြစ်တဲ့အကြောင်း၊ ဒီအိမ်ဝန်းတွေ၊ ဒီအိမ်တွေဟာလည်း ကျန်ခဲ့တဲ့တစ်ဦးတည်းသော သားသမီးဖြစ်တဲ့ သူသာလျှင် ပိုင်ဆိုင်တဲ့အကြောင်း။ ဒီစကားတွေ ကြားရတော့ မိဂျမ်းမှာ ခေါင်းမီးတောက်ရတယ်။ ဘယ်ကိုပြေးလို့ ဘယ်လိုနေရမှာလဲ ဆိုတာလည်း မသိ။ ဘာလုပ်လို့ ဘာကိုင်ရမယ်ဆိုတာလည်း စဉ်းစားလို့မရအောင် ဖြစ်သွားတယ်။

မိဂျမ်းက တောင်းပန်ရှာပါတယ်။ ဒွေးလေးတင် အိမ်ကို သွားတောင်းပန်တာ။ သူ့ယောကျ်ားရော၊ သူ့သားလေးရော ပါကြတယ်။ "ဒွေးလေးတင်ရယ်၊ ဒီဟာလေးတော့ မလုပ်လိုက်ပါနဲ့၊ ကျုပ်တို့မှာ နေစရာမရှိလို့ပါ" လို့ ငိုလိုက်ရပ်လိုက်နဲ့ ပြောတယ်။ မရဘူး။ ဒွေးလေးတင်ကတော့ မလျှော့ဘူး။

"ညည်းတို့ကိုတော့ သနားပါတယ်အေ၊ ငါ့မှာကလည်း သားတွေသမီးတွေနဲ့မို့ နောင်ရေးနောင်တာဆိုတာကလည်း ရှိသေးရဲ့ မဟုတ်လား" တဲ့။

နောက်ပိုင်းမှာတော့ ဒွေးလေးတင် ဆုံးဖြတ်ချက်ပြောင်းသွားတယ်။ ဒီအိမ်ဝန်းလေးကို ပြေးစရာမြေမရှိတဲ့ မိမဲ့ဖမဲ့တူမလေးလက်ထဲက လုယူလိုက်တာဆိုရင် ရွာထဲရပ်ထဲကလည်း သူ့ကို ဘယ်

a'&v;wif
uawmh
'Dupöik
aemufqkwfb|
vkjymw, f
]&y&G
aumif;pm;a&;
vkyfaewm
Oif½IyfMuprf;eJY
wJh
avoHv;
rrdwfpfcsuf
rdwfpfcsufeJY
ajymvkdufwJh
a'&v;wif&J
pum;tqHk;
b, fbrS
wkwfwkwfawmif
rvkyfcHMuzl;

သူကမှ အကောင်းပြောကြတော့မှာ မဟုတ်ဘူးဆိုတာကို နည်းနည်းရိပ်မိသွားပုံရတယ်။ ဒီတော့ သူ့ဆုံးဖြတ်ချက်ပြောင်းလိုက်တယ်။ ဒါကို သူမယူဘူး။ ဒီမြေကို သူယူမယ်ဆိုတာ သူ့အတွက် မဟုတ်ဘူး။ အများအတွက်ဖြစ်တယ်။ ရပ်ရွာကောင်းစားရေးအတွက်ဖြစ်တယ်။ ကျေးရွာမှာ အရန်မီးသတ်တွေဆိုတာ ရပ်ရေးရွာရေးကို နေ့ရောညပါ မနေမနားလုပ်နေကိုင်နေကြရတာ။ ဒီလိုလုပ်နေရပေမဲ့ သူတို့အတွက် မြေနေရာလေးတစ်ခုတောင်မှ သတ်သတ်မှတ်မှတ် ရှိမထားသေးဘူး။ ဒီကွက်လပ်ကိုဖြည့်ပေးနိုင်တဲ့သူက ဒီရွာမှာ သူတစ်ယောက်ပဲရှိတော့တယ်။

ဟုတ်တယ်။ ဒါကို လှူပေးလိုက်မှ ဖြစ်တော့မယ်။ ပြီးတော့ ဒါက မရှိကြတော့တဲ့ မိဘများအတွက်လည်း အလှူတစ်ခုဖြစ်သွားနိုင်တာမို့ သူတို့အတွက် အမျှအတန်းလေးပေးဝေရရင် မိဘတွေလည်း ပီတိဖြစ်ကြမှာပါလို့ ဒွေးလေးတင်က တွေးတယ်။ ဒွေးလေးတင်က ဆုံးဖြတ်ချက်ပြောင်းပြီးပြီဆိုတော့ ဒီဆုံးဖြတ်ချက်ကို အိမ်မှာတင်မက ဥပုသ်ကျောင်းမှာပါ ချပြလိုက်တဲ့အတွက် ရပ်သိရွာသိ ဖြစ်ကုန်တာပေါ့။

တားကြတဲ့သူတွေရှိပေမဲ့ ဒွေးလေးတင်ကတော့ ဒီကိစ္စကို နောက်မဆုတ်ဘူးလို့ ပြောတယ်။ "ရပ်ရွာကောင်းစားရေးလုပ်နေတာ၊ ဝင်မရှုပ်ကြစမ်းနဲ့" တဲ့။ လေသံလေး မမိ တစ်ချက်၊ မိတစ်ချက်နဲ့ ပြောလိုက်တဲ့ ဒွေးလေးတင်ရဲ့ စကားအဆုံးမှာ ဘယ်သူမှ တုတ်တုတ်တောင် မလှုပ်ဝံ့ကြဘူး။ ကိုင်း… ဒါဆိုလည်း ရေစက်ချပွဲအတွက် စီစဉ်ကြရုံရှိတော့တာပေါ့ဆိုပြီး နေ့ကောင်းရက်သာ ရွေးကြတယ်။ နေ့ကောင်းရက်သာရွေးတော့လည်း ဆရာတော် ဦးသောဘိတဆီကို ဆွမ်းချိုင့်လေးတစ်ချိုင့်နဲ့ ဒွေးလေးတင် ကိုယ်တိုင်ပဲ ပြေးရပြန်တယ်။ ဆရာတော်က ရက်ကို ချက်ချင်းတွက်မပေးသေးဘူး။ ဒွေးလေးတင်ရဲ့ ဇာတာကိုပါ စစ်ကြည့်ပြီးမှ အကောင်းဆုံးရက်ကို ရွေးပေးချင်တယ်လို့ပြောလို့ ဘုန်းကြီးကျောင်းသားတစ်ယောက်ကို အိမ်ပြေးပြီး အယူခိုင်းရတယ်။ ဇာတာရောက်လာတော့ ဆရာ

တော့်လက်ထဲ ကပ်လိုက်တယ်။ ဆရာတော်ကြီးက ဇာတာတစ်လှည့်၊ ဒွေးလေးတင်ကို တစ်လှည့် ကြည့်တော်မူပြီးတော့ ကျောက်သင်ပုန်းမှာ ကျောက်တံလေး တရှဲရှဲ၊ တကျိုကျိုနဲ့ တွက်ချက်တော်မူတယ်။

ပြီးတော့မှ အိမ်ဝန်းလှူမယ့် နေ့ကောင်းရက်သာကို ရွေးပေးလိုက်တယ်။ ရွေးတာက ပြာသိုလဆုတ် ၁၄ ရက်နေ့တဲ့။ "ဟင်၊ အခုမှ ကဆုန်လဆန်းတာဆိုတော့ ရွေးပေးတဲ့ရက်က ဝေးလွန်းမနေဘူးလား ဘုရား" လို့ အတွန့်တက်တော့ "ဒကာမကြီး၊ ဘုန်းကြီးဆီ လာတောင်းတဲ့ရက်မို့ ဘုန်းကြီးပေးတဲ့ရက်အတိုင်းပဲ လုပ်ပါဗျာ၊ ပေးတဲ့ရက်အတိုင်း မလုပ်ရင်တော့ မကြွနိုင်ဘူး" လို့ ခပ်ပြတ်ပြတ်ပြန်မိန့်လိုက်တော့မှ ဒွေးလေးတင်လည်း သူ့ဇာတာပေရွက်ကလေး အရအမိ ပြန်တောင်းပြီး ခပ်သုတ်သုတ် ပြန်ပြေးခဲ့ရတော့တယ်။

ဘယ်တတ်နိုင်မလဲ။ ဆရာတော်ပေးတဲ့ရက်အတိုင်း ရေစက်ချကြရုံပေါ့လေ။ အရင်တစ်ခါ လျှောက်တုန်းကလို မလှူဖို့ တားမနေတာကိုပဲ တော်သေးတယ်လို့ မှတ်ရတော့တယ်။

တခြားသူတွေအဖို့ ဘာမှမထူးပေမဲ့ ဒွေးလေးတင်အဖို့မှာတော့ ပြာသိုလကလည်း ရောက်နိုင်ခဲလှတယ်ဆိုတာမျိုး ဖြစ်နေတယ်။

"လတွေကလည်း မကုန်နိုင်လိုက်တာအေ" ဆိုတဲ့ စကားကလည်း မိဂျမ်းတို့ဝန်းဘက်က မကြားကြားအောင်



www.burmeseclassic.com

www.burmeseclassic.com

ပြောလိုက်သေးတယ်။ ပြောရင်းပြောရင်းနဲ့လည်း မိဂျမ်းတို့ အိမ်ဘက်ထွက်ထွက်ကြည့်သေးတာ။ ဒီလိုပြောတာ ကြားရမြင်ရတိုင်း မိဂျမ်းတို့ခမျာလည်း အိမ်ထဲဝင်ဝင်ပြီး ငိုရပြန်ရော။ သူ့သားလေးကလည်း အမေငိုတော့ ဘာမသိညာမသိ ရောယောင်ပြီး လိုက်ငိုပြန်တယ်။ သူ့ယောကျ်ားကတော့ 'ကဲပါဟာ၊ ငါတစ်ယောက်လုံး ရှိပါသေးတယ်'တဲ့။ 'တော်ရှိတော့ ဘာလုပ်ရမှာတုံး၊ တော့်မှာလည်း နေစရာအိမ်မှ မရှိတာ'တဲ့။

ကဆုန်၊ နယုန်၊ ဝါဆို၊ ဝါခေါင်၊ တော်သလင်း၊ သီတင်းကျွတ်၊ တန်ဆောင်မုန်း၊ နတ်တော်။

ဒွေးလေးတင်အတွက် ကုန်နိုင်ခဲလှတဲ့လတွေက မိဂျမ်းအတွက်တော့ တစ်လနှင့် တစ်လကူးတာ သိပ်ကိုမြန်လွန်းနေတယ်။ ပြီးခဲ့တဲ့ကဆုန်လကိုတောင်မှ မနေ့တစ်နေ့ကလိုပဲ ထင်နေမိပြန်တယ်။


နတ်တော်လလည်း ရောက်ပြီ။ အိမ်ဝန်းအလှူပွဲကြီးရောက်ဖို့လည်း ဘာမှသိပ်မလိုတော့ဘူး။ အလှူတော်ကြီး အထမြောက်တော့မယ်ဆိုတဲ့ အတွေးနဲ့ ဒွေးလေးတင်မှာတော့ လှူရမယ့်ရက်နီးလေ ပျော်ရလေလေ ဖြစ်နေတယ်။ ဒါပေမဲ့ တစ်ခုခက်နေတယ်။ အလှူရက်ကို ကပ်နေပါပြီဆိုမှ ဒွေးလေးတင်ရဲ့ကျန်းမာရေးက သိသိသာသာဖောက်လာတယ်။ ပြာသိုလဆန်းပြီ။ ဒွေးလေးတင်လည်း အခြေအနေဆိုးလာပြီ။ ရွာထဲက လူတွေကတော့ ဒွေးလေးတင် နေမကောင်းတာကို 'သူ့စိတ်နဲ့ တန်သလို အကျိုးပေးတာပါအေ'လို့ တီးတိုးတီးတိုး ပြောကြသူတွေတောင် ရှိတယ်။

ဒွေးလေးတင်က နာတာရှည်မခံစားရပါဘူး။ ပြာသိုလပြည့်နေ့မှာ ဆုံးသွားတယ်။ တကယ်ဆို ရေစက်ချရဖို့ ၁၄ ရက်ပဲလိုတော့တာ။ ဒီလောက်ကပ်နေတဲ့အချိန်ကျမှ ဆုံးသွားတာဆိုတော့ ဦးလေးညိုကတောင်မှ 'ညည်းအေ…ရေစက်ချပွဲကြီးတောင်နွှဲမသွားနိုင်တော့ပါလား'လို့ ပြောပြီး ရှိုက်ကြီးတင်နဲ့ ငိုရှာတယ်။ ဦးလေးညို ငိုတာကြည့်ပြီးတော့ ဘေးကလူတွေမှာ ငိုရအခက်၊ ရယ်ရအခက်။

ဒွေးလေးတင်က ရွာ့မျက်နှာဖုံးဆိုတော့ သူ့ရဲ့နာရေးကလည်း လူတွေသိပ်စည်တယ်။ ရက်လည်တဲ့အထိ ရိုက်ကြတဲ့ ဖဲဝိုင်းကလည်း ညလုံးပေါက် လူသံကို မစဲဘူး။

ရက်လည်ပြီးတဲ့ ညမှာပါ။ မိဂျမ်းရဲ့သားလေးက အိမ်သာဘက်သွားပြီး ရှူးရှူးပေါက်တယ်။ ဒါကို ညကြီး အချိန်မတော် လူကြီးမပါဘဲ တစ်ယောက်တည်းနောက် ဖေးသွားရပါ့မလားဆိုပြီး မိဂျမ်းက ငေါက်တယ်။ ငေါက်လွန်းမက ငေါက်တော့ သူ့သားလေးက ပြန်ပြောတယ်။ 'သားသားတစ်ယောက်တည်း မဟုတ်ပါဘူးအမေရာ၊ အိမ်သာဘေးမှာ ဟိုဘက်အိမ်က ဘွားဘွားကြီးထိုင်နေတာကို တွေ့ခဲ့ပါတယ်'တဲ့။ ■

**သိုက်စိုးထွန်း၊နတ်ရွာ၊**




၁၉၈၈ – ၈၉ ခုနှစ်က
ဒေါ်အောင်ဆန်းစုကြည်၏
မွန်ပြည်နယ်နှင့် ဧရာဝတီတိုင်း
စည်းရုံးရေးခရီးစဉ်
မှတ်တမ်းစာအုပ် ဖြစ်ပါသည်၊
စာရေးသူကိုယ်တိုင်
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
ပြန်ကြားရေးအဖွဲ့ဝင်အဖြစ်
လိုက်ပါခဲ့သည့် ထိုခရီးစဉ်သည်
စိတ်ပင်ပန်းစရာ၊ စိတ်မောစရာ၊
စိတ်အနှောင့်အယှက်ဖြစ်စရာများဖြင့်
ကြုံတွေ့ခဲ့ရသော ခရီးစဉ်ဖြစ်ခဲ့ပါသည်၊
ထိုအကြောင်းကို
ဆရာမ မသီတာ(စမ်းချောင်း)က
လွန်ခဲ့သည့် နှစ် ၃၀ ကတည်းက
မှတ်တမ်းအဖြစ် ရေးသားခဲ့သည်၊
မွန်ခရီးစဉ်ကို ၁၉၈၈၊ ဒီဇင်ဘာ ၁၄ ရက်နေ့မှာ
စတင်ခဲ့ပြီး ဧရာဝတီတိုင်း ခရီးစဉ်ကို
၁၉၈၉ ဇန်နဝါရီလ ၁၄ ရက်နေ့ မှာ စတင်ခဲ့သည်၊
နှစ် ၃၀ ကြာခဲ့ပြီးနောက် ဤစာအုပ်ကို
စာနဒီ စာပေက ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်၊



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



# သွေးနီနီ စိတ်...ဆန်

အမှတ် ၃၅၂ မတ်၊ ၂၀၁၃

နာရီသံချောင်း လေးချက်တီးသံ ပေးပြီးကတည်းက မိန်းမဆောင်တစ်ခုလုံး ရုတ်ရုတ်သဲသဲ။ အခန်းတံခါးတွေက မဖွင့်သေးဘူး၊ အပေါက်ဝမှာ သူ့ထက်ငါ တိုးတွေ့လို့။ ပူပြင်းလှန်းလှတဲ့ နေရောင်နဲ့ လဟာပြင်ကွင်း ပြင်ကြီးကို နေရာဦး တန်းစီဖို့ စိတ်စောနေကြတာ။ နေ့ခင်း အခန်းဖွင့်ချိန် နှစ်နာရီ နေရောင်ဟာ တပေါင်းလရဲ့ မိတ်ဆွေစစ်စစ်အဖြစ် ရှိပေးနေတယ်။

နေ့ခင်း ဆယ့်နှစ်နာရီ တန်းပိတ်ကတည်းက တန်းဖွင့်ချိန် နှစ်နာရီကို အားခဲပြီး စောင့်နေကြတဲ့ ဘဝတူ အကျဉ်းသူတွေကို မိထွေး ကြည့်နေမိတယ်။ စရိုက်စုံ အမှုစုံတွေဖြစ်ပေမဲ့ ထမင်းစားရတဲ့ ထမင်းပုံစံကတော့ တစ်တန်းတစ်စားတည်း။ အပြင်က

ထမင်း သွင်းခွင့်မရှိဘူး။
ပုံစံလို့ခေါ်ပေမဲ့
ထောင်ထမင်းတွေက
ဖြူဖွေးလို့။
မိမိစားချင်သလောက်ကို
ယူလို့တော့ရတယ်၊
ဒါပေမဲ့ ထမင်းအများကြီး
သွန်ခွင့်မရှိဘူး။
အမှိုက်ပုံးမှာ တာဝန်ကျ
သူက စောင့်နေတော့
အလေအလွင့်မရှိ
ထိန်းနိုင်တယ်။
မတွေ့ညီတာက
ထောင်ထမင်းနဲ့ စားတဲ့
ထောင်ဟင်း။ မိသားစု
လာကြည့်နိုင်သူတွေကတော့
တစ်ပတ်စာ
အကြော် အလှော်လေးနဲ့
ထောင်ဟင်းချို၊
ဒါမှမဟုတ် ပဲဟင်းနဲ့
စားလို့ရရဲ့။ မိသားစုမရှိတဲ့
မိထွေးတို့လို လူမျိုးတွေက
ထောင်ပဲဟင်းနဲ့
တလိမ့်ထိုး
ဗျင်ငါးပိဖုတ်လေး
တစ်ဖွန်းကို ပုန်ကန်လို့
မဖြစ်ဘူး။ ဒါမှ
အသက် ဆက်လို့ရပြီး
လွတ်ရက်မျှော်လို့ရမှာ။
သူများ ယန်းကန်လေး
ဆေးပေး၊ နင်းပေး
နှိပ်ပေးရင်တော့
တစ်နပ်စား
ဟင်းလေးတွေ
ဝေငှပေးကြပါရဲ့။
ဒီတော့ မိထွေးတို့လို
ပြည့်တန်ဆာမလေးတွေ
ခြေပေါ်လက်ပေါ်တော့
ရှိရသား။
ဒါကြောင့်လည်း ခုလို
ထောင်ထဲမှာ
ဟင်းလာလှူတဲ့
အခါမျိုးဆို



www.burmeseclassic.com

www.burmeseclassic.com

အကျဉ်းသူ တော်တော်များများက ဝမ်းသာနေကြရတာ။ အူစိုမယ့်နေ့ကိုး။

ဒီလိုနေ့မျိုးဆို တစ်ဦးချင်းကို တန်းစီပြီး ဟင်းခံကြရတာ။ ထောင်ဝင်စာရှိသူ မရှိသူ ဘယ်သူမှ အစားဝင်ခံလို့ မပေးဘူး။ ပုံမှန်ထောင် ထမင်းဟင်းဆို အငှားထမင်းခံပေးသူလည်းရှိရဲ့။ တစ်လကို ကော်ဖီမစ် ဆယ်ထုပ်၊ ဒါမှမဟုတ် ခေါက်ဆွဲခြောက်ထုပ်ငါးထုပ်ဆိုတာမျိုး အငှားခံသူကို ပေးရတာ။ ဒီတော့ ဒီနေ့လို အလှူဟင်းရှိတဲ့နေ့အတွက် တန်းစီမယ့်လူအုပ်က နှစ်ရာကျော်ရှိတော့ သူ့ထက်ငါ အရင်ရအောင်၊ အကြာကြီး မစောင့်ရအောင် အခန်းတံခါး အဖွင့်ကို တိုးဝှေ့နေတာက ကြည့်နေတဲ့ မိထူးကို ပြုံးမိရော။ မိထူးကတော့ တန်းစီတိုးနေတဲ့အထဲ မပါဘူး။ တန်းစီလို့လည်း မရဘူး။ မိထူး တာဝန်ကျတဲ့ အလုပ် မပြီးရင် နောက်ရက်ကို နှစ်ဆ ပြန်လုပ်ရမှာ။ ဒီတော့ အားလုံး ဟင်းဝေပြီးချိန်မှ သွားယူတော့မယ်လို့ စဉ်းစားမိတယ်။ ဟင်းက လူအရေအတွက်နဲ့ ဝေတာဆိုတော့ ဘယ်တော့မှတော့ မလောက်မင မရှိဘူး။ ရှေ့က ဝေခဲ့ဖူးသမျှတော့ အမြဲ အတိအကျ ရတာပဲ။

"ဟဲ့… နောက်ဆုတ်ကြပါဦးဟ"

တာဝန်ကျ ထောင်တပ်သား အစ်မတစ်ယောက် အသံနဲ့အတူ တံခါးသော့ဖွင့်သံကြားအပြီး အခန်းထဲက လူအုပ်က သူ့ထက်ငါ တိုးဝှေ့ပြီး ထမင်းဟင်းဝေတဲ့ ကွင်းပြင်ဘက်ကို ခပ်သုတ်သုတ် အပြေးတစ်ပိုင်းနဲ့ ပြေးကြလေရဲ့။

❑

အခန်းတွေ အားလုံး ဖွင့်ပြီးချိန်မှာ ထမင်းဟင်းဝေတဲ့ ကွင်းပြင်ကြီးက အသက်ဝင်နေတယ်။ ထမင်းထမ်းပုံးကြီးတွေက စည်ပိုင်းပြတ်လို စတီးပုံးကြီးတွေ သုံးလုံးနဲ့ ဟင်းစည်ပိုင်းကြီးကတစ်လုံးကို ထမင်းထမ်းတာဝန်ကျ အကျဉ်းသူလေးဦးက နှစ်ယောက်တစ်တွဲ နှစ်ခေါက်စီ သယ်ပေးကြတယ်။

ထမင်းဟင်းတန်းစီသူတွေကပါလာတဲ့ ပန်းကန်ဇလုံလေးတွေကို နေရာသတ်မှတ်ပြီး ပြောင်ရှင်းနေတဲ့ မြေကြီးပေါ်ချလို့။ လူတွေက နေပူလွန်းတော့ အရိပ်နည်းနည်းထွက်နေတဲ့ အုတ်နံရံတစ်ဖက်ကို မှီပြီး လက်ထဲမှာလည်း ထိုးလက်စ တက်တင်း ပဝါလေးတွေ ထိုးရင်း စောင့်နေလေရဲ့။ ထမင်းဝေချိန်က သုံးနာရီဆိုတော့ အနည်းဆုံး တစ်နာရီနီးပါး ထိုင်ကြရဦးမှာ။ တချို့ကတည်း ခွက်လေးချ နေရာလေးဦးပြီး အိပ်ဆောင်ခန်းတွေဘက် ပြန်လှည့်သွားတယ်။

မိထူးလည်း လက်ထဲမှာ ကိုင်ထားတဲ့ ထုံးသုတ်တံကို ထုံးပုံးထဲ ထိုးနှစ်ရင်း နံရံကိုသုတ်ဖို့ ပြင်လိုက်တယ်။ အဆောင်ပိတ်ချိန် ခြောက်နာရီ မတိုင်ခင် ပြီးမှဖြစ်မယ်။ ရေချိုးချိန်၊ ထမင်းဟင်းယူချိန်ကို ကသုတ်ကရက် လုပ်မှ မိထူးအတွက် ထမင်းစားချိန် မီမယ်။ မိထူး ကိုယ့်အတွေးနဲ့ကိုယ် အားစိုက်ပြီး နံရံကို ထုံးတွေသုတ်နေပေမဲ့ ပိတ်ထားတဲ့ ဟင်းအိုးကြီးထဲက ဟင်းအနံ့တွေက တစ်ထောင်လုံးကို ဆွဲဆောင်နေတော့ မျက်လုံးက ဟင်းအိုးကို မကြာမကြာ ကြည့်မိပြန်တယ်။ ဟင်းတော့ လောင်လောက်ပါရဲ့လို့ စိတ်ဖြေအတွေးနဲ့ ပြန်တွေးရင်း နံရံကို အာရုံပြန်လွှဲရတာ အကြိမ်မနည်းတော့။

❑

ညနေသုံးနာရီ သံချောင်းခေါက်ပြီ။ ထမင်းဟင်းဝေဖို့ ဝန်ထမ်းတွေ ထိုင်ခုံထိုင်ပြီး နေရာယူချိန် နေရာ ပြန်ယူကြတဲ့ အကျဉ်းသူတွေလည်း အပြေးအလွှား၊ ဒါပေမဲ့ ဆူညံအော်ဟစ်ခြင်းမရှိ။ အရာရှိထောင်မှူးမမကိုယ်တိုင် ကွင်းပြင်မှာ ကုလားထိုင်တစ်လုံးနဲ့ ထိုင်ကြည့်နေတယ်။ ထီးမိုးပေးထားတဲ့ အကျဉ်းသူတစ်ဦးကတော့ သူကိုယ်တိုင် နေပူခံလို့ပေါ့။ လူတန်းကြီးက ရှည်နေတော့ နောက်ဘက်နည်းနည်းကျသူတွေက ဝင်မစီသေးဘဲ မိထူး ထုံးသုတ်တဲ့ နံရံနဲ့ မလှမ်းမကမ်းမှာ စကားတိုးတိုးပြောကြလေရဲ့။

"ဒီအလှူရှင်က ထောင်ကျဖူးတယ်တဲ့ ဟ"

အကျဉ်းသူတစ်ဦးရဲ့ စကားသံ။ မိထူးလည်း အလုပ်လုပ်နေရင်း နားစွင့်နေမိတယ်။

"သူက မြဝတီဘက်က လိုင်စင်ပိတ်ထားတဲ့ ရောင်းကုန်ပစ္စည်းတွေ တင်သွင်းလို့ တို့မော်လမြိုင်ထောင်မှာ တစ်နှစ် အကျဉ်းကျဖူးတယ်။ ဒီတော့ ထောင်ထဲမှာ ဒုက္ခရောက်ကြတာသိလို့ လာလှူတာတဲ့။ အမျိုးသား ထောင်ဘက်ရော၊ တို့ဘက်ရော လှူတာဆိုတော့ လူရှစ်ရာစာလှူတာဟ။ တော်တော် လှူနိုင်တာပဲ"

မိထူးနဲ့ မလှမ်းမကမ်းက အကျဉ်းသူနှစ်ဦးရဲ့ အလှူရှင်အကြောင်းပြောနေတဲ့ စကား။ ကြားမိတဲ့ မိထူး စိတ်ထဲ "သြော်…လှူနိုင်လိုက်ကြတာ"လို့ ရင်ထဲပြောရင်း ကြည်နူးမိတယ်။ ငါတို့များ လှူနိုင်ဖို့မပြောနဲ့ စားဖို့တောင် သူများလာလှူမှ စားရတဲ့ဘဝ။ ဒီလိုမျိုး ဘယ်တော့များမှ လှူနိုင်ပါ့မလဲ။ စိတ်ထဲက အတွေးနဲ့အတူ တစ်ယောက်ပြီးတစ်ယောက် ထမင်း ဟင်းခံနေတဲ့ လူတန်းကြီးကို မြင်ရတာ ကြည်နူးမဆုံး ဖြစ်နေမိသူက မိထူး။ အလှူရှင်တွေက ထောင်ဝင်းအတွင်း ဝင်ခွင့်မရ။ အကယ်၍သာ ဝင်ခွင့်ရရင် ဆာလောင်နေတဲ့သူတွေကို လှူရတဲ့ပီတိ အတော်ကိုဖြစ်မိကြမှာလို့ မိထူး မဆီမဆိုင် တွေးပေးနေသေးတယ်။ မဆုံဖူးပေမဲ့ စေတနာပါတဲ့ အလှူရှင်ဆိုတာ မိထူး ယုံကြည်မိတာက မွှေးကြိုင်နေတဲ့ ဟင်းရနံ့ကို ခံစားမိတာကြောင့်ဆို မမှားဘူး။

❑

ဟင်းနံ့က မဆလာနိုင်နိုင် ဟင်းခတ်နိုင်နိုင်နဲ့ ချက်ထားပုံရတယ်။ အလုပ်လုပ်နေတဲ့ မိထူး သွားရည်မျိုချရတာ အကြိမ်ကြိမ်။ အလှူရှင်ဆိုတာမျိုးက လေးငါးလမှမှ တစ်ကြိမ်လောက်ရှိတတ်တော့ မိထူးတို့အတွက် ဘုရင့်



www.burmeseclassic.com

www.burmeseclassic.com

ပွဲတော်အုပ် စားရတယ်လို့ ထင်မိတတ်တာ။ ဘေးနားကို ထမင်းဟင်းခံပြီး ပြန်လာတဲ့ အကျဉ်းသူ တစ်ယောက် လာရပ်ပြီး စကားလာပြောတဲ့ အချိန် သူ့ဇလုံထဲ မျက်စိအကြည့်ကိုရွှေ့မိတော့ မိထူး သဘောကျသွားတယ်။လက်လေးလုံးလောက်ရှိတဲ့ အမဲနှပ်ကြီးက သွားရည်တွေကို စုပြီး မျိုချခိုင်းနေသလိုပဲ။

တစ်ယောက်ပြီးတစ်ယောက် ရပ်လိုက်၊ ထမင်းဟင်းထည့်လိုက်။ နောက်တစ်ယောက်ရပ်လိုက်၊ ထမင်းဟင်း ထည့်လိုက်နဲ့ တစ်နာရီနီးပါး ရှိနေလောက်ပြီ။ဒါတောင် လူအုပ်တန်းကြီးက တစ်ဝက်မလျော့ချင်သေး။ ထမင်း ဟင်းခံပြီးသူတချို့က ရေချိုးဖို့တောင် ပြင်နေကြပြီ။ မိထူး ထုံးသုတ်တဲ့ အကျယ်ဆယ်ပေ၊ အမြင့်ဆယ့်ငါးပေလောက် ထင်ရတဲ့ အုတ်တံတိုင်းနံရံ တစ်ကန့်လည်းပြီးပြီ။ နောက်ထပ်နှစ်ကန့်ကျန်သေးတော့ ဟင်းဝေချိန် ပြီးလောက်တဲ့အချိန်ပြီးနိုင်ကောင်းရဲ့လို့ တွေးနေမိတယ်။ သစ်သားခုံမြင့်ပေါ်တက်ပြီး ဝါးလုံးသေးသေးရှည်ရှည်မှာ အဝတ်ပတ်ထုံးသုတ်ရတာ ဇက်လည်းညောင်း၊ လက်တွေလည်းညောင်း။ ဒီကြားထဲ ဟင်းနံ့ကနှိပ်စက်။ ဗိုက်ထဲက တဂွီဂွီ။ သွားရည်က တများများ။

ခဏနားပြီး ရေဘူးလေး ဖွင့်အသောက် အူထဲအထိ အေးသွားသလို ခံစားရတဲ့ အသိကြောင့် မိထူး ပြုံးမိတယ်။ ဗိုက်ထဲမှာ အစာချက်အားကလည်းကောင်းလိုက်တာ။ ကြားခံအစာတစ်ခုမှ မရှိတာကြောင့် ရေအေးအေးက ဝမ်းမီးကို ခဏငြိမ်းစေသား။ ဒီနေ့တော့ ထမင်းကော်ဇလုံအပြည့်ယူပြီး ဟင်းအနှစ်လေးလည်း အပို တောင်းရမယ်လို့ တွေးရင်း မိထူးလက်က ထုံးသုတ်ဝါးလုံးလေး ပြန်ကိုင်လိုက်တယ်။

❑

ငါးနာရီသံချောင်းခေါက်သံ ကြားတော့ မိထူး ခေါင်းက လူတန်းဘက်ကို တစ်ချက်ကြည့်မိတယ်။ လူက ဆယ်ယောက်လောက်သာ ရှိတော့တာ။ ခဏနေရင် မိထူးတို့လို နံရံထုံးသုတ်တဲ့ ဗဟိုရအလုပ်လုပ်ရတဲ့ အကျဉ်းသူတွေနဲ့ အိမ်သာတာဝန်ကျသူ၊ သန့်ရှင်းရေးတာဝန်ကျသူတွေ ဆယ့်ငါးယောက်လောက်ကို ခေါ်ပြီး ထမင်းဟင်းပေးတော့မယ်။ မိထူးတို့က အလုပ်ကြမ်းလုပ်နေရသူတွေဆိုတော့ ဝင်ပြီး တန်းစီစရာမလိုဘူး။ နောက်ဆုံးပိတ်ကျမှ ပေးတတ်တာ။ ခွဲခြားတာမဟုတ်ဘူး။ အလုပ်မပြီးမှာစိုးလို့ တာဝန်ရှိသူတွေက တန်းစီမခိုင်းတာ။ အလုပ်ကြမ်းသမားတွေမို့ ဟင်းအနှစ်လည်း အပိုပေးတတ်သေးတယ်။ ဟင်းတုံး အပိုအလျှံရှိခဲ့လည်း ပေးတတ်ကြတာ။ ဝန်ထမ်းတွေကတော့ မိထူးတို့အပေါ် စာနာတတ် သနားတတ်သူတွေ။

'မိလ္လာသမား၊ ထုံးသုတ်သမား၊ ထမင်းဘုတ်အဖွဲ့ ထမင်းဟင်းလာယူ'

တာဝန်ကျဝန်ထမ်းအစ်မတစ်ယောက်က အော်ပြောနေတယ်။ မိထူးလည်း ဝါးလုံးလေး နံရံထောင်ပြီး ခုံအမြင့်ကဆင်းရင်း အိပ်ဆောင်ဘက် အပြေးထွက်ခဲ့တယ်။ ထမင်းဇလုံတစ်လုံး၊ ဟင်းထည့်ဇလုံအသေးတစ်လုံးနဲ့ ကွင်းပြင်ကို အပြေးတစ်ပိုင်း ခြေလှမ်းတွေနဲ့ပေါ့။ သွက်သွက်ယူပြီး ကျန်တဲ့အလုပ်လေး လက်စဖြတ်မှ ရေချိုးချိန်ရမှာကိုး။ ခြောက်နာရီသံချောင်းခေါက်တာနဲ့ ထောင်အဆောင်တွေ ပိတ်တော့မှာ။ မိထူး တန်းစီတဲ့နေရာရောက်တော့ လူတွေတောင် သိပ်မရှိတော့။ ရှေ့မှာ သုံးယောက်ရှိပြီး လေးယောက်မြောက်မှာ နေရာယူလိုက်တယ်။ မွှေးကြိုင်နေတဲ့ ဟင်းအနံ့က ပိုပြီး ဗိုက်ကို ဆာနေသေးတော့။ ရှေ့မှာက အရုပ်ပုပုနဲ့ လူသတ်မှုအဒေါ်ကြီး။ထမင်းဇလုံလေးထဲ ထမင်းခံပြီး ဟင်းအနှစ်ပါထည့်ပေးဖို့ တောင်းဆိုနေတယ်။ ပျော်ရွှင်ပြီး ထွက်သွားတဲ့ အဒေါ်ကြီးရဲ့ ဟင်းခွက်ထဲကြည့်လိုက်တော့ အမဲနှပ်အရွယ်ကြီးကြီးတစ်တုံး။ သားနဲ့ရန်ပွဲ ဝင်ဆွဲရာက တစ်ဖက်ကလူ သေသွားပြီး သားနဲ့ အမှုတွဲအဖြစ် ထောင်ကျခဲ့ရသူ။ ထောင်ဝင်စာ ကြည့်မယ့်သူကမရှိ။ ဒီတော့ မိထူးတို့လို ချို့တဲ့သူမျိုးပေါ့။ ဟင်းအိုးနားကြည့်တော့ ဟင်းတုံးက သုံးတုံးသာရှိတော့တယ်။ မိထူး နောက်ကို ပြန်ကြည့်တော့ နောက်မှာ နှစ်ယောက်။ တကယ်ပဲ ဟင်းက ကွက်တိ။ ကိုယ့်ထမင်းဟင်းလေး မြန်မြန်ပြန်ထား။ အလုပ်မြန်မြန် လက်စသတ်။ ရေချိုးပြီး တန်းပိတ်ချိန် အခန်းထဲရောက်တာနဲ့ ကောင်းကောင်းစားပစ်မယ်လို့ စိတ်ကူးတွေ ယဉ်နေမိတာ မိထူးပေါ့။

❑

'ဟဲ့...ဟဲ့...ရှူး...ရှူး...'

'ဟား...ဟား...ဟား...ဟား...'

အော်ဟစ်ဆူညံသံ ရယ်မောသံတွေကြောင့် မိထူး လှည့်ကြည့်လိုက်တော့ နောက်ဘက်က ရေချိုးပြီး လမ်းလျှောက်နေတဲ့ လူတချို့က အပေါ်ဘက်ကို လက်တွေမြှောက်ပြီး တစ်ခုခုကို မောင်းနေကြတယ်။ တချို့ကလည်း အားပါးတရ အော်ရယ်နေကြတယ်။ အပေါ်ဘက်မှာ ကျီးကန်းတစ်ကောင် ပျံသွားတာတော့ မြင်မိသား။ မြေပေါ်မှာ ဟင်းပန်းကန်လေးက မှောက်ပြီး ဟင်းရည်တွေလည်း မြေပေါ်မှာပြန့်ကျဲလို့။ ထမင်းဇလုံလည်း မှောက်လို့။ သေချာကြည့်လိုက်တော့ မိထူးရှေ့က ထမင်းဟင်းခံပြီး ထွက်သွားတဲ့ မိလ္လာက လူသတ်မှုနဲ့ အဒေါ်ကြီး။ မြေပေါ်ကျနေတဲ့ ဟင်းခွက်လေးကို ကောက်လို့။

မိထူး စိတ်မကောင်းလိုက်တာ။ ထမင်းတွေကလည်း မြေပေါ်မှာဖွေးလို့။ ဟင်းလေးတစ်တုံးနဲ့ အနှစ်ရည်တွေကလည်း မြေပေါ်မှာ စွန်းထင်းလို့။ ဘေးမှာ လမ်းလျှောက်နေသူ၊ ထိုင်ပြီး လေပေးနေသူတွေကလည်း ခံစားမှုတွေ မျိုးစုံနေတဲ့ မျက်နှာတွေနဲ့။ စိတ်မကောင်းတဲ့ မျက်ဝန်းနဲ့တချို့။ တဟားဟား အသံထွက်ပြီး ရယ်စရာ

စာမျက်နှာ(၂၁၉)သို့...



www.burmeseclassic.com

www.burmeseclassic.com



၁။
ကျွန်တော်နေတဲ့ ရပ်ကွက်နဲ့
အနေဝေးခဲ့တာ ၅ နှစ်ပြည့်ခဲ့ပြီ။
ဒီတော့ အိမ်ကိုရောက်ဖို့
ကားနှစ်ဆင့် စီးရပေလိမ့်မယ်။
အမှ ၈၃ အကောင်းစား ကားကြီးက
ပွိုင့်ထိပ်ဆိုတဲ့ ကားမှတ်တိုင်လို့
ကြားကတည်းက စိတ်ခံစားချက်တွေ
ပြင်းထန်လာခဲ့တယ်။ ကားမှတ်တိုင်
နီးကပ်လာတဲ့အခါ ဆိုင်ကယ်
ကယ်ရီသမားတွေက အလုအယက်
ကားတံခါးဖွင့်တဲ့ဆီ
ပြေးလာကြတယ်။ ကျွန်တော်လည်း
ကားပေါ်က အထုပ်နှစ်ထုပ်နဲ့
စ,ဆင်းလာကတည်းက
လူတွေ၊ ဆိုင်ကယ်သမားတွေက
ခရီးသည်ရဖို့ စုပြုံလာကြတယ်။
၅ နှစ်ကျော် ဝေးကွာခဲ့တဲ့
ဒီမှတ်တိုင်လေးက အခုလို
ပြောင်းလဲမှုကို ကျွန်တော်
အံ့အားသင့်နေမိတယ်။
ကားပေါ်က ဆင်းလိုက်တာနဲ့ ဦးစွာ
ဆိုင်ကယ် ကယ်ရီသမားတွေရဲ့
အသံကိုယ်စီက ကျွန်တော်အပါအဝင်
ခရီးသည်တွေကို တေးဆိုဟစ်နေသလိုပဲ။
'မြေနီငါးရား၊ ကျောက်လမ်းငါးရား၊
အစ်ကိုတို့ အစ်မတို့ သွားမလား'
အော်ခေါ်သံတွေ၊
ဆီးကြိုနှုတ်ဆက်သံတွေ၊
လက်ညှိုးထောင်ပြီး
ဆိုင်ကယ်ငှားမလားဆိုတဲ့ ဟန်တွေ၊

# ဓာကျွန်းခေတ်
## ပွိုင့်ထိပ်ကအငွေ့အသက်

[illegible]



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

အလန့်တကြား ဖွင့်ထွက်လာတတ်တဲ့ ရယ်သံတွေကြား တိုးဝှေ့ပြီး တစ်ဖက်ကားလမ်းကို ရှောင်ထွက်လာခဲ့တယ်။

တစ်ဖက်ကားလမ်းဘက်အရောက် အထုပ်ကိုချကာ ဝေ့ဝဲတော့ ကြည့်မိတာပေါ့။ ဘာရယ်တော့ မဟုတ်ပါဘူး။ ဒါပေမဲ့ ကယ်ရီသမားတွေကလည်း သူ့ထက်ငါ နောက်ကလိုက်လာပြီး သူတို့တွေရဲ့ ဝမ်းရေးအတွက် ကြိုးစားခေါ်ယူနေကြတယ်။ ကျွန်တော် ခေါင်းခါငြင်းလိုက်ရတယ်။ ဒီမှတ်တိုင်ကနေ ဆက်စီးမယ့် ကားနံပါတ် ၈ ကို စောင့်ရင်း လူညှော်နံ့၊ ကာဗွန်ဒိုင်အောက်ဆိုဒ်ညှော်နံ့၊ အကြော်နံ့၊ ဟင်းနံ့၊ သတင်းညှော်နံ့တွေ ပိုမိုထူထပ်လာတဲ့ ပွိုင့်ထိပ် မှတ်တိုင်ကလေးက မှိုင်းဝလုလုဖြစ်နေတဲ့ မီးပုံးပျံတစ်လုံးလို ရှန်းကြွကြွဖြစ်နေတယ်။

ကျွန်တော့်အတွက် ဒီပွိုင့်ထိပ်မှတ်တိုင်မှာ အမှတ်တရ ကြေကွဲစရာတွေ အများကြီး ရှိခဲ့ဖူးတယ်။ အစစအရာရာ တိုးတက်လာတော့ ကားမှတ်တိုင်လည်း အရင်လို ခြောက်ကပ်မနေတော့။ လက်ဖက်ရည်ဆိုင်တွေ၊ ကွမ်းယာဆိုင်တွေ၊ သီချင်းသံတွေ၊ ထမင်းဆိုင်တွေ၊ ဆိုင်ကယ်သမား၊ ဆိုက်ကားသမား လူတွေနဲ့ ဘုရားပွဲလို စည်ကားလွန်းလှနေပြီ။

နောက်ပြီး ကြော်ငြာကတ်ပြားတွေ၊ ဗီနိုင်းတွေကလည်း ဆိုင်တိုင်းမှာ အစီအရီ။ တယ်လီနော၊ အော်ရီဒူး၊ ရွှေသို့လှမ်းချီ အမ်ပီတီ၊ ကော်ဖီမစ်၊ နို့မှုန့်ကြော်ငြာ ဗီနိုင်းတွေကလည်း ဆိုင်တိုင်း၊ သစ်ပင်တိုင်းမှာလည်း တွဲကပ်နေကြတယ်။ ကျူရှင်ဆိုင်းဘုတ်တွေ၊ အင်္ဂလိပ်စကားပြော ဆိုင်းဘုတ်တွေ၊ ကွန်ပျူတာ ဆိုင်းဘုတ်တွေကလည်း နေရာအပြည့် အလုအယက် ဟန်ရေးပြနေကြတယ်။

ကျွန်တော် ဒီပွိုင့်ထိပ်မှတ်တိုင်မှာ စုံရပ်နေတယ်။ ဘယ်သူတွေ လာကြိုနေမလဲဆိုတဲ့ အတွေးတွေက ကျွန်တော့်မျက်လုံးတွေ အလုပ်မများ။ အသိတွေ၊ မိတ်ဆွေတွေကပဲ ရုတ်တရက် လှမ်းခေါ်မလားဆိုတဲ့ စိတ်ကူးမရှိခဲ့ဘူး။

နံပါတ် ၈ ကားတစ်စီးက ကျွန်တော့်ရှေ့မှာ ရပ်လိုက်တယ်။ ခရီးသည်များလည်း အလုအယက် တက်နေကြတယ်။ ကျွန်တော့် ခြေလှမ်းတွေ ကားပေါ်တက်ဖို့ ခြေထောက်ကို အုတ်ခဲဆွဲထားသလိုလို၊ တစ်စုံတစ်ယောက်က မသွားဖို့ တားနေသလိုလို။ ရင်ထဲမှာလည်း လေးလေးပင်ပင်နဲ့။ ရင်ထဲက ခံစားချက်ကလည်း တဖြည်းဖြည်း ကြီးထွားလာတယ်။ သက်ပြင်းလည်း အကြိမ်ကြိမ် ချမိပြန်တယ်။ နံပါတ် ၈ ကား ကျောခိုင်းသွားတာကိုပင် ဂရုမစိုက်နိုင်တော့ဘူး။ ကျွန်တော် တွေဝေစဉ်းစားနေချိန် ရုတ်တရက် နားထဲသို့ နားဝင်ချိုတဲ့ စကားတချို့ နားစည်ထဲ ရိုက်ခတ် ဝင်ရောက်လာတယ်။

"သား…ညနေ ဖေဖေ လာကြိုမယ်နော်"

ကျွန်တော့်စိတ်ထဲ ငိုချင်သလိုလို၊ မျက်ရည်များ ဝဲကျလာသလိုလိုနဲ့ လှည့်ကြည့်မိလိုက်တယ်။ ခပ်လတ်လတ် လူကြီးတစ်ယောက်က ၉ တန်း၊ ၁၀ တန်း ကျောင်းသားအရွယ်ကို ဆိုင်ကယ်နဲ့ လိုက်ပို့ခြင်းဖြစ်တယ်။ ထိုလူကြီး မျက်နှာက ပီတိအပြုံးတွေ၊ ကျေနပ်မှုတွေ၊ ဒီလူကြီးရဲ့ အကျင့်စရိုက်တွေကို ကျွန်တော် ဟိုတုန်းက ရင်းနှီးခဲ့တဲ့ အမူအကျင့်တွေနဲ့ တစ်ထပ်တည်းပင်။ လူငယ် ကားပေါ်တက်တဲ့အထိ ထိုလူက ဆိုင်ကယ်ကို ခွရင်း လက်ပြ နှုတ်ဆက်နေပုံက အတိတ်က ဖေဖေ့ကို ပြန်လည် သတိရမိလာတယ်။

ပွိုင့်ထိပ်ဆိုတဲ့ ဒီကားမှတ်တိုင်လေးမှာပဲ အဖေနဲ့ အမေ ဖူးစာဆုံခဲ့တယ်။ အချစ်တေးသွားတွေ၊ အချစ်ရဲ့ သင်္ကေတတွေ ပျံ့ဝဲဂယက်ထ,ခဲ့ကြတယ်။ ဒီလိုနဲ့ပဲ ဖေဖေနဲ့ မေမေ နှစ်ဦးသဘောတူ လက်ထပ်ယူလိုက်ကြတယ်။ ဖေဖေနဲ့ ဒီမှတ်တိုင်လေးက သံယောဇဉ်ပြတ်တောက်သွားတယ် မရှိ။ ကျွန်တော် ကျောင်းနေအရွယ်ရောက်တော့လည်း ဒီမှတ်တိုင်လေးကို စက်ဘီးနဲ့ လိုက်ပို့တယ်။ ကျွန်တော် ကျောင်းကားပေါ်ရောက်တဲ့အထိ ဖေဖေက လက်ပြနှုတ်ဆက်ကျန်နေခဲ့တယ်။ ဖေဖေရဲ့ အပို့အကြိုတွေက ကျွန်တော် ဆယ်တန်းအောင်တဲ့နေ့အထိပင်။ အဲဒီအချိန် ဖေဖေနှုတ်ဆက်ခြင်းက…။

ကျွန်တော် ခေါင်းခါလိုက်တယ်။ ဆက်မတွေးရဲတော့ဘူး။ ကျလာတဲ့ မျက်ရည်များကို လူကြားထဲ မသိမသာ သုတ်လိုက်ရတယ်။

❑

၂။

နောက်ထပ် နံပါတ် ၈ လာရင် သတ္တိရှိရှိနဲ့ လိုက်ပါစီးနင်းဖို့ ကျွန်တော် ဆုံးဖြတ်ချက်ချလိုက်တယ်။ နာရီဝက်လောက် ရပ်စောင့်နေရတဲ့ ကျွန်တော်။ ပွိုင့်ထိပ်မှတ်တိုင်ကြီးရဲ့ စည်ကားရှုပ်ထွေးမှုကို ပိုသိလာတယ်။ အရင် ၅ နှစ်ကထက် ပြောင်းလဲ ကွာဟချက်တွေ အများကြီး ဖြစ်တည်နေတာကို တွေ့ရပြန်တယ်။

"အစ်ကို ဆိုင်ကယ် ကယ်ရီငှားမလား။ အစ်ကို ကားစောင့်နေတာ တော်တော်ကြာနေပြီ။ စောစောက လာတော့လည်း လိုက်မစီး။ ကျွန်တော် အိမ်အထိ လိုက်ပို့ပေးပါ့မယ်။ ငါးရာပဲ ပေးပါ"

အသက် ၁၈ နှစ်အရွယ်လောက်ရှိမယ့် လူငယ်တစ်ယောက်ရဲ့ နှိုးဆော်မှုတွေက အိမ်မှာရှိတဲ့ "မေမေ"ဆိုတာ သတိရလာမိတယ်။ ၅ နှစ်ကျော်မျှ ဝေးကွာခဲ့တဲ့ မေမေ့ကို နောက်ထပ် ၁ နာရီထပ်စောင့်နေစေဦးမလားလို့ မေးခွန်းတွေ ထုတ်နေမိတယ်။

"ဝုန်း…အား"

ကားနဲ့ဆိုင်ကယ် ရုတ်တရက် တိုက်မိသွားတယ်။ ဆိုင်ကယ်သမားက ဒဏ်ရာရပြီ ဘေးသို့ လဲကျသွားတယ်။ ကားမောင်းသူတွေ၊ ဆိုင်ကယ်သမားတွေ၊ လူသံ



www.burmeseclassic.com

www.burmeseclassic.com

တွေ အံ့အားသင့်ကုန်ကြတယ်။ ပြီးတော့ ဒဏ်ရာရ လူနာဆီသို့ အပြေးသွားကြလေရဲ့။

‘အစ်ကို ခဏလေးနော်။ ဒဏ်ရာရသူကို ဆေးရုံပို့လိုက်မယ်။ ဆေးရုံက ဒီနားလေး…’

ကျွန်တော်လည်း ငေးကြောင်နေရင်း ခေါင်းညိတ်မိတယ်။ ထိုလူငယ်ကတော့ လူအုပ်ကြားထဲ တိုးဝှေ့ကာ ဒဏ်ရာရ လူနာကို ဆေးရုံတင်ဖို့ အကူအညီတောင်းတယ်။ ကျွန်တော်လည်း လူအုပ်ကြားထဲ တိုးဝှေ့ ဝင်ကြည့်လိုက်တယ်။ လူငယ်က ဒဏ်ရာရ လူနာကို ဖက်ထားတယ်။ လူတချို့ကတော့ ဖုန်းကိုယ်စီနဲ့ ဓာတ်ပုံရိုက်နေကြတယ်။ ကျွန်တော်ကတော့ လူနာကိုကြည့်ပြီး စမ်းသပ်လိုက်တယ်။ ထိုအချိန် ရဲများနဲ့ လူနာတင်ကား ရောက်လာတယ်။ ကျွန်တော်က လူနာကို ကားပေါ် ပွေ့တင်တယ်။ ဆိုင်ကယ်လူငယ်က ကျွန်တော့် အထုပ်တွေယူပြီး နောက်က လိုက်လာခဲ့တယ်။

❑

၃။

ကျွန်တော်ကတော့ ဒဏ်ရာရ လူနာနဲ့အတူ ဆေးရုံထဲ ဝင်သွားခဲ့တယ်။ သွေးထွက်လွန်နေမှန်းလည်း ကျွန်တော် သိတယ်။ ခေါင်းမှာလည်း ကွဲအက်ဒဏ်ရာက ရထားတယ်။ လူနာကို အရေးပေါ်ခန်းထဲ ခေါ်သွားတယ်။ ဒဏ်ရာရ လူနာကို အကောင်းဆုံးဖြစ်အောင် ကူညီဆောင်ရွက်ပေးခဲ့တယ်။ အချိန် ၂ နာရီ ရှေ့လျားမှုကြားမှာ စိုးရိမ်မှုတွေနဲ့ ရင်ဆိုင်ခဲ့ရတယ်။

အခု ဒဏ်ရာရ လူနာလည်း သက်သာလာပါပြီ။ ဆွေမျိုးတွေလည်း စုံလာပါပြီ။ ကျွန်တော်လည်း အသက်တစ်ချောင်း ကယ်နိုင်တဲ့ ပီတိအပြုံးနဲ့ ဆေးရုံထဲက ထွက်လာခဲ့တယ်။ သနားစရာ အကောင်းဆုံးက အထုပ်နှစ်ထုပ်နဲ့ ကယ်ရီသမား လူငယ်လေးက ကျွန်တော့်ကို စောင့်နေတုန်း။ ပြီးတော့ စိုးရိမ်တကြီး လူနာအခြေအနေကို မေးတော့တာပဲ။

‘အစ်ကို…အခြေအနေပြောပါဦး’

ကျွန်တော် ပြုံးပြီး ခေါင်းညိတ်ပြလိုက်တော့ သူ သဘောပေါက်သွားတယ်။ နောက်ထပ် လေးစားစရာက ထိုလူငယ်က ကူညီချင်တဲ့စိတ်၊ ကိုယ်ကျင့်တရားကောင်းတာတွေကို ကျွန်တော့်စိတ်ထဲ လေးစားမိတယ်။ ပြီးတော့ နောက်ဆက်တွဲ မေးခွန်းတွေ ထွက်ပေါ်လာပြန်တယ်။

‘အစ်ကိုက ဆရာဝန်လား။ ဘာလို့ ကားမှတ်တိုင်မှာ အကြာကြီး ရပ်စောင့်နေတာလဲ။ အစ်ကို့ကို ကျွန်တော် အိမ်အထိ လိုက်ပို့ပေးမယ်’

ကျွန်တော် သူပေးတဲ့ မေးခွန်းတွေကို ဆက်မဖြေဘဲ သူ့ဆိုင်ကယ်နောက်က တိတ်တဆိတ် လိုက်ပါခဲ့တယ်။ ကျွန်တော့်စိတ်ထဲမှာတော့ ဖေဖေရဲ့ ဆန္ဒတစ်ခု စတင်ဖြည့်ဆည်း ဆောင်ရွက်နိုင်လို့ ဝမ်းသာရတယ်။ ကျွန်တော်ရဲ့ လုပ်ရပ်တွေကို ဖေဖေ သဘောကျနေမှာပါ။ သာဓုလည်း အကြိမ်ကြိမ် ခေါ်နေလိမ့်မယ်လို့ ယူဆထားတယ်။

ပွိုင့် ထိပ်မှတ်တိုင် ရောက်တော့ ဆိုင်ကယ်ကို ခဏရပ်ကာ ဆိုင်ကယ်ပေါ် ထိုင်ရင်း လက်အုပ်ချီ အမှူပေးလိုက်တယ်။ ပြီးတော့ ရင်ထဲက ခံစားချက်တွေကို မျိုသိပ်ကာ ပွိုင့်ထိပ် မှတ်တိုင်ကို ရဲရဲကြီး ဖြတ်ကျော်လာခဲ့တယ်။

အတွေးတွေ၊ အလွမ်းတွေနဲ့ အတူလိုက်ပါလာရင်း မျက်နှာပြင်ကို လေပူတွေက အကြိမ်ကြိမ် ပွတ်တိုက်ဖြတ်ပြေးသွားတယ်။ မျက်ရည်ပူတွေကလည်း အလိုအလျောက် ဖြတ်ကျော်လာခဲ့တယ်။ မျက်လုံးထဲသို့ သဲမှုန့်တွေ၊ အမှိုက်တွေကလည်း ခိုနားဝင်ရောက်လာတယ်။

အချိန်က သိပ်မကြာလိုက်ပါ။ မိနစ် ၂၀ လောက်နဲ့ ကျွန်တော်တို့ အိမ်ရှေ့လမ်းထိပ်ကို ရောက်လာခဲ့တယ်။ ကယ်ရီသမားလေးရဲ့ စိတ်ကို နားလည်လို့ ငွေ တစ်သောင်းကို ပေးခဲ့တယ်။ လူငယ်က များလို့ပြန်ပေးပေမဲ့ သူ့စိတ်ဓာတ်ကို လေးစားလို့ ပေးတာ ပြောလိုက်ရတယ်။ ပြီးတော့ လူငယ်က သူ့မေးခွန်းကို ထပ်မေးတယ်။ ကျွန်တော်က တစ်ခုပဲ ဖြေခဲ့တယ်။

‘ဟုတ်ပါတယ်၊ အစ်ကိုက ဆရာဝန်ပါ’

အဲဒီမေးခွန်းဖြေပြီး လှည့်ထွက်လာခဲ့တယ်။ ကျွန်တော့် ဖေဖေလည်း တစ်ချိန်က ကျွန်တော့်ကို ပွိုင့်ထိပ်မှတ်တိုင်အထိ ဆိုင်ကယ်နဲ့ လိုက်ပို့ပြီး အပြန် ကားတိုက်ခံခဲ့ရတယ်။ အဲဒီအချိန်က ကျွန်တော့်လို ဆရာဝန်တစ်ယောက် မရှိခဲ့လို့လား၊ လူမှုရေးစိတ်ဓာတ် ပြည့်ဝတဲ့ ဆိုင်ကယ်သမားလေး မရှိလို့လား။ အချိန်တန်သွားတယ်လို့ပဲ ကျွန်တော့်စိတ်ထဲ ဖြေသိမ့်လိုက်ရတာလည်း အကြိမ်ကြိမ်ပါပဲ ဖေဖေရယ်။

အခု ကျွန်တော် ဖေဖေ ဖြစ်စေချင်တဲ့ ဆရာဝန်တစ်ယောက် ဖြစ်ခဲ့ပြီ။ ဖေဖေ့ ရှေ့မှာပဲ လူတစ်ယောက်ရဲ့ အသက်ကို ကယ်ခဲ့ပြီးပြီ။ အဖေ့ဆန္ဒတွေ ရှေ့ဆက် ပြည့်ဝအောင် ကျွန်တော် ကြိုးစားမှာပါ။ ၅ နှစ်တာ ဝေးနေတဲ့ မေမေကိုလည်း လွမ်းလှပါပြီ။

‘ဟာ…ဟော့ကောင် မင်းအခုမှ ပြန်လာတာလား’

ပါးစပ်အပြည့် နီးပါး ငုံခဲထားရသမျှကို ဖြတ်သန်းလာသော ဗလုံးဗထွေးမေးခွန်းက ကျွန်တော့်ခြေလှမ်းတွေကို ရပ်တန့် လှည့်ကြည့်စေတယ်။ ‘တုတ်ကြီး’ ကွမ်းယာဆိုင်မှ ဦးတင်စိန်က ကွမ်းယာကို ဇယ်စက်သလို ထုပ်ပိုးနေရင်း လှမ်းမေးနေတယ်။

‘ဟုတ်… ကျွန်တော် နောက်ကျနေတယ်’

‘အေး ဒီနေ့ မင်းပြန်လာမယ်ဆိုလို့ မနက်ကတည်းက မင်းအမေ စောင့်နေတာ။ ဒီထိပ်ကိုလည်း ခဏခဏ လာကြည့်တယ်။ အခုလေးတင်ပဲ အိမ်ခဏပြန်ဦးမယ် ဆိုပြီး ပြန်သွားတာ။ မြန်မြန်



www.burmeseclassic.com

www.burmeseclassic.com

သွားလိုက်ဦး'

'ဟုတ်ကဲ့ ...ဦးလေး ကျေးဇူး'

ကျွန်တော့်ရဲ့ ခြေလှမ်းတွေကို ခပ်မြန်မြန်နှုန်းနဲ့ သွားစေခဲ့တယ်။ မေမေ့ကိုလည်း အရမ်းတွေ့ချင်နေတယ်။ အထုပ် ၂ ထုပ်နဲ့ အိမ်သို့ တစိုက်မတ်မတ် ပြေးသွားခဲ့တယ်။ လမ်းက ခွေးဟောင်သံတွေကိုလည်း ဂရုမစိုက်၊ ပြုံးပြနှုတ်ဆက်သူတွေကိုလည်း သတိမထား။ အော်ခေါ် လှမ်းနှုတ်ဆက်သူတွေကိုလည်း ဥပေက္ခာထားလိုက်ရတယ်။

ကျွန်တော့်ခြေလှမ်းတွေ အိမ်ထဲဝင်စပြုနေချိန် မေမေ့ရဲ့ ခြေလှမ်းတွေကလည်း အိမ်ထဲက လှည့်အထွက်။ အံ့အားသင့်သွားတဲ့ မေမေ့ရဲ့ မျက်ဝန်းတစ်စုံ။ ကျစ်ကျစ်ပါဆွဲကိုင်လာတဲ့ အထုပ် ၂ ထုပ်ကို ပစ်ချကာ မေမေ့ရင်ခွင်ထဲသို့ ပြေးဝင်ခိုနားလိုက်တယ်။ အမေ့ရဲ့ အေးမြတဲ့ ရင်ခွင်ကြားထဲမှာ အမေနဲ့ ထပ်မခွဲခွာသွားအောင် ဖက်ထားခြင်းကို ခံလိုက်ရတယ်။ လွမ်းစိတ်ကြောင့် ကျလာတဲ့ အမေ့ရဲ့ မျက်ရည်တွေက ကျွန်တော့်ရင်ကို ထပ်တူခံစားစေခဲ့တယ်။

'သား... အမေ့သားလေး...အမေ့ချစ်သားလေး'

မေမေ့ရင်ခွင်ထဲက ကျွန်တော်လည်း အမေနဲ့ အတူ အလွမ်းသယ်ပြီး မေမေ့မျက်ဝန်းက မျက်ရည်စတွေကို အသာဖယ်ထုတ်ရင်း-

'မေမေ...သား ဆရာဝန်တစ်ယောက် ဖြစ်လာပါပြီ။ အခု ဖေဖေဖြစ်စေချင်တဲ့ ဆရာဝန် ဖြစ်လာတယ်။ ပြီးတော့ ဖေဖေ့ ရှေ့မှာပဲ သား လူတစ်ယောက်ရဲ့ အသက်တစ်ချောင်းကို ကယ်နိုင်ခဲ့တယ် မေမေ'

မေမေ့မျက်နှာပေါ်က ပီတိအပြုံးတွေကြည့်ပြီး မေမေ ဘယ်လောက်ထိ ဂုဏ်ယူနေမလဲဆိုတာ ကျွန်တော် သိနေတယ်။

❑

၃။

ကျွန်တော် အခု မေမေ ကြိုတင်ဆောက်ပေးထားတဲ့ ဆေးခန်းလေးမှာ လူနာတွေကို ဆေးကုနေပါတယ်။ ဆေးခန်းရဲ့ ခေါင်းရင်းဘက်အခြမ်းမှာ ဖေဖေ့ဓာတ်ပုံကြီးကို ခိုနားစေခဲ့တယ်။ ဓာတ်ပုံထဲက ဖေဖေ့အပြုံးကလည်း ကြည့်ကြည့်လေ၊ ဖေဖေ ပျော်နေတာကို တွေ့ရပါတယ်။

ဆေးခန်းနာမည်ကိုလည်း ဖေဖေ တစ်ချိန်က ပြောဖူးတဲ့ 'ဂုဏ်ကျေးဇူး' ဆိုတဲ့ နာမည်လေးက ခမ်းနားထည်ဝါစွာ ရှိနေတယ်။ မေမေကတော့ ကျွန်တော့်ကို ကျေနပ်တဲ့ အကြည့်တွေနဲ့ပေါ့။

ကျွန်တော်ကတော့ စိတ်ထဲမှာ မေးခွန်းတွေ အပြန်အလှန် မေးနေမိတယ်။ တစ်ချိန်က မေမေနဲ့ ဖေဖေကို ဆေးကုခဲ့တဲ့ စိတ်ကူးတွေကိုပေါ့။ လူနာအဖြစ် သရုပ်ဆောင်ခဲ့တဲ့ ဖေဖေရဲ့ အသံတွေ၊ ဟန်တွေ၊ အမေရဲ့ လက်ခုပ်သံတွေက အတိတ်မှာကျန်ရစ်ခဲ့ပြီလေ...။ ■

**အောဘုန်းခေတ်**

# ရွှေအသစ်စာမူများအတွက် စည်းကမ်းချက်များ

ရွှေအသစ်ကဏ္ဍသို့ ရောက်ရှိလာသောစာမူများတွင် စာမျက်နှာနှစ်ဖက် ရေးသားခြင်းမျိုး၊ ဘောပင်မျဉ်းမသားဘဲ စာပိုဒ်လည်းမခွဲကာ သတ်ပုံအမှားအယွင်းနှင့် ပေးပို့လာခြင်းမျိုး များပြားလာသည်ကို တွေ့ရှိနေရပါသည်။ ယခုအခါ ရွှေအသစ်စာမူများမှာ လစဉ်ဖတ်ရှုပြန်ကြားနိုင်သည့် အရေအတွက်ထက်များစွာကျော်လွန်နေသည့်အတွက် စည်းကမ်းနှင့်မညီသည့် စာမူများကို နောင်တွင်ပြန်ကြားချက်၌ ထည့်သွင်းဖော်ပြသွားမည် မဟုတ်ဟု အယ်ဒီတာများမှ ဆုံးဖြတ်ထားပါသည်။ လိုက်နာရန်စည်းကမ်းများကို ရွှေအသစ်စာမူ ပေးပို့လိုသူများ သိရှိနိုင်စေရန်ဖော်ပြလိုက်ပါသည်။ နောင်လများမှစ၍ အောက်ဖော်ပြပါစည်းကမ်းချက်များနှင့် မကိုက်ညီသည့်စာမူများကို ပြန်ကြားချက်တွင် ထည့်သွင်းဖော်ပြခြင်းမပြုတော့ဘဲ ပယ်လိုက်မည်ဖြစ်ကြောင်း ကြိုတင်အကြောင်းကြားအပ်ပါသည်။

၁။ စာမျက်နှာတစ်ဖက်တည်းသာ ရေးသားပါ။

၂။ ဘောမျဉ်းသားပါ၊ စာပိုဒ်ခွဲပါ။ စကားပြောများကို မျက်တောင်အဖွင့် အပိတ် ထည့်ပေးပါ။

၃။ လက်ရေးလက်သား ရှင်းရှင်းလင်းလင်း ထင်ထင်ရှားရှား ရေးသားပါ၊ သတ်ပုံမှန်ကန်အောင် စစ်ပေးပါ။

၄။ လက်ရေးစာမူဆိုလျှင်A 4စာမျက်နှာ ၆ မျက်နှာထက် မပိုစေရပါ။ ကွန်ပျူတာစာစီစာမူဆိုလျှင် A 4စာမျက်နှာတွင် ၁၃ ပွိုင့်ဖြင့် ၄ မျက်နှာထက် မပိုစေရပါ။

၅။ စာမူအမည်နှင့် ကလောင်အမည်ကို ထင်ရှားစွာ ဖော်ပြပါ။

၆။ မိမိကိုယ်တိုင်ရေးသားကြောင်း ခံဝန်ချက်ပါရှိရန် လိုအပ်ပါသည်။

၇။ အခြားမဂ္ဂဇင်းတိုက်သို့ ပေးပို့ထားခြင်း မပြုရပါ။

၈။ ဆက်သွယ်ရန် နေရပ်လိပ်စာအပြည့်အစုံ ထည့်သွင်းဖော်ပြရန် လိုအပ်ပါသည်။

၉။ ဝတ္ထုသစ်များသာဖြစ်ရမည်။ အွန်လိုင်းတွင်တင်ပြီး ဝတ္ထုမျိုးမဖြစ်စေရ။ မိမိဝတ္ထုတိုစုစည်းမှုတွင် ဖော်ပြပြီးသည့် ဝတ္ထုတိုမဖြစ်စေရ။

၁၀။ စာမူကိစ္စနှင့်ပတ်သက်၍ သိလိုသည်ဖြစ်စေ၊ တစ်စုံတစ်ခုပြောကြားလိုသည်ဖြစ်စေ ရွှေအမြုတေမဂ္ဂဇင်းတိုက်၊ တယ်လီဖုန်းအမှတ် ၀၁-၉၀၁၀၅၀၁ အေးမြတ်မြတ်ချိုနှင့်သာ ဆက်သွယ်ရန်လိုပါသည်။ အယ်ဒီတာများ၏ အီးမေးလ်သို့ဖြစ်စေ၊ ဖေ့စ်ဘွတ်သို့ဖြစ်စေ ဆက်သွယ်ခြင်းမပြုရပါ။

စည်းကမ်းချက်နှင့်မညီ၍ ပြန်ကြားချက်တွင် ထည့်သွင်းဖော်ပြမည်မဟုတ်သည့်စာမူများကို ကာယကံရှင်ထံ ပြန်လည်ပေးပို့နိုင်မည် မဟုတ်ပါသဖြင့် မိမိတို့၏စာမူများကို လက်ခံမိတ္တူထားရှိကြပါရန် အသိပေးအပ်ပါသည်။ ■

**အယ်ဒီတာ(ရွှေအမြုတေမဂ္ဂဇင်း)**



www.burmeseclassic.com

www.burmeseclassic.com

*စာမျက်နှာ(၂၁၃)မှ…*

သတ်မှတ်တဲ့ အူတက်နေတဲ့ မျက်နှာတချို့။ ဖြစ်ရလေဆိုပြီး အထူးတလည် စိတ်မကောင်းခြင်းလည်းမဟုတ်၊ ရယ်စရာလည်းမမြင်တဲ့ သာမန်မျက်နှာတွေနဲ့တချို့။ ဒါပေမဲ့ ပြန့်ကျဲနေတဲ့ ထမင်းနဲ့ ဟင်းအတွက်တော့ ဘယ်သူမှ တာဝန်ယူမယ့်သူမရှိ။ လောကငရဲရောက်နေကြသူအချင်းချင်း ဒီလောက်လေးတောင် မကူညီနိုင်တဲ့ ငတ်မွတ်ဆာလောင်မှု ပြဿနာကြီး။ နံရံတစ်ဖက်သာ ခြားပြီး အပြင်လောကမှာက စားချင်တာ ဝယ်စားနိုင်တဲ့ ဈေးတန်းကြီးကလည်း ထောင်ကျအကျဉ်းသားတွေကို လှောင်နေသလိုမျိုး။ တကယ်တော့ အကျဉ်းသူတွေဆိုတာက အပြင်က သူများလာလှူမှ၊ သူများလာပို့မှ စားရတဲ့ဘဝ။ သူများကျွေးမှစားရတဲ့ မျက်မြင်ပြိတ္တာတွေ။

"ဟဲ့… မိထူး ထမင်းခံလေ"

"ဟုတ်…မမ၊ ဟိုဟာက ကျီးကန်း အမဲနှပ်ကို ချီသွားတာလား"

"ဟုတ်တယ်လေ၊ သူ့ခမျာ စားစရာမရှိပါဘူးဆိုမှ"

အတွေးဘယ်လောက်ရှည်သွားတယ်မသိတော့။ ထမင်းဝေနေတဲ့ အစ်မက သတိပေးမှ ရယ်ကျဲကျဲနဲ့ ထမင်းဇလုံလေး ထိုးခံလိုက်တယ်။

"အစ်မ မိထူးထဲ အနှစ်လေး ထည့်ပေးပါ"

တစ်ဆက်တည်း ထမင်းဇလုံထဲ အနှစ်ရည်လေး ဆမ်းပေးလိုက်တယ်။ ပြီးတော့ ဟင်းပန်းကန် ဇလုံလေးထဲ အမဲနှပ်နဲ့ အနှစ်ရည်တချို့ ထည့်ပြီး ထွက်ခဲ့တယ်။

❑

ဟင်းဇလုံထဲက အမဲနှပ်လေးကို ကြည့်မိတယ်။ မွှေးကြိုင်နေတဲ့ အနံ့ကြောင့် မိထူး တံတွေးကို မျိုချလိုက်ရတယ်။ စားရမယ်ဆိုတာ သိသိနဲ့ ဗိုက်က ပိုဆာနေပြန်တယ်။ ဆာလောင်တယ်ဆိုတဲ့ အသိနဲ့အတူ ရှေ့ကိုကြည့်ရင်း လျှောက်မိတယ်။ မြေပေါ်ကျနေတဲ့ ထမင်းဟင်းတွေ သန့်ရှင်းရေးလုပ်နေတဲ့ အဒေါ်ကြီးကိုမြင်တော့ သနားစိတ်နဲ့ သူဘာနဲ့ ဒီညစားမလဲ တွေးမိပြန်တယ်။ ထမင်းက ပြန်သွားယူလို့ ရစေဦးတော့ ဟင်းကတော့မရနိုင်တော့။

"ငါ့ဟင်းလေး ပေးလိုက်ရမလား"

မိထူး စိတ်အတွေးနဲ့ တစ်ယောက်တည်း မေးနေမိတယ်။

"သူ့ကိုပေးရင် ငါဘာနဲ့ စားရမလဲ၊ ငါလည်း ထောင်ဝင်စာရှိတာမဟုတ်။ ခုလို လာလှူသူရှိမှ စားရတဲ့ ပုံစံကျ ဟင်းတုံးလေးတစ်တုံး အို…ငါမစားရတော့လည်း ဒီတစ်နပ်အတွက် အထူးအာဟာရပြည့် လာတာမှမဟုတ်တာ၊ ငါကလူငယ် ဘာနဲ့စားစား ဗိုက်ကပြည့်တယ်။ အသက်ကြီးသူအတွက်က ပုံစံဟင်းလေးတစ်တုံးက အာဟာရပြည့်စေမှာ။ သူ့ကိုပေးလိုက်ရင် နောက်တစ်ခါလှူမယ့် ဟင်းအလှူရှင်က ဘယ်အချိန်မှ ပေါ်လာနိုင်မလဲ။သေချာတာက အလှူရှင် မပေါ်သရွေ့တော့ ထောင်ပဲဟင်းရည်ကျဲကျဲနဲ့ ငါးပိထောင်းကတော့ မိထူးအတွက် သစ္စာရှိရှိ နေ့တိုင်း ဆုံတွေ့ပေးမှာအမှန်"

အဒေါ်ကြီးနား ဖြတ်လျှောက်ရမယ့်အချိန် ရောက်ခါနီးအထိ မိထူးစိတ်တွေ ဝေခွဲမရ။ တစ်ယောက်တည်း စိတ်အတွေးက လွန်ဆွဲပွဲမှာ မိထူးတစ်ယောက်တည်း နှစ်ဖက်က ဝင်ဆွဲနေတယ်။ ဒီအချိန်မှာ ထောင်ကြီးတစ်ထောင်လုံး ဟင်းလှူတဲ့ အလှူရှင်ရဲ့ စိတ်ကို ဖျတ်ခနဲ မိထူးပြေးကြည့်မိတယ်။ ဒီလို ငတ်မွတ်ဆာလောင်နေတဲ့ နေရာမှာ လှူရတာ ဘယ်လောက် ကုသိုလ်ရလိုက်မလဲ။ ဘယ်လောက် ကြည်နူးပီတိဖြစ်စရာ ကောင်းလိုက်မလဲ။ တကယ်လိုအပ်နေတဲ့ နေရာမှာလှူလိုက်တဲ့ အလှူကုသိုလ်လေ။

"တကယ်လိုအပ်နေတဲ့ နေရာ…"

စိတ်ကအတွေးနဲ့အတူ မိထူး ပါးစပ်က ရုတ်တရက် အသံထွက်ပြီး ရွတ်ဆိုမိတယ်။ နှုတ်ကရွတ်ဆိုအပြီး ထမင်းနဲ့ဟင်း မှောက်သွားတဲ့ အဒေါ်ကြီးနား တုံ့ခနဲ ရပ်မိသွားရင်းက–

"ရော့…ဒေါ်ဒေါ်… ဟင်းယူလိုက်ပါ"

မိထူးလှမ်းပေးနေတဲ့ ဟင်းခွက်လေးကို ထမင်းတွေလိုက်ကောက်သိမ်းနေတဲ့ လူသတ်မှု အဒေါ်ကြီးက ကြောင်ပြီးကြည့်နေတယ်။ မိထူး တစ်ချက်ပြုံးပြရင်း ဟင်းခွက်လေး ထပ်ပေးလိုက်တယ်။

"ဒေါ်ဒေါ့်ကို ဟင်းပေးတော့ မိထူးက ဘာနဲ့စားမလဲကွယ်"

"ယူပါဒေါ်ဒေါ်ရယ်၊ မိထူးက အမဲမစားဘူး၊ စားတဲ့သူတစ်ယောက်ယောက်ကို ပေးဖို့ ဟင်းသွားခံပေးတာပါ။ ထမင်းတော့ သွားပြန်ယူလိုက်နော်၊ ထမင်းတွေရှိသေးတယ်"

မျက်ဝန်းမှာ မျက်ရည်စတချို့ ဝဲနေရင်းက အဒေါ်ကြီး နှုတ်ခမ်းတွေ ပြုံးနေတယ်။

"သာဓု သာဓု သာဓုပါ သမီးရယ်၊ သမီးရဲ့ ဒါနက ညောင်ပင်လောက်ရတဲ့ ညောင်စေ့ကုသိုလ်လေးပါကွယ်။ သူတော်ကောင်းတွေ သာဓုခေါ်တဲ့ ကာလဒါနပါ"

အဒေါ်ကြီးက သာဓုခေါ်ရင်း ကာလဒါနလို့ ပြောနေတယ်။ မိထူးလည်း ကျေနပ်မိတယ်။

တကယ်တော့ မိထူး အမဲနှပ်တစ်တုံးနဲ့ လူမသိ သူမသိ လွန်ဆွဲခဲ့ရပြီး အတော်ပင်ပန်းခဲ့ရတာ မိထူးသာ အသိဆုံးလေ။ ခုတော့ မိထူး အနိုင်ရတာက မိထူးရဲ့ တဏှာလောဘစိတ်။ မိထူးတို့နှစ်ယောက်တည်း ပြုံးနေကြတယ်။ မိထူး ပျော်နေမိတယ်။ အဒေါ်ကြီးက ပြောတာက မိထူးအနေနဲ့ သူတော်ကောင်းတွေ သာဓုခေါ်တဲ့ ကာလ ဒါနကို ပြုခဲ့တယ်တဲ့လေ။ ပြန့်ကျဲနေတဲ့ ထမင်းတွေကို ငုတ်တုတ်ထိုင်ပြီး ကောက်သိမ်းနေတဲ့ အဒေါ်ကြီး လက်ထဲ ထည့်ပေးရင်း ထမင်းဇလုံကို လက်တစ်ဖက်နဲ့ မိထူး မြှောက်ထားမိတယ်။ ထမင်းဇလုံထဲ ဆမ်းထည့်ထားတဲ့ အမဲနှပ်အနှစ်တွေကိုတော့ အဒေါ်ကြီးမြင်လို့ မဖြစ်ဘူးလေ။ ■

**သွေးနီနီ**



www.burmeseclassic.com

www.burmeseclassic.com



အချိန်အခါမဟုတ်
မိုးကြောင့် ဆောင်း
စပါးပျိုးခင်းတို့က
ပို၍ နုသစ်
စိမ်းစိုသွားလေသည်။
မိုးစိုနေခဲ့သော
ဆောင်းလေတို့က
ဆောင်းနေခြည်နုနုငွံအတူ
တစ်ဖန်
ပြန်တိုက်ခတ်လာပြန်သည်။
စိမ်းစိုနုသစ်နေသော
ပျိုးစပါးခင်းကြီးကို
နောက်ခံထားပြီး
လယ်တဲရှေ့ ဝါးလုံးတန်း
လေးပေါ်မှ ရေစက်လက်
ဟီးလေးခိုနေသော အနီရောင်
ဘောကန်ဘောင်းဘီလေးက
ဆောင်းလေငွေ့လိုက်တိုင်း
အဖော်မဲ့စွာ အဖျားသား
လေးများ လှုပ်ခတ်
က,ခုန်လျက်။ လေထဲ
တဖျပ်ဖျပ် လူးလွန့်နေသော
အနီရောင် ဘောကန်
ဘောင်းဘီလေးကိုကြည့်ကာ

အမှတ် ၃၅၂၊ မတ်၊ ၂၀၁၃
ရုပ်စုံမဂ္ဂဇင်း
ဝတ္ထုရှည်၈/ထုံး

# လှဆန်းယဉ်

---


**အရှုဏှာ**

ရင်ထဲစွဲမြဲနေသည့်
ဘောကန်ဘောင်းဘီလေး
တစ်ထည်အကြောင်း
တမေ့တမော
အတွေးရေယာဉ်ကြော
မျောပါသွားမိသည်။
❑



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

ရန်ကုန်ရောက်လာခဲ့သည်မှာ နှစ်နှစ်ဆယ်ကျော်ကြာခဲ့ပေမဲ့ ရန်ကုန်သင်္ကြန်က ကျွန်တော်နှင့် မဆိုင်သလို။ တစ်ခုသော သင်္ကြန်မှာတော့ ကျွန်တော်က ကန်တော်လေးက သူငယ်ချင်း စိုးအောင်၏ တိုက်ခန်းတွင် ရောက်နေသည်။ ကျန်ရက်တွေ မလည်ဖြစ်ခဲ့။ သို့သော် နောက်ဆုံး အတက်နေ့မှာတော့ ရွှေတောင်တန်းလမ်းက ဂျာနယ်တစ်စောင်မှာ အယ်ဒီတာလုပ်နေသည့် သူငယ်ချင်းက ဆယ့်ကိုးလမ်း လာခဲ့ဖို့ ချိန်း၍ ကျွန်တော်တို့ မနက်စောစော ရောက်သွားခဲ့ကြသည်။

ချိန်းဆိုထားသူကလည်း မလာသေး၊ မိုးကလည်း ဖွဲဖွဲကျလာပြီ။ သင်္ကြန်အခါလည်း ဖြစ်ပြန်ဆိုတော့ လူငယ်ကြီးတို့ သဘာဝ ဆယ့်ကိုးလမ်းထဲက ခပ်ကုပ်ကုပ်ဖွင့်ထားသည့် အမှောင်ဆိုင်လေးတွင် ဝင်ထိုင်လိုက်ကြသည်။ ဆိုင်ထောင့်လေးမှာ ထိုင်မိသည်ဆိုရင်ပဲ ဖွဲဖွဲကျနေသည့် မိုးဖြူက ပိုစိပ်လာသည်။ မိုးစိုလာသည်မို့ ခပ်သွက်သွက် ဆင့်လိုက်တော့ ထမင်းဖိုးချန်ထားသည့် ပိုက်ဆံလေးဖြင့် မှာထားတာလေးများက ကုန်လုပြီ။ စိုးအောင်က သူ့တစ်ခါသုံး ကတ်ဖုန်းလေးနှင့် ဆက်တော့ အယ်ဒီတာ သူငယ်ချင်းက သူ့ကွန်ပျူတာဆိုင် ရေဝင်လို့ မလာနိုင်တော့ပြီတဲ့။ လေထဲမရောက်ခင် ပေါက်ကွဲခဲ့သည့် မိုးပျံပူဖောင်းနှစ်လုံးအတွက် ရွှေစရာလမ်း မရှိလေပြီ။

a[h.
b,fumifbkd
*½kdkdu&rfbvJ
tmrDu
aumifuG
owfawmhumif
uyfcJh
,Sfvkduf
wpf,muf
wnfawmh
b,fawmhS
taorcHjuG
&Sfvm;
tmrDuG

သည်းထန်လွန်းတဲ့မိုးကြောင့် ဇာတ်စင်ပြိုသလို ရှိရှဲကျနေသည့် ရန်ကုန်သင်္ကြန်က ကျွန်တော်တို့ကို ပြက်ရယ်ပြုနေသလိုပင်။ လူ့သဘာဝကလည်း အခက်သား။ သင်္ကြန်ရေသာ စိုချင်သလောက်စို၊ မိုးရေစိုမှာတော့ ကြောက်ကြပုံရသည်။ ရေကစားသူ အသာထား၊ ရေပက်ခံကားများပင် ပါးရှားလှသည်မို့ ကျွန်တော်တို့လည်း ရုက်ရုက်နှင့် မိုးရေထဲ ကုန်းကြောင်းလျှောက် ပြန်ရသည်။

ဆေးရုံကြီးနောက် ရင်ခွဲရုံသို့ ဝင်ပေါက်နားအရောက် လူငယ်တစ်ယောက် ကျွန်တော်တို့ဆီ ခပ်သုတ်သုတ်လျှောက်လာပြီး ကားပျက်နေ၍ ကားဝိုင်းတွန်းပေးဖို့ အကူညီတောင်းလာသည်။ ကားကလည်း ကြယ်ပွင့်နံပါတ်တပ် စစ်စိမ်းရောင် မာဇဒါဂျစ်။ ကိုယ့်အဖြစ်ကိုယ် တွေးမိပြီး ကျွန်တော်တို့ သူငယ်ချင်းနှစ်ယောက် တစ်ယောက်ကိုတစ်ယောက် ကြည့်ပြီး ပြုံးတူ ခေါင်းကုတ်ကာ ဟက်ခနဲ ရယ်မိ။

သို့သော် ငြင်းရမှာ အားနာနေ၍ တွန်းပေးဖို့ ကားဆီ လျှောက်အသွား ခေါင်းခန်း တံခါးဖွင့်ကာ လူတစ်ယောက် ဆင်းလာသည်။ စစ်ဘောင်းဘီအစိမ်းပုပ် ဝတ်ထားကြောင်းကလွဲပြီး ကျွန်တော် သေချာမကြည့်မိ။ သို့သော် ဆင်းလာသူက ကျွန်တော့်ဆီ တန်းလျှောက်လာကာ "ခင်ဗျားကို မြင်ဖူးသလိုပဲ"လို့ ပြောလာမှ သေချာကြည့်မိသည်။ မြင်ဖူးသလိုပေမဲ့ မသေချာ။ အသံကိုလည်း ရင်းနှီးနေသလိုလို။

"ခင်ဗျားကိုလည်း ကျွန်တော် မြင်ဖူးသလိုပဲ။ ဘယ်နေရာမှာလဲတော့ မသိဘူး"

"ဟာ… ဟော့ကောင် ခွေးသား၊ မင်း ငဝင်းမဟုတ်လား။ ငါ ငဇော်လေကွာ။ သန်းညွန့်သားလေကွာ"

ဟာ… ငဇော်ပါလား။ နှစ်ပေါင်းသုံးဆယ်နီးပါး ဝေးကွာနေခဲ့သော ငယ်ပေါင်းစစ်စစ်ကြီးပေပဲ။ ရင်ထဲမှာ နွေးခနဲ။ တစ်ယောက်ပခုံး တစ်ယောက် အားပါးတရ ဖက်မိကြသည်။ ကျစ်ကျစ်ကိုပါလို့။

တကယ်တော့ သူ့ညီ ငစိုးနှင့်မှ ကျွန်တော်က သက်တူရွယ်တူ။ ဝလုံးတန်းအရွယ်ကတည်းက ငစိုးနှင့်ပေါင်းသင်းခဲ့ပြီး ဘုရားကြီးကျောင်း မုခ်ပေါက်ဝရှိ သူတို့အိမ်နှင့် အနီးအနား ကွင်းကြိုကြွင်းကြားမှာ လောက်လေးတစ်လက်နှင့် ကျွန်တော့်ငယ်ဘဝ ပျော်စရာကမ္ဘာလေးကို ဖန်တီးခဲ့သည်ပဲ။ လူနေအိမ်ခြေကျဲသော ကွင်းစပ်စပ်ရှိ သူတို့တဲတန်းအနီးဝန်းကျင်မှ ချုံတော၊ ဝါးတောများက ကျွန်တော့်အတွက်တော့ မဟာမြိုင်တောနက်ကြီးပင်။ သည်တော့ ငဇော်နှင့်လည်း ငယ်ပေါင်းလို ဖြစ်နေလေတော့သည်။

မိဘများ လစ်လျှင်လစ်သလို ထိုနေရာများဆီသို့ ငှက်ပစ်ထွက်ကြသည်။ ထိုလယ်ကွင်းများတွင် အိုင်ပက်ထွက်ကြသည်။ ရိုးတံနီနီ လယ်ကန်စွန်းများ၊ လယ်ပတူပင်နှင့် ကြာဖြူ၊ ကြာညိုများကို ခူးကြသည်။ ရသမျှ သူတို့အမေ ဒေါ်သန်းညွန့်လက်ထဲ ထိုးအပ်သည်။ ပူပူလောလော ချက်ပြုတ်ထားသည့် ထမင်း၊ ဟင်းများကို စားပြီး အိမ်သို့ ဟန်မပျက် ပြန်သည်။ ကျွန်တော့်ကိုကျတော့ အထည်ဆိုင်ရှင် အဘိုးအဘွား မျက်နှာ၊ ကျောင်းဆရာ ဆရာမ မိဘများ၏ မျက်နှာကြောင့် အတော့်ကို မျက်နှာသာ ပေးသည်။

အမေနာမည်က ဒေါ်သန်းညွန့်ဆိုတော့ အဖေနာမည်ကရော ဘယ်သူများလဲဆိုပြန်တော့ ဦးသန်းညွန့်တဲ့။ ဦးသန်းညွန့်က ဒုတပ်



www.burmeseclassic.com

www.burmeseclassic.com

ကြပ်အဆင့်နှင့် ဂန်းရှော့ဖြစ်ပြီး တပ်က ထွက်လာသည်။ ကျည်မှန်ထားသည့် ယာဘက်ခြေက နည်းနည်းဆာနေသည်။ ခါးဆစ်နားက ကျည်ကတော့ မထုတ်ရသေး။ သူတို့တိုက်ခဲ့သည့် နောက်ဆုံးတိုက်ပွဲကြီးတွင် သူတို့တပ် အတော်အထိနာခဲ့သည်။ အကျဆုံးများခဲ့သည်။ ပြည်တော်ဝင်ခန်းတွင် ဦးသန်းညွန့်သည်လည်း သူ့ဆရာ၏ဇနီး ဒေါ်သန်းညွန့်နှင့် ကံစမ်းမဲဖူးစာ ဆုံခဲ့ရလေတော့သည်။

သူတို့ကံစပ်ချိန် ဒေါ်သန်းညွန့်မှာ မောင်သက်ဆိုသော သားတစ်ယောက်ပါလာသည်။ နောက်မှ ငဇော်ခေါ် သန်းဇော်၊ ငစိုးခေါ် သန်းစိုးနှင့် အငယ်ဆုံးညီမ အေးသန်းတို့ မွေးဖွားလာသည်။ မယားပါသားဆိုပေမဲ့ ယောင်ခြောက်ဆယ် ယမကာ လုလင်လေး မောင်သက်ကို ဦးသန်းညွန့်က သားအရင်းများနှင့် တန်းတူထား ချစ်ရှာသည်။ မိသားစုကို ဦးသန်းညွန့်က ရေစည်လှည်းတွန်း၍ ကျွေးရှာသည်။ နေထွက်မှ နေဝင်။

ဦးသန်းညွန့်က ပင်ပန်းခံနိုင်သည်။ ရိုးသားတည်ကြည်သည်။ ကတိ အလွန်တည်သည်။ အသောက်အစားလည်း လုံးဝမရှိ။ စစ်သည်ကောင်းတစ်ဦးဖြစ်ကြောင်း သူရခဲ့သော ဆုတံဆိပ်များကသာမက သူ့ခန္ဓာကိုယ်ပေါ်က ဒဏ်ရာအမာရွတ်များ၊ ယမ်းလောင်ကွက်များကလည်း သက်သေပြနေသည်။ သည်ဂုဏ်များကြောင့် ဦးသန်းညွန့်တို့ မိသားစုက ဆင်းရဲသော်လည်း မျက်နှာမငယ်။

ကျွန်တော် ရှစ်တန်းကျောင်းသားဘဝ ငွေစက္ကူများ ဗရုတ်ဗရက် စဖြစ်ချိန်မှာပဲ ခုနစ်တန်းမှာ ကျကျန်ခဲ့သည့် ငဇော်က စစ်ထဲ လိုက်သွားသည်။ ဦးသန်းညွန့်က 'ယောက်ျားလေး စစ်ထဲလိုက်တာ ဆန်းလို့လားကွာ' တဲ့။ ကျွန်တော် ဆယ်တန်းရောက်သည့်နှစ်မှာ စစ်ဝတ် စစ်စားနှင့် တစ်ခေါက် ပြန်လာသေးသည်။ ရေထမ်းနေရင်း ဦးသန်းညွန့်က ဝင်ပြောသွား၍ ကျွန်တော် အပြေးရောက်သွားသည်။ သူက မွန်ပြည်နယ်ဘက် ရှေ့တန်းတစ်ခေါက် ရောက်ခဲ့ပြီးပြီ။

သည်လိုနှင့် ကျွန်တော်က နှစ်နှစ် တစ်တန်းအောင် ပညာရေးစနစ်နှင့် ကျောင်းပြီးခဲ့သည်။ ဘွဲ့က ဘွဲ့ရ၊ ဘာမှမသိ၊ အလုပ်မရှိဆိုပြီး ဘွဲ့သုံးခု တစ်ပြိုင်နက်ရခြင်းဖြစ်သည်။ ကျွန်တော်ဆိုလျှင် အလုပ်မရှိ၊ ဘွဲ့ရဆိုပြီး မုဆိုးမအမေ့လုပ်စာ ထိုင်စားနေရသည့်အဖြစ်ကို ရှက်သဖြင့် တောရွာတစ်ရွာတွင် ထောက်လှမ်းရေး ထောက်ခံစာဖြင့် ဖက်စပ်အရက် သွားရောင်းခဲ့ဖူးသည်။ အဆင်မပြေပြန်၍ ရန်ကုန်တက်လာရာမှ ဟိုရောက် သည်ပေါက်နှင့် ငယ်မြို့လေးနှင့်လည်း ဝေးခဲ့သည်။ ငယ်ပေါင်းများနှင့်လည်း ဝေးခဲ့သည်။ ငဇော်နှင့်တော့ နှစ်ပေါင်းများစွာ ကြာမှ ရန်ကုန် မြို့လယ်ကောင်ကြီးမှာ အခုလို လာတွေ့ကြခြင်းဖြစ်သည်။

ငဇော်က တပ်ကြပ်ကြီးဖြစ်နေပြီး ယခု မော်ဘီမှာ အုပ်ချုပ်ရေးအရာခံသင်တန်းလာတက်ခြင်းဖြစ်သည်။ မိုးကလည်းကောင်းတုန်းဆိုတော့ ကားကို ပြီးမှ တွန်းဆိုပြီး ကျွန်တော်တို့ ထွက်လာခဲ့သော ဆယ့်ကိုးလမ်းဆိုင် ပြန်ခေါ်တော့ နှစ်ခါမခေါ်ရ။ ငယ်ဘဝလွမ်းချင်းတွေဆိုရင်း ဆိုင်ကထွက်တော့ သူ့တပည့် ရဲဘော်လေးသာ အကောင်းပကတိကျန်သည်။ ကားကိုလည်း နောက်နေ့မှ ကြည့်ရှင်းမည်ဆိုပြီး စိုးအောင်နေသော ကန်တော်လေးတိုက်ခန်းဆီ ခေါ်တော့လည်း သူမငြင်းနိုင်တော့။

စိုးအောင် တိုက်ခန်းရောက်တော့ စားခွံ့ပိတ်ဝိုင်းလေး လုပ်ကြပြန်သည်။ သည်ဝိုင်းမှာ ကျွန်တော်တို့ပြောသည့် ရိလုံးထွေလုံးများက ငဇော်မို့လို့သာ တော်တော့သည်။ အခြားတစ်ယောက်ဆို လွယ်မည်မထင်။ ငဇော်နှင့် မတွေ့ခင် တစ်နှစ်ခန့်က စိုးအောင်နှင့် ကျွန်တော် သူ့ဇာတိ ကန့်ဘလူကအပြန် မန္တလေးဘူတာ နားနေခုံလေးတွေမှာ ထိုင်ပြီး ရထားစောင့်ရင်း ဘီယာသောက်ကြသည်။ ပုလင်းဘီယာကို ပလတ်စတစ်ခွက် အကြည်လေးတွေထဲ ထည့်သောက်ကြသည်။

ရိုးရိုးသောက်ခြင်းတော့ မဟုတ်။ ထိုခေတ်ထို အခါက ဂုဏ်သတင်းမွေးလှ သူကြီးများ၏ အမည်နာမကို တပ်က 'ဟိုဗိုလ်ချုပ်ကြီး သက်တော် ရာကျော်ရှည်ပါစေ...၊ သည်ဗိုလ်ချုပ်ကြီး...' ဆိုပြီး တစ်ကျိုက်မော့တိုင်း တစ်ခါ ခွက်ချင်းခတ်ကာ သောက်ကြခြင်းဖြစ်သည်။ ဤသည်ကို အနီးခုံတွင်ထိုင်နေသော အရပ်ဝတ်နှင့် အငြိမ်းစားအရာခံဗိုလ်ဟု သူ့ကိုယ်သူဆိုသူ သက်ကြီးပိုင်းတစ်ဦးက တစ်ဖက်သတ် ချစ်သွားပုံရသည်။ အိတ်ကို ကောက်လွယ်ပြီး ကျွန်တော်တို့ကို လက်ညှိုးငေါက်ငေါက်ထိုးကာ အော်ဟစ်ပြောသွားသည်။

'မင်းတို့က နိုင်ငံခေါင်းဆောင်ကြီးတွေကို စော်ကားရလောက်အောင် ဘယ်လောက်သောက်ဆင့်ရှိလို့လဲ။ မင်းတို့ကို ခုချက်ချင်း ရဲခေါ်ဖမ်းခိုင်းမယ်။ မင်းတို့ ဒီကစောင့်နေ'

ထိုထို ထိုထိုနှင့် ထွက်သွားပြီး ပြန်ရောက်မလာ၍သာ။ ရောက်လာလို့ကတော့ ပွဲကြီးပွဲကောင်းပင်။ ကျွန်တော်တို့ ဘယ်အထိ ပြေးရလေမည် မသိ။ အခု ငဇော့်ကိုလည်း ထိုနည်းနှင်နှင် ဖြစ်သွားမည်ကို စိုးသည်။ သည်တော့ ကျွန်တော်က ကျောင်းပြီးချိန် အလုပ်မရှိလို့ တောရွာလေးတစ်ရွာမှာ အရက်သွားရောင်းရစဉ် ကြုံတွေ့ခဲ့ရသည့် ကိုယ်တွေ့လေးကို ဝတ္ထုတို တစ်ပုဒ်လို ပြောပြရင်း ပြန်ချော့ရသည်။

ထိုရွာနှင့် ပဌာန်းဆက်ပါသော ကရင်ကြီး ဦးလင်းက လာစပ်၍ ကျွန်တော် ထိုရွာသို့ အရက်ရောင်းပါသွားသည်။ ဆူးလေအထိတက်ပြီး တိုက်ပုံဆိုင်မှာ စက်ချုပ်ဆရာဝင်လုပ်ခဲ့ဖူးသူမို့ ဦးလင်း'ဇ' က မသေးလှ။ ဖဲဝိဇ္ဇာကြီးမို့ ကျွန်တော်တို့နယ် အနီးဝန်းကျင်မြို့များမှ ဖဲသမားစစ်စစ်များက ဦးလင်းကို အသံ



www.burmeseclassic.com

www.burmeseclassic.com

ကြားရုံနှင့် ရှောင်ရင်း၊ ရှောင်ရင်း နောက်ဆုံး တွဲရိုက်မည့်သူ မရှိလို့ ဖဲဘေးဒုက္ခသည်ကြီး ဖြစ်နေရရှာသူ။

သို့သော် ဦးလင်းက ဆက်ဆံရေးညက်သည်။ အလျော်အစား ဇယားနိုင်သည်။ သူ့ဟာဒယနှင့်သူ လုရော စကားရော အမြဲရွှင်နေသူ။ လမ်းထဲက စပါးပွဲစားတစ်ယောက်က ခေါ်၍ ဦးလင်းထံ ရောက်သွားခဲ့ရာမှ အစပြုကာ ကျွန်တော်နှင့် ခင်မင်ခဲ့သည်။ သူ့ချိတ်ဆက်နှင့်ပဲ တပ်ဆွယ်မှူးဆိုသူ ထောက်လှမ်းရေး တပ်ကြပ်ကြီးထံမှ အရက်ရောင်းခွင့် ပါမစ်ကြီး ရခဲ့ခြင်းဖြစ်သည်။

ပင်လယ်ကမ်းခြေနှင့် နီးသောဆိုင်မို့ ရောင်းအားက မဆိုးလှ။ ခက်သည်က ထိုကမ်းစပ်ရွာတချို့တွင် တပ်က ကင်းရှည်များထုတ်ထားသည်။ ကျွန်တော်တို့ ရောက်သွားသော ရွာတွင်လည်း လူနှစ်ယောက်တစ်ပိုင်းနှင့် ကင်းစခန်းတစ်ခုရှိသည်။ ထိုလူနှစ်ယောက်တစ်ပိုင်းထဲမှ ရာထူးအကြီးဆုံး ကင်းမှူး ဒုတပ်ကြပ်ဆိုသူသည် လက်ပစ်ဗုံးကို ခါးမှာချိတ်ပြီး စစ်လွယ်အိတ်လေးလွယ်ကာ ကျွန်တော်တို့ဆိုင်ဆီ အချိန်မရွေးပင် ရောက်ရောက်လာတော့သည်။ မူးလာပြီဆိုလျှင် လာသမျှလူ ပတ်ရစ်တော့သည်။

"ဟေ့...ဘယ်ကောင့်ကို ဂရုစိုက်နေရမှာလဲ၊ အာမီက ကောင်ကွ။ သတ္တိရှိတဲ့ကောင် ကပ်ခဲ့။ ယှဉ်လိုက်။ တစ်ယောက်တည်းတော့ ဘယ်တော့မှ အသေမခံဘူးကွ။ ရှင်းလား၊ အာမီကကွ"

> rifwbMyjymwvh bm...
> ppft mP m&Sf qbVm;
> rifwbM twGuf wmh
> ppft mP m&Sfaygh igwbM wGufus
> t bLUf awmfaygh igwbMu
> olwbMwGuJ vuf t muf u
> at muf wd Gqk;k t cbMf t ap
> qbMwmh igwbM nf rifwbMY
> bmx jv Lf uG

နေ့တိုင်း မရိုးနိုင်အောင် ကြားနေရသော်လည်း ခေတ်ဟောင်း ရိုင်ဖယ်သေနတ်ကြီးများနှင့် ခြောက်လုံးပြူးတို့လောက်သာ တွေ့ဖူးကြသူများမို့ သူ့လက်ပစ်ဗုံးကြီးကို ကြောက်ကြရသည်။ သည်တော့ သူနှင့် ပြိုင်မဝိုက်ရဲကြ။ သူကလည်း ဖြလို့ရမှန်းသိတော့ ကျွန်တော်တို့ကိုပင် နောက်ပိုင်း အရက်ဖိုးမပေးတော့သဖြင့် ဦးလင်းက တပ်ဆွယ်မှူးထံ အကူညီတောင်းရတော့သည်။ တပ်ဆွယ်မှူးက စာတစ်စောင်ရေးပေးလိုက်တော့ ရက်အတန်ကြာ ပျောက်သွားသေးသည်။

နောက်ဆုံးတော့လည်း သိကြားမင်းက ကိုယ်ထင်ပြန်ပြလာပြန်သည်။ သည်တစ်ခါ သူ့ဗျူဟာကတစ်မျိုး။ ပိုက်ဆံပေးသောက်တာတော့ ဟုတ်ပါပြီ၊ ထွေလာရင် ဆိုင်လာသောက်သည့်သူများကို မိုက်ကြေးခွဲကာ အရက်တိုက်ခိုင်းသည်။ အရက်ဖိုးတောင်းသည်။ ကြာတော့ ကျွန်တော်တို့ ဖောက်သည်များ တဖြည်းဖြည်း ပျောက်ပျောက်သွားကုန်တော့သည်။

မည်သို့ဖြေရှင်းရမည်ကို ကျွန်တော်တို့ ခေါင်းခြောက်နေပြီ။ တစ်နေ့တော့ ထုံးစံအတိုင်း ရောက်လာသည်။ ပိုက်ဆံအရင်ထုတ်ပေးပြီး တစ်ပိုင်းမှာသောက်သည်။ ကုန်သွားတော့ ထုံးစံအတိုင်း ညစ်ဖို့လူ ရှာနေတုန်းမှာပဲ ကျွန်တော်တို့ဆိုင်မှာ သောက်နေကျမဟုတ်သော သူနှစ်ယောက် ဝင်လာပြီး သောက်ဖို့မှာသည်။ ကင်းမှူးကြီးက မသင်္ကာသလိုကြည့်ပြီး မေးခွန်းစ,ထုတ်သည်။

"ဟေ့လူတွေ ခင်ဗျားတို့ကို ဒီနယ်မှာ မတွေ့ဖူးပါဘူး။ ဘယ်ကလာပြီး ဘယ်ကို သွားကြမှာလဲ။ ကျုပ်က အာမီနော်။ တာဝန်အရ မေးတာ"

"ဟာ ဆရာ၊ ကျွန်တော်တို့ ငါးခြောက်ဝယ်ဖို့ လာစုံစမ်းတာပါ၊ ဆရာ ချဦးလေ။ ဘာသုံးဆောင်မလဲ"

"အဲဒါတွေ နောက်မှပြော၊ ကျုပ်မေးတာတွေ အရင်ဖြေ။ ဗျို့...ဦးလင်း အရက်တစ်ပိုင်းချဗျာ"

ကျွန်တော် ထ,မယ်လုပ်တော့ ဦးလင်းက လက်ကာပြကာ သူကိုယ်တိုင် မသက်မသာနှင့် ထ,သွားသည်မို့ ကျွန်တော်လည်း အရက်ဒိုင်ကို သွင်းရမည့် ငွေစာရင်းကို ဆက်တွက်နေလိုက်သည်။ စစ်ရင်း မေးရင်း၊ ရစ်ရင်း ထွေးရင်း ကင်းမှူးကြီးခများ အရင်လို ကြာကြာ မရစ်နိုင်။ လျှာအာတွေ လေးလာကာ ဒယီးဒယိုင်နှင့် ပြန်မယ်ဆိုပြီး ထ,ထွက်သွားသည်။ ဘာမျှ မကြာလိုက်။

"ဖြောင်း...ဗွမ်း"

"ဟာ...ဟိုမှာ ကျပြီ၊ ကျပြီ။ ဟေ့လူတွေ လုပ်ဦး"

မြောင်းကူး တံတားပေါ်က ပြုတ်ကျသံ။ ရွာလယ်တာလမ်းမကို ဘေးမြေသားနှင့် တူးဖို့ကြသည်မို့ ဆယ်ပေကျော်ကျော် မြောင်းလေး ဖြစ်နေသည်။ သည်မြောင်းကို ဝါးပိုးဝါးနှစ်လုံးဖြင့် ခုံးတံတားလေးလို ဆောက်ထားသည်။ အမူးလွန်နေသော ကင်းမှူးကြီး ဝါးတံတားပေါ်က ခြေချော်ကျပြီ။ ကျွန်တော်လည်း စာရင်းစာအုပ်လေး အသာထားကာ ဆိုင်ရှေ့ ထွက်ရတော့သည်။

"ခွရက်ကြီးလဲတော့ ခွေးသား ဘောကွဲလောက်ပြီ။ ထားလိုက်၊ ထားလိုက်၊ သေပေ့စေကွာ။ သူ့ဟာသူ တက်လာလိမ့်မယ်၊ ဟင်းဟင်း"

ဦးလင်းက ကျွန်တော့်ကို ခပ်တိုးတိုးဟန့်တော့ ဆင်းဆယ်ဖို့ ပြင်နေသော ဧည့်သည်နှစ်ယောက်လည်း တန့်သွားသည်။ ကင်းမှူးကြီး အဖြစ်ကလည်း မသက်သာလှ။ ဝါးတံတားပေါ် ကားရားကြီး ခွလျက်လဲသည့်



www.burmeseclassic.com

www.burmeseclassic.com

အပြင် မြောင်းထဲကျတော့လည်း အမူးရှိန်ကို မထိန်းနိုင်ဘဲ ခေါင်းနှင့် ဇောက်ထိုးကျသွားပုံရသည်။ ပေါင်လယ်လောက် မရှိတရှိ မြောင်းထဲထ,ရပ်နေသည့် ကင်းမှူးကြီးခေါင်းက မျက်နှာမပေါ်ဘဲ ရွှံ့လုံးကြီးလို ဖြစ်နေရှာသည်။ သည်အချိန်မှာ ကင်းမှူးကြီးကို လှမ်းလှမ်း အော်ပြောနေသည့် ဦးလင်းကြီးခေါ်သံက ကျွန်တော့်တစ်သက် မမေ့နိုင်စရာ။

"ဟော့ကောင်… ဟော့ကောင်၊ လာ…တက်ခဲ့၊ တက်ခဲ့။ ဒီလောက်နဲ့ ဘာဖြစ်ရမှာလဲ။ အာမီက ကောင်ကွ၊ လာ… လာ"

ဝေဒနာဖိစီးလို့ မြောင်းထဲက တက်မလာနိုင်သေးသည့် ရွှံ့လူသားကြီးအကြောင်းကို ကျွန်တော်ပြောပြတော့ ငဇော် မျက်ရည်တွေစီးကျလာအောင် ရယ်တော့သည်။ တကယ်တော့ မြောင်းထဲက ကင်းမှူးကြီးအဖြစ်ကိုကြည့်ပြီး ကျွန်တော်တို့ ကျိတ်ရယ်ကာ ဆင်းဆယ်မည်လုပ်သည့် အခါမှာတော့ ကင်းမှူးကြီး လှမ်းပြောလိုက်သည့် စကားကြောင့် ကျွန်တော်တို့မှာ သေမင်းနှင့်ပက်ပင်းတွေ့သလို တက်ပြေးခဲ့ကြရသည်။

"ဗုံး…ဗုံး…ဗုံး ဘယ်ရောက်သွားပြီလဲ"တဲ့။

မူးမူးနှင့် လိုက်စမ်းနေသည့် ကင်းမှူးကြီးကိုလည်း တက်ခဲ့ဖို့ အတင်းဝိုင်းတိုက်တွန်းပြီး တစ်ယောက်ကို ပြန်ပို့ခိုင်းလိုက်သည်။ ဗုံးကျကျန်ခဲ့သော နေရာကို အန္တရာယ်ဇုန် သတ်မှတ်ပြီး လူသွားလူလာ ပေးမဖြတ်တော့။ ကျွန်တော်တို့ဆိုင်လေးသည်လည်း ထိုတစ်နေ့လုံး အသည်းတထိတ်ထိတ်နှင့် တိတ်ဆိတ်နေရလေတော့သည်။

နောက်ရက်ကျမှ ကင်းမှူးကြီးတို့အဖွဲ့ရော၊ ရဲကင်းမှူးနှင့် ရဲသားများရော၊ ကျေးရွာ တာဝန်ရှိသူများရော အားလုံး ဝိုင်းရှာမှ လက်ပစ်ဗုံးကို ပြန်တွေ့သည်။ သို့သော် လက်ပစ်ဗုံး ပြန်တွေ့ပြီး နောက်ပိုင်း ရစ်တတ်သော ကင်းမှူးကြီး ပျောက်ကွယ်သွားတော့သည်။ နောက်ပိုင်း ပြန်ပြောမှ ဧည့်သည်နှစ်ယောက်ကို ရစ်မည်စိုး၍ ဦးလင်းက မြန်မြန်မူး ပြီးရောဆိုပြီး အရက်ဆီများများ၊ ရေနည်းနည်းဖြင့် တစ်ပိုင်းချပေးလိုက်ခြင်းဖြစ်သည်။ လက်ပစ်ဗုံးကိစ္စကိုလည်း ရဲကင်းက မသိ သိအောင် တမင်သတင်းသွားပေးသူမှာလည်း ဦးလင်း။ ရဲကင်းကနေ တစ်ဆင့် မြို့နယ်ထောက်လှမ်းရေးက သိသွားသည်။ သည်တော့ ကင်းမှူးတေ လစ်ရုံမှ တစ်ပါး အခြားမရှိတော့။ ပါရဂူကြီး ဦးလင်းပေပဲ။

"မင်းကတော့ အဲ့ ငကြောင်တွေနဲ့ တခြားစီပါ။ ကဲကွာ…အိပ်ကြမယ်။ ငါတို့ပြောတာတွေကိုတော့ စိတ်မဆိုးနဲ့ကွာ"

"စိတ်ဆိုးစရာလား ငဝင်းရာ။ မင်းတို့ပြောတဲ့ လက်နက်ကိုင်ပြီး အာဏာပြတဲ့အထဲ ငါမှ မပါတာပဲကွာ။ ငါကိုယ်တိုင်လည်း အကြိမ်ပေါင်း မရေတွက်နိုင်အောင် မျက်မြင်ကြုံခဲ့ဖူးတာပဲ။ ငါက အာဏာရူးရလောက်အောင်လည်း ရာထူးအာဏာမျိုးရှိတဲ့ကောင် မဟုတ်ပါဘူးကွာ။ ပြီးတော့ မင်းပြောသလို မင်းတို့ချည်း စစ်ကျွန်ဖြစ်နေတယ် ထင်လို့လား။ မင်းတို့ပြောတဲ့ ဘာ… စစ်အာဏာရှင်ဆိုလား။ မင်းတို့အတွက်တော့ စစ်အာဏာရှင်ပေါ့။ ငါတို့အတွက်ကျ အာဘကြီးတွေပေါ့။ ငါတို့က သူတို့တွေရဲ့ လက်အောက်က အောက်ပိတ်ဆုံး အခိုင်းအစေဆိုတော့ ငါတို့လည်း မင်းတို့နဲ့ ဘာထူးလဲကွာ။ မင်းတို့ကမှ ပြောရဲသေး"

"အေးပါ။ ငါတို့က အောက်ခြေက တကယ့်ရဲဘော်တွေကို မမုန်းပါဘူး။ အာဏာမက်တဲ့ကောင်၊ အာဏာနဲ့ အနိုင်ကျင့်တတ်တဲ့ ကောင်မျိုးတွေက လွဲလို့ပေါ့ကွာ။ ဒါပေမဲ့ ဘောင်းဘီစိမ်းဝတ်တွေ အတော်များများက အာဘတွေထိရင် မချိအောင်နာတတ်ကြလို့ပါ"

"ဟော့ကောင်၊ ငါ့ဟာငါ ဘာဘောင်းဘီပဲဝတ်ဝတ် ငါဝတ်ထားတဲ့ ဘောင်းဘီတိုင်းဟာ မင်းအတွက်တော့ လှဆန်းယဉ်ပါကွာ သူငယ်ချင်းရာ။ မင်းမှတ်မိတယ်မလား၊ လှဆန်းယဉ်လေ"

လှဆန်းယဉ် တဲ့။ သူ့စကားက ကျွန်တော့်ကို မျက်ရည်ဝဲစေသည်။ နှလုံးသားကို ယမ်းခါသွားစေသည်။ လှဆန်းယဉ်က သူနှင့်ကျွန်တော် နှစ်ယောက်တည်းသာ နားလည်သောစကား။ နှစ်တွေ ကြာခဲ့ပေမဲ့ သူလည်း မမေ့သေးပါလား။

လှဆန်းယဉ်ဆိုသည့် ဘောကန်ဘောင်းဘီလေးများတွင် ကျွန်တော်တို့၏ ငယ်ဘဝလေးများ ရှိနေသည်။ ခြောက်တန်း၊ ခုနစ်တန်း ကျောင်းသားတစ်ယောက်အတွက် သုံးကျပ်တန် လှဆန်းယဉ်တံဆိပ် ဘောင်းဘီရောင်စုံလေးများ ထည်လဲဝတ်ဖို့အရေးက အိပ်မက်တစ်ခုလိုပင်။ အထူးသဖြင့် သန်းဇော်တို့၊ ဇစိုးတို့လို ကလေးများအတွက်။

တစ်ခုသော ဒီဇင်ဘာ အားကစားလမှာ ကျွန်တော်တို့ သူငယ်ချင်းများ အားကစားပေါင်းစုံမှာ ဝင်ပြိုင်ကြသည်။ ကျွန်တော်တို့က ဘောလုံးအသင်းဆိုတော့ ဆင်တူဝတ်စုံဆိုတာ လိုလာသည်။ ဝိုင်းဝန်းစုပြုံထည့်တော့ အင်္ကျီဆင်တူက ရပြီ။ ဘောင်းဘီကတော့ ကန်မည့်သူကိုယ်တိုင် ကိုယ့်ဘာသာ ဝယ်ရမည်။ ဒီတော့ သန်းဇော်က ဘောင်းဘီမရှိလို့ လူစားလဲရတော့မလိုလို၊ ဇစိုးက ဘောကန် မကောင်းတော့ မပါ။

ကျွန်တော်နှင့် သူတို့ညီအစ်ကိုနှစ်ယောက် ဘုရားကြီးကျောင်း ရေကန်ကြီးဆီသို့ ပြေးသည်။ ကြာရွက်တွေ အပြိုင်ခူးပြီး ဈေးထဲလိုက်ရောင်းကြသည်။ တစ်ကျပ်ကျော်ရသည်။ ကျန်တာ ကျွန်တော့်တာဝန်။ အဘွားထံ ပြေးရပြီ။ ဘောင်းဘီဖိုးမပြည့်မချင်း မုန့်ဖိုးမယူပါဆိုသော ကတိဖြင့် အနီရောင် လှဆန်းယဉ် ဘောင်းဘီလေးနှစ်ထည် ရခဲ့သည်။ ထိုစဉ်က အဘွားပေးသော ကျွန်တော့်တစ်နေ့ မုန့်ဖိုးက ပြားနှစ်ဆယ်။ ဖြူစင်စွာ ဝတ်ဆင်ခဲ့ဖူးသော အနီရောင် လှဆန်းယဉ်ဘောင်းဘီလေး နှစ်ထည်။ အဖြူရောင်



www.burmeseclassic.com

www.burmeseclassic.com

# စစ်ကိုင်းတောင်ရိုး ဝါးချက်ဇီဝိတဒါန သံဃာ့ဆေးရုံ

စစ်ကိုင်းတောင်ရိုးဝါးချက်ဇီဝိတဒါန သံဃာ့ဆေးရုံအတွက် အလှူ (၁၁) မျိုး၊ ဘက်စုံအလှူ (၁၃၁၀၀၀/ −) နှုန်းနှင့် ထာဝရငွေပင် ငွေကျပ်၅သိန်းနှင့်အထက် ထူထောင်လှူဒါန်းလိုပါက အောက်ပါနေရာဌာနများနှင့် နီးစပ်ရာအမှုဆောင်များထံတွင် လှူဒါန်းနိုင်ကြပါသည်။

## ဆက်သွယ်လှူဒါန်းရန်

စစ်ကိုင်းတောင်ရိုးဆေးရုံတည်နေရာ ကျူစွာချောင်

ဖုန်း၀၉-၂၁၃၂၀၇၆၊၀၉-၄၅၀၂၀၀၇၃၇၊၀၉-၉၁၀၄၃၇၃၇

### မန္တလေး

ဦးမြင့်စိုး(စိုးလုံပွဲရုံ)ဖုန်း၀၉-၉၁၀၂၃၇၈၇၊ ဒေါ်တင်ဝင်း(လှထု)ဖုန်း၀၂-၃၉၇၁၇၊ ဒေါ် ရီရီမြင့်(သွင်စက်မှုလက်မှု)ဖုန်း၀၉-၂၀၀၁၇၁၇

### ရန်ကုန်

သီဟသုဓမ္မသီဂိ သီရိသုဓမ္မသီဂိ ဒေါ်ခင်သန်းမြင့်(ပပဝင်းရတနာ)(မှတ်၉၈၊ကမ္ဘာအေးဘုရားလမ်း၊ဝတန်း)၀၁-၅၅၄၃၉၇/၀၉လ-၅၁၁၃၅၁၀)

ဒေါ်ယဉ်သန်း(အမှတ်၁၊ ငွေကြာယံအိမ်ရာ၊ ၃ ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။ ဖုန်း ၀၉-၅၁၅၂၂၇၇၊ ၀၉-၇၉၉၂၅၇၂၀၃)

ဒေါ်ခင်စန်း (AMBO Hotel) အမှတ်-၈၁/အေ-၁၀၊ ဓုပေါင်းလမ်းသွယ်၊ အင်းယားမြို့၊ ဝတန်း။ ဖုန်း၀၉-၅၁၂၀၀၃၊၀၁-၅၃၆၆၈၀)

ဒေါ် မြင့်မြင့်ကြည်(အမှတ် ၁၆၊ ကွင်းကျောင်းလမ်း။ အလုံမြို့နယ်။ ဖုန်း ၀၉-၇၃၀၇၂၄၉၂၊၀၉-၇၉၀၈၆၂၁၃၁)

ဒေါ် မြင့်မြင့်စန်း(အမှတ် ၈၊ ပဏ္ဍိတလမ်း၊ လှိုင်မြို့နယ်။ ဖုန်း ၀၉-၇၃၁၀၉၁၁၄၊၀၉-၂၆၀၉၇၀၁၂၇)

ဒေါ်စန်းစန်းနိုင်(Real Gems)(အေ-၁၀၊ အမှတ် ၂၃-၂၅၊ ဂျိုးဖြူရိပ်သာ၊ ဂျိုးဖြူလမ်း၊ မင်္ဂလာတောင်ညွှန့်မြို့နယ်။

ဖုန်း၀၀-၂၅၂၂၇၂၊၀၉-၅၀၈၂၄၁၊၀၉-၇၉၅၄၄၁၂၇၆)

ဒေါ်ယဉ်ယဉ်နီ(ပွင့်ဦးရတနာ၊ဖိုလ်ချုပ်ဈေး၊ဖုန်း-၀၉-၂၅၀၇၉၃၈၇၃)

ဒေါ်ခင်မြဲထွေး(အမှတ် ၂၅၊ကမ္ဘာ့ဇရိပ်သာ၊ဝတန်း၊ရန်ကုန်၊ဖုန်း-၀၁-၅၄၁၉၂၀၊၀၉-၇၉၀၂၅၅၀၀၉)

## အလှူရှင်များ

၁။ "ခင်၊ တင်၊ အေး၊ ကြည်၊ ရီ" ထာဝရငွေပင်
ဦးခင်မောင်ဦးနှင့် ညီမများ ဒေါ်တင်တင်မာ၊ ဒေါ်အေးအေးမာ
ဒေါ်ကြည်ကြည်မာ၊ ဒေါ်ရီလေးမာ မိသားစု
၈၄-၈၅ ကြား၊ ၃၆-၃၇ ကြား၊ မဟာအောင်မြေမြို့နယ်၊ မန္တလေး။ — ၁၀,၀၀,၀၀၀/- (တစ်ဆယ်သိန်းကျပ်)

၂။ "ဝင်း" ထာဝရငွေပင်
ဦးဝင်းကိုကို + ဒေါ်မိုးမိုး (သား) မောင်မျိုးစည်သူဝင်း၊ မောင်အောင်နိုင်ဝင်း၊
(သမီး) မဒါလီဝင်း မိသားစု
ကျောက်တားရွာ၊ စစ်ကိုင်းမြို့။ — ၁၀,၀၀,၀၀၀/- (တစ်ဆယ်သိန်းကျပ်)

www.burmeseclassic.com

www.burmeseclassic.com

၃။ "စံဟိန်း" ထာဝရငွေပင်
ဖခင်ကြီး ဦးချို့နှင့် မိခင်ကြီး ဒေါ်တင်ရွှေအား ရည်စူး၍
ဦးသန့်ဇင် + ဒေါ်သီတာချို (သမီး) ကိုပြုံးချို + မနှင်းဦးလွင်၊
မရည်မွန်အေး၊ မမေသန့်ဇင်ဝင်း မိသားစု ၁၀,၀၀,၀၀၀ိ/-
"စံဟိန်း ကွန်ပျူတာ" ဘုန်းစိုးရပ်၊ ကျောက်ဘုရားလမ်း၊ မုံရွာမြို့။ (တစ်ဆယ်သိန်းကျပ်)

၄။ "ဒေါ်အေးလီ" ထာဝရငွေပင်
ဒေါ်အေးလီအား ရည်စူး၍ ဦးအိုက်စံ + ဒေါ်နန်းရွှေစင်၊
သားသမီးမြေးတစ်စု။ ၁၀,၀၀,၀၀၀ိ/-
အမှတ် ၄၆၅၊ ၈၂ လမ်း၊ ၃၄-၃၅ ကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။ (တစ်ဆယ်သိန်းကျပ်)

၅။ "ဘိုကျင်ရီ" ထာဝရငွေပင်
ဦးဘိုကျင် + ဒေါ်ခင်ရီ မိသားစု
(သား) ဦးစိုးမင်းဦး + ဒေါ်ကေသီ(စင်ကာပူ)
(သမီး) ဦးမျိုးမင်းလတ် + ဒေါ်မြမြသီ (USA)
(သမီး) ယဉ်မင်းချော (ရန်ကုန်)
(မြေး) မေဇင်ဖွန့်လတ်၊ ခင်နှင်းစု
DUPLEX 4B သစင်လမ်းသွယ်၊ ပန်းလှိုင်လမ်း၊ ၆၅,၀၀,၀၀၀ိ/-
ရွှေသံလွင်အထူးအိမ်ရာ၊ စမ်းချောင်း။ (ခြောက်ဆယ့်ငါးသိန်းကျပ်)

၆။ "ဦးလေးကြီး" ထာဝရငွေပင်
ဦးမြင့်သိန်း + ဒေါ်ကြူကြူဝင်း(ဦးလေးကြီး ကျောင်းဝတ်စုံ) မိသားစု ၄၀,၀၀,၀၀၀ိ/-
အမှတ် ၇၀၊ ရေကျော်လမ်း၊ ပုဇွန်တောင်၊ ရန်ကုန်။ (သိန်းလေးဆယ်ကျပ်)

၇။ "မျိုးသန်း" ထာဝရငွေပင်
ဦးမျိုးသိမ်း + ဒေါ်မေသန်းဝင်း သားသမီးမြေးတစ်စု ၃၅,၀၀,၀၀၀ိ/-
၁၁/ဆ ပဏ္ဍိတလမ်း၊ ၇ ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်။ (သုံးဆယ့်ငါးသိန်းကျပ်)

၈။ "သန်းရတနာ" ထာဝရငွေပင်
ဒေါ်သန်းမြင့်(တိုယိုတာ ပလတ်စတစ်) မိသားစု ၃၅,၀၀,၀၀၀ိ/-
အမှတ် ၄(ခ)၊ သဇင်လမ်း၊ လှိုင်ရတနာအိမ်ရာဝင်း၊ လှိုင်မြို့နယ်။ (သုံးဆယ့်ငါးသိန်းကျပ်)

၉။ "ဦးတင်မြင့် + ဒေါ်နွယ်နွယ်မြင့်" ထာဝရငွေပင်
နှစ်ဖက်မိဘများဖြစ်သော ဦးစိန်ဖေ + ဒေါ်မြမေ၊ ဦးစိန်တင် + ဒေါ်စိန်ခင်၊
ခင်ပွန်း ဦးတင်မြင့်တို့အား ရည်စူး၍ ဒေါ်နွယ်နွယ်မြင့် မိသားစု ၂၅,၀၀,၀၀၀ိ/-
USA (နှစ်ဆယ့်ငါးသိန်းကျပ်)

၁၀။ "စိုးပုလဲ" ထာဝရငွေပင်
ဦးမြင့်စိုး + ဒေါ်နှင်းပုလဲ (သမီး) ဒေါက်တာ မနှင်းနှင်းဦး၊
ဒေါက်တာ စိုးစိုးစံ
(ဇနီး) မရီရီမြင့်၊ (မြေး) မောင်ဥက္ကာစိုးစံဟိန်း မိသားစု ၁၅,၀၀,၀၀၀ိ/-
စိုးပုလဲပွဲရုံ၊ ၂၉ လမ်း၊ ၈၆×၈၇ ကြား၊ မန္တလေးမြို့။ (တစ်ဆယ့်ငါးသိန်းကျပ်)

၁၁။ "မြသန်းထက်" ထာဝရငွေပင်
ဦးမြထွန်း(နိုင်ငံခြားရေး) + ဒေါ်သန်းနွဲ့ (မြေစာရင်း)နှင့် သားသမီးမြေးများ။ ၆၀,၀၀,၀၀၀ိ/-
အလုံ၊ ပထမသီရိရိပ်သာ၊ ရန်ကုန်မြို့။ (သိန်းခြောက်ဆယ်ကျပ်)

၁၂။ "သက်ဝေဦး" ထာဝရငွေပင်
ဦးသန်းဦး + ဒေါ်ခင်သက်ဝေ မိသားစု ၂၀,၀၀,၀၀၀ိ/-
အမှတ် ၁၂၊ ဘုရားလမ်း၊ တောင်ငူမြို့။ (သိန်းနှစ်ဆယ်ကျပ်)

(ဆက်လက်ဖော်ပြပါမည်)

www.burmeseclassic.com

နေ့စွဲလေးများ။ စိမ်းစိုနုသစ်ဆဲပါလား။

ထိုညက ဘယ်သူအရင်အိပ်ပျော်သွားသည်ကို ကျွန်တော် မမှတ်မိ။ သို့သော် နောက်နေ့မနက်ကျတော့ သူတို့ဆရာတပည့်က မုန့်ဟင်းခါးထုပ်တွေ လက်မှာဆွဲပြီး ကျွန်တော်တို့ကို နှိုးသည်။ ပြီးတော့ နှုတ်ဆက်စကားဆိုတော့ ကျွန်တော်တို့က လိုက်ပို့ဖို့ ပြင်ပါသေးသည်။

'ဟာ…မပို့နဲ့၊ မပို့နဲ့။ ငါက နဂိုကတည်းက သိပ်ပြန်ချင်တဲ့ကောင် မဟုတ်ဘူး။ မင်းတို့လိုက်ပို့ရင်တော့ ငါ စစ်ပြေးဖြစ်လိမ့်မယ်။ ဒီမှာ ချာတိတ်တစ်ကောင်ကလည်း ပါသေးတယ်။ သွားမယ်ကွာ။ သင်တန်းပြီးမှ တစ်ခါ ထပ်တွေ့ကြမယ်။ ရော့၊ ဒီမှာ ငါးထောင်။ ငါ့လည်း အပြန်စရိတ်လေးပဲ ကျန်တော့တယ်။ နေခဲ့ကြတော့ကွာ'

တိုးတိမ်သွားသည့် အသံအဆုံးမှာ လေးကန်စွာ လှည့်ထွက်သွားသော ငဖော့ကျောပြင်ကို ငေးငိုင်ကြည့်ရင်း ကျွန်တော်နှင့် စိုးအောင် တိတ်ဆိတ်စွာ ကျန်ခဲ့သည်။ သင်တန်းပြီးရင် ဆုံမည်ပြောခဲ့သော်လည်း မတွေ့ဖြစ်ခဲ့။ သူပေးထားသည့် ဖုန်းကို ဆက်ကြည့်လိုက်တော့ သူ့ဆရာ ဗိုလ်မှူးဆိုသူနှင့် တွေ့သည်။ အရေးကြီးကိစ္စနှင့် တပ်သို့ ပြန်သွားပြီတဲ့။

သည်လိုနှင့်ပဲ ငယ်သူငယ်ချင်းနှစ်ယောက် ပြန်လည် ဝေးကွာသွားလိုက်သည်မှာ ငါးနှစ်ငါးမိုးမက။

]at ;...
[ ldumif
yGif;Dq;ldvdhumif
rifppfxJUld
bmaMumifh
0ifvmwmvJ}
]&Gmrm
tvkyfr&Sdvdkh
q&mBuD;
q&mBuD;
x,qdkH
&xm;oH
wa0gya0guum;
[ dfkxGif
oGm;onf
wdkifynfuld
toufpGf
umuG f;ld
qdkbnf
Mb0g pum;uld
txyfxyf
reMcGifaconf

ပြန်တွေ့ကြဖို့ကျတော့လည်း ကံကြမ္မာ ဖန်လာပုံက ဆန်းဆန်းလွန်းလှသည်။

အမေက ကချင်ပြည်နယ်သူ။ ကချင်ပြည်နယ်မှာ ကျောင်းဆရာမလည်း လုပ်ခဲ့ဖူးသည်။ ထိုမှ ဧရာဝတီသားအဖေ့နောက်သို့ သျှောင်နောက် ဆံထုံးပါခဲ့ခြင်းဖြစ်သည်။ အမေ ကျန်းမာရေးကောင်းစဉ်က နမ္မတီးအထက်တန်းကျောင်း အာစရိယပူဇော်ပွဲဆီ နှစ်တိုင်းနီးပါး မရောက်ရောက်အောင်သွားသည်။ သည်အခေါက်ကတော့ အမေ့ရဲ့ ကချင်ပြည်နယ်သို့ နောက်ဆုံးခရီးဟုပင် ဆိုရလိမ့်မည်။ အသက်ကလည်း ခုနစ်ဆယ့်ခြောက်။ ခုနစ်ဆယ့်ခုနှစ်မှာ အမေ လေတစ်ခြမ်း စ,ဖြတ်သည်။

ထို နောက်ဆုံးခရီး မြစ်ကြီးနား အဆန်ရထားပေါ်တွင် တွေ့ကြုံခဲ့ရပုံကလည်း ဘဝမှာ နာနာကျင်ကျင် သတိရဖွယ်ရာ။ ရထားက မနိုင်ဝန်ထမ်းထားရသော နာတာရှည် လူမမာကြီးတစ်ဦးလိုပင်။ ကောလင်း၊ ဝန်းသိုလွန်လာသည်နှင့် ရထားပေါ် တဖြည်းဖြည်း ခြေချဖို့ ပင်ခက်လာသည်။ ကျွန်တော်တို့တွဲပေါ်တွင် သင်တန်းဆင်း ရဲဘော်လေးများနှင့် သူတို့ကို သွားရောက်ခေါ်ဆောင်သည့် သုံးရစ်ကြီးတစ်ယောက်၊ တစ်ရစ် နှစ်ယောက်နှင့် စီနီယာရဲဘော်လေးတစ်ဦးတို့ ပါလာသည်။ စုစုပေါင်းဆို အင်အား နှစ်ဆယ်ခန့်ပင် ရှိသည်။

လူက ကျပ်လာသဖြင့် တချို့ရဲဘော်သစ်လေးများ ကျွန်တော်တို့ ခုံကြားတွေထဲထိ ရောက်လာသည်။ အမေ့ကို အိပ်ခိုင်းပြီး ကျွန်တော်က ထိုင်ခုံလက်ရမ်းပေါ် တက်ထိုင်လိုက်ခဲ့သည်။ သုံးရစ်ကြီးက ရေဘူးကလေးကို စွတ်ကယ်စွတ်ကယ်သောက်ရင်း ရဲဘော်သစ်လေးများကို ဩဝါဒခြွေလာသည်။

'အေး… တစ်ခါတည်း ပြောထားမယ်နော်။ ထွက်ပြေးလို့ကတော့ မင်းတို့ အိမ်အရောက် လိုက်ပစ်သတ်မယ်။ နောက်တစ်ခါတည်း မှာထားမယ်၊ ငါတို့က ရန်သူနဲ့ တဖြည်းဖြည်း နီးလာပြီ။ ဒီတော့ ကိုယ့်ပတ်ဝန်းကျင်ကိုလည်း စိတ်ချမထားနဲ့။ ရန်သူက မင်းတို့နား အချိန်မရွေး ရောက်လာနိုင်တယ်။ ဒီတော့ သတိမပြတ်စေနဲ့။ ထွက်ပြေးဖို့လည်း မကြိုးစားနဲ့။ ထွက်ပြေးလည်း မင်းတို့ ရန်သူ့လက်ရောက်မှာပဲ။ ကြားလား'

'ဟုတ်'

'ကိုယ့်ထက်ဝါရင့်ရင်၊ ကိုယ့်ထက် ရာထူးကြီးရင် ကိုယ့်ဆရာပဲ။ သူတို့အမိန့်ကို မင်းတို့ လိုက်နာရမယ်။ ကလန်ကဆန်လုပ်ရင် ရန်သူ့အရင် မင်းတို့ ပစ်သတ်ခံရမယ်။ ကြားလား'

'ဟုတ်…'

'အေး…၊ ဟိုကောင် ပွကြီးဆိုတဲ့ကောင် မင်း စစ်ထဲကို ဘာကြောင့် ဝင်လာတာလဲ'

'ရွာမှာ အလုပ်မရှိလို့ပါ ဆရာကြီး'

ဆရာကြီး ထ,ဆဲသံက ရထားသံ တဝေါဝေါကြားဟိန်းထွက်သွားသည်။ တိုင်းပြည်ကို အသက်စွန့်ကာကွယ်ဖို့ဆိုသည့် ဩဝါဒစကားကို အထပ်ထပ် မိန့်ခွန်းခြွေသည်။ ပြီးတော့ ရထားပေါ်မှာပင် ကင်းတို၊ ကင်းရှည်များ ချပြီးတပ်ဖွဲ့ကြီး ကြံ့သလို အိပ်စက်ကြလေသည်။ ဆင်းရမည့် အမေ့ဇာတိ၊ ကျွန်တော့်ဇာတိ မိုးညှင်းမြို့လေးက နီးသထက်နီးလာပြီမို့ ကျွန်တော့်မှာတော့ နိုးတစ်ဝက်နှင့်။

အင်းတော် လွန်လာချိန်မှာ အမေ့ကို နှိုးလိုက်သည်။ အထုပ်အပိုးတွေ ပြင်ဆင်ရသည်။ အထုပ်အပိုးများက တစ်ဖက်၊ ပေါင်နှစ်ရာ

www.burmeseclassic.com

လောက် အမေအိုကိုတစ်ဖက်ဆွဲရင်း မြင်းလိုခုန်နေသည့် ရထားပေါ် တီထွေးကြီးလိုလုံးထွေး၍ အိပ်နေသူများကို ခွခက်ကျော်လွှားပြီး ဆယ့်ငါးပေခန့်ဝေးသည့် တက်ဆင်းပေါက်ဆီ သွားရမည့် အရေးက ကျွန်တော့်အတွက်တော့ မိုင်ထောင်ချီခရီး။

ရထား ဥသြသံပြောင်းသွားပြီ။ မိုးညင်းဆင်းမည့်သူများ ပို၍ လှုပ်ရှားလာသည်။ ထိုအချိန်တွင်ပင် ဆင်းမည့်သူများထဲမှ အသက်ငါးဆယ်ခန့် လူတစ်ဦးက အသံနက်ကြီးဖြင့် ဝူးဝူးဝါးဝါး ထ,အော်ကာ တက်ချက်သွားသည်။ ဘေးမှ တူမဆိုသူကလည်း သူ့ဦးလေး ဝက်ရူးပြန်ခြင်းဖြစ်ကြောင်း အငိုတစ်ပိုင်းနှင့် ပြော၍ ဝိုင်းဝန်းခြေချိုးလက်ချိုး နှိပ်နယ်ပြုစုကြရတော့သည်။ ကမ္ဘာပျက်သလိုပင်။

'လုပ်ကြပါဦး၊ မြို့ဝင်တော့မယ်။ ကျန်တဲ့လူတွေလည်း ဆင်းဖို့ရှိတယ်။ ခြေမနာနာချိုး။ မျက်ခုံးရိုးတွေ နှိုက်ပေးကြလေ'

တတ်သမျှ မှတ်သမျှ ဝိုင်းဝန်းပြုစုပေးလိုက်တော့ လူနာက ဟင်းခနဲ သက်ပြင်းရှည်ကြီးချပြီး သတိလည်ကာ ထ,ထိုင်သည်။ မျက်လုံးများက တောရိုင်းသတ္တဝါတစ်ကောင်လို စိန်းစိန်းကြီးရှိနေဆဲ။ သတိလည်လာပြီမို့ အမေ့ကိုတွဲပြီး တွန်းထိုးထွက်ချိန်မှာ အမေ့အသားတွေ တဆတ်ဆတ်တုန်နေသည်။

အမေအိုပါ၍ ရှေ့ဆုံးကနေ တွန်းထိုးထွက်လိုက်ခါမှ ဒုက္ခနှင့် တည့်တည့်တိုးတော့သည်။ တစ်တွဲလုံး ကမ္ဘာပျက်မတတ်ဖြစ်နေပေမဲ့ ငုတ်တုတ်ထိုင်ငိုက်နေသော ရဲဘော်သစ်လေး နှစ်ယောက်ကလွဲ၍ ကျန်သူများမှာ လွယ်အိတ်၊ စစ်တောင်စိမ်းကြီးများအောက် နိဗ္ဗာန်ရောက်လို့ ကောင်းနေကြဆဲ။ တံခါးပေါက်ကိုတော့ နှစ်ဖက်စလုံးက ချက်ထိုးပြီး ပိတ်ထားသည်။ သူတို့ဖယ်ပေးမှ တံခါးကို ဖွင့်လို့ရမည်။ ကျွန်တော်က ထောင်နေသော ဒူးခေါင်းတစ်လုံးကို လှမ်းကိုင်လှုပ်ပြီး နှိုးလိုက်တော့ စောင်များအောက်မှ ခပ်ထန်ထန်စကားတချို့ ထွက်ပေါ်လာသည်။ သုံးရစ်ကြီး၏ အသံ။

'ဟိုဘက်အပေါက်က ဆင်းလိုက်'

'မရဘူး။ ဘူတာက အဲဒီဘက်မှာ။ ဟိုဘက်က အမြင့်ကြီး။ ဒီမှာ သက်ကြီးပိုင်းပါတယ်။ ဝေဒနာရှင် တစ်ယောက်လည်း ပါတယ်။ ဒီအပေါက်ကဆင်းမှ ရမှာ။ ထ,ဗျာ၊ ဘူတာဝင်တော့မယ်ဗျ'

'ဟေ့ကောင်တွေ တစ်ယောက်ယောက် ထ,ပြောစမ်းကွာ၊ ဖွင့်လို့မရဘူး။ အာမီကလို့ ပြောလိုက်'

သည်းခံစိတ်က ဂိတ်ဆုံးပြီ။ ရထားကလည်း ဘူတာဝင်ဖို့ အရှိန်သတ်ကာ ဥသြဆွဲပြီ။ သည်တော့ ထောင်နေသည့်ဒူးပေါ် လွှမ်းခြုံထားသည့် စောင်ကို ကျွန်တော် ဝုန်းခနဲ ဆွဲယူလိုက်သည်။ အောက်ကလူတွေ ငေါက်ခနဲ ထ,ထိုင်ကြသည်။ တပ်ရင်းကြီးတစ်ရင်းလုံး ဖြစ်ပါစေ၊ ကျွန်တော် မမှုနိုင်။ သုံးရစ်ကြီးလည်း ငေါက်ခနဲ ဒေါသတကြီး ထ,ထိုင်ပါသေးသည်။ သို့သော် တိုးဝှေ့အိပ်ရင်း သူ့ခေါင်းပိုင်းက ထိုင်ခုံအောက် ရောက်မှန်းမသိ ရောက်နေလေတော့ ခပ်အုပ်အုပ်အသံသာ ထွက်လာပြီး လူကမူ ထွက်မလာနိုင်။ ဆောင့်မိသံက တိုးတိုးပေမဲ့ စနိုက်ပါနှင့် ကပ်အပစ်ခံလိုက်ရသလို ရှိပေရှာလိမ့်မည်။

ထိုစဉ်က ကျွန်တော့်ပုံစံက ခေတ်ဟောင်း ဖလဲဂျင်းပင်နီနှင့် ကျောလယ်လောက် ဆံရှည်နှင့် ပေါင်တစ်ရာလေး ဆယ်ကျော်။ အရက်မူးတာ လောက်ကို စာမဖွဲ့သည့် အချိန်ကာလ။ ထ,လာသူတွေကလည်း ကျွန်တော့်ကိုရော၊ ကျွန်တော့်နောက်ဘက်က အဆင်းခရီးသည်များကိုရော မြင်ပြီး ရှိန်သွားပုံရသည်။ ကြက်ပေါက်ကလေး များလို ငိုင်လို့။

သူတို့ကြား အတင်းဝင်ပြီး တံခါးချက်ကို ဖြုတ်တော့ ကျပ်နေသည်။ ဆောင်းတွင်းကြီး လက်သန်းလောက်ချက်ကလေးကို ဖြုတ်ရတော့ လက်တွေက မခံနိုင်အောင် နာသည်။ ထုစရာ၊ နှက်စရာလေး တစ်ခုခုပေးဖို့ တောင်းတော့ ရဲဘော်များက သူတို့ပြောတာ မဟုတ်သလိုပင်။ သမာဓိအား ကောင်းလွန်းလှသည်။

မနေနိုင်သည့် လူတစ်ယောက်က 'ဒါတော့ပါတယ်' ဆိုပြီး ပေးလာသောအရာကို ကြည့်လိုက်တော့ ခြောက်လက်မပိုက်လောက်နီးနီး သံတူးရွင်းစည်းကြီး ဖြစ်နေသည်။ သွပ်နန်းကြိုးများ အထပ်ထပ်စည်းထား၍ ဖြုတ်ဖို့ကလည်း မလွယ်။ ရထားကလည်း ရပ်စပြုပေပြီမို့ သံတူးရွင်းစည်းကြီးနှင့်ပဲ လက်သန်းဖျားလောက် တံခါးချက်လေးကို ရိုက်ဖြုတ်ရတော့သည်။ ဝုန်းခနဲ တံခါးပွင့်သွားတော့ အခြားတွဲမှ လူများက အောက်ရောက်လို့ လိုရာသွားကြဖို့ပင် ပြင်ဆင်နေကြပြီ။

ဝက်ရူးပြန်သူ ဦးလေး၏ တူမက ရထားပေါ်က ဆင်းတယ်ဆို ချွေးတွေရွှဲနေသည့် ကျွန်တော့်ကို တိုင်တည်ရင်း ရထားဘက်လည် ပြန်လှည့်ကာ အော်ဟစ်ကျိန်ဆဲနေလေသည်။ ကျွန်တော့် နားထဲမှာတော့ 'အာမီက' ဆိုသော စကားကိုသာ ပဲ့တင်ထပ်မျှ ကြားယောင်နေမိသည်။

မိုးညင်းရောက်သည့်နေ့ ယောက်ဖဝမ်းကွဲကြီးနှင့် ကျွန်တော် လက်ဖက်ရည်ဆိုင် သွားထိုင်ချိန်မှာ သံချပ်ကာ ကားတန်းကြီးတစ်တန်းရော၊ ခြေလျင်စစ်ကြောင်းကြီး တစ်ကြောင်းရော ချီတက်သွားသည်ကို ကျွန်တော်မြင်တော့ ရထားပေါ်ကအဖြစ်ကို ပြန်သတိရကာ ယောက်ဖလုပ်သူကို ပြန်ပြောပြမိသည်။ ကျွန်တော်က ဒေါသထွက်နေပေမဲ့ ယောက်ဖ၏ တုံ့ပြန်မှုက အေးစက်စက်နှင့်။ သည်ဘက်မှာက သည်လိုကိစ္စတွေက ရိုးနေပြီ တဲ့။

လွန်ခဲ့သော နှစ်များကထက် ကချင်ပြည်နယ်မှာ တိုက်ပွဲများ ပိုပြင်းထန်လာကြောင်း ကျွန်တော် သိနေ



www.burmeseclassic.com

www.burmeseclassic.com

သည်။ သိဆို အဝေးမှာ ရောက်နေသော်ငြား ကချင်ပြည်နယ်ကိုချစ်တော့ ကချင်ပြည်နယ်မှ စစ်မီးတောက်များ ရပ်တန့်စေချင်သူများထဲတွင် ကျွန်တော်သည် ထိပ်ဆုံးမှ မပါဝင်လျှင်တောင် အလယ်အလတ် အထက်မှာတော့ ရှိနေခြင်းကြောင့်ဖြစ်သည်။ လိုင်ဇာဘက်က စစ်သတင်းများကလည်း ကြားနေရတော့ မထိတ်သာ မလန့်သာကြီးပင်။

မိုးညင်း ဆွေမျိုးများအိမ်တွင် ငါးရက်ခန့်နေပြီး နမ္မတီး ခရီးဆက်ဖို့ပြင်တော့ တစ်ရက်ကြိုလက်မှတ်ဝယ်ရသည်။ ယောက်ဖကလည်း ကျောက်သမားတစ်ယောက်နှင့် ချိန်းထား၍ ဘူတာသို့ ကျွန်တော်တစ်ယောက်တည်း ထွက်ခဲ့သည်။ လက်ထဲမှာ ကျွန်တော့်ဝတ္ထုတိုလုံးချင်းလေး နှစ်အုပ် ကိုင်ခဲ့သည်။ ရသဝတ္ထုတိုကြိုက်သည့် မိုးညင်း ရုံပိုင်ကြီးအတွက် အမှတ်တရ မေတ္တာလက်ဆောင်။

ဘူတာထဲရောက်တော့ တစ်ဘူတာလုံး စိမ်းနေသည်။ စစ်လက်နက်ပစ္စည်းများကလည်း ဟိုမှာသည်မှာ ထိုးထိုးထောင်ထောင်နှင့် စစ်မြေပြင်ကြီးတစ်ခုဆီ ရောက်သွားသလိုပင်။ သူတို့ကို ရှောင်ကွင်းပြီး ရုံပိုင်ကြီးရုံးခန်းသွားဖို့ ပြင်တုန်းမှာပဲ ရင်းနှီးနေသလိုလို လှမ်းခေါ်သံကို ကြားလိုက်ရသည်။

‘ဟော့ကောင်··· ဟော့ကောင်’

ကိုယ့်ကိုခေါ်နေသလိုမို့ လည်ပြန်ကြည့်လိုက်တော့ စစ်ဝတ်တန်ဆာများနှင့် တစ်ကိုယ်လုံး ရှုပ်ယှက်ခတ်ကာ မည်းမှောင်နေသည့် ရဲဘော်ကြီးတစ်ယောက်။ လက်မောင်းတံဆိပ်အပေါ်မှာ အမည်းရောင်ကြယ်ကြီးများ တပ်ထားသည်။ စစ်ခမောက်ကို ချွတ်လိုက်မှ ငဇော့်ရုပ်က ဘွားခနဲ ပေါ်လာသည်။ သူ့ကိုကြည့်ရင်း ကျွန်တော် အံ့အားလည်းသင့်၊ သနားလည်း သနားသွားသည်။

‘ဟာ··· ငဇော်၊ မင့်ဥစ္စာတွေကလည်းကွာ ငါကြည့်ရင်း ပင်ပန်းလိုက်တာ။ ရဲဘော်တွေ ပေးလွယ်ခိုင်းထားလိုက်ပါလားကွာ။ မင်းအသက်လည်း လေးဆယ်ကျော်နေပြီလေကွာ’

‘မင်းကလည်း ဒီလောက်ကတော့ ဘာဖြစ်ရမှာလဲကွ။ ချာတိတ်တွေ ပေးလွယ်ရင်တော့ ရတာပေါ့ကွာ။ ဒါပေမဲ့ ငါ့ချာတိတ်တွေ ငါ မလုပ်ရက်ပါဘူး။ သူတို့မှာလည်း သူတို့ဟာနဲ့သူတို့ နည်းတာမဟုတ်ဘူး။ ဒါနဲ့ မင်းက ဒီဘက် ဘာလာလုပ်တာလဲ’

‘ငါက ဒီမြို့ဇာတိ။ အမေရောပဲ။ ခုက နမ္မတီး အာစရိယ ပူဇော်ပွဲမှာ အမေက အကန်တော့ခံဖို့ လာတာဟ။ နက်ဖြန် နမ္မတီးသွားဖို့ ခု ရထားလက်မှတ် လာဖြတ်တာ’

‘အေး ဟုတ်သားပဲ။ ငါ မေ့နေတာကွ။ ငါတို့ကတော့ မင်းသိတဲ့အတိုင်းပဲ။ စစ်ချောနဲ့လိုက်ရမှာ။ နေ့လယ်လောက်မှ လာမယ် ထင်ပါတယ်ကွာ’

‘ဟာ ဒါဆို အမေ့ကို လိုက်တွေ့ပါလား’

ကျွန်တော် သည်လိုခေါ်တော့ ငဇော့်မျက်နှာ ညှိုးကျသွားသည်။ သူ့ရဲဘော်တွေဘက် သူပြန်ကြည့်ပြီး ကျွန်တော့်ကို ခပ်တိုးတိုးပဲ ငြင်းရှာသည်။

‘ဆရာမကြီးကို လိုက်တွေ့၊ လိုက်ကန်တော့ချင်တာပေါ့ကွာ။ ဒါပေမဲ့ ဒီမှာလည်း မင်းတွေ့တဲ့အတိုင်းပဲ။ ဘယ်လောက်ထိန်းထိန်း အသောက်အစားလေးက ခိုးဝှက်ပြီး လုပ်ကြတာပဲကွ။ ရှေ့ခရီးကလည်း မင်းသိတဲ့အတိုင်းပဲလေ။ ပွဲက ကြမ်းချင်ကြမ်းမှာ။ ဒီတော့ ဒီအချိန်လေး မသိချင်ယောင်ဆောင်ပြီး ထိန်းနေရတာပဲကွာ။ ဒါပေမဲ့ လက်ဖက်ရည်ဆိုင်တော့ ထိုင်ကြမယ်ကွာ။ ကဲ···မင်း လက်မှတ်ကိစ္စ အရင်လုပ်။ ငါ စောင့်နေမယ်’

ရထားလက်မှတ်က သိပ်မခက်ခဲ။ သို့သော် ရုံပိုင်ကြီးကို မူလ ပေးဖို့ ရည်မှန်းထားသည့် စာအုပ်နှစ်အုပ်ထဲမှ တစ်အုပ်ကို ချန်ထားလိုက်သည်။ ငဇော်နှင့်အတူ လက်ဖက်ရည်ဆိုင်ရောက်သည်။

‘ရော့···ဟော့ကောင်၊ ဒါ ငါ့ဝတ္ထုတိုလေးတွေစုပြီး လုံးချင်း ထုတ်ထားတာ။ တခြား ဘာလက်ဆောင်ပေးရမှန်းလည်း မသိဘူး။ အေး··· တစ်ခုတော့ ပြောလိုက်မယ်နော်။ အချစ်အကြောင်းတွေတော့ မဟုတ်ဘူး။ တချို့ကိစ္စတွေမှာ မင်းတို့လူကြီးတွေ ကြိုက်ချင်မှ ကြိုက်မှာ။ တော်ကြာ ဟိုလူဖတ်၊ ဒီလူဖတ်နဲ့ ရှုပ်ကုန်ရင် နေရင်းထိုင်ရင်း မင်းက ပဲလှော်ကြားဆားညပ်နေဦးမယ်’

‘ညပ်တော့လည်း ညပ်ပေါ့ကွာ။ မင်းတို့ မဟုတ်တာ မရေးဘူးဆိုတာတော့ ငါယုံတယ်။ မင်းအတွက် ငါ ဂုဏ်ယူတယ်ကွာ’

‘ဒါနဲ့ ဟော့ကောင်၊ မင်း အိမ်နဲ့ရော အဆက်အသွယ်ရရဲ့လား၊ နေရော ကောင်းကြရဲ့လား’

‘ရတာပေါ့ကွာ။ ငါလည်း မေးဦးမယ်။ မင်းရော မိန်းမ မရသေးဘူးလား’

‘ဟ···ငါလည်း မင်းလိုပဲပေါ့ကွာ၊ ဟားဟားဟားဟား’

သူ့ငယ်ချစ် မခူးဆွတ်နိုင်ခဲ့သည့် စံပယ်တင်မှုံ့လေးအကြောင်း ကျွန်တော်က သိထားတော့ သူ့မှာ ရုက်ပြုံးလေးနှင့်။ ရောက်တတ်ရာရာများ ပြောဆိုနေတုန်းမှာ အနားက ဖြတ်သွားသည့် ရဲဘော်လေးများက ကျွန်တော်တို့နှစ်ယောက်ကို အကြည့်တစ်မျိုးဖြင့် ကြည့်ကြည့်သွားကြသည်။ ကျွန်တော်တို့ကလည်း သူတို့ကြည့်ချင်စရာ။ တစ်ယောက်က ဂျင်းဘောင်းဘီဒူးပြဲနှင့် ဆံရှည်။ တစ်ယောက်က စစ်ရိပ်စစ်ငွေ့များ လွှမ်းခြုံထားသည့် စစ်သားစစ်စစ် အရာခံဗိုလ်ကြီး။

‘ဘဒွေး ဆေးပေါ့လိပ်လေးရှိရင် ပေးပါဦး’

နောက်ဘက်က အသံကြားလို့ လှည့်ကြည့်လိုက်ရင်တော့ မျက်နှာနီစပ်စပ်လေးဖြစ်နေသည့် ရဲဘော်လေးတစ်ယောက်။ အခြေအနေကြည့်ရုံနှင့် ကျွန်တော်သိသည်။ ငဇော့်ထံ ဆေးလိပ် လာ



www.burmeseclassic.com

www.burmeseclassic.com

တောင်းနေသည်။

'မင်း ပိုက်ဆံတွေက ဘယ်ရောက်ကုန်ပြီလဲ ခွေးမသားလေးတွေ၊ ပြီးမှ မင်းတို့ငါနဲ့တွေ့မယ်။ ရော့ရော့၊ ယူပြီး သွားတော့။ ငါ ဒီမှာ ဧည့်သည်နဲ့ စကားပြောနေတယ်'

ငဇော်က ဆေးပေါ့လိပ်လေး နှစ်လိပ် ထုတ်ပေးတော့ မျက်နှာနီလေးနောက်တွင် ပါလာသည့် ရဲဘော်လေးတွေကလည်း သူ့ကျပေးတယ်၊ ငါ့ကျပေးတယ်နှင့် ငဇော့်ထံ ဝိုင်းတောင်းတော့ ငဇော့်ခမျာ ဆဲရင်းဆိုရင်းနှင့်ပင် ထုတ်ပေးရတော့သည်။

ငဇော့်ကို သူတို့ခေါ်သည့် နာမ်စားကို ကျွန်တော်ပြက်ပြက်ထင်ထင်သတိထားမိသည်။ ဘကြီးတဲ့။ အဖေကြီးတဲ့။ အန်ကယ်ကြီးတဲ့။ မိတ္တူများပွားလို့ရရင် စစ်တပ်ထဲမှာ ငဇော်လို ကောင်မျိုးချည်း ရှိနေစေချင်သည့်ဆန္ဒကျွန်တော့်ရင်မှာ ဖြစ်ပေါ်မိသည်။ သည်ဆန္ဒနှင့်အတူ နောက်ဆန္ဒတစ်ခုလည်း ထပ်ဖြစ်လာ၍ ကျွန်တော်က ရထားပေါ်မှာ ဆုံခဲ့သည့် သုံးရစ်ဆရာကြီးအကြောင်း ပြောပြတော့ ငဇော်က နားထောင်ရင်း ခေါင်းတညိတ်ညိတ်နှင့်။ စကားဆုံးတော့ သူက သက်ပြင်းလေးတွဲ့စွာချရင်း ကျွန်တော့်ကို စကားဆိုသည်။

'အေးကွာ၊ မင်းမလည်း ကြုံကြုံဖန်ဖန် အာမိကကောင်နဲ့ချည်း တွေ့နေတာပဲ။ သူငယ်ချင်းရာ အဲဒီကောင်မျိုးတွေလို ငါ ဘယ်တော့မှ မဖြစ်စေရပါဘူးကွာ။ ငါ့အကြောင်း မင်းလည်း သိပါတယ်'

'အဲဒါတွေထားကွာ၊ မင်းကအခု အရာခံဗိုလ်လည်း ဖြစ်ပြီ။ လူလည်း ငယ်တော့တာမဟုတ်ဘူး။ စစ်တိုက်ဖို့ချည်း စဉ်းစားမနေနဲ့တော့ဟ။ သူများတွေ ဘာအဆင့်မှ မရှိဘူး။ ဒါပေမဲ့ အထိုင်ကောင်းတော့ ထောနေပြီ'

'တော်ပါကွာ။ မင်းပြောတာတွေ ငါနားလည်ပါတယ်။ ငါက အဲလိုတွေ မလုပ်တတ်ပါဘူး။ ရှေ့တန်းမှာ ငတ်အတူ ပြတ်အတူ တကယ့် ရဲဘော်ရဲဘက်စိတ်မျိုးနဲ့ နေရတာပဲ ငါပျော်တယ်။ ရှုရတဲ့လေကအစ ပိုသန့်ရှင်းသလိုပဲကွ။ ရှေ့တန်းမှ မလိုက်နိုင်ရင် ဥပမာ ဆေးပင်စင်တို့၊ လုပ်သက်ပင်စင်တို့လိုဟာမျိုးပေါ့ကွာ၊ တပ်ကနေ တစ်ခါတည်း ထွက်မယ်။ စစ်မှုထမ်းသက်ကလည်း နောက်သုံးလေးနှစ်ဆို ပြည့်ပြီ။ မင်းပြောသလို ပျော်မလားလို့ သွားလုပ်ဖူးတယ်။ ငါနဲ့ မဖြစ်ပါဘူးကွာ။ အားလုံးက ကျားတွေချည်းပဲ။ ငါက စာက သိပ်မတတ်၊ လူက အ,နဲ့ စားဖို့ထက် လျော်ရဖို့က ပိုများတယ်။ လျော်ရတာ အကြောင်းမဟုတ်ဘူး။ နာမည်ပျက်ကြီး ကျန်ခဲ့မှာ။ ပြီးတော့ကွာ စစ်သားကွ။ စစ်မိန့်ကိုပဲ လိုက်နာချင်တယ်။ သေသေကျေကျေကွာ။ ဟိုမျက်နှာချိုသွေးရ၊ ဒီမျက်နှာချိုသွေးရနဲ့ နေရတာမျိုး ငါမုန်းတယ်'

သူ့စကားအဆုံးမသတ်ခင်မှာပဲ ခရာတွတ်သံ စူးရှစွာထွက်ပေါ်လာသည်။ ငဇော့်ခန္ဓာကိုယ် တောင့်ခနဲဖြစ်သွားသည်။ ခုံပေါ်က ကျွန်တော့် စာအုပ်ကို သူ့ဘေးလွယ်အိတ်ထဲ တယုတယ ထည့်သည်။ ပြီးတော့ ကျွန်တော့်ကို တောင်းပန်သလိုကြည့်ရင်း စကားဆိုသည်။

'ကဲ… ဒီတစ်ခါလည်း ငါကပဲ အရင်သွားဖို့ နှုတ်ဆက်ရဦးမှာပဲ။ ဆရာမကြီးလည်း ငါ ကန်တော့လိုက်ပါတယ်လို့ ပြောပေး။ တစ်ခုခုလေးတောင် ဝယ်ပေးလိုက်ဖို့ အချိန်မရတော့ဘူးကွာ။ သွားမယ် ငဝင်းရေ တပ်ကထွက်မှပဲ တို့တွေ ဟိုတစ်ခါ သင်္ကြန်တုန်းကလို တွေ့ကြမယ်ကွာ'

'သွားသွား…သူငယ်ချင်း။ အန္တရာယ်ကင်းပါစေကွာ။ ဟော့ကောင် ငဇော်၊ စာအုပ်ထဲမှာ ငါ့ဖုန်းနံပါတ်ပါတယ်၊ ဆက်ကွာ'

လက်ဖက်ရည်ဆိုင်ထိုင်ရင်း ငဇော်တို့လုပ်သမျှ၊ ကိုင်သမျှကို ကျွန်တော် လိုက်ကြည့်နေမိသည်။ စစ်ချောရထားက ငဇော်ပြောသလို မဟုတ်ဘဲ စောဝင်လာသည်။ အတော်ဟောင်းနွမ်းနေသည့် လူစီးတွဲများပေါ်မှာ စစ်သည်အပြည့်နှင့်။ အစိမ်းနှင့်အစိမ်း ရောသွားပြီး ငဇော့်လည်း ကျွန်တော် ရှာမရတော့။ ဘူတာထဲ ကျွန်တော်နှင့် ရထားစောင့်နေသည့် ခရီးသည်အချို့သာ ကျန်ခဲ့ချိန်မှာ ရထားက ဥသြဆွဲပြီး ဘီးစလိမ့်ပြီ။ စစ်မြေပြင်ဆီ ထွက်ခွာသွားသည့် လူငယ်လူရွယ်စစ်သည်လေးများကို မြင်ရပြန်တော့လည်း ကျွန်တော့်ရင်ထဲမှာ မကောင်းလှ။ အသွားမဟုတ်ဘဲ အပြန်သာဆို မည်မျှကောင်းလိမ့်မည်လဲ။

'ဟော့ကောင် ငဝင်း… ဟော့ကောင် ငါဒီမှာ။ သွားပြီဟေ့။ ဆရာမကြီးလည်း ပြောလိုက်'

တွဲတစ်တွဲ၏ ပြတင်းပေါက်မှ အတင်းတိုးထွက်ကာ အော်ဟစ် လက်ပြနှုတ်ဆက်တဲ့ ငဇော်ကို ကျွန်တော်ပြန်လက်ပြတော့ သူတို့တွဲထဲက ရဲဘော်လေးတွေရော၊ အခြားတွဲများမှ ရဲဘော်လေးများကပါ ကျွန်တော့်ကို ဝိုင်းလက်ပြကြသည်။ 'အိမ်ပြန်ရောက်ကြပါစေကွာ'လို့ ဆုတောင်းရင်း ရထားတွဲကြီးချိုးကွေ့ပျောက်ကွယ်သွားချိန်အထိ ငေးမောကြည့်နေမိတော့သည်။

စစ်ခွေးသွားစိပ်ကြီးများ၏ ကြိတ်ဝါးသံက ပို၍ကျယ်လောင်လာသည်။ သွေးစီးကြောင်းများ၊ မျက်ရည်များဖြင့် ပျစ်ခဲစွန်းထင်းနေသော စစ်ငရဲတွင်းနက်ကြီးထဲ ငိုကြွေးညည်းတွားသံများနှင့် ကျားကန်ထားရသော နာကျင်ကြေကွဲဖွယ် အသရေမဲ့ လူသားဘဝများ။ ကျိန်စာဆိုးကြီး သင့်နေသည့်နှယ်။ ငြိမ်းချမ်းရေး တောင်းဆိုပွဲကြီးများ၊ ငြိမ်းချမ်းရေး ဆုတောင်းပွဲကြီးများ နိုင်ငံအနှံ့မှာ ခြိမ့်ခြိမ့်သဲ ကျင်းပလေ စစ်ပွဲရေချိန်က စိုးရိမ်ရေမှတ်အထိ ရောက်လာလေ။

အချိန်ယန္တရားကြီးကား တရွေ့ရွေ့။

❑



www.burmeseclassic.com

www.burmeseclassic.com

မိုးရေချိုးပြီးခါစ စိမ်းစိုနုသစ်နေသော ပျိုးစပါးခင်းကြီးကို နောက်ခံထားပြီး လေထဲ တဖျပ်ဖျပ်လူးလွန့်နေသော အနီရောင် ဘောကန်ဘောင်းဘီလေးကို ကြည့်ကာ မည်မျှကြာအောင် လွမ်းမောနေမိသည် မသိ။

အိမ်ရှေ့ဘက်ဆီမှ လူသူသံသဲ့သဲ့ကြား၍ လှမ်းကြည့်လိုက်တော့ ဦးလေး ဦးသန်းညွန့်တို့မိသားစု ရောက်လာပြီဖြစ်သည်။ တစ်ချိန်က ပိန်လှီသေးကွေးလှသည့် အေးသန်းက ခုတော့ သားသမီးသုံးယောက်မိခင် ဝတုတ်လေးဖြစ်နေပြီ။ ကိုသက်က မအေတူ၊ အဖေကွဲညီ ငစိုးတစ်ယောက် အရက်ကြောင့် ဆုံးပါးသွားပြီးကတည်းက အရက်ဖြတ်လိုက်တော့ စိုစိုပြည်ပြည်နှင့်။ သူက အစိုးရဘဏ်မှာ ညစောင့် ဝင်လုပ်နေပြီး အခုကျွန်တော် ညအိပ်တည်းခိုသည့် တဲအိမ်အိုဟောင်းလေးမှာ တစ်ကိုယ်တည်း နေထိုင်နေသည်။ ဦးလေးဦးသန်းညွန့်ကတော့ အေးသန်းအိမ်မှာနေလိုက်၊ တရားစခန်းဝင်လိုက်နှင့်တဲ့။ ညကတည်းက ကိုသက်ပြောပြထား၍ သူတို့မိသားစုအကြောင်းကို သိသင့်သလောက် သိထားပြီးဖြစ်သည်။

မြေးအကြီးကောင်လေး တွဲပြီး ဖြည်းလေးစွာလှုပ်ရှားနေသည့် ဦးလေးဦးသန်းညွန့်ကို မြင်တော့ ရင်ထဲမကောင်းလှ။ ငယ်ဘဝကိုလည်း ပိုပြီး မြင်ယောင်လွမ်းဆွတ်မိသည်။ အကြည့်စူးစူးနှင့် ရီးသားသည့် မျက်လုံးအစုံမှလွဲ၍ ဖျတ်လတ်သန်စွမ်းသည့် တစ်ချိန်က ပုံရိပ်များက ဦးသန်းညွန့်ကို စွန့်ခွာသွားလေပြီ။

ဦးသန်းညွန့်လက်ထဲ ကြွပ်ကြွပ်အိတ်လေးနှင့် ထုပ်ကိုင်ထားသည့် အထုပ်လေးကိုမြင်တော့ ကျွန်တော့်ရင်ထဲ လှုပ်ခနဲဖြစ်သွားသည်။

အို… ဦးလေးသန်း ကျွန်တော့်စာအုပ်လေး ယူလာပါလား။ ကျွန်တော် စာအုပ်လေးကို ကြည့်နေမှန်းသိတော့ ဦးလေးသန်းက စာအုပ်လေးကို လက်ဖဝါးနှစ်ဖက်နှင့် ဖွဖွလေးပွတ်သပ်ရင်း စကားဆိုလာသည်။

"ပထမတော့ကွာ ငါတို့ကလည်း အကျဉ်းရုံးလေးလုပ်တာ။ မင်းကိုလည်း အလုပ်တွေဘာတွေ ရှုပ်နေမလားဆိုပြီး မပြောတော့ဘူးထားတာပါကွာ။ ဒါပေမဲ့ မင်းသူငယ်ချင်းက ငါ့ဆီ ဖုန်းဆက်တိုင်း မင်းအကြောင်းက မပါမဖြစ်ကွာ။ မင်းပေးတဲ့စာအုပ်လေးအကြောင်း ခဏခဏကိုပြောတော့ မင်းပြောတာနဲ့ အဖေလည်း ဖတ်ချင်တယ်၊ ပို့ပေးစမ်းကွာဆိုတော့ ရှေ့တန်းကနေ မရောက်ရောက်အောင် ပို့ပေးရတာတယ်။ သူ့ကိုယ်စား မင်းစာအုပ်လေးပြန်ရောက်လာတယ်ပဲ ပြောရမှာပေါ့"

ဦးလေးသန်းကိုတွဲပြီး ဘုရားကြီးကျောင်းမုခ်ဦးဘက်ဆီ ဖြည်းဖြည်းလေးလေးပဲ လျှောက် လာခဲ့ ကြသည်။ ငယ်ကျောင်း၊ ငယ်ဆရာတော်ထံမှာပဲ ဖေ့အတွက် ကောင်းမှုကုသိုလ်လေးလုပ်ပြီး အမျှအတန်း ပေးဝေတော့မည်တဲ့။ မောပန်းနေသည့်ကြားကပဲ စကားကို ဆက်ပြန်သည်။

"ဒါနဲ့ပဲ မောင်ဝင်းကိုတော့ မဖိတ်လို့ မကောင်းဘူးဆိုပြီး မောင်သက်ကို မနေ့က ဖုန်းဆက်ခိုင်းလိုက်တာ။ ဖုန်းနံပါတ် မပြောင်းလို့ တော်သေးတာပေါ့ကွာ။ မင်းရောက်အောင်လာလို့ ကျေးဇူးတင်လိုက်တာ ငါ့တူရာ။ ဦးလေးသန်းတို့က မျက်နှာမွဲတွေကွ"

"ရောက်အောင်လာရမှာပေါ့ ဦးလေးသန်းရာ။ ကျွန်တော်တို့က ငယ်သူငယ်ချင်း အရင်းတွေပဲဥစ္စာ။ ဦးလေးရာ… မနေ့က ကိုသက် ဖုန်းဆက်လို့ ဖေ့သတင်း ကြားရပြီးကတည်းက ကျွန်တော် တော်တော့်ကို စိတ်မကောင်းဖြစ်ခဲ့ရတာပါ"

ဦးလေးသန်းလက်ကို တင်းတင်းဆုပ်ပြီး ကြေကွဲရနံ့ဆွတ်သော အားပေးစကားဆိုဖို့ ကျွန်တော်ပြင်မိသည်။ သို့သော် ဦးလေးသန်း အံကြိတ်ပြီး ပြောလိုက်သည့် စကားတစ်ခွန်းက ကျွန်တော့်ရင်ကို တိုးလျှိုးပေါက် ထိုးဖောက်လို့သွားသည်။ သွားကြားထဲက တိုးထွက်လာသည့် လေသံဖြင့် တိုးတိုးလေးပြောပေမဲ့ ကျွန်တော့်ရင်ထဲ ပဲ့တင်ထပ်မျှ မြည်ဟည်းလို့သွားသည်။

"စစ်သားပဲကွာ" တဲ့။ ကြက်သီးမွေးညင်းတို့ ဖျဉ်းခနဲ။

ရှေ့မှာကြားခဲ့ဖူးသော အာမီကတို့ ဘာတို့နှင့် လားလားမျှမဆိုင်။ လိပ်ပြာလုံလွန်းလှသည်။ လေးနက်ရဲရင့်လွန်းလှသည်။ ခမ်းနားလွန်းလှသည်။

ဆော့ပြေးကစားခဲ့ရာ ညောင်ပင်အိုကြီးအောက်မှ အဖြတ် ညောင်ညိုရွက်ကြွေလေးတစ်ရွက်က ကျွန်တော့် ဝဲဘက်ပခုံးဖျားကို လာတို့ခတ်သည်။ ဖေ့ဝိညာဉ်လေများလား။

ဟိုးထန်းပင်တန်း အဆုံး ဆောင်းစပါးပျိုးခင်းကို အနားသတ်ထားသည့် ကြခတ်ဝါးရုံတောတန်း၊ ကျွန်တော်တို့ရှိရာ ညောင်ညိုပင်အိုနှင့် ရေညှိတက်နတ်လမ်းလေးထက်တွင် ဖေ့ဝိညာဉ်က ဆောင်းလေနှင့်အတူ ပြေးဆော့လွန့်လူးနေလေမည်လား။

ညောင်ညိုရွက်ကြွေလေးကို ဖေ့ဝိညာဉ်အလားမှတ်ထင်ကာ မြေမခ,ခင် လက်နှင့် အသာဖမ်းယူကာ ဘေးလွယ်အိတ်ထဲ မကျိုးမကြေအောင် ဖွဖွလေး အသာထည့်မိသည်။

လူသူကင်းရှင်းကာ ချုံနွယ်များ ထူပိတ်နေသော တစ်ချိန်က အတူသွားလာခဲ့ဖူးသည့် ရေညှိတက်နတ်လမ်းလေးက မိုးရေစွတ်ကာ နက်ပြောင်နေသည်။ ရေညှိကင်းသည့် နတ်လမ်းအလယ်လူလျှောက် လမ်းရာလေးအတိုင်း လျှောက်ဝင်လာတော့ အိပ်မက်ထဲ လမ်းလျှောက်နေရသလိုပင်။

၄က်ကလေးများ၏ ကျည်ကျည်ကျာကျာ မြူးထူးပျော်ပါးနေသံကို ထာဝရပျောက်ဆုံးသွားခဲ့ပြီဖြစ်သော ငယ်ဘဝ ရယ်မောသံလေးများလားဟု ထင်မှတ်မှားမိသည်။ ■

အရှုတ္တ



www.burmeseclassic.com

www.burmeseclassic.com


စာပေနှင့်ပုံနှိပ်လုပ်ငန်း

စာအုပ်အမျိုးမျိုးကို စာမူပေးပြီးပါက စာအုပ်ဖြစ်သည် အထိ တာဝန်ယူ လုပ်ဆောင်ပေးပါသည်။

- Calendar
- Table Calendar
- File Holder
- Pamphlet
- Box
- Booklet
- Name Card
- Voucher
- Letter Head
- Lable အမျိုးမျိုးကို စိတ်တိုင်းကျ အရည်အသွေး ပြည့်ဝစွာ ဆောင်ရွက်ပေးနေပါသည်။

ကော်ကပ်ချုပ်စက်ဖြင့် စာအုပ်အမျိုးမျိုးကို ချုပ်လုပ်ပေးပါသည်။

အမှတ်(၁၃၃)၊ လမ်း(၄၀)၊ ကုန်သည်နှင့် မဟာဗန္ဓုလလမ်းကြား၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၃၉၈[illegible]၂၀


www.burmeseclassic.com

www.burmeseclassic.com

*စာမျက်နှာ(၁၉၁)မှ…*

*တတ်ကရတွေပဲ။ မှားနေတယ်ဆိုတာ သိနေလျက်နဲ့ ကျွန်တော် ဒီထဲမှာ ဆက်ရှိနေခဲ့တာကတော့ ဘာမှမသိတဲ့ ကိုးကွယ်သူတွေကို ကာကွယ်ပေးချင်တာရယ်၊ အစဟာလလည်း အရင်လို အခြားသူတွေကို ငဲ့ညှာစဉ်းစားပေးတတ်သူအဖြစ် ပြန်ဖြစ်လာမလားဆိုတဲ့ ဝိုးတဝါး မျှော်လင့်ချက်လေး ရှိနေတာရယ်ကြောင့်ပဲ။ တဖြည်းဖြည်းနှင့် ထင်ရှားစိုင်းအပြုအမူတွေ စ,လုပ်လာကြတဲ့ အိနောအုအဲ၊ မူလအီ၊ နီအိမိတို့က တစ်ဟုန်ထိုး ရူးသွပ်သွားလိုက်ကြတာ။ အဲဒီအခြေအနေက အတော်ကြီးကို ကြောက်စရာကောင်းလွန်းတာ။ အခုပြန်စဉ်းစားကြည့်လိုက်ရင် အဲဒီအချိန်က အမြဲတမ်း စိတ်သောကတွေနဲ့ နေနေခဲ့ရတာ။ ဒီလိုနဲ့ ကိုယ်တိုင်လည်း ပြစ်မှုကျူးလွန်မှုတွေမှာ ပါလာတယ်။ ရှောင်ထွက်ပြေးဖို့ ကြိုးစားကြတဲ့ အပေါင်းအဖော်တွေ အသတ်ခံရတာ မြင်ရတော့ ဒီလိုအချိန်မှာ ထွက်ပြေးမယ်ဆိုရင် မိသားစုတွေ၊ အသိမိတ်ဆွေတွေကို သေချာပေါက် ဒုက္ခပေးမိမှာလည်းဖြစ်၊ ကိုယ့်ကိုယ်ကိုလည်း ဘယ်တော့များ အသတ်ခံရမလဲဆိုပြီး အဲဒါကိုပဲ ကြောက်နေခဲ့ရတာ။ ဒါပေမဲ့ ဘယ်လိုပြောရမလဲ။ အဲလိုမနှစ်မြို့စရာ အခြေအနေထဲမှာ အတော်ကြီးကို နေသားကျလာတာကြောင့် ကြောက်တဲ့စိတ်ဆိုတာက ဖြစ်ရိုးဖြစ်စဉ် ကိစ္စလိုဖြစ်လာ၊ နေ့တိုင်းနေ့တိုင်း တစ်ခုမဟုတ်တစ်ခုဖြစ်နေပြီး လုပ်ကြံမှုကြီး မတိုင်ခင် ရက်တွေဆို အိပ်တယ်ဆိုတာ သိပ်မရှိခဲ့ဘူး။ ခဏတာ အိပ်တယ်ဆိုရုံလေးပဲ။ အဖွဲ့လိုက်လှုပ်ရှားမှုတွေနဲ့ ပင်ပန်း၊ အချင်းချင်းကလည်း စောင့်ကြည့်နေကြတယ် ဆိုရမလား။ အဲလိုအခြေအနေထဲမှာ တခြားရွေးချယ်မှုကို စဉ်းစားဖို့ အချိန်ဆိုတာ မရှိခဲ့သလိုပဲ)*

ကျွန်မ ၁၄ နှစ်ကြာ ပတ်သက်ဆက်သွယ်ရင်းနှင့် အမှုအကြောင်းနှင့် အိုအုမဂိုဏ်းအကြောင်း တစ်ပိုင်းတစ်စချင်း မေးကြည့်နေခဲ့ပါသည်။ အခု ဒီနေရာတွင် ရေးထားသည်များသည် ထိုအပိုင်းအစများကို ပေါင်းစပ်တွဲဆက်ထားခြင်းပင် ဖြစ်သည်။

ဟာယရှိစံက ဘာကြောင့် ဒီလုပ်ကြံမှုကြီးဖြစ်လာသလဲ၊ ဘာဖြစ်လို့ ဆာရင်းဓာတ်ငွေ့တွေ ပက်ခဲ့ကြတာလဲ ဆိုတာကို တစ်ချိန်လုံး စဉ်းစားကြည့်တယ်။ အမြင်ပြောင်းပြောင်းပြီး ရှုထောင့် အမျိုးမျိုးကနေ အဲဒီအချိန်တုန်းက ကိုယ့်ကိုယ်ကို ထပ်တလဲလဲ ပြန်သုံးသပ်ကြည့်နေခဲ့တယ်။ နောက်တော့ ထွက်ပေါက်မရှိ ပိတ်မိသာ နေတော့တယ်။ ဘယ်လိုလုပ်ရင် ဒီကိစ္စကြီးကို တားဆီးနိုင်မလဲ ဆိုတာနဲ့ ပတ်သက်လို့တော့ အကြိမ်ကြိမ် စဉ်းစားပေမဲ့လည်း ဘယ်အဖြေမျိုးကမှ ကျေနပ်စရာ မရှိဘူး။ ဘယ်လိုပြောပြော ဆင်ခြေတွေပဲလို့သာ ထင်ကြမှာ။ အဲဒီအချိန်တုန်းက ကိုယ့်ကိုယ်ကို ဆင်ခြေတွေပေးပြီး လုပ်လာခဲ့တာကြောင့် အခုဒီအချိန် ပြန်စဉ်းစားမိတဲ့အခါလည်း ဆင်ခြေချည်းသာ ဖြစ်နေတော့တယ်ဟု ဆိုသည်။

❑

## လူတွေကို ကြည့်တတ်တဲ့ အမြင်မရှိဘူး

*(အရင် ဒီဂိုဏ်းကို ကိုးကွယ်တဲ့သူတွေဆီက အမှတ်မထင် ပွင့်ထွက်လာတဲ့ စကားကို အခုထိ ရင်ထဲမှာ ရှိနေတုန်းပဲ။ "အိုအုမဆိုတာ နုပျိုတဲ့လူငယ်လေးပဲ" တဲ့။*

*မီဒီယာတွေက ရေးကြပြောကြတဲ့ အိုအုမ တရားအစစ်အမှန် ဆိုတာက မီဒီယာတွေက ဖြစ်စေချင်တဲ့ အယူဝါဒပဲ။ အဲဒါကတော့ အရင်ယုံကြည်ကိုးကွယ်သူတွေဆီက တိုက်ရိုက်ကြားခဲ့ရတဲ့ အကြောင်းပါ။*

*၁၉၈၀ ပြည့်နှစ်တွေမှာ အိုအုမ ဘာသာရေးအယူဝါဒက ဂျပန် လူ့အဖွဲ့အစည်းထဲမှာ အကြောင်းကြောင်းကြောင့် လိုက်လျောညီထွေ နေဖို့ခက်တဲ့ လူငယ်တွေကို လက်ခံပေးတဲ့ နားခိုရာ နေရာဖြစ်ခဲ့တယ် ထင်တယ်။ ၁၉၅၀-၆၀ ပြည့်နှစ်တွေမှာတော့ လေပွေမွှေသွားတဲ့ ကျောင်းသားလှုပ်ရှားမှု၊ အဲဒီခံစားမှုနဲ့ နီးစပ်တဲ့ လူငယ်ဘဝရဲ့ ကြမ်းတမ်းမှုတွေကို ကိုယ်တိုင် အတွေ့အကြုံယူလို့ရတဲ့ နေရာအဖြစ် တည်ရှိနေခဲ့တာများလားလို့။*

*အစဟာလဟာ အဲဒီအစတုန်းက ဂျပန် လူ့အဖွဲ့အစည်းရဲ့ အမြင်တွေ တန်ဖိုးထားမှုတွေကို ဆန့်ကျင်ကန့်ကွက်ပြီး ယုံကြည်သူ တစ်ဦးချင်းစီရဲ့ သောကဆင်းရဲတွေကို လက်ခံပေးပြီး "မင်းတို့ မှန်တယ်" ဆိုပြီး သူတို့ဘက်ကနေ ပြောပေးတတ်တဲ့ အစ်ကိုတစ်ယောက်လို အနေအထား ဖြစ်ခဲ့တာပါ။ တရားတွေ ကျင့်ကြံအားထုတ်ပြီး လူ့အဖွဲ့အစည်းကြီးကို ပြောင်းလဲပစ်မယ်ဆိုတဲ့ ဟောပြောချက်တွေကို သဘောကျပြီး ရောက်လာကြတဲ့ သူတွေရဲ့ ရည်မှန်းချက်က တစ်ယောက်နဲ့တစ်ယောက် မတူညီမှု၊ စိတ်ဓာတ်လှေကျင့်မှု အတိုင်းအတာ၊ မိမိရဲ့ လက်ရှိအမှန်ကနေတစ်ဆင့် တစ်နည်းနည်းနဲ့ ကမ္ဘာကြီးကောင်းလာရင် ကောင်းမှာပဲဆိုတဲ့ မျှော်လင့်ချက် ထားနေကြတယ်လို့ ထင်တယ်။ ယုံကြည်သူတွေ ကာကွယ်စောင့်ရှောက်ချင်ကြတာက အစဟာလမဟုတ်ဘဲ သူတို့မျှော်လင့်ထားကြတဲ့ လူငယ်တွေရဲ့ အိပ်မက်တွေပဲ ဖြစ်ခဲ့ကြလိမ့်မယ် ထင်ပါရဲ့။*

*ဘာသာရေးဂိုဏ်း ပိုကြီးလာတာနဲ့ အစဟာလဟာ လက်နက်အင်အားနဲ့ နိုင်ငံကို ပြောင်းလဲပစ်ဖို့ စိတ်ကူးလာပြီး အိုအုမကို ယုံကြည်ကိုးကွယ်တဲ့ နိုင်ငံတော်ကြီး တည်ထောင်မယ်လို့ တရားဆွယ်လာပါတော့တယ်။ ဒါပေမဲ့ ဒီလိုပြင်းထန် အစွန်းရောက်တဲ့ တရားကို ဟောတာကတော့ သူ့တပည့် တစ်စိတ်တစ်ပိုင်းလောက်ကိုသာ ဟောတာပါ။ အခြားယုံကြည် သူတွေကိုတော့ ဘာသာရေးအကြောင်း၊ မေတ္တာ ကရုဏာတရားကိုသာ ဟောခဲ့တာပါ။ သာမန် ကိုးကွယ်သူတွေက အစဟာလ ညွှန်ကြားတဲ့ ဆိုးရွားလွန်းတဲ့ လုပ်ကြံမှုကြီးကို သဘောပေါက်နားလည်ဖို့ မဖြစ်နိုင်ပါဘူး။*

*လူဆိုတာ ကိုယ်ယုံကြည်တဲ့အရာကို ယုံကြည်ချင်နေတာပဲ။ ယုံကြည်နေတယ်လို့ပဲ မြင်ချင်ကြတာပါ။*

*အစဟာလကို ဘယ်လိုမြင်လဲဆိုတာ တစ်ဦးစီ တစ်ဦးစီရဲ့ အဖွဲ့အစည်းထဲမှာရှိတဲ့ အဆင့် နေရာနဲ့ သူတို့ဆန္ဒ၊ နောက်ပြီး*



www.burmeseclassic.com

www.burmeseclassic.com

*အဲဒီ စိတ်သဘောတွေကို လိုက်ပြီး ကွာခြားပါတယ်။ နောက်ပြီး စိတ်ခေတ်ပြင်းထန်နိုင်မှာမှု ပြယုဂ်ဖြစ်တဲ့ အစပဟလ ရောဂါကိုးရဲ့ အတွင်းစိတ်က အခုထိ ပဟေဠိဆန်နေဆဲပဲ။*

*ဘာကြောင့် အစပဟလက နိုင်ငံတော်ကြီးကို ပြောင်းလဲပစ်ပြီး စစ်လက်နက်တိုက်ပွဲတွေဆီ ဦးတည်ခဲ့တာလဲ။ မျက်စိမကောင်းတဲ့ သူ့အတွက် လုပ်နိုင်တဲ့ကိစ္စဆိုတာ အကန့်အသတ်ရှိတယ်။ အစပဟလရဲ့ စိတ်ကူးဆန္ဒတွေကို အကောင်အထည်ဖော်ပေးမယ်ဆိုတဲ့ တပည့်တွေက ကိုယ်စီကိုယ်စီ စိတ်ကူးတွေနဲ့ လှုပ်ရှားခဲ့ကြတယ်။ တစ်ဦးတစ်ယောက်ရဲ့ အင်အားဆိုတာ သေးငယ်ပြီး ထိထိရောက်ရောက် မရှိနိုင်တော့ အဲဒါတွေပေါင်းပြီး အရှိန်အဟုန်ပြင်းထန်လာကာ ပျက်စီးကွယ်ပျက်သွားလိမ့်မယ်လို့တော့ တွေးတောင်ကြည့်မိကြမှာ မဟုတ်လောက်ဘူးလို့ ထင်တယ်။*

*ဒီလုပ်ကြံမှုကြီးကို ကိုယ်တိုင်ပါဝင် ကျူးလွန်ခဲ့ကြသူတွေ အများကြီးက သက်သေထွက်ဆိုထားကြတယ်။ အိုအုမ လုပ်ရပ်တွေက အမြဲတမ်း ရှုးမိုက်တဲ့ အပြုအမူတွေဖြစ်လို့ သေချာပေါက် မအောင်မြင်ဘူးလို့ ထင်နေခဲ့တာ”တဲ့)*

ဟာယရှိစံက အိုးအိမ်စွန့်ပြီး ဘာသာဝင်ဖြစ်လာခဲ့သည့် ၁၉၈၈ ခုနှစ်လောက်တွင် အစပဟလက လူသတ်ခြင်းကို အမှန်တရားအဖြစ် ပြောင်းလဲသတ်မှတ်ရန် စိတ်ကူးရှိနေပြီးဖြစ်သည်။

*(ဒါကြောင့် ကျွန်တော်ဟာလေ တကယ်ကို လူတွေကို ကြည့်တတ်တဲ့ မျက်စိမရှိဘူးပဲ)*

နောက်တစ်ရက်တွင်လည်း စဲင်းဒိုင်ဘူတာအနီးရှိ ဟိုတယ်မှ အကျဉ်းထောင်ဆီသို့ ခြေဦးလှည့်ခဲ့လိုက်သည်။

❑

**အစောင့်ရဲ မှတ်တမ်းရေးမှတ်တဲ့ ဘေးမှာပင် အမှုအကြောင်း ပြောဆိုဆွေးနွေး**

စဲင်းဒိုင် အကျဉ်းထောင်ခွဲဆီသို့ သွားတွေ့ခဲ့သည့် ဒုတိယနေ့။ လမ်းမှတ်မိနေပြီဖြစ်သဖြင့် ခဝဟာလမချိ ဘူတာမှ ခြေကျင် လျှောက်လာကြည့်လိုက်သည်။

“ဒီနေ့လည်း ရောက်လာပြီနော်”

မနေ့ကထက် စိတ်လှုပ်ရှားမှု လျော့နည်းလာပြီဖြစ်သဖြင့် အချင်းချင်း ပေါ့ပေါ့ပါးပါး စကားပြောနိုင်လာကြသည်။

“ဟာယရှိစံက မြေအောက်ရထား Sarin အမှုမှာ ညွှန်ကြားတဲ့သူက အစပဟလ မဟုတ်ဘူး။ အိနောအုအဲစံ၊ မူလအိစံတို့က ထင်ရာစိုင်း လုပ်ခဲ့ကြတယ်လို့ ထင်တာဆိုတော့”

မနေ့က အိနောအုအဲ ယော်ရှိဟိလောကို “စိတ်မကောင်းစရာပဲ”ဆိုသည့် စကားက သိချင်စိတ်ပြင်းလာကာ စကားပလ္လင်မခံဘဲ ချက်ချင်းမေးကြည့်လိုက်သည်။

“မဟုတ်ဘူး။ အဲလိုမျိုးမဟုတ်ဘူး။ တစ်ခုပဲရှိတယ်။ အသေအချာ အစီအစဉ်ဆွဲတာကတော့ အိနောအုအဲနဲ့ မူလအိပဲ ဖြစ်လိမ့်မလားလို့။ အိနောအုအဲက အစကတည်းက Sarin ပတ်သက်မယ့် အဖွဲ့ဝင်မဟုတ်ပေမဲ့ မူလအိကိုတော့ တာဝန်ပေးထားလို့ မဖြစ်ဘူးဆိုပြီး သူကိုယ်တိုင် ပါဝင်ပတ်သက်လာတာ။ A က တပည့်တွေရဲ့ ထင်ရာစိုင်းလုပ်နေတာကို တားမယ်ဆို တားနိုင်လောက်ပါလျက်နဲ့ မတားခဲ့ဘူး။ သိသိကြီးနဲ့ လုပ်ခွင့်ပေးခဲ့ရအောင် တော်တော့ကို အောက်တန်းကျဆုံးနဲ့ တာဝန်မယူတတ်တဲ့သူပဲ”

ဟာယရှိစံက အစပဟလ၏ နာမည်ကို မခေါ်ခဲ့ပါ။ စကားထဲတွင် ‘A’ ဟုသာ ပြောဆိုသုံးနှုန်းခဲ့သည်။

အစပဟလက တားဆီးနိုင်လျက်နဲ့ မတားခဲ့ဘူး။ ဒါပေမဲ့ အဲဒါက ဘယ်လိုကြောင့်ပါလိမ့်။

“Sarin ထုတ်လုပ်မှုဆိုတာ အစပဟလ ဆန္ဒရှိတဲ့ကိစ္စ မဟုတ်ဘူးလား”

“A မညွှန်ကြားရင် မလုပ်ဘူးလို့ထင်တယ်။ ဒါပေမဲ့ ၁၉၉၅ ခုနှစ်၊ ဇန်နဝါရီလလောက်မှာ Sarin ထုတ်တဲ့ ကိရိယာတွေကို ဖျက်ဆီးပစ်ဖို့ အမိန့်ပေးခဲ့တာလေ။ မူလအိက တချို့တစ်ဝက် ချန်ထားတာကိုတော့ သိဟန်မတူဘူး။ Sarin ထုတ်တဲ့ ကိရိယာတွေ ချန်ထားတာကို သိပြီး၊ မင်းတို့တွေ ထပ်ပြီး အရင်လိုကိစ္စမျိုး လုပ်ဖို့ စိတ်ကူးနေကြတာလားဆိုပြီး စိတ်ဆိုးတယ်လို့တော့ ကြားဖူးတယ်”

“ဒါဆို ဘာလို့ မတားခဲ့တာပါလိမ့်”

“အဲဒါတော့ ကျွန်တော် တိုက်ရိုက်ကြားတာတော့ မဟုတ်ဘူး။ Sarin မွေးမြူရေးကိရိယာတွေ ကျန်နေတယ်ဆိုတာကို သိပြီး ဒါက မူလအိဟာ ငါ့ဆီကို ပို့ပေးလိုက်တဲ့ မဟာမုဒြာပဲ လို့ ပြောတယ် ဆိုလားပဲ”

“ဒါမှမဟုတ် တရားအလုပ် လုပ်တယ်လို့များ ယူဆသလား မသိဘူးနော်။ မူလအိစံက အစပဟလရဲ့ သဘောကို ဆန့်ကျင်ပြီး Sarin ကို ဆက်လုပ်နေခဲ့တယ်။ ကိုယ့်သဘောကို ဆန့်ကျင်ပြီး ဖြစ်လာတဲ့အဖြစ်ကို တရားအလုပ် လုပ်တယ်လို့ သဘောကျ လက်ခံလိုက်ပြီး မတားခဲ့ဘူး ဆိုတာမျိုးများလား”

“စိတ်ထဲမှာ ဘာတွေတွေးနေတယ်ဆိုတာတော့ ကာယကံရှင်ကလွဲလို့ မသိနိုင်ဘူးလေ။ အခုတော့ စိတ်ပိုင်းဆိုင်ရာရောဂါ ရနေတယ်ထင်ပါရဲ့။ ကုသမှုခံယူပြီးတော့ အမှန်ကို ပြောပြပေးစေချင်တယ်။ ရှေ့နေနဲ့တောင်မှ တောက်လျှောက် တွေ့ဆုံမေးမြန်းလို့မရတဲ့ အခြေအနေကတော့ ပုံမှန်တော့မဟုတ်ဘူး။ ထောင်က ဆုံးဖြတ်ချက်နဲ့ မတွေ့ခိုင်းတာများလားလို့ ထင်တယ်”

“အစပဟလက အိနောအုအဲရဲ့ တရားခွင်ကြောင့် ရောဂါဖြစ်သွားတာ များလားနော်”

“တရားခွင်မှာ ကြောင်တောင်တောင် အပြုအမူတွေ၊ တောင်စဉ်ရေမရ စကားတွေဟာ တပည့်တွေအပေါ် ဖိအားပေးတဲ့ အပြုအမူတွေများ ဖြစ်မလားလို့ ထင်တယ်။ အိနောအုအဲရဲ့ စကားတွေအပေါ် အဲလိုအပြုအမူတွေက ဖိအားပေးသလို ဖြစ်သွားတာများလားလို့။ ဒီလိုကိစ္စမျိုးတွေ ဘာသာရေး အဖွဲ့ထဲမှာတုန်းကလည်း ဖြစ်ခဲ့ဖူးတယ်ဆိုတော့ သေဒဏ်ဆိုတာ



www.burmeseclassic.com

www.burmeseclassic.com

သေချာသွားပြီးကတည်းက တကယ့်ကို စိတ်ကယောက်ကယက် ဖြစ်လာတာများလားလို့'

ဤအကြောင်းအရာ ပြောနေသည့်အချိန် ဟယရှိစံသည် လေးလေးနက်နက်ဖြင့် သတိထားပြီး ပြောနေသည်။ အနားတွင် အစောင့်ရဲက မှတ်တမ်းတင်နေသောကြောင့်ပင်။ ပိုဆိုးသည်က ရေးမှတ်နေခြင်းပင်။ အသံဖမ်းစက်တွေ မျိုးစုံရှိသည့် ခေတ်မှာပင် ဘာကြောင့် အစောင့်ရဲက လက်ရေး ဖြစ်နေရတာပါလဲ။ မှတ်စုဆိုသည်မှာ ပုဂ္ဂလိကအမြင်သာ ဖြစ်ပေလိမ့်မည်။ ဘယ်လိုဘယ်ပုံ သဘောပေါက် နားလည်လိုက်သလဲဆိုသည်ကို မသိနိုင်သည်ကြောင့် လေးနက်ထဲဝင်သည့် အကြောင်းအရာများ ပြော၍ မဖြစ်နိုင်လောက်ပေ။

အကြောင်းအရာနှင့် မဆိုင်ဘဲ တွေ့ဆုံမေးမြန်းချိန်မှာ အစဟာလအကြောင်း ပြောနေတယ်ဆိုတာကိုက အစဟာလကို ယုံကြည်နေဆဲများ ဖြစ်နေမလားဆိုသည့် သဘောနှင့် စောင့်ကြည့်နေသလိုပင်။ တိုကျို အကျဉ်းထောင်မှာတုန်းကလည်း အလားတူဖြစ်ရပ်မျိုး ရှိခဲ့တာကြောင့် ဟယရှိစံသည် အချိန်ပြည့် အစောင့်ရဲကို သတိထားနေသည်။ ပြောင်းပို့ခံရခါစ အချိန်လည်း ဖြစ်တာကြောင့် အမှုနှင့်ဆိုင်သည့် အကြောင်းအရာကို ပြောကြရာတွင် အာရုံအပြည့်အဝ မစိုက်နိုင်ခဲ့သလို ထင်မိသည်။

ထိုထိုသော အကြောင်းများဖြင့် စဲင်းဒိုင် ပြောင်းရွှေ့ခံရသည့် အချိန်မှစ၍ ပြောကြသည့် အကြောင်းအရာများသည် ဘယ်အကြောင်းက စသည်ဖြစ်စေ အမှုအကြောင်းဆီသာ ရောက်သွားတတ်သည်။ ထိုအကြောင်းအရာကသာလျှင် နှစ်ဦးစလုံး၏ လူ့ဘဝ အချိန်ကွက်လပ်များကို ပေါင်းစပ်ပေးနိုင်သည့်

**bmrSqkdfvbdoawGkdbwyfpfbvm/ t J'D aMumi fukd aeWvkdfyJukd Sukd tukdyefajymjyaewmu ao'P tus &mZOwfbm;t jzpft ouf&Sfae ... umi fqkd en fyg/ Jukd fh jypfukdbjdi ft m ... ukd MuMukdeEkdfvmaygrb, f/ ydukuf/aMumi jcqavsmfl r&Sygap?' Djydpfukdui;veCbvbdljzpfaewmrkd 'gjzpfkdufv, f/kdawGvkd&i fawmifbEkdf/mrSyJ**

အထုံးအဆက် ဖြစ်နေသောကြောင့် အစကိုပြန်သွားကာ တွန့်လိမ်ကောက်ကွေးနေသည်များကို မူလအတိုင်း ပြန်လည်ဖြေဆန့်ရန် ကြိုးစားနေသည့် သဘောမျိုးဖြင့် အမှုအကြောင်းကို ပြောဆိုဆွေးနွေးခဲ့ကြသည်။

❑

**ဇွန်လ ၂၇ ရက် မှ ၂၉ ရက်**
**စဲင်းဒိုင် အကျဉ်းထောင်ခွဲ**

လောလောဆယ် သေဒဏ်ပေးမှာ မဟုတ်လောက်သေး။ ဇူလိုင်လလောက်တွင် စီရင်တတ်သည်ဟု ချယ်ရီပွင့်ချိန်တွင် အတွေးထဲမှာပင် မရှိပေ။ ရွှေ့ဆက်ပြီး တောက်လျှောက် စဲင်းဒိုင်ကို သွားနေရဦးမည်ဟု ထင်ထားခဲ့သည်။ အခုပြန်စဉ်းစားကြည့်သည့် အချိန်မှာတော့ ဟယရှိစံအနေနှင့် ကြည့်လျှင် အတန်ပင် အေးအေးဆေးဆေး ဖြစ်နေခဲ့သည်ဟု ထင်နေမည်လား မသိပေ။

မေလလယ်လောက်မှစ၍ တစ်လနီးပါး နိုင်ငံခြားခရီးမှ ပြန်လာပြီးနောက် တွေ့ဆုံဖြစ်သည်မှာတော့ ဇွန်လ ၂၇ ရက်ကနေ ၂၉ ရက်ထိ ဖြစ်သည်။ ထိုအချိန်မှာလည်း စဲင်းဒိုင်တွင် သုံးညအိပ်တည်းကာ အကျဉ်းထောင်သို့ သွားခဲ့သည်။

ထိုအချိန်တွင် သတင်းမီဒီယာများမှ ဇူလိုင်လတွင် ကွပ်မျက်တော့မည်ဆိုသည့် သတင်းများ ထွက်လာသည့် နောက်တွင် ကွပ်မျက်သည့် အထူးသတင်း ထုတ်လွှင့်ရန်အတွက် သတင်းယူခွင့် တင်ပြစာများ ရောက်လာတော့သည်။ပတ်ဝန်းကျင်က လှုပ်လှုပ်ရှားရှား စ၍ဖြစ်လာတာကြောင့် သေဒဏ်ပေးတော့မည်လား ဆိုသည့် စိုးရိမ်စိတ်များ ဖြစ်လာခဲ့သည်။ စိုးရိမ်မှုများ လက်တွေ့ဖြစ်လာတော့မည့် ခံစားမှု ရှိနေသဖြင့် တတ်နိုင်သမျှ ထိုအကြောင်းကို စိတ်မရောက်မိစေရန် ကြိုးစားနေသော်လည်း ပတ်ဝန်းကျင် အပူလှိုင်းများက တစ်ဟုန်ထိုးအုံကြွရိုက်ခတ်လာနေသည်ကို ခံစားရကာ စဲင်းဒိုင်ကို ခြေဦးလှည့်လိုက်မိပါတော့သည်။

ကျွန်မ ဟယရှိစံရှေ့မှာ သေဒဏ်စီရင်မယ့်အကြောင်းနှင့်ပတ်သက်သည့် စကားကို ရှောင်ပြောဖို့ မကြိုးစားခဲ့ပါ။ ဟယရှိစံကလည်း ထိုအတိုင်း ဖြစ်စေချင်ခဲ့တာကြောင့် ကျွန်မသိထားသည်များကို ပြောပြခဲ့သည်။ ဇူလိုင်လ လွှတ်တော်ပြီးသွားသည့် အချိန်ကိုက်လောက်တွင် စီရင်မှုရှိတတ်သည် ဆိုသည်ကို အနည်းစုသော သတင်းမီဒီယာများမှ သတင်းထွက်နေပြီး ဟယရှိစံလည်း ထိုအကြောင်းကို သိနေပြီးဖြစ်သည်။ ဇွန်လပင်ဖြစ်ပါသော်လည်း စဲင်းဒိုင်ဧည့်တွေ့ခန်းမှာ အလွန်ချမ်းကာ ခန္ဓာကိုယ်အောက်ပိုင်းတစ်ခုလုံး အေးစက်နေသည့် ခံစားချက်မျိုး ခံစားနေရသည်။

စိတ်အထင်ကြောင့်ပေပဲလား။ ဟယရှိစံ ပိုပိုပြီး သေးကွေးလာနေသလိုပင်။ ဒီလို တဖြည်းဖြည်း သေးရာမှ ကွယ်ပျောက်သွားမလားဆိုသည့် စိုးရိမ်စိတ်ဖြင့် တွေ့ရမှာကိုပင် ကြောက်လာမိတော့သည်။

'ဟိုတလောက ရှေ့နေက သတင်းထောက်ကိုပြခဲ့တဲ့ စာတစ်စောင်က ခွင့်ပြုချက်မရှိဘဲ ယူသုံးလိုက်တာ ဒုက္ခရောက်သွားတယ်။ ဒါပေမဲ့ တရားလိုတွေကို ထိခိုက်စေတဲ့ သတင်း မဟုတ်လို့ တော်ပါသေးရဲ့။ ဘယ်အချိန် သေဒဏ်ပေးပေး ဘာမှမဆန်းတော့တဲ့ အခြေအနေပဲဆိုတာကို နားလည်သဘောပေါက်ထားပြီးသားပါ။ ကျွန်တော့်အသက်လည်း ၆၀



www.burmeseclassic.com

www.burmeseclassic.com

ကျော် အဘိုးကြီး ဖြစ်နေပြီဆိုတော့ ကိစ္စမရှိပေမဲ့ ငယ်တဲ့သူတွေအတွက် တွေးကြည့်လိုက်မိရင် ရင်ထဲမှာ နာကျင်ခံစားရတယ်’

ဒီအချိန်တွင်လည်း သေဒဏ်ပေးမည့်အကြောင်းကိုပဲ ပြောခဲ့ကြပြန်သည်။ သေဒဏ်မပေးခင် ငါးရှဉ့်ကျွေးတယ်တို့၊ အစားအသောက်ကျွေးတယ်တို့ ပြောကြတာ အဲဒါ မဟုတ်နိုင်လောက်ပါဘူးဟု။

‘ဒီလိုအချိန်ကြီး ရုတ်တရက် အစားအသောက်တွေ လာကျွေးတယ်ဆိုဦးတော့ စားနိုင်မယ်လည်း မထင်ပါဘူး’

‘အင်း… ဟုတ်တယ်နော်’

စီရင်သည့်အချိန်မှာ မနက်ခင်းပိုင်းဖြစ်ပြီး ထောင်ရဲကလာခေါ်သွားကာ တရားပြဆရာနှင့် တွေ့မတွေ့ စသည့် မေးခွန်းများ မေးပြီး လုပ်ငန်းအဆင့်ဆင့်လုပ်ကာ ပစ္စည်းသိမ်းချိန်၊ သေတမ်းစာရေးချိန်လည်း မရှိပေ။

‘ကြိုတင်အသိမပေးတာက ရာဇဝတ်သားက စိတ်မဆင်းရဲရတော့ ကောင်းတယ်လို့များ တွေးလို့လား မသိဘူး’

ဟယရှိစံက ‘အဲဒါ မှားတာပဲ’ဟု ပြောခဲ့သည်။

‘ကိုယ်အပြစ်ကျူးလွန်ထားတယ်ဆိုတာ သိပါတယ်။ အခု အကျဉ်းထောင်မှာ နေနေရင်း တတ်နိုင်သလောက် ဒီကလူတွေကို အနှောင့်အယှက်မဖြစ်အောင် သတိထားပြီး နေလာခဲ့ပါတယ်။ ဒါပေမဲ့လည်း တစ်ချိန်က တရားခံတစ်ယောက်က ကွပ်မျက်မယ့် အရင်ညမှာ သူ့ကိုယ်သူ အဆုံးစီရင်လိုက်တယ်တဲ့။ တစ်ကြိမ်တည်း ဖြစ်ဖူးတဲ့အဖြစ်ကြောင့် သေဒဏ်ကျသူအားလုံးကို အဆုံးမစီရင်နိုင်အောင်ဆိုတဲ့ အကြောင်းပြချက်နဲ့ တရားခံတွေကို ကြိုတင်အသိမပေးတော့ဘဲ၊ အဲဒီနေ့မှ ရုတ်တရက်ကြီး စီရင်တယ်ဆိုတာ တစ်မျိုးဖြစ်မနေဘူးလားလို့ တွေးမိသလို အနည်းဆုံး ကာယကံရှင်တွေရဲ့ ဆန္ဒတော့ မေးကြည့်ပြီးမှ ဆုံးဖြတ်စေချင်တယ်’

‘ဒီအကြောင်းကို သေချာပေါက် ထည့်ရေးပါ့မယ်’ဟု ကျွန်မ ကတိပေးလိုက်သည်။

ဟယရှိစံနှင့် တွေ့ပြီး စဲင်းဒိုင် ဘူတာရှေ့က ကာရာအိုကေဆိုင်သွားကာ တစ်ယောက်တည်း နှစ်နာရီကြာ ဆိုပစ်လိုက်သည်။ ဒီလိုမှမလုပ်လျှင် ကျွန်မ ထမင်းလည်း မစားနိုင်သလို၊ ညလည်း အိပ်မပျော်ပေ။ တစ်ယောက်တည်း လက်ခံယူပြီး ခံစားရန်အတွက် ကြီးလေးလွန်းသည့် ကိစ္စလည်းဖြစ်သလို အမှုကြီးလည်း ဖြစ်နေပြန်သည်။

❑

**တရားခံ ခုနစ်ဦးကို ကွပ်မျက်ပြီးနောက် နောက်ဆုံးတွေ့ဆုံမေးမြန်းမှု**

လွှတ်တော်ကျင်းပနေစဉ် ကွပ်မျက်သည့်ထုံးစံမရှိဟု ထင်ထားခဲ့သော်လည်း ဇူလိုင်လ ၆ ရက်နေ့ မနက် အစဟာလ ရှောကိုးနှင့် စုစုပေါင်း ခုနစ်ဦးကို ကွပ်မျက်လိုက်သည်။

ထိုသတင်းကို ကျွန်မ အိမ်မှာရှိနေစဉ် သိလိုက်ရသည်။ ကျွန်မ မိသားစုတွေက ‘သတင်းဆိုးပဲ’ဟုဆိုကာ အထူးသတင်းဝင်လာသည့်အကြောင်း ပြေးလာပြောကြသည်။ ‘ဟယရှိစံနာမည်တော့ မပါဘူး’ဟု ဆိုသော်လည်း ရင်ထဲမှာ ဗလောင်ဆူသွားကာ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်သွားပြီး အသိရှေ့နေဆီ ဖုန်းဆက်လိုက်မိသည်။ ချက်ချင်း စဲင်းဒိုင်သွားမှဖြစ်မည်။

‘ကွပ်မျက်တာတွေ စ,နေပြီ။ ဟယရှိစံနဲ့ မနက်ဖြန်တွေ့လို့ရနိုင်မလား’ဆိုတော့-

‘တငုချိစံ မနက်ဖြန် စနေနေ့လေ။ စနေဆိုတော့ တွေ့လို့မရဘူး။ ကွပ်မျက်မှာလည်း မဟုတ်သေးလောက်ဘူး’

‘ဪ ဟုတ်သားပဲ၊ အားနာလိုက်တာ။ ဒါဆိုရင် တနင်္လာနေ့ လာမယ်ဆိုရင် တွေ့လို့ရမှာပါ နော’

‘မပြောတတ်ဘူး။ အကျဉ်းထောင်က ဘယ်လိုပြန်ပြောမလဲ မသိဘူး’

‘တနင်္လာနေ့တော့ စီရင်တာများ ရှိမလား’

‘မပြောတတ်ဘူး။ မရှိပါစေနဲ့ ဆုတောင်းရမှာပဲ’

တကယ်ရောက်လာခဲ့ပြီ။ နောက်ဆုံးတော့ ဒီအချိန်ကို ရောက်လာခဲ့ပြီပေါ့။

တစ်ချိန်ချိန်တွင် သေဒဏ်ပေးတော့မည်ဆိုသည်ကို သဘောပေါက် နားလည်ထားသော်လည်း ကုန်ဆုံးသွားသည့် နှစ်ကာလများအတွင်း ယောက္ခမများ ဆုံး၊ မိတ်ဆွေများလည်း တော်တော်များများ သေဆုံးသွားသည့်အခါတော့ ဟယရှိစံလည်း သက်တမ်းကုန် အသက်ရှင်နေရလိမ့်မည်ဟူသည့် ထင်မှတ်မှားမှု ရှိနေခဲ့သည်။ သေဒဏ်ဆိုသည်မှာလည်း သက်တမ်းတစ်ခုအဖြစ် မှတ်ယူထားသည်လည်း ရှိခဲ့သည်။

သို့သော် ဇူလိုင်လ ၆ ရက်နေ့က တရားခံ ခုနစ်ယောက်၏ ကွပ်မျက်မှုကိုတော့ အခုအချိန်ထိ တွေ့ကြုံဖူးသည့် ‘သေခြင်းတရား’နှင့် ခံစားချက်မတူ၊ ကြမ်းရှရှ ခံစားရသည့် သေခြင်းတရားပင်။ အရှိက်ကို အထိုးခံလိုက်ရသည့် သေခြင်းတရားပင်။

*(ဟယရှိစံ ဇူလိုင် ၆ ရက်က စီရင်တာတွေ ရှိသွားပြီ…)*

မည်သို့ဆိုစေ သတင်းပေးရမည်ဟု တွေးကာ အမြန်ချောပို့လိုက်သည်။ ဟယရှိစံက သတင်းပေးစေချင်တယ်ဟု ပြောထားသောကြောင့်ပင်။ စာထည့်ပြီးမှာတော့ ဒူးတဆတ်ဆတ်တုန်လာသည်။ တကယ်ပဲ သတင်းပေးလို့ ကောင်းပါ့မလား။

စဲင်းဒိုင်ကို လာခဲ့တာကတော့ ဇူလိုင်လ ၂၀ မှ ၂၃ ရက်နေ့အထိ။ ဒီတစ်ခေါက်က နောက်ဆုံး တွေ့ဆုံမေးမြန်းခြင်း ဖြစ်သွားတော့သည်။

ကွပ်မျက်မှုတွေ ရှိသွားပြီဆိုသည့်အကြောင်းကို ဟယရှိစံလည်း NHK ရေဒီယိုသတင်းမှ သိပြီးနေပြီဆိုသည်။ ရုတ်တရက်ကြီး ရောက်လာပြီဟု မိမိသေရမည့်အရေးက ရင်နှင့်အမျှဖြစ်ကာ အရင်သွားနှင့်သူများကို အားနာစိတ်ဖြစ်မိသော်လည်း နောက်တစ်ခါ ကိုယ့်အလှည့်ဆိုသည့် အသိဖြင့် စနေ၊ တနင်္ဂနွေ နှစ်ရက်စလုံး သေတမ်းစာ ရေးနေခဲ့သည် ဆိုသည်။

‘တငုချိစံဆီကိုလည်း စာပို့ထားတယ်’



www.burmeseclassic.com

www.burmeseclassic.com

“ဟုတ်လား။ အခုတော့ မရောက်သေးဘူး”

“အခုလို အသက်ရှင်လျက်နဲ့ ပြန်တွေ့ပြီး ဖတ်နေရင် ရှက်စရာကောင်းနေဦးမယ်”

ကွပ်မျက်သည့်သတင်းကို ရေဒီယိုမှ သိလိုက်ရသည်ဆိုသည့်အကြောင်း ကြားရတော့ အံ့သြသွားမိသည်။ သေဒဏ်ကျရာဇဝတ်သားအတွက် စဉ်းစားကာ ကွပ်မျက်မည့်နေ့အထိ အသိမပေးဆိုသည့် အကျဉ်းထောင်၏ အဆိုက တကယ့်ကိုပင် ရှေ့နောက်မညီ ဖြစ်နေသလိုပင်။ ထိုအကြောင်းကို ဘေးဖယ်ထားကာ နောက်ထပ် ပြန်တွေ့ခွင့်ရသည့်အတွက် ကျွန်မတို့နှစ်ယောက်လုံး ဝမ်းသာနေကြသည်။ သို့သော်လည်း စိတ်လှုပ်ရှားမှုကြောင့် ရင်ထဲမှာတော့ တစစ်စစ် နာကျင်ခံစားနေရသည်။

၉ ရက်နေ့ တနင်္လာနေ့မနက် စီရင်တော့မယ် ထင်ထားပေမဲ့ မနက်စာစားပြီးနောက်လည်း အခေါ်ရောက်မလာ။ “ဒီနေ့တော့ မရှိလောက်ဘူးထင်တယ်”လို့တော့ ယုံကြည်စိတ်ချမနေနိုင်ခဲ့ဘူးဟု ဆိုသည်။ ညနေပိုင်းတွင် မိသားစုများလာတွေ့သည့်အခါတွင် အခါတိုင်းထက် အချိန်ကြာကြာ ၁ နာရီ တွေ့ခွင့်ရခဲ့သည်ဆိုသည်။

“စာတွေ၊ လက်ဆောင်တွေ ရတဲ့အတွက် အရမ်းကျေးဇူးတင်ပါတယ်။ သူတစ်ပါးရဲ့ စောင့်ရှောက်မှုနှင့် အသက်ရှင်နေထိုင်ခဲ့ရတယ်လို့ ခံစားမိပါတယ်။ လူကို လူတွေကပဲ ရှင်သန်အောင် လုပ်ပေးနိုင်တာပဲနော်…”

သူ့မျက်နှာပေါ်မှာ အလင်းရောင်တစ်ခု ဖြာကျနေတာကို တွေ့လိုက်ရသည်။ လရောင်ကဲ့သို့သော အထီးကျန်ဆန်သည့် အလင်းရောင်မျိုး။ မှောင်မည်းနေသည့် ပင်လယ်ပြင်ပေါ် ကျရောက်နေသည့် မီးပိုးစုန်းကြူးလေးများလိုပင်။ ခံပျင်းသလို၊ ရင်ထဲမှာ နာကျင်သလို တိတိပပ မဖော်ပြနိုင်သော ခံစားမှုမျိုး ခံစားနေရသည်။

ထိုအချိန် ကျွန်မ ကိုယ့်ကိုယ်ကို ဖျောင်းဖျသည့်သဘောဖြင့် “စီရင်ချက်ချမှာ မဟုတ်လောက်ပါဘူးဆိုတော့ အဆင်ပြေမှာပါ”ဟု ဟယရှိစံကို အခိုင်အမာပြောလိုက်မိသည်။ “အခုလူအများကြီးကို သေဒဏ်စီရင်တဲ့ကိစ္စနဲ့ လူ့အဖွဲ့အစည်းကို လှုပ်လှုပ်ရှားရှား ဖြစ်သွားစေသလို အခြားနိုင်ငံက ဝေဖန်မှုတွေလည်း များနေတယ်။ ဆက်တိုက် သေဒဏ်စီရင်တယ်ဆိုတာ အစိုးရအနေနဲ့လည်း လွယ်ကူတဲ့ကိစ္စ မဟုတ်ဘူးဆိုတော့”ဟု။

ဟယရှိစံက ဟုတ်တာပေါ့ဟုဆိုကာ ပြုံးပြသည်။ “မနေ့က လာတွေ့တဲ့ ရှေ့နေကလည်း မရှိနိုင်လောက်သေးဘူးလို့ ပြောသွားတယ်။ အစောင့်ရဲက ‘မနက်ခင်း လေ့ကျင့်ခန်း သွားလုပ်ကြမလား’လို့ လာမမေးခင်အချိန်အထိ အချိန်တွေက တရွေ့ရွေ့နဲ့ အချိန်ကုန်တာ နှေးလိုက်တာ…လို့။ ဒါပေမဲ့လည်း မနက်ခင်း ငှက်အော်သံတွေ ကြားရတဲ့အခါမှာတော့ ငါ အသက်ရှင်နေသေးပါလားလို့ ခံစားမိသွားတယ်”

ဟယရှိစံနှင့် နီးကပ်ဖို့ မကြိုးစားတော့သလို ကိုယ်ကိုယ်တိုင်လည်း ဘာတွေပြောနေလဲ ဆိုတာကို မသိတော့သည့် အခြေအနေ ဖြစ်နေသည်။ ကျွန်မထက် ဟယရှိစံက ပိုပြီး တည်ငြိမ်သလိုပင်။ ကျွန်မက “ဟယရှိစံက ဘာလို့ ဒီလောက်ထိ အေးအေးဆေးဆေး တည်တည်ငြိမ်ငြိမ် နေနိုင်ရတာလဲ”ဟု အမှတ်မထင် မေးလိုက်မိသည်။

“အဲဒါကတော့…။ ကျွန်တော် ကိုယ့်အပြစ်ကို ကောင်းကောင်းသိနေလို့ပဲ”ဟု ဟယရှိစံက ပြောသည်။ “တကယ့်ကိုဆိုးရွားတဲ့ လုပ်ရပ်ကို လုပ်ခဲ့တာ။ ဘာမှမဆိုင်တဲ့ သူတွေကို သတ်ပစ်ခဲ့တာ။ အဲဒီအကြောင်းကို နေ့တိုင်းပဲ ကိုယ့်ကိုယ်ကို ပြန်ပြောပြနေတာက သေဒဏ်ကျရာဇဝတ်သားအဖြစ် အသက်ရှင်နေဖို့အတွက် အကောင်းဆုံးနည်းပါပဲ။ ကိုယ့်အပြစ်ကို သိခြင်းအားဖြင့် ပြစ်ဒဏ်ကို ကြံ့ကြံ့ခံနိုင်တာပေါ့။ ဘယ်လိုပဲ ကျိုးကြောင်းဆီလျော်မှု မရှိပါစေ၊ ဒီလိုပြစ်မှုကို ကျူးလွန်ခဲ့တဲ့သူ ဖြစ်နေတာမို့ ဒါ ဖြစ်ထိုက်တယ်လို့ တွေးလိုက်ရင် တောင့်ခံ နိုင်လာမှာပဲ။ အရင်တုန်းက ‘ပြန်သုံးသပ်တယ်ဆိုတာဘာလဲ’ဆိုတာနဲ့ ပတ်သက်ပြီး တငုချိစံနဲ့ ဆွေးနွေးကြဖူးတယ်မလား။အဲဒီအကြောင်း တငုချိစံက စာထဲမှာ ရေးထားပေမဲ့ အစစ်အမှန် ကိုတော့ တငုချိစံက ပြစ်ဒဏ်အကြောင်း သဘောမပေါက်သလို နားလည်နိုင်မှာလည်း မဟုတ်ဘူး ထင်ပါတယ်။ ဒီအတိုင်း နားမလည်တဲ့အတိုင်းပဲ နားလည်ဖို့လည်း မကြိုးစားဘဲ အလယ်လူအဖြစ် နေပေးတာကိုပဲ ကျေးဇူးတင်နေခဲ့တာ။အကယ်၍များ ဖန်တီးထားတဲ့ အပြစ်၊ တကယ်မရှိတဲ့ ပြစ်မှုနဲ့ ကိုယ်က ဘာမှ မလုပ်ရပါဘဲ သေဒဏ်ချခံရပြီး နှစ်ပေါင်းများစွာ ချုပ်နှောင်ထားခံရတာဆိုရင်တော့ အဲဒါ တော်တော့ကို ခါးသီးရက်စက်မှုပဲ။ ဘယ်လိုမှ တောင့်ခံနိုင်မှာ မဟုတ်ဘူး။ ရူးတောင် ရူးသွားနိုင်တယ်။ သေဒဏ်ဆိုတာ ကိုယ့်အပြစ်ကို လက်ခံမထားဘူးဆိုရင် ပုံမှန်စိတ်နဲ့ နေသွားဖို့ခက်တဲ့ ပြစ်ဒဏ်ပဲ။ ဒါကြောင့် ဘယ်တော့မှ မရှိတဲ့ အပြစ်ကို ဖန်တီးပြီး ပြစ်ဒဏ်ပေးတာမျိုး မဖြစ်စေချင်ဘူး။ သေဒဏ်ကျ ရာဇဝတ်သားမို့ ကောင်းကောင်း နားလည်တာပါ။ ကျွန်တော့်ကို သေဒဏ်ပေး တာကို အကြောင်းပြုပြီး သေဒဏ်ဆိုတာကြီးကို ပယ်ဖျက်ပေးလိုက်ကြတော့မယ်ဆိုရင်တော့လို့ တွေးမိပါတယ်။ ဒါပေမဲ့လည်း အဲဒါ နောင် ၁၀ နှစ်၊ အနှစ် ၂၀ ကြာပြီးတဲ့နောက်မှ ဖြစ်နိုင်မလားတော့ မသိဘူး”

ဟယရှိစံက ပုံမှန်အချိန်တွေလိုပဲ ပြတ်တောင်းပြတ်တောင်း ပြောပြနေကာ အသံမှာ ကျွန်မနှင့် ဟယရှိစံကြားရှိ မှောင်မည်းမည်း ရေဆိုးမြောင်းထဲသို့ စိမ့်ဝင်ပျောက်ကွယ်သွားသည်။

ဇူလိုင်လ ၂၆ ရက်နေ့ မနက်ပိုင်းတွင် ဟယရှိ ယစုအိုစံကို ကွပ်မျက်လိုက်သည်။

အဆုံးထိတိုင် ရာဇဝတ်သားအဖြစ် သေဆုံးသွားသူများ၏ ကျန်ရစ်သူ မိသားစုများအပေါ်တွင် စာနာစဉ်းစားပေး



www.burmeseclassic.com

www.burmeseclassic.com

သည့် စိတ်ဖြင့် နေထိုင်လာခဲ့ပြီး အပြောအဆို သတိထားကာ အဆုံးစွန်ထိ ဆိတ်ငြိမ်မှုကို စောင့်ထိန်းလာခဲ့သည်။ ထို့ကြောင့် ပင် ဟာယရှိစံ ၏ စိတ်ထဲတွင် ဘာတွေ တွေးနေလဲဆိုသည်ကို သိချင်ကြသူ များလည်း ရှိလိမ့်မည်ဟု ယူဆကာ အသက်ရှင် နေစဉ်မှာပင် သူ့အကြောင်းကို ပြောပြခဲ့သလို ယခု ဤမှာပင် မှတ်တမ်းတင် ရေးသားလိုက်ပါသည်။ ■

**မြင့်မြင့်သိန်း(MUFL)**

**စာတည်းမှတ်ချက်။ ။**

**တဂုချီလန်းဒီ**

၁၉၅၉ခုနှစ် တိုကျိုမြို့တွင် မွေးဖွားခဲ့သူ။ **'ပလတ်ပေါက်'**၊ **'အင်တဲန်နာ'**၊ **'မှန်စီရွှေချ'** ဝတ္ထုများဖြင့် လူသားများ၏ မသိစိတ်နှင့် စရိုက်သဘာဝ၊ အကြမ်းဖက်မှုတို့ကို ပေါ်လွင်ထင်ဟပ်စေသည့် အကြောင်းအရာများကို ရေးသားခဲ့သည်။ သူမ၏ စာပေလက်ရာများသည် အခြားနိုင်ငံများကပင် အသိအမှတ်ပြု ချီးမွမ်းခံရပြီး အမေရိကန်၊ အီတလီ၊ ရုမေးနီးယား၊ တရုတ်၊ ကိုရီးယား၊ စင်ကာပူ စသည့် ဘာသာစကားပေါင်းများစွာဖြင့် ဘာသာပြန်ဆို ရေးသားမှုများရှိသည်။ **'ပလတ်ပေါက်'**၊ **'အင်တဲန်နာ'**မှာ ရုပ်ရှင်ဇာတ်ကားအဖြစ် ပြန်လည်ရိုက်ကူးထားပြီး **'အင်တဲန်နာ'**မှာ ဗင်းနစ် နိုင်ငံတကာ ရုပ်ရှင်ပွဲတော်တွင် ဝင်ရောက်ပါဝင်ပြသနိုင်ခဲ့သည်။ ထို့နောက်တွင် လူ့အဖွဲ့အစည်းတွင် ဖြစ်လေ့ဖြစ်ထရှိသော အမှုကိစ္စများ၊ ကလေးစာပေ စသည့် ကဏ္ဍစုံ နယ်ပယ်စုံမှ အကြောင်းအရာများကို ရေးသားလျက်ရှိသည်။ နောက်ဆုံးထွက်ရှိသည့် စာပေလက်ရာဖြစ်သော **'ဖောက်ထိုးချိတ်ဆွဲခံရသူ'**(ခဝရှုဆု ရှော့ဘိုးရှင်းရှ စာအုပ်တိုက်)မှာ မြေအောက်ရထားတွင်း Sarin အဆိပ်ငွေ့ရည်ဖြင့် ခရီးသည် အမြောက်အမြားကို သေစေခဲ့သည့် လူသတ်မှုကြီးကို အဓိက အခြေခံထားသော စာရေးသူ၏ ကိုယ်တွေ့အကြောင်းအရာများကို ပြောပြထားသည့် ဝတ္ထုတစ်ပုဒ်ဖြစ်သည်။

မြေအောက်ရထား ဆာရင်းအမှုသည် ၁၉၉၅ ခုနှစ်၊ မတ်လ ၂၀ ရက်နေ့ တိုကျိုမြို့တော်တွင် ဖြစ်ပွားခဲ့သည့် မြေအောက်ရထားတွင်း အဆိပ်သုံးကာ လူပေါင်းများစွာ သတ်ခဲ့သည့် အကြမ်းဖက်လုပ်ကြံမှုကြီး ဖြစ်သည်။ အချို့နိုင်ငံများက ထိုအကြမ်းဖက်မှုကြီးကို Tokyo Attack ဟုပင် ခေါ်ကြသည်။

ဘာသာရေးဂိုဏ်းတစ်ခုဖြစ်သည့် အိုအုမ အမှန်တရားဂိုဏ်းမှ Teitoo Koosokudo လမ်းပန်းဆက်သွယ်ရေး(ယခု Tokyo Metro)တွင် မောင်းနှင်နေသော ရထားတွဲတွင်း အာရုံကြောများကို ထိခိုက်ပျက်စီးစေတတ်သော Sarin အဆိပ်များ ပက်ခဲ့ကြသည်။ ခရီးသည်များ၊ ရထားဝန်ထမ်းများ၊ တာဝန်ရှိသူများ၊ ကယ်ဆယ်ရေးလုပ်ဆောင်ခဲ့သူများ အပါအဝင် လူပေါင်းများစွာ သေဆုံးခဲ့ရသည်။



**စာဖတ်သူသို့...**

တစ်ဖက်ဖော်ပြပါ စာမူ-မူရင်းကို ရေးသားသူ တဂုချီလန်းဒီသည် ဂျပန်အမျိုးသမီးစာရေးဆရာတစ်ဦးဖြစ်ကာ ၁၉၅၉ ခုနှစ် တိုကျိုမြို့တွင် မွေးဖွားခဲ့သူဖြစ်သည်။ **ပလတ်ပေါက်၊ အင်တဲန်နာ၊ မှန်စီရွှေချ** ဝတ္ထုများဖြင့် လူသားများ၏ မသိစိတ်နှင့် စရိုက်သဘာဝ၊ အကြမ်းဖက်မှုတို့ကို ပေါ်လွင်ထင်ဟပ်စေသည့်အကြောင်းအရာများကို ရေးသားခဲ့သည်။ သူမ၏ စာပေလက်ရာများသည် အခြားနိုင်ငံများကပင် အသိအမှတ်ပြု ချီးမွမ်းခံရပြီး၊ အမေရိကန်၊ အီတလီ၊ ရုမေးနီးယား၊ တရုတ်၊ ကိုရီးယား၊ စင်ကာပူ စသည်ဖြင့် ဘာသာစကားပေါင်းများစွာဖြင့် ဘာသာပြန်ဆိုရေးသားမှုများ ရှိသည်။ **ပလတ်ပေါက်၊ အင်တဲန်နာ** မှာ ရုပ်ရှင်ဇာတ်ကားအဖြစ် ပြန်လည်ရိုက်ကူးထားပြီး၊ **အင်တဲန်နာ** မှာ ဗင်းနစ် နိုင်ငံတကာ ရုပ်ရှင်ပွဲတော်တွင် ဝင်ရောက်ပါဝင်ပြသနိုင်ခဲ့သည်။ ထို့နောက်တွင် လူ့အဖွဲ့အစည်းတွင် ဖြစ်လေ့ဖြစ်ထရှိသော အမှုကိစ္စများ၊ ကလေးစာပေစသည့် ကဏ္ဍစုံ နယ်ပယ်စုံမှ အကြောင်းအရာများကို ရေးသားလျက်ရှိသည်။ နောက်ဆုံးထွက်ရှိသည့် စာပေလက်ရာဖြစ်သော **ဖောက်ထိုးချိတ်ဆွဲခံရသူ**(ခဝရှုဆု ရှော့ဘိုး ရှင်းရှ စာအုပ်တိုက်)မှာ မြေအောက်ရထားအတွင်း Sarin အဆိပ်ငွေ့ရည်ဖြင့် ခရီးသည်အမြောက်အမြားကို သေစေခဲ့သည့် လူသတ်မှုကြီးကို အဓိကအခြေခံထားသော စာရေးသူ၏ ကိုယ်တွေ့အကြောင်းအရာများကို ပြောပြထားသည့် ဝတ္ထုတစ်ပုဒ်ဖြစ်သည်။ ယင်းစာမူကို အကျဉ်းသားနှင့် တစ်ဆယ့်လေးနှစ်တိုင် တွေ့ဆုံခဲ့ပြီးမှ ရေးသားခဲ့ခြင်းဖြစ်သည်။

ထိုစာရေးဆရာမ တဂုချီလန်းဒီသည် ဂျပန်ဖောင်ဒေးရှင်း၏အစီအစဉ်ဖြင့် မြန်မာနိုင်ငံသို့ ယခုနှစ် မတ်လတွင် လာရောက်မည် ဖြစ်သည်။ ပဲန်မြန်မာနှင့် ဂျပန်ဖောင်ဒေးရှင်းတို့၏ ပူးတွဲစီစဉ်သည့် **တဂုချီလန်းဒီနှင့် တွေ့ဆုံခြင်း** တွင် စာရေးဆရာမ တဂုချီလန်းဒီနှင့်အတူ မသီတာ(စမ်းချောင်း)လည်း ပါဝင်မည် ဖြစ်သည်။ ယင်းအစီအစဉ်ကို မတ်လ ၉ ရက် စနေနေ့ နေ့လယ် ၂ နာရီမှ ၄ နာရီအထိ ရန်ကုန်ဘွဲ့ခံပလာဇာ၊ သံဈေးအပေါ်ထပ်တွင် ပြုလုပ်သွားမည်ဖြစ်ပြီး မည်သူမဆို တက်ရောက်ပါဝင်နိုင်ပါသည်။ ■

**အယ်ဒီတာ**



www.burmeseclassic.com

www.burmeseclassic.com




BURMESE CLASSIC .com
www.burmeseclassic.com